www.dhammaransi.com

မဇ္ဈိမနိကာယ် ပါဠိတော် သုံးကျမ်းလာ

သုတ္တန်ဒေသနာ (၁၅၂) ပုဒ် တို့၏

အနက်အဓိပ္ပါယ်များကို

မြန်မာစကားပြေဖြင့်

ပီပြင်သိပ်သည်းစွာ ဖော်ပြထားသော

## ပိဋကတ် အနှစ်ချုပ်

# မဇ္ဈိမနိကာယ်

ဓမ္မာစရိယ ဦးမောင်မောင်လေး

[illegible]

B.A., R.L.

www.dhammaransi.com

စာပေဝါသနာ၊ စာပေစေတနာ၊ စာပေသစ္စာဖြင့် ....

စပယ်ဦး

စပယ်ဦးစာပေဖြန့်ချိရေး

www.dhammaransi.com

စာမူကြိုတင် ခွင့်ပြုချက်အမှတ် (၂၈၁/၂၀၀၂) (၅)
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် (၃၅၀/၂၀၀၂) (၆)

ဓမ္မာစရိယ ဦးမောင်မောင်လေး
(စာရေးသူ၏ မူပိုင်)

ပြည်လုံးကျွတ် ဖြန့်ချိရာဌာန

စပယ်ဦးစာပေဖြန့်ချိရေး
အမှတ် ၁၇၂၊ ၃၅ လမ်း (အလယ်လမ်း)၊ ရန်ကုန်မြို့။
(ဖုန်း - ၂၈၀၂၁၄)

www.dhammaransi.com

၂၅၉၇၅

သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်။

မူလ ပဏ္ဏာသ သုတ္တန် (၅၀) ပုဒ်

မဇ္ဈိမ ပဏ္ဏာသ သုတ္တန် (၅၀) ပုဒ်

ဥပရိ ပဏ္ဏာသ သုတ္တန် (၅၂) ပုဒ် တို့၏

အနက်အဓိပ္ပါယ်များကို မြန်မာစကားပြေဖြင့်

ပိပြင်သိပ်သည်းစွာ ဖော်ပြထားသော

## ပိဋက အနှစ်ချုပ်

# မဇ္ဈိမ နိကာယ်

(ပထမတွဲ)

ဓမ္မာစရိယ ဦးမောင်မောင်လေး

www.dhammaransi.com

ပထမအကြိမ်၊ ၁၉၈၂-ခုနှစ်၊ ဒီဇင်ဘာလ
ဒုတိယအကြိမ်၊ ၂၀၀၂-ခုနှစ်၊ မတ်လ

၂၉၄.၃၁၂
မမလ

အုပ်ရေ (၁၀၀၀)

မျက်နှာဖုံးပန်းချီ
ပန်းချီဝေမွန်လင်း

မျက်နှာဖုံးဖလင်ခွဲ
ကိုအောင်သိန်းစိုး

အတွင်းအော့ဖ်ဆက်ဖလင်
ဦးအောင်တင်အေးနှင့် သမီးများ

ကွန်ပျူတာ
ရွှန်းလဲ့ကွန်ပျူတာ

မျက်နှာဖုံးပုံနှိပ်သူ
ဦးမြသောင်း (၀၁၇၈၄) ခေတ္တရာပုံနှိပ်တိုက်
အမှတ် ၁၂၂၊ ၃၁ လမ်း၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ
ဦးဝင်းမြိုင် (၀၂၄၈၆) သိဒ္ဓိမြိုင်ပုံနှိပ်တိုက်
အမှတ် ၁၁၃၊ ၃၄ လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးသန်းဆွေ (၀၁၄၇၃) စစ်သည်တော်စာပေ
အမှတ် ၁၁၃၁/က၊ ဥယျာဉ်လမ်း၊ (၁၉)ရပ်ကွက်၊
ဒဂုံမြို့သစ်တောင်ပိုင်း။

www.dhammaransi.com

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဒုတိယအကြိမ် ထုတ်ဝေခြင်းနိဒါန်း | ၁ |
| မဇ္ဈိမနိကာယ် နိဒါန်း | ၃ |

**၁။ မူလပရိယာယသုတ်**

**အကြောင်းတရားအမျိုးမျိုးကို ဟောကြားခြင်း**

| | |
|---|---|
| နိဒါန်း | ၁၃ |
| ပုထုဇဉ်တို့၏အမြင် | ၁၃ |
| သေက္ခပုဂ္ဂိုလ်တို့၏အမြင် | ၁၄ |
| ရဟန္တာတို့၏အမြင် | ၁၆ |
| မြတ်စွာဘုရားတို့၏အမြင် | ၁၇ |
| သုတ်နိဂုံး | ၁၇ |
| အထူးရှင်းလင်းချက် | ၁၈ |

**၂။ သဗ္ဗာသဝသုတ်**

**အာသဝခပ်သိမ်းတားဆီးပိတ်ဆို့ရေးကို ဟောကြားခြင်း**

| | |
|---|---|
| သိသူမြင်သူအားသာ အာသဝကုန်၏ | ၂၀ |
| အာသဝ ခုနစ်မျိုး | ၂၁ |
| ၁။ ဉာဏ်အမြင်ဖြင့် ပယ်အပ်သော အာသဝများ | ၂၁ |
| နှလုံးမသွင်းသင့်သော တရားများနှင့် နှလုံးသွင်းသင့်သောတရားများ | ၂၁ |
| မသင့်သောအားဖြင့် နှလုံးသွင်းပုံ | ၂၂ |
| အယူမှား (၆) မျိုး | ၂၂ |
| အကြားအမြင်ရှိသော အရိယာတပည့် | ၂၃ |
| သင့်သောအကြောင်းအားဖြင့် နှလုံးသွင်းပုံ | ၂၃ |
| ၂။ စောင့်စည်းခြင်းဖြင့် ပယ်အပ်သော အာသဝများ | ၂၄ |

www.dhammaransi.com

၃။ မိုဝဲခြင်းဖြင့် ပယ်အပ်သော အာသဝများ ၂၄
၄။ သည်းခံခြင်းဖြင့် ပယ်အပ်သော အာသဝများ ၂၅
၅။ ရှောင်ရှားခြင်းဖြင့် ပယ်အပ်သော အာသဝများ ၂၆
၆။ ပယ်ဖျောက်ခြင်းဖြင့် ပယ်အပ်သော အာသဝများ ၂၆
၇။ ပွားများခြင်းဖြင့် ပယ်အပ်သော အာသဝများ ၂၇

## (၂) ၃။ ဓမ္မဒါယာဒသုတ်

**တရားအမွေကိုသာ ခံယူကြရန် မိန့်ကြားခြင်း**

ကြင်နာထောက်ထားမှု ၂၈
ကဲ့ရဲ့ဖွယ်နှင့် ချီးမွမ်းဖွယ် ၂၈
ရဟန်းနှစ်ပါးဥပမာ ၂၉
ရှင်သာရိပုတ္တရာ ဆက်လက်ဟောကြားခြင်း ၃၀
ဘုရားရှင်အား အတုလိုက်၍ မကျင့်သူ ၃၀
ဘုရားရှင်အား အတုလိုက်၍ ကျင့်သူ ၃၁
စွန့်ပယ်ရမည့် တရားများ ၃၂

## ၄။ ဘယဘေရဝသုတ်

**ကြောက်လန့်ဖွယ်များနှင့်စပ်သော ဟောကြားချက်**

အမျိုးကောင်းသားတို့၏ ရှေ့သွားခေါင်းဆောင် ၃၃
ကြောက်ရွံ့သူနှင့် မကြောက်ရွံ့သူ ၃၄
ကြောက်ရွံ့မှုကို ပယ်ဖျောက်ပုံ ၃၅
မတွေဝေသောနေခြင်း ၃၆
ဈာန်လေးပါးကို ရရှိခဲ့ပုံ ၃၆
ဝိဇ္ဇာသုံးပါးကို ရရှိခဲ့ပုံ ၃၇
တောရပ်၌ နေခြင်းအကြောင်း ၃၈
ဇာနုဿောဏိပုဏ္ဏား သရဏဂုံတည်ခြင်း ၃၈

## ၅။ အနင်္ဂဏသုတ်

**အညစ်အကြေးရှိသူနှင့် အညစ်အကြေးမကင်းသူတို့**
**အကြောင်းကို ဟောကြားခြင်း**

ပုဂ္ဂိုလ်လေးမျိုး ၄၀
သိသူနှင့် မသိသူ ၄၀

www.dhammaransi.com




အညစ်အကြေးဟူသည် ၄၂
ရှိသေလေးစားခြင်း မခံရသူနှင့် ခံရသူ ၄၃
ရှင်မောဂ္ဂလန်၏ ချီးကျူးစကား ၄၄


## ၆။ အာကင်္ခေယျသုတ်

### လိုအင်ဆန္ဒဟူသမျှကို ပြည့်ဝစေနိုင်သော တရား


သီတင်းသုံးဖော်များ ချစ်ခင်စေလိုလျှင် ၄၆
ပစ္စည်းလေးပါး ရရှိလိုလျှင် ၄၇
သောတာပန်ဖြစ်လိုလျှင် ၄၇
အဘိညာဏ်တန်ခိုးများ ရရှိလိုလျှင် ၄၇


## ၇။ ဝတ္ထသုတ်

### စိတ်ကို အဝတ်ပိုင်းဖြင့် ဥပမာပြု၍ ဟောကြားခြင်း


မသန့်ရှင်းသော စိတ်နှင့် သန့်ရှင်းသောစိတ် ၄၉
စိတ်၏ အညစ်အကြေး ၅၀
စိတ်သန့်ရှင်းသူများအား ဝမ်းမြောက်မှုဖြစ် ၅၀
မေတ္တာဖြင့် ဖြန့်၍ နေသူ ၅၁
အာသဝတို့မှ လွတ်မြောက်သူ ၅၁
သုန္ဒရိက ဘာရဒွါဇပုဏ္ဏား လျှောက်ကြားပုံ ၅၂
ရေချိုးခြင်းဖြင့် သန့်ရှင်းမှု မဖြစ် ၅၂
ဘာရဒွါဇပုဏ္ဏား ရဟန္တာဖြစ် ၅၃


## ၈။ သလ္လေခသုတ်


ကိလေသာခေါင်းပါးကြောင်းအကျင့်ကိုဟောကြားခြင်း ၅၄


## ၉။ သမ္မာဒိဋ္ဌိသုတ်


မှန်သောအမြင်ကို ဟောကြားခြင်း ၅၉
အကုသိုလ်နှင့် ကုသိုလ်ကိုသိသူ ၅၉
အာဟာရလေးပါးကို သိသူ ၆၀
သစ္စာလေးပါးကို သိသူ ၆၁

www.dhammaransi.com



## ၁၀။ မဟာသတိပဋ္ဌာနသုတ်

### သတိပဋ္ဌာန်လေးပါးကို အကျယ်ဟောကြားခြင်း


တစ်ကြောင်းတည်းသော လမ်းခရီး ၆၃

(၁)။ ကိုယ်၌ ရှုဆင်ခြင်ခြင်း (ကာယာနုပဿနာ)

ဝင်သက်ထွက်သက်ကို ရှုပုံ ၆၄

ဣရိယာပုတ်ကိုရှုပုံ ၆၄

သမ္ပဇဉ်ဉာဏ်ဖြင့် ဆင်ခြင်ပုံ ၆၅

စက်ဆုပ်ဖွယ်ဟု ရှုပုံ ၆၅

ဓာတ်သဘောအားဖြင့် ဆင်ခြင်ပုံ ၆၅

သူသေကောင်ကိုးမျိုးကို ဆင်ခြင်ပုံ ၆၆

(၂)။ ဝေဒနာတို့၌ ရှုဆင်ခြင်ခြင်း (ဝေဒနာနုပဿနာ) ၆၇

(၃)။ စိတ်၌ ဆင်ခြင်ခြင်း (စိတ္တာနုပဿနာ) ၆၇

(၄)။ တရားသဘောတို့၌ ရှုဆင်ခြင်ခြင်း (ဓမ္မာနုပဿနာ)

နီဝရဏ ငါးပါးကို ရှုပုံ ၆၈

ခန္ဓာငါးပါးကို ရှုပုံ ၆၈

ဇာတ္တင်ခုနစ်ပါးကို ရှုပုံ ၆၉

သစ္စာလေးပါးကို ရှုပုံ ၆၉

သတိပဋ္ဌာန် ပွားများခြင်း၏အကျိုး ၇၀


## ၁၁။ စူဠသီဟနာဒသုတ်

### ခြင်္သေ့မင်းကဲ့သို့ ရဲရင့်သောစကားကို မြွက်ကြားခြင်း


ရဲရင့်စွာ မြွက်ဆိုကြ ၇၂

ဒိဋ္ဌိနှစ်မျိုး ၇၃

ဥပါဒါန်လေးပါး ၇၃


## ၁၂။ မဟာသီဟနာဒသုတ်


ခြင်္သေ့မင်းကဲ့သို့ ရဲရင့်သောစကားကို မြွက်ဆိုခြင်း ၇၆

'အား' ဆယ်ပါးကား ၇၇

ရဲရင့်ခြင်း လေးပါး ၇၈

www.dhammaransi.com



ပရိသတ်ရှစ်ပါး ၇၈
သတ္တဝါလေးမျိုး ၇၉
ဂတိငါးပါး ၇၉
မီးကျီးတွင်းနှင့်ငရဲဘုံ ၇၉
မစင်တွင်းနှင့် တိရစ္ဆာန်ဘုံ ၈၀
သစ်ပင်အိုနှင့် ပြိတ္တာဘုံ ၈၀
သစ်ပင်ပျိုနှင့် လူ့ဘုံ ၈၁
ပြာသာဒ်ဆောင်နှင့် နတ်ဘုံ ၈၁
ရေကန်ကြီးနှင့် နိဗ္ဗာန် ၈၂
အင်္ဂါလေးပါးနှင့် ပြည့်စုံသောအကျင့် ၈၂

## ၁၃။ မဟာဒုက္ခက္ခန္ဓသုတ်

### ကာမဂုဏ်ငါးပါးသည် ဆင်းရဲတုံးကြီးသာ ဖြစ်ကြောင်း ဟောကြားခြင်း

ပရိဗိုဇ်၏ မေးခွန်း ၈၅
ကာမတို့၏ သာယာဖွယ် ၈၆
ကာမတို့၏ အပြစ် ၈၆
ရုပ်တို့၏ သာယာဖွယ်- စသည် ၈၉
ဝေဒနာတို့၏ သာယာဖွယ်- စသည် ၉၀

## ၁၄။ စူဠဒုက္ခက္ခန္ဓသုတ်

### ကာမဂုဏ်ငါးပါးသည် ဆင်းရဲတုံးအတိဖြစ်ကြောင်း ဟောကြားခြင်း

မဟာနာမ်မေးလျှောက်ချက် ၉၁
ဗုဒ္ဓ၏ အဖြေ ၉၁
နိဂဏ္ဌာတို့၏ အယူ ၉၂
မသိနိုင်သော အရာ ၉၃

## ၁၅။ အနုမာနသုတ်

### မိမိနှင့် ယှဉ်၍ ဆင်ခြင်အပ်ကြောင်း ဟောကြားခြင်း

ဆိုဆုံးမရန် မသင့်သူ ၉၅
ဆိုဆုံးမခက်အောင် ပြုတတ်သောတရားများ ၉၅

www.dhammaransi.com



ဆိုဆုံးမရန်သင့်သူ ၉၆
ဆိုဆုံးမ လွယ်သူဖြစ်အောင် ပြုတတ်သောတရားများ ၉၆
မိမိနှင့်နှိုင်းယှဉ်၍ ဆင်ခြင်ပုံ ၉၆
ပယ်ရှားနိုင်ရန် အားထုတ်ရမည် ၉၇
လုလင်ပျို၊ လုံမပျို ဥပမာ ၉၇

## ၁၆။ စေတောခိလသုတ်

### စိတ်၏ ဆူးငြောင့်များကို ဟောကြားခြင်း

ကြီးပွားတိုးတက်ဖွယ်မရှိသော ရဟန်း ၉၉
စိတ်၏ ဆူးငြောင့် ငါးပါး ၉၉
စိတ်၏ အနှောင်အဖွဲ့ ငါးပါး ၉၉
ကြီးပွားတိုးတက်ဖွယ် ရှိသော ရဟန်း ၁၀၀

## ၁၇။ ဝနပတ္ထသုတ်

### နေသင့်သော တောအုပ်နှင့် မနေသင့်သော တောအုပ်တို့ကို ဟောကြားခြင်း

မနေသင့်သော တောအုပ် ၁၀၁
နေသင့်သော တောအုပ် ၁၀၂

## ၁၈။ မဓုပိဏ္ဍိကသုတ်

### ပျားမုန့်ဆုပ်နှင့်တူသော တရား

သာကီဝင်မင်းသားကြီး ဒဏ္ဍပါဏိနှင့် တွေ့ခြင်း ၁၀၃
ရဟန်းတစ်ပါး၏ မေးခွန်းကို ဖြေကြားခြင်း ၁၀၄
ရှင်မဟာကစ္စည်းအား မေးလျှောက်ကြခြင်း ၁၀၄
ချဲ့ထွင်မှုသညာများ လွှမ်းမိုးပုံ ၁၀၅
ချဲ့ထွင်မှုသညာများ ပျောက်သွားပုံ ၁၀၆
ပျားမုန့်ဆုပ် ဒေသနာ ၁၀၆

## ၁၉။ ဒွေဓါဝိတက္ကသုတ်

### ကြံစည်မှုများကို နှစ်မျိုးခွဲအပ်ကြောင်း ဟောကြားခြင်း

ကြံစည်မှုနှစ်မျိုး ၁၀၇
မကောင်းသောကြံစည်မှုများ ပျောက်သွားအောင် ဆင်ခြင်ပုံ ၁၀၇

www.dhammaransi.com

ဝိတက်အားလျော့စွာ စိတ်ညွတ်ပုံ ၁၀၈
နွားကျောင်းသားဥပမာ ၁၀၈
စိတ်ကို အတွင်း၌သာ တည်စေခြင်း ၁၀၉
သတိပြုရုံမျှသာ လိုအပ်၏ ၁၀၉
သမင်အုပ်နှင့် မုဆိုးဥပမာ ၁၀၉

## ၂၀။ ဝိတက္ကသဏ္ဌာနသုတ်

မကောင်းသော စိတ်ကူးများရပ်တန့်သွားစေရန် အားထုတ်ပုံကို ဟောကြားခြင်း

နှလုံးသွင်းရမည့် အကြောင်းငါးပါး ၁၁၂

ဩပမ္မဝဂ်

## ၂၁။ ကကစူပမသုတ်

လွှသွားဖြင့် ဥပမာပြု၍ ဟောကြားခြင်း

ဘိက္ခုနီတို့နှင့် ရောသောရဟန်း ၁၁၅
သတိပေးရုံမျှသာ ၁၁၆
ဆိုဆုံးမလွယ်သူ ၁၁၇
စကားလမ်းကြောင်းငါးမျိုး ၁၁၈
လွှသွားဥပမာ ၁၁၉

## ၂၂။ အလဂဒ္ဒူပမသုတ်

တရားသင်ယူခြင်းကို မြွေဖမ်းခြင်းနှင့် ဥပမာပြု၍ ဟောသောတရား

တရားကို ကောင်းစွာမသင်ယူသူ ၁၂၁
တရားကို ကောင်းစွာသင်ယူသူ ၁၂၂
ဖောင်ဥပမာ ၁၂၂
ဒိဋ္ဌိဖြစ်ကြောင်း တရားခြောက်ပါး ၁၂၃

## ၂၃။ ဝမ္မိကသုတ်

တောင်ပို့ပြဿနာကို ဖြေကြားခြင်း

တောင်ပို့ပြဿနာ ၁၂၇
ဗုဒ္ဓ၏ အဖြေ ၁၂၈

www.dhammaransi.com



## ၂၄။ ရထဝိနီတသုတ်

ဝိသုဒ္ဓိခုနစ်ပါးကို မြင်းရထားဖြင့် ဥပမာပြု၍ ဟောကြားသောတရား


| | |
|---|---|
| အရှင်ပုဏ္ဏ၏ ဂုဏ်ဆယ်ပါး | ၁၃ဝ |
| ရှင်သာရိပုတ္တရာနှင့် ရှင်ပုဏ္ဏတွေ့ဆုံခြင်း | ၁၃၁ |
| သာဝတ္ထိမှ သာကေတသို့ | ၁၃၂ |


## ၂၅။ နိဝါပသုတ်

မုဆိုးမြက်ခင်းဖြင့် ဥပမာပြု၍ ဟောကြားခြင်း


| | |
|---|---|
| မုဆိုး၏ မြက်ခင်း | ၁၃၄ |
| မာရ်နတ်၏ မြက်ခင်း | ၁၃၅ |
| မာရ်နတ် မဝင်ရောက်နိုင်သော အရပ် | ၁၃၆ |


## ၂၆။ ပါသရာသိသုတ်

ကာမဂုဏ်ငါးပါးကို ကျော့ကွင်းစုဖြင့် ဥပမာပြု၍ ဟောကြားခြင်း


| | |
|---|---|
| ရမ္မကကျောင်းသခ်မ်းသို့ | ၁၃၈ |
| ရှာဖွေခြင်းနှစ်မျိုး | ၁၃၉ |
| မြတ်သောရှာဖွေခြင်း | ၁၄ဝ |
| ဘုရားမဖြစ်မီက ရှာဖွေခဲ့ပုံ | ၁၄ဝ |
| ဥဒကရသ့ထံ ချဉ်းကပ်ခြင်း | ၁၄၂ |
| နိဗ္ဗာန်ကိုရရှိခြင်း | ၁၄၃ |
| ကြောင့်ကြမဲ့နေရန် စိတ်ညွတ်ခြင်း | ၁၄၃ |
| တရားဦး ဟောခြင်း | ၁၄၄ |
| ကျော့ကွင်းစုဥပမာ | ၁၄၆ |


## ၂၇။ စူဠဟတ္ထိပဒေါပမသုတ်

ဆင်ခြေရာနှင့် တူသော တရားလေးပါးကို ဟောကြားခြင်း


| | |
|---|---|
| ပိလောတိက ပရိဗိုဇ် | ၁၄၇ |
| ဆင်ခြေရာဥပမာ | ၁၄၈ |
| ပြည့်စုံသော ဆင်ခြေရာ ဥပမာ | ၁၄၉ |

www.dhammaransi.com




သီလစောင့်ခြင်း ၁၅၁
ရောင့်ရဲခြင်း ၁၅၂
စောင့်ထိန်းခြင်း ၁၅၂
သမ္ပဇဉ်ဉာဏ်ဖြင့်ပြုခြင်း ၁၅၃
နီဝရဏငါးပါးကို ပယ်ခြင်း ၁၅၃
ဝိဇ္ဇာသုံးပါးသို့ ရောက်ခြင်း ၁၅၄

## ၂၈။ မဟာဟတ္ထိပဒေါပမသုတ်

**သစ္စာလေးပါးကို ဆင်ခြေရာဖြင့် ဥပမာပြု၍ ဟောကြားခြင်း**

သစ္စာလေးပါး၌ အကြုံးဝင် ၁၅၆
ရေဓာတ်ကိုရှုပုံ ၁၅၈
မီးဓာတ်ကိုရှုပုံ ၁၅၈
လေဓာတ်ကိုရှုပုံ ၁၅၉
ဟင်းလင်းပြင်ရုပ် ၁၅၉
အကြောင်းကို စွဲဖြစ်ပေါ်သောတရား ၁၆၀

## ၂၉။ မဟာသာရောပမသုတ်

**အနှစ်ကို ရှာသူနှင့် ဥပမာပြု၍ ဟောသောတရား**

အခက်အရွက်ဖြင့် ကျေနပ်သူ ၁၆၁
အပွေးဖြင့် ကျေနပ်သူ ၁၆၁
အခွံဖြင့် ကျေနပ်သူ ၁၆၂
အကာဖြင့် ကျေနပ်သူ ၁၆၂
အနှစ်ကို ရရှိသူ ၁၆၃

## ၃၀။ စူဠသာရောပမသုတ်

**အနှစ်နှင့်တူသော တရားလေးပါးကို ဟောကြားခြင်း**

ဝန်ခံတိုင်း သိမသိ ပြဿနာ ၁၆၄
အခက်အရွက်ကိုသာ ယူသူ ၁၆၄
အပွေးကိုသာ ယူသူ ၁၆၅

www.dhammaransi.com



အခွဲကိုသာ ယူသူ ၁၆၅
အနှမ်းကိုသာရယူသူ ၁၆၅

မဟာသာစကာဝဂ်

## ၃၁။ စူဠဂေါသိင်္ဂသုတ်

ဂေါသိင်္ဂအင်ကြင်းတော၌ ဟောသောတရား

ညီညွတ်ချစ်ခင်စွာနေကြသူများ ၁၆၇
မမေ့မလျော့ အားထုတ်နေကြပုံ ၁၆၈
တစ်လောကလုံး၏ အကျိုး ၁၆၉

## ၃၂။ မဟာဂေါသိင်္ဂသုတ်

ဂေါသိင်္ဂအင်ကြင်းတောကို တင့်တယ်စေသော ပုဂ္ဂိုလ်

ရှင်သာရိပုတ္တရာထံသို့ ၁၇၀
တောကို တင့်တယ်စေမည့် ရဟန်း ၁၇၁
ဗုဒ္ဓမြတ်စွာ၏ အဖြေ ၁၇၂

## ၃၃။ မဟာဂေါပါလကသုတ်

နွားကျောင်းသားနှင့်တူသော ရဟန်းနှစ်မျိုးကို ဟောကြားခြင်း

နွားအုပ်ကို မထိန်းနိုင်သော နွားကျောင်းသား ၁၇၄
မကြီးပွားထိုက်သော ရဟန်း ၁၇၄
ကြီးပွားထိုက်သော ရဟန်း ၁၇၆

## ၃၄။ စူဠဂေါပါလကသုတ်

နွားကျောင်းသားနှင့်တူသော ဆရာနှစ်မျိုးကို ဟောကြားခြင်း

ဉာဏ်မရှိသော နွားကျောင်းသား ၁၇၇
ဉာဏ်ရှိသော နွားကျောင်းသား ၁၇၈
သံသသရာတစ်ဖက်ကမ်းသို့ ၁၇၈

## ၃၅။ စူဠသစ္စကသုတ်

သစ္စကပရိဗိုဇ်အား ဟောသောတရား

ပညာရှိသစ္စက ကြွားဝါးပုံ ၁၈၀
ဗုဒ္ဓမြတ်စွာနှင့် တွေ့ခြင်း ၁၈၁

www.dhammaransi.com



ဦးခေါင်းခုနစ်စိတ် ကွဲလိမ့်မည် ၁၈၂
ခြေကျိုးလက်ကျိုး ၁၈၄
အဆုံးအမကို လိုက်နာသူ ၁၈၅

## ၂၃၆။ မဟာသစ္စကသုတ်

### သစ္စကပရိဗိုဇ်အား နောက်ထပ် ဟောကြားသော တရား

ကိုယ်စိတ် ပွားစီးရေးကို မသိသူ ၁၈၆
ကိုယ်စိတ်ပွားစီးခြင်းရှိသူ ၁၈၇
ပထမ ဥပမာ ၁၈၉
ဒုတိယ ဥပမာ ၁၈၉
တတိယ ဥပမာ ၁၉၀
စိတ်ကို ဖိနှိပ်ပုံ ၁၉၀
ထွက်သက်ဝင်သက်ကို ချုပ်တည်းခြင်း ၁၉၁
ဆင်းရဲပင်ပန်းစွာ အားထုတ်ခဲ့ပုံ ၁၉၂
အစာကြမ်းကို မှီဝဲခြင်း ၁၉၃
ချမ်းသာခြင်းသည်လည်း စိတ်ကို မလွှမ်းမိုးနိုင် ၁၉၄
တွေဝေသူနှင့် မတွေဝေသူ ၁၉၄

## ၃၇။ စူဠတဏှာသင်္ခယသုတ်

### တဏှာကုန်ခန်းရေးကို အကျဉ်းအားဖြင့် ဟောကြားခြင်း

သိကြားမင်း၏ အမေး ၁၉၆
ဝေဇယန္တပြာသာဒ်ကို ပြသခြင်း ၁၉၇
သိကြားမင်း ထိတ်လန့်ခြင်း ၁၉၈

## ၃၈။ မဟာတဏှာ သင်္ခယသုတ်

### တဏှာကုန်ခန်းရေးကို အကျယ်ဟောကြားခြင်း

တံငါသည်သား အယူမှား ၁၉၉
အကြောင်းရှိမှ အကျိုးဖြစ် ၂၀၀
အယူမှန်ကိုလည်း မတွယ်တာရ ၂၀၁

www.dhammaransi.com




| | |
|---|---|
| အာဟာရလေးပါး | ၂၀၁ |
| ကိုယ်တိုင် သိမြင်နိုင်သော တရား | ၂၀၁ |
| ဆင်းရဲအစု ဖြစ်ပွားပုံ | ၂၀၂ |
| ဆင်းရဲအစု ချုပ်ငြိမ်းပုံ | ၂၀၃ |


## ၃၉။ မဟာအဿပုရသုတ်

### အဿပုရနိဂုံး၌ အကျယ်ဟောသောတရား


| | |
|---|---|
| ရဟန်းအမည်နှင့် ညီစေရန် | ၂၀၅ |
| ရဟန်းဖြစ်ကြောင်း တရား | ၂၀၅ |
| တိုးတက်ပြုလုပ်ဖွယ်များ | ၂၀၆ |
| နီဝရဏ ငါးပါးကင်းကွာခြင်း | ၂၀၆ |
| ပထမ ဈာန်ချမ်းသာ | ၂၀၇ |
| ဒုတိယ ဈာန်ချမ်းသာ | ၂၀၇ |
| တတိယ ဈာန်ချမ်းသာ | ၂၀၈ |
| စတုတ္ထ ဈာန်ချမ်းသာ | ၂၀၈ |
| ဝိဇ္ဇာသုံးပါး | ၂၀၈ |


## ၄၀။ စူဠအဿပုရသုတ်

### အဿပုရနိဂုံး၌ အကျဉ်းဟောကြားသောတရား


| | |
|---|---|
| ရဟန်းနှင့် သင့်လျော်သောအကျင့် | ၂၁၀ |
| သက်န်းဝတ်ကာမျှဖြင့် | ၂၁၁ |
| အမျိုးမခွဲခြား | ၂၁၁ |


စူဠယမကဝဂ်

## ၄၁။ သာလေယျကသုတ်

### သာလာရွာသားများအား ဟောသောတရား


| | |
|---|---|
| မတရားကျင့်ခြင်း | ၂၁၃ |
| ကိုယ်အားဖြင့် မတရားကျင့်ခြင်း | ၂၁၄ |
| နှုတ်အားဖြင့် မတရားကျင့်ခြင်း | ၂၁၄ |
| စိတ်အားဖြင့် မတရားကျင့်ခြင်း | ၂၁၅ |
| တရားသဖြင့် ကျင့်ခြင်း | ၂၁၆ |
| တောင့်တတိုင်း ဖြစ်နိုင်၏ | ၂၁၆ |

www.dhammaransi.com

## ၄၂။ ဝေရဉ္စကသုတ်

ဝေရဉ္စရွာသားများအား ဟောသောတရား ၂၁၇

## ၄၃။ မဟာဝေဒလ္လသုတ်

### နှစ်သက်မှု အဆင့်ဆင့်ကို ဖြစ်ပေါ်စေသောတရား


ပညာမဲ့နှင့် ပညာရှိ ၂၁၈

ပညာနှင့် ဝိညာဏ် ၂၁၉

ဝေဒနာ၊ သညာ၊ ဝိညာဏ် ၂၁၉

မနောဝိညာဏ် ၂၂၀

သမ္မာဒိဋ္ဌိဖြစ်ရန် အကြောင်း ၂၂၁

ဘဝသုံးပါး ၂၂၁

ပထမဈာန်ဟူသည် ၂၂၁

ဣန္ဒြေငါးပါး ၂၂၂

ထင်းတုံးပမာ ကိုယ်ခန္ဓာ ၂၂၃

စိတ်လွတ်လပ်မှု၏ အကြောင်းများ ၂၂၄

စိတ်လွတ်လပ်မှု လေးမျိုး ၂၂၅


## ၄၄။ စူဠဝေဒလ္လသုတ်

### နှစ်သက်မှုအဆင့်ဆင့်ကို ဖြစ်ပေါ်စေသောတရား


သက္ကာယဟူသည် ၂၂၇

အရိယမဂ်ဟူသည် ၂၂၉

သမာဓိနှင့် သမာဓိနိမိတ် ၂၃၀

သင်္ခါရသုံးပါး ၂၃၀

နိရောဓသမာပတ် ၂၃၁

ဝေဒနာသုံးပါး ၂၃၂

ဝေဒနာသုံးပါး၌ အနုသယကိန်းပုံ ၂၃၂

ဝေဒနာသုံးပါး၌ အနုသယကိုပယ်ပုံ ၂၃၃

ပုံတူတရား ၂၃၄

ဗုဒ္ဓမြတ်စွာက ထောက်ခံခြင်း ၂၃၅

www.dhammaransi.com

## ၄၅။ စူဠဓမ္မသမာဒါနသုတ်

### တရားဆောက်တည်ခြင်း လေးမျိုးကို အကျဉ်းဟောခြင်း


တရားဆောက်တည်ခြင်း လေးမျိုး ၂၃၆
ပစ္စုပ္ပန်ချမ်းသာ တမလွန်ဆင်းရဲ ၂၃၆
ပစ္စုပ္ပန်ရော တမလွန်ပါ ဆင်းရဲ ၂၃၇
ပစ္စုပ္ပန်ဆင်းရဲ တမလွန်ချမ်းသာ ၂၃၇
ပစ္စုပ္ပန်ရော တမလွန်ပါ ချမ်းသာ ၂၃၇


## ၄၆။ မဟာဓမ္မသမာဒါနသုတ်

### တရားဆောက်တည်ခြင်းလေးမျိုးကို အကျယ်ဟောခြင်း


တောင့်တတိုင်း မဖြစ် ၂၃၉
လူမိုက်နှင့် လူလိမ္မာ ၂၃၉
တရားဆောက်တည်ခြင်း ၂၄၀
ပစ္စုပ္ပန် တမလွန်ဆင်းရဲ ၂၄၀
ပစ္စုပ္ပန်ချမ်းသာ တမလွန်ဆင်းရဲ ၂၄၁
ပစ္စုပ္ပန်ဆင်းရဲ တမလွန်ချမ်းသာ ၂၄၁


## ၄၇။ ဝီမံသကသုတ်

### စူးစမ်းလေ့လာအပ်သော အကြောင်းကို ဟောကြားခြင်း


မြတ်စွာဘုရားအား စူးစမ်းပုံ ၂၄၃
မထိမဲ့မြင်မပြု ၂၄၄
ကိုယ်တိုင်သိမြင် ဆုံးဖြတ်နိုင်ခြင်း ၂၄၄


## ၄၈။ ကောသမ္ဗိယသုတ်

### ကောသမ္ဗီပြည်သား ရဟန်းများအား ဟောကြားသောတရား


သာရဏီယတရားခြောက်ပါး ၂၄၈
အရိယညာဏ်ခုနစ်ပါး ၂၄၉


## ၄၉။ ဗြဟ္မနိမန္တနိကသုတ်

### ဗကဗြဟ္မာအား ဟောကြားသောတရား


အယူမှားသော ဗကဗြဟ္မာ ၂၅၀
မာရ်နတ်နှောင့်ယှက်ခြင်း ၂၅၁

www.dhammaransi.com



သာလွန်သော လွတ်မြောက်ရာ မရှိ ၂၅၂
တရားမဟောရန် မာရ်နတ် တားမြစ်ခြင်း ၂၅၄

### ၅၀။ မာရတဇ္ဇနီယသုတ်

မာရ်နတ်အား ခြိမ်းခြောက်ခဲ့ရပုံကို ဟောကြားခြင်း

ရှင်မောဂ္ဂလ္လာန်ဝမ်းထဲသို့ မာရ်နတ်ဝင်ခြင်း ၂၅၆
ကကုသန်ဘုရားလက်ထက်က ၂၅၇
ရဟန်းများကို ဆဲဆိုရန် လှုံ့ဆော်ခြင်း ၂၅၇
ရဟန်းများကို ရိုသေရန် လှုံ့ဆော်ခြင်း ၂၅၈
သာဝကကြီးကို ခဲဖြင့် ပေါက်ခြင်း ၂၅၈
မာရ်နတ် ထွက်ခွာသွားခြင်း ၂၅၉

### ၅၁။ ကန္ဒရကသုတ်

ကန္ဒရကပရိဗိုဇ်အား ပုဂ္ဂိုလ်လေးမျိုးကို ဟောကြားခြင်း

ကောင်းစွာ ဆုံးမအပ်သော သံဃာ ၂၆၀
လှူနှင့် တိရစ္ဆာန် ၂၆၀
ပုဂ္ဂိုလ်လေးမျိုး ၂၆၁
မိမိကိုယ်ကို ပူပန်ဆင်းရဲစေသူ ၂၆၂
သူတစ်ပါးကို ပူပန်ဆင်းရဲစေသူ ၂၆၂
မိမိ သူတစ်ပါး နှစ်ပါးလုံးကို ပူပန်ဆင်းရဲစေသူ ၂၆၂
မိမိ သူတစ်ပါး နှစ်ပါးလုံးကို မပူပန်စေသူ ၂၆၃

### ၅၂။ အဋ္ဌကနာဂရသုတ်

အဋ္ဌကမြို့သားအား ဟောကြားသောတရား

လွတ်မြောက်ကြောင်းတရား ၂၆၅
နိဗ္ဗာန်တံခါး (၁၁) ပေါက် ၂၆၆

### ၅၃။ သေခသုတ်

သေက္ခပုဂ္ဂိုလ်တို့၏ အကျင့်ကို ဟောကြားခြင်း

သာကီဝင်မင်းတို့၏ မင်းကွန်းသစ် ၂၆၈
သေက္ခအကျင့် ၂၆၈

www.dhammaransi.com




သီဂါလနှင့် ပြည့်စုံပုံ ၂၆၉
ဣန္ဒြေစောင့်ထိန်းပုံ ၂၆၉
အတိုင်းအရှည်သိပုံ ၂၆၉
နိုးကြားမှုရှိပုံ ၂၇၀
သူတော်ကောင်းတရားခုနစ်ပါး ၂၇၀
ဈာန်ဝင်စားနိုင်ခြင်း ၂၇၀
ဥခွံတွင်းမှ ဖောက်ထွက်လာသူ ၂၇၁
ဝိဇ္ဇာနှင့် စရဏ ၂၇၁


## ၅၄။ ပေါတလိယသုတ်

### ပေါတလိယသူကြွယ်အား ဟောသောတရား


လောကဝေါဟာရကို ဖြတ်သူ ၂၇၃
လူ့အသုံးအနှုန်းကို ဖြတ်ပုံ ရှစ်မျိုး ၂၇၄
အကျယ်ဟောကြားချက် ၂၇၄
လူ့အသုံးအနှုန်း လုံးဝပြတ်ပုံ ၂၇၅


## ၅၅။ ဇီဝကသုတ်

### ဇီဝကအား မစားအပ်သော အသားကို ဟောကြားခြင်း


မစားအပ်သောအသား ၂၇၇
အပြစ်မရှိသော စားဖွယ် ၂၇၇
မကောင်းမှုတိုးပွားကြောင်း ငါးပါး ၂၇၈


## ၅၆။ ဥပါလိသုတ်

### ဥပါလိသူကြွယ်အား ကံသုံးပါးကို ဟောကြားခြင်း


ဒဏ်သုံးပါးနှင့် ကံသုံးပါး ၂၈၀
ဗုဒ္ဓဝါဒကို ချေဖျက်မည့်သူ ၂၈၂
ဆွေးနွေးပွဲစပြီ ၂၈၂
တစ်မြို့လုံးကို ပြာဖြစ်စေနိုင်သူ ၂၈၃
ဥပါလိဥပါသကာဖြစ်ပြီ ၂၈၄
နိဂဏ္ဌတို့အား တံခါးပိတ် ၂၈၅
ကောင်းသော စိတ်ညှို့မာယာ ၂၈၆
နာဋပုတ္တ သွေးအန်ခြင်း ၂၈၆

www.dhammaransi.com

## ၅၇။ ကုက္ကုရဝတိကသုတ်

### ခွေးအကျင့် ကျင့်ခြင်း၏ အကျိုးအပြစ်ကို ဟောကြားခြင်း


ခွေးအကျင့်၊ နွားအကျင့် ၂၈၈
ကံလေးပါး ၂၈၉


## ၅၈။ အဘယရာဇကုမာရသုတ်

### အဘယမင်းသားအား ဟောကြားသောတရား


အစွန်းမလွတ်သောမေးခွန်း ၂၉၁
အဖြေတစ်ချက် အမေးပျက် ၂၉၂
စကားခြောက်မျိုး ၂၉၂
တခဏချင်းအဖြေပေါ် ၂၉၃


## ၅၉။ ဗဟုဝေဒနီယသုတ်

### များစွာသော ဝေဒနာတို့ကို ဟောကြားခြင်း


ဝေဒနာသုံးပါး ဝေဒနာနှစ်ပါး ၂၉၅
ကာမချမ်းသာ ၂၉၆


## ၆၀။ အပဏ္ဏကသုတ်

### မလွဲချော်နိုင်သောအကျင့်ကို ဟောကြားခြင်း


မလွဲချော်နိုင်သောအကျင့် ၂၉၇
အယူမှားကြောင့် အကုသိုလ်ပွားပုံ ၂၉၇
အယူမှန်ကြောင့် ကုသိုလ်ပွားပုံ ၂၉၈
သေချာသောလမ်း ၂၉၉
အရူပ ဗြဟ္မာ ရှိမရှိ ၂၉၉
ဘဝချုပ်ငြိမ်းရာ ရှိမရှိ ၃၀၀


ဘိက္ခုဝဂ်

## ၆၁။ အမ္ဗလဋ္ဌိက ရာဟုလောဝါဒသုတ်

### သရက်ဥယျာဉ်၌ ရာဟုလာအား ဆုံးမခြင်း


မုသားပြောခြင်း၌ အရှက်မရှိသူ ၃၀၁
မပြုဝံ့သောအမှုမရှိ ၃၀၂
ကြေးမုံပြင်ဥပမာ ၃၀၂

www.dhammaransi.com

ပြုလုပ်ဆဲ၌ ဆင်ခြင်ပုံ ၂၀၃
ပြုလုပ်ပြီးနောက် ဆင်ခြင်ပုံ ၂၀၃

## ၆၂။ မဟာရာဟုလောဝါဒသုတ်

ရှင်ရာဟုလာအား နောက်ထပ်ဆုံးမခြင်း

ဆွမ်းခံကြွစဉ် ဆုံးမခြင်း ၂၀၅
ရှင်သာရိပုတ္တရာက ထပ်မံဆုံးမခြင်း ၂၀၅
ဓာတ်လေးပါးကို ဟောကြားခြင်း ၂၀၆
အာပေါဓာတ်ကို ရှုပုံ ၂၀၆
တေဇောဓာတ်ကို ရှုပုံ ၂၀၇
ဝါယောဓာတ်ကို ရှုပုံ ၂၀၇
အာကာသကို ရှုပုံ ၂၀၇
မြေကြီးနှင့် တူစွာ ပွားများပါလော ၂၀၈
မေတ္တာကို ပွားများ ၂၀၈
အာနာပါနဿတိ ပွားပုံ ၂၀၉

## ၆၃။ စူဠမာလုကျသုတ်

ရှင်မာလုကျအားလောကအကြောင်းကို ဟောကြားခြင်း

ရှင်မာလုကျ လျှောက်ထားပုံ ၂၁၁
ဗုဒ္ဓ၏ မိန့်ကြားချက် ၂၁၁
မြားစူးသူဥပမာ ၂၁၂
မဟောသည်ကို မဟောသည့်အတိုင်းမှတ် ၂၁၂
မဟောကြားသောအရာများ ၂၁၃
ဟောကြားသောအရာ ၂၁၃

## ၆၄။ မဟာမာလုကျသုတ်

ရှင်မာလုကျအား သံယောဇဉ်ငါးပါးကို ဟောကြားခြင်း

အောက်အဖို့ရှိသော သံယောဇဉ်ငါးပါး ၂၁၄
ကလေးသူငယ် ဥပမာ ၂၁၄
စွမ်းအားရှိသော သံယောဇဉ် ၂၁၅
လမ်းမှန်ရောက်မှ ပယ်နိုင် ၂၁၆
သံယောဇဉ်ငါးပါးကို ပယ်နိုင်သောအကျင့် ၂၁၆

www.dhammaransi.com



## ၆၅။ ဘဒ္ဒါလိသုတ်

### ရှင်ဘဒ္ဒါလိအား အကျင့်သိက္ခာဖြည့်ကျင့်ရန် ဆုံးမခြင်း


တစ်ထပ်တည်းသာ စားခြင်း ၃၁၈
အကျင့်သိက္ခာ၌ ဖြည့်ကျင့်သူ ၃၂၀
ဖိနှိပ်ခြင်းအကြောင်း ၃၂၀
သိက္ခာပုဒ် နည်းခြင်း များခြင်း ၃၂၂
အာဇာနည်မြင်း ဥပမာ ၃၂၂
မြတ်သောအလှူကို ခံထိုက်သော ရဟန်း ၃၂၃


## ၆၆။ လဋုကိကောပမသုတ်

### ငုံးငှက် ဥပမာဖြင့် ဟောကြားဆုံးမခြင်း


ချမ်းသာကို ဆောင်သူ ၃၂၄
မြဲမြံခိုင်ခန့်သော အနှောင်အဖွဲ့ ၃၂၅
အားနည်းသော အနှောင်အဖွဲ့ ၃၂၆
အနည်းငယ်ပင် ဖြစ်သော်လည်း ၃၂၆
ပုဂ္ဂိုလ်လေးမျိုး ၃၂၇
မိုဝဲအပ်သော ချမ်းသာ ၃၂၈
တုန်လှုပ်သော တရား ၃၂၈
လွန်မြောက်ကြောင်းတရား ၃၂၈


## ၆၇။ စာတုမသုတ်

### စာတုမရွာ၌ ဘေးရန်လေးမျိုးကို ဟောကြားခြင်း


ရဟန်းငါးရာကို နှင်ထုတ်ခြင်း ၃၃၀
သာကီဝင်မင်းသားတို့က တောင်းပန်ကြခြင်း ၃၃၀
ဗုဒ္ဓမြတ်စွာက ကျေနပ်တော်မူခြင်း ၃၃၁
ရဟန်းတို့၏ ဘေးရန်လေးမျိုး ၃၃၂


## ၆၈။ နဠကပါနသုတ်

### နဠကပါနရွာ၌ ဟောကြားသောတရား


ယုံကြည်မှုဖြင့် ရဟန်းပြုသူ ၃၃၄
မည်သို့ ထင်ကြသနည်း ၃၃၅
လားရာဂတိကို ဟောကြားခြင်း ၃၃၆

www.dhammaransi.com



## ၆၉။ ဂေါလိယာနိသုတ်

### ရှင်ဂေါလိယာနိအား ဟောကြားသောတရား


တောကျောင်းရဟန်း၏ အကျင့်များ ၃၃၈

ရွာကျောင်းရဟန်းလည်း ကျင့်ရမည် ၃၃၉


## ၇၀။ ကီဋာဂိရိသုတ်

### ကီဋာဂိရိနိဂုံး၌ ဟောကြားသောတရား


ညစာစားသော ရဟန်းများ ၃၄၀

သိမြင်၍သာ ဟောကြားသည် ၃၄၁

ပုဂ္ဂိုလ်ခုနစ်ယောက် ၃၄၂

အဆင့်ဆင့် ကျင့်ကြံအားထုတ်ခြင်း ၃၄၄

ဈေးမဆစ်သင့် ၃၄၅


## ၇၁။ တေဝိဇ္ဇဝစ္ဆသုတ်

### ဝစ္ဆဂေါတ္တပရိဗိုဇ်အား ဝိဇ္ဇာသုံးပါးကို ဟောခြင်း


ခြွင်းချက်မရှိသော ဉာဏ်အမြင် ၃၄၆

ဝိဇ္ဇာသုံးပါး ၃၄၆

နတ်ပြည်သို့ရောက်သော အာဇီဝက ၃၄၇


## ၇၂။ အဂ္ဂိဝစ္ဆသုတ်

### ဝစ္ဆဂေါတ္တပရိဗိုဇ်အားမီးတောက်ဥပမာဖြင့် ဟောကြားခြင်း


လောကသည် မြဲသလော ၃၄၈

မီးတောက်ဥပမာ ၃၄၉


## ၇၃။ မဟာဝစ္ဆသုတ်

### ဝစ္ဆဂေါတ္တပရိဗိုဇ်အား ကုသိုလ် အကုသိုလ်ကို ဟောကြားခြင်း


ကုသိုလ် အကုသိုလ် ၃၅၁

ပြီးပြည့်စုံသော အကျင့်မြတ် ၃၅၂

ဝစ္ဆဂေါတ္တပရိဗိုဇ် ရဟန်းပြုခြင်း ၃၅၃


## ၇၄။ ဒီဃနခသုတ်

### ဒီဃနခပရိဗိုဇ်အား ဟောကြားသောတရား


အယူအားလုံးကို မနှစ်သက်သူ ၃၅၄

အယူများကို စွန့်ခြင်း ၃၅၅

www.dhammaransi.com


ဝေဒနာသုံးပါး ၃၅၆
ရှင်သာရိပုတ္တရာ ကိလေသာကင်းစင်ခြင်း ၃၅၆


## ၇၅။ မာဂဏ္ဍိယသုတ်

### √ မာဂဏ္ဍိယပရိဗိုဇ်အား ဟောကြားသောတရား


ပွားစီးရေးကို ဖျက်ဆီးသူ ၃၅၈
ကျမ်းဂန်၌ လာသောကြောင့် ၃၅၉
နတ်ချမ်းသာထက် သာလွန်သော မွေ့လျော်ခြင်း ၃၆၀
နူနာစွဲကပ်သူဥပမာ ၃၆၁
ကာမဂုဏ်ကို ချမ်းသာဟု အထင်မှားပုံ ၃၆၁
အနည်းငယ်သော သာယာမှု ၃၆၂
ရောဂါကင်းခြင်းဟူသည် ၃၆၃
ဉာဏ်မျက်စိ မရှိ ၃၆၄
မာဂဏ္ဍိယပရိဗိုဇ် ၃၆၆


## √ ၇၆။ သန္ဒကသုတ်

### သန္ဒကပရိဗိုဇ်အား ဟောကြားသောတရား


အကျင့်မြတ် မဟုတ်သော ကျင့်သုံးမှုလေးမျိုး ၃၆၇
သေလျှင်ပြတ်၏ဟု ဆိုသော ဝါဒ ၃၆၈
ကောင်းမှု၊ မကောင်းမှု မရှိဟု ဆိုသော အယူဝါဒ ၃၆၉
အကြောင်းမရှိဟု ဆိုသောဝါဒ ၃၆၉
လူမိုက်နှင့်လူလိမ္မာ အတူတူဆိုသော ဝါဒ ၃၇၀
သက်သာရာ မရစေနိုင်သော အကျင့်လေးမျိုး ၃၇၁
ရဟန္တာ မကျူးလွန်ထိုက်သော အရာငါးပါး ၃၇၃
ရဟန္တာအား အသိဉာဏ် အမြဲမထင် ၃၇၃
ဤသာသနာ၌ ဘဝမှ လွတ်မြောက်သူများ ၃၇၄

www.dhammaransi.com

# ပိဋကအနှစ်ချုပ် မဇ္ဈိမနိကာယ်

## ဒုတိယအကြိမ် ထုတ်ဝေခြင်း နိဒါန်း

လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ဆယ်ခန့်က မိမိကြိုးစား အားထုတ်၍ ရေးသားပြုစု ခဲ့သော ပိဋကအနှစ်ချုပ်ကျမ်းများအနက် ဒီဃနိကာယ် အနှစ်ချုပ်ကို ဒုတိယအကြိမ် ပြန်လည် ထုတ်ဝေနိုင်ခဲ့ပြီး ယခုတစ်ဖန် မဇ္ဈိမနိကာယ် အနှစ်ချုပ်ကို ဆက်လက် ထုတ်ဝေနိုင်သည့်အတွက် အထူးပင် ဝမ်းသာကျေနပ်ခြင်း ဖြစ်ရပါသည်။ သုတ္တန် ပိဋက အပါအဝင် နိကာယ်ကြီး လေးရပ်တို့တွင် မဇ္ဈိမနိကာယ်မှာ လေးနက်သော သဘောတရားနှင့် လက်တွေ့ကျင့်စဉ်များ ပါရှိသည်ဖြစ်၍ ဗုဒ္ဓစာပေ လေ့လာ သင်ကြားသူများနှင့် ပညာရှင်များ အထူး ဖတ်ရှုလေ့လာသင့်သော နိကာယ် ဖြစ်ပါသည်။

ဤပိဋကအနှစ်ချုပ် မဇ္ဈိမနိကာယ်ကို ၁၉၈၂ ခုနှစ်က ပထမတစ်ကြိမ်သာ ထုတ်ဝေနိုင်ခဲ့ပြီး ၁၅ နှစ်မျှ ပြတ်လပ်နေခဲ့ရာ ဤစာအုပ်ကို ဖတ်ရှုလို၍ လူကိုယ်တိုင် အားဖြင့်လည်းကောင်း၊ စာနှင့် တယ်လီဖုန်းတို့ဖြင့်လည်းကောင်း စာရေးသူထံ ဆက်သွယ် စုံစမ်းကြသော ပုဂ္ဂိုလ်များစွာ ရှိခဲ့ပါသည်။ ဤအချက်ကို ထောက်ထား ခြင်းအားဖြင့် မိမိတို့ မြန်မာစာဖတ် ပရိသတ်၌ ရဟန်းသံဃာတော်များ သာမက လူပုဂ္ဂိုလ် အတော်များများအနေနှင့်လည်း မဇ္ဈိမနိကာယ်ကို စိတ်ဝင်စားမှု ရှိနေ ကြသည်ဟု ခန့်မှန်းရပါသည်။

ဤစာအုပ်ကို ပထမအကြိမ် ထုတ်ဝေစဉ်က တစ်အုပ်တည်းဖြင့် အပြီး ထုတ်ဝေခဲ့သော်လည်း ယခု ဒုတိယအကြိမ်တွင်မူ နှစ်အုပ်ခွဲလိုက်ရပါသည်။ အကြောင်းကား ပေါ့ပေါ့ပါးပါးဖြင့် ဖတ်ရှုနိုင်ကြစေရန် ဖြစ်ပါသည်။ ထို့ပြင်

www.dhammaransi.com



ဤဒုတိယအကြိမ်ထုတ်၌ အချို့သော မူလ ရေးသားချက်များကို ပို၍ ပီပြင်ရှင်လင်းစေရန် ပြန်လည်ရေးသားခြင်း၊ ဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်း စသည်အားဖြင့် ပြင်ဆင်မွမ်းမံထားပါသည်။ ခက်ဆစ်အဓိပ္ပာယ် ရှင်းလင်းချက်များကိုလည်း ထိုက်သင့်သလောက် ထည့်သွင်းပေးလိုက်ပါသည်။

အထူးအားဖြင့် ဤမဇ္ဈိမနိကာယ်တွင်
မူလပဏ္ဏာသ၌ သုတ္တန် (၅၀) ပုဒ်
မဇ္ဈိမ ပဏ္ဏာသ၌ သုတ္တန် (၅၀) ပုဒ်
ဥပရိ ပဏ္ဏာသ၌ သုတ္တန် (၅၂) ပုဒ်

ဟူ၍ အပိုင်းအားဖြင့် သုံးပိုင်း၊ သုတ္တန် အရေအတွက်အားဖြင့် ၁၅၂ ပုဒ် ပါရှိသည်ဖြစ်၍ မူရင်း ပါဠိတော်ကြီးအတိုင်း ဤအနှစ်ချုပ်ကျမ်းကိုလည်း သုံးအုပ်ခွဲ၍ ထုတ်ဝေသင့်ပါသည်။ ယင်းသို့ ထုတ်ဝေမည်ဆိုလျှင် ရေးသားချက်များကိုလည်း ပို၍ ပီပီပြင်ပြင် ပြည့်ပြည့်ဝဝဖြစ်အောင် ရေးသားနိုင်မည်ဖြစ်ပါသည်။ သို့သော်ငြားလည်း စာဖတ်သူနှင့် ထုတ်ဝေသူ နှစ်ဖက်စလုံး၏ အခြေအနေများကို ထောက်ထားလျက်

၁။ မူလပဏ္ဏာသမှ သုတ္တန် (၅၀) နှင့် မဇ္ဈိမ ပဏ္ဏာသမှ သုတ်စဉ် (၇၆) သန္ဒက သုတ္တန်အထိ ၂၆ ပုဒ်အားဖြင့် သုတ္တန်ပေါင်း (၇၆) ပုဒ်တို့ကို ပိဋက အနှစ်ချုပ် မဇ္ဈိမနိကာယ် (ပထမတွဲ) အဖြစ်ဖြင့် လည်းကောင်း။

၂။ မဇ္ဈိမပဏ္ဏာသ သုတ်စဉ် (၇၇) မဟာသကုလုဒါယီသုတ်မှစ၍ သုတ္တန် (၂၄) ပုဒ်နှင့် ဥပရိပဏ္ဏာသမှ (၅၂) ပုဒ်အားဖြင့် သုတ္တန် (၇၆)ပုဒ်တို့ကို ပိဋက အနှစ်ချုပ် မဇ္ဈိမနိကာယ် (ဒုတိယတွဲ) အဖြစ်ဖြင့်လည်းကောင်း နှစ်အုပ်ခွဲ၍ ထုတ်ဝေရန် စီစဉ်လိုက်ရခြင်း ဖြစ်ပါသည်။

**ဓမ္မာစရိယ ဦးမောင်မောင်လေး**
ရန်ကုန်မြို့။
(၅၊ ၉၊ ၉၇)

www.dhammaransi.com

# မဇ္ဈိမနိကာယ် နိဒါန်း

## အလယ်အလတ်သုတ်များ

ဗုဒ္ဓရှင်တော်မြတ်၏ မုခပါဌ်၌ တရားတော်များကို ပိဋကအားဖြင့် သုံးသွယ်၊ နိကာယ်အားဖြင့် ငါးရပ် သတ်မှတ်ပိုင်းခြားထားရာတွင် မဇ္ဈိမနိကာယ်သည် သုတ္တပိဋက၌ ပါဝင်သော ဒုတိယမြောက် နိကာယ် ဖြစ်ပေသည်။ ပထမ သံဂါယနာတွင် ဒီဃနိကာယ်ကို သံဂါယနာတင်ပြီးနောက် မဇ္ဈိမနိကာယ်ကို ဆက်လက် သံဂါယနာ တင်ခဲ့ကြောင်း၊ ဒီဃနိကာယ်ကို ရှင်အာနန္ဒာနှင့် တပည့်များအား ကျက်မှတ်ဆောင်ရွက်ရန် တာဝန်ပေးသကဲ့သို့ မဇ္ဈိမနိကာယ်ကို ရှင်သာရိပုတ္တရာ၏ တပည့်များအား ကျက်မှတ်ဆောင်ရွက်ရန် တာဝန်ပေးခဲ့ကြောင်း အဋ္ဌကထာ ဖွင့်ဆိုချက်များအရ သိရပါသည်။

'မဇ္ဈိမနိကာယ်' ဟူသည် အလယ်အလတ်ဖြစ်သော သုတ်တို့၏ အစုအပေါင်း ဟူ၍ အဓိပ္ပာယ်ရပါသည်။ ယင်းအမည်နှင့် လိုက်လျောစွာပင် ဤနိကာယ်၌ ပါဝင်သော သုတ်များမှာ ဒီဃနိကာယ်မှ သုတ်များလောက် မရှည်လျားသကဲ့သို့ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်တို့မှ သုတ်များလောက်လည်း တိုတောင်းခြင်း မရှိကြောင်း တွေ့ရပေမည်။ လက်တွေ့အားဖြင့် အကြမ်းဖျင်း ပြောရသော် ဒီဃနိကာယ်မှ အရှည်ဆုံး မဟာပရိနိဗ္ဗာနသုတ်သည် ဆဋ္ဌမူ စာမျက်နှာ ၁၀၀ နီးပါးရှိပြီး၊ မဇ္ဈိမနိကာယ်မှ အရှည်ဆုံး မဟာကုလုဒါယီ သုတ်သည် စာမျက်နှာ ၂၀ ခန့်သာ ရှိသည်ကို တွေ့ရပေသည်။

www.dhammaransi.com



## ပဏ္ဏာသ သုံးကျမ်း

ဤသို့ အရှည်အတိုအားဖြင့် ကွဲပြားသော်လည်း နိကာယ်နှစ်ရပ်တို့၏ အနေအထားမှာ များစွာတူညီလှပေသည်။ ဒီဃနိကာယ်၌ ပါဝင်သော သုတ်ပေါင်း (၃၄) သုတ်ကို သီလက္ခန္ဓဝဂ်၊ မဟာဝဂ်၊ ပါထိကဝဂ် ဟူ၍ သုံးပိုင်းခွဲခြားကာ ကျမ်းသုံးကျမ်း ဖြစ်လာသကဲ့သို့၊ မဇ္ဈိမနိကာယ်၌ ပါဝင်သော သုတ်ပေါင်း (၁၅၂) သုတ်တို့ကိုလည်း မူလပဏ္ဏာသ၊ မဇ္ဈိမပဏ္ဏာသ၊ ဥပရိပဏ္ဏာသ ဟူ၍ သုံးပိုင်း ခွဲခြားကာ ကျမ်းသုံးကျမ်း ဖြစ်လာပါသည်။ ဤ၌ 'ပဏ္ဏာသ' ဟူသည် 'ငါးဆယ်' ဟု အဓိပ္ပာယ် ရ၏။ ထို့ကြောင့် အစဦး သုတ် ငါးဆယ်ကို မူလပဏ္ဏာသ၊ အလယ်သုတ် ငါးဆယ်ကို မဇ္ဈိမ ပဏ္ဏာသ၊ နောက်ဆုံး ငါးဆယ့်နှစ်သုတ်ကို ဥပရိပဏ္ဏာသ ဟူ၍ ကျမ်းသုံးကျမ်း ဖွဲ့ထားကြောင်း သိရှိအပ်ပေသည်။ ဤ မဇ္ဈိမနိကာယ်ကို 'ပဏ္ဏာသ သုံးကျမ်း' ဟုလည်း ခေါ်ဆိုခြင်း ပြုကြသည်။

## ဘာဏဝါရ ရှစ်ဆယ်

ဒီဃနိကာယ်၌ သုတ်ပေါင်း (၃၄) သုတ်သာ ရှိသော်လည်း မဇ္ဈိမနိကာယ်၌ သုတ်ပေါင်း (၁၅၂) သုတ် ရှိသောကြောင့် မဇ္ဈိမနိကာယ်သည် ဒီဃနိကာယ်ထက် နိကာယ်တစ်ခုလုံး အနေအထားအားဖြင့် အရွယ်ပမာဏ ကြီးမား၏။ ပိဋကတော်များကို ဗုဒ္ဓ ပရိနိဗ္ဗာန် စံပြီးနောက် နှစ်ပေါင်း (၄၅၀) လွန်ပြီး သီဟိုဠ်ကျွန်း ဝဋ္ဋဂါမဏိမင်း လက်ထက်သို့ ရောက်မှ ပေထက်အက္ခရာ တင်ခဲ့ရ၏။ ထိုအချိန် မတိုင်မီကမူ နှုတ်တက်အာဂုံဆောင်၍သာ သင်ယူမှတ်သားခဲ့ရ၏။ ဤသို့ အာဂုံ နှုတ်တက် ကျက်မှတ်ရွတ်ဆိုရာတွင် တစ်ကြိမ်ရွတ်စာ၊ တစ်ခါရွတ်စာမျှရှိသော စာသားကို 'ဘာဏဝါရ' တစ်ခုဟု သတ်မှတ်ခဲ့ကြ၏။ ဤကဲ့သို့သော ဘာဏ ဝါရအားဖြင့် ဒီဃနိကာယ်သည် (၆၄) ဘာဏဝါရ၊ မဇ္ဈိမနိကာယ်သည် ဘာဏဝါ ရပေါင်း (၈၀)ကျော်မျှရှိသည်ဟု အဋ္ဌကထာ၌ ပြဆို၏။ လက်တွေ့ အားဖြင့် မဇ္ဈိမနိကာယ်၌ (ဆဋ္ဌမူ) စာမျက်နှာ (၁၂၀၆) မျက်နှာရှိသောကြောင့် စာမျက်နှာ (၁၅)မျက်နှာခန့်သည် ဘာဏဝါရတစ်ခု (တစ်ရွတ်စာ) ဖြစ်သည်ဟု ဆိုနိုင်သည်။ တစ်နည်းအားဖြင့်ဆိုသော် မဇ္ဈိမနိကာယ် သုံးကျမ်း ပါဠိတော် တစ်ခုလုံးကို တစ်ကြိမ်လျှင် (၁၅)မျက်နှာခန့် ရွတ်ဖတ်သွားလျှင် အကြိမ်ပေါင်း (၈၀)ခန့် ရွတ်ဆိုရမည်။ တစ်နေ့လျှင် (၁၅)မျက်နှာခန့် ရွတ်ဆိုသွားလျှင် ရက်ပေါင်း (၈၀)မျှ ရွတ်ဆိုရမည်ဟု သိနိုင်ပေသည်။

www.dhammaransi.com



မဇ္ဈိမနိကာယ်ဋီကာ၌မူ အက္ခရာလုံးရေ (၃၂)လုံးရှိသော ဂါထာပေါင်း (၂၅၀) သည် ဘာဏဝါရတစ်ခုဖြစ်သည်ဟု ဆို၏။ သို့သော် မဇ္ဈိမနိကာယ်၌ ဂါထာ အနည်းငယ်သာပါပြီး စာသားအများစုမှာ စကားပြေ (စုဏ္ဏိယ)များသာ ဖြစ်သောကြောင့် ယင်းနည်းဖြင့် ဘာဏဝါရ မည်မျှရှိကြောင်း တွက်ချက်လျှင် လွယ်ကူလှမည် မဟုတ်ချေ။ ထို့ပြင် ဤမဇ္ဈိမနိကာယ်၌ ပဒပေါင်း (၈၀၅၂၃)၊ အက္ခရာ လုံးရေပေါင်း (၇၄၀၁၅၃) ရှိကြောင်း၊ အနုသန္ဓိ(အနုသန္ဓေ)ခေါ် စကာစပ် ပေါင်း (၃၉၀၀) ရှိကြောင်း အဋ္ဌကထာ၌ ပြဆိုထား၏။

## ဓမ္မက္ခန္ဓာအရေအတွက်

ဤတွင် အနုသန္ဓေနှင့် စပ်၍ ဓမ္မက္ခန္ဓာအကြောင်းကိုလည်း ဖော်ပြလိုပါသည်။ ဓမ္မက္ခန္ဓာဟူသည် 'တရားအစု' ဟူ၍ အဓိပ္ပာယ်ရ၏။ ဗုဒ္ဓဝစန အားလုံးသည် ဓမ္မက္ခန္ဓာအားဖြင့် (၈၄၀၀၀) ရှိပြီး အဘိဓမ္မာ၌ (၄၂၀၀၀)၊ သုတ်နှင့် ပိနည်း၌ (၄၂၀၀၀) ရှိကြောင်း၊ ရှင်အာနန္ဒာသည် ဓမ္မက္ခန္ဓာပေါင်း (၈၂၀၀၀)ကို ဗုဒ္ဓထံမှ တိုက်ရိုက်လည်းကောင်း၊ (၂၀၀၀) ကို ရှင်သာရိပုတ္တရာ စသော ပုဂ္ဂိုလ်တို့မှ တစ်ဆင့် လည်းကောင်း နာယူမှတ်သားခဲ့ရကြောင်း အဆိုရှိပေသည်။ ဓမ္မက္ခန္ဓာကို ရေတွက်ရာ၌ အနုသန္ဓေတစ်ခုသာ ပါသောသုတ်၌ ဓမ္မက္ခန္ဓာတစ်ခုသာ ရှိသည်။ အနုသန္ဓေများစွာပါသော သုတ်၌ အနုသန္ဓေနှင့်အမျှ ဓမ္မက္ခန္ဓာကို ရေတွက် ရမည်။ ဂါထာတို့၌ကား အမေးဂါထာတစ်ခုသည် ဓမ္မက္ခန္ဓာ တစ်ခု၊ အဖြေဂါထာ တစ်ခုသည် ဓမ္မက္ခန္ဓာတစ်ခုဖြစ်သည်ဟု သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ၌ ဆိုသည်။ ထို့ကြောင့် ဤမဇ္ဈိမနိကာယ်၌ ဓမ္မက္ခန္ဓာပေါင်းမှာလည်း (၃၉၀၀)မျှ ရှိမည်ဟု ခန့်မှန်းရပေသည်။

## စာမျက်နှာပေါင်း (၁၂၀၀)ကျော်

ဤမဇ္ဈိမနိကာယ်နှင့်ပတ်သက်၍ ယေဘုယျမှတ်သားရန် အချက်ကို ထပ်မံဖော်ပြရသော် ကျမ်းပေါင်း (၃) ကျမ်း၊ သုတ်ပေါင်း (၁၅၂) သုတ်ရှိ၏။ မူလပဏ္ဏာသ၊ မဇ္ဈိမ ပဏ္ဏာသတို့၌ သုတ်ပေါင်း (၅၀) စီ ပါဝင်ပြီး ဥပရိပဏ္ဏာသ၌ (၅၂) သုတ်ပါဝင်၏။ သုတ် (၁၀) သုတ်လျှင် သုတ်စု (ဝဂ်) တစ်ခု ဖွဲ့စည်းထားသောကြောင့် တစ်ကျမ်းလျှင် သုတ်စု ငါးခုစီ ပါဝင်ပြီး နောက်ဆုံးသုတ်စု၌ကား (၁၂) သုတ် ပါရှိသည်။ စာမျက်နှာအားဖြင့် ဆဋ္ဌမူ ပါဠိတော်၌ မူလပဏ္ဏာသ

www.dhammaransi.com



( ၄၁၅)၊ မဇ္ဈိမပဏ္ဏာသ (၄၃၉)၊ ဥပရိပဏ္ဏာသ (၃၅၂) အားဖြင့် သုံးကျမ်းပေါင်း (၁၂၀၆) မျက်နှာရှိ၏။ မြန်မာပြန်တွင်မူ မူလပဏ္ဏာသ (၄၂၉)၊ မဇ္ဈိမပဏ္ဏာသ ( ၄၄၃)၊ ဥပရိပဏ္ဏာသ (၃၅၆) အားဖြင့် သုံးကျမ်းပေါင်း (၁၂၂၈) မျက်နှာရှိသည်။ မဇ္ဈိမနိကာယ်၏ အနက် အဓိပ္ပာယ်ကို ဖွင့်ပြသော ပပဉ္စသူဒနီခေါ် အဋ္ဌကထာကို သာသနာနှစ် (၉၀၀) ကျော်၌ ရှင်မဟာ ဗုဒ္ဓဃောသရေးသားပြုစုခဲ့၏။ ယင်းကို ထပ်ဆင့်ဖွင့်ပြသော မဇ္ဈိမနိကာယ်ဋီကာကို သာသနာနှစ် (၁၃၀၀) ခန့်၌ ရှင်ဓမ္မပါလ က ရေးသားပြုစုခဲ့၏။

## ဝေယျာကရဏ ဒေသနာ

ဒီဃနိကာယ်နှင့် မဇ္ဈိမနိကာယ်တို့သည် ကျမ်းဖွဲ့စည်းပုံအားဖြင့် တူသကဲ့သို့ ယင်းတို့၌ ပါဝင်သော သုတ်တို့၏ ယေဘုယျ သဘောသွားမှာလည်း ကွဲပြားခြင်း မရှိကြောင်းတွေ့ရသည်။ ဤနိကာယ်နှစ်ခု၌ ပါဝင်သော သုတ်တို့သည် အများအား ဖြင့် အကြောင်းတစ်ရပ်ကို အကျဉ်းခေါင်းစဉ်မျှသာ ဖော်ပြခြင်းမဟုတ်ဘဲ အဓိပ္ပာယ် ရှင်းလင်းချက် အပြည့်အစုံဖြင့် ဟောကြားသော ဝေယျာကရဏဒေသနာများ ဖြစ်ကြောင်း တွေ့ရသည်။ အချို့သုတ်များ၌ ဗုဒ္ဓက အကျဉ်းမျှသာ ဟောသည်ကို ရှင်မဟာကစ္စည်းစသော ပုဂ္ဂိုလ်တစ်ပါးပါးက အကျယ်ဝေဖန် ဟောကြားထား လေသည်။

## အကြောင်းလေးမျိုး

ဗုဒ္ဓသည် သုတ်အသီးသီးကို ဟောကြားရာ၌ 'သုတ္တနိက္ခေပ' ခေါ် အကြောင်းလေးမျိုးကို အခြေခံ၍ ဟောကြားလေ့ ရှိကြောင်း အဋ္ဌကထာ၌ ဖွင့်ပြထားသည်။ ယင်းတို့မှာ ဟောကြားသော ပုဂ္ဂိုလ်၏ အလို အစ္ဈာသယ (အတ္တဇ္ဈာသယ)၊ နာကြားမည့် ပုဂ္ဂိုလ်၏ အလို အဇ္ဈာသယ (ပရဇ္ဈာသယ)၊ မေးခွန်းမေးလျှောက်ခြင်း (ပုစ္ဆာဝသိက) နှင့် အကြောင်းထူးကိစ္စတစ်ရပ် ဖြစ်ပေါ် လာခြင်း (အတ္ထုပ္ပတ္တိ) တို့ ဖြစ်ပေသည်။

အထက်ပါ အကြောင်းလေးရပ်တို့တွင် ဤနိကာယ်လာ အာကင်္ခေယျသုတ်၊ ဝတ္ထသုတ်၊ သတိပဋ္ဌာနသုတ်စသည်တို့ကို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က တောင်း ပန်တိုက်တွန်းခြင်းမရှိဘဲ ဗုဒ္ဓက မိမိ၏ အလိုဆန္ဒ (ရည်ရွယ်ချက်) ဖြင့် ဟော ကြားခဲ့၏။ စူဠရာဟုလောဝါဒသုတ်၊ မဟာရာဟုလောဝါဒသုတ်တို့ကို ရှင်ရာဟုလာ ၏ အသိဉာဏ် ရင့်ကျက်လာခြင်းကို သိတော်မူပြီး နာကြားမည့်သူ ရှင်ရာဟုလာ၏

www.dhammaransi.com



အလိုအဈ္ဈာသယအားလျော်စွာ ဟောကြားခဲ့ခြင်း ဖြစ်၏။ ရှင်မဟာကောဋ္ဌိက၏ မေးလျှောက်ခြင်းကို အကြောင်းပြု၍ ရှင်သာရိပုတ္တရာသည် ပဟာဝေဒလ္လသုတ်ကို ဟောကြားခဲ့၏။ ဝိသာခဉပါသကာ၏ မေးလျှောက်ခြင်း ကို အကြောင်း ပြု၍ ဓမ္မဒိန္နာဘိက္ခုနီသည် စူဠဝေဒလ္လသုတ်ကို ဟောကြားခဲ့၏။

ဤမဇ္ဈိမနိကာယ်၏ ပထမဆုံး ဖြစ်သော မူလပရိယာယသုတ်ကို ဗြာဟ္မဏမျိုးရဟန်းငါးရာတို့ မာန်မာနတက်ကြွနေခြင်းဟူသော အကြောင်းထူး ပေါ်လာ၍ ထိုရဟန်းတို့၏ မာန်မာနကို ချိုးနှိမ်ရန် ဟောကြားခြင်း ဖြစ်၏။ ဒုတိယမြောက်ဖြစ်သော ဓမ္မဒါယာဒသုတ်ကိုကား သာသနာတော်၌ လာဘ်လာဘ ပေါများခြင်းဟူသော အကြောင်းထူး ဖြစ်ပေါ်လာ၍ ထိုရဟန်းတို့အား လာဘ်လာဘ၌ ယစ်မူး မေ့လျော့မနေကြရန် သတိပေး ဆုံးမလိုသဖြင့် ဟောကြားခဲ့ခြင်း ဖြစ်၏။ ဤသို့လျှင် ဤနိကာယ်လာသုတ်အားလုံးတို့တွင် သုတ္တနိက္ခေပခေါ် အကြောင်းလေးရပ်တို့တွင် တစ်ရပ်ရပ်သော အကြောင်းအားလျော်စွာ ဟောကြားခဲ့ခြင်း ဖြစ်ကြောင်း မှတ်သားအပ်ပေသည်။

## ဗုဒ္ဓကိုယ်တော်တိုင် ဟောကြားချက်

မဇ္ဈိမနိကာယ်လာသုတ်တို့သည် ယေဘုယျအားဖြင့် ဗုဒ္ဓ ကိုယ်တော်တိုင် ဟောကြားချက်များ ဖြစ်၏။ သို့သော် ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလ္လာန်စသော သာဝက ကြီးများ ဟောကြားသည့် သုတ်အချို့လည်း ပါဝင်၏။ သာဝကကြီးများ ဟောကြားသည့် သုတ်တို့တွင် အချို့သုတ်များ၌ ဗုဒ္ဓ၏ ထပ်ဆင့် အတည်ပြုချက်များ ပါရှိပြီး အချို့သုတ်များ၌ကား မပါရှိချေ။ ထို့ပြင် သုတ်စဉ်အမှတ် (၈၄) မဓုရသုတ်၊ (၉၄) ဃောဋမုခသုတ်၊ (၁၀၈) ဂေါပကမောဂ္ဂလ္လာနသုတ်တို့သည် ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီးနောက်မှ ရှင်မဟာကစ္စည်း၊ ရှင်ဉဒေနနှင့် ရှင်အာနန္ဒာတို့ အသီးသီး ဟောကြားခဲ့သော သုတ်များ ဖြစ်ကြောင်း တွေ့ရသည်။ ဤသို့ သာဝကကြီးများ ဟောကြားသော သုတ်များဖြစ်သော်လည်း ဗုဒ္ဓ၏ အလိုတော်နှင့်အညီ ဟောကြားခဲ့သော သုတ်များဖြစ်၍ ဗုဒ္ဓကိုယ်တော်တိုင် ဟောကြား သကဲ့သို့ပင် အလေးအမြတ် ပြုအပ်ပေသည်။

## သုတ်တို့၏ အနှစ်သာရများ

'နိကာယ်ငါးရပ် ပိဋကတ်အဖွင့်' ဟူသော အညွှန်းဖြင့် ပထမဦးဆုံး ကျွန်တော် ရေးသားခဲ့သော ဒီဃနိကာယ်၌ မိစ္ဆာအယူ (၆၂) ပါး၊ ရဟန်း ပြုခြင်း၏

www.dhammaransi.com



အကျိုးတရားများ၊ ဗြာဟ္မဏဝါဒနှင့် ပတ်သက်သော ရှင်းလင်းချက်များ ပါရှိခဲ့၏။ ရှေးဘုရား ခုနစ်ဆူတို့၏ ဖြစ်စဉ်များ၊ ဗုဒ္ဓ ပရိနိဗ္ဗာန်စံခါနီးကာလ၌ ဖြစ်ပျက်ခဲ့သော အကြောင်းအရာများနှင့် တကွ ပဋိစ္စသမုပ္ပါဒ်၊ သတိပဋ္ဌာန်စသော တရားသဘော များလည်း ပါဝင်ခဲ့၏။ ထို့ပြင် စကြဝတေးမင်းအကြောင်းကို ဖော်ပြသော စက္ကဝတ္တိ သုတ်၊ ကမ္ဘာလောကကြီး၏ ဖြစ်စဉ်ကို ဖော်ပြသော အဂ္ဂညသုတ်၊ ဗုဒ္ဓ၏ လက္ခဏာ တော် (၃၂) ပါးကို ဖော်ပြသော လက္ခဏာသုတ်၊ လူ့ကျင့်ဝတ် စည်းကမ်းများကို ဖော်ပြသော သိင်္ဂါလသုတ်တို့မှာလည်း ဒီဃနိကာယ်၌ပင် ပါရှိခဲ့ပေသည်။

ဤမဇ္ဈိမနိကာယ်၌ကား၊ မြေ, ရေ, လေ, မီးဟူသော ဓာတ်ကြီးလေးပါးမှ စ၍ လူနတ်ဗြဟ္မာ သတ္တဝါစသော ရုပ်ဒြပ်တို့အပေါ်၌ ပုထုဇဉ်ပုဂ္ဂိုလ်၊ သေက္ခပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ်နှင့် မြတ်စွာဘုရားတို့သည် အသိအမြင်ချင်း မတူညီကြပုံကို ဟော ကြားသော မူလပရိယာယသုတ်ဖြင့် အစပြုထားလေသည်။ သာမန် ပုထုဇဉ် တစ်ယောက်သည် မြေဓာတ်ကို မြေဓာတ်ဟု (သညာသိဖြင့်) သိမှတ်၏။ ယင်းသို့ သိမှတ်ပြီး ထိုမြေဓာတ်ကိုပင် 'ငါ့ဟာ၊ ငါ၊ ငါ၏ကိုယ်' ဟူ၍ တဏှာ မာန ဒိဋ္ဌိ တို့ဖြင့် ကြဲဆစွဲလမ်း၏။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဟူသော သေက္ခ ပုဂ္ဂိုလ်တို့သည်ကား ပုထုဇဉ်ကဲ့သို့ သညာသိဖြင့်သာ မဟုတ်မူဘဲ မြေဓာတ်၏ မမြဲခြင်း၊ ဆင်းရဲခြင်း၊ အနှစ်သာရမရှိခြင်း ဟူသော အတွင်းသဘောကို သညာ သိထက် သာလွန်သော ပညာသိဖြင့် ထိုးထွင်းသိမြင်၏။ သို့သော် ထိုပုဂ္ဂိုလ် တို့သည် ဒိဋ္ဌိကိုသာ အကြွင်းမဲ့ပယ်၍ တဏှာနှင့် မာနတို့ကား မကင်းစင်သေးသော ကြောင့် 'ငါ့ဟာ၊ ငါ၊ ငါ၏ ကိုယ်' ဟူ၍ စွဲလမ်း ကြဲဆခြင်းကို လုံးဝ မကျော် လွှန်နိုင်ကြသေးချေ။ တဏှာ၊ မာန၊ ဒိဋ္ဌိ သုံးပါးလုံးကင်းပြီးသော ဘုရား ရဟန္တာ တို့သည်သာလျှင် ထိုကဲ့သို့သော စွဲလမ်း ကြဲစည်ခြင်းကို လုံးဝ ကျော်လွှားနိုင် ကြပေသည်။ ဤသဘော အဓိပ္ပာယ်ကို ဖော်ဆောင်ထားသော မူလ ပရိယာယသုတ် ကို ဖတ်ရှုရသူများသည် မူရင်း သုတ်၏ အနက်သဘောကို အပြည့်အဝ သဘော မပေါက်စေကာမူ ဗုဒ္ဓဝါဒ၏ နက်နဲ သိမ်မွေ့ပုံကို ခန့်မှန်းတွက်ဆနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

လောက၌ ယခုမျက်မှောက်ဘဝတွင် တွေ့ကြုံခံစားရမည့် ဆင်းရဲဒုက္ခနှင့် ဘေးရန်အမျိုးမျိုး၊ မမြင်နိုင်သော နောင်အနာဂတ်ဘဝတွင် တွေ့ကြုံခံစားရမည့် ဆင်းရဲဒုက္ခနှင့် ဘေးအန္တရာယ်အမျိုးမျိုး ရှိ၏။ ယင်းတို့တွင် အချို့ကို အသိဉာဏ် ဖြင့် ဆင်ခြင် စဉ်းစား၍ ရှောင်ရှားနိုင်သလို အချို့ကိုမူ စောင့်စည်းခြင်း၊ သည်းခံခြင်း၊ တရားကို ပွားများခြင်း စသည်တို့ဖြင့် ရှောင်ရှားနိုင်၏။ အကုသိုလ် ကိလေသာတို့

www.dhammaransi.com



နှင့်တကွ ထိုကဲ့သို့သော ဆင်းရဲဒုက္ခ ဘေးရန် အန္တရာယ်တို့မှ ရှောင်ရှားနည်း များကို သုတ်စဉ်အမှတ် (၂) သဗ္ဗာသဝသုတ်၌ ဗုဒ္ဓက ညွှန်ပြထားလေသည်။

ဗုဒ္ဓလက်ထက်တော်က ဗုဒ္ဓအား လွန်စွာ ကြည်ညို မြတ်နိုးသော မင်း၊ သူဌေး၊ သူကြွယ်တို့သည် ဗုဒ္ဓနှင့်တကွ ရဟန်းသံဃာအပေါင်းအား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသော ပစ္စည်းလေးပါးကို အလျှံပယ် လှူဒါန်းကြသည်။ ပစ္စည်းလာဘ်လာဘ ပေါများမှု၌ ဗုဒ္ဓ၏ တပည့် သံဃာအပေါင်းသည် အထွတ်အထိပ်သို့ ရောက်ခဲ့၏။ ထိုအခါ ပစ္စည်းလေးပါးဟူသော အာမိသအမွေကို ခံယူသူများ မဖြစ်ဘဲ တရားအမွေကို ခံယူသူများသာ ဖြစ်ကြစေရန် သတိပေး ဆုံးမလိုသဖြင့် သုတ်စဉ်အမှတ် (၃) ဓမ္မဒါယာဒသုတ်ကို ဟောကြားခဲ့၏။

ဗုဒ္ဓမြတ်စွာနှင့် အရိယာ သူတော်စင်တို့သည် လူသူကင်းဝေး၍ အေးချမ်းတိတ်ဆိတ်သော တော တောင် သစ်ပင်အောက်တို့၌ မွေ့လျော်ကြ၏။ စင်စစ်စိတ်တည်တံ့ကြံ့ခိုင်ခြင်း မရှိသူတို့အတွက် ဆိတ်ငြိမ်သော တော တောင်အရပ်တို့သည် ထိတ်လန့်ကြောက်ရွံ့ဖွယ် စိတ်ချောက်ချားဖွယ် ကောင်းလှ၏။ အထူးအားဖြင့် ကိုယ်ကျင့်သိက္ခာ မစင်ကြယ်သူတို့သည် သစ်ရွက်လှုပ်သံတို့ကို တစ္ဆေချောက်သည်ဟု ထင်မှတ်တတ်ကြသည်။ ဗုဒ္ဓမြတ်စွာကား ကိုယ်ကျင့်သိက္ခာ စင်ကြယ်ရုံသာမက ထူးမြတ်သော သမာဓိ ပညာတို့နှင့်လည်း ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်ခြင်းကြောင့် ဆိတ်ငြိမ်သော တောတောင်အရပ်တို့၌ ထိတ်လန့် ကြောက်ရွံ့ခြင်းကင်းစွာဖြင့် တစ်ပါးတည်း နေထိုင်ခဲ့ကြောင်း သုတ်စဉ် (၄) ဘယဘေရဝသုတ်၌ ဟောကြားထားလေသည်။

## ပြည့်စုံသော လမ်းညွှန်ချက်

အထက်ပါ ဖော်ပြချက်သည် မဇ္ဈိမနိကာယ်လာသုတ်တို့၏ အနှစ်သာရ အမြွက်မျှသာ ဖြစ်၏။ နောက်နောက်သော သုတ်တို့သည်လည်း ရဟန်း ရှင်လူမရွေး မှတ်သားဖွယ်၊ ကျင့်ကြံလိုက်နာဖွယ် ကောင်းလှသော ဟောကြားချက်များ ဖြစ်၏။ အသိအမြင်မှန်ကန်ရေး၊ အကျင့်သီလစောင့်ထိန်းရေး၊ ဈာန်မဂ်ဖိုလ်ကို မျက်မှောက်ပြုရန် သမထ ဝိပဿနာ ပွားများအားထုတ်ရေး စသည်တို့အတွက် အရေးကြီးသော ဗုဒ္ဓ၏ လမ်းညွှန်ချက်တို့သည် ဤမဇ္ဈိမနိကာယ်၌ အပြည့်အဝ ပါရှိပေသည်။ ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်ရေးအတွက် တစ်ကြောင်းတည်းသော လမ်းဖြစ်သည့် သတိပဋ္ဌာန်လေးပါးကို ဖော်ပြရာ မဟာသတိပဋ္ဌာနသုတ်သည် ဒီဃနိကာယ်၌ ပါရှိခဲ့သော်လည်း ယင်းသုတ်သည် ဤမဇ္ဈိမနိကာယ်၌လည်း ထပ်မံ

www.dhammaransi.com



ပါရှိပြန်၏။ ဤသို့ ထပ်မံ ပါရှိခြင်းမှာ ယင်းသုတ်၏ အရေးကြီးပုံကို ဖော်ညွှန်းထားခြင်းပင် ဖြစ်သည်ဟု ဆိုနိုင်၏။ ထို့ပြင် ဤနိကာယ်၌ သတိပဋ္ဌာန် ကမ္မဋ္ဌာန်းနှင့် သက်ဆိုင်သော ကာယဂတာသတိသုတ်၊ အာနာပါနဿတိသုတ်တို့လည်း ပါရှိရာ သတိပဋ္ဌာန်ပွားများရေးအတွက် အလွန်ပြည့်စုံသော အထောက်အထားများကို ရရှိနိုင်ပေသည်။

## ရည်ရွယ်ချက်နှင့်အခက်အခဲ

ကျွန်တော်သည် ဤမဇ္ဈိမ နိကာယ်ကို လွန်ခဲ့သော နှစ်ပေါင်း (၃၀) ခန့်ကပင် ဆရာကောင်း ဆရာမြတ်တို့ထံ၌ စာပေသဘော၊ စာပေအမြင်ဖြင့် သင်ယူလေ့လာခဲ့ရ၏။ ထိုစဉ်က စာပေသဘော၊ စာပေအမြင်ကို ရှေ့ရှု၍ သင်ယူ လေ့လာခြင်းဖြစ်သော်လည်း ဤနိကာယ်၌ ပါဝင်သော တရားသဘောများကို လွန်စွာနှစ်သက်မြတ်နိုးခြင်း ဖြစ်ခဲ့၏။ ထို့ကြောင့် သုတ်အသီးသီးမှ ထူးခြားသောအချက်များကို မှတ်စုထုတ်၍ လေ့လာခဲ့ရာ အသက်အရွယ်ထောက်၍ အတွေးအမြင်ကျယ်လာသည်နှင့်အမျှ မဇ္ဈိမနိကာယ်၏ နက်နဲသိမ်မွေ့ပုံကို သဘောပေါက်လာခဲ့ပေသည်။ သို့သော် လွန်ခဲ့သော ငါးနှစ်လောက်မှစ၍ ဘာသာရေးစာပေ ဖတ်ရှုသူတွေများလာပြီး ဘာသာရေး စာအုပ်တွေလည်း ခေတ်စားလာသောအခါ မိမိအနေဖြင့် လူအများ လက်လှမ်းမီနိုင်မည့် ဓမ္မပဒဝတ္ထုများကိုသာ စတင် ရေးသားထုတ်ဝေခဲ့ပေသည်။

ထို့နောက် ဘာသာရေးစာအုပ်တွေ ခေတ်စားလာသည်နှင့်အမျှ ဗုဒ္ဓဝါဒနှင့် ပတ်သက်၍ မိမိသန်ရာဘက်သို့ ဆွဲ၍ ရေးသားမှုများ ရှိလာရာ အခြေမခိုင်သူများ အဖို့ ယိမ်းယိုင်တွေဝေဖွယ် ဖြစ်လာသည်ကို တွေ့လာခဲ့ရသည်။ အမှန်စင်စစ် ဗုဒ္ဓဝါဒကို ယုံကြည်ပါသည်ဟု ဆိုသူများသည် ဗုဒ္ဓ၏ ပင်ရင်းမူလ တရားတော်များနှင့် အကျွမ်းတဝင် ဖြစ်နေပါက မည်သူက မည်သို့ ရေးသားဟောပြောစေကာမူ ယိမ်းယိုင်တွေဝေဖွယ် အကြောင်းမရှိပေ။ ထို့ကြောင့် ဗုဒ္ဓ၏ပင်ရင်း မူလ ဟောကြားချက်များကို လူအများစု လက်လှမ်းမီစေရန် ရည်ရွယ်လျက် နိကာယ်ကြီး ငါးရပ်အနက်မှ ပထမဦးဆုံးဖြစ်သော ဒီဃနိကာယ်ကို လူအများလည်း ဖတ်ရှု လွယ်ကူ၍ မူရင်းအဓိပ္ပာယ်လည်း မပျက်စေသော အစီအစဉ်ဖြင့် စတင် ရေးသားခဲ့၏။

ဒီဃနိကာယ်ကို ရေးသားပြီးနောက် ရိုက်နှိပ်ထုတ်ဝေခြင်း မပြုရသေးမီမှာပင် ဤမဇ္ဈိမနိကာယ်ကို ဆက်လက်ရေးသားခဲ့၏။ အထက်တွင် တင်ပြခဲ့သည့်အတိုင်း မိမိသည် နိကာယ်ကြီး ငါးရပ်အနက် မဇ္ဈိမနိကာယ်ကို ပို၍ စိတ်ဝင်တစား

www.dhammaransi.com



လေ့လာမှုရှိခဲ့သော်လည်း လက်တွေ့ ကျမ်းတစ်စောင်တစ်ဖွဲ့ဖြစ်အောင် ရေးသားသည့်အခါတွင်မှ ဒီဃနိကာယ်ထက် ပို၍ ခက်ခဲသည်ကို တွေ့လာရသည်။ စင်စစ်အားဖြင့် မိမိသည် စာသင်တိုက်ကြီးများ၌ပင် ကျမ်းအိပ်ကြီး တစ်ခုဟု ဆိုရိုးပြုထားရသော ဤမဇ္ဈိမနိကာယ်ကို အခြေခံသင်ရိုး ဖြစ်နေသေးသော ဒီဃနိကာယ်လောက် ကျေညက်ကျွမ်းကျင်ခြင်းမရှိသည်ကို သိမြင်လာရသည်။ ထို့ပြင် မဇ္ဈိမ နိကာယ်၌ သဒ္ဒါရေးအားဖြင့် လွန်စွာ ခက်ခဲလှသော ဝေါဟာရ စကားလုံးများ၊ ဉာဏ်သက်ဝင်ရန် မလွယ်လှသော တရားသဘောများနှင့် ရှုပ်ထွေးသော အယူဝါဒရေးရာများ ပါဝင်လျက် ရှိရာ အချို့သုတ်များကို ရေးသားရာ၌ အထောက်အထားများကို ရှာဖွေ စဉ်းစားရင်း အချိန်များစွာ ကုန်ခဲ့ရသည်။ ထို့ကြောင့် ဒီဃ နိကာယ်ကို ခြောက်လမျှဖြင့် အပြီးသတ် ရေးသားနိုင်ခဲ့သော်လည်း ဤမဇ္ဈိမနိကာယ်ကို ရေးသားရာ၌မူ တစ်နှစ်ခွဲမျှ ကြာမြင့်ခဲ့ရပေသည်။

## ရေးသားပုံနှင့် မှီငြမ်းပြုချက်

စာမျက်နှာ ခုနစ်ရာခန့်ရှိသော ဒီဃ နိကာယ်ကို စာတစ်အုပ်တည်းဖြင့် ခြုံမိအောင် ရေးသားခဲ့သကဲ့သို့ စာမျက်နှာ (၁၂၀၀) ခန့်ရှိသော မဇ္ဈိမနိကာယ်ကိုလည်း တစ်အုပ်တည်းဖြင့်ပင် အပြီးသတ်အောင် ရေးသားခဲ့ပါသည်။ ယင်းသို့ ရေးသားရာတွင် သုတ် တစ်ခုချင်းစီ၏ ဦးတည်ချက်နှင့် အနှစ်သာရ ပေါ်လွင်ရေးကို အဓိကထား၍ ရေးသားခြင်း ဖြစ်သော်လည်း ပါဠိတော်အသွား၊ ပါဠိတော်ပုံစံ မပျက်စေရန် အထူး ဂရုစိုက်ခဲ့ပါသည်။ ပါဠိတော် ပုံစံအရ ထပ်တလဲလဲ ပါရှိသော စာပိုဒ်များကိုမူ နောက်စကားစပ်တို့တွင် အဓိပ္ပာယ်ကို ခြုံငုံ၍ ပြဆိုသွားပါသည်။ ရှေ့သုတ်၌ ပါပြီးသော စာပိုဒ်များ နောက်သုတ်တို့တွင် ပါလာသည့် အခါလည်း ပြန်၍ ညွှန်းခြင်းထက် အဓိပ္ပာယ် ခြုံငုံ၍ ပြခြင်းကို အများဆုံး အသုံးပြုသွားပါသည်။ ယင်းသို့ ပြုလုပ်ရခြင်းမှာ သုတ်တစ်ခုချင်းစီကို ဖတ်ရာ၌ နောက်သို့ ပြန်ကြည့်မနေရဘဲ စကားစပ်မပျက် ဖတ်ရှုသွားနိုင်စေရန် ဖြစ်ပါသည်။ အထူးဖော်ပြလိုသော အချက်တစ်ရပ်မှာ ဤစာအုပ်သည် မူရင်းသုတ်များ၏ ဆိုလိုရင်း သဘောအဓိပ္ပာယ်ကို အနှစ်ချုပ်၍ ရေးသားခြင်း ဖြစ်သောကြောင့် မူရင်း စာသားအားလုံး အပြည့်အစုံ ပါရှိမည် မဟုတ်ပါ။ သို့သော် မူရင်းသုတ်များ၏ စကားစပ် (အနုသန္ဓိ) အားလုံးကို တိုက်ရိုက် ဖြစ်စေ၊ ခြုံငုံ၍ ဖြစ်စေ အကြုံးဝင်အောင် ရေးသားထားခြင်း ဖြစ်ကြောင်း ဝန်ခံအပ်ပါသည်။ ထို့ပြင် ဒီဃနိကာယ်ကို ရေးစဉ်က အဋ္ဌကထာ၊ ဋီကာမှတ်ချက်များ မထည့်ခဲ့သော်လည်း



၄၂၀၈

www.dhammaransi.com



ဤ မဇ္ဈိမနိကာယ်၌မူ အထူးလိုအပ်သည့်နေရာများ ရှိနေသောကြောင့် မှတ်ချက် အချို့ကို ထည့်လိုက်ရပါသည်။

ဤစာအုပ်ကို ရေးသားနိုင်ရန် အသိပညာ ပေးခဲ့ကြသော ကျေးဇူးရှင် ဆရာမြတ်အပေါင်းအား ရိုသေဦးညွှတ်လျက် ရေးသားထုတ်ဝေနိုင်ရန် ကူညီအား ပေးခဲ့ကြသော မိတ်ကလျာဏအပေါင်းတို့အား အထူးကျေးဇူးတင်ရှိကြောင်း နောက်ဆုံး ဖော်ပြအပ်ပါသည်။

ဓမ္မာစရိယ ဦးမောင်မောင်လေး

www.dhammaransi.com

# ၁။ မူလပရိယာယသုတ်

## အကြောင်းတရားအမျိုးမျိုးကို ဟောကြားခြင်း

### နိဒါန်း

အရှင်ဘုရား ကဿပ၊ တပည့်တော်သည် ဤမူလ ပရိယာယသုတ်ကို မြတ်စွာဘုရားထံမှ ဤသို့ ကြားနာ မှတ်သားခဲ့ရပါသည်။[၁]

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ဥက္ကဋ္ဌမြို့အနီး သုဘဂမည်သော တောအုပ်အတွင်းရှိ အင်ကြင်းပင်ရင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို 'ရဟန်းတို့' ဟု ခေါ်တော်မူ၏။ ရဟန်းတို့ကလည်း 'အရှင်ဘုရား' ဟု မြတ်စွာဘုရားအား စကားတုံ့ပြန်ကြသည်။

ထိုအခါ မြတ်စွာဘုရားက 'ရဟန်းတို့-ခပ်သိမ်းသော တရားတို့၏ အကြောင်းရင်းမူလကို သင်တို့အား ငါဟောကြားပေအံ့၊ ကောင်းစွာနာယူမှတ်သားကြကုန်လော့' ဟု မိန့်ကြားပြီး၊ ရဟန်းတို့အား အောက်ပါတရားကို ဟောကြားတော်မူလေသည်။

### ပုထုဇဉ်တို့၏အမြင်

"ရဟန်းတို့-ဤလောက၌ အရိယာသူတော်ကောင်းတို့ကို မတွေ့မြင်သည်ဖြစ်၍ အရိယာ သူတော်ကောင်းတို့၏ တရား၌ ကျွမ်းကျင်လိမ္မာမှု မရှိသော၊

---

၁။ ဤစာပိုဒ်မှာ ' 'ဧဝံ မေသုတံ' ဟူသော ပါဠိကို မြန်မာပြန်ခြင်းဖြစ်ပါသည်။ ပထမသံဂါယနာတင်စဉ်အခါက ရှင်အာနန္ဒာက- ရှင်မဟာကဿပအား လျှောက်ကြားသော ဤစကားရပ်သည် နောက်သုတ္တန်တိုင်း၏ အစ၌လည်း ပါဝင်ကြောင်း မှတ်သားထားကြစေလိုပါသည်။

www.dhammaransi.com



အကြားအမြင်နည်းသော ပုထုဇဉ်သည် ပထဝီဓာတ်ကို ပထဝီဓာတ်ဟု သိမှတ်၏။ ပထဝီဓာတ်ကို ပထဝီဓာတ်ဟု သိမှတ်၍ ထိုပထဝီဓာတ်ကို 'ငါ၊ ငါ့ဟာ'စသည် ဖြင့်ကြံ၏။ ငါသည် ပထဝီဓာတ်၌ တည်၏ဟု ကြံ၏။ ငါသည် ပထဝီဓာတ်မှ ဖြစ်ပေါ်လာ၏ဟု ကြံ၏။ ပထဝီဓာတ်ကို ငါ့ဟာ ဟု ကြံ၏။ ပထဝီ ဓာတ်ကို လွန်စွာနှစ်သက်၏။ အဘယ့်ကြောင့် ထိုသို့ ဖြစ်ရသနည်းဆိုသော် ထိုပုထုဇဉ် သည် ပထဝီဓာတ်ကို ကောင်းစွာ ဝေဖန်ပိုင်းခြား၍ မသိခြင်းကြောင့် ပေတည်း။

ရဟန်းတို့-ဤလောက၌ အရိယာသူတော်ကောင်းတို့ကို မတွေ့မြင်သည် ဖြစ်၍ အရိယာသူတော်ကောင်းတို့၏ တရား၌ ကျွမ်းကျင်လိမ္မာမှု မရှိသော၊ အကြားအမြင်နည်းသော ပုထုဇဉ်သည် အာပေါဓာတ်ကို အာပေါဓာတ်ဟု သိမှတ် ၏။ တေဇောဓာတ်၊ ဝါယောဓာတ်ကို ဝါယောဓာတ်ဟု သိမှတ်၏။ လူစသော သတ္တဝါ-စတုမဟာရာဇ်စသော နတ်-မာရ်နတ်-ဗြဟ္မာတို့ကို ဗြဟ္မာဟု သိမှတ်၏။ မြင်အပ်သော (ဒိဋ္ဌ) အာရုံ + ကြားအပ်သော (သုတ) အာရုံ၊ တွေ့သိအပ်သော (မုတ) အာရုံ + ကြံသိအပ်သော (ဝိညာတ) အာရုံကို ကြံသိအပ်သော အာရုံ ဟူ၍ သိမှတ်၏။

တစ်မျိုးတည်းဖြစ်ခြင်း (ဧကတ္တ) ကို တစ်မျိုးတည်းဖြစ်ခြင်းဟု သိမှတ် ၏။ အမျိုးမျိုးဖြစ်ခြင်း (နာနတ္တ) ကို အမျိုးမျိုးဖြစ်ခြင်းဟု သိမှတ်၏။ အလုံးစုံ သော သက္ကာယကို အလုံးစုံဟု သိမှတ်၏။ နိဗ္ဗာန်ကို နိဗ္ဗာန်ဟု သိမှတ်၏။ နိဗ္ဗာန်ကို နိဗ္ဗာန်ဟု သိမှတ်၍ ထိုနိဗ္ဗာန်ကို 'ငါ၊ ငါ့ဟာ' စသည်ဖြင့် ကြံ၏။ ငါသည် နိဗ္ဗာန်၌ တည်၏ ဟု ကြံ၏။ 'ငါသည် နိဗ္ဗာန်မှ ဖြစ်ပေါ်လာ၏' ဟု ကြံ၏။ နိဗ္ဗာန်ကို 'ငါ့ဟာ' ဟု ကြံ၏။ နိဗ္ဗာန်ကို လွန်စွာ နှစ်သက်၏။ အ ဘယ်ကြောင့် ထိုသို့ဖြစ်ရသနည်းဆိုသော် ထိုပုထုဇဉ်သည် နိဗ္ဗာန်ကို[၁] ကောင်း စွာ ဝေဖန်ပိုင်းခြား၍ မသိခြင်းကြောင့်ပေတည်း။

## သေက္ခပုဂ္ဂိုလ်တို့၏အမြင်

"ရဟန်းတို့ - ယောဂလေးပါးမှ ကင်းလွတ်ရာ မြတ်သော အရဟတ္တဖိုလ် ကို မရရှိသေးသည် ဖြစ်၍ အရဟတ္တဖိုလ်ကို လိုလားတောင့်တနေသော သေက္ခ

၁။ မျက်မှောက်ဘဝ၌ ကာမဂုဏ်ငါးပါးနှင့် ပြည့်စုံလျက် ချမ်းသာစွာ နေရခြင်းစသော ဒိဋ္ဌဓမ္မ နိဗ္ဗာန်ကို ဤ၌ နိဗ္ဗာန်ဟုဆိုခြင်း ဖြစ်ပါသည်။

www.dhammaransi.com



ရဟန်းသည် ပထဝီဓာတ်ကို ပထဝီဟု အထူးသိ၏။[၁] ပထဝီဓာတ်ကို ပထဝီဓာတ်ဟု အထူးသိ၍ ပထဝီဓာတ်ကို ' ငါ၊ ငါ့ဟာ ' စသည်ဖြင့် မကြံ။ ' ငါသည် ပထဝီဓာတ်၌ တည်၏ ' ဟု မကြံ၊ ' ငါသည် ပထဝီဓာတ်မှ ဖြစ်ပေါ်လာ၏' ဟု မကြံ၊ ပထဝီဓာတ်ကို ငါ့ဟာ ဟု မကြံ၊ ပထဝီဓာတ်ကို လွန်စွာ မနှစ်သက်၊ အဘယ်ကြောင့်ဆိုသော် ထိုသေက္ခရဟန်းသည် ပထဝီဓာတ်ကို ကောင်းစွာ ဝေဖန်ပိုင်းခြား၍ သိအပ်သောကြောင့်ပေတည်း။

'ရဟန်းတို့- ယောဂလေးပါးတို့မှ ကင်းလွတ်ရာ မြတ်သော အရဟတ္တဖိုလ်ကို မရရှိသေးသည် ဖြစ်၍ ထိုအရဟတ္တဖိုလ်ကို လိုလားတောင့်တနေသော သေက္ခရဟန်းသည်[၂] အာပေါဓာတ်ကို အာပေါဓာတ်ဟု အထူးသိ၏။ တေဇောဓာတ်ကို တေဇောဓာတ်- ဝါယောဓာတ်ကို ဝါယောဓာတ်ဟု အထူးသိ၏။ လူစသော သတ္တဝါ စတုမဟာရာဇ်စသော နတ် မာရ်နတ် ဗြဟ္မာတို့ကို ဗြဟ္မာဟု အထူးသိ၏။

'မြင်အပ်သော အာရုံ- ကြားအပ်သောအာရုံ- တွေ့သိအပ်သော အာရုံ- ကြံသိအပ်သော အာရုံကို ကြံသိအပ်သော အာရုံဟု အထူးသိ၏။

တစ်မျိုးတည်းဖြစ်ခြင်း ( ဧကတ္တ)- အမျိုးမျိုးဖြစ်ခြင်း ( နာနတ္တ).....အလုံးစုံသော သက္ကာယကို အလုံးစုံဟု အထူးသိ၏။ နိဗ္ဗာန်ကို နိဗ္ဗာန်ဟု အထူးသိ၏။ နိဗ္ဗာန်ကို နိဗ္ဗာန်ဟု အထူးသိ၍ နိဗ္ဗာန်ကို 'ငါ၊ ငါ့ဟာ' ဟု မကြံ၊ 'ငါသည် နိဗ္ဗာန်၌ တည်၏ဟု မကြံ၊ 'ငါသည် နိဗ္ဗာန်မှ ဖြစ်ပေါ်လာ၏' ဟု မကြံ၊ နိဗ္ဗာန်ကို လွန်စွာမနှစ်သက်၊ အဘယ်ကြောင့်ဆိုသော် ထိုသေက္ခ ရဟန်းသည် နိဗ္ဗာန်ကို ကောင်းစွာ ဝေဖန်ပိုင်းခြား၍ သိအပ်သောကြောင့် ပေတည်း။

---

၁။ အဘိဇာနာတိ- ပထဝီဓာတ်ကို ပထဝီဓာတ်အဖြစ်ဖြင့် အထူးသိ၏။ ပုထုဇဉ်ကဲ့သို့ ဖောက်ပြန်သော သညာဖြင့် သိမှတ်သည် မဟုတ်ဟု ဆိုလိုပါသည်။ တစ်နည်းအားဖြင့် အဘိဇာနာတိ=တူးသော ဉာဏ်ဖြင့် သိ၏။ ပထဝီ ဓာတ်၏ အဖြစ်ကို ဉာဏ်သက်ဝင်လျက် အနိစ္စဟုလည်းကောင်း၊ ဒုက္ခဟုလည်းကောင်း အနတ္တဟု လည်းကောင်း သိ၏။ ၂၄ မိုးပိုင်းကြောင်း အဋ္ဌကထာ၌ ဖွင့်ပါသည်။

၂။ ကိလေသာအားလုံးကုန်ခန်းစေရန် သီလ၊ သမာဓိ၊ ပညာသိက္ခာ သုံးပါး၌ ကျင့်ကြံအားထုတ်နေဆဲ ဖြစ်သော ရဟန်းကို သေက္ခရဟန်းဟု ဆိုသည်။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန်းများကို ဆိုလိုပြ ကြပါသည်။

www.dhammaransi.com



## ရဟန္တာတို့၏အမြင်

"ရဟန်းတို့၊ အာသဝေါ ကုန်ပြီးသော ကျင့်သုံးဖွယ် ဟူသမျှကို ကျင့်သုံးပြီးသော၊ ပြုဖွယ်ကိစ္စရှိသမျှကို ပြုလုပ်ပြီးသော၊ ဝန်ထုပ်ဝန်ပိုးကို ချထားပြီးသော၊ ကိုယ်ပိုင်အကျိုးကို ရရှိပြီးသော၊ ကောင်းစွာသိ၍ ကိလေသာတို့မှ လွတ်မြောက်ပြီးသော ရဟန္တာရဟန်းသည်လည်း ပထဝီဓာတ်ကို ပထဝီဓာတ်ဟု အထူးသိ၏။ ပထဝီဓာတ်ကို ပထဝီဓာတ်ဟု အထူးသိ၍ ထိုပထဝီဓာတ်ကို 'ငါ၊ ငါ့ဟာ' ဟု မကြံ၊ ငါသည် ပထဝီဓာတ်၌ တည်၏ဟု မကြံ၊ ငါသည် ပထဝီဓာတ်မှ ဖြစ်ပေါ်လာ၏ဟု မကြံ၊ ပထဝီဓာတ်ကို 'ငါ့ဟာ' ဟု မကြံ၊ ပထဝီ ဓာတ်ကို လွန်စွာ မနှစ်သက်၊ အဘယ့်ကြောင့် ဆိုသော်-ထိုရဟန္တာ ရဟန်းသည် ပထဝီဓာတ်ကို ကောင်းစွာ ဝေဖန် ပိုင်းခြား၍ သိပြီးဖြစ်သောကြောင့်ပေတည်း။

'ရဟန်းတို့၊ အာသဝေါကုန်ပြီးသော- ကောင်းစွာသိ၍ ကိလေသာတို့မှ လွတ်မြောက်ပြီးသော ရဟန္တာရဟန်းသည် အာပေါဓာတ်- တေဇောဓာတ်- ဝါယောဓာတ်ကို ဝါယောဓာတ်ဟု အထူး သိ၏။ လူစသော သတ္တဝါ- စတုမဟာရာဇ် စသော နတ်- မာရ်နတ်- ဗြဟ္မာတို့ကို ဗြဟ္မာဟု အထူး သိ၏။-

'မြင်အပ်သော အာရုံ- ကြားအပ်သော အာရုံ- တွေ့သိအပ်သော အာရုံ- ကြံသိအပ်သော အာရုံကို ကြံသိအပ်သော အာရုံဟု အထူး သိ၏။

'တစ်မျိုးတည်းဖြစ်ခြင်း (ဧကတ္တ)- အမျိုးမျိုးဖြစ်ဖြစ်ခြင်း (နာနတ္တ) အလုံးစုံသော သက္ကာယကို အလုံးစုံဟု အထူး သိ၏။[၁] နိဗ္ဗာန်ကို နိဗ္ဗာန်ဟု အထူးသိ၏။ နိဗ္ဗာန်ကို နိဗ္ဗာန်ဟု အထူးသိ၍ ထိုနိဗ္ဗာန်ကို ' ငါ၊ ငါ့ဟာ' ဟု မကြံ၊ 'ငါသည် နိဗ္ဗာန်၌ တည်၏' ဟု မကြံ၊ ' ငါသည် နိဗ္ဗာန်မှ ဖြစ်ပေါ်လာ၏' ဟု မကြံ၊ ထိုနိဗ္ဗာန်ကို ငါ့ဟာဟု မကြံ၊ နိဗ္ဗာန်ကို လွန်စွာ မနှစ်သက်၊ အဘယ့်ကြောင့်ဆိုသော် ထိုရဟန္တာရဟန်းသည် နိဗ္ဗာန်ကို ကောင်းစွာ ဝေဖန်ပိုင်းခြား၍ သိပြီးဖြစ်သောကြောင့်လည်းကောင်း၊ ရာဂ၊ ဒေါသ၊ မောဟတို့ ကုန်ခန်း၍ ရာဂ၊ ဒေါသ၊ မောဟကင်းစင်သူ ဖြစ်ခြင်းကြောင့်လည်းကောင်း ဖြစ်ပေ၏"

---

၁။ ဈာန်သမာ ပတ်ဝင်စားနေသော ပုဂ္ဂိုလ်အား ကသိဏ်းစသောအာရုံတစ်မျိုးတည်း၌ ဈာန်စိတ် တစ်မျိုးတည်းသာ ဖြစ်နေ၏။ ယင်းသို့ ဖြစ်နေခြင်းကို ဧကတ္တ-တစ်မျိုးတည်း ဖြစ်ခြင်းဟု ဆိုသည်။ ဈာန်သမာပတ် မဝင်စားသော ပုဂ္ဂိုလ်အား အာရုံအမျိုးမျိုး၌ ကာမာဝစရစိတ်များ အမျိုးမျိုးပြောင်းလဲ ဖြစ်ပေါ်နေ၏။ ယင်းသို့ဖြစ်ပေါ်နေခြင်းကို နာနတ္တ -အမျိုးမျိုးဖြစ်ခြင်းဟု ဆိုသည်။ ဧကတ္တနှင့် နာနတ္တနှစ်မျိုးကို ပေါင်း၍ သဗ္ဗ-အလုံးစုံသော သက္ကာယဟု ဆိုပါသည်။

www.dhammaransi.com



## မြတ်စွာဘုရားတို့၏အမြင်

"ရဟန်းတို့-ကိလေသာတို့မှ ကင်းဝေးသည်ဖြစ်၍ ခပ်သိမ်းသော တရားတို့ကို ကိုယ်တိုင် မှန်စွာ သိမြင်တော်မူသော မြတ်စွာဘုရားသည်လည်း ပထဝီဓာတ်ကို ပထဝီဓာတ်ဟု အထူး သိ၏။ ပထဝီဓာတ်ကို ပထဝီဓာတ်ဟု အထူးသိ၍ ထိုပထဝီဓာတ်ကို ' ငါ၊ ငါ့ဟာ' ဟု မကြံ၊ ငါသည် ပထဝီဓာတ်၌ တည်၏ဟု မကြံ၊ 'ငါသည် ပထဝီ ဓာတ်မှ ဖြစ်ပေါ်လာ၏' ဟု မကြံ၊ ပထဝီဓာတ်ကို 'ငါ့ဟာ' ဟု မကြံ၊ ပထဝီ ဓာတ်ကို လွန်စွာ မနှစ်သက်၊ အဘယ့်ကြောင့် ဆိုသော်-ထို မြတ်စွာဘုရားသည် ပထဝီဓာတ်ကို အကြွင်းမဲ့ဝေဖန် ပိုင်းခြား၍ သိပြီး ဖြစ်သောကြောင့်ပေတည်း။

'ရဟန်းတို့၊ မြတ်စွာဘုရားသည် အာပေါဓာတ်- တေဇောဓာတ်- ဝါယောဓာတ်ကို ဝါယောဓာတ်ဟု အထူးသိတော်မူ၏။ -- နိဗ္ဗာန်ကို နိဗ္ဗာန်ဟု အထူးသိတော်မူ၏။ နိဗ္ဗာန်ကို နိဗ္ဗာန်ဟု အထူးသိ၍ ထို နိဗ္ဗာန်ကို 'ငါ၊ ငါ့ဟာ' ဟု မကြံ၊ ငါသည် နိဗ္ဗာန်၌ တည်၏ ဟု မကြံ၊ ငါသည် နိဗ္ဗာန်မှ ဖြစ်ပေါ်လာ၏ ဟု မကြံ၊ နိဗ္ဗာန်ကို လွန်စွာမှ မနှစ်သက်၊ အဘယ်ကြောင့် မနှစ်သက်သနည်း· ဆိုသော် ရဟန်းတို့၊ 'နှစ်သက်ခြင်းသည် ဒုက္ခ၏ အကြောင်းရင်း ဖြစ်၏။ ဘဝကို ဖြစ်စေသောကံ (ကမ္မဘဝ) ကြောင့် ပဋိသန္ဓေနေရခြင်း ဇာတိ ဖြစ်၏။ မွေးဖွား လာသော သတ္တဝါအား အိုခြင်းဇရာ၊ သေခြင်း မရဏသည် ဖြစ်၏' ဟူ၍ မြတ်စွာဘုရားသည် သိတော်မူ၏။ ဤသို့ သိတော်မူသည် ဖြစ်၍ တပ်မက်မှုတဏှာတို့၏ အကြွင်းမဲ့ ကင်းကွာချုပ်ငြိမ်းခြင်းကြောင့် မြတ်စွာဘုရားသည် အမြတ်ဆုံး ဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်ကို ရရှိတော်မူခဲ့ပေ၏။"

## သုတ်နိဂုံး

မြတ်စွာဘုရားသည် ရဟန်းတို့အား အထက်ဖော်ပြပါ တရားဒေသနာကို ဟောကြားတော်မူ၏။ သို့သော်-တရားနာသော ရဟန်းတို့ကား ထို ဟောကြားချက်ကို ကျေနပ်နှစ်သက်စွာ ခံယူခြင်း မပြုကြချေ။

www.dhammaransi.com



## အထူးရှင်းလင်းချက်

အခြား သုတ္တန်တို့၏ အဆုံးသတ်၌ 'ဣဒမဝေါစ ဘဂဝါ၊ အတ္တမနာ တေ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုံ' ဟူ၍ နိဂုံးစကား ပါရှိမြဲ ဖြစ်၏။ မြတ်စွာဘုရားက ဤတရားကို ဟောကြားသောအခါ တရားနာသော ရဟန်းတို့သည် လွန်စွာမှ နှစ်သက်ကြလေကုန်၏ ဟု ဆိုလိုပါသည်။

ဤ မူလပရိယာယ သုတ်၏ နိဂုံးတွင်မူ အခြား သုတ္တန်တို့နှင့် မတူဘဲ 'န တေ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုံ' ဟူ၍ ပါရှိနေ၏။ ရဟန်းတို့သည် မြတ်စွာဘုရား၏ ဟောကြားချက်ကို နှစ်သက်စွာ မခံယူကြ ဟူ၍ အဓိပ္ပာယ် ရ၏။ မြတ်စွာဘုရားသည် ဤသုတ်ကို ဗြာဟ္မဏမျိုး ဖြစ်သော ရဟန်းငါးရာတို့အား ဟောကြားတော်မူခဲ့ခြင်း ဖြစ်၏။ ထိုရဟန်းတို့သည် 'မြတ်စွာဘုရားဟောသမျှ တရားတွေကို တို့နားလည်ပါတယ်' ဟူ၍ အထင်ကြီးနေကြသူများ ဖြစ်၏။ ယင်းသို့ အထင်ကြီးနေမှုကို ချိုးဖျက်ရန်အတွက် မြတ်စွာဘုရားက ထိုရဟန်းတို့အား ဤသုတ်ကို ဟောကြားခြင်း ဖြစ်၏။ ဤသုတ်ကို ကြားနာရသောအခါတွင်မူ ထိုရဟန်းတို့သည် သုတ်၏ အနက် အဓိပ္ပာယ်ကို မည်သို့မျှ ကြံစည်တွေးဆ၍ မရကြသဖြင့် မာန်မာနကျသွားကြသည်။ ဘုရားရှင်အပေါ်၌ ရိုသေလေးစားလာကြသည်။

မြတ်စွာဘုရားသည် အထက်ပါ ရဟန်းငါးရာကို အကြောင်းပြု၍ ငါးရာငါးဆယ် ဒုကနိပါတ်လာ မူလပရိယာယဇာတ်ကို ဟောကြားတော်မူ၏။ ထိုဇာတ်မှာ မိမိတို့ကိုယ် မိမိတို့ အထင်ကြီးနေကြသော တပည့် လုလင်ငါးရာတို့အား၊ ၎င်းတို့ မဖြေနိုင်သော ပြဿနာကို မေးခြင်းဖြင့် ဒိသာပါမောက္ခဆရာကြီးက ဆုံးမခဲ့ပုံကို ဖော်ပြသော ဇာတ်ဖြစ်၏။ ထို ဇာတ်ကို ကြားနာရသောခါ ရဟန်းငါးရာ ပို၍ မာန်ကျသွားကြသည်။ ထို့နောက် မြတ်စွာဘုရားသည် ဝေသာလီပြည် ဂေါတမ စေတီ၌ သီတင်းသုံးနေစဉ် အဆိုပါ ရဟန်းငါးရာတို့အား 'အဘိညာယာဟံ ဘိက္ခဝေ ဓမ္မံ ဒေသေမိ' စသော တရားဒေသနာကို ဟောကြားတော်မူပြန်သည်။ အင်္ဂုတ္တရနိကာယ် တိကနိပါတ်၌ ပါရှိသည့် ဂေါတမကသုတ် အမည်ရှိသော ထိုတရားဒေသနာကို ကြားနာရသောအခါတွင်မူ ရဟန်းငါးရာလုံး ပဋိသမ္ဘိဒါဉာဏ်လေးပါးနှင့် တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားကြလေသည်။

www.dhammaransi.com



ဗြာဟ္မဏမျိုးဖြစ်သော ရဟန်းငါးရာတို့၏ မာန်မာနကို ချိုးနှိမ်ရန် ဟောကြားခဲ့သော ဤ မူလပရိယာယသုတ်ကို ကျွန်ုပ်တို့လည်း နားလည်ရန် ခက်ခဲပါသည်။ အဋ္ဌကထာ၊ ဋီကာအဖွင့်တို့ဖြင့် အသေးစိတ် ဖတ်ရှုလေ့လာသည့်တိုင်အောင် ရှိ့တိုးရိပ်တိတ်မျှသာ ရှိပါသည်။ ဤသုတ်၏ လိုရင်းအချုပ်မှာမူ- ဤလောကရှိ ခတ်ကြီးလေးပါးနှင့်တကွ ပုဂ္ဂိုလ် သတ္တဝါ အရာဝတ္ထုအားလုံးတို့ အပေါ်၌ ပုထုဇဉ်၊ သေက္ခ ရဟန္တာနှင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားတို့သည် သိမြင်ပုံအားဖြင့် မတူကြကြောင်း။ ပုထုဇဉ် သေက္ခစသော ပုဂ္ဂိုလ်တို့သည် အရာရာတို့၏ အတွင်းသရုပ်မှန်ကို အပြည့်အဝ ဝေဖန်ပိုင်းခြား၍ မသိနိုင်ကြကြောင်း၊ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားတို့သည်သာ အပြည့်အဝ ဝေဖန်ပိုင်းခြား၍ သိနိုင်ကြကြောင်း ဖော်ညွှန်းထားခြင်း ဖြစ်ပါသည်။

ဤသုတ်ကို ဖတ်ရှုလေ့လာခြင်းဖြင့် ဝေနေယျသတ္တဝါတို့၏ စရိုက်လက္ခဏာအားလျော်စွာ တရား ဒေသနာအမျိုးမျိုးကို ဟောကြားတော်မူခဲ့သော မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်အပေါ်၌ ကြည်ညိုသဒ္ဓါပွားနိုင်ကြလိမ့်မည် ဟု မျှော်လင့်ပါသည်။

www.dhammaransi.com

## ၂။ သဗ္ဗာသဝသုတ်

## အာသဝခပ်သိမ်းတားဆီးပိတ်ဆို့ရေးကို ဟောကြားခြင်း

၁။ ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရဟန်းတို့ အာသဝခပ်သိမ်း တားဆီး ပိတ်ဆို့ရေးကို ဟောကြားတော်မူခဲ့၏။

**သိသူမြင်သူ အားသာ အာသဝကုန်၏**

"ရဟန်းတို့၊ ငါသည် သိသူ မြင်သူအား အာသဝကုန်ခြင်းကို ဟော၏။ မသိသူ မမြင်သူအား အာသဝကုန်ခြင်းကို မဟော။ အဘယ်ကို သိသူ မြင်သူအား အာသဝကုန်ခြင်းကို ဟောသနည်းဆိုသော် သင်တင့်စွာ နှလုံးသွင်းခြင်း (ယောနိသော မနသိကာရ)နှင့် မသင့်မတင့် နှလုံးသွင်းခြင်း (အယောနိသော မနသိကာရ) တို့ကို သိသူ မြင်သူအား အာသဝကုန်ခြင်းကို ငါဟော၏။

"ရဟန်းတို့၊ မသင့်မတင့် နှလုံးသွင်းသူအား မဖြစ်သေးသော အာသဝတို့သည် ဖြစ်ပေါ်လာကုန်၏၊ ဖြစ်ပြီးသော အာသဝတို့သည်လည်း တိုးပွားကုန်၏။ ရဟန်းတို့၊ သင့်တင့်စွာ နှလုံးသွင်းသူအား မဖြစ်သေးသော အာသဝတို့သည် ဖြစ်ပေါ် မလာကုန်၊ ဖြစ်ပြီးသော အာသဝတို့သည်လည်း ကင်းကွာသွားကုန်၏။

www.dhammaransi.com



### အာသဝ ခုနစ်မျိုး

'ရဟန်းတို့၊ အာသဝတို့သည်-¹

၁။ ဉာဏ်အမြင်ဖြင့် ပယ်အပ်သော အာသဝ၊
၂။ စောင့်စည်းခြင်းဖြင့် ပယ်အပ်သော အာသဝ၊
၃။ မှီဝဲသုံးဆောင်ခြင်းဖြင့် ပယ်အပ်သော အာသဝ၊
၄။ သည်းခံခြင်းဖြင့် ပယ်အပ်သော အာသဝ၊
၅။ ရှောင်ရှားခြင်းဖြင့် ပယ်အပ်သော အာသဝ၊
၆။ ပယ်ဖျောက်ခြင်းဖြင့် ပယ်အပ်သော အာသဝ၊
၇။ ပွားများခြင်းဖြင့် ပယ်အပ်သော အာသဝ ဟူ၍ ခုနစ်မျိုး ရှိကုန်၏။

### ၁။ ဉာဏ်အမြင်ဖြင့် ပယ်အပ်သော အာသဝများ

"ရဟန်းတို့၊ ဉာဏ်အမြင်ဖြင့် ပယ်အပ်သော အာသဝဟူသည် အဘယ်နည်း ဆိုသော် ဤလောက၌ အကြားအမြင် နည်းပါးသော၊ အရိယာသူတော်စင်တို့နှင့် မတွေ့ဆုံရသည်ဖြစ်၍ သူတော်ကောင်းတရား၌ ကျွမ်းကျင်လိမ်မာမှုမရှိသော ပုထုဇဉ်ပုဂ္ဂိုလ်သည် နှလုံးသွင်းသင့်သော တရားကို မသိ၊ နှလုံးမသွင်းသင့်သော တရားကိုလည်းမသိ၊ ယင်းသို့ မသိသည်ဖြစ်၍ ထိုပုထုဇဉ်သည် နှလုံးမသွင်းသင့်သော တရားများကို နှလုံးသွင်း၏။နှလုံးသွင်းသင့်သော တရားများကို နှလုံးမသွင်း။"

### နှလုံးမသွင်းသင့်သော တရားများနှင့် နှလုံးသွင်းသင့်သော တရားများ

"ရဟန်းတို့၊ အဘယ်တရားများသည် နှလုံးမသွင်းသင့်သော တရားများဖြစ်သနည်းဆိုသော် အကြင်တရားများကို နှလုံးသွင်းသူအား မဖြစ်သေးသော ကာမာသဝသည် လည်းကောင်း၊ ဘဝါသဝသည်လည်းကောင်း၊ အဝိဇ္ဇာသဝသည် လည်းကောင်း၊ ဖြစ်ပေါ်လာ၏၊ ဖြစ်ပေါ်ပြီး ဖြစ်သော အာသဝသုံးပါးတို့သည်

---

၁။ ဤသုတ်၌ သတ္တဝါတို့ သန္တာန်တွင် အခါမလပ် ယိုစီး ဖြစ်ပွားနေသည့် လောဘ အစရှိသော အကုသိုလ်တရားများကို လည်းကောင်း၊ ထိုအကုသိုလ် တရားများကြောင့် တွေ့ကြုံခံစားရတတ်သည့် ဆင်းရဲဒုက္ခနှင့် ဘေးရန်တို့ကိုလည်းကောင်း "အာသဝ" ဟု ဆိုပါသည်။ ဤသုတ်သည် ထို အာသဝများ မဖြစ်ပွားစေရန် ပိတ်ဆို့တားဆီးနည်းများကို ဟောကြားသော ဒေသနာဖြစ်၏။

စပယ်ဦးစာပေ
သုတေသနစာကြည့်တိုက်
၂၅၃၇၅ ဆာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်။

www.dhammaransi.com



လည်း တိုးပွားလာကုန်၏။ ဤတရားများသည် နှလုံးမသွင်းသင့်သော တရားများ ဖြစ်၏။-

"ရဟန်းတို့၊ ထိုပုထုဇဉ်ပုဂ္ဂိုလ်အား နှလုံးမသွင်းသင့်သော တရားများကို နှလုံးသွင်းခြင်း၊ နှလုံးသွင်းသင့်သော တရားများကို နှလုံးမသွင်းခြင်းကြောင့် မဖြစ်သေးသော အာသဝတို့သည် ဖြစ်ပေါ်လာကုန်၏၊ ဖြစ်ပြီးသော အာသဝတို့ သည်လည်း တိုးပွားကုန်၏"

## မသင့်သောအားဖြင့် နှလုံးသွင်းပုံ

"ရဟန်းတို့၊ ထိုပုထုဇဉ်ပုဂ္ဂိုလ်သည် ဤသို့လျှင် မသင့်သောအားဖြင့် နှလုံးသွင်း၏။

-ငါသည် အတိတ်ကာလ၌ ဖြစ်ခဲ့ပြီလား၊ မဖြစ်သေးဘူးလား။

-အဘယ်သူ ဖြစ်ခဲ့သလဲ၊ အဘယ်သို့ ဖြစ်ခဲ့သလဲ။

-အဘယ်သူ ဖြစ်ပြီး အဘယ်သူ ဖြစ်ခဲ့သလဲ။

-ငါသည် အနာဂတ်ကာလ၌ ဖြစ်ဦးမည်လား၊ မဖြစ်တော့ပြီလား။

-အဘယ်သူ ဖြစ်မလဲ၊ အဘယ်သို့ ဖြစ်မလဲ။

ယခု ပစ္စုပ္ပန်ဘဝ၌လည်း ငါဟုတ်ရဲ့လား၊ ငါ မဟုတ်ဘူးလား၊ ငါ ဘယ်လို ဖြစ်နေသလဲ။

-ငါဘယ်က လာခဲ့သလဲ၊ ဘယ်ကို သွားရမှာလဲ ဟူ၍ မိမိကိုယ် မိမိ နှင့် ပတ်သက်၍ ဟိုလောသို့လော တွေးတောယုံမှားမှုများ ဖြစ်ပွား နေလေသည်။

## အယူမှား (၆) မျိုး

"ရဟန်းတို့၊ ဤသို့လျှင် မသင့်မတင့်သောအားဖြင့် နှလုံးသွင်းသော ပုထုဇဉ်ပုဂ္ဂိုလ်အား-

(၁) ငါမှာ အတ္တရှိ၏ ဟူ၍လည်းကောင်း၊

(၂) ငါမှာ အတ္တ မရှိဟူ၍လည်းကောင်း၊

(၃) ငါသည် အတ္တဖြင်သာလျှင် အတ္တကိုသိ၏ ဟူ၍လည်းကောင်း၊

(၄) ငါသည်အတ္တဖြင့်သာလျှင်အတ္တမဟုတ်သည်ကိုသိ၏ဟူ၍လည်းကောင်း၊

www.dhammaransi.com



(၅) ငါသည် အတ္တမဟုတ်သော အရာဖြင့်သာလျှင် အတ္တကို သိ၏ ဟူ၍ လည်းကောင်း၊

(၆) ငါ၏ အတ္တသည် စကားပြောတတ်၏၊ ခံစားတတ်၏၊ ထိုထိုကောင်းမှု မကောင်းမှုတို့၏ အကျိုးကို ခံစား၏၊ မြဲ၏၊ ခိုင်မာ၏၊ အခါခပ်သိမ်း တည်ရှိ၏။ ဖောက်ပြန်ပြောင်းလဲမှုမရှိ ဟူ၍လည်းကောင်း၊

ဤသို့လျှင် ခြောက်ပါးသော အယူတို့တွင် တစ်ပါးပါးသော အယူသည် အမှန်ဟု အခိုင်အမာ စွဲယူဖြစ်ပေါ်လာ၏။-

ရဟန်းတို့၊ ဤသို့လျှင် စွဲယူဖြစ်ပေါ်လာသော အယူကို ဒိဋ္ဌိတော၊ ဒိဋ္ဌိကန္တာရ၊ ဒိဋ္ဌိ ဆူးငြောင့်၊ ဒိဋ္ဌိ သံယောဇဉ်ဟူ၍ ဆိုအပ်၏။ ရဟန်းတို့၊ ဒိဋ္ဌိသံယောဇဉ်နှင့် ယှဉ်သော အကြားအမြင်နည်းသူ ပုထုဇဉ် ပုဂ္ဂိုလ်သည် ဇာတိ ဇရာ မရဏတို့မှ မလွတ်၊ သောကပရိဒေဝ စသော ဒုက္ခတို့မှ မလွတ်ဟူ၍ ငါ ဆိုပေ၏။

## အကြားအမြင်ရှိသော အရိယာတပည့်

"ရဟန်းတို့၊ အကြားအမြင်ရှိသော အရိယာ သာဝက[၁] သည်ကား အရိယာသူတော်ကောင်းတို့နှင့် တွေ့ဆုံရသည်ဖြစ်၍၊ အရိယာသူတော်ကောင်းတို့၏ တရား၌ ကျွမ်းကျင် လိမ္မာသည်ဖြစ်၍ နှလုံးသွင်းသင့်သော တရား၊ နှလုံးမသွင်းသင့်သော တရားတို့ကို ခွဲခြားသိမြင်၏။ ထိုသို့ သိမြင်ခြင်းကြောင့် နှလုံးမသွင်းသင့်သော တရားတို့ကို နှလုံးမသွင်းဘဲ နှလုံးသွင်းသင့်သော တရားတို့ကိုသာ နှလုံးသွင်း၏။ ထိုသို့ နှလုံးသွင်းခြင်းကြောင့် မဖြစ်သေးသော အာသဝတို့သည် ဖြစ်ပေါ်မလာကုန်၊ ဖြစ်ပြီးသော အာသဝတို့သည်လည်း ကင်းကွာသွားကုန်၏။"

## သင့်သောအကြောင်းအားဖြင့် နှလုံးသွင်းပုံ

"ထိုအရိယာသာဝကသည် 'ဤကား ဒုက္ခတည်း' ဟု သင့်သောအကြောင်းအားဖြင့် နှလုံးသွင်း၏။ 'ဤကား ဒုက္ခဖြစ်ကြောင်းတည်း၊ ဤကား ချုပ်ငြိမ်း

---

၁။ အရိယာသာဝက-အရိယသာဝက-အရိယာပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသော မြတ်စွာဘုရား၏ တပည့်။ ဝိပဿနာတရားကို ပွားများအားထုတ်၍ သိခါပတ္တ ဝိပဿနာသို့ ဆိုက်ရောက်သော ပုဂ္ဂိုလ်ကိုသာလျှင် စင်စစ် အရိယာသာဝက ဟုဆိုအပ်ကြောင်း အဋ္ဌကထာ၌ ဖွင့်ဆို၏။

www.dhammaransi.com



ရာတည်း၊ ဤကား ဒုက္ခချုပ်ငြိမ်းရာသို့ ရောက်စေသော အကျင့်တည်း။' ဤသို့ သင့်သောအကြောင်းအားဖြင့် နှလုံးသွင်း၏။ ဤသို့ နှလုံးသွင်းသော ထိုပုဂ္ဂိုလ်အား ကိုယ်ခန္ဓာနှင့်စပ်သော အမြင်မှားမှု သက္ကာယဒိဋ္ဌိ၊ တွေးတောယုံမှားမှု ဝိစိကိစ္ဆာ၊ အလေ့အကျင့်များ၌ လွဲမှားစွာသုံးသပ်မှု သီလဗ္ဗတ ပရာမာသ ဟူသော သံယောဇဉ် သုံးပါးတို့သည် ကင်းကွာသွားကုန်၏။ ရဟန်းတို့၊ ဤအာသဝတို့ကို ဉာဏ် အမြင်ဖြင့် ပယ်အပ်သော အာသဝတို့ဟူ၍ ဆိုအပ်ကုန်၏။

## ၂။ စောင့်စည်းခြင်းဖြင့် ပယ်အပ်သော အာသဝများ

"ရဟန်းတို့၊ စောင့်စည်းခြင်းဖြင့် ပယ်အပ်သော အာသဝဟူသည် အဘယ် နည်းဆိုသော် ဤသာသနာ၌ ရဟန်းသည် ဉာဏ်ဖြင့် သင့်တင့်စွာ ဆင်ခြင်၍ မျက်စိဟူသော စက္ခုန္ဒြေကို စောင့်စည်း၍နေ၏။ နားဟူသော သောတိန္ဒြေ၊ နှာခေါင်း ဟူသော ဃာနိန္ဒြေ၊ လျှာဟူသော ဇိဝှိန္ဒြေ၊ ကိုယ်ဟူသော ကာယိန္ဒြေ၊ စိတ်ဟူသော မနိန္ဒြေကို စောင့်စည်း၍ နေ၏။ ဤသို့ ဣန္ဒြေခြောက်ပါးကို စောင့်စည်း၍နေသော ရဟန်းအား ဣန္ဒြေ ခြောက်ပါးကို မစောင့်စည်းခြင်းလျှင် အကြောင်းရင်းရှိသော ကိလေသာ အာသဝများနှင့် ဆင်းရဲပူပန်မှုများ မဖြစ်တော့ချေ။ ဤအာသဝတို့ကို စောင့်စည်းခြင်းဖြင့် ပယ်အပ်သော အာသဝများဟူ၍ ဆိုအပ်ကုန်၏။"

## ၃။ မှီဝဲခြင်းဖြင့် ပယ်အပ်သော အာသဝများ

"ရဟန်းတို့၊ မှီဝဲခြင်းဖြင့် ပယ်အပ်သော အာသဝဟူသည် အဘယ်နည်း ဆိုသော် ဤသာသနာတော်၌ ရဟန်းသည် သင့်လျော်စွာ ဉာဏ်ဖြင့် ဆင်ခြင်၍ သင်္ကန်းကို မှီဝဲ၏။ အချမ်း အပူကို ပယ်ဖျောက်ရန်၊ မှက်၊ ခြင်၊ ယင်၊ လေ၊ နေပူ၊ မြွေ၊ ကင်း၊ သန်းတို့၏ အတွေ့အထိကို ပယ်ဖျောက်ရန် အလို့ငှာ၊ အရှက် အကြောက်ကို ဖုံးကွယ်ရန် အလို့ငှာ၊ သင်္ကန်းကို မှီဝဲဝတ်ရုံ၏။

'ရဟန်းသည် သင့်လျော်စွာ ဉာဏ်ဖြင့် ဆင်ခြင်၍ ဆွမ်းကိုမှီဝဲ၏။ ပျော်မြူး ရန်၊ မာန်ယစ်ရန်၊ ကိုယ်ခန္ဓာလှပ ပြေပြစ်တင့်တယ်စေရန် ဆွမ်းကို မှီဝဲသည် မဟုတ်။ မိမိ ကိုယ်ခန္ဓာ တည်တံ့မျှတစေရန်၊ ပင်ပန်းနွမ်းနယ်မှု ကင်းပျောက် စေရန်၊ အကျင့်မြတ်ကို ကျင့်နိုင်စေရန်အတွက်သာလျှင် ဆွမ်းကို မှီဝဲ၏။ ဆွမ်းကို မှီဝဲခြင်းဖြင့် ဝေဒနာဟောင်းကို ပယ်ဖျောက်အံ့၊ ဝေဒနာသစ်ကိုလည်း မဖြစ်စေအံ့။

www.dhammaransi.com



ငါ့အား မှုတခြင်း၊ အပြစ်ကင်းခြင်း၊ ချမ်းသာစွာ နေရခြင်းများသည်လည်း ဖြစ်လတ့်၊ ဤသို့ဆင်ခြင်၍ ဆွမ်းကို မှီဝဲ၏။-

'ရဟန်းသည် သင့်လျော်စွာ ဉာဏ်ဖြင့် ဆင်ခြင်၍ ကျောင်း၊ အိပ်ယာ နေရာကို မှီဝဲ၏။ အချမ်း အပူကို ပယ်ဖျောက်ရန်၊ မှက်၊ ခြင်၊ ယင်၊ လေ၊ နေပူ၊ မြွေ ကင်း၊ သန်းတို့၏ အတွေ့အထိကို ပယ်ဖျောက်ရန် အလို့ငှာ ကျောင်း၊ အိပ်ရာ၊ နေရာကို မှီဝဲ၏၊ ရာသီဥတုဘေးရန်ကို ပယ်ဖျောက်ရန်နှင့် အေးချမ်း တိတ်ဆိတ်စွာ နေရန် ကျောင်း၊ အိပ်ရာ၊ နေရာကို မှီဝဲ၏။-

'ရဟန်းသည် ဉာဏ်ဖြင့် သင့်တင့်စွာ ဆင်ခြင်၍ လူနာ၏ အထောက်အပံ့ ဖြစ်သော ဆေးဝါးပစ္စည်းကို မှီဝဲ၏။ ဖြစ်ပေါ်နေသော အနာရောဂါများ ကင်းပျောက် သွားစေရန်၊ နာကျင်မှု မဖြစ်စေရန် အလို့ငှာ ဆေးဝါးပစ္စည်းကို မှီဝဲ၏။-

'ဤသို့လျှင် ပစ္စည်းလေးပါးကို ဉာဏ်ဖြင့် သင့်တင့်စွာ ဆင်ခြင်၍ မှီဝဲသော ရဟန်းအား မဆင်ခြင်ဘဲ မှီဝဲခြင်းဟူသော အကြောင်းရင်းရှိသည့် ကိလေသာ အာသဝများနှင့် ဆင်းရဲပင်ပန်းမှုများ မဖြစ်တော့ချေ။ ဤအာသဝတို့ကို မှီဝဲခြင်းဖြင့် ပယ်အပ်သော အာသဝများ ဟူ၍ ဆိုအပ်၏။"

## ၄။ သည်းခံခြင်းဖြင့်ပယ်အပ်သော အာသဝများ

"ရဟန်းတို့၊ သည်းခံခြင်းဖြင့် ပယ်အပ်သော အာသဝဟူသည် အဘယ်နည်း ဆိုသော် ဤသာသနာ၌ ရဟန်းသည် ဉာဏ်ဖြင့် သင့်တင့်စွာ ဆင်ခြင်၍ အချမ်း၊ အပူ၊ ဆာလောင်ခြင်း၊ မွတ်သိပ်ခြင်းတို့ကို သည်းခံ၏။ မှက်၊ ခြင်၊ ယင်၊ လေ၊ နေပူ၊ မြွေ၊ ကင်း၊ သန်းတို့၏ အတွေ့အထိတို့ကိုလည်း သည်းခံ၏။ မကောင်းသဖြင့် ပြောဆိုအပ်သော စကား၊ မကောင်းသဖြင့် ရောက်လာသော စကားတို့ကို သည်းခံ၏။ မိမိကိုယ်၌ ဖြစ်ပေါ်လာသည့် အသက်ပါ သွားလောက်အောင် သည်းထန် ပြင်းပြသော ရောဂါ ဝေဒနာတို့ကိုပင် သည်းခံနိုင်စွမ်း ရှိ၏။ ဤသို့ သည်းခံ သော ရဟန်းအား သည်းမခံနိုင်ခြင်းလျှင် အကြောင်းရင်းရှိသော ကိလေသာ အာသဝများနှင့် ဆင်းရဲပူပန်မှုများ မဖြစ်တော့ချေ။-

www.dhammaransi.com



"ဤအာသဝများတို့ကို သည်းခံခြင်းဖြင့် ပယ်အပ်သော အာသဝများ ဟူ၍ ဆိုအပ်၏"

## ၅။ ရှောင်ရှားခြင်းဖြင့် ပယ်အပ်သော အာသဝများ

"ရဟန်းတို့၊ ရှောင်ရှားခြင်းဖြင့် ပယ်အပ်သော အာသဝဟူသည် အဘယ်နည်းဆိုသော် ဤသာသနာတော်၌ ရဟန်းသည် ဉာဏ်ဖြင့် သင့်တင့်စွာဆင်ခြင်၍ ကြမ်းတမ်းသော ဆင်၊ မြင်း၊ နွားတို့ကို ရှောင်ရှား၏။ မြွေ၊ သစ်ငုတ်၊ ဆူးခြောင့်၊ ခလုတ်၊ ချောက်၊ ကမ်းပါး၊ မစင်မြောင်း၊ ရေဆိုးမြောင်းတို့ကို ရှောင်ရှား၏။ သီတင်းသုံးဖော်များ ယုံမှားသံသယဖြစ်ဖွယ်ရှိသည့် မသင့်လျော်သော နေရာ မသင့်လျော်သော ဆွမ်းခံအိမ်၊ ယုတ်မာသော မိတ်ဆွေတို့ကို ရှောင်ရှား၏။ ဤသို့ ရှောင်ရှားသော ရဟန်းအား ယင်းတို့ကို မရှောင်ရှားခြင်းလျှင် အကြောင်းရင်း ရှိသော ကိလေသာအာသဝများနှင့် ဆင်းရဲပူပန်မှုများ မဖြစ်တော့ချေ။–

'ဤအာသဝတို့ကို ရှောင်ရှားခြင်းဖြင့် ပယ်အပ်သော အာသဝများဟူ၍ ဆိုအပ်ကုန်၏။"

## ၆။ ပယ်ဖျောက်ခြင်းဖြင့် ပယ်အပ်သော အာသဝများ

"ရဟန်းတို့၊ ပယ်ဖျောက်ခြင်းဖြင့် ပယ်အပ်သော အာသဝဟူသည် အဘယ်နည်းဆိုသော် ဤသာသနာတော်၌ ရဟန်းသည် ဉာဏ်ဖြင့် သင့်တင့်စွာ ဆင်ခြင်၍ မိမိစိတ်၌ ဖြစ်ပေါ်လာသည့် ကာမဂုဏ်နှင့်စပ်သော ကြံစည်မှု (ကာမ ဝိတက်) ကို ပယ်ဖျောက်၏။ ပျက်စီးစေလိုမှုနှင့်စပ်သော ကြံစည်မှု (ဗျာပါဒဝိတက်) ကို ဖျောက်ဖျက်ပစ်၏။ ညှင်းဆဲနှိပ်စက်မှုနှင့် စပ်သော ကြံစည်မှု (ဝိဟိံသာ ဝိတက်) ကို ဖျောက်ဖျက်ပစ်၏။ ဖြစ်ပေါ်လာသမျှသော အကုသိုလ် တရားဆိုးများကို ပယ်ဖျောက်ပစ်၏။ ဤသို့ ပယ်ဖျောက်ပစ်သော ရဟန်းအား ထိုတရားဆိုးများလျှင် အကြောင်းရင်းရှိသော ကိလေသာအာသဝများနှင့် ဆင်းရဲပူပန်မှုများ မဖြစ်တော့ချေ။

'ဤအာသဝများတို့ကို ပယ်ဖျောက်ခြင်းဖြင့် ပယ်အပ်သော အာသဝများဟူ၍ ဆိုအပ်ကုန်၏။"

www.dhammaransi.com



## ၇။ ပွားများခြင်းဖြင့် ပယ်အပ်သော အာသဝများ

"ရဟန်းတို့၊ ပွားများခြင်းဖြင့် ပယ်အပ်သော အာသဝဟူသည် အဘယ်နည်းဆိုသော် ဤသာသနာတော်၌ ရဟန်းသည် ဉာဏ်ဖြင့် သင့်တင့်စွာဆင်ခြင်၍ အရိယာမဂ်ဉာဏ်ပေါ်လာကြောင်း ဖြစ်သော သတိသမ္ဗောဇ္ဈင်ကို ဖြစ်ပွားစေ၏။ ဓမ္မဝိစယ သမ္ဗောဇ္ဈင်၊ ဝီရိယ သမ္ဗောဇ္ဈင်၊ ပီတိ သမ္ဗောဇ္ဈင်၊ ပဿဒ္ဓိ သမ္ဗောဇ္ဈင်၊ သမာဓိ သမ္ဗောဇ္ဈင်၊ ဥပေက္ခာ သမ္ဗောဇ္ဈင်ကို ဖြစ်ပွားစေ၏။ ဤသို့ ဖြစ်ပွားစေသော ရဟန်းအား ထိုတရားတို့ကို မဖြစ်ပွားစေခြင်းလျှင် အကြောင်းရင်းရှိသည့် ကိလေသာ အာသဝများနှင့် ဆင်းရဲပူပန်မှုများ မဖြစ်တော့ချေ။-

'ဤအာသဝများတို့ကို ပွားများခြင်းဖြင့် ပယ်အပ်သော အာသဝများဟူ၍ ဆိုအပ်ကုန်၏။

ရဟန်းတို့၊ ဤသို့လျှင် ခုနစ်ပါးသော အာသဝတို့ကို ပယ်ပြီးသော ရဟန်းသည် အာသဝခပ်သိမ်းကို တားဆီးပိတ်ဆို့လျက် နေသော ရဟန်း မည်ပေ၏။ တဏှာကို ဖြတ်ပြီးသူ၊ သံယောဇဉ်နှောင်ကြိုးကို ဖြေချွတ်ပြီးသူ၊ မာနကို ကောင်းစွာ သိမြင်၍[၁] ဝဋ်ဒုက္ခကို ကုန်ဆုံးအောင် ပြုပြီးသူမည်ပေ၏။"

ဘုရားရှင်က ဤတရားကို ဟောကြားသောအခါ ရဟန်းတို့သည် ထိုဟောကြားချက်ကို နှစ်သက်စွာ ခံယူကြလေသည်။

---

၁။ မာနာဘိသမယ- မာနကို ကောင်းစွာ သိမြင်ခြင်းဟူသည် မာနကို သိမြင်ခြင်း- ဒဿနာဘိသမယနှင့် ထို မာနကို ပယ်ခြင်း- ပဟာနာဘိသမယဟူသော ကိစ္စနှစ်မျိုးလုံး ပြီးမြောက်ခြင်းဟု ဆိုလိုပါသည်။ ယင်းကိစ္စနှစ်မျိုးလုံးကိုလည်း အရဟတ္တ မဂ်ကသာ ပြီးမြောက်စေနိုင်ပါသည်။ အဋ္ဌကထာ။

www.dhammaransi.com

# ၃။ ဓမ္မဒါယာဒသုတ်

## တရားအမွေကိုသာ ခံယူကြရန် မိန့်ကြားခြင်း

### ကြင်နာထောက်ထားမှု

ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူစဉ် ရဟန်းတို့အား အောက်ပါ စကားကို မိန့်ကြားတော်မူသည်။

“ရဟန်းတို့၊ သင်တို့သည် ငါ၏ တရားအမွေကို ခံယူသူများ ဖြစ်ကြကုန်လော့။ ပစ္စည်းအမွေကို ခံယူသူများ မဖြစ်ကြကုန်လင့်။ ‘ငါ၏ တပည့်တို့သည် အဘယ်သို့လျှင် တရားအမွေကို ခံယူသူများ ဖြစ်ကြပြီး ပစ္စည်းအမွေကို ခံယူသူများ မဖြစ်ကြကုန်ရာအံ့နည်း’။ ဤသို့လျှင် ငါ့အား သင်တို့အပေါ် ကြင်နာထောက်ထားခြင်းသည် ရှိပေ၏။

### ကဲ့ရဲ့ဖွယ်နှင့် ချီးမွမ်းဖွယ်

“ရဟန်းတို့၊ အကယ်၍ သင်တို့သည် ငါ၏ ပစ္စည်းအမွေကို ခံယူသူများသာ ဖြစ်ကြပြီး တရားအမွေကို ခံယူသူများ မဖြစ်ခဲ့ကြသော် ‘မြတ်စွာဘုရား၏ တပည့်တို့သည် ပစ္စည်းအမွေခံများသာ ဖြစ်နေကြကုန်၏။ တရားအမွေခံများ ဖြစ်လျက် မနေကြကုန်’ ဟူ၍ သင်တို့သည်လည်း ကဲ့ရဲ့ခြင်းခံရကုန်ရာ၏။ ငါသည်လည်း ကဲ့ရဲ့ခြင်းခံရလေရာ၏။

‘ရဟန်းတို့၊ အကယ်၍ သင်တို့သည် ငါ၏ တရားအမွေကို ခံယူသူများသာ ဖြစ်ကြပြီး ပစ္စည်းအမွေကို ခံယူသူများ မဖြစ်ခဲ့သော် ‘မြတ်စွာဘုရား၏

www.dhammaransi.com



တပည့်တို့သည် တရားအမွေခံများသာ ဖြစ်လျက်နေကြကုန်၏၊ ပစ္စည်းအမွေခံများ ဖြစ်လျက် မနေကြကုန်' ဟူ၍ သင်တို့သည်လည်း ချီးမွမ်းခြင်းခံရကုန်ရာ၏၊ ငါသည်လည်း ထို့အတူပင် ချီးမွမ်းခြင်းခံရပေရာ၏။ သင်တို့ရော ငါပါ ကဲ့ရဲ့ခြင်းမှ လွတ်ပေရာ၏။

'ရဟန်းတို့၊ ထို့ကြောင့် သင်တို့သည် ငါ၏ တရားအမွေကိုသာ ခံယူသူများ ဖြစ်ကြကုန်လော၊ ပစ္စည်းအမွေကို ခံယူသူများ မဖြစ်ကြကုန်လင့်။ ရဟန်းတို့၊ ငါ၏ တပည့်တို့သည် အဘယ်သို့လျှင် တရားအမွေကို ခံယူသူများသာ ဖြစ်ကြပြီ၊ ပစ္စည်းအမွေကို ခံယူသူများ မဖြစ်ကြကုန်ရာအံ့နည်း၊ ဤသို့လျှင် ငါ့အား သင်တို့ အပေါ်၌ ကြင်နာထောက်ထားခြင်းသည် ရှိပေ၏။

## ရဟန်းနှစ်ပါး ဥပမာ

ဗုဒ္ဓမြတ်စွာသည် ရဟန်းတို့အား အထက်ပါ စကားကို မိန့်ကြားပြီးနောက် တရားအမွေကို ခံယူသော အကျင့်ဖြည့်ကျင့်မှုကို ချီးမွမ်းတော်မူလိုသည် ဖြစ်၍၊ ဤသို့ ဆက်လက်မိန့်ကြားတော်မူလေသည်။

"ရဟန်းတို့၊ အခါတစ်ပါး၌ ငါသည် ဆွမ်းကို ဝလင်စွာ စားသုံးပြီး ဖြစ်ရာ၏။ ပိုလျှံနေ၍ စွန့်ပစ်ရမည့် ဆွမ်းကျန်သည်လည်း ရှိရာ၏။ ထိုအချိန်တွင် ဆွမ်းမစားရသေး၍ ဆာလောင်နေသော ရဟန်းနှစ်ပါးတို့ ရောက်လာကြရာ၏။ ထို ရဟန်းနှစ်ပါးတို့အား ငါက ဤသို့ ပြောဆိုရာ၏။ "ရဟန်းတို့ ငါသည် ဆွမ်းကို ဝလင်စွာ စားသုံးပြီး ဖြစ်၏။ ပိုလျှံနေ၍ စွန့်ပစ်ရမည့် ဤ ဆွမ်းကျန်သည်လည်း ရှိနေ၏။ သင်တို့ စားလိုလျှင် စားကြလော၊ သင်တို့ မစားလျှင်ကား ဤဆွမ်းကို ယခုပင် ငါ စွန့်ပစ်လိုက်တော့အံ့။"

ဗုဒ္ဓမြတ်စွာက ဤသို့ မိန့်ကြားသောအခါ တစ်ပါးသော ရဟန်းသည် တရားအမွေခံများသာ ဖြစ်ကြပြီး ပစ္စည်းအမွေခံများ မဖြစ်ကြရန် မိန့်ကြားခဲ့သော ဘုရားရှင်၏ စကားကို သတိရမိသည် ဖြစ်၍ ထိုဆွမ်းကျန်ကို မစားဘဲ ဆာလောင်၍ အားနည်းသော ကိုယ်ဖြင့်သာလျှင် ထိုနေ့ညကို ကုန်လွန်စေရာ၏။

ဒုတိယရဟန်းသည်ကား ပိုလျှံနေ၍ စွန့်ပစ်ရတော့မည်ဖြစ်သော ထိုဆွမ်းကျန်ကို စား၍ ဆာလောင်မှုကို ပယ်ဖျောက်ကာ ထိုနေ့ညကို ကုန်လွန်စေရာ၏။

"ရဟန်းတို့၊ ဤသို့ ငါ၏ဆွမ်းကျန်ကို မစားသောရဟန်းနှင့် စားသော ရဟန်းတို့တွင် မစားသော ရဟန်းကိုသာ ပို၍ ချီးမွမ်းထိုက်ပေ၏။ အဘယ့်ကြောင့်

www.dhammaransi.com



ဆိုသော် ထိုကဲ့သို့ ငါ၏ ဆွမ်းကျန်ကိုပင် မစားဘဲ ငြင်းပယ်ခြင်းသည် ထို ရဟန်းအား အရှည်သဖြင့် အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း၊ ကိလေသာ ခေါင်း ပါးခြင်း အလို့ငှာ ဖြစ်စေနိုင်သောကြောင့်တည်း။-

'ရဟန်းတို့၊ ထို့ကြောင့် သင်တို့သည် ငါ၏ တရားအမွေကိုသာ ခံယူသူများ ဖြစ်ကြကုန်လော၊ ပစ္စည်းအမွေကို ခံယူသူများ မဖြစ်ကြကုန်လင့်။"

ဗုဒ္ဓမြတ်စွာသည် ရဟန်းတို့အား ဤစကားကို မိန့်ကြားပြီး နေရာမှ ထ၍ ကျောင်းထဲသို့ ဝင်သွားတော်မူလေသည်။

## ရှင်သာရိပုတ္တရာ ဆက်လက်ဟောကြားခြင်း

ထိုအခါ ဗုဒ္ဓမြတ်စွာ ကြွသွားပြီး မကြာမီတွင် ရှင်သာရိပုတ္တရာက ရဟန်းတို့ အား မေးတော်မူသည်။ " ငါ့ရှင်တို့၊ အပေါင်းအဖော်ကိလေသာတို့မှ ကင်းဆိတ်စွာ နေတော်မူသော မြတ်စွာဘုရား၏ တပည့်တို့သည် အဘယ်မျှဖြင့် မြတ်စွာဘုရား၏ ကင်းဆိတ်စွာနေမှု ဝိဝေကကို အတုလိုက်၍ မကျင့်သည် မည်ကုန်သနည်း။ အဘယ်မျှဖြင့် မြတ်စွာဘုရား၏ ကင်းဆိတ်စွာနေမှု ဝိဝေကကို အတုလိုက်၍ ကျင့်သည် မည်ပါကုန်သနည်း။"

ရှင်သာရိပုတ္တရာက ဤသို့ မေးမြန်းသောအခါ ဤအကြောင်းအရာကို ရှင်သာရိပုတ္တရာ ကိုယ်တိုင်ပင် ရှင်းလင်း ဟောကြားပေးရန် ရဟန်းတို့က တောင်း ပန်ကြသည်။ ထို့ကြောင့် ရှင်သာရိပုတ္တရာက အောက်ပါအတိုင်း ဟောကြား တော်မူလေသည်။

## ဘုရားရှင်အား အတုလိုက်၍ မကျင့်သူ

"ငါ့ရှင်တို့၊ ဤသာသနာ၌ မြတ်စွာဘုရား၏ တပည့်တို့သည် အပေါင်း အဖော်တို့မှ ကင်းဆိတ်စွာနေသော မြတ်စွာဘုရား၏ ဝိဝေကကို အတုလိုက်၍ မကျင့်ကြကုန်၊ မြတ်စွာဘုရားက စွန့်ပယ်ရန် ဟောကြားအပ်သော တရားများကို မစွန့်ပယ်ကြကုန်၊ ပစ္စည်းလေးပါး ပေါ်များရန် ကျင့်ကြံနေကြကုန်၏။ ဘုရား ရှင်၏ အဆုံးအမကို ပေါ့လျော့စွာ နာယူနေကြကုန်၏။ ဆုတ်ယုတ်ကြောင်း တရား၌ ရှေ့သွား ခေါင်းဆောင်ပြု၍ နေကြကုန်၏။ ကိလေသာ ကင်းဆိတ်ရာ နိဗ္ဗာန်ကို ရရှိရေး၌ လုံ့လ အားမထုတ်ဘဲ နေကြကုန်၏။ 'ငါ့ရှင်တို့၊ ထိုသို့

www.dhammaransi.com



ဖြစ်ရာ၌ မထေရ်ကြီး ရဟန်းတို့သည် ဘုရားရှင်၏ ဝိဝေကကို¹ အတုလိုက်၍ မကျင့်ခြင်း၊ ဘုရားရှင်က စွန့်ပယ်ရန် ဟောကြားအပ်သော တရားများကို မစွန့်ပယ်ခြင်း၊ ပစ္စည်းလေးပါး ပေါများရန်သာ ကျင့်ကြံနေခြင်း စသော အကြောင်း သုံးပါးတို့ဖြင့် ကဲ့ရဲ့ထိုက်သူများ ဖြစ်ကုန်၏။ သီတင်းလတ်ရဟန်း၊ သီတင်းငယ် ရဟန်းတို့သည်လည်း ထိုအကြောင်း သုံးပါးတို့ဖြင့်ပင် ကဲ့ရဲ့ထိုက်သူများ ဖြစ်ကုန်၏။ ငါ့ရှင်တို့၊ အပေါင်းအဖော် ကိလေသာတို့မှ ကင်းဆိတ်စွာ နေတော်မူသော မြတ်စွာဘုရား၏ တပည့်တို့သည် ဤမျှဖြင့် မြတ်စွာဘုရား၏ ကင်းဆိတ်စွာ နေခြင်း ဝိဝေကကို အတုလိုက်၍ မကျင့်သည် မည်ကုန်၏။"

## ဘုရားရှင်အား အတုလိုက်၍ ကျင့်သူ

"ငါ့ရှင်တို့၊ ဤသာသနာတော်၌ မြတ်စွာဘုရား၏ တပည့်တို့သည် အပေါင်း အဖော်ကိလေသာတို့မှ ကင်းဆိတ်စွာ နေတော်မူသော မြတ်စွာဘုရား၏ ဝိဝေက ကို အတုလိုက်၍ ကျင့်ကုန်၏။ မြတ်စွာဘုရားက စွန့်ပယ်ရန် ဟောကြားအပ်သော တရားတို့ကို စွန့်ပယ်ကြကုန်၏။ ပစ္စည်းလေးပါး ပေါများရန် ကျင့်ကြံပနေကြ၊ ဘုရားရှင်၏ အဆုံးအမကို ပေါ့လျော့စွာ မနာယူကြ။ ဆုတ်ယုတ်ကြောင်း တရား၌ လုံးဝ အားမထုတ်ကြ။ ကိလေသာ ကင်းဆိတ်ရာနိဗ္ဗာန်ကို ရှေးရှု၍ ရှေ့ဆောင်ရှေ့ သွားပြု၍ နေကြကုန်၏။ 'ငါ့ရှင်တို့၊ ထိုသို့ ဖြစ်ရာ၌ - မထေရ်ကြီး ရဟန်းတို့သည် ဘုရားရှင်၏ အပေါင်းအဖော်ကိလေသာတို့မှ ကင်းဆိတ်စွာနေမှုကို အတုလိုက်၍ ကျင့်ခြင်း၊ စွန့်ပယ်ရန် ဟောကြားအပ်သော တရားတို့ကို စွန့်ပယ်ခြင်း၊ ပစ္စည်းလေး ပါး ပေါများရန် မကျင့်ခြင်း စသော အကြောင်းသုံးပါးတို့ဖြင့်ပင် ချီးမွမ်းထိုက်သူများ ဖြစ်ကုန်၏။ ငါ့ရှင်တို့၊ အပေါင်းအဖော် ကိလေသာတို့မှ ကင်းဆိတ်စွာနေတော်မူ သော မြတ်စွာဘုရား၏ တပည့်တို့သည် ဤမျှသော အတိုင်းအရှည်အားဖြင့် မြတ်စွာဘုရား၏ ကင်းဆိတ်စွာနေခြင်းကို အတုလိုက်၍ ကျင့်သည်မည်ပေကုန်၏။"

---

၁။ ကင်းဆိတ်စွာနေခြင်း ဝိဝေကသည် ကိုယ်အားဖြင့် အပေါင်းအဖော်တို့မှ ကင်းဆိတ်စွာနေ ခြင်း ကာယဝိဝေက၊ စိတ်အားဖြင့် ကိလေသာတို့မှ ကင်းဆိတ်စွာ နေခြင်း၊ စိတ္တဝိဝေက၊ သင်္ခါရတရားများ ကင်းဆိတ်ရာ နိဗ္ဗာန်ကို အာရုံပြု၍ နေခြင်း ဥပဓိဝိဝေက- ဟူ၍ သုံးပါး ရှိ၏။ ဤဝိဝေက သုံးပါးကို ကျင့်သုံးကြရန် ရှင်သာရိပုတ္တရာက ရဟန်းတို့အား တိုက်တွန်းခြင်း ဖြစ်ပါသည်။

www.dhammaransi.com



## စွန့်ပယ်ရမည့် တရားများ

"ငါ့ရှင်တို့၊ လောဘသည် ယုတ်မာသော တရားဖြစ်၏။ ဒေါသသည်လည်း ယုတ်မာသော တရားဖြစ်၏။ ထိုလောဘနှင့် ဒေါသတို့ကို ပယ်ရန် အလို့ငှာ ဉာဏ်အမြင်ကို ပြုတတ်သော မဇ္ဈိမပဋိပဒါအကျင့်သည် ရှိ၏။ ထို မဇ္ဈိမ ပဋိပဒါအကျင့်ဟူသည် သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ အစရှိသည့် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ပင် ဖြစ်ပေ၏။

ငါ့ရှင်တို့၊

အမျက်ထွက်ခြင်း ကောဓနှင့် ရန်ငြိုးဖွဲ့ခြင်း ဥပနာဟ၊

သူ့ကျေးဇူး ကို ချေဖျက်ခြင်း မက္ခနှင့် ဂုဏ်ပြိုင်ခြင်း ပဠာသ၊

မနာလိုခြင်း ဣဿာနှင့် ဝန်တိုခြင်း မစ္ဆရိယ၊

လှည့်စားခြင်း မာယာနှင့် စဉ်းလဲခြင်း သာဌေယျ၊

ခက်ထန်ခြင်း ထမ္ဘနှင့် ချုပ်ခြယ်ခြင်း သာရမ္ဘ၊

ထောင်လွှားခြင်း မာနနှင့် အလွန် ထောင်လွှားခြင်း အတိမာန၊

ယစ်မူးခြင်း မဒနှင့် မေ့လျော့ခြင်း ပမာဒ

တို့သည် ယုတ်မာသော တရားများ ဖြစ်ကြကုန်၏။ ထိုတရားတို့ကို ပယ်ရန် အလို့ငှာ ဉာဏ်အမြင်ကို ပြုတတ်သည့် မဇ္ဈိမ ပဋိပဒါ အကျင့်သည် ရှိပေ၏။ ထို မဇ္ဈိမ ပဋိပဒါအကျင့်ဟူသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ပင် ဖြစ်ပေ၏။

ဤသို့ ရှင်သာရိပုတ္တရာက ဟောကြားတော်မူရာ ရဟန်းတို့သည် ထိုဟောကြားချက်ကို နှစ်သက်စွာနာယူခဲ့ကြလေသည်။

[ဤသုတ်ကို ဟောကြားစဉ်အချိန်က မြတ်စွာဘုရားနှင့် ရဟန်းသံဃာတို့အား များစွာသော လာဘသက္ကာရများ ဖြစ်ပေါ်လာသောအချိန်ဖြစ်၏။ ထိုအချိန်တွင် အချို့သော ရဟန်းတို့သည် နူးမ်းသက်သန့်စသော ပစ္စည်းလေးပါးတို့၌ လွန်စွာ အာရုံစိုက် နေကြသည်။ ထိုရဟန်းတို့အား ခမ္မသံဝေဂဖြစ်စေရန် ဘုရားရှင်က ဤသုတ်ကို ဟောကြားတော်မူခဲ့ခြင်း ဖြစ်၏။ အဋ္ဌကထာ]

www.dhammaransi.com

# ၄။ ဘယဘေရဝသုတ်

## ကြောက်လန့်ဖွယ်များနှင့်စပ်သော ဟောကြားချက်

### အမျိုးကောင်းသားတို့၏ ရှေ့သွားခေါင်းဆောင်

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဘုရားရှင် သီတင်းသုံးနေစဉ် ဇာနုသောဏိမည်သော ပုဏ္ဏားသည် ကျောင်းတော်သို့ ရောက်လာပြီး ဘုရားရှင်အား ဤသို့ လျှောက်ကြားလေသည်။

"အရှင်ဂေါတမ၊ အရှင်သည် မိမိကို ရည်မှန်း၍ ရဟန်းပြုလာကြသည့် အမျိုးကောင်းသားတို့၏ ရှေ့သွားခေါင်းဆောင် ဖြစ်ပါသည်။ နည်းလမ်းပြသူ ဖြစ်ပါသည်။ ထိုအမျိုးကောင်းသားအပေါင်းသည် အရှင် ဂေါတမကို အတုလိုက်၍ ကျင့်ကြံနေကြရပါသည်။"

"ပုဏ္ဏား၊ မှန်ပေ၏။ ငါသည် ငါ့ကို ရည်မှန်း၍ ရဟန်းပြုလာကြသည့် အမျိုးကောင်းသားတို့၏ ရှေ့သွားခေါင်းဆောင် ဖြစ်ပေ၏။ နည်းလမ်းပြသူ ဖြစ်ပေ၏။ ထိုအမျိုးကောင်းသား အပေါင်းသည် ငါ့ကို အတုလိုက်၍ ကျင့်ကြံနေကြပေကုန်၏။"

"အရှင်ဂေါတမ၊ တောစွန်တောင်ဖျား၌ တည်ရှိသော ကျောင်းတို့သည် ဝင်ရောက်နေထိုင်ရန် ခက်ခဲလှပါ၏။ လူသူကင်းဆိတ်စွာ နေရခြင်းသည် ခက်ခဲလှပါ၏။ အဖော်မရှိ တစ်ကိုယ်တည်း နေရခြင်း၌ ပျော်မွေ့နိုင်ခဲလှပါ၏။ တောတောင်တို့သည် တည်ငြိမ်မှု မရှိသော ရဟန်း၏ စိတ်ကို ချောက်ချားစေနိုင်ပါ၏။"

www.dhammaransi.com



## ကြောက်ရွံ့သူနှင့် မကြောက်ရွံ့သူ

"ပုဏ္ဏား၊ မှန်ပေ၏။ ငါသည်လည်း သမ္ဗောဓိမတိုင်မီ ဘုရားလောင်း ဖြစ်စဉ်က သင်ကဲ့သို့ စဉ်းစားမိခဲ့၏။ သို့သော် ကိုယ်၊ နှုတ်၊ စိတ်အားဖြင့် လည်းကောင်း၊ အသက်မွေးမှုအားဖြင့် လည်းကောင်း၊ မစင်ကြယ်သော ပုဂ္ဂိုလ်တို့သည်သာလျှင် ထို မစင်ကြယ်မှုကို အကြောင်းပြု၍ ထိတ်လန့် ကြောက်ရွံ့ဖွယ်တို့ကို ဖိတ်ခေါ်နေကြကုန်၏။ ငါသည်ကား ကိုယ်၊ နှုတ်၊ စိတ်အားဖြင် လည်းကောင်း၊ အသက်မွေးမှုများ အားဖြင့်လည်းကောင်း သန့်ရှင်းစင်ကြယ်သူ ဖြစ်၏။ ထို့ကြောင့် ငါသည် တောစွန် တောင်ဖျားတို့၌ နေထိုင်ရခြင်းနှင့်ပတ်သက်၍ ကြောက်ရွံ့ခြင်း ကင်းပြီး ဖြစ်ပေ၏။-

'ပုဏ္ဏား-

- အဘိဇ္ဈာအားကြီး၍ ကာမဂုဏ်တို့၌ တပ်မက်မှု လွန်ကဲသူ၊
- ဗျာပါဒအားကြီး၍ စိတ်ထား ယုတ်မာသူ၊
- ထိနမိဒ္ဓအားကြီး၍ ထိုင်းမှိုင်းတွေဝေမှုများသူ၊
- ဝိစိကိစ္ဆာအားကြီး၍ တွေးတောယုံမှားမှုများသူ၊
- မိမိကိုယ်ကို ချီးမြှောက်၍ သူတစ်ပါးကို ရှုတ်ချတတ်သူ၊
- ပင်ကိုယ်အားဖြင့် လွန်စွာ ကြောက်လန့်တတ်သော သဘောရှိသူ၊
- လာဘ သက္ကာရကို မက်မောသူ၊
- ပျင်းရိတွန့်ဆုတ်တတ်သူ၊
- သတိလက်လွတ် နေတတ်သူ၊ သမ္ပဇဉ်ဉာဏ်ကင်းမဲ့သူ၊
- မတည်ငြိမ်သည် ဖြစ်၍ လွင့်ပါးသော စိတ်ရှိသူ၊
- အသိဉာဏ်ခေါင်းပါး၍ မိုက်မဲတွေဝေသူ၊

'ဤကဲ့သို့သော သူတို့သည်သာလျှင် မိမိတို့၏ အပြစ်ကို အကြောင်းပြု၍ ထိတ်လန့်ကြောက်ရွံ့ဖွယ်တို့ကို ဖိတ်ခေါ်နေကြကုန်၏။

"ပုဏ္ဏား- ငါသည်ကား အဘိဇ္ဈာအားကြီး၍ ကာမဂုဏ်တို့၌ လွန်ကဲသော တပ်မက်မှု ရှိသူမဟုတ်၊- အဘိဇ္ဈာကင်းပြီးသူ ဖြစ်၏။ - ငါသည် ဗျာပါဒအားကြီး ၍ စိတ်ထား ယုတ်မာသူမဟုတ်။ -မေတ္တာစိတ်ရှိသူ ဖြစ်၏။ -ငါသည် ထိနမိဒ္ဓ အားကြီး၍ ထိုင်းမှိုင်းတွေဝေသူမဟုတ်၊ -ထိနမိဒ္ဓ ကင်းပြီးသူ ဖြစ်၏။ - ငါသည်

www.dhammaransi.com



ဥဒ္ဒစ္စ အားကြီး၍ ပျံ့လွင့်သော စိတ်ရှိသူ မဟုတ်၊ - အေးချမ်းသောစိတ်ရှိသူဖြစ်၏။ - ငါသည် ဝိစိကိစ္ဆာ အားကြီး၍ တွေးတောယုံမှားမှု များသူမဟုတ်၊ - ဝိစိကိစ္ဆာ ကင်းပြီးသူ ဖြစ်၏။ - ငါသည် မိမိကိုယ်ကို ချီးမြှောက်၍ - သူတစ်ပါးကိုကဲ့ရဲ့တတ်သူမဟုတ်။ - ငါသည် လွန်စွာ ကြောက်ရွံ့တတ်သူ မဟုတ်။ ကြောက်ရွံ့မှု ကင်းပြီးသူ ဖြစ်၏။

- ငါသည် လာဘသက္ကာရ[၁]ကို လိုလားနှစ်သက်သူ မဟုတ်၊ အလိုနည်းသူဖြစ်၏။
- ငါသည် ပျင်းရိတွန့်ဆုတ်တတ်သူ မဟုတ်။ ကြိုးစားအားထုတ်မှု ရှိသူဖြစ်၏။
- ငါသည် သတိလက်လွတ်နေတတ်သူ၊ သမ္ပဇဉ်ဉာဏ်ကင်းမဲ့သူ မဟုတ်။
- စွဲမြဲသော သတိရှိသူဖြစ်၏။ သမ္ပဇဉ်ဉာဏ်ရှိသူ ဖြစ်၏။
- ငါသည် မတည်ငြိမ်သည် ဖြစ်၍ လွင့်ပါးသော စိတ်ရှိသူ မဟုတ်။
- တည်ငြိမ်သော သမာဓိနှင့် ပြည့်စုံသူဖြစ်၏။
- ငါသည် အသိဉာဏ် ခေါင်းပါး၍ မိုက်မဲထုံထိုင်းသူ မဟုတ်။
- အသိအလိမ္မာ ဉာဏ်ပညာနှင့် ပြည့်စုံသူ ဖြစ်၏။

- ထို့ကြောင့် ငါသည် တောစွန်တောဖျား အရပ်များတွင် နေထိုင်မှု၌ ကြောက်ရွံ့ခြင်း ကင်းသူဖြစ်ပေ၏။"

## ကြောက်ရွံ့မှုကို ပယ်ဖျောက်ပုံ

"ပုဏ္ဏား၊ ငါသည် ကြောက်ရွံ့ဖွယ် အာရုံတို့ကို တွေ့မြင်စုံစမ်းလိုသည် ဖြစ်၍ လဆန်းပက္ခ၊ လဆုတ်ပက္ခတို့၏ တစ်ဆယ့်လေးရက်၊ တစ်ဆယ့်ငါးရက်၊ ရှစ်ရက် နေ့ညတို့၌၊ ထိတ်လန့် ကြောက်ရွံ့ဖွယ်ကောင်းသော အရပ်တို့၌ တစ်ပါတည်း နေခဲ့ဖူး၏။ ထိုသို့ နေသောအခါ သားကောင်သည် လာ၏။ ဥဒေါင်းငှက်သည်လည်း သစ်ကိုင်းကို လှုပ်စေ၏။ လေသည်လည်း သစ်ရွက်ကို လှုပ်ရှားစေ၏။ ထိုအခါ 'ထိတ်လန့် ကြောက်ရွံ့ဖွယ်အာရုံသည် လာလေပြီလော' ဟု ငါ့အာ စိတ်အကြံ ဖြစ်ပေါ်လာ၏။ ထို့နောက် ငါသည် စင်္ကြန်လျှောက်နေစဉ်၌ ဖြစ်ပေါ်

---

၁။ လာဘသက္ကာရ သိလောကလာဘ- ပစ္စည်းလေးပါးရရှိမှု၊ သက္ကာရ- ပူဇော်ဂုဏ်ပြုမှု၊ သိလောက- ဂုဏ်သတင်းကျော်ကြားမှု၊ ဤသုံးမျိုးလုံးကို ဆိုလိုပါသည်။

www.dhammaransi.com



လာသော ကြောက်မယ်ဖွယ်ကို စင်္ကြန်လျှောက်ရင်းဖြင့် သာလျှင် ပယ်ဖျောက်ခဲ့၏။ ရပ်နေစဉ်၊ ထိုင်စဉ်၊ အိပ်နေစဉ်၌ ဖြစ်ပေါ်လာသော ကြောက်မက်ဖွယ်ကိုလည်း အိပ်နေရင်းဖြင့်သာ ပယ်ဖျောက်ခဲ့၏။"

## မတွေဝေသောနေခြင်း

"ပုဏ္ဏား၊ ဤလောက၌ အချို့သော ရဟန်းပုဏ္ဏားတို့သည် ညကို နေ့ဟု အမှတ်ပြု၍ နေကြကုန်၏။ နေ့ကိုလည်း ညဟု အမှတ်ပြု၍ နေကြကုန်၏။[၁] ဤသို့နေခြင်းကို တွေဝေသောနေခြင်းဟု ငါဆို၏။ ပုဏ္ဏား၊ ငါသည်ကား ညကို ညဟု အမှတ်ပြု၍သာနေ၏။ နေ့ကိုလည်း နေ့ဟု အမှတ်ပြု၍သာ နေ၏။ ပုဏ္ဏား၊ 'ဤလောက၌ နတ်လူတို့၏ အကျိုးစီးပွားအလို့ငှာ တွေဝေခြင်းသဘော မရှိသော ပုဂ္ဂိုလ်သည် ဖြစ်ပေါ်လာ၏' ဟု ဆိုခဲ့သော် ငါ့ကို ရည်ရွယ်၍ ဆိုမှ သာလျှင် ကောင်းစွာဆိုရာရောက်ပေ၏။"

## ဈာန်လေးပါးကို ရရှိခဲ့ပုံ

ဤသို့လျှင် ဘုရားရှင်သည် မိမိ၏ မတွေဝေသောနေခြင်းဖြင့် နေပုံကို မိန့်ကြားပြီး ထိုသို့ နေနိုင်ခြင်းအကြောင်းကို ဆက်လက် မိန့်ကြားတော် မူလေ၏။

"ပုဏ္ဏား၊ ငါသည် လုံ့လ ဝီရိယကို မတွန့်မဆုတ် အားထုတ်ခဲ့၏။ ငါ၏ သတိသည် စွဲမြဲစွာ တည်ခဲ့၏။ ကိုယ်သည် ငြိမ်းချမ်းခဲ့၏၊ စိတ်သည် တည်ငြိမ်ခဲ့၏။ ထိုအခါ ငါသည် ကာမဂုဏ်တို့မှ လည်းကောင်း၊ အကုသိုလ်တရားတို့မှ လည်းကောင်း၊ ကင်းကွာ၍ ဝိတက် ဝိစာရ ပီတိ သုခတို့နှင့် တကွဖြစ်သော ပဌမဈာန်ကို ဝင်စား၍နေနိုင်ခဲ့၏။[၂]

'ဝိတက်နှင့် ဝိစာရတို့ ငြိမ်းအေးသွားပြီး သမာဓိကြောင့် ဖြစ်သည့် ပီတိနှင့် သုခတို့သာပါရှိသော ဒုတိယဈာန်ကိုလည်း ဝင်စား၍ နေနိုင်ခဲ့၏။

---

၁။ အချို့သော ရသေ့ရဟန်းများသည် ဈာန်သမာပတ်ဝင်စားသည့်အခါ ညအချိန်၌ ဝင်စားပြီး နေ့အချိန်၌ ထမည်ဟု ရည်ရွယ်ထားကြ၏။ သို့သော် သမာပတ်မှ ထမှု၌ မကျွမ်းကျင်သဖြင့် ညအချိန်မှာပင် ထမိပြီး နေ့ဟု ထင်မှတ်တတ်ကြ၏။ တစ်ခါတစ်ရံ နေ့အချိန်၌ ဝင်စားပြီး ညအချိန်၌ ထမည်ဟု ရည်ရွယ်ထားရာ၌လည်း နေ့အချိန်၌ပင် ထမိပြီး ညဟု ထင်တတ်ကြ၏။

၂။ သမ္မာသမ္ဗောဓိဉာဏ်ကို ရရှိရန်အတွက် မဟာဗောဓိပင်ရင်း၌ မိမိတရားအားထုတ်ခဲ့ပုံများကို ပြန်ပြောင်း ဟောကြားခြင်း ဖြစ်ပါသည်။

www.dhammaransi.com



'တစ်ဖန် ပီတိလည်း ကင်းကွာသွားခြင်းကြောင့် သတိသမ္ပဇဉ်နှင့် ပြည့်စုံသည် ဖြစ်၍ သုခကို ခံစားလျက် တတိယဈာန်ကို ဝင်စား၍ နေနိုင်ခဲ့၏။-

'ထို့နောက် ငါသည် သုခနှင့် ဒုက္ခတို့ မရှိတော့ဘဲ စင်ကြယ်သော ဥပေက္ခာသတိနှင့် ပြည့်စုံသည့် စတုတ္ထဈာန်ကိုလည်း ဝင်စား၍ နေနိုင်ခဲ့၏။"

## ဝိဇ္ဇာသုံးပါးကို ရရှိခဲ့ပုံ

ဤသို့လျှင် ဘုရားရှင်သည် လုံ့လဝိရိယကို မတွန့် မဆုတ် အားထုတ်ခဲ့ခြင်းကြောင့် ဗောဓိပင်ရင်း၌ ဈာန်လေးပါးကို မိမိရရှိခဲ့ပုံများကို မိန့်ကြားပြီး တည်ငြိမ်သော စတုတ္ထဈာန်သမာဓိ၏ အစွမ်းအားဖြင့် အဘိညာဏ် စွမ်းရည်များ ရရှိခဲ့ပုံကိုလည်း ဆက်လက်မိန့်ကြားတော်မူသည်။

"ပုဏ္ဏား၊ ထို့နောက် ငါသည် စတုတ္ထဈာန် သမာဓိ၏ အစွမ်းအားဖြင့် တည်ငြိမ်သန့်စင် ကြည်လင်နူးညံ့ ကြံ့ခိုင်သော စိတ်ကို ရှေးအခါက မိမိနေခဲ့ ဖြစ်ခဲ့ဖူးသော ဘဝ ဖြစ်စဉ်များကို ပြန်ပြောင်းအောက်မေ့နိုင်သော ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်အလို့ငှာ ရှေ့ရှုညွှတ်စေခဲ့၏။ ထိုအခါ ငါသည် တစ်ဘဝ နှစ်ဘဝ မှစ၍ များစွာသောကပ်ကမ္ဘာတို့ တိုင်အောင် မိမိ၏ အတိတ်ဘဝ ဖြစ်စဉ်တို့ကို ပြန်ပြောင်း အောက်မေ့နိုင်ခဲ့၏။ ပုဏ္ဏား- ငါသည် ဤ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ် ဟူသော ပဌမ ဝိဇ္ဇာကို (ကဆုန်လပြည့်နေ့၏) ညဦးယံ၌ ရရှိခဲ့၏။-

'ပုဏ္ဏား၊ ထို့နောက် ငါသည် တည်ငြိမ်သော စိတ်ကို သတ္တဝါတို့၏ ဖြစ်ပျက်နေကြပုံကို သိမြင်သော စုတုပပါတဉာဏ်အလို့ငှာ ရှေ့ရှုညွှတ်စေခဲ့၏။ ထိုအခါ ငါသည် ဘဝဟောင်းမှ သေလွန်သွားသော သတ္တဝါ၊ ဘဝသစ်၌ တစ်ဖန် ဖြစ်သော သတ္တဝါတို့ကို နတ်မျက်စိနှင့်တူသော ဒိဗ္ဗစက္ခုဉာဏ်ဖြင့် သိမြင်ခဲ့၏။ မကောင်းမှု ပြုခဲ့သူများ အပါယ်လေးပါးသို့ ကျရောက်သွားပုံနှင့် ကောင်းမှုပြုခဲ့သူများ ကောင်း ရာ သုဂတိသို့ ရောက်သွားကြရပုံတို့ကို ငါသိမြင်ခဲ့၏။ ပုဏ္ဏား၊ ငါသည် ဤ စုတုပပါတဉာဏ်ဟူသော ဒုတိယဝိဇ္ဇာကို (ကဆုန်လပြည့်နေ့ည၏) သန်းခေါင်ယံ၌ ရရှိခဲ့၏။-

'ပုဏ္ဏား၊ ထို့နောက် ငါသည် တည်ငြိမ်သောစိတ်ကို အာသဝေါတရားများကုန်ခန်းကြောင်း ဖြစ်သော အာသဝက္ခယဉာဏ် အလို့ငှာ ရှေ့ရှုညွှတ်စေခဲ့၏။ ထိုအခါ ငါသည် 'ဤကား ဒုက္ခတည်း၊ ဤကား ဒုက္ခဖြစ်ကြောင်းတည်း။ ဤကား ဒုက္ခချုပ်ရာတည်း၊ ဤကား ဒုက္ခချုပ်ရာသို့ ရောက်စေနိုင်သော အကျင့်တည်း'

www.dhammaransi.com



ဟူ၍ ဟုတ်တိုင်း မှန်စွာ သိမြင်ခဲ့၏။ အာသဝေါတရားများကိုလည်း ထိုနည်းတူပင် ဟုတ်တိုင်းမှန်စွာ သိမြင်ခဲ့၏။ ထိုသို့ သိမြင်ခဲ့သော ငါ၏ စိတ်သည် အာသဝေါ တရားတို့မှ လွတ်မြောက်ခဲ့၏။ ထိုသို့ လွတ်မြောက်သောအခါ လွတ်မြောက်ပြီ ဟု သိသောဉာဏ်သည် ဖြစ်ပေါ်လာ၏။ 'ငါ့အား ဘဝသစ်ဖြစ်မှုကုန်ပြီ၊ အကျင့် မြတ်ကို ကျင့်သုံးမှုကိစ္စ ပြီးစီးခဲ့ပြီ၊ အာသဝေါတရားများ ကုန်ခန်းရန်အတွက် အခြား ပြုဖွယ်ကိစ္စ မရှိတော့ပြီ'ဟူ၍ ထင်ရှားစွာ ငါသိမြင်ခဲ့ပေသည်။ ပုဏ္ဏား၊ ငါသည် အာသဝက္ခယဉာဏ်ဟူသော ဤတတိယဝိဇ္ဇာကို (ကဆုန်လပြည့်ည) မိုးသောက်ယံ၌ ရရှိခဲ့ပေ၏။"

## တောအရပ်၌ နေခြင်းအကြောင်း

ဤသို့လျှင် ဘုရားရှင်က မိမိသည် မတွေဝေသော နေခြင်းဖြင့် နေသူဖြစ် ကြောင်း မိန့်ကြားသော်လည်း ဇာနုသောဏိ ပုဏ္ဏားကား "ရဟန်းဂေါတမသည် ရာဂ ဒေါသ မကင်းသေးသောကြောင့် တောစွန်တောင်ဖျား အရပ်ကို၌ နေလေသ လော" ဟူ၍ တွေးတောနေ၏။ ထိုတွေးတောယုံမှားမှုများ ကင်းပျောက်သွားစေရန် ဘုရားရှင်က အောက်ပါအတိုင်း ဆက်လက်မိန့်ကြားတော်မူလေသည်။

"ပုဏ္ဏား၊ ရဟန်းဂေါတမသည် ယနေ့တိုင်အောင်ပင် ရာဂ ဒေါသ မကင်း သေးသည်ဖြစ်၍ တောစွန် တောင်ဖျားကျောင်းများ၌ နေလေသလောဟူ၍ သင့် အား တွေးတောယုံမှားခြင်း ဖြစ်ဖွယ်ရှိပေ၏။ စင်စစ် ထိုသို့ မထင်အပ်ချေ။ ငါ သည် မိမိ၏ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရခြင်းနှင့် နောင်လာ နောက်သားတို့ အား ထောက်ထားငဲ့ညှာခြင်းဟူသော အကြောင်းနှစ်ပါးကို ရည်မျှော်လျက် တောစွန် တောင်ဖျား ကျောင်းများ၌ နေထိုင်ခြင်းဖြစ်ပေ၏။"

## ဇာနုသောဏိပုဏ္ဏား သရဏဂုံတည်ခြင်း

ဘုရားရှင်က ဤသို့ မိန့်ကြားသောအခါ ဇာနုသောဏိပုဏ္ဏား လွန်စွာ ဝမ်းမြောက် ကျေနပ်လျက် ဘုရားရှင်အား ဤသို့ လျှောက်ကြားလေသည်။

"အရှင်ဂေါတမ၊ အရှင်ကဲ့သို့ သမ္မာသမ္ဗုဒ္ဓ စင်စစ်ဖြစ်တော်မူသော ရဟန္တာ ပုဂ္ဂိုလ်မြတ်သည် နောင်လာနောက်သားတို့အား အမှန်ပင် စာနာထောက်ထား သနား ငဲ့ညှာထိုက်ပါပေသည်။ အရှင်ဂေါတမ၊ အရှင်၏ မိန့်ကြားချက်များမှာ နှစ်သက်ဖွယ် ကောင်းလှပါ၏။ ကျေနပ်ဖွယ်ကောင်းလှပါ၏။ ဥပမာအားဖြင့်

www.dhammaransi.com



မှောက်ထားသော အိုးခွက်ကို လှန်ပြဘိသကဲ့သို့ လည်းကောင်း၊ ဖုံးအုပ်ထားသော အရာဝတ္ထုကို ဖွင့်ပြဘိသကဲ့သို့ လည်းကောင်း၊ မှောင်မည်းနေသော အရပ်၌ မျက်စိကောင်းသူများ မိမိတို့ ကြည့်လို မြင်လိုသည်တို့ကို ကြည့်နိုင် မြင်နိုင်ကြစေရန် မီးရှူးမီးတိုင်များကို ဆောင်ယူထွန်းညှိပေးလိုက်သကဲ့သို့ လည်းကောင်း၊ မျက်စိလည်၍ လမ်းပျောက်နေသူအား လမ်းမှန်ကို ပြပေးဘိသကဲ့သို့ လည်းကောင်း၊ ထို့အတူပင် အရှင်ဂေါတမ သည် အမျိုးမျိုးသော အကြောင်းများဖြင့် တရားကို ဟောကြားပြသအပ်ပါပေသည်။ ကျွန်ုပ်သည်ယနေ့မှစ၍ အရှင်ဂေါတမကို လည်းကောင်း၊ အရှင်ဂေါတမ၏တရားတော်နှင့် တပည့်သံဃာအပေါင်းကို လည်းကောင်း ကိုးကွယ်ဆည်းကပ်ရာဟူ၍ မှတ်ယူပါ၏။ အရှင်ဂေါတမသည် ယနေ့မှစ၍ အသက်ထက်ဆုံး ကျွန်ုပ်ကို ရတနာသုံးပါးအား ကိုးကွယ်ဆည်းကပ်သူ ဥပါသကာဟု မှတ်တော်မူပါ။"

[ဤသုတ်၌ ဇာဏုသောဏိဟူသောအမည်မှာ ထိုပုဏ္ဏား၏ နာမည်ရင်း မဟုတ်၊ ရာထူး အမည်ဖြစ်၏။]

www.dhammaransi.com

# ၅။ အနင်္ဂဏသုတ်

## အညစ်အကြေးရှိသူနှင့် အညစ်အကြေးကင်းသူတို့ အကြောင်းကို ဟောကြားခြင်း

### ပုဂ္ဂိုလ်လေးမျိုး

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဘုရားရှင် သီတင်းသုံးနေတော်မူစဉ် ရှင်သာရိပုတ္တရာက ရဟန်းတို့အား လောက၌ ပုဂ္ဂိုလ်လေးမျိုးရှိကြောင်း ဟောကြားတော်မူသည်။ ပုဂ္ဂိုလ်လေးမျိုးကား–

(၁) မိမိသည် အညစ်အကြေးရှိသူ ဖြစ်လျက် 'ငါ၏ အတွင်းသန္တာန်၌ အညစ်အကြေးရှိနေပါကလား' ဟု မှန်ကန်စွာ မသိသူ။

(၂) မိမိသည် အညစ်အကြေးရှိသူ ဖြစ်လျက် 'ငါ၏ အတွင်းသန္တာန်၌ အညစ်အကြေးရှိနေပါကလား' ဟု မှန်ကန်စွာ သိသူ။

(၃) မိမိသည် အညစ်အကြေးမရှိသူ ဖြစ်လျက် 'ငါ၏ အတွင်းသန္တာန်၌ အညစ်အကြေးမရှိ' ဟု မှန်ကန်စွာ မသိသူ။

(၄) မိမိသည် အညစ်အကြေးမရှိသူ ဖြစ်လျက် 'ငါ၏ အတွင်းသန္တာန်၌ အညစ်အကြေးမရှိ'ဟု မှန်ကန်စွာ သိသူတို့ ဖြစ်၏။

### သိသူနှင့် မသိသူ

"ငါ့ရှင်တို့၊ မိမိသည် အညစ်အကြေးရှိသူဖြစ်လျက် ငါ၏အတွင်းသန္တာန်၌ အညစ်အကြေးရှိနေပါကလား"ဟူ၍ မသိသူနှင့် သိသူနှစ်ဦးတို့တွင် မသိသူကို ယုတ်ညံ့သူဟု ဆိုအပ်၏။ သိသူကို မြင့်မြတ်သူဟု ဆိုအပ်၏"

www.dhammaransi.com



ဤသို့ ရှင်သာရိပုတ္တရာက မိန့်ကြားသောအခါ "အဘယ်အကြောင်း ကြောင့် ဤသို့ ဆိုအပ်ပါသနည်း"ဟု ရှင်မောဂ္ဂလ္လာန်က မေးလေသည်။ ရှင်သာရိပုတ္တရာက အကြောင်းပြချက်ကို အောက်ပါအတိုင်း မိန့်မြွက်တော်မူသည်။

"ငါ့ရှင် မောဂ္ဂလ္လာန်၊ မိမိသန္တာန်၌ အညစ်အကြေးရှိနေပါလျက် အညစ်အကြေး ရှိနေကြောင်း မသိသူသည် ထိုအညစ်အကြေးကို ပယ်ရန် အားထုတ်မည်မဟုတ်။ ထိုသူသည် ရာဂ၊ ဒေါသ၊ မောဟ ဟူသော အညစ်အကြေး တန်းလန်းဖြင့် ညစ်နွမ်းသော စိတ်ရှိလျက်သာ သေလွန်ဖွယ် ရှိ၏။ ဥပမာ-ညစ်ပေနေသော ကြေးခွက်ကို ရရှိထားသူသည် ထိုခွက်ကို သုံးစွဲခြင်းလည်း မပြု၊ ဆေးကြောတိုက်ချွတ် ခြင်းလည်း မပြုဘဲ ပစ်ထားခဲ့လျှင် ထိုခွက်သည် ပို၍ ညစ်ထေးသွားစရာ ရှိသကဲ့သို့ ဖြစ်ပေ၏-

'ငါ့ရှင်မောဂ္ဂလ္လာန်၊ မိမိသန္တာန်၌ အညစ်အကြေးရှိနေလျက် အညစ်အကြေး ရှိနေကြောင်း သိသူသည်ကား ထို အညစ်အကြေးကို ပယ်ရန် အားထုတ်ပေလိမ့်မည်။ ထိုသူသည် ရာဂ၊ ဒေါသ၊ မောဟ ဟူသော အညစ်အကြေးများ ကင်း၍ သန့်ရှင်းစင်ကြယ်သော စိတ်ရှိလျက် သေလွန်ဖွယ်အကြောင်း ရှိ၏။ ဥပမာကား-ညစ်ထေးနေသော ကြေးခွက်ကို ရရှိထားသူသည် ထိုကြေးခွက်ကို သုံးစွဲခြင်း၊ ဆေးကြောပွတ်တိုက်ခြင်း ပြုလုပ်မည်ဆိုပါက ထိုခွက်သည် တဖြည်းဖြည်း သန့်ရှင်းပြောင်လာဖွယ် ရှိသကဲ့သို့ ဖြစ်ပေ၏။

'ငါ့ရှင်မောဂ္ဂလ္လာန်၊-မိမိသန္တာန်၌ အညစ်အကြေးမရှိသူ ဖြစ်လျက် ထိုသို့ မရှိကြောင်းကို မသိသူသည် လှပတင့်တယ် နှစ်သက်ဖွယ်ကောင်းသော သုဘနိမိတ်အာရုံကို နှလုံးသွင်းခြင်းကြောင့် တပ်မက်ခြင်း ရာဂဖြစ်ပေါ်လာပြီး ကိလေသာ အညစ်အကြေး တန်းလန်းဖြင့် ညစ်နွမ်းသော စိတ်ရှိလျက် သေလွန်ဖွယ် အကြောင်း ရှိ၏။ ဥပမာ-သန့်ရှင်းစင်ကြယ်သော ကြေး ခွက်ကို ရရှိထားသူသည် ထိုခွက်ကို သုံးစွဲခြင်း၊ ဆေးကြောပွတ်တိုက်ခြင်း မပြုဘဲ ပစ်ထားပါက တဖြည်းဖြည်း ညစ်ထေးသွားဖွယ် ရှိသကဲ့သို့ ဖြစ်ပေ၏။

'ငါ့ရှင်မောဂ္ဂလ္လာန်၊-မိမိသန္တာန်၌ အညစ်အကြေး မရှိသူ ဖြစ်ပြီး ထိုသို့ မရှိကြောင်းကို သိသူသည်ကား လှပတင့်တယ် နှစ်သက်ဖွယ်ကောင်းသော သုဘနိမိတ်အာရုံကို နှလုံးမသွင်းခြင်းကြောင့် ကိလေသာ အညစ်အကြေးများ ကင်းလျက် သန့်ရှင်းစင်ကြယ်သော စိတ်ရှိသည် ဖြစ်၍ သေလွန်ဖွယ် အကြောင်းရှိပေ၏။ ဥပမာကား- သန့်ရှင်းစင်ကြယ်သော ကြေးခွက်ကို ရရှိထားသူသည် ထိုခွက်ကို

www.dhammaransi.com



သုံးစွဲခြင်း၊ ဆေးကြော ပွတ်တိုက်ခြင်း ပြုနေပါက တစ်နေ့ထက် တစ်နေ့ ပို၍ ပို၍သာ သန့်ရှင်း စင်ကြယ်လာဖွယ် ရှိသကဲ့သို့ ဖြစ်ပေ၏။

## အညစ်အကြေးဟူသည်

"ငါ့ရှင်မောဂ္ဂလ္လာန်၊ ဤအရာ၌ အညစ်အကြေးဟူသည် အဘယ်နည်းဆိုသော် ယုတ်ညံ့သော အကုသိုလ် အလိုဆိုးများကို ဆိုလိုခြင်း ဖြစ်၏။

'ငါ့ရှင်မောဂ္ဂလ္လာန်၊ ဤသာသနာတော်၌ ရဟန်းတစ်ပါးသည် မိမိ အာပတ်သင့်နေသည်ကို အခြားရဟန်းများ မသိကြစေရန် လိုလားတောင့်တ၏။ သို့သော် အခြားရဟန်းများက သိသွားကြ၏။ ထိုအခါ ထိုရဟန်းအား အမျက်ထွက်ခြင်း၊ မကျေနပ်ခြင်း ဖြစ်ပေါ်လာ၏။ ဤသို့ အမျက်ထွက်ခြင်း၊ မကျေနပ်ခြင်းသည် အညစ်အကြေးပင် ဖြစ်ပေ၏။

'တစ်ပါးသော ရဟန်းသည်ကား ငါ အာပတ်သင့်ခဲ့လျှင် အခြားရဟန်းတို့သည် ဆိတ်ကွယ်ရာ၌သာ ငါ့ကို စောဒနာကြပါစေ၊ သံဃအလယ်၌ မစောဒနာကြပါစေလင့်' ဟု လိုလားတောင့်တ၏။ သို့သော် အခြားရဟန်းတို့သည် သံဃအလယ်၌ စောဒနာကြကုန်၏။ ထိုအခါ ထိုရဟန်းအား အမျက်ထွက်ခြင်း၊ မကျေနပ်ခြင်းများ ဖြစ်ပေါ်လာ၏။ ဤသို့- အမျက်ထွက်ခြင်း၊ မကျေနပ်ခြင်းသည် အညစ်အကြေးပင် ဖြစ်ပေ၏။-

'တစ်ပါးသော ရဟန်းသည်ကား မိမိအာပတ်သင့်ခဲ့လျှင် မိမိနှင့် သဘာဂဖြစ်သော ရဟန်းတို့ကသာလျှင် စောဒနာခြင်းကို လိုလား၏။ သို့သော် မိမိနှင့် သဘာဂမဖြစ်သောရဟန်းတို့၏ စောဒနာခြင်းကို ခံရသဖြင့် ထိုရဟန်းအား အမျက်ထွက်ခြင်း၊ မကျေနပ်ခြင်းများ ဖြစ်ပေါ်လာ၏။ ဤသို့ အမျက်ထွက်ခြင်း၊ မကျေနပ်ခြင်းများသည်လည်း အညစ်အကြေးများပင် ဖြစ်၏။

'အခြားရဟန်းတစ်ပါးကား 'ဘုရားရှင်သည် တရားဟောသောအခါ ငါ့ကိုသာလျှင် မေး၍ မေး၍ ဟောပါစေ' ဟု လိုလားတောင့်တ၏။ သို့သော် ဘုရားရှင်သည် အခြားသော ရဟန်းကို မေး၍ မေး၍ တရားဟောတော်မူသဖြင့် ထိုရဟန်းအား အမျက်ထွက်ခြင်း၊ မကျေနပ်ခြင်းများ ဖြစ်ပေါ်လာ၏။ ဤသို့ အမျက်ထွက်ခြင်း၊ မကျေနပ်ခြင်းများသည်လည်း အညစ်အကြေးပင် ဖြစ်၏။

'အခြားရဟန်းတစ်ပါးကား ရဟန်းများ ဆွမ်းခံသွားသောအခါ မိမိကို ခြံရံ၍ သွားကြစေရန် လိုလားတောင့်တ၏။ ဆွမ်းစားကျောင်း၌ မိမိသာလျှင်

www.dhammaransi.com



နေရာဦး၊ ဆွမ်းဦးကို ရရှိလို၏။ မိမိသာလျှင် ဆွမ်းအနုမောဒနာတရားကို ဟော ကြားလို၏။ ကျောင်းသို့ ရောက်လာသည့် ဘိက္ခု၊ ဘိက္ခုနီ ဥပါသကာ၊ ဥပါသိကာ မတို့အား မိမိကသာလျှင် တရားဟောကြားလို၏။ မိမိအားသာလျှင် ဘိက္ခု၊ ဘိက္ခုနီစသည်တို့က ပူဇော်သက္ကာရ ပြုကြစေရန် လိုလားတောင့်တ၏။ မိမိသည် သာလျှင် ကောင်းမွန်သည့် သင်္ကန်း၊ ဆွမ်း စသော ပစ္စည်းလေးပါးကို ရရှိရန် လိုလားတောင့်တ၏။ သို့သော် မိမိ မရရှိဘဲ တစ်ပါးသော ရဟန်းများ ရရှိသည်ကို တွေ့မြင်ရသဖြင့် ထို ရဟန်းအား အမျက်ထွက်ခြင်း၊ မကျေနပ်ခြင်းများ ဖြစ်ပေါ် လာ၏။ ဤသို့ အမျက်ထွက်ခြင်း၊ မကျေနပ်ခြင်းများသည်လည်း အညစ်အကြေး များ ပင် ဖြစ်၏"

## ရိုသေလေးစားခြင်း မခံရသူနှင့် ခံရသူ

ဤသို့လျှင် ရှင်သာရိပုတ္တရာသည် ယုတ်ညံ့သော အလိုဆိုးများကို အညစ် အကြေးဟု ဆိုအပ်ကြောင်း မိန့်ကြားတော်မူပြီး ထိုကဲ့သို့သော အလိုဆိုးများ ရှိ နေသော ရဟန်းကို သီတင်းသုံးဖော် ရဟန်းတို့က ရိုသေလေးစားမှု မပြုကြကြောင်း၊ ထိုကဲ့သို့သော အလိုဆိုးများ မရှိသော ရဟန်းကိုသာ သီတင်းသုံးဖော်တို့က ရိုသေလေးစားမှု ပြုတတ်ကြောင်း ဆက်လက် မိန့်ကြားတော်မူလေသည်။

'ငါ့ရှင်တို့၊ အကြင်ရဟန်း၌ ယုတ်ညံ့သော အကုသိုလ် အလိုဆိုးများရှိနေ သည်ကို မြင်ရကြားရ၏။ ထိုရဟန်းသည် အာရညကင် ဓုတင်ဆောင်သူ၊ ပိဏ္ဍပါတ် ဓုတင်ဆောင်သူ၊ ပံသုကူ ဓုတင်ဆောင်သူပင် ဖြစ်သော်ငြားလည်း သီတင်းသုံးဖော်တို့ ၏ ရိုသေလေးစားမှုကို ခံရမည် မဟုတ်။ အဘယ့်ကြောင့်ဆိုသော်-ထိုရဟန်း၌ ယုတ်ညံ့သော အကုသိုလ် အလိုဆိုးများ ရှိနေသည်ကို မြင်ရကြားရသောကြောင့် ဖြစ်၏။ ဥပမာကား ခွေးသေကောင်ပုပ် ထည့်ထားသည့် သန့်ရှင်း စင်ကြယ်သော ကြေးခွက်ကို တွေ့မြင်၍ ထိုခွက်ကို ဖွင့်ကြည့်သော သူအား မနှစ်သက်ခြင်း၊ စက်ဆုပ်ရွံရှာခြင်းများ ဖြစ်ရာသကဲ့သို့ ပေတည်း။-

'ငါ့ရှင်တို့၊ အကြင်ရဟန်း၌ကား ဤယုတ်ညံ့သော အကုသိုလ် အလိုဆိုး များ ရှိနေသည်ကို မမြင် မကြားရချေ။ ထိုရဟန်းသည် ရွာနီးကျောင်း၌ နေသူ၊ လူတို့ ပင့်ဖိတ်အပ်သော ဆွမ်းကို စားသူ၊ လူတို့ လှူအပ်သော သင်္ကန်းကို ဝတ်ရုံသူ ဖြစ်ငြားသော်လည်း သီတင်းသုံးဖော်တို့၏ ရိုသေလေးစားခြင်းကို ခံရ ပေရာ၏။ အဘယ့်ကြောင့်ဆိုသော် ထိုရဟန်း၌ ယုတ်ညံ့သော အကုသိုလ်

www.dhammaransi.com



အလိုဆိုးများ ရှိနေသည်ကို မမြင်ရ မကြားရသောကြောင့် ဖြစ်၏။ ဥပမာကား ကောင်းမွန်သော ထမင်းဟင်းများ ထည့်ထားသည့် သန့်ရှင်းစင်ကြယ်သော ကြေးခွက်ကို တွေ့မြင်၍ ထိုခွက်ကို ဖွင့်ကြည့်သူအား နှစ်သက်ခြင်း၊ စားသုံးလိုခြင်းများ ဖြစ်လာရာသကဲ့သို့ပေတည်း။

## ရှင်မောဂ္ဂလ္လာန်၏ ချီးကျူးစကား

ဤသို့ ရှင်သာရိပုတ္တရာ၏ မိန့်ကြားချက်ကို ကြားနာရသောအခါ ရှင်မောဂ္ဂလ္လာန်က ရှင်သာရိပုတ္တရာအား အောက်ပါအတိုင်း ချီးကျူးစကား မြွက်ကြားလေသည်။

"ငါ့ရှင် သာရိပုတ္တရာ၊ တပည့်တော်သည် တစ်ခါက ရာဇဂြိုဟ်မြို့ထဲသို့ ဆွမ်းခံသွားစဉ် လှည်းဘီးအကွပ်တစ်ခုကို ပြုလုပ်နေသည့် သမိတိ အမည်ရှိသော ရထား အလုပ်သမားကို တွေ့မြင်ရပါသည်။ ယခင်က ရထား အလုပ်သမားဖြစ်ခဲ့ဖူးသည့် ပဏ္ဍုပုတ္တ မည်သော တက္ကတွန်းသည်လည်း သမိတိ၏ အနီး၌ ရပ်လျက်ကြည့်နေပါသည်။ ထိုအခါ ထိုတက္ကတွန်းအား သမိတိသည် 'ဤရထားဘီးအကွပ်၏ အကောက်အကွေး အမျက်များကို ဤသို့ ဤပုံ ခုတ်ဖျင်းပစ်လိုက်ပါမူ ဤရထားအကွပ်သည် အကောက်အကွေး အမျက်များကင်းစင်လျက် ကောင်းမွန်သော အနှစ်အသားချည်းသာ ဖြစ်ပေရာ၏' ဟူ၍ အကြံဖြစ်ခဲ့ပါသည်။ သမိတိကလည်း ထိုတက္ကတွန်း ကြံစည် စဉ်းစားသည့်အတိုင်းပင် ခုတ်ဖျင်းပစ်လိုက်သဖြင့် အပြစ်ကင်းစင်၍ ကောင်းမွန်သော အကွပ်ဖြစ်သွားခဲ့ပါသည်။ ထိုအခါ တက္ကတွန်းက သမိတိအား "သင်သည် ငါ၏ စိတ်အကြံကို သိဘိသကဲ့သို့ ပြုလုပ်တတ်ပေ၏" ဟု ချီးကျူးစကား ပြောကြားခဲ့ပါသည်။

"ငါ့ရှင် သာရိပုတ္တရာ၊ ဤဥပမာအတိုင်းပင်လျှင် အရှင်သည် သဒ္ဓါတရား မရှိဘဲ အသက်မွေးမှုအတွက် ရဟန်းပြုခဲ့ကြပြီး၊ ကောက်ကျစ်စဉ်းလဲသော စိတ်ရှိကုန်လျက် အကျင့်သိက္ခာ၌ လေးစားမှု မရှိကြကုန်သော၊ သတိသမ္ပဇဉ် ကင်းလွတ်စွာ နေကြကုန်သော ရဟန်းတို့၏ စိတ်ကို မိမိစိတ်ဖြင့် သိမြင်၍ တရားဒေသနာဟူသော ဓားမကြီးဖြင့် ခုတ်ဖျင်းပစ်သကဲ့သို့ ရှိပေ၏။

"သဒ္ဓါတရားဖြင့် ရဟန်းပြုခဲ့ကြပြီးနောက် ကောက်ကျစ်မှုစသော အပြစ်တို့မှ ကင်းစင်ကြကုန်သော၊ အကျင့်သိက္ခာ၌ ရိုသေလေးစားမှု ရှိကြကုန်သော၊ သတိသမ္ပဇဉ်နှင့် ပြည့်စုံကြကုန်သော ရဟန်းတို့သည်ကား အရှင်၏ တရားဒေသနာ

www.dhammaransi.com



ကို ကြားနာရသည်ဖြစ်၍ ဝမ်းမြောက်စွာ လိုက်နာကျင့်သုံးကြပါလိမ့်မည်။ ဥပမာ အားဖြင့် မိမိကိုယ်ကို မွမ်းမံခြယ်သ အလှပြင်နေသော မိန်းမပျို–ယောကျ်ားပျို သည် ကြာပန်း၊ မြတ်လေးပန်းစသည့် ပန်းတစ်မျိုးမျိုး ရရှိမည်ဆိုလျှင် ထိုပန်းကို လက်နှစ်ဖက်ဖြင့် လေးလေးစားစား လက်ခံရယူပြီး မိမိခေါင်း၌ ပန်ဆင်ရာသကဲ့သို့၊ ထို့အတူပင် အကျင့်သီလကို မြတ်နိုးသော ရဟန်းတို့သည် အရှင်၏ ဟောကြားချက်ကို နှစ်သက်မြတ်နိုးစွာ ခံယူကျင့်သုံးကြပါလိမ့်မည်။"

ဤသို့လျှင် ရဟန္တာအရှင်မြတ်နှစ်ပါးတို့သည် တစ်ပါးနှင့်တစ်ပါး ဝမ်းမြောက်စကား မြွက်ကြားတော်မူကြလေသည်။

www.dhammaransi.com

# ၆။ အာကင်္ခေယျသုတ်

## လိုအင်ဆန္ဒဟူသမျှကို ပြည့်ဝစေနိုင်သော တရား

### သီတင်းသုံးဖော်များ ချစ်ခင်စေလိုလျှင်

ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတို့အား သီလကို ဖြည့်ကျင့်ကြရန် တိုက်တွန်းဟောကြားတော်မူခဲ့၏။

"ရဟန်းတို့၊ သင်တို့သည် ပြည့်စုံသော သီလရှိသည်ဖြစ်၍ နေကြကုန်လော၊ ပြည့်စုံသော ပါတိမောက် သီလ ရှိကုန်လျက်၊[1] ပါတိမောက် သီလကို စောင့်ထိန်းကုန်လျက်၊ ကောင်းသောအကျင့်၊ သင့်လျော်သော ကျက်စားရာရှိကုန်လျက်[2] နေကြကုန်လော။ အဏုမြူမျှ သေးငယ်လှသော အပြစ်တို့၌ပင် ဘေးကို ရှုမြင်ကုန်လျက် သိက္ခာပုဒ်အသီးသီးကို ဆောက်တည်ကျင့်သုံးကြကုန်လော။

"ရဟန်းတို့၊ သီတင်းသုံးဖေါ်တို့၏ ချစ်ခင်မှု၊ မြတ်နိုးမှု၊ ရိုသေလေးစားမှု၊ ချီးမွမ်းမှုကို ခံယူလိုသော ရဟန်းသည် သီလကိုသာ ဖြည့်ကျင့်ရာ၏။ မိမိ၏ စိတ်ငြိမ်းအေးရေးကို အားထုတ်လျက် မကင်းကွာသော ရှုမှတ်မှုရှိလျက်၊ ဝိပဿနာနှင့် ပြည့်စုံလျက်၊ ဆိတ်ငြိမ်ရာအရပ်များသို့ ချဉ်းကပ်လျက်နေရာ၏။"

---

၁။ ပါတိမောက်သီလ– ဘုရားရှင်ပညတ်တော်မူခဲ့သည့် (၂၂၇) ပါးသော ဝိနည်းသိက္ခာပုဒ်တို့ကို စောင့်ထိန်းခြင်း။

၂။ ရဟန်းများအတွက် ဆွမ်းခံသင့်သော နေရာကို "သင့်လျော်သော ကျက်စားရာ" (ဂေါစရ) ဟုဆို၏။

www.dhammaransi.com



## ပစ္စည်းလေးပါး ရရှိလိုလျှင်

"ရဟန်းတို့၊ သင်္ကန်း၊ ဆွမ်း အစရှိသည့် ပစ္စည်းလေးပါးကို ရရှိလိုသော မိမိသုံးဆောင်သော ပစ္စည်းလေးပါး ဒါယကာတို့အား အကျိုးကျေးဇူးများစွာ ရရှိစေလိုသော၊ မိမိ၌ ကြည်ညိုသော စိတ်ရှိလျက် ကွယ်လွန်သွားသော ဆွေမျိုးသားချင်းတို့အား အကျိုးကျေးဇူးများစွာ ရရှိစေလိုသော ရဟန်းသည် သီလကိုသာ ဖြည့်ကျင့်ရာ၏။-

'ရဟန်းတို့၊ တရားအကျင့်၌ မပျော်ပိုက်ခြင်းနှင့် ကာမဂုဏ်ငါးပါး၌ မွေ့လျော် ပျော်ပိုက်ခြင်းတို့ကို တွန်းလှန်လိုသော.... ထိတ်လန့်ခြင်းနှင့် ကြောက်ရွံ့ဖွယ်များကို ပယ်ရှားလိုသော၊ အထူးစင်ကြယ်သော စိတ်၌ ဖြစ်သည့် လက်တွေ့အားဖြင့် ချမ်းသာစွာ နေနိုင်ကြောင်း ဖြစ်သော ဈာန်လေးပါးတို့ကို သက်သာလွယ်ကူစွာ ရရှိလိုသော၊ အေးငြိမ်းတည်ငြိမ်သော အရူပဝိမောက္ခတို့ကို ရောက်၍ နေလိုသော ရဟန်းသည် သီလကိုသာ ဖြည့်ကျင့်ရာ၏။"

## သောတာပန်ဖြစ်လိုလျှင်

"ရဟန်းတို့၊ သံယောဇဉ်သုံးပါး[၁] ကုန်ခန်း၍ သောတာပန်ဖြစ်လိုသော၊ ရာဂ၊ ဒေါသ၊ မောဟတို့ ခေါင်းပါး၍ သကဒါဂါမ်ဖြစ်လိုသော၊ အောက်အဖို့ရှိသော သံယောဇဉ် ငါးပါးကုန်၍[၂] အနာဂါမ်ဖြစ်လိုသောရဟန်းသည် သီလကိုသာ ဖြည့်ကျင့်ရာ၏။"

## အဘိညာဏ်တန်ခိုးများ ရရှိလျှင်

"တန်ခိုး အမျိုးမျိုးကို ဖန်ဆင်းနိုင်သည့် ဣဒ္ဓိဝိဓ အဘိညာဉ်ကို ရရှိလိုသော.... ဒိဗ္ဗသောတ အဘိညာဉ်ဖြင့် အသံအမျိုးမျိုးကို ကြားလိုသော.... စေတောပရိယ အဘိညာဉ်ဖြင့် သူတစ်ပါးတို့၏ စိတ်ကို သိလိုသော.... ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်ဖြင့် အတိတ်ဘဝတို့ကို ပြန်ပြောင်းအောက်မေ့

---

၁။ သံယောဇဉ်သုံးပါး- ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ၊

၂။ အောက်အဖို့ရှိသော သံယောဇဉ်ငါးပါး- ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံ ဟူသော ဘုံသုံးပါးတို့တွင် အောက်ဆုံးဖြစ်သည့် ကာမဘုံ၌ ဖြစ်စေတတ်သော ဩရမ္ဘာဂိယ သံယောဇဉ်ငါးပါး- ယင်းတို့မှာ ကာမရာဂ၊ ပဋိဃ၊ ဒိဋ္ဌိ၊ သီလဗ္ဗတ ပရာမာသနှင့် ဝိစိကိစ္ဆာတို့ ဖြစ်၏။

www.dhammaransi.com



လိုသော....ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် သတ္တဝါအမျိုးမျိုးတို့ ဖြစ်ပျက်နေကြပုံကို မြင်လိုသော၊ အာသဝေါတရားများကင်းကွာသည့် အရဟတ္တဖိုလ် ဝိမုတ္တိကို မျက်မှောက်ပြု၍ နေလိုသော--ရဟန်းသည် သီလကိုသာ ဖြည့်ကျင့်ရာ၏။ မိမိစိတ်ငြိမ်းအေးရေးကို အားထုတ်လျက်၊ မကင်းကွာသော ရှုမှတ်မှုရှိလျက်၊ ဝိပဿနာနှင့် ပြည့်စုံလျက်၊ ဆိတ်ငြိမ်ရာအရပ်များသို့ ချဉ်းကပ်လျက် နေထိုင်ရာ၏။"

ဗုဒ္ဓမြတ်စွာက ဤသို့ ဟောကြားသောအခါ ရဟန်းတို့သည် ထိုဟောကြားချက်ကို နှစ်သက်စွာ နာယူခဲ့ကြလေသည်။

www.dhammaransi.com

## ၇။ ဝတ္ထသုတ်

### စိတ်ကို အဝတ်ပိုင်းဖြင့် ဥပမာပြု၍ ဟောကြားခြင်း

ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် စိတ်၏ ညစ်နွမ်းပုံ၊ ဖြူစင်ပုံများကို အဝတ်ပိုင်းဖြင့် ဥပမာပြု၍ ဟောကြားတော်မူသည်။

**မသန့်ရှင်းသော စိတ်နှင့် သန့်ရှင်းသောစိတ်**

"ရဟန်းတို့၊ အညစ်အကြေးများ ငြိကပ်နေသော အဝတ်ပိုင်းကို အဝတ်လျှော်သော ခဝါသည်က အညိုရောင်ရှိသော ဆိုးရေ၌ ဖြစ်စေ၊ အဝါရောင်၊ အနီရောင်၊ အမည်းရောင် ဆိုးရေ၌ ဖြစ်စေ ထည့်ခဲ့လျှင် ထို အဝတ်သည် အဆင်းအရောင် မလှသည်သာ ဖြစ်ရာ၏။ အကြောင်းကား အဝတ်ပိုင်းက မသန့်ရှင်းသောကြောင့် ဖြစ်၏။ ရဟန်းတို့၊ ဤနည်းတူပင် စိတ်ညစ်နွမ်းနေလျှင် မကောင်းသော လားရာသို့သာ ရောက်လိမ့်မည်ဟု မျှော်လင့်အပ်၏။

'ရဟန်းတို့၊ သန့်ရှင်း ဖြူစင်သော အဝတ်ပိုင်းကို အဝတ်လျှော်သော ခဝါသည်က အညိုရောင်၊ အဝါရောင် စသည်ရှိသော ဆိုးရေခွက်၌ ထည့်ခဲ့လျှင် ထို အဝတ်သည် အဆင်းအရောင်လှပမည်သာ ဖြစ်၏။ အကြောင်းကား အဝတ်ပိုင်းက သန့်ရှင်းစင်ကြယ်နေသောကြောင့် ဖြစ်၏။ ရဟန်းတို့၊ ဤနည်းတူပင် စိတ်သည် သန့်ရှင်းစင်ကြယ်နေမည်ဆိုလျှင် ကောင်းသော လားရာသို့ ရောက်လိမ့်မည်ဟူ၍ မျှော်လင့်အပ်၏။"

www.dhammaransi.com



## စိတ်၏ အညစ်အကြေး

"ရဟန်းတို့၊ စိတ်၏ အညစ်အကြေးများဟူသည် အဘယ်တရားများနည်းဆိုသော် - မိမိပစ္စည်း၌ လွန်စွာ တပ်မက်ခြင်း အဘိဇ္ဈာ၊ သူတစ်ပါး ပစ္စည်း၌ မတရားလိုချင်ခြင်း ဝိသမလောဘတို့သည် စိတ်၏ အညစ်အကြေး ဖြစ်၏။[1]

'သူတစ်ပါး ပျက်စီးစေလိုခြင်း- ဗျာပါဒ၊ အမျက်ထွက်ခြင်း- ကောဓ၊ ရန်ငြိုးဖွဲ့ခြင်း- ဥပနာဟ၊ သူ့ကျေးဇူးကို ချေဖျက်ခြင်း- မက္ခ၊ ဂုဏ်ပြိုင်ခြင်း- ပဠာသ၊ မနာလိုခြင်း- ဣဿာ၊ ဝန်တိုခြင်း-မစ္ဆရိယ၊ လှည့်စားခြင်း- မာယာ၊ စဉ်းလဲခြင်း- သာဌေယျ၊ ခက်ထန်ခြင်း- ထမ္ဘ၊ ချုပ်ချယ်ခြင်း- သာရမ္ဘ၊ ထောင်လွှားခြင်း- မာန၊ အလွန်ထောင်လွှားခြင်း- အတိမာန၊ ယစ်မူးခြင်း- မဒ၊ မေ့လျော့ခြင်း- ပမာဒသည် စိတ်၏အညစ်အကြေးဖြစ်၏။-

'ရဟန်းတို့၊ အဘိဇ္ဈာသည် စိတ်၏ အညစ်အကြေးဖြစ်၏။ ဝိသမလောဘသည် စိတ်၏ အညစ်အကြေး ဖြစ်၏ စသည်အားဖြင့် သိမြင်သည်ဖြစ်၍ ထိုအဘိဇ္ဈာစသော တရားတို့ကို စွန့်ပယ်သော ရဟန်းသည် ဘုရား၌ ဉာဏ်ဖြင့် သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံ၏၊ တရားနှင့် သံဃာတို့၌လည်း ဉာဏ်ဖြင့် သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။"

## စိတ်သန့်ရှင်းသူများအား ဝမ်းမြောက်မှုဖြစ်

"ရဟန်းတို့၊ စိတ်၏ အညစ်အကြေးဖြစ်သော ကိလေသာတို့ကို အပိုင်းလိုက် အပိုင်းလိုက်အားဖြင့် စွန့်ပယ်ပြီးသော[2] ထိုရဟန်းသည် ဘုရား၊ တရား၊ သံဃာတို့၌ ဉာဏ်ဖြင့် သက်ဝင်ယုံကြည်သည်ဖြစ်၍ တရားသဘောအသိကို ရရှိ၏။ တရားသဘောနှင့် စပ်သော ဝမ်းမြောက်မှုကို ရရှိ၏။ ဝမ်းမြောက်သူအား နှစ်သက်ခြင်း ပီတိသည် ဖြစ်၏။ နှစ်သက်သော စိတ်ရှိသူ၏ ကိုယ်သည် ငြိမ်းချမ်း၏။ ငြိမ်းချမ်းသော ကိုယ်ရှိသူသည် စိတ်ချမ်းသာမှုကို ခံစားရ၏။ ချမ်းသာခြင်း ရှိသူ၏ စိတ်သည် တည်ကြည်လာ၏။ 'ငါသည် စိတ်၏ အညစ်အကြေးဖြစ်သော ကိလေ

---

၁။ သကဘာဏ္ဍေ ဆန္ဒရာဂေါအဘိဇ္ဈာ၊ ပရဘာဏ္ဍေ ဝိသမလောဘော- ဟူသော အဋ္ဌကထာနှင့် အညီ ပြန်ဆိုပါသည်။

၂။ သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ပယ်ခြင်း၊ သကဒါဂါမိမဂ်ဖြင့် ရုန့်ရင်းသော ကာမရာဂနှင့် ဗျာပါဒကို ပယ်ခြင်း၊ အနာဂါမိမဂ်ဖြင့် သိမ်မွေ့သော ကာမရာဂနှင့် ဗျာပါဒကို ပယ်ခြင်းကို အပိုင်းလိုက် အပိုင်းလိုက်အားဖြင့် ပယ်ခြင်းဟု ဆိုသည်။

www.dhammaransi.com



သာတို့ကို အပိုင်းလိုက် အပိုင်းလိုက်အားဖြင့် စွန့်ပယ်နိုင်ခဲ့လေပြီ' ဟူ၍ ထိုရဟန်းသည် တရားသဘောအသိကို ရရှိ၏။ တရားသဘောနှင့် စပ်သော ဝမ်းမြောက်မှုကို ရရှိ၏။ ဝမ်းမြောက်သူအား နှစ်သက်ခြင်း ပီတိသည် ဖြစ်၏။ စိတ်သည် တည်ကြည်လာ၏။-

'ရဟန်းတို့၊ ဤသို့သော အကျင့်သီလ၊ ဤသို့သော သမာဓိတရား၊ ဤသို့သော အသိပညာရှိသော ရဟန်းသည် များစွာသော ဟင်းလျာတို့နှင့်တကွ သန့်ရှင်းကောင်းမွန် လက်ရွေးစင်ဖြစ်သော သလေးဆွမ်းကို စားသုံးစေကာမူ ယင်းသို့ စားသုံးခြင်းဖြင့် ထိုရဟန်းအား မဂ်ဖိုလ်၏ အန္တရာယ်သည် မဖြစ်တော့ချေ။ ဥပမာကား- ကြေးညှော်များ ငြိကပ်၍ ညစ်နွမ်းနေသော အဝတ်ပိုင်းသည် ကြည်လင်သော ရေကို အကြောင်းပြု၍ သန့်ရှင်းဖြူစင်သွားသကဲ့သို့ လည်းကောင်း၊ ရွှေသည် မိုက်ခွက်ကို အကြောင်းပြု၍ သန့်ရှင်းစင်ကြယ်သွားသကဲ့သို့ လည်းကောင်း ဖြစ်ပေ၏။"

## မေတ္တာဖြင့် ဖြန့်၍ နေသူ

"ရဟန်းတို့၊ ဤသို့လျှင် စိတ်၏ အညစ်အကြေးများမှ ကင်းစင်သွားသော ရဟန်းသည် မေတ္တာနှင့်ယှဉ်သော စိတ်ဖြင့် တစ်ခုသော အရပ်မျက်နှာကို ဖြန့်၍ နေ၏။ ထို့အတူ ဒုတိယအရပ်မျက်နှာ၊ တတိယအရပ်မျက်နှာ၊ စတုတ္ထအရပ်မျက်နှာကို ဖြန့်၍ နေ၏။ အထက်အရပ်၊ အောက်အရပ်တို့နှင့်တကွ အလုံးစုံသော အရပ်တို့၌ သတ္တဝါအားလုံးပါသည့် တစ်လောကလုံးကို ပြန့်ပြောသော မေတ္တာစိတ်ဖြင့် ဖြန့်၍နေ၏။ ထို့အတူ ကရုဏာနှင့် ယှဉ်သော စိတ်၊ မုဒိတာနှင့် ယှဉ်သော စိတ်၊ ဥပေက္ခာနှင့် ယှဉ်သောစိတ်ဖြင့် ဖြန့်၍ နေ၏။

## အာသဝတို့မှ လွတ်မြောက်သူ

"ဤသို့လျှင် မေတ္တာအစရှိသော ဗြဟ္မဝိဟာရတရားလေးပါးဖြင့် ဖြန့်၍ နေသော ရဟန်းအား 'ဤ ဒုက္ခသစ္စာ တရားသည် ရှိ၏' ဟူ၍ ထင်ရှားစွာ သိမြင်ခြင်းသည် ဖြစ်၏။ 'ဤယုတ်ညံ့သော သမုဒယသစ္စာ တရားသည် ရှိ၏' ဟူ၍ ထင်ရှားစွာ သိမြင်ခြင်းသည် ဖြစ်၏။ 'ဤမွန်မြတ်သော မဂ္ဂသစ္စာ တရားသည် ရှိ၏' ဟူ၍ ထင်ရှားစွာ သိမြင်ခြင်းသည် ဖြစ်၏။ ဤဗြဟ္မဝိဟာရတရားလေးပါး နှင့် ယှဉ်သော သညာထက် သာလွန်သည့် လွတ်မြောက်ရာ

www.dhammaransi.com



တရားသည် ရှိ၏" ဟူ၍ ထင်ရှားစွာ သိမြင်ခြင်းသည် ဖြစ်၏။ ဤသို့ သိမြင်သော ရဟန်း၏ စိတ်သည် ကာမာသဝမှလည်း လွတ်မြောက်၏၊ ဘဝါသဝမှလည်း လွတ်မြောက်၏၊ အဝိဇ္ဇာသဝမှလည်း လွတ်မြောက်၏၊ ထိုသို့ လွတ်မြောက်သော အခါ လွတ်မြောက်ပြီဟု သိသော ဉာဏ်သည် ဖြစ်၏၊ '**ငါ့အား ဇာတိကုန်ပြီ၊ အကျင့်မြတ် ကျင့်သုံးမှု ပြည့်စုံပြီ၊ ပြုဖွယ်ကိစ္စရှိသမျှ ပြီးစီးပြီ၊ ဤဘဝမှ တစ်ပါးသော ဘဝ မရှိတော့ပြီ**' ဟူ၍ ထင်ရှားစွာ သိမြင်ခြင်းသည် **ဖြစ်၏**။-

'ရဟန်းတို့၊ ဤရဟန်းကို အတွင်းသန္တာန်၌ ဖြစ်သော **ဆေးကြောခြင်းဖြင့်** ဆေးကြောပြီးသူ ဟူ၍ ဆိုအပ်ပေ၏"

## သုန္ဒရိက ဘာရဒွါဇပုဏ္ဏား လျှောက်ကြားပုံ

ဗုဒ္ဓမြတ်စွာသည် ရဟန်းတို့အား အထက်ပါ တရားကို ဟောကြားတော်မူ၏၊ ထိုသို့ ဟောကြားနေစဉ် သုန္ဒရိက ဘာရဒွါဇမည်သော ပုဏ္ဏားသည် ဘုရားရှင်၏ အနီး၌ ထိုင်နေ၏။

ထို ပုဏ္ဏားက ဘုရားရှင်အား "အရှင်ဂေါတမသည် ဗဟုကာမြစ်သို့ ရေချိုးသွားပါသလား" ဟု မေးလျှောက်၏။

"ဗဟုကာမြစ်သို့ သွားလို့ ဘာအကျိုးရှိမှာလဲ" ဟု ဘုရားရှင်က မိန့်ကြားတော်မူသည်။

"အို ရှင်ဂေါတမ၊ ဗဟုကာမြစ်ကို မကောင်းမှုမှ စင်ကြယ်စေသော မြစ်ဟူ၍ လူအများက သမုတ်ထားကြပါသည်၊ ကုသိုလ်ကောင်းမှု တိုးပွားစေသော မြစ်ဟူ၍ လူအများက သမုတ်ထားကြပါသည်။ များစွာသော လူအပေါင်းသည် မိမိတို့ ပြုလုပ်ခဲ့သော မကောင်းမှုကို ဗဟုကာမြစ်၌ မျှောပစ်တတ်ကြပါသည်။"

## ရေချိုးခြင်းဖြင့် သန့်ရှင်းမှုမဖြစ်

သုန္ဒရိက ဘာရဒွါဇ ပုဏ္ဏားက ဤသို့ လျှောက်ကြားသောအခါ ဘုရားရှင်က ထိုပုဏ္ဏားအား ဂါထာလေးပုဒ်တို့ဖြင့် ဤသို့ မြွက်ကြားတော်မူလေသည်။

"အို ပုဏ္ဏား၊ မည်းညစ်သော မကောင်းမှုကံကို ပြုလုပ်သည့် လူမိုက်သည် ***ဗဟုကာမြစ်သို့*** လည်းကောင်း၊ သုန္ဒရိကမြစ်၊ သရဿတီမြစ်၊ ဗာဟုမတီမြစ်များသို့ ***လည်းကောင်း၊ အဓိကက္က*** ဆိပ်ကမ်း၊ ဂယာဆိပ်ကမ်း၊ ပယာဂဆိပ်ကမ်းသို့ ***လည်းကောင်း၊ အမြဲတမ်းသွား၍*** ရေချိုးစေကာမူ သန့်ရှင်းစင်ကြယ်သူ မဖြစ်ချေ။-

www.dhammaransi.com



'သုန္ဒရိက စသော မြစ်တို့သည် လည်းကောင်း၊ ပယာဂစသော ဆိပ်ကမ်းတို့သည် လည်းကောင်း၊ ကြမ်းကြုတ်သော မကောင်းမှုများကို ပြုလုပ်သူအား သန့်ရှင်းစင်ကြယ်သူဖြစ်အောင် မပြုလုပ်နိုင်ချေ။

'ကိလေသာ အညစ်အကြေး ကင်းစင်သူအား အခါခပ်သိမ်း ကောင်းသော ဖဂ္ဂုနီနက္ခတ်သည် ဖြစ်ပေါ်လျက်ရှိ၏။ ကိလေသာ အညစ်အကြေးကင်း၍ စင်ကြယ်သော အကျင့်ရှိသူအား ကောင်းသော အကျင့်ကို ဆောက်တည်မှုသည် အခါခပ်သိမ်း ပြည့်စုံနေ၏။ အို ပုဏ္ဏား၊ သင်သည် သာသနာတော်၌သာလျှင် မိမိကိုယ်ကို အညစ်အကြေး ကင်းစင်သူ ဖြစ်အောင် ပြုလုပ်ပါလော၊ ခပ်သိမ်းသော သတ္တဝါတို့အပေါ်၌ ဘေးရန်ကင်းကွာချမ်းသာရေးကို လိုလားသော မေတ္တာကို ပွားများပါလော။-

'ပုဏ္ဏား၊ အကယ်၍ သင်သည် မုသားမပြောလျှင်၊ ပိုင်ရှင် မပေးသော ပစ္စည်းကို မယူလျှင်၊ သဒ္ဓါတရား ရှိသူ၊ ဝန်တိုခြင်းကင်းသူ ဖြစ်လျှင် ဂယာဆိပ်ကမ်းသို့ သွားခြင်းဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ ရေတွင်းသည်လည်း သင့်အတွက် ဂယာဆိပ်ကမ်း ဖြစ်ပေလိမ့်မည်။"

## ဘာရဒွါဇပုဏ္ဏား ရဟန္တာဖြစ်

ဗုဒ္ဓမြတ်စွာက ဤသို့ မိန့်ကြားသောအခါ သုန္ဒရိက ဘာရဒွါဇပုဏ္ဏားသည် ထိုဟောကြားချက်ကို လွန်စွာ နှစ်သက်လှသည်ဖြစ်၍ ဘုရားရှင်ထံ၌ ရဟန်းအဖြစ်ကို ခံယူသည်၊ ထို့နောက် ဆိပ်ငြိမ်ရာအရပ်၌ တစ်ပါးတည်းနေလျက် တရားကို ကြိုးစားအားထုတ်ရာ ရဟန္တာတစ်ပါး ဖြစ်သွားလေသည်။

www.dhammaransi.com

# ၈။ သလ္လေခသုတ်

## ကိလေသာခေါင်းပါးကြောင်းအကျင့်များကို ဟောကြားခြင်း

အခါတစ်ပါး၌ ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ရှင်မဟာစုန္ဒသည် ဗုဒ္ဓထံ ချဉ်းကပ်၍ ဤသို့ လျှောက်ကြားလေသည်။

"အရှင်ဘုရား၊ ဤလောက၌ အတ္တဝါဒနှင့် စပ်သောအယူ၊ လောကဝါဒနှင့် စပ်သော အယူများ များစွာ ဖြစ်ပေါ်နေကြပါသည်။ ဝိပဿနာတရားကို နှလုံးသွင်းသော ပုဂ္ဂိုလ်အား နှလုံးသွင်းစဉ်ပင် ထိုအယူတို့ကို ပယ်စွန့်ခြင်းသည် ဖြစ်နိုင်ပါသလော"

ရှင်မဟာစုန္ဒ၏ အမေးကို ဗုဒ္ဓက အောက်ပါအတိုင်း ဖြေကြားတော်မူလေသည်။

"စုန္ဒ၊ အကြင်အာရုံ၌ အတ္တဝါဒနှင့် စပ်သောအယူ၊ လောကဝါဒနှင့် စပ်သော အယူတို့သည် ဖြစ်ပေါ်ကုန်၏၊ ကိန်းအောင်းနေကုန်၏၊ မပြတ် ဖြစ်နေကုန်၏။ ထိုအာရုံ၌ 'ငါ မဟုတ်၊ ငါ့ဟာ မဟုတ်၊ ငါ၏ အတ္တ မဟုတ်'ဟူ၍ ကောင်းသောပညာဖြင့် ဟုတ်တိုင်းမှန်စွာ ရှုမြင်သောရဟန်းအား ထိုအယူတို့ကို ပယ်စွန့်ခြင်းသည် ဖြစ်ပေ၏။-

'စုန္ဒ၊ ဤသာသနာတော်၌ တစ်ပါးသော ရဟန်းသည် ကာမဂုဏ်တို့မှလည်းကောင်း၊ အကုသိုလ်တရားတို့မှ လည်းကောင်း၊ ကင်းဆိတ်သည်ဖြစ်၍ ဝိတက်ဝိစာရတို့နှင့် တကွဖြစ်သော၊ ပီတိသုခတို့နှင့် တကွဖြစ်သော **ပထမဈာန်**ကို ဝင်စား နေရာ၏။ ထိုရဟန်းအား 'ငါသည် ကိလေသာခေါင်းပါးကြောင်း

www.dhammaransi.com



**အကျင့်ဖြင့် နေ၏'ဟူ၍** **အကြံဖြစ်ရာ၏။** စုန္ဒ၊ စင်စစ်အားဖြင့် ဤပဌမဈာန် **ဝင်စား၍ နေခြင်းကို အရိယာ** အဆုံးအမ၌ ကိလေသာခေါင်းပါးကြောင်း အကျင့်ဟု **မဆိုအပ်။ မျက်မှောက်ဘဝ၌** ချမ်းသာစွာ နေခြင်းဟူ၍သာ ဆိုအပ်ပေ၏။-

(**ပဌမဈာန်ကို ရရှိသော်လည်း** ယင်းကို အခြေခံ၍ ဝိပဿနာကို ဆက်အား မထုတ်လျှင် **ကိလေသာ** ခေါင်းပါးမှု မဖြစ်နိုင်။ ဝိပဿနာကို ဆက်အားထုတ်မှ **ကိလေသာ** ခေါင်းပါးမှု ဖြစ်နိုင်၏။ ထို့ကြောင့် ဤသို့ ဟောကြားရခြင်း ဖြစ်၏။)

'စုန္ဒ၊- ဤသာသနာတော်၌ တစ်ပါးသော ရဟန်းသည် ဝိတက်ဝိစာရ ကင်းကွာ၍ သမာဓိကြောင့် ဖြစ်သည့် ပီတိသုခရှိသော ဒုတိယဈာန်ကို ဝင်စား၍ နေရာ၏။ - ပီတိကင်း၍ ချမ်းသာခြင်း သုခရှိသော တတိယဈာန်ကို ဝင်စား၍ နေရာ၏။ - ဒုက္ခလည်း မရှိ၊ သုခလည်း မရှိသည် ဖြစ်၍ ဥပေက္ခာကြောင့် ဖြစ်သည့် စင်ကြယ်သော သတိရှိသော စတုတ္ထဈာန်ကို ဝင်စား၍နေရာ၏။

'စုန္ဒ၊ စင်စစ်အားဖြင့် ဤသို့ ဒုတိယဈာန်စသည်တို့ကို ဝင်စား၍ နေခြင်းကို အရိယာအဆုံးအမ၌ ကိလေသာခေါင်းပါးကြောင်း အကျင့်ဟု မဆိုအပ်၊ မျက်မှောက် ဘဝ၌ ချမ်းသာစွာ နေခြင်းဟူ၍သာ ဆိုအပ်၏။

'စုန္ဒ၊ ဤသာသနာတော်၌ တစ်ပါးသော ရဟန်းသည် ရူပသညာတို့ကို လွန်မြောက်ခြင်း၊ ပဋိဃသညာတို့၏ ချုပ်ပျောက်ခြင်း၊ နာနတ္တသညာတို့ကို နှလုံး မသွင်းခြင်းကြောင့် အဆုံးမရှိသော ကောင်းကင်ပညတ်လျှင် အာရုံရှိသော အာကာသာနဉ္စာယတနဈာန်ကို ဝင်စား၍ နေရာ၏။ ဝိညာဏဉ္စာယတနဈာန်၊ အာကိဉ္စညာယတနဈာန်၊ နေဝသညာနာသညာယတနဈာန်ကို ဝင်စား၍ နေရာ၏။

'စုန္ဒ-စင်စစ်အားဖြင့် ဤသို့ အာကာသာနဉ္စာယတနဈာန်စသည် ဝင်စား၍ နေခြင်းကိုလည်း အရိယာအဆုံးအမ၌ ကိလေသာခေါင်းပါးကြောင်းအကျင့်ဟု မဆိုအပ်၊ ငြိမ်းချမ်းသော နေခြင်းဟူ၍သာ ဆိုအပ်ပေ၏။-

'စုန္ဒ၊ ဤသာသနာတော်၌ သင်တို့သည် ဤသို့လျှင် ကိလေသာခေါင်းပါး ကြောင်းအကျင့်ကို ပြုကျင့်အပ်၏။

သူတစ်ပါးတို့သည် ညှဉ်းဆဲနှိပ်စက်တတ်သူများ ဖြစ်ကုန်သော်လည်း ငါတို့ သည်ကား မညှဉ်းဆဲမနှိပ်စက်တတ်သူများ ဖြစ်ကြကုန်အံ့။

သူတစ်ပါးတို့သည် သူ့အသက်သတ်သူများ ဖြစ်ကြကုန်သော်လည်း ငါတို့ သည်ကား သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူများ ဖြစ်ကြကုန်အံ့။

သူတစ်ပါးတို့သည် မပေးအပ်သော သူ့ပစ္စည်းကို ခိုးဝှက်လုယူသူများ ဖြစ်ကြကုန်သော်လည်း ငါတို့သည်ကား မပေးအပ်သော သူ့ပစ္စည်းကို ယူခြင်းမှ ရှောင်ကြဉ်သူများ ဖြစ်ကြကုန်အံ့။

www.dhammaransi.com



သူတစ်ပါးတို့သည် ယုတ်ညံ့သော အကျင့်ကို ကျင့်သူများ ဖြစ်ကုန်သော်လည်း ငါတို့သည် မြတ်သော အကျင့်ကို ကျင့်သူများ ဖြစ်ကုန်အံ့။

သူတစ်ပါးတို့သည် မုသားပြောသူများ ဖြစ်ကုန်သော်လည်း ငါတို့သည်ကား မုသားပြောခြင်းမှ ရှောင်ကြဉ်သူများ ဖြစ်ကုန်အံ့။

သူတစ်ပါးတို့သည် ကုန်းချောစကားပြောသူ၊ ကြမ်းတမ်းသော စကားကို ပြောသူ၊ သိမ်းဖျင်းသော စကားကို ပြောသူများ ဖြစ်ကြကုန်သော်လည်း၊ ငါတို့သည် ထိုစကားများကို ပြောခြင်းမှ ရှောင်ကြဉ်သူများ ဖြစ်ကြကုန်အံ့။

သူတစ်ပါးတို့သည် အဘိဇ္ဈာများသူများ ဖြစ်ကြကုန်သော်လည်း၊ ငါတို့သည် အဘိဇ္ဈာနည်းပါးသူများ ဖြစ်ကြကုန်အံ့။

သူတစ်ပါးတို့သည် ဖျက်ဆီးလိုစိတ် ရှိသူများ ဖြစ်ကြကုန်သော်လည်း၊ ငါတို့သည် ဖျက်ဆီးလိုစိတ် မရှိသူများ ဖြစ်ကြကုန်အံ့။

သူတစ်ပါးတို့သည် လွဲမှားသော အယူရှိသူများ ဖြစ်ကုန်သော်လည်း၊ ငါတို့သည် မှန်သော အယူရှိသူများ ဖြစ်ကုန်အံ့ ဟူ၍ ကိလေသာခေါင်းပါးကြောင်း အကျင့်ကို ပြုကျင့်အပ်၏။-

'စုန္ဒ၊ ဤသာသနာတော်၌ သင်တို့သည် 'သူတစ်ပါးတို့သည် ထိနမိဒ္ဓ လွှမ်းမိုးသူများ ဖြစ်ကြကုန်သော်လည်း-ငါတို့သည် ထိနမိဒ္ဓကင်းသူများ ဖြစ်ကုန်အံ့' ဟူ၍ ကိလေသာခေါင်းပါးကြောင်း အကျင့်ကို ပြုကျင့်အပ်၏။

သူတစ်ပါးတို့သည် စိတ်ပျံ့လွင့်သူ၊ တွေးတောယုံမှားတတ်သူ၊ အမျက်ဒေါသကြီးသူ၊ ရန်ငြိုးဖွဲ့တတ်သူ၊ သူ့ကျေးဇူးကို ချေဖျက်တတ်သူ၊ ဂုဏ်ပြိုင်တတ်သူ၊ မနာလိုတတ်သူ၊ ဝန်တိုတတ်သူ၊ ကောက်ကျစ်သူ၊ လှည့်စားတတ်သူ၊ ခက်ထန်သူ၊ ထောင်လွှားတတ်သူ၊ အလွန်အကဲ ထောင်လွှားတတ်သူ၊ ဆိုဆုံးမခက်သူ၊ မိတ်ဆွေယုတ်တို့နှင့် ပေါင်းဖက်သူ၊ သဒ္ဓါယုံကြည်မှု မရှိသူ၊ အရှက်အကြောက်နည်းသူ၊ ပျင်းရိသူ၊ သတိပညာကင်းကွာသူများ ဖြစ်ကြကုန်သော်လည်း၊ ငါတို့သည် လုံ့လဝိရိယရှိသူ၊ သတိပညာနှင့် ပြည့်စုံသူများ ဖြစ်ကုန်အံ့- ဟူ၍ ကိလေသာ ခေါင်းပါးကြောင်း အကျင့်ကို ပြုကျင့်အပ်၏။

သူတစ်ပါးတို့သည် မိမိအယူကို လွဲမှားစွာ သုံးသပ်လျက် စွဲစွဲလမ်းလမ်း ဆုပ်ကိုင်ထားတတ်သူများ ဖြစ်ကုန်သော်လည်း၊ ငါတို့သည် မိမိအယူကို လွဲမှားစွာ သုံးသပ်လျက် စွဲစွဲလမ်းလမ်း ဆုပ်ကိုင် မထားဘဲ လွယ်ကူစွာ စွန့်လွှတ်နိုင်သူများ ဖြစ်ကုန်အံ့-ဟူ၍ ကိလေသာခေါင်းပါးကြောင်း အကျင့်ကို ပြုကျင့်အပ်၏။-

www.dhammaransi.com



'စုန္ဒ– ကုသိုလ်တရားတို့၌ စိတ်အကြံဖြစ်ခြင်းမျှကိုပင် များသော အကျိုးကျေးဇူးရှိ၏ဟု ငါ ဆို၏။ ကိုယ်ထိလက်ရောက် ပြုလုပ်ခြင်း၊ နှုတ်ဖြင့် မြွက်ဟပြောဆိုခြင်းတို့၌ အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း။

'ထို့ကြောင့် သင်တို့သည် 'သူတစ်ပါးတို့သည် ညှဉ်းဆဲနှိပ်စက်တတ်သူများဖြစ်ကုန်သော်လည်း– ငါတို့သည် မညှဉ်းဆဲမနှိပ်စက်တတ်သူများ ဖြစ်ကုန်အံ့' ဟူ၍ **စိတ်အကြံ**ကို ဖြစ်စေအပ်၏.....မိမိအယူကို လွဲမှားစွာ သုံးသပ်လျက် စွဲစွဲလမ်းလမ်း ဆုပ်ကိုင် မထားဘဲ လွယ်ကူစွာ စွန့်လွှတ်နိုင်သူများ ဖြစ်ကုန်အံ့– ဟူ၍ **စိတ်အကြံ**ကို ဖြစ်စေအပ်၏။–

'**စုန္ဒ**၊ ဥပမာအားဖြင့် မညီညာသော လမ်းရှိခဲ့သော် ထိုမညီညာသော လမ်းကို ရှောင်ကွင်းရန် အခြားညီညာသော လမ်းသည် ရှိသကဲ့သို့ လည်းကောင်း၊ မညီညာသော ဆိပ်ကမ်းရှိခဲ့သော် ထိုမညီညာသော ဆိပ်ကမ်းကို ရှောင်ကွင်းရန် အခြားညီညာသော ဆိပ်ကမ်းသည် ရှိသကဲ့သို့ လည်းကောင်း၊ ထို့အတူ ညှဉ်းဆဲနှိပ်စက်ခြင်းကို ရှောင်ကွင်းရန် မညှဉ်းဆဲ မနှိပ်စက်ခြင်း ဟူသော လမ်းသည် ရှိ၏–– မိမိ**အယူ**ကို လွဲမှားစွာ သုံးသပ်လျက် စွဲစွဲလမ်းလမ်း ဆုပ်ကိုင်ထားခြင်းကို ရှောင်ကွင်း**ရန်** မိမိအယူကို လွဲမှားစွာ သုံးသပ်လျက် စွဲစွဲလမ်းလမ်း ဆုပ်ကိုင် မထားဘဲ လွယ်ကူစွာ စွန့်လွှတ်ခြင်းဟူသော လမ်းသည် ရှိ၏။

'**စုန္ဒ**၊ ခပ်သိမ်းသော အကုသိုလ်တရားတို့သည် အောက်အဖို့သို့ ရောက်စေတတ်ကုန်၏။ **ခပ်သိမ်း**သော ကုသိုလ်တရားတို့သည် အထက်အဖို့သို့ ရောက်စေတတ်ကုန်၏။ **ထို့အတူ** ညှဉ်းဆဲနှိပ်စက်မှု ပြုလုပ်တတ်သူအား ညှဉ်းဆဲနှိပ်စက်မှု မပြုလုပ်ခြင်း**သည် အထက်**အဖို့သို့ ရောက်ရန် အလို့ငှာ ဖြစ်၏– မိမိ အယူကို လွဲမှားစွာ **သုံးသပ်လျက်** စွဲစွဲလမ်းလမ်း ဆုပ်ကိုင်ထားတတ်သူအား မိမိ အယူကို လွဲမှားစွာ **သုံးသပ်လျက်** စွဲစွဲလမ်းလမ်း ဆုပ်ကိုင် မထားဘဲ လွယ်ကူစွာ စွန့်လွှတ်ခြင်း**သည် အထက်**အဖို့သို့ ရောက်ရန် အလို့ငှာ ဖြစ်ပေ၏။

'**စုန္ဒ– မိမိကိုယ်တိုင်** ညွှံတွင်း၌ နစ်နေသူသည် **ညွှံတွင်း၌ နစ်နေသည့်**အခြားသူများကို **ကယ်တင်နိုင်ဖွယ်** အကြောင်းမရှိ၊ **မိမိကိုယ်တိုင် ညွှံတွင်း၌** နစ်မနေသူသည် **သာလျှင် ညွှံတွင်း၌** နစ်နေသည့် **အခြားသူများကို ကယ်တင်နိုင်ဖွယ်** အကြောင်း **ရှိ၏**။–

'**မိမိကိုယ်တိုင်** ယဉ်ကျေး လိမ္မာခြင်း မရှိသူ၊ ငြိမ်း**အေးခြင်း မရှိသူ**သည် သူတစ်ပါးကို ယဉ်ကျေး လိမ္မာစေနိုင်လိမ့်မည်၊ ငြိမ်းအေး**စေနိုင်လိမ့်မည်** ဟူ၍

www.dhammaransi.com



မျှော်လင့်ဖွယ်အကြောင်း မရှိ၊ မိမိကိုယ်တိုင် **ယဉ်ကျေးလိမ္မာသူ** **ငြိမ်းအေးသူ**သည် သာလျှင် သူတစ်ပါးကို ယဉ်ကျေး လိမ္မာစေနိုင်**လိမ့်မည်၊ ငြိမ်းအေးမှု** ရရှိစေနိုင် လိမ့်မည်ဟူ၍ မျှော်လင့်ဖွယ် အကြောင်း ရှိပေ၏။

'စုန္ဒ– ညှဉ်းဆဲနှိပ်စက်တတ်သူအား မညှဉ်းဆဲ မနှိပ်စက်ခြင်းသည် ငြိမ်းအေး ရန် အလို့ငှာ ဖြစ်ပေ၏။ –– မိမိ အယူကို လွဲမှားစွာ မသုံးသပ်ဘဲ လွယ်ကူစွာ စွန့်လွှတ်ခြင်းသည် ငြိမ်းအေးရန် အလို့ငှာ ဖြစ်ပေ၏။

ဗုဒ္ဓမြတ်စွာသည် ရှင်မဟာစုန္ဒအား အထက်ပါအတိုင်း ကိလေသာခေါင်းပါး ကြောင်းတရားများကို ဟောကြားပြီး နိဂုံးချုပ်အနေဖြင့် အောက်ပါအတိုင်း တိုက် တွန်းစကားကို မိန့်ကြားတော်မူလေသည်။

'စုန္ဒ၊ ငါသည် ကိလေသာ ခေါင်းပါးကြောင်း အကျင့်များကို ဟောကြား ခဲ့ပြီ၊ ကုသိုလ်စိတ် ဖြစ်စေရန် အကြောင်းကို ဟောကြားခဲ့ပြီ၊ ရှောင်လွှဲရန် နည်း လမ်းကို ဟောကြားခဲ့ပြီ၊ အထက်အဖို့သို့ ရောက်ရန် နည်းလမ်းကို ဟောကြားခဲ့ပြီ၊ ငြိမ်းအေး ရန် နည်းလမ်းကို ဟောကြားခဲ့ပြီ။

'စုန္ဒ၊ တပည့်သာဝကတို့၏ အကျိုးစီးပွားကို လိုလားသော ဆရာသည် ပြုလုပ်ထိုက်သော ကိစ္စကို ငါ ပြုလုပ်ခဲ့ပြီ။ စုန္ဒ၊ ဤသစ်ပင်ရင်းတို့သည် ရှိကုန်၏။ ဆိတ်ငြိမ်သော ကျောင်းတို့သည် ရှိကုန်၏၊ သင်တို့သည် ကရားကို ရှုမှတ်ပွားများ ကြကုန်လော၊ မမေ့မလျော့ကြကုန်လင့်၊ နောင်အခါကျမှ စိတ်နှလုံး မသာမယာ မဖြစ်ကြကုန်လင့်၊ ဤကား– ငါ၏ အဆုံးအမပေတည်း ။"

ဗုဒ္ဓမြတ်စွာက ဤသို့ဟောကြားသောအခါ အရှင်မဟာစုန္ဒသည် ထိုဟော ကြားချက်ကို လွန်စွာနှစ်သက်ခဲ့လေသည်။

www.dhammaransi.com

# ၉။ သမ္မာဒိဋ္ဌိသုတ်

## မှန်သောအမြင်ကို ဟောကြားခြင်း

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဘုရားရှင် သီတင်းသုံးနေတော်မူစဉ် ရှင်သာရိပုတ္တရာသည် ရဟန်းတို့အား ဤသို့ မိန့်ကြားတော်မူ၏။

"ငါ့ရှင်တို့၊ မှန်သောအမြင်၊ မှန်သော အမြင်ဟု ပြောဆိုရာ၌ အရိယာ သာဝကသည် အဘယ်မျှဖြင့် မှန်သော အမြင်ရှိသူ၊ ဖြောင့်မတ်သော အမြင်ရှိသူ ဖြစ်ပါသနည်း။ တရား၌ ဉာဏ်ဖြင့် သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ ဤသာသနာတော်သို့ ဝင်ရောက်လာသူ ဖြစ်ပါသနည်း။"

"ငါ့ရှင် သာရိပုတ္တရာ၊ တပည့်တော်တို့သည် အရှင်၏ထံ၌ ဤအကြောင်းအရာကို သိမြင်လိုကြသဖြင့် ရပ်ဝေးမှပင် လာခဲ့ကြပါသည်။ ရှင်သာရိပုတ္တရာသည်ပင် ဤအကြောင်းအရာကို ဟောကြားတော်မူပါလော။"

## အကုသိုလ်နှင့် ကုသိုလ်ကို သိသူ

"ငါ့ရှင်တို့၊ သို့ဖြစ်လျှင် နာယူကြပါလော၊ ငါဟောကြားပါမည်။

'ငါ့ရှင်တို့- အကြင်အခါ၌ အရိယာသာဝကသည် အကုသိုလ်ကိုလည်း သိ၏၊ အကုသိုလ်၏ အကြောင်းရင်းကိုလည်း သိ၏၊ ကုသိုလ်ကိုလည်း သိ၏၊ ကုသိုလ်၏အကြောင်းရင်းကိုလည်း သိ၏၊ ထိုအခါ ထိုအရိယာသာဝကသည် ဤမျှဖြင့် မှန်သော အမြင် ရှိသူဖြစ်၏၊ ဖြောင့်မတ်သော အမြင်ရှိသူ ဖြစ်၏၊ တရား၌ ဉာဏ်ဖြင့် သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ ဤသာသနာတော်သို့ ဝင်ရောက်လာသူဖြစ်၏။

www.dhammaransi.com



'ငါ့ရှင်တို့၊ ဤအရာ၌ သတ္တဝါကို သတ်ခြင်း၊ ပိုင်ရှင်မပေးအပ်သောပစ္စည်းကို ယူခြင်း– အစရှိသည် မကောင်းသော ပြုလုပ်မှု၊ မကောင်းသော ပြောဆိုမှု၊ မကောင်းသော ကြံစည်မှုတို့သည် အကုသိုလ်မည်ကုန်၏။ လောဘ၊ ဒေါသ၊ မောဟတို့သည် အကုသိုလ်၏ အကြောင်းရင်းများ မည်ကုန်၏။ သတ္တဝါကို သတ်ခြင်း၊ ပိုင်ရှင် မပေးသော ပစ္စည်းကို ယူခြင်း အစရှိသည့် မကောင်းသော ပြုလုပ်မှု၊ မကောင်းသော ပြောဆိုမှု၊ မကောင်းသော ကြံစည်မှုတို့မှ ရှောင်ကြဉ်ခြင်းသည်ကား ကုသိုလ်မည်၏။ အလောဘ၊ အဒေါသ၊ အမောဟတို့သည် ကုသိုလ်၏ အကြောင်းရင်းများ မည်ကုန်၏။–

'ငါ့ရှင်တို့၊ ဤသို့လျှင် အကုသိုလ်နှင့် အကုသိုလ်၏ အကြောင်းရင်းကိုလည်းကောင်း၊ ကုသိုလ်နှင့် ကုသိုလ်၏ အကြောင်းရင်းကိုလည်းကောင်း၊ ကွဲပြားစွာ သိမြင်သော အရိယာသာဝကသည် ခပ်သိမ်းသော အခြင်းအရာအားဖြင့် ရာဂါနုသယကို ပယ်၍၊ ပဋိဃာနုသယကို ဖြေဖျောက်၍၊ ငါဟူသော ဒိဋ္ဌိနှင့်တူသည့် မာနာနုသယကို အမြစ်မှ နုတ်ပယ်၍၊ အဝိဇ္ဇာကို ပယ်၍၊ ဝိဇ္ဇာကို ဖြစ်စေ၍ မျက်မှောက်ဘဝ၌ပင် ဒုက္ခကုန်ဆုံးခြင်းကို ပြုသူဖြစ်လေ၏။"

ဤသို့လျှင် ရှင်သာရိပုတ္တရာက ဟောကြားသောအခါ ရဟန်းတို့က "ကောင်းလှပါပေ၏။" ဟု ဝမ်းမြောက်စကား မြွက်ကြားပြီး "အရှင်သာရိပုတ္တရာ၊ အခြားအကြောင်းဖြင့်လည်း အရိယာသာဝကသည် မှန်သော အမြင်ရှိသူ ဖြစ်နိုင်ပါသေးသလော" ဟူ၍ လျှောက်ကြသည်။ ရှင်သာရိပုတ္တရာက "ဖြစ်နိုင်ပေ၏" ဟု ဖြေဆိုပြီး အောက်ပါအတိုင်း ဆက်လက်ဟောကြားတော်မူလေသည်။

## အာဟာရ လေးပါးကို သိသူ

"ငါ့ရှင်တို့၊ အရိယာသာဝကသည် အကြင်အခါ၌ အာဟာရကိုလည်း သိ၏။ အာဟာရ ဖြစ်ကြောင်းကိုလည်း သိ၏။ အာဟာရ ချုပ်ငြိမ်းရာကိုလည်း သိ၏။ အာဟာရချုပ်ငြိမ်းရာသို့ ရောက်စေနိုင်သော အကျင့်ကိုလည်း သိ၏။ ထိုအခါ ထိုအရိယာသာဝကသည် ဤမျှဖြင့် မှန်သော အမြင်ရှိသူ ဖြစ်၏။ ဖြောင့်မတ်သော အမြင်ရှိသူ ဖြစ်၏။ တရား၌ ဉာဏ်ဖြင့် သက်ဝင် ယုံကြည်ခြင်းနှင့် ပြည့်စုံသည် ဖြစ်၍ ဤသာသနာတော်သို့ ဝင်ရောက်လာသူ ဖြစ်၏။

'ငါ့ရှင်တို့၊ ဖြစ်ပြီးသော သတ္တဝါတို့ကို တည်တံ့စေနိုင်သော၊ ဖြစ်ဆဲသတ္တဝါတို့အားလည်း ချီးမြှောက်ထောက်ပံ့တတ်သော အာဟာရတို့သည် အလုတ်အခဲပြု၍

www.dhammaransi.com



စားအပ်သော ကဗဠီကာရအာဟာရ၊ တွေ့ထိခြင်း ဖဿ အာဟာရ၊ စိတ်ကို စေ့ဆော်ခြင်း မနောသဉ္စေတနာအာဟာရ၊ အာရုံကိုသိခြင်း ဝိညာဏ အာဟာရဟူ၍ လေးပါး ရှိကုန်၏။ ထို အာဟာရလေးပါးတို့သည် တဏှာဟူသော အကြောင်းကြောင့် ဖြစ်ပေါ်ကုန်၏။ တဏှာချုပ်ခြင်းကြောင့် ချုပ်ကုန်၏ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်သည် အာဟာရချုပ်ငြိမ်းရာသို့ ရောက်စေနိုင်သော အကျင့်ဖြစ်၏-

'ငါ့ရှင်တို့၊ ဤသို့လျှင် အာဟာရ၊ အာဟာရဖြစ်ခြင်းအကြောင်း စသည်တို့ကို ကွဲပြားစွာ သိမြင်သော အရိယာသာဝကသည် ခပ်သိမ်းသော အခြင်းအရာအားဖြင့် ရာဂါနုသယကို ပယ်၍၊ ပဋိဃာနုသယကို ဖြေဖျောက်၍၊ ငါဟု ထင်မှတ်ခြင်း ဒိဋ္ဌိနှင့်တူသည့် မာနာနုသယကို အမြစ်မှ နုတ်၍၊ အဝိဇ္ဇာကိုပယ်၍၊ ဝိဇ္ဇာကို ဖြစ်စေ၍ မျက်မှောက်ဘဝ၌ပင် ဒုက္ခကုန်ဆုံးခြင်းကို ပြုသူဖြစ်လေသည်။"

## သစ္စာလေးပါးကိုသိသူ

ဤသို့ ရှင်သာရိပုတ္တရာက ဟောကြားသောအခါ ၎င်းရဟန်းတို့က "ကောင်းလှပါပေ၏" ဟု ဝမ်းမြောက်စကား မြွက်ကြားကြပြီး "အရှင်သာရိပုတ္တရာ၊ အခြားသော အကြောင်းဖြင့်လည်း အရိယာသာဝကသည် မှန်သော အမြင်ရှိသူ ဖြစ်နိုင်ပါသေးသလော" ဟုမေးလျှောက်ကြပြန်သည်။ ရှင်သာရိပုတ္တရာက "ဖြစ်နိုင်ပေ၏" ဟု ဖြေဆိုပြီး အောက်ပါအတိုင်း ဆက်လက် ဟောကြားတော်မူလေသည်။

'ငါ့ရှင်တို့၊ အရိယာသာဝကသည် အကြင်အခါ၌ ဒုက္ခကိုလည်း သိ၏။ ဒုက္ခဖြစ်ကြောင်းကိုလည်း သိ၏၊ ဒုက္ခချုပ်ငြိမ်းရာကိုလည်း သိ၏၊ ဒုက္ခချုပ်ငြိမ်းရာသို့ ရောက်စေနိုင်သော အကျင့်ကိုလည်း သိ၏၊ ထိုအခါ ထိုအရိယာသာဝကသည် ဤမျှဖြင့် မှန်သော အမြင်ရှိသူ ဖြစ်၏၊ တရား၌ ဉာဏ်ဖြင့် သက်ဝင်ကြည်ညိုမှုနှင့် ပြည့်စုံသည်ဖြစ်၍ ဤသာသနာတော်သို့ ဝင်ရောက်လာသူဖြစ်၏။-

'ငါ့ရှင်တို့၊ ဒုက္ခဟူသည် အဘယ်နည်းဆိုသော်- ပဋိသန္ဓေနေရခြင်း ဇာတိသည် ဒုက္ခဖြစ်၏။ အိုရခြင်း ဇရာသည် ဒုက္ခဖြစ်၏၊ သေရခြင်း မရဏသည် ဒုက္ခဖြစ်၏၊ သောကပရိဒေဝ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာတို့သည် ဒုက္ခဖြစ်ကုန်၏၊ မချစ်သူနှင့် အတူနေရခြင်းသည် ဒုက္ခဖြစ်၏၊ ချစ်သူနှင့် ကွေကွင်းရခြင်းသည် ဒုက္ခဖြစ်၏၊ လိုရာကို မရခြင်းသည် ဒုက္ခဖြစ်၏၊ အချုပ်အားဖြင့် ဥပါဒါနက္ခန္ဓာငါးပါးတို့သည် ဒုက္ခဖြစ်ကုန်၏။-

'ငါ့ရှင်တို့၊ ဒုက္ခဖြစ်ကြောင်းဟူသည် အဘယ်နည်းဆိုသော်- တစ်ဖန် ဘဝသစ်ကို ဖြစ်စေတတ်သော၊ နှစ်သက်တပ်စွန်းခြင်းနှင့် တကွဖြစ်သော၊ ထိုထို

www.dhammaransi.com



အာရုံ၌ လွန်စွာ နှစ်သက်တတ်သော ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာဟူသော တဏှာသုံးပါးပင်ဖြစ်၏။

'ငါ့ရှင်တို့၊ ဒုက္ခချုပ်ငြိမ်းရာဟူသည် အဘယ်နည်းဆိုသော် ထိုသုံးပါးသော တဏှာ၏ အကြွင်းမဲ့ကင်းကွာချုပ်ငြိမ်းရာပင် ဖြစ်ပေ၏။

'ငါ့ရှင်တို့၊ ဒုက္ခချုပ်ငြိမ်းရာသို့ရောက်စေနိုင်သော အကျင့်ဟူသည် အဘယ်နည်း ဆိုသော် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ပင် ဖြစ်ပေ၏။-

'ငါ့ရှင်တို့၊ ဤသို့လျှင် ဒုက္ခကိုလည်းကောင်း ဒုက္ခဖြစ်ကြောင်းစသည်တို့ကိုလည်း ကောင်း၊ ကွဲပြားစွာသိမြင်သော အရိယာသာဝကသည် အချင်းခပ်သိမ်းအားဖြင့် ရာဂါနုသယကို ပယ်၍၊ ပဋိဃာနုသယကိုဖျောက်ဖျက်၍၊ ငါဟု ထင်မှတ်သော ဒိဋ္ဌိနှင့်တူသည့် မာနာနုသယကို အမြစ်မှ နုတ်ပစ်၍၊ အဝိဇ္ဇာကိုပယ်၍၊ ဝိဇ္ဇာကို ဖြစ်စေ၍မျက်မှောက်ဘဝ၌ပင် ဒုက္ခ ကုန်ဆုံးခြင်းကို ပြုသူဖြစ်လေ၏။

ယို့နောက် ရှင်သာရိပုတ္တရာသည် ဇရာမရဏမှ အဝိဇ္ဇာအထိ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ (၁၂) ပါးတို့၌ လည်းအထက်ပါနည်းတူ သမ္မာဒိဋ္ဌိဖြစ်ပုံကို ပဋိလောမနည်းအားဖြင့် တစ်ပါးစီခွဲ၍ ဟောကြားတော်မူသည်။ အဆုံးတွင်မူ အာသဝတို့၌ သမ္မာဒိဋ္ဌိဖြစ်ပုံကို ဟောကြား၍ တရားကို နိဂုံးချုပ်တော်မူသည်။ ရဟန်းတို့လည်း ထိုဟောကြားချက်ကို နှစ်သက်စွာ နာယူမှတ်သားကြလေသည်။

(သမ္မာဒိဋ္ဌိသည် လောကီသမ္မာဒိဋ္ဌိနှင့် လောကုတ္တရာ သမ္မာဒိဋ္ဌိဟူ၍ နှစ်မျိုးရှိ၏။ ထိုတွင် ကမ္မဿကတာဉာဏ်နှင့် သစ္စာနုလောမိကဉာဏ်သည် လောကီသမ္မာဒိဋ္ဌိမည်၏။ မဂ်ဖိုလ်တို့နှင့် ယှဉ်သော ပညာသည် လောကုတ္တရာ သမ္မာဒိဋ္ဌိမည်၏၊ ပုဂ္ဂိုလ်သည် ပုထုဇဉ်ပုဂ္ဂိုလ်၊ သေက္ခပုဂ္ဂိုလ်၊ အသေက္ခပုဂ္ဂိုလ် ဟူ၍ သုံးမျိုးရှိ၏။ ထိုတွင်လည်း ပုထုဇဉ်သည် သာသနာပ ပုထုဇဉ်နှင့် သာသနာတွင်း ပုထုဇဉ်ဟူ၍ နှစ်မျိုးရှိ၏။ ယင်းတို့တွင် ကမ္မဝါဒီဖြစ်သော သာသနာပ ပုထုဇဉ်သည် ကမ္မဿကတာ သမ္မာဒိဋ္ဌိနှင့်ပြည့်စုံသူဖြစ်၏။ သစ္စာနုလောမိက သမ္မာဒိဋ္ဌိနှင့်ကား ပြည့်စုံသူ မဖြစ်နိုင်ချေ၊ သာသနာတွင်း ပုထုဇဉ်သည် သမ္မာဒိဋ္ဌိနှစ်မျိုးလုံးနှင့် ပြည့်စုံသူ ဖြစ်နိုင်၏။ သေက္ခပုဂ္ဂိုလ်သည် ခိုင်မြဲသော နိယတသမ္မာဒိဋ္ဌိနှင့် ပြည့်စုံသူ ဖြစ်၏။ ဤသုတ်၌ လောကုတ္တရာ သမ္မာဒိဋ္ဌိနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို မှန်သော အမြင်ရှိသူဟု ဆိုပေသည်- အဋ္ဌကထာ)

www.dhammaransi.com

# ၁၁။ မဟာသတိပဋ္ဌာနသုတ်

## သတိပဋ္ဌာန်လေးပါးကို အကျယ်ဟောကြားခြင်း

### တစ်ကြောင်းတည်းသော လမ်းခရီး

ဗုဒ္ဓမြတ်စွာသည် ကုရုတိုင်း ကမ္မာသဓမ္မ မည်သော နိဂုံး(ရွာကြီး)၌ သီတင်းသုံးစဉ် ရဟန်းတို့အား ဤ မဟာသတိပဋ္ဌာနသုတ်ကို ဟောကြားတော်မူသည်။

"ရဟန်းတို့၊ သတ္တဝါတို့၏ စိတ်စင်ကြယ်ရန်၊ စိုးရိမ်ပူပန်ရခြင်း၊ ငိုကြွေးမြည်တမ်းရခြင်းတို့ကို လွန်မြောက်နိုင်ရန်၊ ကိုယ်စိတ်ဆင်းရဲခြင်းများ ချုပ်ငြိမ်းရန်၊ အရိယာမဂ်ကို ရရှိရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန်အတွက် တစ်ကြောင်းတည်းသော ခရီးလမ်းကား ဤသတိပဋ္ဌာန်လေးပါးတို့ပင် ဖြစ်၏။ သတိပဋ္ဌာန် လေးပါးဟူသည်--

(၁) ပြင်းစွာ လုံ့လစိုက်လျက် သတိသမ္ပဇဉ်နှင့် ယှဉ်ကာ လောက၌ မက်မောခြင်း၊ ပြစ်မှားခြင်းတို့ကို ပယ်ဖျောက်ပြီး ကိုယ်၌ ကိုယ်ဟု အဖန်တလဲလဲ ရှု၍နေခြင်း။
(၂) ခံစားမှုဝေဒနာတို့၌ ခံစားမှု ဝေဒနာဟု အဖန်တလဲလဲရှု၍ နေခြင်း။
(၃) စိတ်၌ စိတ်ဟု အဖန်တလဲလဲ ရှုနေနေခြင်း။
(၄) တရားသဘောတို့၌ တရားသဘောဟု အဖန်တလဲလဲ ရှု၍နေခြင်းတို့ ဖြစ်လေသည်။

www.dhammaransi.com



## (၁) ကိုယ်၌ ရှုဆင်ခြင်ခြင်း (ကာယာနုပဿနာ)

### ဝင်သက်ထွက်သက်ကို ရှုပုံ

ကိုယ်၌ ကိုယ်ဟု ရှုဆင်ခြင်ပုံကား ဤသာသနာ၌ ရဟန်းတစ်ပါးသည် တော၊ တောင်၊ သစ်ပင်ရင်း စသော ဆိတ်ငြိမ်ရာ အရပ်တစ်ခုခုသို့ ချဉ်းကပ်၍ တင်ပျဉ်ခွေ ထိုင်ပြီး ကိုယ်ကို ဖြောင့်ဖြောင့် မတ်မတ်ထား၏။ သတိကိုလည်း ကမ္မဋ္ဌာန်းအာရုံသို့ ရှေ့ရှုတည်စေ၏။ ယင်းသို့ တည်စေပြီးနောက် ထိုရဟန်းသည် သတိရှိလျက် သာလျှင် ဝင်သက်လေကို ရှူသွင်း၏။ သတိ ရှိလျက်သာလျှင် ထွက်သက်လေကို ရှူထုတ်၏။

ရှည်ရှည်ရှူသွင်းလျှင် 'ရှည်ရှည်ရှူသွင်းသည်'ဟု သိ၏။

ရှည်ရှည်ရှူထုတ်လျှင် 'ရှည်ရှည်ရှူထုတ်သည်' ဟု သိ၏။

တိုတိုရှူသွင်းလျှင် 'တိုတိုရှူသွင်းသည်' ဟု သိ၏။

တိုတိုရှူထုတ်လျှင် 'တိုတိုရှူထုတ်သည်' ဟု သိ၏။

ဝင်သက်လေ၏ အစ၊ အလယ်၊ အဆုံး၊သုံးပါးလုံးကို ထင်ရှားသိလျက် ရှူသွင်းမည်ဟူ၍ လေ့ကျင့်အားထုတ်၏။

ထွက်သက်လေ၏ အစ၊ အလယ်၊ အဆုံး သုံးပါးလုံးကို ထင်ရှားသိလျက် ရှူထုတ်မည်ဟူ၍ လေ့ကျင့်အားထုတ်၏။

ရင့်ရင်းပြင်းထန်သော ဝင်သက်ကို ငြိမ်းအေးစေလျက် ရှူသွင်းမည်ဟူ၍ လေ့ကျင့် အားထုတ်၏။

ရင့်ရင်းပြင်းထန်သော ထွက်သက်လေကို ငြိမ်းအေးစေလျက် ရှူထုတ်မည် ဟူ၍ လေ့ကျင့်အားထုတ်၏။

ဥပမာအားဖြင့် ကျွမ်းကျင်သော ပွတ်သမားသည် ပွတ်ကြိုးကို ရှည်ရှည် ဆွဲလျှင် ရှည်ရှည်ဆွဲသည်ဟူ၍ လည်းကောင်း၊ တိုတိုဆွဲလျှင် တိုတိုဆွဲသည်ဟူ၍ လည်းကောင်း သိသကဲ့သို့ ဖြစ်၏။

### ဣရိယာပုတ်ကိုရှုပုံ

ရဟန်းတစ်ပါးသည်ကား သွားလျှင် သွားသည်ဟု သိ၏။ ရပ်လျှင် ရပ်သည် ဟု သိ၏။ ထိုင်လျှင် ထိုင်သည်ဟု သိ၏။ အိပ်လျှင် အိပ်သည်ဟု သိ၏။ တည်ရှိနေတိုင်းသော အခြင်းအရာအားဖြင့် ကိုယ်၏ တည်နေပုံကို သိ၏။

www.dhammaransi.com



## သမ္ပဇဉ်ဉာဏ်ဖြင့် ဆင်ခြင်ပုံ

တစ်ဖန် ထိုရဟန်းသည် ရှေ့သို့ တိုးခြင်း၊ နောက်သို့ဆုတ်ခြင်းတို့၌ ဆင်ခြင်ဉာဏ်ဖြင့် ပြုလေ့ရှိ၏။

တည့်တည့်ကြည့်ခြင်း၊ စောင်းငဲ့၍ ကြည့်ခြင်းတို့၌ ဆင်ခြင်ဉာဏ်ဖြင့် ပြုလေ့ရှိ၏။

ကွေးခြင်း ဆန့်ခြင်းတို့၌ ဆင်ခြင်ဉာဏ်ဖြင့် ပြုလေ့ရှိ၏။

သပိတ်၊ သင်္ကန်းတို့ကို ကိုင်တွယ်ဝတ်ဆင်ခြင်း၊ စားခြင်း၊ သောက်ခြင်း၊ ကျင်ကြီး ကျင်ငယ် စွန့်ခြင်း၊ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်း၊ နိုးခြင်း၊ စကားပြောခြင်း၊ ဆိတ်ဆိတ်နေခြင်းတို့၌ ဆင်ခြင်ဉာဏ်ဖြင့် ပြုလေ့ရှိ၏။

## စက်ဆုပ်ဖွယ်ဟု ရှုပုံ

တစ်ဖန် ထိုရဟန်းသည် အောက်ခြေဖဝါးပြင်မှစ၍ အထက်ဆံပင်ဖျားအထိ အရေပြားဖြင့် ပိုင်းခြားအပ်သော ဤကိုယ်ကို မစင်ကြယ်သော အရာဝတ္ထုအမျိုးမျိုးဖြင့် ပြည့်နှက်နေသည်ဟူ၍ ရှုဆင်ခြင်၏။ ဤကိုယ်၌-

ဆံပင်၊ အမွေး၊ ခြေသည်း လက်သည်း၊ သွား၊ အရေ၊
အသား၊ အကြော၊ အရိုး၊ ချဉ်ဆီ၊ အညှို့၊
နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊
အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊
သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊
အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံထွေး၊ နှပ်၊
အစေး၊ ကျင်ငယ်အားဖြင့်--

(၃၂)ပါးသော အစုအဝေးများသာရှိ၏ဟူ၍ ရှုဆင်ခြင်၏။ ဥပမာအားဖြင့် မျက်စိအမြင်ကောင်းသော ယောကျ်ားသည် ကောက်ပဲသီးနှံအမျိုးမျိုးဖြင့် ပြည့်နှက်နေသော အိတ်ကို ဖွင့်၍၊ ဤကား စပါးတည်း၊ ဤကား ပဲနောက်တည်း၊ ဤကား ပဲကြီးတည်း' စသည်ဖြင့် ခွဲခြားသိမြင်သကဲ့သို့ ဖြစ်၏။

## ဓာတ်သဘောအားဖြင့် ဆင်ခြင်ပုံ

တစ်ဖန် ထိုရဟန်းသည် တည်နေတိုင်း ထားရှိတိုင်းသော ကိုယ်ကို ဓာတ်သဘော အားဖြင့် ဆင်ခြင်၍ 'ဤကိုယ်၌ မြေဓာတ်၊ ရေဓာတ်၊ မီးဓာတ်၊

www.dhammaransi.com



လေဓာတ် ဟူသော ဓာတ်လေးပါးသာရှိ၏’ ဟူ၍ ဆင်ခြင်၏။ ဥပမာအားဖြင့် ကျွမ်းကျင်သော နွားသတ်သမားသည် နွားကို သတ်ပြီး လမ်းလေးခွ၌ အသားတို့ကို လေးစုလေးပုံပြုကာ ထိုင်နေသကဲ့သို့ ဖြစ်၏။

## သူသေကောင်ကိုးမျိုးကို ဆင်ခြင်ပုံ

တစ်ဖန် ထိုရဟန်းသည် သုသာန်၌ စွန့်ပစ်ထားသော သူသေကောင် အမျိုးမျိုးကို ရှု၍ မိမိကိုယ်ကို ဆင်ခြင်၏။

(၁) သေပြီး နှစ်ရက် သုံးရက် ကြာသဖြင့် ဖူးယောင်ပုပ်ပွနေသော သူသေကောင်။

(၂) ကျီးငှက်တိရစ္ဆာန်တို့ ထိုးဆွကိုက်ဆွဲထားသော သူသေကောင်။

(၃) အသားအသွေးတို့နှင့်တကွ အကြောဖြင့် ဖွဲ့စပ်၍ အရိုးစုဖြစ်နေသော သူသေကောင်။

(၄) အသားကင်းပြီး အသွေးဖြင့်သာ လိမ်းကျံလျက် အကြောဖြင့် ဖွဲ့စပ်၍ အရိုးစုဖြစ်နေသော သူသေကောင်။

(၅) အသားရော၊ အသွေးပါကင်းပြီး အကြောဖြင့်သာ ဖွဲ့စည်းလျက် အရိုးစု ဖြစ်နေသော သူသေကောင်။

(၆) အဆက်အစပ်မရှိတော့ဘဲ ခြေရိုးတခြား၊ လက်ရိုးတခြားစသည်ဖြင့် ပြန့်ကျဲနေသော သူသေကောင်။

(၇) ခရုသင်းကဲ့သို့ ဖြူဖွေးနေသော အရိုးစုဖြစ်နေသည့် သူသေကောင်။

(၈) နှစ်လွန်၍ နေပူ မိုးစိုနေသော အရိုးစု သူသေကောင်။

(၉) အမှုန့်ဖြစ်၍ ပုပ်ဆွေးနေသော အရိုးစု သူသေကောင်တို့ကို ရှု၍ ‘ငါ၏ ကိုယ်သည်လည်း ဤသို့သော သဘောရှိ၏။ ဤသို့ပင် ဖြစ်တတ်၏။ ဤသို့သော အဖြစ်မျိုးကိုမလွန်ဆန်နိုင်ပေ’ ဟူ၍ နှိုင်းဆ ဆင်ခြင်၏။

ဤသို့အားဖြင့် ထိုရဟန်းသည် မိမိကိုယ်၌ ဖြစ်စေ၊ သူတစ်ပါးတို့၏ ကိုယ်၌ ဖြစ်စေ၊ ယင်းနှစ်မျိုးလုံး၌ဖြစ်စေ ကိုယ်ဟု အဖန်ဖန် ရှု၍ နေ၏။ ကိုယ်၌ ဖြစ်ခြင်းသဘော၊ ပျက်ခြင်းသဘော၊ ဖြစ်ပျက်ခြင်း သဘောကို အဖန်ဖန် ရှု၍ နေ၏။ အသိဉာဏ် ဖြစ်ရန်၊ တစ်ဖန် သတိရရန်အတွက်သာလျှင် ‘ကိုယ်သည် ရှိ၏’ ဟူ၍ သတိကို ထင်စွာ ထား၏။ ထိုရဟန်းသည် တဏှာဒိဋ္ဌိဟူသော

www.dhammaransi.com



အမှီအတွယ် မရှိမှု၍ နေ၏။ လောက၌ တစ်စုံတစ်ခုကိုမျှလည်း စွဲလမ်းခြင်းမရှိချေ။ ဤသို့လျှင် ထိုရဟန်းသည် ကိုယ်၌ ကိုယ်ဟု အဖန်ဖန်ရှု၍ နေ၏။

## (၂) ဝေဒနာတို့၌ ရှုဆင်ခြင်ခြင်း (ဝေဒနာနုပဿနာ)

ခံစားမှုဝေဒနာတို့၌ ရှုဆင်ခြင်ပုံကား- ဤသာသနာ၌ ရဟန်းတစ်ပါးသည် ချမ်းသာမှုကို ခံစားလျှင် 'ချမ်းသာမှုကို ခံစား၏' ဟု သိ၏။

ဆင်းရဲမှုကို ခံစားလျှင် 'ဆင်းရဲမှုကို ခံစား၏' ဟု သိ၏။ ဆင်းရဲသည်လည်း မဟုတ်၊ ချမ်းသာသည်လည်း မဟုတ်သော ဝေဒနာကို ခံစားလျှင်လည်း 'ဆင်းရဲသည်လည်း မဟုတ်၊ ချမ်းသာသည်လည်း မဟုတ်သော ဝေဒနာကို ခံစား၏' ဟု သိ၏။

တွယ်တာဖွယ်နှင့် ယှဉ်သော ချမ်းသာမှု၊ ဆင်းရဲမှု၊ ဆင်းရဲချမ်းသာ မဟုတ်သော ခံစားမှု၊ တွယ်တာဖွယ်နှင့် မယှဉ်သော ချမ်းသာမှု၊ ဆင်းရဲမှု၊ ဆင်းရဲချမ်းသာ မဟုတ်သော ခံစားမှုတို့ကိုလည်း ထိုနည်းတူပင် သိမှတ်ဆင်ခြင်၏။

ဤသို့အားဖြင့် ထိုရဟန်းသည် မိမိသန္တာန်၌ ဖြစ်သော ခံစားမှုတို့၌ ဖြစ်စေ၊ သူတစ်ပါးတို့၏ သန္တာန်၌ဖြစ်သော ခံစားမှုတို့ ဖြစ်စေ၊ ယင်းနှစ်မျိုးလုံး၌ ဖြစ်စေ ခံစားမှုဟု အဖန်ဖန် ရှု၍ နေ၏။ ခံစားမှုတို့၌ ဖြစ်ခြင်းသဘော၊ ပျက်ခြင်းသဘော၊ ဖြစ်ပျက်ခြင်းသဘောကို အဖန်ဖန်ရှု၍ နေ၏။ အသိဉာဏ်ဖြစ်ရန် တစ်ဖန် သတိရရန်အတွက်သာလျှင် 'ခံစားမှုသည် ရှိ၏' ဟူ၍ သတိကို ထင်စွာထား၏။ ထိုရဟန်းသည် တဏှာဒိဋ္ဌိဟူသောအမှီအတွယ်မရှိ မှု၍နေ၏။ လောက၌ တစ်စုံတစ်ခုကိုမျှလည်း စွဲလမ်းခြင်းမရှိချေ။ ဤသို့လျှင် ထိုရဟန်းသည် ခံစားမှု ဝေဒနာတို့၌ ခံစားမှုဟု အဖန်ဖန်ရှု၍နေ၏။

## (၃) စိတ်၌ ဆင်ခြင်ခြင်း (စိတ္တာနုပဿနာ)

စိတ်၌ စိတ်ဟု ရှုဆင်ခြင်ပုံကား- သာသနာ ဝန်ထမ်း ရဟန်းတစ်ပါးသည် တပ်မက်မှုရှိသော စိတ်ကို 'တပ်မက်မှုရှိသော စိတ်' ဟု သိ၏။ တပ်မက်မှု မရှိသော စိတ်ကို 'တပ်မက်မှု မရှိသော စိတ်' ဟု သိ၏။

ပြစ်မှားမှုရှိသောစိတ်၊ ပြစ်မှားမှုကင်းသောစိတ်၊ တွေဝေမှုရှိသောစိတ်၊ တွေဝေမှုကင်းသောစိတ်၊ ကျဉ်းကျုပ်သောစိတ်၊ ပျံ့လွင့်သောစိတ်၊ မြင့်မြတ်သော စိတ်၊ မမြင့်မြတ်သောစိတ်၊ အလွန်ရှိစိတ်၊ အလွန်မဲ့စိတ်၊ တည်တံ့ကြံ့ခိုင်မှုရှိ

www.dhammaransi.com



သောစိတ်၊ တည်တံကြံ့ခိုင်မှု မရှိသောစိတ်၊ လွတ်မြောက်သောစိတ်၊ မလွတ်မြောက်သောစိတ်တို့ကိုလည်း ထို့အတူပင် ခွဲခြားသိမြင်၏။

ဤသို့ဖြင့် ထိုရဟန်းသည် မိမိစိတ်၌ ဖြစ်စေ၊ သူတစ်ပါးတို့၏ စိတ်၌ ဖြစ်စေ၊ ယင်းနှစ်မျိုးလုံး၌ဖြစ်စေ စိတ်ကို အဖန်ဖန်ရှု၍ နေ၏။ စိတ်၌ ဖြစ်ခြင်းသဘော၊ ပျက်ခြင်းသဘော၊ ဖြစ်ပျက်သဘောများကို အဖန်ဖန်ရှု၍ နေ၏။ အသိဉာဏ်ဖြစ်ရန်၊ တစ်ဖန် သတိရရန် အတွက်သာလျှင် 'စိတ်သည်ရှိ၏' ဟူ၍ သတိကို ထင်စွာထား၏။ ထိုရဟန်းသည် တဏှာဒိဋ္ဌိဟူသော အမှီအတွယ် မရှိမူ၍ နေ၏။ လောက၌ တစ်စုံတစ်ခုကိုမျှလည်း စွဲလမ်းခြင်းမရှိချေ။ ဤသို့လျှင် ထိုရဟန်းသည် စိတ်၌ စိတ်ဟု အဖန်ဖန်ရှု၍ နေ၏။

## (၄) တရားသဘောတို့၌ ရှုဆင်ခြင်ခြင်း (ဓမ္မာနုပဿနာ)

### နီဝရဏ ငါးပါးကို ရှုပုံ

တရားသဘောတို့၌ တရားသဘောဟု ဆင်ခြင်ပုံကား– ဤသာသနာ၌ ရဟန်းတစ်ပါးသည် စိတ်ကို ပိတ်ဆို့တားဆီးတတ်သော နီဝရဏတရားတို့၌ တရားသဘောဟု အဖန်ဖန်ရှု၍ နေ၏။

မိမိသန္တာန်၌ ကာမဆန္ဒရှိလျှင် 'ငါ၏ အတွင်းသန္တာန်၌ ကာမဆန္ဒရှိ၏' ဟု သိ၏။ မိမိသန္တာန်၌ ကာမဆန္ဒ မရှိလျှင် 'ငါ၏ အတွင်းသန္တာန်၌ကာမဆန္ဒ မရှိ' ဟု ထင်ရှာ သိ၏။

မဖြစ်သေးသော ကာမဆန္ဒ ဖြစ်ပေါ်ခြင်း၊ ဖြစ်ပေါ်လာသော ကာမဆန္ဒကို ပယ်ခြင်း၊ ပယ်ပြီးသော ကာမဆန္ဒ နောက်ထပ် ဖြစ်ပေါ် မလာခြင်းတို့ကိုလည်း ထင်ရှားစွာ သိမြင်၏။

စိတ်ဆိုးခြင်း၊ ထိုင်းမှိုင်းတွေဝေခြင်း၊ ပျံ့လွင့်ပူပန်ခြင်း၊ တွေးတောယုံမှားခြင်းဟူသော နီဝရဏတရားများကိုလည်း ထို့အတူပင် သိမြင်၏။

### ခန္ဓာငါးပါးကို ရှုပုံ

တစ်ဖန် ထိုရဟန်းသည် စွဲလမ်းအပ်သော ခန္ဓာငါးပါးတို့၌ တရားသဘောဟု အဖန်ဖန် ရှု၍ နေ၏။ 'ဤကား ရုပ်တည်း၊ ဤကား ရုပ်၏ ဖြစ်ပေါ်ခြင်းတည်း၊ ဤကား ရုပ်၏ ချုပ်ပျောက်ခြင်းတည်း' ဟု အဖန်ဖန်ရှု၍ နေ၏။ ခံစားမှုဝေဒနာ၊

www.dhammaransi.com



မုတ်သားမှု သညာ၊ စေ့ဆော်အားထုတ်မှု သင်္ခါရနှင့် စိတ်ဝိညာဉ်တို့၌လည်း ထိုအတူပင် ခွဲခြားသိမြင် ရှုဆင်ခြင်၍ နေ၏။

ထိုရဟန်းသည် မျက်စိကိုလည်း သိ၏၊ အဆင်းရူပါရုံကိုလည်း သိ၏၊ ယင်းနှစ်ပါးစုံကို အစွဲပြု၍ တပ်မက်ခြင်း၊ စိတ်ဆိုးခြင်း စသော သံယောဇဉ်နှောင်ကြိုးများဖြစ်ပေါ်လာပုံကိုလည်း သိ၏။

မဖြစ်သေးသော သံယောဇဉ်များ ဖြစ်ပေါ်လာခြင်း၊ ဖြစ်ပေါ်လာသော သံယောဇဉ်များကို ပယ်ခြင်း၊ ပယ်ပြီးသော သံယောဇဉ်များ၏ နောက်ထပ်ဖြစ်ပေါ် မလာခြင်းတို့ကိုလည်း သိ၏။

နားနှင့် အသံ၊ နှာခေါင်းနှင့် အနံ့၊ လျှာနှင့် အရသာ၊ ကိုယ်နှင့် အတွေ့အထိ၊ မနောဝိညာဉ်နှင့် ဓမ္မာရုံတို့ကိုလည်း ထိုအတူပင် သိမြင်၏။

## ဗောဇ္ဈင်ခုနစ်ပါးကို ရှုပုံ

တစ်ဖန် ထိုရဟန်းသည် ဗောဓိဉာဏ်၏ အင်္ဂါအစိတ်အပိုင်းဖြစ်သော တရားခုနစ်ပါးတို့၌ တရားသဘောဟု အဖန်ဖန်ရှု၏။

မိမိသန္တာန်၌ ဗောဓိဉာဏ်၏ အင်္ဂါအစိတ်အပိုင်းဖြစ်သော သတိရှိလျှင် 'ရှိ၏' ဟု သိ၏။ မရှိလျှင်လည်း 'မရှိ' ဟု သိ၏။ မဖြစ်သေးသော သတိဖြစ်လာပုံ၊ ဖြစ်ပေါ်လာသော သတိ၏ တိုးပွားပြည့်စုံလာပုံတို့ကိုလည်း သိမြင်၏။

ဗောဓိဉာဏ်၏ အင်္ဂါအစိတ်အပိုင်းဖြစ်သော တရားသဘောကို စိစစ်မှုဉာဏ်၊ အားထုတ်မှု ဝီရိယ၊ နှစ်သက်မှု ပီတိ၊ ငြိမ်အေးမှု ပဿဒ္ဓိ၊ တည်ငြိမ်မှု သမာဓိ၊ လျစ်လျူရှုမှု ဥပေက္ခာတို့ကိုလည်း ထိုအတူပင် သိမြင်၏။

## သစ္စာလေးပါးကို ရှုပုံ

တစ်ဖန် ထိုရဟန်းသည် အရိယာ သစ္စာလေးပါးတို့၌ တရားသဘောဟု အဖန်ဖန်ရှု၍ နေ၏။ 'ဤကား ဆင်းရဲတည်း၊ ဤကား ဆင်းရဲဖြစ်ကြောင်းတည်း၊ ဤကား ဆင်းရဲငြိမ်းရာတည်း၊ ဤကား ဆင်းရဲငြိမ်းရာသို့ ရောက်စေကတ်သော အကျင့်တည်း' ဟူ၍ ဟုတ်တိုင်းမှန်စွာ သိမြင်၏။

ဆင်းရဲခြင်း အမှန်တရားဟူသည်– ပဋိသန္ဓေနေရခြင်း၊ အိုရသေရခြင်း၊ စိုးရိမ်ပူဆွေး ငိုကြွေးရခြင်း၊ ကိုယ်စိတ် ဆင်းရဲရခြင်း၊ ပြင်းစွာ ပူပန်ရခြင်းတို့သည် ဆင်းရဲခြင်းများ ဖြစ်၏။ မချစ်မနှစ်သက်လိုဖွယ်တို့နှင့် တွေ့ဆုံ ပေါင်းသင်းရခြင်း၊

www.dhammaransi.com



ချစ်ခင်နှစ်လိုဖွယ်တို့နှင့်ကွဲကွာကွေကွင်းရခြင်း၊ လိုချင်သည်ကို မရခြင်းများလည်း ဆင်းရဲခြင်းပင် ဖြစ်၏။ အချုပ်အားဖြင့်ကား စွဲလမ်းအပ်သော ခန္ဓာငါးပါးသည် ဆင်းရဲခြင်း ဖြစ်ပေသည်။

ဆင်းရဲခြင်း ဖြစ်ကြောင်း အမှန်တရား ဟူသည်– နောက်ထပ် ဘဝသစ်ကို ဖြစ်ပေါ်စေတတ်သော၊ နှစ်သက်စွဲငြိခြင်းနှင့်တကွ ဖြစ်သော ထိုထို ဘဝအာရုံ၌ အလွန်နှစ်သက်ခြင်း ရှိသော တပ်မက်မှုပင် ဖြစ်၏။ ယင်းတပ်မက်မှုသည် ကာမဂုဏ်၌ တပ်မက်မှု၊ ဘဝ၌ တပ်မက်မှု၊ ဘဝပြတ်စဲခြင်း၌ တပ်မက်မှု ဟူ၍ သုံးမျိုး ရှိ၏။

ဆင်းရဲငြိမ်းရာ အမှန်တရား ဟူသည်– အဆိုပါ တပ်မက်မှု၏ အကြွင်းမဲ့ ကင်းစင်ချုပ်ငြိမ်းခြင်း၊ စွန့်ခွာ လွတ်မြောက်ခြင်း၊ ငြိမ်အေးခြင်းပင် ဖြစ်သည်။

ဆင်းရဲငြိမ်းရေး အမှန်တရား ဟူသည်– မှန်သောအမြင်၊ မှန်သောအကြံ၊ မှန်သော စကား၊ မှန်သော အလုပ်၊ မှန်သော အသက်မွေးခြင်း၊ မှန်သော အားထုတ်ခြင်း၊ မှန်သော တည်ကြည်ခြင်း ဟူသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည့် ဤအရိယမဂ်လမ်းစဉ်ပင် ဖြစ်ပေသည်။

ဤသို့အားဖြင့် ထိုရဟန်းသည် မိမိသန္တာန်၌ လည်းကောင်း၊ သူတစ်ပါးတို့၏ သန္တာန်၌သော် လည်းကောင်း၊ မိမိ သူတစ်ပါး နှစ်ဦးသားလုံးတို့၏ သန္တာန်၌သော် လည်းကောင်း တည်ရှိသော တရားသဘောတို့၌ တရားသဘောဟု အဖန်ဖန် ရှု၍ နေ၏။ ထိုတရားသဘောတို့၌ ဖြစ်ခြင်းသဘော၊ ပျက်ခြင်းသဘော၊ ဖြစ်ပျက်ခြင်း သဘောတို့ကို အဖန်ဖန်ရှု၍ နေ၏။ အသိဉာဏ်ဖြစ်ရန်၊ တစ်ဖန် သတိရရန် အတွက်သာလျှင် 'တရားသဘောများသည် ရှိကုန်၏' ဟူ၍ သတိကို ထင်စွာထား၏။ ထိုရဟန်းသည် တဏှာဒိဋ္ဌိဟူသော အမှီအတွယ် မရှိမူ၍ နေ၏။ လောက၌ တစ်စုံတစ်ခုကိုမျှလည်း စွဲလမ်းခြင်း မပြုချေ။ ဤသို့လျှင် တရားသဘောတို့၌ တရားသဘောဟု အဖန်ဖန်ရှု၍ နေ၏။

## သတိပဋ္ဌာန် ပွားများခြင်း၏ အကျိုး

"ရဟန်းတို့၊ အကြင်တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် ဤသတိပဋ္ဌာန်လေးပါးကို ငါဘုရားဟောကြားသည့် နည်းအတိုင်း ခုနစ်နှစ်ပတ်လုံး ပွားများငြားအံ့၊ ထို ပုဂ္ဂိုလ်သည် ယခု မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ကို ဖြစ်စေ၊ စွဲလမ်းမှု ကြွင်း ကျန်နေသေးလျှင် အနာဂါမိဖိုလ်ကို ဖြစ်စေ မုချ ရမည်ဟု မျှော်လင့်အပ်၏။

www.dhammaransi.com



'ရဟန်းတို့၊ ခုနစ်နှစ်ကို ထားဘိဦး၊ အကြင် တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် ဤသတိပဋ္ဌာန်လေးပါးကို ငါဘုရား ဟောကြားသည့် နည်းအတိုင်း ခုနစ်နှစ်ရက်မျှ ပွားများအံ့၊ ထို ပုဂ္ဂိုလ်သည် ယခု မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ကို ဖြစ်စေ၊ စွဲလမ်းမှု ကြွင်းကျန်နေသေးလျှင် အနာဂါမိဖိုလ်ကို ဖြစ်စေ မုချရမည်ဟု မျှော်လင့်အပ်၏။

'ရဟန်းတို့၊ သတ္တဝါတို့၏ စိတ်စင်ကြယ်ရန်၊ စိုးရိမ်ပူဆွေး ငိုကြွေးရခြင်းများကို လွန်မြောက်နိုင်ရန်၊ ကိုယ်စိတ်ဆင်းရဲမှုများ ချုပ်ငြိမ်းရန်၊ နည်းမှန် လမ်းမှန်သို့ ဆိုက်ရောက်ရန်၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန်အတွက် တစ်ကြောင်းတည်းသော ခရီးလမ်းကား ဤသတိပဋ္ဌာန်လေးပါးတို့ပင် ဖြစ်ပေသည်။"

www.dhammaransi.com

# ၁၁။ စူဠသီဟနာဒသုတ်

## ခြင်္သေ့မင်းကဲ့သို့ ရဲရင့်သော စကားကို မြွက်ကြားခြင်း

### ရဲရင့်စွာ မြွက်ဆိုကြ

ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတို့အား ဤ သုတ်ကို ဟောကြားတော်မူသည်။

“ရဟန်းတို့--၊ ဤ သာသနာ၌သာလျှင် (သောတာပန်) ရဟန်းသည် ရှိ၏။ ဤသာသနာ၌သာလျှင် ဒုတိယ ရဟန်း(သကဒါဂါမ်) သည် ရှိ၏။ ဤ သာသနာ၌သာလျှင် တတိယရဟန်း (အနာဂါမ်) သည် ရှိ၏။ ဤသာသနာ၌ သာလျှင် စတုတ္ထရဟန်း (ရဟန္တာ) သည် ရှိ၏။ တစ်ပါးသော အယူဝါဒတို့သည် ကိလေသာငြိမ်းအေးသော ရဟန်းတို့မှ ဆိတ်သုဉ်းကုန်၏။ ရဟန်းတို့-၊ သင်တို့သည် ဤသို့လျှင် မကြောက်မရွံ့ ရဲရင့်စွာ မြွက်ဆိုကြကုန်လော။ ငါ့ရှင်တို့- ‘သင်တို့သည် မည်သို့သော အကြောင်းအထောက်အထားဖြင့် ဤသို့ ပြောဆိုကြပါသနည်း’ဟူ၍ တစ်ပါးသော အယူရှိသော ပရိဗိုဇ်တို့ကမေးမြန်းခဲ့သော်၊ ဘုရား၌ ကြည်ညိုခြင်း၊ တရား၌ ကြည်ညိုခြင်း၊ သံဃာ၌ ကြည်ညိုခြင်း၊ သီလကို ဖြည့်ကျင့်ခြင်း၊ သီတင်းသုံးဖော်အချင်းချင်း- ချစ်ခင် မြတ်နိုးခြင်းဟူသော တရားလေးပါးကို မိမိတို့၌ ထင်ရှားစွာ တွေ့မြင်ရသောကြောင့် ယင်းသို့ ပြောဆိုခြင်း ဖြစ်ကြောင်း ဖြေကြားအပ်၏။

“ရဟန်းတို့၊ တစ်ပါးသော အယူရှိသော ပရိဗိုဇ်တို့က ‘ငါ့ရှင်တို့- ငါတို့၌’ လည်း ထို တရားလေးပါးသည် ထင်ရှားစွာ ရှိပါ၏။ ဤအရာ၌ သင်တို့၏ သူ ခြား သာလွန်ချက်ကား အဘယ်ပါနည်း’ ဟူ၍ မေးမြန်းကြဖွယ် ရှိ၏။ ဤ ို

www.dhammaransi.com



မေးမြန်းခဲ့သော် ထိုပရိဗိုဇ်တို့ကို 'ငါ့ရှင်တို့ ဤအရာ၌ အဆုံးသတ် ပန်းတိုင်သည် တစ်ခုတည်း ဖြစ်ပါသလော။ သို့မဟုတ် ကွဲပြားပါသလော' ဟူ၍ မေးရမည်။ ကောင်းစွာဖြေကြားသော် ပရိဗိုဇ်သည် 'အဆုံးသတ် ပန်းတိုင်ကား တစ်ခုတည်းသာ ဖြစ်၏' ဟူ၍သာ ဖြေဆိုရာ၏။ 'ထိုတစ်ခုတည်းသော ပန်းတိုင်သည် တပ်စွန်းခြင်း ရှိသူအား ဖြစ်သလော။ သို့မဟုတ် တပ်စွန်းခြင်းကင်းသူအား ဖြစ်သလော' ဟူ၍ ထပ်ဆင့်မေးသော် တပ်စွန်းခြင်း ကင်းသူအားသာ ဖြစ်ပါ၏ ဟူ၍ ဖြေဆိုရာ၏။ ထို့အတူပင် 'ထိုတစ်ခုတည်းသော ပန်းတိုင်သည် စိတ်ဆိုးခြင်း– ဒေါသကင်းသူ၊ တွေဝေခြင်း– မောဟကင်းသူ၊ တပ်မက်ခြင်း– တဏှာကင်းသူ၊ စွဲလမ်းခြင်း ဥပါဒါန်ကင်းသူ၊ ပညာရှိသူ၊ ချစ်ခြင်း၊ မုန်းခြင်းကင်းသူ၊ သံသရာ၌ ကြာမြင့်ကြောင်း ပပဉ္စတရားတို့၌ မမွေ့လျော်သူတို့အား သာလျှင် ဖြစ်၏' ဟူ၍ ဖြေကြားရာ၏။"

## ဒိဋ္ဌိနှစ်မျိုး

"ရဟန်းတို့၊ ဒိဋ္ဌိတို့သည် ဘဝသည် မြဲ၏ဟု ယူသော ဘဝဒိဋ္ဌိ၊ ဘဝသည် ပြတ်၏ဟု ယူသော ဝိဘဝဒိဋ္ဌိဟူ၍ နှစ်ပါးရှိ၏။ ထိုနှစ်ပါးတို့တွင် ဘဝဒိဋ္ဌိသို့ သက်ဝင်သော သူသည် ဝိဘဝဒိဋ္ဌိနှင့် ဆန့်ကျင်၏။ ဝိဘဝဒိဋ္ဌိသို့ သက်ဝင်သော သူသည် ဘဝဒိဋ္ဌိနှင့် ဆန့်ကျင်၏။ ဤ ဒိဋ္ဌိနှစ်ပါးတို့၏ ဖြစ်ခြင်း၊ ချုပ်ခြင်း၊ သာယာဖွယ်၊ ငြီးငွေ့ဖွယ်၊ ထွက်မြောက်ရေးတို့ကို ဟုတ်တိုင်း– မှန်စွာ မသိမြင်သူတို့သည် တပ်စွန်းခြင်း ရှိသူ၊ စိတ်ဆိုးခြင်း ရှိသူ၊ တွေဝေခြင်း ရှိသူ၊ တပ်မက်ခြင်း ရှိသူ၊ စွဲလမ်းခြင်း ရှိသူ၊ ပညာမဲ့သူ၊ ချစ်ခြင်း–မုန်းခြင်း ရှိသူ၊ သံသရာ၌ ကြာမြင့်ကြောင်း တရား၌ မွေ့လျော်သူများ ဖြစ်ကြကုန်၏။ ထိုသူတို့သည် ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ သေခြင်းစသော ဆင်းရဲတို့မှ မလွတ်မြောက်နိုင်ကြကုန်။ ဤ ဒိဋ္ဌိနှစ်ပါးတို့၏ ဖြစ်ခြင်း ချုပ်ခြင်းစသည်တို့ကို ဟုတ်တိုင်းမှန်စွာ သိမြင် သူတို့သည်ကား တပ်စွန်းခြင်း ရာဂ၊ စိတ်ဆိုးခြင်း ဒေါသ၊ တွေဝေခြင်း မောဟ စသည်မှ ကင်းသူများ ဖြစ်ကြကုန်၏။ ပညာရှိသူ၊ သံသရာ၌ ကြာမြင့်ကြောင်း တရားတို့၌ မမွေ့လျော်သူများ ဖြစ်ကြကုန်၏။ ထို သူတို့သည်သာလျှင် ဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်ကြကုန်၏။"

## ဥပါဒါန်လေးပါး

"ရဟန်းတို့၊ စွဲလမ်းခြင်း ဥပါဒါန်တို့သည် ကာမ၌ စွဲလမ်းခြင်း၊ အယူ၌ စွဲလမ်းခြင်း၊ အလေ့အကျင့်၌ စွဲလမ်းခြင်း၊ အတ္တ၌ စွဲလမ်းခြင်းဟူ၍ လေးပါး ရှိ၏။

www.dhammaransi.com



'ရဟန်းတို့၊ အချို့သော ရဟန်း ပုဏ္ဏားတို့သည် ဥပါဒါန်အားလုံ့ကို ပိုင်းခြားသိမြင်ရေးကို ပြဋ္ဌာန်း သတ်မှတ်ခြင်း မပြုကြ။ ဥပါဒါန်တစ်ပါး၊ နှစ်ပါး၊ သုံးပါးမျှကို ပိုင်းခြားသိမြင်ရေးကိုသာ ပြဋ္ဌာန်းသတ်မှတ်ကြကုန်၏။ အကြောင်းကား ထိုသူတို့သည် ဥပါဒါန်အားလုံး ပိုင်းခြားသိမြင်ရေးကို ဟုတ်တိုင်းမှန်စွာ မသိမြင်ကြသောကြောင့် ဖြစ်၏။ ရဟန်းတို့၊ ဤသို့ သဘောရှိသော သာသနာ၌ ယုံကြည်ခြင်း၊ သီလကို ဖြည့်ကျင့်ခြင်း၊ သီတင်းသုံးဖော် အချင်းချင်း ချစ်ခင်ခြင်းတို့ကို ကောင်းသော အလုပ်ဟု မဆိုအပ်။ အကြောင်းကား မကောင်းသဖြင့် ဟောကြားအပ်သည် ဖြစ်၍ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်၊ ကိလေသာငြိမ်းအေးရေးကိုလည်း မဖြစ်စေနိုင်သော သာသနာဖြစ်သောကြောင့်ပေတည်း။

'ရဟန်းတို့၊ ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးသည် ဖြစ်၍ တရားအားလုံးကို ကိုယ်တိုင်မှန်စွာ သိမြင်သော မြတ်စွာဘုရားသည် ဥပါဒါန် [illegible]ားလုံးကို ပိုင်းခြား သိမြင်၏ ဟု ဝန်ခံလျက် ယင်းတို့အားလုံး၏ ပိုင်းခြားသိမြ[illegible] ရေးကိုလည်းကောင်းစွာ ပြဋ္ဌာန်းသတ်မှတ်တော်မူ၏။ ဤသို့ သဘောရှိသော သ[illegible] သနာ၌ ဆရာ့အပေါ်၌ ယုံကြည်ခြင်း၊ တရား၌ ယုံကြည်ခြင်း၊ သီလကို ဖြည့်ကျင့်ခြင်း။ သီတင်းသုံးဖော် အချင်းချင်း ချစ်ခင်ခြင်းတို့ကို ကောင်းသော အလုပ်ဟု ဆိုအပ်၏။ အကြောင်းကား ကောင်းစွာ ဟောကြားအပ်သည် ဖြစ်၍ ဝဋ်ဆင်းရဲမှ ထွက်မြောက်ရေး ကိလေသာငြိမ်းအေးရေးကို ဖြစ်စေနိုင်သော သာသနာဖြစ်သောကြောင့်ပေတည်း။

'ရဟန်းတို့၊ ဥပါဒါန်လေးပါးတို့၏ အကြောင်းရင်းကား တပ်မက်ခြင်း တဏှာဖြစ်၏။ တဏှာ၏ အကြောင်းရင်းကား ခံစားမှု ဝေဒနာဖြစ်၏။ ဝေဒနာ၏ အကြောင်းရင်းကား–တွေ့ထိမှု ဖဿဖြစ်၏၊ ဖဿ၏ အကြောင်းရင်းကား မျက်စိ၊ နားစသော စိတ်၏ တည်ရာ အာယတနခြောက်ပါး ဖြစ်၏။ အာယတနခြောက်ပါး၏ အကြောင်းရင်းကား နာမ်ရုပ်ဖြစ်၏။ နာမ်ရုပ်၏အကြောင်းရင်းကား ဝိညာဉ်ဖြစ်၏။ ဝိညာဉ်၏ အကြောင်းရင်းကား ပြုပြင်အားထုတ်မှု သင်္ခါရဖြစ်၏။ သင်္ခါရ၏ အကြောင်းရင်းကာ မသိခြင်း အဝိဇ္ဇာဖြစ်၏။"

မသိခြင်းအဝိဇ္ဇာကင်းပျောက်၍ သိမြင်ခြင်းဝိဇ္ဇာ ဖြစ်ပေါ်လာသောအခါ ထိုရဟန်းသည် ကာမဂုဏ်ငါးပါး၊ အယူဝါဒ၊ အလေ့အကျင့်၊ အတ္တဟူသော တရားတို့၌ မစွဲလမ်းတော့ချေ။ မစွဲလမ်းလျှင် မတပ်မက်၊ မတပ်မက်လျှင်

www.dhammaransi.com



ကိလေသာ ငြိမ်းအေးလေ၏။ ပဋိသန္ဓေနေခြင်း ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ။ တစ်ပါးသော ပြုဖွယ် မရှိတော့ပြီဟု သိမြင်လေသည်။

ဘုရားရှင်က ဤသို့ ဟောကြားသောအခါ ရဟန်းတို့သည် ထိုဟောကြားချက်ကို နှစ်သက်စွာ နာယူမှတ်သားကြလေသည်။

စပယ်ဦးစာပေ

www.dhammaransi.com

# ၁၂။ မဟာသီဟနာဒသုတ်

## ခြင်္သေ့မင်းကဲ့သို့ ရဲရင့်သော စကားကို မြွက်ဆိုခြင်း

အခါတစ်ပါး၌ ဗုဒ္ဓမြတ်စွာသည် ဝေသာလီပြည် အနောက်ဘက်ရှိ 'အပရပုရ'မည်သော တောအုပ်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ 'သုနက္ခတ္တ'မည်သော လိစ္ဆဝီမင်းသားသည် 'သာသနာ့ဘောင်' မှ ထွက်သွားပြီး၊ ဝေသာလီပြည် ပရိသတ် အလယ်၌ ဤသို့ ပြောဆိုလေသည်။

"ရဟန်းဂေါတမအား ပကတိလူတို့၏ တရားထက် သာလွန်သော အရိယာတို့၏ ဉာဏ်အမြင်ထူးသည် မရှိ။ ရဟန်းဂေါတမသည် မိမိဘာသာ ဆင်ခြင်ကြံဆ၍ မိမိစိတ်တွင် ထင်မြင်လာသည့်အတိုင်းသာ တရားကို ဟောကြား၏။ သို့သော်လည်း သူဟောကြားသည့်အတိုင်း ကျင့်သူအားမူ ဆင်းရဲကုန်ဆုံးခြင်းကို ပြုနိုင်၏။"

သုနက္ခတ္တက ဤသို့ ပြောဆိုနေသည်ကို ရှင်သာရိပုတ္တရာသည် ဆွမ်းခံကြွရင်း ကြားသိ၍ ဗုဒ္ဓအား လျှောက်ကြား၏။ ဗုဒ္ဓသည် ရှင်သာရိပုတ္တရာအား အောက်ပါအတိုင်း မိန့်ကြားတော်မူလေသည်။

"သာရိပုတ္တရာ၊ သုနက္ခတ္တက ထိုသို့ပြောဆိုခြင်းကား အမျက်ဒေါသကြောင့် ပြောဆိုခြင်းဖြစ်၏။ သို့သော် ငါ၏ တရားသည် ငါဟောကြားသည့်အတိုင်း ကျင့်သူအား ဆင်းရဲကုန်ဆုံးခြင်းကို ပြုနိုင်ဟု ဆိုခြင်းမှာမူ ငါ့ကို ချီးမွမ်းရာ ရောက်၏။

'သာရိပုတ္တရာ၊ အချီးနီးသော သုနက္ခတ္တအား ငါ၏ ဂုဏ်တို့ကို အနုမာန ဉာဏ်ဖြင့် မှန်းဆ၍ သိခြင်းမျှပင် မဖြစ်ခဲ့ချေ။ သာရိပုတ္တရာ၊ ငါသည် 'အာ'

www.dhammaransi.com



ဆယ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍ မြင့်မြတ်သော အရာကို ဝန်ခံခဲ့၏။ ပရိသတ် အလယ်၌ ရဲရင့်သောစကားကို မြွက်ဆိုခဲ့၏။

**'အား' ဆယ်ပါးကား**

(၁) အကြောင်းဟုတ်, မဟုတ်ကို အမှန်အတိုင်း ကွဲကွဲပြားပြား သိမြင်ခြင်း။

(၂) အတိတ် အနာဂတ် ပစ္စုပ္ပန်အားဖြင့် အလုံးစုံသော ကံတို့၏ အကျိုးကို အမှန်အတိုင်း ကွဲကွဲပြားပြား သိမြင်ခြင်း။

(၃) ဘုံဘဝ အားလုံးသို့ လားရောက်ကြောင်း အကျင့်တို့ကို အမှန်အတိုင်း ကွဲကွဲပြားပြား သိမြင်ခြင်း။

(၄) များစွာသော ဓာတ်သဘော၊ အမျိုးမျိုးသော ဓာတ်သဘောရှိသော လောကကို အမှန်အတိုင်း ကွဲကွဲပြားပြား သိမြင်ခြင်း။

(၅) သတ္တဝါတို့၏ အလိုအဈ္ဈာသယအမျိုးမျိုးကို အမှန်အတိုင်း ကွဲကွဲ ပြားပြား သိမြင်ခြင်း။

(၆) သတ္တဝါတို့၏ ဣန္ဒြေအနုအရင့်ကို ဟုတ်တိုင်း မှန်စွာ ခွဲခြားသိမြင်ခြင်း။

(၇) ဈာန်၊ ဝိမောက္ခ၊ သမာဓိ၊ သမာပတ်တို့၏ ညစ်ညူးခြင်း၊ ဖြူစင်ခြင်း၊ ထမြောက်ခြင်း တို့ကို ဟုတ်တိုင်းမှန်စွာ ခွဲခြားသိမြင်ခြင်း။

(၈) မိမိဖြစ်ခဲ့ဖူးသော ဘဝများ စွာတို့ကို ပြန်ပြောင်းအောက်မေ့နိုင်ခြင်း။

(၉) သတ္တဝါတို့၏ ကံအား လျော်စွာ သေခြင်း၊ ဖြစ်ခြင်းကို ဟုတ်တိုင်းမှန်စွာ ခွဲခြား၍ သိမြင်နိုင်ခြင်း ။

(၁၀) အာသဝေါ ကင်းသော စေတောဝိမုတ္တိ၊ ပညာဝိမုတ္တိကို မျက်မှောက်ပြု ၍ နေနိုင်ခြင်းတို့ဖြစ်၏။

'သာရိပုတ္တရာ၊ ဤ 'အာ' ဆယ်ပါးနှင့် ပြည့်စုံသော ငါ့ကို 'ရဟန်း ဂေါတမ အား ပကတိ လူတို့၏ တရားတက် သာလွန်သော အရိယာတို့၏ ဉာဏ်အမြင်ထူး မရှိ' ဟူ၍ ပြောဆိုသူသည် ထိုစကားကို မစွန့်ဘဲ သေခဲ့သော် ဧကန်မလွဲ ငရဲ သို့ ကျရောက်မည်သာ ဖြစ်၏"

www.dhammaransi.com



## ရဲရင့်ခြင်းလေးပါး

"သာရိပုတ္တရာ၊ ငါသည် ရဲရင့်ခြင်းလေးပါးနှင့် ပြည့်စုံသည်ဖြစ်၍ မြင့်မြတ်သော အရာကို ဝန်ခံခဲ့၏။ ပရိသတ်အလယ်၌ ရဲရင့်သော စကားကို မြွက်ဆိုခဲ့၏။ အမြတ်ဆုံးသော တရားစက်ကို လည်စေခဲ့၏။

ရဲရင့်ခြင်းလေးပါးကား-

(၁) ကြွင်းမဲ့ ဉာဏ်သုံ အလုံးစုံကို အကုန်အစင် သိမြင်၏ ဟူ၍ ဝန်ခံသော သင်သည် ဤမည်သော တရားကိုကား မသိမြင်ချေဟူ၍ တစ်စုံ တစ်ယောက်သော သူကမျှ ထိုသို့စောကြောနိုင်ဖွယ် အရိပ် နိမိတ်ကို မမြင်သောကြောင့် ဤအရေး၌ ငါသည် မကြောက်မရွံ့ ရဲရင့်ပေ၏။
(၂) အာသဝေါအားလုံး- ကုန်ခန်းပြီဟု ဝန်ခံသော သင့်အား ဤမည်သော အာသဝေါတို့ကား မကုန်မခန်းသေးပါဟူ၍ တစ်စုံတစ်ယောက်သော သူကမျှ ထိုသို စောကြောနိုင်ဖွယ် အရိပ် နိမိတ်ကို မမြင်သောကြောင့် ဤအရေး၌ ငါသည် မကြောက်မရွံ့ ရဲရင့်ပေ၏။
(၃) မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုတတ်သော တရားဟု သင်ဟောကြားသည့် တရားများကို ကျူးလွန်သူအား မဂ်ဖိုလ်၏ အန္တရာယ်မဖြစ်ပါဟူ၍ တစ်စုံ တစ်ယောက်သော သူကမျှ စောကြောနိုင်ဖွယ် အရိပ် နိမိတ်ကို မမြင်သောကြောင့် ဤအရေး၌ ငါသည် မကြောက်မရွံ့ ရဲရင့်ပေ၏။
(၄) ဆင်းရဲကုန်ဆုံးရန် အလို့ငှာ သင်ဟောကြားသော တရားသည် ဟောကြားသည့် အတိုင်း ကျင့်သူအား ဆင်းရဲကုန်ဆုံးစေရန် မစွမ်းနိုင်ပါဟူ၍ တစ်စုံတစ်ယောက်သော သူကမျှ စောကြောနိုင်ဖွယ် အရိပ်- နိမိတ်ကို မမြင်သောကြောင့် ဤအရေး၌ ငါသည် မကြောက်မရွံ့ ရဲရင့်ပေ၏။

## ပရိသတ်ရှစ်ပါး

"သာရိပုတ္တရာ၊ ဤ ရဲရင့်ခြင်း လေးပါးနှင့် ပြည့်စုံသော ငါသည် မင်း၊ ပုဏ္ဏား၊ သူကြွယ်၊ ရဟန်း၊ စတုမဟာရာဇ်နတ်၊ တာဝတိံသာနတ်၊ မာရ်နတ်၊ ဗြဟ္မာဟူသော ပရိသတ်ရှစ်ပါးအလယ်သို့ ရောက်သော် ကြောက်ရွံ့ဖွယ် အရိပ် နိမိတ်ကို မမြင်ဘဲ ရဲရင့်စွာ နေခဲ့ပေ၏။"

www.dhammaransi.com



## သတ္တဝါလေးမျိုး

"သာရိပုတ္တရာ၊ သတ္တဝါတို့သည် ဥဒ္ဒဖြစ်သော သတ္တဝါ၊ သားအိမ်၌ဖြစ်သော သတ္တဝါ၊ အညှိ၌ဖြစ်သော သတ္တဝါ၊ ကိုယ်ထင်ရှား ဖြစ်သော သတ္တဝါ ဟူ၍ လေးမျိုး ရှိ၏။ သာရိပုတ္တရာ၊ ဤသို့ သိမြင်သော ငါ့ကို 'ရဟန်းဂေါတမအား ပကတိလူတို့၏ တရားထက် သာလွန်သည့် အရိယာတို့၏ ဉာဏ်အမြင်ထူးသည် မရှိ' ဟူ၍ ပြောဆိုသူသည် ထိုစကားကို မစွန့်ဘဲသေလျှင် ကေန်မလွဲ ငရဲသို့ ကျရောက်မည်သာ ဖြစ်၏။"

## ဂတိငါးပါး

"သာရိပုတ္တရာ၊ သတ္တဝါတို့၏ လားရာဂတိတို့သည် ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ လူ့ဘုံ၊ နတ်ဘုံ ဟူ၍ ငါးပါး ရှိ၏။ သာရိပုတ္တရာ၊ ငါသည် ထိုလားရာ ဂတိငါးပါးကိုလည်းကောင်း၊ ထို ဂတိငါးပါးသို့ လားရောက်ကြောင်း အကျင့်တို့ကို လည်းကောင်း သိမြင်၏။ ထို ဂတိငါးပါးမှ ကင်းလွတ်ရာ နိဗ္ဗာန်နှင့် ယင်းနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကိုလည်း သိမြင်၏။"

## မီးကျီးတွင်းနှင့် ငရဲဘုံ

"သာရိပုတ္တရာ၊ ဥပမာကား လွန်စွာ ဆာလောင်မွတ်သိပ်နေသော လူတစ်ယောက်သည် နေပူကျဲကျဲ၌ တစ်ကြောင်းတည်းသော လမ်းခရီးဖြင့် မီးကျီးခဲအတိ ပြည့်၍ အလျှံတပြောင်ပြောင်တောက်လောင်နေသော မီးကျီးတွင်းတစ်ခု ရှိရာအရပ်သို့ ရှေ့ရှု သွားနေရာ၏။ ယင်းသို့ သွားနေသည်ကို မျက်စိကောင်းသ[illegible] အခြ[illegible] သူ တစ်ဦးက မြင်၍ 'ဤသူကား ဤအတိုင်း ဆက်လက်၍ [illegible]းလျှင် [illegible] သို့ မလွဲမသွေ ကျဆင်းပေတော့မည်' ဟု ပြောခဲ့ရာ[illegible]။ ထို့[illegible] မီးကျီးတွင်းသို့ ကျ၍ မသက်မသာ ခံစားနေရသော ထိုသူကို ဟင်းအပ်ထင်ထင် တွေ့မြင်လေရာ၏။ သာရိပုတ္တရာ....၊ ထိုနည်းတူပင် ငါသည် မကောင်းမှု ပြုလုပ်နေသူတို့ကို မြင်၍ 'ဤသူတို့ကား– သေလွန်သောအခါ ချမ်းသာခြင်း ကင်းသော ငရဲသို့ မလွဲမသွေ ရောက်ပေတော့မည်' ဟု သိမြင်ခဲ့၏။ ထို့နောက် ငရဲသို့ ကျရောက်၍ ဒုက္ခခံစား နေရသော ထိုသူကိုလည်း ဒိဗ္ဗစက္ခုဉာဏ်ဖြင့် မြင်တော်မူခဲ့၏။"

www.dhammaransi.com



## မစင်တွင်းနှင့် တိရစ္ဆာန်ဘုံ

"သာရိပုတ္တရာ….၊ ဥပမာ အလွန် ဆာလောင်မွတ်သိပ်နေသော လူတစ်ယောက်သည် နေပူကျဲကျဲ၌ တစ်ကြောင်းတည်းသော လမ်းခရီးဖြင့် အလွန်နက်နဲသော မစင်တွင်းကြီးတစ်ခုရှိရာ အရပ်သို့ ရှေ့ရှုသွားနေရာ၏။ ယင်းသို့ သွားနေသည်ကို မျက်စိကောင်းသော အခြားလူတစ်ယောက်က မြင်၍ 'ဤသူသည်ကား၊ ဤအတိုင်း ဆက်သွားလျှင် မစင်တွင်းထဲသို့ မလွဲမသွေ ကျပေတော့မည်' ဟူ၍ ပြောဆိုရာ၏။ ထိုနောက် သူပြောဆိုသည့်အတိုင်း မစင်တွင်းထဲကျ၍ မသက်မသာ ခံစားနေရသည်ကိုလည်း တပ်အပ်ထင်ထင် တွေ့မြင်ရာ၏။ သာရိပုတ္တရာ….၊ ထိုနည်းတူပင် ငါသည် တိရစ္ဆာန်ဘုံသို့ ရောက်ကြောင်း အကျင့်ကို ကျင့်နေသူများကို မြင်၍ 'ဤသူတို့ကား သေလွန်သောအခါ တိရစ္ဆာန်ဘုံသို့ မလွဲမသွေ ရောက်ပေတော့မည်' ဟု သိမြင်ခဲ့၏။ ထိုနောက် တိရစ္ဆာန်ဘုံသို့ ရောက်၍ ဒုက္ခခံစားနေရသည်ကိုလည်း ဒိဗ္ဗစက္ခုဉာဏ်ဖြင့် မြင်တော်မူခဲ့၏။"

## သစ်ပင်အိုနှင့် ပြိတ္တာဘုံ

"သာရိပုတ္တရာ….၊ ဥပမာ လွန်စွာ ဆာလောင် မွတ်သိပ်နေသော လူတစ်ယောက်သည် နေပူကျဲကျဲ၌ တစ်ကြောင်းတည်းသော လမ်းခရီးဖြင့် မညီညာသော မြေပြင်၌ အခက်အရွက်နည်းပါး၍ အရိပ်ကျဲကျဲသာရှိသော သစ်ပင်တစ်ပင် ရှိရာ အရပ်သို့ ရှေ့ရှု သွားနေရာ၏။ ယင်းသို့သွားနေသည်ကို မျက်စိကောင်းသော အခြားသူတစ်ဦးက မြင်၍ 'ဤသူကား ဤအတိုင်း ဆက်၍ သွားလျှင် အရိပ်ကျဲကျဲသာ ရှိသော သစ်ပင်အိုကြီးသို့ မလွဲမသွေ ရောက်ပေတော့မည်' ဟု ဆိုရာ၏။ ထိုနောက် ထိုသစ်ပင်ကြီးသို့ ရောက်၍ အရိပ်ကျဲကျဲ၌ မသက်မသာ နားခိုနေသည်ကိုလည်း တပ်အပ်ထင်ထင် တွေ့မြင်ရာ၏။ သာရိပုတ္တရာ…၊ ထိုနည်းတူပင် ငါသည် ပြိတ္တာဘုံသို့ ရောက်ကြောင်း အကျင့်ကို ကျင့်နေသော သတ္တဝါတို့ကို ဉာဏ်ဖြင့် မြင်၍ 'ဤသူတို့ကား သေလွန်သောအခါ ပြိတ္တာဘုံသို့ မလွဲမသွေ ရောက်ပေတော့မည်' ဟု သိမြင်ခဲ့၏။ ထိုနောက် ယင်းသူတို့ သေလွန်၍ ပြိတ္တာဘုံသို့ ရောက်နေသည်ကိုလည်း ဒိဗ္ဗစက္ခုဉာဏ်ဖြင့် တပ်အပ်ထင်ထင် မြင်ခဲ့၏။"

စပယ်ဦးစာပေ

www.dhammaransi.com



## သစ်ပင်ပျိုနှင့် လူ့ဘုံ

"သာရိပုတ္တရာ...၊ ဥပမာ လွန်စွာ ဆာလောင်မွတ်သိပ်နေသော လူတစ်ယောက်သည် နေပူကျဲကျဲ၌ တစ်ကြောင်းတည်းသော လမ်းခရီးဖြင့် မညီညာသော မြေပြင်၌ အခက်အရွက်ထူထပ်၍ အရိပ်ကောင်းသော သစ်ပင်တစ်ပင်ရှိရာအရပ်သို့ ရှေ့ရှု သွားနေရာ၏။ ယင်းသို့ သွားနေသည်ကို မျက်စိကောင်းသော အခြားလူ တစ်ဦးက မြင်၍ 'ဤသူကား ဤအတိုင်းဆက်သွားလျှင် အရိပ်ကောင်းသော သစ်ပင်ပျိုသို့ မလွဲမသွေ ရောက်ပေတော့မည်' ဟု ဆိုရာ၏။ ထို့နောက် သစ်ပင်ပျိုသို့ ရောက်၍ ထူထဲသော သစ်ပင်ရိပ်၌ ချမ်းသာစွာ နားနေသည်ကိုလည်း မျက်စိဖြင့် တပ်အပ်ထင်ထင် တွေ့မြင်ရာ၏။ သာရိပုတ္တရာ...၊ ထို့နည်းတူပင် ငါသည် လူ့ပြည်သို့ရောက်ကြောင်း အကျင့်ကို ကျင့်နေသော သတ္တဝါတို့ကို ဉာဏ်ဖြင့် မြင်၍ 'ဤသူတို့ကား သေလွန်သောအခါ လူ့ပြည်သို့ မလွဲမသွေ ရောက်ပေတော့မည်' ဟု သိမြင်ခဲ့၏။ ထို့နောက် ထိုသူတို့သေလွန်၍ လူ့ပြည်သို့ ရောက်နေသည်ကိုလည်း ဒိဗ္ဗစက္ခုဉာဏ်ဖြင့် တပ်အပ်ထင်ထင် မြင်ခဲ့၏။"

## ပြာသာဒ်ဆောင်နှင့် နတ်ဘုံ

"သာရိပုတ္တရာ...၊ ဥပမာ လွန်စွာ ဆာလောင်မွတ်သိပ်နေသော လူတစ်ယောက်သည် နေပူကျဲကျဲ၌ တစ်ကြောင်းတည်းသော လမ်းခရီးဖြင့် အလွန်ခမ်းနားကြီးကျယ် တင့်တယ်လှပသော ပြာသာဒ်ဆောင်ကြီး တစ်ခုရှိရာ အရပ်သို့ ရှေ့ရှု သွားနေရာ၏။ ယင်းသို့ သွားနေသည်ကို မျက်စိကောင်းသော အခြားသူ တစ်ဦးက မြင်၍ 'ဤသူကား- ဤအတိုင်း ဆက်၍ သွားလျှင် ထိုပြာသာဒ်ဆောင်ကြီးသို့ မလွဲမသွေ ရောက်ပေတော့မည်' ဟု ပြောဆိုရာ၏။ ထို့နောက် သူပြောသည့်အတိုင်း ထိုပြာသာဒ်ဆောင်ကြီးသို့ ရောက်၍ ချမ်းသာစွာ အိပ်စက်နားနေသည်ကိုလည်း မျက်စိဖြင့် တပ်အပ်ထင်ထင် တွေ့မြင်ရာ၏။ သာရိပုတ္တရာ...၊ ထို့နည်းတူပင် ငါသည် နတ်ဘုံသို့ ရောက်ကြောင်း အကျင့်ကို ကျင့်နေသူများကို ဉာဏ်ဖြင့် မြင်၍ 'ဤသူတို့ကား သေလွန်သောအခါ နတ်ပြည်သို့ မလွဲမသွေ ရောက်ပေတော့မည်' ဟု သိမြင်ခဲ့၏။ ထို့နောက် ထိုသူတို့ သေလွန်၍ နတ်ပြည်၌ ချမ်းသာစွာ ခံစားနေကြသည်ကိုလည်း ဒိဗ္ဗစက္ခုဉာဏ်ဖြင့် တပ်အပ်ထင်ထင် မြင်ခဲ့၏။"

www.dhammaransi.com



## ရေကန်ကြီးနှင့် နိဗ္ဗာန်

"သာရိပုတ္တရာ...၊ ဥပမာ လွန်စွာ ဆာလောင်မွတ်သိပ်နေသော လူတစ်ယောက်သည် နေပူကျဲကျဲ၌ တစ်ကြောင်းတည်းသော လမ်းဖြင့် ကြည်လင်အေးမြသော ရေရှိသည့် ရေကန်ကြီးတစ်ခုရှိရာ အရပ်သို့ ရှေ့ရှု သွားနေရာ၏။ ယင်းသို့ သွားနေသည်ကို မျက်စိကောင်းသော အခြားသူတစ်ဦးက မြင်၍ 'ဤသူကား ဤအတိုင်း ဆက်သွားလျှင် ထိုရေကန်ကြီးသို့ မလွဲမသွေ ရောက်ပေတော့မည်' ဟု ဆိုရာ၏။ ထိုနောက် သူပြောသည့်အတိုင်း ထိုရေကန်ကြီးသို့ ရောက်၍ ကန်ရေကို ချိုးသောက်ပြီး ကန်အနီးရှိ တောအုပ်ထဲ၌ ချမ်းသာစွာ အိပ်စက်နားနေသည်ကိုလည်း မျက်စိဖြင့် တပ်အပ်ထင်ထင် တွေ့မြင်ရာ၏။ သာရိပုတ္တရာ၊ ထိုနည်းတူပင် ငါသည် အာသဝေါကုန်ခန်း၍ ဆင်းရဲကင်းရာဖြစ်သော နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကို ကျင့်နေသူများကို ဉာဏ်ဖြင့် ပိုင်းခြား၍ သိမြင်တော်မူ၏။ ထိုနောက် ထိုသူတို့သည် အာသဝေါကုန်ခန်း၍ ကိလေသာတို့မှ လွတ်မြောက်သော မဂ်ဖိုလ်ကို မျက်မှောက်ပြုကာ ဝိမုတ္တိသုခခံစား နေကြသည်ကိုလည်း တပ်အပ်ထင်ထင် သိမြင်တော်မူ၏။

'သာရိပုတ္တရာ...၊ ဤသို့ သိမြင်သော ငါ့ကို 'ရဟန်းဂေါတမအား ပကတိလူတို့၏ တရားထက် သာလွန်သော အရိယာတို့၏ ဉာဏ်အမြင်ထူးသည် မရှိ' ဟူ၍ ပြောဆိုသူသည် ထိုစကားကို မစွန့်ဘဲ သေလျှင် ဧကန်မလွဲ ငရဲသို့ ကျရောက်မည်သာ ဖြစ်၏။

## အင်္ဂါလေးပါးနှင့် ပြည့်စုံသောအကျင့်

"သာရိပုတ္တရာ...၊ ငါသည် အင်္ဂါလေးပါးနှင့် ပြည့်စုံသော အကျင့်မြတ်ကို ကျင့်သုံးခဲ့ဖူး၏။ အင်္ဂါလေးပါးနှင့် ပြည့်စုံသော အကျင့်မြတ်ဟူသည် ခြိုးခြံစွာ ကျင့်ခြင်း၊ ခေါင်းပါးစွာ ကျင့်ခြင်း၊ စက်ဆုပ်စွာ ကျင့်ခြင်း၊ ကင်းဆိတ်စွာ ကျင့်ခြင်းတို့ ဖြစ်၏။

'ထိုလေးပါးတို့တွင် စားခြင်း၊ ဝတ်ခြင်း၊ နေထိုင်ခြင်းတို့၌ အလွန်ခြိုးခြံခြင်းသည် ခြိုးခြံစွာ ကျင့်ခြင်းဖြစ်၏၊ မိမိကိုယ်၌ လိမ်းကပ်နေသော မြူ အညစ်အကြေးပုံ့ကို နှစ်ပေါင်းများစွာ ဆေးကြော သုတ်သင်ခြင်း မပြုဘဲ နေခြင်းသည် ခေါင်းပါးစွာ ကျင့်ခြင်းဖြစ်၏။ ရေပေါက်-ရေစက်မျှကိုပင် ထိခိုက်ပျက်စီးခြင်း မဖြစ်စေရန်

www.dhammaransi.com



စောင့်စည်း၍ နေထိုင်သွားလာခြင်းသည် စက်ဆုပ်စွာ ကျင့်ခြင်း ဖြစ်၏၊ နွား ကျောင်းသား၊ မြက်ရိတ်သမား၊ ထင်းခုတ်သမား စသူတို့နှင့်ပင် မတွေ့မြင်ရ အောင် ပုန်းရှောင်၍ တောထဲ၌ နေခြင်းသည် ကင်းဆိတ်စွာ ကျင့်ခြင်းဖြစ်၏။

'သာရိပုတ္တရာ...၊ ငါသည် မိမိ၏ ကျင်ကြီး ကျင်ငယ်များ မကုန်သေးမီ ယင်းတို့ကို စားခဲ့၏။ မိမိ၏ ကျင်ကြီး ကျင်ငယ်များ ကုန်သောအခါ နွားများ အပြင်ထွက်နေစဉ် နွားခြံကို လေးဖက်ထောက်သွား၍ ချဉ်းကပ်ပြီး နွားငယ်တို့၏ မစင်များကို စားခဲ့၏။ ဤကား ငါ၏ ဖောက်ပြန်သော အစာစားခြင်း ဖြစ်၏။

'သာရိပုတ္တရာ...၊ ငါသည် ရာဂမကင်းသေးသူတိုင်း ကြက်သီးမွေးညှင်းထ လောက်အောင် ကြောက်မက်ဖွယ် ကောင်းသော တောအုပ်အတွင်းသို့ သက်ဝင်၍ နေခဲ့၏။ ငါသည် ဆောင်းရာသီအတွင်း ဆီးနှင်းများစွာ ကျသည့် 'တပို့တွဲလနှင့် တပေါင်းလ'ကြား ရှစ်ညတို့၌ ညအချိန်တွင် ဟင်းလင်းပြင်အရပ်၌ နေခဲ့၏။ နေ့အချိန်တွင် တောအုပ်ထဲ၌ နေခဲ့၏။ ငါသည် နွေရာသီ၏နောက်ဆုံးလ၌ နေ့အချိန်တွင် ဟင်းလင်းပြင်အရပ်၌ နေခဲ့၏။ ညအချိန်တွင် တောအုပ်ထဲ၌ နေခဲ့၏။ ထို့ပြင် ငါသည် သုသာန်၌ သူသေကောင် အရိုးကို ခေါင်းအုံး၍အိပ်ခဲ့၏။ ငါ၏ ကိုယ်ပေါ်၌ တံတွေးထွေးခြင်း၊ ကျင်ငယ်ဖြင့် ပန်းခြင်း၊ မြေမှုန် ကြဲခြင်း စသည်တို့ကို ပြုလုပ်သော နွားကျောင်းသား သူငယ်များ အပေါ်၌ပင် မကောင်းသော စိတ်ကို မဖြစ်စေခဲ့ပေ။ ဤကား ငါ၏ လျစ်လျူရှု၍ နေခြင်း ဖြစ်၏။

'သာရိပုတ္တရာ...၊ 'အာဟာရဖြင့် စင်ကြယ်ခြင်းဖြစ်၏' ဟု အယူရှိသော ရဟန်း ပုဏ္ဏားအချို့တို့သည် ဆီးသီး၊ ဆီးသီးမှုန့်၊ ဆီးသီးရည်တို့ကို စားသုံး၍ နေကြ၏။ အချို့ကား- ဆန်၊ ဆန်မှုန့်၊ ဆန်ရည်တို့ကို စားသုံး၍ နေကြ၏။ သာရိပုတ္တရာ...၊ ငါသည်ကား ဆီးသီးတစ်လုံးမျှကိုသာ စား၍ နေခဲ့ဖူး၏။ ဆန်တစ် စေ့မျှကိုလည်း စား၍လည်း နေခဲ့ဖူး၏။ သာရိပုတ္တရာ၊ ငါသည် ဤသို့ ဆင်းရဲ ပင်ပန်းသော အကျင့်ဖြစ်လည်း ပကတိလူတို့၏ တရားထက် သာလွန်သော အရိယာတို့၏ ဉာဏ်အမြင်ထူးကို မရခဲ့ပေ။

'သာရိပုတ္တရာ...၊ 'သံသရာ၌ ကျင်လည်ခြင်းဖြင့် စင်ကြယ်ခြင်းသည် ဖြစ်၏' ဟူ၍ လည်းကောင်း၊ ဘဝဖြင့် စင်ကြယ်ခြင်းသည် ဖြစ်၏ ဟူ၍ လည်း ကောင်း နေရာဘုံဖြင့် စင်ကြယ်ခြင်းသည် ဖြစ်၏ ဟူ၍လည်းကောင်း အယူရှိသော ရဟန်း ပုဏ္ဏားအချို့ ရှိ၏။ သာရိပုတ္တရာ၊ ရှည်စွာသော ကာလအတွင်းဝယ် 'သုဒ္ဓါဝါသ ဗြဟ္မာ့ဘုံ'မှ တစ်ပါး ငါမကျင်လည်ခဲ့ဖူးသောနေရာ၊ ငါ မဖြစ်ခဲ့ဖူးသော ဘဝ၊ ငါမနေခဲ့ဖူးသော ဘုံသည် မရှိ။

'သာရိပုတ္တရာ...၊ ယဇ်ပူဇော်ခြင်း၊ မီးလုပ်ကျွေးခြင်းတို့ဖြင့် စင်ကြယ်ခြင်းသည် ဖြစ်၏ဟု အယူရှိသော ရဟန်း ပုဏ္ဏားအချို့ရှိ၏။ သာရိပုတ္တရာ၊ ရှည်စွာသော ကာလအတွင်းဝယ် မင်း၊ ပုဏ္ဏား၊ သူဌေးအဖြစ်ဖြင့် ငါ မပူဇော်ခဲ့ဖူးသော ယဇ်၊ ငါ မပြုလုပ်ခဲ့ဖူးသော မီးလုပ်ကျွေးခြင်းသည် မရှိပေ။

'သာရိပုတ္တရာ...၊ လူသည် ငယ်ရွယ်စဉ်ခွဲသာလျှင် ပညာဉာဏ်နှင့် ပြည့်စုံ၏။ အသက်ရှစ်ဆယ် ကိုးဆယ်ရှိ၍ အိုမင်းသောအခါ ပညာဉာဏ်သည် ဆုတ်ယုတ်၏' ဟု အယူရှိသော ရဟန်း ပုဏ္ဏားအချို့ ရှိ၏။ သာရိပုတ္တရာ...၊ စင်စစ်အားဖြင့် ယင်းသို့ မမှတ်အပ်။ ငါသည် ယခု အသက် ရှစ်ဆယ် ရှိ၍အိုမင်းသူဖြစ်၏။ လွန်ကဲသော သတိပညာနှင့် ပြည့်စုံသော အသက်တစ်ရာရှည်မည့် သာဝကလေးပါးတို့သည် သတိပဋ္ဌာန်လေးပါးကို အကြောင်းပြု၍ ငါ့အား ပြဿနာ မေးကုန်ရာ၏။ ငါသည်လည်း စားခြင်း၊ သောက်ခြင်း၊ ကျင်ကြီးကျင်ငယ် စွန့်ခြင်း၊ အပန်းဖြေ အိပ်စက်ခြင်းမှ တစ်ပါး အခြားတစ်စုံတစ်ခုကိုမျှ မပြုလုပ်ဘဲ ထို သာဝကလေးပါးတို့ မေးသမျှ ပြဿနာတို့ကိုသာလျှင် ဖြေကြားနေရာ၏။ ယင်းသို့ ဖြေကြားနေခဲ့သော် ထိုသာဝက လေးပါးတို့သည် အသက်တစ်ရာ ပြည့်၍ ကွယ်လွန်ကုန်ရာ၏။ ငါ၏ အဖြေများကား မကုန်ဆုံးသေးသည်သာ ဖြစ်ပေရာ၏။ သာရိပုတ္တရာ...၊ အကယ်၍ ငါ့ကို ( လမ်းမလျှောက်နိုင်တော့သဖြင့်) ညောင်စောင်းဖြင့် ထမ်းဆောင်ရစေကာမူ ငါ၏ ဉာဏ်ပညာကား ဖောက်ပြန်ပြောင်းလဲသွားခြင်း မရှိနိုင်ပေ"

ဗုဒ္ဓမြတ်စွာက ဤသို့ မိန့်ကြားသောအခါ ဗုဒ္ဓအား ယပ်ခတ်ပေးနေသော ရှင်နာဂသမာလက "အရှင်ဘုရား၊ ဤတရားကို နာရသဖြင့် တပည့်တော်အား ကြက်သီး မွေးညှင်းထခြင်းသည်ပင် ဖြစ်ပေါ်လာပါသည်၊ ဤတရားကား အဘယ်မည် ရှိပါသနည်း" ဟူ၍ မေးလျှောက်၏။ ထိုအခါ ဗုဒ္ဓက " နာဂသမာလ၊ သင်သည် ဤတရားကို ကြက်သီးမွေးညှင်း ထစေသော တရားဖြစ်၍ "လောမဟံသန ပရိယာယမည်၏ ဟူ၍ မှတ်သားလော" ဟု မိန့်ကြားတော်မူလေသည်။

www.dhammaransi.com

# ၁၃။ မဟာဒုက္ခက္ခန္ဓသုတ်

## ကာမဂုဏ်ငါးပါးသည် ဆင်းရဲတုံးကြီးသာ ဖြစ်ကြောင်း ဟောကြားခြင်း

### ပရိဗိုဇ်တို့၏ မေးခွန်း

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးစဉ် များစွာသော ရဟန်းတို့သည် မြို့တွင်းသို့ ဆွမ်းခံဝင်ရန်ထွက်လာကြစဉ် အချိန်စောနေသဖြင့် အယူတစ်ပါးရှိသော ပရိဗိုဇ်တို့၏ ကျောင်းသို့ ဝင်သွားကြလေသည်။ ပရိဗိုဇ်တို့သည် ထိုရဟန်းတို့အား နှုတ်ဆက်စကားပြောကြားပြီး ဤသို့ ပြောဆိုကြလေသည်။

"ငါ့ရှင်တို့...၊ ရဟန်းဂေါတမသည် ကာမဂုဏ်တို့ကို ပိုင်းခြားသိရေးကို ပြဋ္ဌာန်းသတ်မှတ်၏။ ငါတို့သည်လည်း ကာမဂုဏ်တို့ကို ပိုင်းခြားသိရေးကို ပြဋ္ဌာန်းသတ်မှတ်၏။ ရဟန်းဂေါတမသည် ရုပ်၊ ဝေဒနာတို့ကို ပိုင်းခြားသိရေးကို ပြဋ္ဌာန်းသတ်မှတ်၏။ ငါတို့သည်လည်း ရုပ်၊ ဝေဒနာတို့ကို ပိုင်းခြားသိရေးကို ပြဋ္ဌာန်းသတ်မှတ်၏။ ငါ့ရှင်တို့၊ ဤအရာ၌ ရဟန်းဂေါတမနှင့် ငါတို့၏ ထူးခြားချက်၊ သာလွန်ချက်သည် ဘယ်မှာ ရှိပါသနည်း။"

ပရိဗိုဇ်တို့က ဤသို့ပြောဆိုသောအခါ ရဟန်းတို့သည် မည်သို့မျှ တုံ့ပြန်ပြောဆိုခြင်းမပြုဘဲ ပရိဗိုဇ်တို့၏ ကျောင်းမှ ထွက်ခွာလာကြ၏။ ဆွမ်းကိစ္စပြီးစီး၍ ဇေတဝန်ကျောင်းသို့ ပြန်ရောက်သောအခါ ထိုရဟန်းတို့သည် ဗုဒ္ဓအား ပရိဗိုဇ်တို့၏ စကားကို လျှောက်ကြားကြသည်။ ဗုဒ္ဓမြတ်စွာသည် ယင်းသို့ လျှောက်ကြားခြင်းကို အကြောင်းပြု၍ ထိုရဟန်းတို့အား အောက်ပါတိုင်း ဟောကြား ဆုံးမတော်မူလေသည်။

www.dhammaransi.com



"ရဟန်းတို့...၊ သင်တို့သည် ထို ပရိဗိုဇ်တို့ကို 'ကာမဂုဏ်တို့၏ သာယာဖွယ်ကား အဘယ်နည်း။ ကာမဂုဏ်တို့၏ အပြစ်၊ ကာမဂုဏ်တို့၏ ထွက်မြောက်ရာကား အဘယ်နည်း။ ရုပ်၊ ဝေဒနာတို့၏ သာယာဖွယ်၊ အပြစ်၊ ထွက်မြောက်ရာတို့ကား အဘယ်နည်း" ဟူ၍ မေးရမည်။ ယင်းတို့မေးလျှင် ပရိဗိုဇ်တို့သည် ထိုအမေးကို ပြည့်စုံစွာ မဖြေနိုင်ကြဘဲ ပင်ပန်းခြင်းသို့ ရောက်ကြလိမ့်မည်။ ရဟန်းတို့...၊ နတ်၊ ဗြဟ္မာတို့နှင့် တကွသော ဤလောက၌ မြတ်စွာဘုရား၊ မြတ်စွာဘုရား၏ တပည့်၊ မြတ်စွာဘုရားထံမှ တစ်ဆင့် ကြားနာဖူးသူတို့မှ တစ်ပါး ဤပြဿနာတို့ကို ဖြေဆိုခြင်းဖြင့် စိတ်ကို နှစ်သက်စေနိုင်မည့်သူ တစ်ဦးတစ်ယောက်ကိုမျှ ငါ မမြင်ပေ။"

## ကာမဂုဏ်တို့၏ သာယာဖွယ်

"ရဟန်းတို့...၊ ကာမဂုဏ်တို့၏ သာယာဖွယ်ဟူသည် အဘယ်နည်းဆိုသော် ကာမဂုဏ်တို့သည် လိုလားအပ်၊ နှစ်သက်မြတ်နိုးအပ်သည် ဖြစ်၍ ချစ်ခင်ဖွယ်၊ တပ်စွန်းဖွယ်ဖြစ်သော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဟူ၍ ငါးပါး ရှိ၏။ ဤ ကာမဂုဏ်ငါးပါးကို အစွဲပြု၍ ဖြစ်သော ချမ်းသာခြင်း၊ ဝမ်းမြောက်ခြင်းသည် ကာမဂုဏ်တို့၏ သာယာဖွယ် ဖြစ်၏။"

## ကာမဂုဏ်တို့၏ အပြစ်

"ရဟန်းတို့...၊ ကာမဂုဏ်တို့၏ အပြစ်ဟူသည် အဘယ်နည်း ဆိုသော် ဤလောက၌ အမျိုးကောင်းသား တစ်ယောက်သည် တစ်စုံတစ်ခုသော အတတ်ပညာဖြင့် အသက်မွေးမှုကို ပြု၏။ လယ်ထွန်ခြင်း၊ ကုန်သွယ်ခြင်း၊ နွားမွေးခြင်း၊ လေးမြားအတတ်၊ မင်းမှုထမ်းခြင်း စသော တစ်စုံတစ်ခုသော အတတ်ပညာဖြင့် အပူဒဏ်၊ အအေးဒဏ်၊ မှက် ခြင်၊ လေ၊ နေပူ၊ မြွေကင်းသန်းတို့၏ ကိုက်ခဲတွေ့ထိမှု၊ ဆာလောင်မွတ်သိပ်မှုတို့ကို ခံလျက် အသက်မွေးခြင်းကို ပြုလုပ်၏။ ရဟန်းတို့...၊ ဤသို့ ကာမဂုဏ်ကို အကြောင်းပြု၍ မျက်မှောက်ဘဝ၌ ဆင်းရဲမှုကို ခံစားရခြင်းသည် ကာမဂုဏ်တို့၏ အပြစ်ဖြစ်၏။

'ရဟန်းတို့...၊ ဤသို့ လုံ့လစိုက်ထုတ် လုပ်ကိုင်သော အမျိုးကောင်းသားအား ပစ္စည်း-ဉစ္စာများ တိုးပွားဖြစ်ထွန်းခြင်း မရှိခဲ့သော် ထိုအမျိုးကောင်းသားသည် 'ငါ၏ ကြိုးစား အားထုတ်မှုကား အချည်းနှီး ဖြစ်ချေပြီ တကား' ဟူ၍ ဝမ်းနည်း ပူဆွေးခြင်းသို့ ရောက်ရ၏။

www.dhammaransi.com



"ရဟန်းတို့...၊ ဤသို့ ကာမဂုဏ်ကို အကြောင်းပြု၍ မျက်မှောက်ဘဝ၌ ဆင်းရဲမှုကို ခံစားရခြင်းသည် ကာမဂုဏ်တို့၏ အပြစ် ဖြစ်၏။

'ရဟန်းတို့...၊ ဤသို့ လုံ့လစိုက်ထုတ်လုပ်ကိုင်သော အမျိုးကောင်းသားအား ပစ္စည်းဥစ္စာများ တိုးပွားဖြစ်ထွန်းခဲ့သော် ထို အမျိုးကောင်းသားသည် ပစ္စည်းဥစ္စာတို့ကို ရန်သူမျိုး ငါးပါးတို့ လုယက်ဖျက်ဆီးခြင်းမပြုနိုင်စေရန် ကြောင့်ကြမှုကို ပြုရာ၏။ ယင်းသို့ ကြောင့်ကြမှု ပြုပါလျက် ပစ္စည်း ဥစ္စာတို့ကို ရန်သူမျိုး ငါးပါးတို့ လုယက်ဖျက်ဆီးခဲ့သော် ထို အမျိုးကောင်းသားသည် ဝမ်းနည်း ပူဆွေးခြင်းသို့ ရောက်ရ၏။ ရဟန်းတို့– ဤသို့ ကာမဂုဏ်ကို အကြောင်းပြု၍ မျက်မှောက်ဘဝ၌ ဆင်းရဲမှုကို ခံစားရခြင်းသည် ကာမဂုဏ်တို့၏ အပြစ် ဖြစ်၏။

'ရဟန်းတို့... ထိုမှ တပါးလည်း ကာမဂုဏ်ကို အကြောင်းပြု၍ပင် မင်းတို့သည် အခြားသော မင်းတို့နှင့် ငြင်းခုံကြကုန်၏။ ပုဏ္ဏား၊ သူကြွယ်တို့သည် အခြားသော ပုဏ္ဏား၊ သူကြွယ်တို့နှင့် ငြင်းခုံကြကုန်၏။ မိဘတို့သည် သားသမီးတို့နှင့် လည်းကောင်း၊ သားသမီးတို့သည် မိဘတို့နှင့် လည်းကောင်း ငြင်းခုံကြကုန်၏။ ညီ အစ်ကို မောင်နှမတို့သည် အချင်းချင်း ငြင်းခုံကြကုန်၏။ မိတ်ဆွေ သူငယ်ချင်းတို့သည် အချင်းချင်း ငြင်းခုံကြကုန်၏။ ထိုသူတို့သည် ငြင်းခုံခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်းသို့ ရောက်ကုန်လျက် အချင်းချင်း တုတ်၊ ဓား၊ လက်နက်တို့ဖြင့် လုံ့လပြုကာ သေခြင်းသို့ လည်းကောင်း၊ သေလောက်သော ဆင်းရဲခြင်းသို့ လည်းကောင်း ရောက်ကြကုန်၏။ ရဟန်းတို့...၊ ဤသို့ ကာမဂုဏ်ကို အကြောင်းပြု၍ မျက်မှောက်ဆင်းရဲမှုကို ခံစားရခြင်းသည် ကာမဂုဏ်တို့၏ အပြစ်ဖြစ်၏။

'ရဟန်းတို့...၊ ထိုမှတစ်ပါးလည်း ကာမဂုဏ်ကို အကြောင်းပြု၍ပင် သန်လျက်နှင့် ဒိုင်းကိုစွဲကိုင်ကာ၊ လေးအိမ်တို့ကိုဖွဲ့ကာ မြား၊ လှံ၊ သန်လျက်တို့၏ ကြား၌ နှစ်ဖက် ယှဉ်ပြိုင်တိုက်ခိုက်ကာ စစ်မြေပြင်သို့ ပြေးဝင်ကြကုန်၏။ ထို စစ်မြေပြင်၌ မြား၊ လှံ၊ သန်လျက်တို့ဖြင့် ထိမှန်ကာ သေခြင်းသို့ လည်းကောင်း၊ သေလောက်သော ဆင်းရဲသို့ လည်းကောင်း ရောက်ကြကုန်၏။ ရဟန်းတို့၊ ဤသို့ ကာမဂုဏ်ကို အကြောင်းပြု၍ မျက်မှောက်ဘဝ၌ ဆင်းရဲမှုကို ခံစားရခြင်းသည် ကာမဂုဏ်တို့၏ အပြစ်ဖြစ်၏။

'ရဟန်းတို့...၊ ထိုမှတစ်ပါးလည်း ကာမဂုဏ်ကို အကြောင်းပြု၍ပင် သန်လျက်နှင့် ဒိုင်းကို စွဲကိုင်ကာ၊ လေးအိမ်တို့ကို ဖွဲ့ကာ မြား၊ လှံ၊ သန်လျက်တို့၏ ကြား၌ ညွှန်လောင်းထားသော မြို့ရိုးတံတိုင်းခြေတို့သို့ ပြေးဝင်ကြကုန်၏။ ထိုသူတို့

www.dhammaransi.com



"ရဟန်းတို့...၊ သင်တို့သည် ထို ပရိဗိုဇ်တို့ကို 'ကာမဂုဏ်တို့၏ သာယာဖွယ်ကား အဘယ်နည်း။ ကာမဂုဏ်တို့၏ အပြစ်၊ ကာမဂုဏ်တို့၏ ထွက်မြောက်ရာကား အဘယ်နည်း။ ရုပ်၊ ဝေဒနာတို့၏ သာယာဖွယ်၊ အပြစ်၊ ထွက်မြောက်ရာတို့ကား အဘယ်နည်း" ဟူ၍ မေးရမည်။ ယင်းတို့မေးလျှင် ပရိဗိုဇ်တို့သည် ထိုအမေးကို ပြည့်စုံစွာ မဖြေနိုင်ကြဘဲ ပင်ပန်းခြင်းသို့ ရောက်ကြလိမ့်မည်။ ရဟန်းတို့...၊ နတ်၊ ဗြဟ္မာတို့နှင့် တကွသော ဤလောက၌ မြတ်စွာဘုရား၊ မြတ်စွာဘုရား၏ တပည့်၊ မြတ်စွာဘုရားထံမှ တစ်ဆင့် ကြားနာဖူးသူတို့မှ တစ်ပါး ဤပြဿနာတို့ကို ဖြေဆိုခြင်းဖြင့် စိတ်ကို နှစ်သက်စေနိုင်မည့်သူ တစ်ဦးတစ်ယောက်ကိုမျှ ငါ မမြင်ပေ။"

## ကာမဂုဏ်တို့၏ သာယာဖွယ်

"ရဟန်းတို့...၊ ကာမဂုဏ်တို့၏ သာယာဖွယ်ဟူသည် အဘယ်နည်းဆိုသော် ကာမဂုဏ်တို့သည် လိုလားအပ်၊ နှစ်သက်မြတ်နိုးအပ်သည် ဖြစ်၍ ချစ်ခင်ဖွယ်၊ တပ်စွန်းဖွယ်ဖြစ်သော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဟူ၍ ငါးပါး ရှိ၏။ ဤ ကာမဂုဏ်ငါးပါးကို အစွဲပြု၍ ဖြစ်သော ချမ်းသာခြင်း၊ ဝမ်းမြောက်ခြင်းသည် ကာမဂုဏ်တို့၏ သာယာဖွယ် ဖြစ်၏။"

## ကာမဂုဏ်တို့၏ အပြစ်

"ရဟန်းတို့...၊ ကာမဂုဏ်တို့၏ အပြစ်ဟူသည် အဘယ်နည်း ဆိုသော် ဤလောက၌ အမျိုးကောင်းသား တစ်ယောက်သည် တစ်စုံတစ်ခုသော အတတ်ပညာဖြင့် အသက်မွေးမှုကို ပြု၏။ လယ်ထွန်ခြင်း၊ ကုန်သွယ်ခြင်း၊ နွားမွေးခြင်း၊ လေးမြားအတတ်၊ မင်းမှုထမ်းခြင်း စသော တစ်စုံတစ်ခုသော အတတ်ပညာဖြင့် အပူဒဏ်၊ အအေးဒဏ်၊ မှက် ခြင်၊ လေ၊ နေပူ၊ မြွေကင်းသန်းတို့၏ ကိုက်ခဲတွေ့ထိမှု၊ ဆာလောင်မွတ်သိပ်မှုတို့ကို ခံလျက် အသက်မွေးခြင်းကို ပြုလုပ်၏။ ရဟန်းတို့...၊ ဤသို့ ကာမဂုဏ်ကို အကြောင်းပြု၍ မျက်မှောက်ဘဝ၌ ဆင်းရဲမှုကို ခံစားရခြင်းသည် ကာမဂုဏ်တို့၏ အပြစ်ဖြစ်၏။

'ရဟန်းတို့...၊ ဤသို့ လုံ့လစိုက်ထုတ် လုပ်ကိုင်သော အမျိုးကောင်းသားအား ပစ္စည်း-ဥစ္စာများ တိုးပွားဖြစ်ထွန်းခြင်း မရှိခဲ့သော် ထိုအမျိုးကောင်းသားသည် 'ငါ၏ ကြိုးစား အားထုတ်မှုကား အချည်းနှီး ဖြစ်ချေပြီ တကား' ဟူ၍ ဝမ်းနည်း ပူဆွေးခြင်းသို့ ရောက်ရ၏။

www.dhammaransi.com



"ရဟန်းတို့...၊ ဤသို့ ကာမဂုဏ်ကို အကြောင်းပြု၍ မျက်မှောက်ဘဝ၌ ဆင်းရဲမှုကို ခံစားရခြင်းသည် ကာမဂုဏ်တို့၏ အပြစ် ဖြစ်၏။

'ရဟန်းတို့...၊ ဤသို့ လုံ့လစိုက်ထုတ်လုပ်ကိုင်သော အမျိုးကောင်းသားအား ပစ္စည်းဥစ္စာများ တိုးပွားဖြစ်ထွန်းခဲ့သော် ထို အမျိုးကောင်းသားသည် ပစ္စည်းဥစ္စာတို့ကို ရန်သူမျိုး ငါးပါးတို့ လုယက်ဖျက်ဆီးခြင်းမပြုနိုင်စေရန် ကြောင့်ကြမှုကို ပြုရ၏။ ယင်းသို့ ကြောင့်ကြမှု ပြုပါလျက် ပစ္စည်း ဥစ္စာတို့ကို ရန်သူမျိုး ငါးပါးတို့ လုယက်ဖျက်ဆီးခဲ့သော် ထို အမျိုးကောင်းသားသည် ဝမ်းနည်း ပူဆွေးခြင်းသို့ ရောက်ရ၏။ ရဟန်းတို့- ဤသို့ ကာမဂုဏ်ကို အကြောင်းပြု၍ မျက်မှောက်ဘဝ၌ ဆင်းရဲမှုကို ခံစားရခြင်းသည် ကာမဂုဏ်တို့၏ အပြစ် ဖြစ်၏။

'ရဟန်းတို့... ထိုမှ တပါးလည်း ကာမဂုဏ်ကို အကြောင်းပြု၍ပင် မင်းတို့သည် အခြားသော မင်းတို့နှင့် ငြင်းခုံကြကုန်၏။ ပုဏ္ဏား၊ သူကြွယ်တို့သည် အခြားသော ပုဏ္ဏား၊ သူကြွယ်တို့နှင့် ငြင်းခုံကြကုန်၏။ မိဘတို့သည် သားသမီးတို့နှင့် လည်းကောင်း၊ သားသမီးတို့သည် မိဘတို့နှင့် လည်းကောင်း ငြင်းခုံကြကုန်၏။ ညီ အစ်ကို မောင်နှမတို့သည် အချင်းချင်း ငြင်းခုံကြကုန်၏။ မိတ်ဆွေ သူငယ်ချင်းတို့သည် အချင်းချင်း ငြင်းခုံကြကုန်၏။ ထိုသူတို့သည် ငြင်းခုံခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်းသို့ ရောက်ကုန်လျက် အချင်းချင်း တုတ်၊ ဓား၊ လက်နက်တို့ဖြင့် လုံ့လပြုကာ သေခြင်းသို့ လည်းကောင်း၊ သေလောက်သော ဆင်းရဲခြင်းသို့ လည်းကောင်း ရောက်ကြကုန်၏။ ရဟန်းတို့...၊ ဤသို့ ကာမဂုဏ်ကို အကြောင်းပြု၍ မျက်မှောက်ဆင်းရဲမှုကို ခံစားရခြင်းသည် ကာမဂုဏ်တို့၏ အပြစ်ဖြစ်၏။

'ရဟန်းတို့...၊ ထိုမှတစ်ပါးလည်း ကာမဂုဏ်ကို အကြောင်းပြု၍ပင် သန်လျက်နှင့် ဒိုင်းကိုစွဲကိုင်ကာ၊ လေးအိမ်တို့ကိုဖွဲ့ကာ မြား၊ လှံ၊ သန်လျက်တို့၏ ကြား၌ နှစ်ဖက် ယှဉ်ပြိုင်တိုက်ခိုက်ကာ စစ်မြေပြင်သို့ ပြေးဝင်ကြကုန်၏။ ထို စစ်မြေပြင်၌ မြား၊ လှံ၊ သန်လျက်တို့ဖြင့် ထိမှန်ကာ သေခြင်းသို့ လည်းကောင်း၊ သေလောက်သော ဆင်းရဲသို့ လည်းကောင်း ရောက်ကြကုန်၏။ ရဟန်းတို့၊ ဤသို့ ကာမဂုဏ်ကို အကြောင်းပြု၍ မျက်မှောက်ဘဝ၌ ဆင်းရဲမှုကို ခံစားရခြင်းသည် ကာမဂုဏ်တို့၏ အပြစ်ဖြစ်၏။

'ရဟန်းတို့...၊ ထိုမှတစ်ပါးလည်း ကာမဂုဏ်ကို အကြောင်းပြု၍ပင် သန်လျက်နှင့် ဒိုင်းကို စွဲကိုင်ကာ၊ လေးအိမ်တို့ကို ဖွဲ့ကာ မြား၊ လှံ၊ သန်လျက်တို့၏ ကြား၌ ညွှန်လောင်းထားသော မြို့ရိုးတံတိုင်းခြေတို့သို့ ပြေးဝင်ကြကုန်၏။ ထိုသူတို့

www.dhammaransi.com



သည် မြား၊ လှံ၊ သန်လျက်တို့ဖြင့် ထိမှန်ကာ သေခြင်းသို့ လည်းကောင်း သေလောက်သော ဆင်းရဲခြင်းသို့ လည်းကောင်း ရောက်ကြကုန်၏။ ရဟန်းတို့...၊ ဤသို့ ကာမဂုဏ်ကို အကြောင်းပြု၍ မျက်မှောက်ဘဝ၌ ဆင်းရဲမှုကို ခံစားရခြင်းသည် ကာမဂုဏ်တို့၏ အပြစ် ဖြစ်၏။

'ရဟန်းတို့...၊ ထိုမှတစ်ပါးလည်း ကာမဂုဏ်ကို အကြောင်းပြု၍ပင် အိမ်ခြံစပ်ကို ဖြတ်ခြင်း၊ ပစ္စည်းကိုလုယူခြင်း၊ လမ်းမှ ဖြတ်၍ လုယက်ခြင်း၊ သူတစ်ပါးသားမယားကို ကျူးလွန်ခြင်းအမှုကို ပြုကြကုန်၏။ ထိုသူတို့ကို မင်း၊ မင်းမှုထမ်းတို့က ဖမ်းဆီး၍ ညှဉ်းဆဲနှိပ်စက်မှု အမျိုးမျိုးကို ပြုလုပ်စေကြကုန်၏။ ညှဉ်းဆဲနှိပ်စက်မှု အမျိုးမျိုးကို ခံကြရသူတို့သည် သေခြင်းသို့ လည်းကောင်း၊ သေလောက်သော ဆင်းရဲသို့ လည်းကောင်း ရောက်ကြကုန်၏။ ဤသို့ မျက်မှောက်ဘဝ၌ ဆင်းရဲခံစားရခြင်းသည် ကာမဂုဏ်၏ အပြစ် ဖြစ်၏။

'ရဟန်းတို့...၊ ထိုမှတစ်ပါးလည်း ကာမဂုဏ်ကို အကြောင်းပြု၍ပင် ကိုယ်၊ နှုတ်၊ စိတ် သုံးပါးတို့ဖြင့် မကောင်းမှုဒုစရိုက်ကို ပြုကျင့်ကာ သေသည်၏ အခြားမဲ့၌ အပါယ်ငရဲသို့ ကျရောက်ကြကုန်၏။ ရဟန်းတို့...၊ ဤသို့ ကာမဂုဏ်ကို အကြောင်းပြု၍ တမလွန်ဘဝ၌ ဆင်းရဲခံစားရခြင်းသည် ကာမဂုဏ်တို့၏ အပြစ် ဖြစ်၏။

'ရဟန်းတို့...၊ ကာမဂုဏ်တို့၏ ထွက်မြောက်ရာဟူသည် အဘယ်နည်း ဆိုသော် ကာမဂုဏ်တို့၌ လိုချင်တပ်စွန်းမှုကို ဖျောက်ပယ်ခြင်းပင် ဖြစ်၏။

'ရဟန်းတို့...၊ ဤသို့လျှင် ကာမဂုဏ်တို့၏ အပြစ်ကို အပြစ်ဟူ၍လည်းကောင်း၊ သာယာဖွယ်ကို သာယာဖွယ်ဟူ၍ လည်းကောင်း၊ ထွက်မြောက်ရာကို ထွက်မြောက်ရာဟူ၍ လည်းကောင်း ဟုတ်တိုင်းမှန်စွာ မသိမြင်သူတို့သည် မိမိကိုယ်တိုင် ကာမဂုဏ်တို့ကို ပိုင်းခြား သိမြင်နိုင်မည် မဟုတ်။ သူတစ်ပါးတို့အားလည်း ပိုင်းခြားသိမြင်ရန် နည်းလမ်းညွှန်ပြနိုင်မည် မဟုတ်၊ ကာမဂုဏ်တို့၏ သာယာဖွယ်ကို သာယာဖွယ်ဟူ၍လည်းကောင်း၊ အပြစ်ကို အပြစ်ဟူ၍ လည်းကောင်း၊ ထွက်မြောက်ရာကို ထွက်မြောက်ရာဟူ၍ လည်းကောင်း၊ ဟုတ်တိုင်းမှန်စွာ သိမြင်သူတို့သည်သာလျှင် မိမိကိုယ်တိုင် ကာမဂုဏ်တို့ကို ပိုင်းခြား သိမြင်နိုင်ဖွယ် ရှိ၏၊ သူတစ်ပါးတို့အားလည်း ပိုင်းခြားသိမြင်ရန် နည်းလမ်းညွှန်ပြနိုင်ဖွယ် ရှိ၏။"

www.dhammaransi.com



## ရုပ်တို့၏ သာယာဖွယ်-စသည်

"ရဟန်းတို့...၊ ရုပ်တို့၏ သာယာဖွယ် ဟူသည် အဘယ်နည်းဆိုသော် ဥပမာ မနိမ့်လွန်းခြင်း၊ မမြင့်လွန်းခြင်းစသော ကောင်းခြင်း ခြောက်ဖြာနှင့် ပြည့်စုံသည့် ၁၅ နှစ်၊ ၁၆ နှစ် အရွယ် မိန်းမပျို တစ်ယောက် ရှိရာ၏။ ထိုမိန်းမပျို၏ နုပျိုစိုပြေသော အဆင်းအသွင်ကို အစွဲပြု၍ စိတ်ချမ်းသာ ကြည်နူးခြင်းသည် ရုပ်တို့၏ သာယာဖွယ် ဖြစ်၏။

'ရဟန်းတို့...၊ ရုပ်တို့၏ အပြစ်ဟူသည် အဘယ်နည်းဆိုသော် ထိုမိန်းမပျိုသည် နောက်အခါ အသက်ရှစ်ဆယ်၊ ကိုးဆယ်အရွယ်သို့ ရောက်၍ အိမ်ခေါင်းကုန်းကွ ကိုင်းညွတ်ကျလျက် ဆံဖြူ သွားကျိုး ဖြစ်ကာ တောင်ဝှေးလျှင် အဖော်ရှိလျက် သွားလာနေရရာ၏။ ဤသို့ တင့်တယ်လှပသော အဆင်းအသွင်များကွယ်ပျောက်၍ အပြစ်အနာအဆာများ ပေါ်ပေါက်လာခြင်းသည် ရုပ်တို့၏ အပြစ် ဖြစ်၏။

'ရဟန်းတို့...၊ ထိုမှတစ်ပါးလည်း ထိုမိန်းမပျိုသည် ပြင်းစွာ နာမကျန်းဖြစ်၍ မိမိ၏ ကျင်ကြီးကျင်ငယ်များဖြင့် လိမ်းကျံလျက် အိပ်ရာထဲ၌ လဲနေရာ၏။ သူတစ်ပါးတို့ ထူမှသာ ထနိုင်ရာ၏။ ထို့နောက် သေလွန်၍ ဖူးယောင်ပုပ်ပွသော သူသေကောင်အဖြစ်သို့ ရောက်လေရာ၏။

'ထိုအခါ ယခင်က ရှိခဲ့သော တင့်တယ်လှပမှုများ ကွယ်ပျောက်၍ စက်ဆုပ်ဖွယ် အပြစ်များ ပေါ်လာရာ၏။ ဤသို့ လှပတင့်တယ်သော အဆင်းအသွင်များ ကွယ်ပျောက်၍ စက်ဆုပ်ဖွယ်များ ပေါ်လာခြင်းသည် ရုပ်တို့၏ အပြစ် ဖြစ်၏။

'ရဟန်းတို့...၊ ရုပ်တို့၏ ထွက်မြောက်ရာဟူသည် အဘယ်နည်းဆိုသော် ရုပ်တို့၌ လိုချင်တပ်စွန်းမှုကို ပျောက်ပယ်ခြင်းပင် ဖြစ်၏'။

'ရဟန်းတို့...၊ ဤသို့လျှင် ရုပ်တို့၏ သာယာဖွယ်ကို သာယာဖွယ်ဟူ၍ လည်းကောင်း၊ အပြစ်ကို အပြစ်ဟူ၍ လည်းကောင်း၊ ထွက်မြောက်ရာကို ထွက်မြောက်ရာ ဟူ၍လည်းကောင်း ဟုတ်တိုင်းမှန်စွာ မသိမြင်သူတို့သည် မိမိကိုယ်တိုင် ရုပ်တို့ကို ပိုင်းခြား၍ သိမြင်မည် မဟုတ်၊ သူတစ်ပါးတို့အားလည်း သိမြင်ရန် နည်းလမ်းကို ညွှန်ပြနိုင်မည် မဟုတ်။ ရုပ်တို့၏ သာယာဖွယ်ကို သာယာဖွယ်ဟူ၍ လည်းကောင်း၊ အပြစ်ကို အပြစ်ဟူ၍ လည်းကောင်း၊ ထွက်မြောက်ရာကို ထွက်မြောက်ရာ ဟူ၍ လည်းကောင်း ဟုတ်တိုင်းမှန်စွာ သိမြင်သူတို့သည်သာလျှင် မိမိကိုယ်တိုင် ရုပ်တို့ကို ပိုင်းခြား၍ သိမြင်နိုင်ဖွယ် ရှိ၏။ သူတစ်ပါးတို့အားလည်း သိမြင်ရန် နည်းလမ်းကို ညွှန်ပြနိုင်ဖွယ် ရှိ၏။"

www.dhammaransi.com



## ဝေဒနာတို့၏ သာယာဖွယ်-စသည်

"ရဟန်းတို့...၊ အကြင်အခါ၌ ရဟန်းသည် ကာမဂုဏ်တို့မှ လည်းကောင်း၊ အကုသိုလ် တရားတို့မှ လည်းကောင်း ကင်းဆိတ်၍ ပထမဈာန်၊ ဒုတိယဈာန် အစ ရှိသော ဈာန်တို့ကို ဝင်စား၍ နေ၏။ ထိုအခါ၌ ထိုရဟန်းသည် မိမိ ဆင်းရဲခြင်းငှာ လည်းကောင်း၊ သူတစ်ပါး ဆင်းရဲခြင်းငှာ လည်းကောင်း၊ မိမိ သူတစ်ပါး နှစ်ပါးလုံး ဆင်းရဲခြင်းငှာ လည်းကောင်း စေ့ဆော်ခြင်း မပြု။ စင်စစ် ဆင်းရဲခြင်း ကင်းသော ဝေဒနာကိုသာလျှင် ခံစား၍ နေ၏။ ရဟန်းတို့၊ ဝေဒနာတို့၏ သာယာဖွယ်သည် ဆင်းရဲကင်းခြင်းလျှင် အမြတ်ဆုံးရှိ၏ဟု ငါ ဆို၏။

'ရဟန်းတို့...' ဝေဒနာတို့၏ အပြစ်ဟူသည် အဘယ်နည်းဆိုသော် ဝေဒနာ တို့၏ မမြဲခြင်း၊ ဆင်းရဲခြင်း၊ ဖောက်ပြန်ပြောင်းလဲခြင်း သဘောပင် ဖြစ်၏။

'ရဟန်းတို့...၊ ဝေဒနာတို့၏ ထွက်မြောက်ရာဟူသည် အဘယ်နည်းဆိုသော် ဝေဒနာတို့၌ လိုချင်တပ်စွန်းမှုကို ဖျောက်ပယ်ခြင်းပင် ဖြစ်၏။

'ရဟန်းတို့...၊ ဤသို့လျှင် ဝေဒနာတို့၏ သာယာဖွယ်ကို သာယာဖွယ်ဟူ၍ လည်းကောင်း၊ အပြစ်ကို အပြစ်ဟူ၍ လည်းကောင်း၊ ထွက်မြောက်ရာကို ထွက် မြောက်ရာဟူ၍ လည်းကောင်း ဟုတ်တိုင်းမှန်စွာ မသိမြင်သူတို့သည် မိမိကိုယ်တိုင် ဝေဒနာတို့ကို ပိုင်းခြား၍ သိမြင်နိုင်ဖွယ် မရှိ၊ သူတစ်ပါးတို့အားလည်း သိမြင်နိုင် ရန် နည်းလမ်းကို ညွှန်ပြနိုင်ဖွယ် မရှိ၊ ဝေဒနာတို့၏ သာယာဖွယ်ကို သာယာဖွယ် ဟူ၍ လည်းကောင်း၊ အပြစ်ကို အပြစ်ဟူ၍ လည်းကောင်း၊ ထွက်မြောက်ရာကို ထွက်မြောက်ရာဟူ၍ လည်းကောင်း ဟုတ်တိုင်းမှန်စွာ သိမြင်သူတို့သည်သာလျှင် ဝေဒနာတို့ကို ဟုတ်တိုင်းမှန်စွာ ပိုင်းခြား၍ သိမြင်နိုင်ပေ၏။"

ဗုဒ္ဓမြတ်စွာက ဤသို့ ဟောကြားသောအခါ ရဟန်းတို့သည် ထိုဟောကြား ချက်ကို လွန်စွာ နှစ်သက်ကြလေသည်။

www.dhammaransi.com

# ၁၄။ စူဠဒုက္ခက္ခန္ဓသုတ်

## ကာမဂုဏ်ငါးပါးသည် ဆင်းရဲတုံးအတိဖြစ်ကြောင်း ဟောကြားခြင်း

### မဟာနာမ်မေးလျှောက်ချက်

ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးစဉ် မဟာနာမ် အမည်ရှိသော သာကီဝင်မင်းက ဗုဒ္ဓအား ဤသို့ လျှောက်ကြား၏။

"အရှင်ဘုရား၊ တပည့်တော်သည် ရှည်မြင့်စွာသောကာလမှစ၍ တပ်မက်ခြင်း၊ စိတ်ဆိုးခြင်း၊ တွေဝေခြင်းတို့သည် စိတ်၏ အညစ်အကြေးများ ဖြစ်ကြောင်း မြတ်စွာဘုရားက ဟောကြားသည်ကို ကြားနာခဲ့ရပါသည်။ သို့ဖြင့်လျက်လည်း တစ်ခါတစ်ရံ ထိုတရားတို့သည် တပည့်တော်၏ စိတ်ကို လွှမ်းမိုး ဖိစီးခဲ့ကြပါသည်။ အရှင်ဘုရား တပည့်တော်သည် 'အဘယ်တရား များ ကို မပယ်စွန့်သဖြင့် ထိုတရားတို့သည် ငါ၏စိတ်ကို လွှမ်းမိုးဖိစီးပါကုန်လိမ့်မည်နည်း' ဟူ၍ စဉ်းစားကြံစည်မိပါသည်။"

### ဗုဒ္ဓ၏အဖြေ

"အချင်းမဟာနာမ်၊ တပ်မက်ခြင်း၊ စိတ်ဆိုးခြင်း၊ တွေဝေခြင်းတို့က သင်၏ စိတ်ကို ရံဖန် ရံခါ လွှမ်းမိုးဖိစီးခြင်းမှာ သင်၏ အတွင်းသန္တာန်၌ ထိုတရားများကို မပယ်ရသေးသောကြောင့်ပင်ဖြစ်၏၊ အချင်းမဟာနာမ်၊ သင်၏ အတွင်းသန္တာန်၌ ထိုတရားများကို ပယ်ရှားပြီး ဖြစ်ပါမူ သင်သည် အိမ်ရာတည်ထောင် လူ့ဘောင်၌

www.dhammaransi.com



နေတော့မည်မဟုတ်၊ကာမဂုဏ်တို့ကို ခံစားတော့မည် မဟုတ်။ သင်၏ အတွင်း သန္တာန်၌ ထိုတရားများကို မပယ်ရသေးသောကြောင့်သာလျှင် သင်သည် အိမ်ရာ တည်ထောင် လူတို့ဘောင်၌ နေခြင်းဖြစ်၏။ ကာမဂုဏ်တို့ကို ခံစားခြင်း ဖြစ်၏။

'အချင်း မဟာနာမ်၊ အရိယာတပည့်သည် ကာမဂုဏ်တို့၏ သာယာဖွယ် နည်းပါး၍ ဆင်းရဲပင်ပန်းခြင်းများပုံကို ဟုတ်တိုင်းမှန်စွာ သိမြင်သော်လည်း ကာမဂုဏ်တို့မှ ကြဉ်၍ အကုသိုလ်တို့မှ လွဲဖယ်၍ နှစ်သိမ့်ချမ်းသာခြင်း ရှိသော ဈာန်ကို မရသေးလျှင် ကာမဂုဏ်တို့၌ ပြန်လှည့်ခြင်းမရှိသူမဖြစ်နိုင်ချေ။

'အချင်း မဟာနာမ်၊ အရိယာတပည့်သည် ကာမဂုဏ်တို့၏ သာယာနှစ်သက်ဖွယ် နည်း၍ ဆင်းရဲပင်ပန်းခြင်းများပုံကို ဟုတ်တိုင်း မှန်စွာ သိမြင်ပြီး ကာမဂုဏ်တို့မှ လည်းကောင်း၊ အကုသိုလ်တရားတို့မှ လည်းကောင်း ကြဉ်၍၊ နှစ်သိမ့်ချမ် သာခြင်းရှိသော ဈာန်ကို ရရှိခဲ့သော် ကာမဂုဏ်တို့၌ ပြန်လှည့်ခြင်း မရှိသူ ဖြစ်လေ၏။

'အချင်း မဟာနာမ်၊ ငါသည် သစ္စာလေးပါးကို ထိုးထွင်း၍ မသိသေးသော ဘုရား လောင်းဘဝကပင် ကာမဂုဏ်တို့၏ သာယာဖွယ် နည်းပါး၍ ဆင်းရဲပင်ပန်း ခြင်းများပုံကို ဟုတ်တိုင်းမှန်စွာ သိမြင်ခဲ့၏။ ယင်းသို့ သိမြင်သော်လည်း ကာမဂုဏ် တို့မှ လည်းကောင်း၊ အကုသိုလ်တရားတို့မှ လည်းကောင်း ကြဉ်၍ နှစ်သိမ့်ချမ်း သာခြင်း ရှိသော ဈာန်ကို မရရှိသေးသမျှ ကာလပတ်လုံး ကာမဂုဏ်တို့၌ ပြန် လှည့်ခြင်း မရှိသူဟူ၍ ဝန်မခံခဲ့ချေ။ ထိုကဲ့သို့သော ဈာန်ကို ရရှိသောအခါမှ စ၍သာလျှင် ကာမဂုဏ်တို့၌ ပြန်လှည့်ခြင်း မရှိသူဟူ၍ ဝန်ခံခဲ့ပေ၏"

## နိဂဏ္ဌာတို့၏အယူ

"အချင်းမဟာနာမ်၊ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ ငါ သီတင်းသုံးစဉ် များစွာ နိဂဏ္ဌာတို့သည် ဣသိဂိလိတောင်နံဘေး ကျောက်ညိုပြင်၌ ထိုင်ခြင်းကို လုံဝ ပစ်ပယ်ပြီး မတ်တပ်ရပ်ခြင်း၌ လုံ့လစိုက်ကာ ထက်မြက် ပြင်းပြသော ကိုယ်ဆင်းရဲဝေဒနာကို ခံစားနေကြ၏။ ငါသည် ထို နိဂဏ္ဌာတို့ထံ ချဉ်းကပ်၍ မထိုင်ဘဲ မတ်တပ်ရပ်၍သာ နေခြင်း၏ အကြောင်းကို မေးမြန်းခဲ့၏။ ထိုအခါ နိဂဏ္ဌာတို့က မိမိတို့ဆရာ နာဋပုတ္တသည် အလုံးစုံကို သိမြင်သူဟူ၍ ဝန်ခံသူဖြစ် ကြောင်း၊ ထက်မြက်ပြင်းပြသော ကိုယ်ဆင်းရဲကို ခံစားခြင်းဖြင့် ရှေးက ပြုခဲ့သော မကောင်းမှုတို့ကို ချေဖျက်ရမည်ဟု နာဋပုတ္တက မိန့်ကြားကြောင်း၊ ထိုကြောင့်

www.dhammaransi.com



မိမိတို့သည် ဤကဲ့သို့ ကိုယ်ဆင်းရဲကို ခံစားနေကြခြင်းဖြစ်ကြောင်း ပြောကြားကြသည်။ ထိုနိဂဏ္ဌတို့ကား ရှေးကံဟောင်းတို့ကို ကိုယ်ဆင်းရဲခံခြင်းဖြင့် ချေဖျက်ပြီး နောက်တပ်လည်း ကံအသစ် မပြစ်ခဲ့သော် ဆင်းရဲအားလုံး ကုန်ဆုံးတော့သည်ဟု အယူ ရှိကြလေသည်။

## မသိနိုင်သော အရာ

"နိဂဏ္ဌတို့က ဤသို့ ပြောကြားသောအခါ ငါသည် သူတို့ကို နောက်ထပ် မေးမြန်းခဲ့၏။

"ငါ့ရှင်တို့၊ သင်တို့သည် ရှေးက ဖြစ်ခဲ့ဖူး၏ ဟူ၍ သိကြပါသလော"

"ငါ့ရှင် ဂေါတမ၊ ငါတို့သည် ဤသို့ မသိကြပါ။"

"ငါ့ရှင်တို့၊ သင်တို့သည် ရှေးက မကောင်းမှုများကို ပြုခဲ့ဖူး၏ ဟူ၍ သိကြပါသလော။"

"ငါ့ရှင် ဂေါတမ၊ ငါတို့သည် ဤသို့လည်း မသိကြပါ။"

"ငါ့ရှင်တို့၊ သင်တို့သည် ဤသို့ ဤသို့သော မကောင်းမှုများကို ပြုခဲ့ဖူး၏ ဟူ၍ သိကြပါသလော။"

"ငါ့ရှင် ဂေါတမ၊ ငါတို့သည် ဤသို့လည်း မသိကြပါ။"

"ငါ့ရှင်တို့၊ သင်တို့သည် ဤမျှသော ဆင်းရဲကို ချေဖျက်ပြီးပြီ၊ ဤမျှသော ဆင်းရဲကား ကျန်သေး၏ ဟူ၍ သိကြပါသလော။"

"ငါ့ရှင် ဂေါတမ၊ ငါတို့သည် ဤသို့လည်း မသိကြပါ၊"

"ငါ့ရှင်တို့၊ သင်တို့သည် ဤမျက်မှောက်ဘဝ၌ပင် အကုသိုလ်တရားတို့ကို ပယ်ခြင်း၊ ကုသိုလ်တရားတို့ကို ပြည့်စုံစေခြင်းကို သိကြပါသလော။"

"ငါ့ရှင် ဂေါတမ၊ ငါတို့သည် ဤအကြောင်းကိုလည်း မသိကြပါ။"

"ငါ့ရှင်တို့၊ သို့ဖြစ်သော် ဤလောက၌ ကြမ်းကြုတ်ရက်စက်၍ သွေးလူးသော လက်ရှိ သူတို့သည် လူ့ပြည်၌ လူဖြစ်လာကြကာ နိဂဏ္ဌတို့ထံ၌ ရဟန်းပြုနေကြသည် ဖြစ်ကုန်ရာ၏။

"အရှင်ဂေါတမ၊ ချမ်းသာဖြင့် ချမ်းသာကို မရနိုင်ပါ။ ဆင်းရဲဖြင့်သာ ချမ်းသာကို ရနိုင်ပါသည်။ အကယ်၍ ချမ်းသာဖြင့် ချမ်းသာကို ရနိုင်ခဲ့သော် မဂဓတိုင်းကို အစိုးရသော ဗိမ္ဗိသာရမင်းကြီးသည် ချမ်းသာကို ရပေရာ၏။ အဘယ်ကြောင့်ဆိုသော် ထိုမင်းကြီးသည် အရှင်ဂေါတမထက် ပို၍ ချမ်းသာစွာ နေသူဖြစ်သောကြောင့်ပါတည်း"

www.dhammaransi.com



"ငါ့ရှင်တို့၊ သင်တို့သည် စကားကို မရှုမစမ်းဆိုသည်ဖြစ်ရာ၏။ စင်စစ် ငါနှင့် ဗိမ္ဗိသာရမင်း နှစ်ဦးတို့တွင် မည်သူက ပို၍ ချမ်းသာစွာ နေရသည်ကို ရှေးဦးစွာ ငါ့အား သင်တို့ မေးသင့်၏။"

"အရှင်ဂေါတမ။ သို့ဖြစ်သော် ယခု အရှင်ဂေါတမကို ငါတို့ မေးပါမည်၊ အရှင်ဂေါတမနှင့် ဗိမ္ဗိသာရမင်း နှစ်ဦးတို့တွင် မည်သူသည် ပို၍ ချမ်းသာစွာ နေရပါသနည်း။"

"ငါ့ရှင်တို့၊ ဤအရာ၌ သင်တို့ကို ငါ တစ်ခုမေးမည်။ သင်တို့ နှစ်သက်သလို ဖြေကြလော့။ ဗိမ္ဗိသာရမင်းသည် ကိုယ်ကလည်း မလှုပ်၊ နှုတ်ကလည်း မပြောဆိုဘဲ ခုနစ်ရက်ပတ်လုံး စင်စစ်ချမ်းသာခြင်းကို ခံစား၍နေခြင်းငှာ စွမ်းနိုင်ပါသလော။"

"အရှင်ဂေါတမ၊ ဗိမ္ဗိသာရမင်းသည် ခုနစ်ရက်ပတ်လုံး ဤကဲ့သို့ နေခြင်းငှာ မစွမ်းနိုင်ပါ။"

"ငါ့ရှင်တို့၊ ဗိမ္ဗိသာရမင်းသည် တစ်ရက်မျှပင် ဤကဲ့သို့ နေခြင်းငှာ စွမ်းနိုင်ပါသလော။"

"အရှင်ဂေါတမ၊ ဗိမ္ဗိသာရမင်းသည် တစ်ရက်မျှလည်း ဤကဲ့သို့ နေခြင်းငှာ မစွမ်းနိုင်ပါ။"

"ငါ့ရှင်တို့၊ ငါသည်ကား ကိုယ်ဖြင့်လည်း မလှုပ်၊ နှုတ်ဖြင့်လည်း မမြွက်ဘဲ တစ်ရက်ပတ်လုံး လည်းကောင်း၊ နှစ်ရက်သုံးရက်မှစ၍ ခုနစ်ရက်ပတ်လုံး လည်းကောင်း စင်စစ် ချမ်းသာခြင်းကို ခံစားလျက် နေခြင်းငှာ စွမ်းနိုင်ပေ၏။"

"အရှင်ဂေါတမ၊ သို့ဖြစ်သော် အရှင်ဂေါတမသည်သာလျှင် ပို၍ ချမ်းသာစွာ နေရသူဖြစ်ပါသည်။"

ဤသို့လျှင် ဗုဒ္ဓမြတ်စွာသည် မိမိနှင့် နိဂဏ္ဌတို့ တစ်ခါက ပြောဆိုဆွေးနွေးခဲ့ပုံကို မဟာနာမ်အား ပြန်လည် မိန့်ကြားတော်မူသည်။ မဟာနာမ်သည် ထိုမိန့်ကြားချက်ကို လွန်စွာ နှစ်သက်လေသည်။

www.dhammaransi.com

# ၁၅။ အနုမာနသုတ်

## မိမိနှင့်ယှဉ်၍ ဆင်ခြင်အပ်ကြောင်း ဟောကြားခြင်း

### ဆိုဆုံးမရန် မသင့်သူ

အရှင်မဟာမောဂ္ဂလ္လာန်သည် ဘဂ္ဂတိုင်း သံသုမာရဂိရိမြို့အနီးရှိ ဘေသကဠာမည်သော ဘေးမဲ့တော၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတို့အား ဤအနုမာနသုတ္တန်ကို ဟောကြားတော်မူခဲ့၏။

"ငါ့ရှင်တို့၊ တစ်ပါးသော ရဟန်းက 'အရှင်မြတ်တို့သည် တပည့်တော်ကို ဆိုဆုံးမကြပါ၊ တပည့်တော်သည် အရှင်တို့က ဆိုဆုံးမရမည့်သူ ဖြစ်ပါ၏' ဟု ဖိတ်မန်စေကာမူ အကယ်၍ ထိုရဟန်းသည် ဆိုဆုံးမခက်သူ၊ ဆိုဆုံးမခက်အောင် ပြုတတ်သော တရားများရှိနေသူ၊ သည်းမခံတတ်သူ၊ ဆိုဆုံးမမှုကို လေးစားစွာ မခံသူ ဖြစ်ငြားအံ့၊ သီတင်းသုံးဖော်တို့သည် ထိုရဟန်းကို ဆိုဆုံးမသင့်သူ၊ အကျွမ်းဝင်သင့်သူ ဟူ၍ ယူဆကြမည် မဟုတ်ချေ။"

### ဆိုဆုံးမခက်အောင် ပြုတတ်သောတရားများ

"ငါ့ရှင်တို့၊ ဆိုဆုံးမခက်သူ ဖြစ်အောင် ပြုတတ်သော တရားများကား အဘယ်တရားများ ဖြစ်သနည်းဆိုသော်- ဤသာသနာတော်၌ ရဟန်းသည် ယုတ်မာသော အလိုရှိ၏။ ယုတ်မာသော အလိုဆိုးတို့၏ နောက်သို့ လိုက်ပါနေ၏။ မိမိကိုယ်ကို ချီးမြှောက်၍ သူတစ်ပါးကို ရှုတ်ချတတ်၏။ အမျက်ဒေါသကြီး၏။ ရန်ငြိုးဖွဲ့တတ်၏၊ အမျက်ဒေါသဖြင့် ကပ်ငြိတတ်၏၊ အမျက်ဒေါသနှင့် နီးစပ်သော

www.dhammaransi.com



စကားကို ပြောဆိုတတ်၏၊ မိမိအား အပြစ်တင်လျှင် ထိုအပြစ်တင်သူကို ဆန့်ကျင်ဘက်ပြုတတ်၏၊ မိမိအား အပြစ်ပြောသူကို ခြိမ်းခြောက်တတ်၏။ မိမိအား အပြစ်တင်သူကို ပြန်၍ အပြစ်ဖို့တတ်၏၊ မိမိအပြစ်ကို စကားလိုးလွှဲ၍ ဖုံးဖိတတ်၏။ မေးမြန်းသော အကြောင်းကို ပြည့်စုံအောင် မဖြေဆိုဘဲ နေတတ်၏၊ သူ့ကျေးဇူးကို ချေဖျက်တတ်၏။ ဂုဏ်ပြိုင်တတ်၏၊ မနာလိုတတ်– ဝန်တိုတတ်၏၊ ကောက်ကျစ်တတ်၏၊ လှည့်စားတတ်၏၊ ခက်ထန်၏၊ မာန်မူတတ်၏၊ မိမိ၏ အယူကို လွဲမှားစွာ သုံးသပ်၍ စွဲမြဲစွာ ယူတတ်၏၊

'ငါ့ရှင်တို့၊ ယုတ်မာသော အလိုဆိုးရှိခြင်း စသော ဤတရားတို့သည် ဆိုဆုံးမခက်သူဖြစ်အောင် ပြုတတ်သော တရားများ ဖြစ်၏။"

## ဆိုဆုံးမရန်သင့်သူ

"ငါ့ရှင်တို့၊ တစ်ပါးသော ရဟန်းက 'အရှင်မြတ်တို့သည် တပည့်တော်ကို ဆုံးမကြပါ၊ တပည့်တော်သည် အရှင်မြတ်တို့က ဆိုဆုံးမထိုက်သူ ဖြစ်ပါ၏။' ဟု ဖိတ်မန်ခြင်း မပြုစေကာမူ အကယ်၍ ထိုရဟန်းသည် ဆိုဆုံးမ လွယ်သူ၊ ဆိုဆုံးမ လွယ်သူ ဖြစ်အောင် ပြုတတ်သောတရားတို့နှင့် ပြည့်စုံသူ၊ သည်းခံတတ်သူ၊ ဆိုဆုံးမမှုကို လေးစားစွာ ခံသူ ဖြစ်ငြားအံ့၊ သီတင်းသုံးဖော်တို့သည် ထိုရဟန်းကို ဆိုဆုံးမ သင့်သူ၊ အကျွမ်းဝင် သင့်သူဟူ၍ ယူဆကြပေလိမ့်မည်။"

## ဆိုဆုံးမ လွယ်သူဖြစ်အောင် ပြုတတ်သောတရားများ

"ငါ့ရှင်တို့၊ အဘယ်တရားတို့သည် ဆိုဆုံးမ လွယ်သူဖြစ်အောင် ပြုတတ်သော တရားများ ဖြစ်သနည်းဆိုသော်– ဤသာသနာ၌ ရဟန်းသည် ယုတ်မာသော အလိုဆိုး မရှိ၊ မိမိကိုယ်ကို မချီးမြှောက်၊ သူတစ်ပါးကို မရှုတ်ချ၊ အမျက်ဒေါသ မကြီး–မိမိအယူကို လွဲမှားစွာ သုံးသပ်၍ စွဲမြဲစွာ မယူတတ်။–

'ငါ့ရှင်တို့၊ ယုတ်မာသော အလိုဆိုးမရှိခြင်း စသော ဤတရားတို့သည် ဆိုဆုံးမလွယ်အောင် ပြုတတ်သော တရားများ ဖြစ်ပေ၏။"

## မိမိနှင့်နှိုင်းယှဉ်၍ ဆင်ခြင်ပုံ

"ငါ့ရှင်တို့၊ ဤအရာ၌ ရဟန်းသည် ဤသို့ မိမိနှင့်နှိုင်းယှဉ်၍ ဆင်ခြင်အပ်၏၊ ယုတ်မာသော အလိုဆိုးရှိသော ဤရဟန်းကို ငါသည် မနှစ်သက်သကဲ့သို့၊

www.dhammaransi.com



ထို့အတူငါက ယုတ်မာသော အလိုရှိနေသူဖြစ်လျှင်လည်း တစ်ပါးသော ရဟန်းတို့က ငါ့ကို နှစ်သက်ကြမည်မဟုတ်- - မိမိ၏အယူကို လွဲမှားစွာ သုံးသပ်၍ စွဲမြဲစွာ ယူတတ်သော ဤရဟန်းကို ငါက မနှစ်သက်သကဲ့သို့၊ ထို့အတူ ငါက မိမိ၏ အယူကို လွဲမှားစွာ သုံးသပ်၍ စွဲမြဲစွာ ယူတတ်သူဖြစ်နေလျှင်လည်း တစ်ပါးသော ရဟန်းတို့က ငါ့ကို နှစ်သက်ကြမည် မဟုတ်ချေ။ ဤသို့လျှင် ထိုရဟန်းသည် မိမိနှင့် နှိုင်းယှဉ်၍ ဆင်ခြင်အပ်၏။ ယင်းသို့ ဆင်ခြင်ပြီးနောက် 'ငါသည် ယုတ်မာသော အလိုဆိုးရှိသူ မဖြစ်စေအံ့၊ မိမိအယူကို လွဲမှားစွာ သုံးသပ်၍ မြဲစွဲစွာ ယူလေ့ရှိသူ မဖြစ်စေအံ့- ဟူ၍ စိတ်ကို ဖြစ်စေအပ်၏။"

## ပယ်ရှားနိုင်ရန် အားထုတ်ရမည်

"ငါ့ရှင်တို့၊ ဤအရာ၌ ရဟန်းသည် 'အသို့နည်း၊ ငါသည် ယုတ်မာသော အလိုဆိုးရှိသူဖြစ်နေသလော' ဟူ၍ မိမိကိုယ်ကို ဆင်ခြင်အပ်၏။ ယင်းသို့ ဆင်ခြင်၍ 'ငါသည် ယုတ်မာသော အလိုဆိုးရှိသူဖြစ်နေပါကလား' ဟု သိမြင်ခဲ့လျှင် ထိုအကုသိုလ်တရားဆိုးများကို ပယ်ရှားနိုင်ရန် အားထုတ်အပ်၏၊ 'ငါသည် ယုတ်မာသော အလိုဆိုးရှိသူမဟုတ်' ဟု သိခဲ့လျှင်လည်း ကုသိုလ်တရားတို့၌ နေ့ည မပြတ် ကျင့်ကြံအားထုတ်လျက် နှစ်သက် ဝမ်းမြောက်စွာ နေရာ၏- -

'ငါ့ရှင်တို့၊ ရဟန်းသည် 'အသို့နည်း၊ ငါသည် မိမိအယူကို လွဲမှားစွာ သုံးသပ်လျက် စွဲမြဲစွာ ယူတတ်သူ ဖြစ်နေလေသလော' ဟု မိမိကိုယ် မိမိ ဆင်ခြင်အပ်၏။ ယင်းသို့ ဆင်ခြင်၍ 'ငါသည် မိမိအယူကို လွဲမှားစွာ သုံးသပ်၍ စွဲမြဲစွာ ယူတတ်သူဖြစ်နေပါကလား' ဟု သိမြင်ခဲ့လျှင် ထို အကုသိုလ်တရားဆိုးများကို ပယ်ရှားနိုင်ရန် အားထုတ်အပ်၏။ 'ငါသည် မိမိအယူကို လွဲမှားစွာ သုံးသပ်၍ စွဲမြဲစွဲ ယူတတ်သူ မဟုတ်' ဟု သိမြင်ခဲ့လျှင်လည်း ကုသိုလ်တရားတို့၌ နေ့ည မပြတ် ကျင့်ကြံအားထုတ်လျက် နှစ်သက်ဝမ်းမြောက်စွာ နေရာ၏။"

## လုလင်ပျို၊ လုံမပျို ဥပမာ

"ငါ့ရှင်တို့၊ ဥပမာအားဖြင့် မိမိကိုယ်မိမိ ခြယ်သဆင်ယင် အလုပြင်လေ့ရှိသော လုလင်ပျို လုံမပျိုသည် ကြည်လင်သော ကြေးမုံပြင်၌ ဖြစ်စေ၊ကြည်လင်သော ရေခွက်၌ ဖြစ်စေ ကြည့်၍ မိမိမျက်နှာ၌ တစ်စုံတစ်ခုသော အညစ်အကြေး အစွန်းအထင်းကို တွေ့မြင်ခဲ့လျှင် ထိုအရာကို ပယ်ရှားပစ်ရန် အားထုတ်သကဲ့သို့

www.dhammaransi.com



လည်းကောင်း၊ မိမိမျက်နှာ၌ တစ်စုံတစ်ခုသော အညစ်အကြေး အစွန်းအထင်းကိုမှ မတွေ့မြင်ပါကလည်း 'ငါ့မျက်နှာသည် သန့်ရှင်းစင်ကြယ်လှပေ၏' ဟူ၍ ဝမ်းသာခြင်း ဖြစ်ရာသကဲ့သို့လည်းကောင်း၊ ထို့အတူပင် မိမိကိုယ်မိမိ ဆင်ခြင်သုံးသပ်၍ ရဟန်းသည် မိမိ၌ အကုသိုလ်တရားများအားလုံး မပယ်အပ်သေးဘဲရှိနေသေးကြောင်း သိမြင်လျှင် ထိုအကုသိုလ် တရားအားလုံးကို ပယ်ရှားနိုင်ရန် အားထုတ်ရာ၏။ မိမိ၌ အကုသိုလ်တရားအားလုံး ပယ်အပ်ပြီး ဖြစ်ကြောင်း သိမြင်လျှင်လည်း ကုသိုလ်တရားတို့၌ နေ့ညမပြတ် အားထုတ်လျက် နှစ်သက် ဝမ်းမြောက်စွာ နေရာ၏။"

ရှင်မဟာမောဂ္ဂလ္လာန်က ဤသို့ ဟောကြားသောခါ ရဟန်းတို့သည် ထိုဟောကြားချက်ကို နှစ်သက်ဝမ်းမြောက်စွာနာယူမှတ်သားကြလေသည်။

[ဤအနုမာနသုတ်သည် ရဟန်းတို့အတွက် ဘိက္ခုပါတိမောက်နှင့် တူသော ဟောကြားချက် ဖြစ်၏။ ရဟန်းတော်များသည် ဤသုတ်ကို နေ့စဉ် အနည်းဆုံး သုံးကြိမ် ဆင်ခြင်အပ်၏။ သုံးကြိမ် မဆင်ခြင်နိုင်လျှင် နေ့စဉ် အနည်းဆုံး တစ်ကြိမ် ဆင်ခြင်အပ်၏၊ မဆင်ခြင်ဘဲ မနေအပ်– ဟူ၍ အဋ္ဌကထာ၌ မှတ်ချက်ပြုထားပါသည်။]

www.dhammaransi.com

# ၁၆။ စေတောခိလသုတ်

## စိတ်၏ ဆူးငြောင့်များကို ဟောကြားခြင်း

### ကြီးပွားတိုးတက်ဖွယ် ရှိသော ရဟန်း

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတို့အား ဤတရားဒေသနာကို ဟောကြားတော်မူခဲ့၏။

"ရဟန်းတို့၊ စိတ်၏ ဆူးငြောင့်ငါးပါးကို မပယ်ရသေးသော၊ စိတ်၏ အနှောင်အဖွဲ့ ငါးပါးကို မဖြတ်ရသေးသော ရဟန်းသည် ဤသာသနာတော်၌ ကြီးပွားတိုးတက်ခြင်းသို့ ရောက်ဖွယ် အကြောင်း မရှိချေ။"

### စိတ်၏ ဆူးငြောင့်ငါးပါး

"ရဟန်းတို့၊ စိတ်၏ ဆူးငြောင့်ငါးပါး ဟူသည် အဘယ်နည်းဆိုသော် ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည် ဘုရား၌ ယုံမှား၏၊ တရား၌ ယုံမှား၏။ သံဃာ၌ ယုံမှား၏၊ အကျင့်သိက္ခာ၌ ယုံမှား၏၊ သီတင်းသုံးဖော်တို့အပေါ်၌ မကျေနပ်သော စိတ်ရှိ၏။ ရဟန်းတို့၊ ဘုရား၌ ယုံမှားခြင်း အစရှိသော ဤအပြစ်ငါးပါးတို့သည် စိတ်၏ ဆူးငြောင့်များ ဖြစ်၏။"

### စိတ်၏ အနှောင်အဖွဲ့ငါးပါး

"ရဟန်းတို့၊ စိတ်၏ အနှောင်အဖွဲ့ဟူသည် အဘယ်နည်းဆိုသော် ဤသာသနာ၌ ရဟန်းသည် ကာမဂုဏ် ငါးပါး၌ မကင်းသေးသော တပ်မက်ခြင်း

www.dhammaransi.com



ရှိ၏။ မိမိကိုယ်၌ မကင်းသေးသော တပ်မက်ခြင်း ရှိ၏၊ ရုပ်၌ မကင်းသေးသော တပ်မက်ခြင်း ရှိ၏။ အလိုရှိသလို ဗိုက်ပြည့်အောင် စားပြီး အိပ်စက်လဲလျောင်းနေခြင်း ချမ်းသာကို ခံစား၍ နေလို၏။ မိမိ၏အကျင့် သီလဖြင့် နတ်ပြည်သို့ ရောက်ရန် လိုလား တောင့်တ၏။ ရဟန်းတို့၊ ကာမဂုဏ်ငါးပါးတို့၌ မကင်းသေးသော တပ်မက်မှု ရှိခြင်း အစရှိသော ဤအပြစ် ငါးပါးတို့သည် စိတ်၏ အနှောင်အဖွဲ့များ ဖြစ်၏"

## ကြီးပွားတိုးတက်ဖွယ် ရှိသော ရဟန်း

"ရဟန်းတို့၊ စိတ်၏ ဆူးငြောင့်ငါးပါးကို ပယ်ပြီးသော၊ စိတ်၏ အနှောင်အဖွဲ့ငါးပါးကို ဖြတ်ပြီးသော ရဟန်းသည်ကား ဤသာသနာတော်၌ ကြီးပွားတိုးတက်ခြင်းသို့ ရောက်ဖွယ် အကြောင်း ရှိပေ၏။ ထိုရဟန်းသည် ဆန္ဒပြဋ္ဌာန်းသော ဣဒ္ဓိပါဒ်၊ ဝီရိယပြဋ္ဌာန်းသော ဣဒ္ဓိပါဒ်၊ ဆင်ခြင်ဉာဏ်ပြဋ္ဌာန်းသော ဣဒ္ဓိပါဒ်၊ စိတ်ပြဋ္ဌာန်းသော ဣဒ္ဓိပါဒ်ကို ဖြစ်ပွားစေ၏။ လွန်ကဲသော အားထုတ်မှုကို ပြု၏။ ဤသို့အားဖြင့် စိတ်၏ ဆူးငြောင့်ငါးပါးကို ပယ်ခြင်းအစရှိသော အင်္ဂါတစ်ဆယ့်ငါးပါးတို့နှင့်ပြည့်စုံသော ရဟန်းသည်[၁] ကိလေသာတို့ကို ဖောက်ခွဲဖျက်ဆီးခြင်းငှာ စွမ်းနိုင်၏။ သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်းငှာ စွမ်းနိုင်၏။ ယောဂလေးပါးကုန်ရာ နိဗ္ဗာန်ကို ရရှိခြင်းငှာ ထိုက်တန်ပေ၏။

'ရဟန်းတို့၊ ဥပမာအားဖြင့် ကြက်မတစ်ကောင်သည် ရှစ်လုံးဖြစ်စေ၊ ဆယ်လုံး၊ ဆယ့်နှစ်လုံး ဖြစ်စေ ဥများကို ဥပြီး ထို ကြက်ဥတို့ အပေါ်၌ ကောင်းစွာ ဝပ်၍ အငွေ့အသက်ပေးခြင်းများကို ပြုလုပ်ခဲ့လျှင် ထိုကြက်ဥတို့အတွင်းမှ ကြက်ငယ်ကလေးများသည် ခြေသည်းဖျား၊ နှုတ်သီးဖျားတို့ဖြင့် ဥခွံကို ဖောက်၍ ထွက်လာနိုင်မည် ဖြစ်သကဲ့သို့၊ ထို့အတူပင် တစ်ဆယ့် ငါးပါးသော အင်္ဂါတို့နှင့် ပြည့်စုံသော ရဟန်းသည် ကိလေသာတို့ကို ဖောက်ခွဲဖျက်ဆီးခြင်းငှာ စွမ်းနိုင်မည်သာ ဖြစ်ပေ၏။"

ဘုရားရှင်က ဤသို့ ဟောကြားသောအခါ ရဟန်းတို့သည် ထိုဟောကြားချက်ကို နှစ်သက်ဝမ်းမြောက်စွာ နာယူမှတ်သားကြလေသည်။

---

၁။ စိတ်၏ ဆူးငြောင့်ငါးပါးကို ပယ်ခြင်းသည် အင်္ဂါငါးပါး၊ စိတ်၏အနှောင်အဖွဲ့ငါးပါးကို ပယ်ခြင်းသည် အင်္ဂါငါးပါး၊ ဣဒ္ဓိပါဒ် လေးပါးသည် အင်္ဂါ ၄- ပါး၊ လွန်ကဲသော အားထုတ်မှုသည် အင်္ဂါတစ်ပါး၊ ဤသို့ အားဖြင့် အင်္ဂါ ၁၅ ပါး ဖြစ်ပါသည်။

www.dhammaransi.com

# ၁၇။ ဝနပတ္ထသုတ်

## နေသင့်သော တောအုပ်နှင့် မနေသင့်သော တောအုပ်တို့ကို ဟောကြားခြင်း

### မနေသင့်သော တောအုပ်

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ရဟန်းတို့အား ဤဝနပတ္ထသုတ်ကို ဟောကြားတော်မူခဲ့၏။

"ရဟန်းတို့၊ အကြင်တောအုပ်ကို အမှီပြု၍နေသော ရဟန်းအား ယခင်က မထင်သေးသော သတိသည်လည်း မထင်လာငြားအံ့၊ ယခင်က မတည်ကြည်သော စိတ်သည်လည်း မတည်ကြည်ငြားအံ့၊ ယခင်က မကုန်သေးသော အာသဝတို သည်လည်း မကုန်ခန်းငြားအံ့၊ ယခင်က မရောက်ခဲ့သေးသော ယောဂလေးပါးကုန် ရာသို့လည်း မရောက်ငြားအံ့၊ ရဟန်းများ ရသင့် ရထိုက်သည့် ပစ္စည်းလေးပါး တို့သည်လည်း ခက်ခဲပင်ပန်းစွာ ဖြစ်ပေါ်လာငြားအံ့၊ ထိုရဟန်းသည် ထိုတောအုပ်မှ နေ့မဆိုင်းညမဆိုင်း ထွက်ခွာသွားရာ၏၊ တစ်နေ့ တစ်ညမျှ ဆက်၍ မနေရာ။

'ရဟန်းတို့၊ အကြင်တောအုပ်ကို အမှီပြု၍ နေသော ရဟန်းအား ယခင်က မထင်သေးသော သတိသည်လည်း မထင်လာငြားအံ့၊ ယခင်က မတည်ကြည်သော စိတ်သည်လည်း မတည်ကြည်ငြားအံ့၊ ယခင်က မကုန်ခဲ့သေးသော အာသဝတို့သည် လည်း မကုန်ခန်းငြားအံ့၊ ယခင်က မရောက်ခဲ့သေးသော ယောဂကုန်ရာသို့လည် မရောက်ငြားအံ့၊ ရဟန်းများ ရသင့် ရထိုက်သော ပစ္စည်းလေးပါး တို့သည်ကာ လွယ်ကူစွာ ဖြစ်ပေါ်လာကုန်ငြားအံ့၊ ထို ရဟန်းသည် 'ငါကား ပစ္စည်းလေးပါးကို အကြောင်းပြု၍ ရဟန်းပြုသည် မဟုတ်" ဟု ဆင်ခြင်၍ ထိုတောအုပ်မှ ထွက်ခွာ သွားရာ၏။ ဆက်လက်၍ မနေရာ။"

www.dhammaransi.com



## နေသင့်သော တောအုပ်

"ရဟန်းတို့၊ အကြင်တောအုပ်ကို အမှီပြု၍ နေသော ရဟန်းအား ယခင်က မထင်သေးသော သတိသည်လည်း ထင်လာဪအံ့၊ ယခင်က မတည်ကြည်သေးသော စိတ်သည်လည်း တည်ကြည်လာဪအံ့၊ ယခင်က မကုန်ခန်းသေးသော အာသဝတို့သည်လည်း ကုန်ခန်းသွာ ကုန်ဪအံ့၊ ယခင်က မရောက်သေးသော ယောဂကုန်ရာသို့လည်း ရောက်ဪအံ့၊ သို့သော် ရဟန်းများ ရသင့် ရထိုက်သော ပစ္စည်းလေးပါးတို့သည်ကား ခက်ခဲစွာ ဖြစ်ပေါ်လာဪအံ့၊ ထိုရဟန်းသည် 'ငါကား၊ ပစ္စည်းလေးပါး ဟူသော အကြောင်းကြောင့် ရဟန်းပြုသည် မဟုတ်' ဟု ဆင်ခြင်၍ ထိုတောအုပ်၌ ဆက်လက်နေရာ၏၊ ထွက်ခွာ မသွားရာ။

'ရဟန်းတို့၊ အကြင် တောအုပ်ကိုအမှီပြု၍ နေသော ရဟန်းအား ယခင်က မထင်သေးသော သတိသည်လည် ထင်လာဪအံ့၊ ယခင်က မတည်ကြည်သော စိတ်သည်လည်း တည်ကြည်လာဪအံ့၊ ယခင်က မကုန်ခန်းသေးသော အာသဝ တို့သည်လည်း ကုန်ခန်းသွားကုန်ဪအံ့၊ ယခင်က မရောက်သေးသော ယောဂ ကုန်ရာသို့ ရောက်ဪအံ့၊ ရဟန်းများ ရသင့် ရထိုက်သည့် ပစ္စည်းလေးပါးတို့သည် လည်း လွယ်ကူစွာ ဖြစ်ပေါ်လာကုန်ဪအံ့၊ ထိုရဟန်းသည် ထိုတောအုပ်၌ အသက် ထက်ဆုံး နေထိုင်ရာ၏၊ အဘယ်အခါမျှ ထွက်ခွာ မသွားရာ။"

ဘုရားရှင်သည် ဤသို့ ရဟန်းများ နေသင့်သော တောအုပ်နှင့် မနေသင့်သော တောအုပ်တို့ကို ခွဲခြား၍ ဟောကြားပြီး ရွာ၊ နိဂုံး၊ မြို့၊ ဇနပုဒ်၊ ပုဂ္ဂိုလ်တို့ကို အမှီပြု၍ နေခြင်းများနှင့် ပတ်သက်၍လည်း အထက်ပါနည်းတူ ဟောကြားတော်မူလေသည်။

www.dhammaransi.com

# ၁၈။ မဓုပိဏ္ဍိကသုတ်

## ပျားမုန့်ဆုပ်နှင့်တူသော တရား

### သာကီဝင်မင်းသားကြီး ဒဏ္ဍပါဏီနှင့် တွေ့ခြင်း

အခါတစ်ပါး၌ ဘုရားရှင်သည် ကပိလဝတ်ပြည် နိဂြောဓါရုံကျောင်း၌ သီတင်းသုံးနေတော်မူသည်။ တစ်နေ့သ၌ ဘုရားရှင်သည် ကပိလဝတ်ပြည်၌ ဆွမ်းခံ၍ ဆွမ်းစားပြီးလတ်သော် မဟာဝုန်တောတွင်ရှိ ဥသျှစ်ပင် တစ်ပင်အောက်၌ ထိုင်နေတော်မူ၏။ ထိုအခါ ဒဏ္ဍပါဏီမည်သော သာကီဝင် မင်းသားကြီးသည် အညောင်းပြေ လမ်းလျှောက်ရင်း ထိုဥသျှစ်ပင် အနီးသို့ ရောက်လာပြီး တောင်ဝှေးကို ထောက်လျက် မတ်တပ်ရပ်ကာ "ရဟန်း၊ သင်သည် အဘယ်သို့သော အယူရှိပါသနည်း၊ အဘယ်သို့ ဟောပြောလေ့ ရှိပါသနည်း" ဟု မေးလေသည်။

"အချင်း ဒဏ္ဍပါဏီ၊ အကြင်သို့သော အယူရှိသူသည် နတ်နှင့်တကွသော ဤလောက၌ တစ်စုံတစ်ယောက်သော သူနှင့်မျှ ငြင်းခုန်ခြင်း မပြု။ အကြင်သို့သော အကြောင်းအရာအားဖြင့် ကာမဂုဏ်တို့မှ ကင်းကွာလျက် နေလေ့ ရှိသော ပုဂ္ဂိုလ်ကို ကိလေသာနှင့်ယှဉ်သော သညာတို့သည် မကိန်းဝပ်ကုန်၊ ငါသည် ဤသို့သော အယူရှိ၏၊ ဤသို့သော အကြောင်းကို ဟောပြောလေ့ရှိပေ၏။"

ဘုရားရှင်က ဤသို့ ဖြေကြားသောအခါ ဒဏ္ဍပါဏီသည် ခေါင်းညိတ်၊ လျှာထုတ်ပြီး သုံးကြောင်းသော နဖူးရေတို့ကို ဖြစ်စေ၍ တောင်ဝှေးကို ထောက်ကာ ထိုနေရာမှ ထွက်ခွာသွားလေသည်။[၁]

---

၁။ ဤမင်းသားကြီး ဒဏ္ဍပါဏီသည် ဒေဝဒတ်၏ ဘက်သားဖြစ်၍ ဘုရားရှင်အား ရှိခိုးခြင်း ပင် မပြု၊ ပြဿနာမေးခြင်း မှာလည်း သိလို၍ မေးခြင်း မဟုတ်။ မခန့်လေးစားသဘောဖြင့် မေးခြင်း သာဖြစ်၏။ ထို့ကြောင့် ဘုရားရှင်ကလည်း သူနားမလည်နိုင်သော အဖြေစကားကိုသာ မိန့်ကြား ခဲ့လေသည်။ (အဋ္ဌကထာ)

www.dhammaransi.com



## ရဟန်းတစ်ပါး၏ မေးခွန်းကို ဖြေကြားခြင်း

ဘုရားရှင်သည် ညနေချမ်းအချိန်တွင် ဥဿျစ်ပင်၌ တစ်ပါးတည်း ငြိမ်းချမ်းစွာ နေရာမှ ထ၍ နိဂြောဓာရုံ ကျောင်းသို့ ပြန်ကြွတော်မူလေသည်။

ကျောင်းသို့ရောက်သောအခါ ခင်းထားအပ်သော နေရာ၌ ထိုင်နေတော်မူလျက် ရဟန်းတို့အား သာကီဝင်မင်းသားကြီး ဒဏ္ဍပါဏိနှင့် တွေ့ဆုံခဲ့ပုံကို မိန့်ကြားတော်မူသည်။ ထိုအခါ ရဟန်းတစ်ပါးက ဘုရားရှင်အား ဤသို့ မေးလျှောက်လေသည်။

"အရှင်ဘုရား၊ မြတ်စွာဘုရားသည် အဘယ်သို့သော အယူရှိသည်ဖြစ်၍ နတ်နှင့်တကွသော လောက၌ တစ်စုံတစ်ယောက်သော သူနှင့်မျှ ငြင်းခုန်ခြင်း မပြုပါသနည်း။ အဘယ်သို့လျှင် ကာမဂုဏ်တို့မှ ကင်းကွာလျက်နေသော ပုဂ္ဂိုလ်ကို ကိလေသာနှင့် ယှဉ်သော သညာတို့သည် မကိန်းဝပ်ပါကုန်သနည်း။

"ရဟန်း၊ အကြင်အကြောင်းဖြင့် ချဲ့ထွင်တတ်သော သညာအစုတို့သည် သတ္တဝါကို လွှမ်းမိုး၍ ဖြစ်ပေါ်လာကုန်၏။ ထိုအကြောင်း၌ လွန်စွာ နှစ်သက်ခြင်း၊ စွဲလမ်း ပြောဆိုခြင်း၊ သက်ဝင်စွဲယူခြင်း မရှိခဲ့သော် ထိုလွန်စွာ နှစ်သက်မှု မရှိခြင်းသည်ပင် ရာဂါနုသယ၊ ပဋိဃာနုသယ အစရှိသော အနုသယ ခုနစ်ပါးတို့၏ အဆုံးစွန်ဖြစ်၏။ ဤသည်ပင် တုတ်ဓား လက်နက်ကိုင်စွဲခြင်း၊ ငြင်းခုန်ခြင်း၊ ခိုက်ရန် ပြုခြင်း၊ ဆဲဆိုခြင်း၊ ကုန်းချောခြင်း၊ လိမ်လည်လှည့်ပတ်၍ ပြောခြင်းတို့၏ အဆုံးစွန် ဖြစ်၏။ ဤ၌သာလျှင် ယုတ်မာသော အကုသိုလ်တရားတို့သည် အကြွင်းမဲ့ ချုပ်ငြိမ်းကုန်၏။"

## ရှင်မဟာကစ္စည်းအား မေးလျှောက်ကြခြင်း

ဘုရားရှင်သည် ရဟန်းတစ်ပါး၏ မေးလျှောက်ချက်ကို ဤသို့ ဖြေကြားတော်မူပြီး ကျောင်းတော်တွင်းသို့ ဝင်သွားတော်မူလေသည်။ ထိုအခါ ရဟန်းတို့သည် အကျဉ်းအားဖြင့် ဘုရားရှင်ဟောကြားအပ်သော တရားကို အကျယ်အားဖြင့် ဝေဖန်ဟောကြားမှု၌ ဘုရားရှင်နှင့်တကွ သီတင်းသုံးဖော်တို့၏ ချီးကျူးမှုကို ခံရသော ရှင်မဟာကစ္စည်းထံ ချဉ်းကပ်၍ အထက်ပါ ဘုရားရှင်၏ မိန့်ကြားချက်ကို အကျယ်အားဖြင့် ဝေဖန်ဟောကြားရန် တောင်းပန်ကြသည်။

www.dhammaransi.com



## ချဲ့ထွင်မှု သညာများ လွှမ်းမိုးပုံ

ထိုအခါ ရှင်မဟာကစ္စည်းက ဤသို့ ဝေဖန် ဟောကြားတော်မူလေသည်။

"ငါ့ရှင်တို့၊ မျက်စိနှင့် ရူပါရုံတို့ကို စွဲမှီ၍ မြင်သိစိတ် 'စက္ခုဝိညာဉ်' သည် ဖြစ်ပေါ်လာ၏။ ထိုသုံးပါးတို့၏ ပေါင်းဆုံမှုကြောင့် တွေ့ထိမှု ဖဿသည် ဖြစ်ပေါ်လာ၏။ ဖဿကြောင့် ခံစားမှု ဝေဒနာသည် ဖြစ်ပေါ်လာ၏။ ခံစာ အပ်သော အာရုံကို သိမှတ်၏။ သိမှတ်အပ်သော အာရုံကို ကြံစည်၏။ ကြံစည်အပ်သော အာရုံကို ချဲ့ထွင်၏၊ ထိုသို့ ချဲ့ထွင်ခြင်းကြောင့် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဖြစ်သော ရူပါရုံတို့၌ ချဲ့ထွင်တတ်သော သညာအစုတို့သည် လွှမ်းမိုး ဖြစ်ပေါ်လာကုန်၏။

'ငါ့ရှင်တို့၊ နားနှင့် သဒ္ဒါရုံတို့ကို စွဲမှီ၍ ကြားသိစိတ် သောတဝိညာဉ်သည် ဖြစ်ပေါ်လာ၏။ နှာခေါင်းနှင့် ဂန္ဓာရုံတို့ကို စွဲမှီ၍ နံသိစိတ် ဃာနဝိညာဉ်သည် ဖြစ်ပေါ်လာ၏။ လျှာနှင့် ရသာရုံတို့ကို စွဲမှီ၍ စားသိစိတ် ဇိဝှါ ဝိညာဉ်သည် ဖြစ်ပေါ်လာ၏။ မနောဒွါရနှင့် ဓမ္မာရုံတို့ကို စွဲမှီ၍ မနောအသိ မနောဝိညာဉ်သည် ဖြစ်ပေါ်လာ၏။ ထိုသုံးပါးတို့၏ ပေါင်းဆုံမှုကြောင့် တွေ့ထိမှု ဖဿသည် ဖြစ်ပေါ် လာ၏။ ဖဿကြောင့် ခံစားမှုဝေဒနာသည် ဖြစ်ပေါ်လာ၏။ ခံစာအပ်သော အာရုံကို သိမှတ်၏။ သိမှတ်အပ်သော အာရုံကို ကြံစည်၏၊ ကြံစည်အပ် အာရုံကို ချဲ့ထွင်၏၊ ထိုသို့ ချဲ့ထွင်ခြင်းကြောင့် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဖြစ်သော ဓမ္မာရုံတို့၌ ချဲ့ထွင်တတ်သော သညာအစုတို့သည် ဖြစ်ပေါ်လာကုန်၏။

'ငါ့ရှင်တို့၊ မျက်စိ၊ ရူပါရုံနှင့် စက္ခုဝိညာဉ်တို့ ဖြစ်ခဲ့လျှင် ဖဿဟု ပညတ်မှုသည် ဖြစ်ပေါ်လာမည် ဖြစ်၏။ ဖဿဟု ပညတ်မှု ရှိခဲ့လျှင် ဝေဒနာဟု ပညတ်မှုသည် ပေါ်လာမည် ဖြစ်၏။ ဝေဒနာဟု ပညတ်မှု ရှိခဲ့လျှင် ဝိတက်ဟု ပညတ်မှုသည် ဖြစ်ပေါ်လာမည် ဖြစ်၏။ ဝိတက်ဟု ပညတ်မှု ရှိခဲ့လျှင် ချဲ့ထွင် တတ်သော သညာအစု၏ လွှမ်းမိုးခြင်းဟူသော ပညတ်မှုသည် ဖြစ်ပေါ်လာမည် ဖြစ်၏။

'ငါ့ရှင်တို့၊ နား၊ သဒ္ဒါရုံနှင့်သောတဝိညာဉ်တို့ရှိခဲ့လျှင်.....ဘဝင်စိတ်၊ ဓမ္မာရုံနှင့် မနောဝိညာဉ်တို့ရှိခဲ့လျှင် ဖဿဟု ပညတ်မှုသည် ပေါ်လာမည် ဖြစ်၏။ ...ဝိတက် ဟု ပညတ်မှုရှိခဲ့လျှင် ချဲ့ထွင်တတ်သော သညာအစုတို့၏ လွှမ်းမိုးခြင်းဟူသော ပညတ်မှုသည် ပေါ်လာမည် ဖြစ်၏။"

www.dhammaransi.com



## ချဲ့ထွင်မှုသညာများ ပျောက်သွားပုံ

"ငါ့ရှင်တို့၊ မျက်စိ၊ ရူပါရုံနှင့် စက္ခုဝိညာဉ်တို့ မဖြစ်ခဲ့လျှင် ဖဿဟု ပညတ်မှုသည် ဖြစ်ပေါ်လာမည်မဟုတ်.....ဘဝင်စိတ်၊ ဓမ္မာရုံနှင့် မနောဝိညာဉ်တို့ မရှိခဲ့လျှင် ဖဿဟု ပညတ်မှုသည် ပေါ်လာမည် မဟုတ်။ ဖဿဟု ပညတ်မှု မရှိခဲ့လျှင် ဝေဒနာဟု ပညတ်မှုသည် ပေါ်လာမည် မဟုတ်.....ဝိတက်ဟု ပညတ်မှု မရှိခဲ့လျှင် ချဲ့ထွင်တတ်သော သညာအစုတို့၏ လွှမ်းမိုးခြင်းဟူသော ပညတ်မှုသည် ပေါ်လာမည် မဟုတ်။

'ငါ့ရှင်တို့၊ မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် ဟောကြားအပ်သော စကားတော်၏ အနက်အဓိပ္ပာယ်ကို ငါသည် ဤသို့ နားလည်ပါသည်။ ငါ့ရှင်တို့ ငါ၏ဖြေကြားချက်ကို မြတ်စွာဘုရားအားလည်း ပြန်၍လျှောက်ကြားကြ ပါလော။"

ဤကဲ့သို့ ရှင်မဟာကစ္စည်းက မိန့်ကြားသောအခါ ရဟန်းတို့သည် ဝမ်းမြောက်စွာဖြင့် ဘုရားရှင်ထံ ချဉ်းကပ်ကြပြီးလျှင် ရှင်မဟာကစ္စည်း၏ ဖြေကြားချက်များကို လျှောက်တင်ကြသည်။ ဘုရားရှင်ကလည်း "ရဟန်းတို့၊ မဟာကစ္စည်းသည် ပညာရှိပေ၏။ ငါ့ကို မေးလျှင်လည်း ဤအတိုင်းပင် ဖြေကြားမည် ဖြစ်၏" ဟု မိန့်ကြားတော်မူလေသည်။

## ပျားမုန့်ဆုပ် ဒေသနာ

ထိုအခါ ရှင်အာနန္ဒာက "အရှင်ဘုရား၊ လွန်စွာ ဆာလောင်နေသော ယောကျ်ားသည် ပျားမုန့်ဆုပ်ကို စားရလျှင် စားတိုင်း စားတိုင်းပင် ချိုသောအရသာကို ခံစားရကဲ့သို့၊ ထိုအတူ ပညာရှိသော ရဟန်းသည် ဤတရားဒေသနာ၏ အနက်အဓိပ္ပာယ်ကို ဆင်ခြင်တိုင်း ဆင်ခြင်တိုင်းသာလျှင် ဝမ်းမြောက်ခြင်း စိတ်ကြည်နူး ခြင်းကို ခံစားရမည် ဖြစ်ပါသည်။ အရှင်ဘုရား၊ ဤတရားဒေသနာကို အဘယ်သို့ ခေါ်ဝေါ်အပ်ပါသနည်း" ဟူ၍ ဘုရားရှင်အား မေးလျှောက်သည်။

"အာနန္ဒာ၊ ဤဒေသနာကို ပျားမုန့်ဆုပ်နှင့်တူသော အရသာရှိခြင်းကြောင့် 'မဓုပိဏ္ဍိက ဒေသနာ' ဟု မှတ်ပါလော" ဟူ၍ ဘုရားရှင်က မိန့်ကြားတော်မူလေသည်။

www.dhammaransi.com

# ၁၉။ ဒွေဓါဝိတက္ကသုတ်

## ကြံစည်မှုများကို နှစ်မျိုးခွဲအပ်ကြောင်း ဟောကြားခြင်း

### ကြံစည်မှုနှစ်မျိုး

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ရဟန်းတို့အား ဤဒွေဓါဝိတက္ကသုတ်ကို ဟောကြားတော်မူခဲ့၏။

"ရဟန်းတို့၊ ငါသည် သစ္စာလေးပါးကို ထိုးထွင်း၍ မသိမြင်သေးမီ ဘုရားလောင်းဖြစ်စဉ်ကပင် 'ကြံစည်ခြင်း ဝိတက်တို့ကို နှစ်မျိုးနှစ်စား ခွဲခြား၍ နေရပါမူကောင်း·လေစွ' ဟု စဉ်းစားခဲ့မိ၏။ ထို့နောက် ငါသည် ကာမဂုဏ်နှင့် စပ်သော ကြံစည်မှု- ကာမဝိတက်၊ ပျက်စီးစေလိုခြင်းနှင့် စပ်သော ကြံစည်မှု- ဗျာပါဒဝိတက်၊ ညှဉ်းဆဲလိုမှုနှင့် စပ်သော ကြံစည်မှု- ဝိဟိံသာ ဝိတက်တို့ကို တစ်ဖို့တစ်စု ပြုထားခဲ့၏။ ထွက်မြောက်ရေးနှင့် စပ်သော ကြံစည်မှု- နေက္ခမ္မ ဝိတက်၊ မပျက်စီးစေလိုခြင်း နှင့် စပ်သော ကြံစည်မှု အဗျာပါဒဝိတက်၊ မညှဉ်းဆဲလိုခြင်းနှင့် စပ်သော ကြံစည်မှု- အဝိဟိံသာ ဝိတက်တို့ကို တစ်ဖို့ တစ်စု ပြုထားခဲ့၏။

### မကောင်းသောကြံစည်မှုများ ပျောက်သွားအောင် ဆင်ခြင်ပုံ

"ရဟန်းတို့၊ မမေ့မလျော့သည်ဖြစ်၍ ကမ္မဋ္ဌာန်းအလုပ်ကို အပူတပြင်းကြိုးစားအားထုတ်၍ နေသော ငါ့အား တစ်ခါတစ်ရံ ကာမဝိတက်သည် ဖြစ်ပေါ်လာ၏။ ထိုအခါ 'ငါ့အား ကာမဝိတက်ဖြစ်ပေါ်လာ၏၊ ဤကာမဝိတက်သည် မိမိ သူတစ်ပါး နှစ်ပါးလုံးကို ဆင်းရဲစေနိုင်၏၊ အသိဉာဏ်ကို ပိတ်ပင်နိုင်၏

www.dhammaransi.com



ပင်ပန်းခြင်းသို့ ရောက်စေနိုင်၏၊ ငြိမ်းချမ်းမှုကို မဖြစ်စေနိုင်၊' ဟူ၍ ငါသိမြင်ခဲ့၏။ ဤသို့ သိမြင်သည်ဖြစ်၍ ကာမဝိတက်၏ အပြစ်များကို ဆင်ခြင်သော ငါ့အား ကာမဝိတက်သည် ပျောက်ပျက်သွားခဲ့၏။

"ရဟန်းတို့၊ မမေ့မလျော့သည်ဖြစ်၍ ကမ္မဋ္ဌာန်းအလုပ်ကို အပူတပြင်း ကြိုးစားအားထုတ်၍ နေသော ငါ့အား တစ်ခါ တစ်ရံ ဗျာပါဒဝိတက်သည် ဖြစ်ပေါ်လာ၏၊.....ဝိဟိံသာဝိတက်သည် ဖြစ်ပေါ်လာ၏၊ ထိုအခါ 'ငါ့အား ဝိဟိံသာဝိတက်သည် ဖြစ်ပေါ်လာ၏၊ ဤဝိဟိံသာဝိတက်သည် မိမိ သူတစ်ပါး နှစ်ပါးလုံးကို ဆင်းရဲစေနိုင်၏၊ အသိဉာဏ်ကို ပိတ်ပင်နိုင်၏၊ ပင်ပန်းခြင်းသို့ ရောက်စေနိုင်၏။ ငြိမ်းချမ်းမှုကို မဖြစ်စေနိုင်' ဟူ၍ ငါသိမြင်ခဲ့၏။ ဤသို့ သိမြင်သည်ဖြစ်၍ ဝိဟိံသာ ဝိတက်၏ အပြစ်များကို ဆင်ခြင်သော ငါ့အား ဝိဟိံသာ ဝိတက်သည် ပျောက်ပျက်သွားခဲ့၏။"

## ဝိတက်အားလျော်စွာ စိတ်ညွတ်ပုံ

"ရဟန်းတို့၊ များစွာကြံစည်လေ့ရှိသော ဝိတက်အားလျော်စွာ စိတ်ညွတ်ခြင်းသည် ဖြစ်တတ်၏။ ကာမဝိတက်ကို များစွာ ကြံစည်လေ့ရှိသော ရဟန်းအား ကာမဝိတက် အလို့ငှာ စိတ်သည် ညွတ်တတ်၏။ ဗျာပါဒဝိတက်ကို များစွာ ကြံလေ့ ရှိသော ရဟန်းအား ဗျာပါဒဝိတက်အလို့ငှာ စိတ်သည် ညွတ်တတ်၏။ ဝိဟိံသာ ဝိတက်ကို များစွာ ကြံလေ့ရှိသော ရဟန်းအား ဝိဟိံသာ ဝိတက်အလို့ငှာ စိတ်သည် ညွတ်တတ်၏။"

## နွားကျောင်းသားဥပမာ

"ရဟန်းတို့၊ ဥပမာကား မိုးလေးလတို့၏ နောက်ဆုံး တန်ဆောင်မုန်းလ သရဒဥတု၌ စပါးခင်းများ ဖြစ်ထွန်းနေ၍ နွားစားကျက် ကျဉ်းမြောင်းနေသော အရပ်၌ နွားများကို ထိန်းကျောင်းရသော နွားကျောင်းသားသည် မိမိ၏ နွားများကို ထိုထိုအရပ်မှ တုတ်ဖြင့် ခြောက်လှန့်၍ ပိတ်ဆို့ တားဆီးရမည် ဖြစ်၏။ အဘယ့်ကြောင့် ဆိုသော် မိမိ၏နွားများ စပါးခင်းတို့ကို ဝင်၍ စားခဲ့လျှင် မိမိသည် သတ်ဖြတ်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်း၊ ပစ္စည်းလျော်ကြေးပေးရခြင်း၊ ကဲ့ရဲ့ ရှုတ်ချခြင်း စသော အပြစ်များ ခံစားရမည်ကို သိမြင်သောကြောင့် ဖြစ်၏။ ရဟန်းတို့၊ ထို့အတူပင် ငါသည် အကုသိုလ်တရားတို့၏ အပြစ်၊ ယုတ်ညံ့ပုံနှင့် ညစ်ညမ်းပုံတို့ကို သိမြင်တော်မူခဲ့၏။"

www.dhammaransi.com



## စိတ်ကိုအတွင်း၌သာ တည်စေခြင်း

"ရဟန်းတို့၊ မမေ့မလျော့သည်ဖြစ်၍ ကမ္မဋ္ဌာန်းအလုပ်ကို အပူတပြင်း ကြိုးစားအားထုတ်၍ နေသော ငါ့အား နေက္ခမ္မ ဝိတက်သည် ဖြစ်ပေါ်လာ၏၊ အဗျာပါဒ ဝိတက်သည် ဖြစ်ပေါ်လာ၏၊ အဝိဟိံသာ ဝိတက်သည် ဖြစ်ပေါ်လာ၏။ ထိုအခါ 'ငါ့အား အဝိဟိံသာ ဝိတက်သည် ဖြစ်ပေါ်လာ၏၊ ဤ ဝိတက်သည် မိမိ သူ့တစ်ပါး နှစ်ပါးလုံးအား ဆင်းရဲခြင်းကို မဖြစ်စေနိုင်၊ ပင်ပန်းခြင်းသို့ မရောက်စေနိုင်၊ အသိဉာဏ်ကို တိုးပွားစေနိုင်၏၊' ဟူ၍ ငါသိမြင်ခဲ့၏။ ဤသို့ သိမြင်သည်ဖြစ်၍ တစ်နေ့ပတ်လုံး ဖြစ်စေ၊ တစ်ညပတ်လုံး ဖြစ်စေ ထိုဝိတက်တို့ကို ကြံစည်စဉ်းစား၍ နေငြားသော်လည်း တစ်စုံတစ်ခုသော ဘေးရန်ကိုမျှ ငါ မတွေ့မြင်ခဲ့ပေ၊ သို့သော် အလွန်ကြာမြင့်စွာ ကြံစည် စဉ်းစားသည် ရှိသော် ငါ၏ ကိုယ်သည် ပင်ပန်းရာ၏။ ကိုယ်ပင်ပန်းလျှင် စိတ်သည် ပျံ့လွင့်ရာ၏၊ စိတ်ပျံ့လွင့်သည်ရှိသော် စိတ်တည်ကြည်ခြင်းမှ ဝေးသည် ဖြစ်ရာ၏၊ ထို့ကြောင့် ငါသည် စိတ်ကို အတွင်းသန္တာန်၌သာလျှင် တည်စေခဲ့၏။"

## သတိပြုရုံမျှသာ လိုအပ်၏

"ရဟန်းတို့၊ များစွာကြံစည်သော ဝိတက်အားလျော်စွာ စိတ်၏ ညွတ်ခြင်းသည် ဖြစ်၏။ နေက္ခမ္မ ဝိတက်ကို များစွာ ကြံစည်လေ့ရှိသော ရဟန်းအား နေက္ခမ္မဝိတက်အလိုဂှာ စိတ်သည် ညွတ်၏။ အဗျာပါဒဝိတက်– အဝိဟိံသာဝိတက်ကို များစွာ ကြံစည်လေ့ရှိသော ရဟန်းအား အဝိဟိံသာဝိတက် အလိုဂှာ စိတ်သည် ညွတ်၏။ ရဟန်းတို့၊ ဥပမာကား နွေလတို့၏ နောက်ဆုံး ဖြစ်သော ကာလ၌ ကောက်ပဲသီးနှံများကို ရွာသို့ အားလုံး သယ်ဆောင်ပြီးသောအခါ နွားကျောင်းသားသည် သစ်ပင်ရိပ်၌ ဖြစ်စေ၊ ကွင်းပြင်၌ ဖြစ်စေ နေလျက် နွားဟူသော သတိကို ပြုရုံမျှသာ ပြုဖို့လိုအပ်သကဲ့သို့၊ ထို့အတူ ထိုရဟန်းသည်လည်း တရားဟူသော သတိကို ပြုရုံမျှသာ ပြုဖို့ လိုအပ်ပေ၏"

## သမင်အုပ်နှင့် မုဆိုးဥပမာ

ဤသို့လျှင် ဘုရားရှင်သည် စိတ်တည်ကြည်စေရန် သမာဓိထူထောင်ခဲ့ပုံကို ဟောကြားပြီး တည်ကြည်သော သမာဓိ၏အစွမ်းအားဖြင့် ဈာန်အဆင့်ဆင့်နှင့်

www.dhammaransi.com



[illegible]သုံးပါးရရှိခဲ့ပုံများကို ဟောကြားတော်မူသည်။ ထို့နောက် ဝေနေယျသတ္တဝါတို့၏ အကျိုးစီးပွားအတွက် မိမိ၏ ဆောင်ရွက်တော်မူပုံကို မိန့်ကြားတော်မူလေသည်။

"ရဟန်းတို့၊ ဥပမာကား တောအုပ်ကြီး တစ်ခုအတွင်း၌ နက်ရှိုင်းသော ညွှအိုင်ကြီးတစ်ခုကို အမှီပြု၍ များစွာသော သမင်အပေါင်းသည် နေရာ၏။ ထိုသမင်အပေါင်း၌ အကျိုးမဲ့ကို လိုလားသော လူတစ်ဦးသည် ဘေးရန် ကင်းသော လမ်းကို ပိတ်၍ ဘေးရန် မကင်းသော လမ်းကို ဖွင့်ထားပြီး တယ်သမင်ဖိုကိုလည်းကောင်း၊ တယ်သမင်မကိုလည်းကောင်း လွှတ်ထားရာ၏။ ဤသို့ဖြင့် သမင်အပေါင်းသည် ပျက်စီးခြင်းသို့ ရောက်လေရာ၏။

'ရဟန်းတို့၊ ထိုသမင်အပေါင်း၏ အကျိုးစီးပွားကို လိုလားသော အခြားသူတစ်ဦးသည်ကား ဘေးရန်ကင်းသော လမ်းကို ဖွင့်ထားပြီး ဘေးရန်ရှိသော လမ်းကို ပိတ်၍ တယ်သမင်ဖိုနှင့် တယ်သမင်မတို့ကိုလည်း ဖယ်ရှားရာ၏။ သို့အားဖြင့် ထိုသမင်အပေါင်းသည် ကြီးပွားချမ်းသာခြင်းသို့ ရောက်လေရာ၏။

'ရဟန်းတို့၊ ဤဥပမာ၌ နိမ့်ရှိုင်းသော ညွှအိုင်ဟူသည် ကာမဂုဏ်ငါးပါးကို ဆိုလိုခြင်းဖြစ်၏။ သားသမင်အပေါင်းဟူသည် သတ္တဝါ အပေါင်းကို ဆိုလိုခြင်းဖြစ်၏။ အကျိုးမဲ့ကို လိုလားသူဟူသည် မာရ်နတ်ယုတ်ကို ဆိုလိုခြင်း ဖြစ်၏၊ ဘေးရန်မကင်းသော လမ်းဟူသည် မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ စသော အင်္ဂါရှစ်ပါးပါရှိသည့် လွဲမှားသော မိစ္ဆာလမ်းစဉ်ကို ဆိုလိုခြင်း ဖြစ်၏။ တယ်သမင်ဖိုဟူသည် နန္ဒီရာဂကို ဆိုလိုခြင်းဖြစ်၏၊ တယ်သမင်မဟူသည် အဝိဇ္ဇာကို ဆိုလိုခြင်းဖြစ်၏၊ အကျိုးကို လိုလားသူဟူသည် မြတ်စွာဘုရားကို ဆိုလိုခြင်းဖြစ်ပေ၏။

'ရဟန်းတို့၊ ငါသည် ဘေးရန်ကင်းသော အရိယမဂ်လမ်းကို ဖွင့်ထားပြီး ဖြစ်၏။ ဘေးရန်များသော မိစ္ဆာမဂ်လမ်းကိုလည်း ပိတ်ထားပြီး ဖြစ်၏။ တယ်သမင်ဖိုနှင့်တူသော နန္ဒီရာဂနှင့် တယ်သမင်မနှင့်တူသော အဝိဇ္ဇာတို့ကိုလည်း ဖယ်ရှားပြီး ဖြစ်၏။

'ရဟန်းတို့၊ ငါသည် တပည့်တို့၏ အကျိုးစီးပွားကို လိုလားသော ဆရာတစ်ဦး အနေဖြင့် လုပ်သင့်လုပ်ထိုက်သော ကိစ္စကို ပြုလုပ်ပြီး ဖြစ်၏။

'ရဟန်းတို့၊ သစ်ပင်ရင်းတို့သည် ရှိကုန်၏။ ဆိတ်ငြိမ်သော ကျောင်းတို့သည် ရှိကုန်၏။ သင်တို့သည် ကမ္မဋ္ဌာန်း တရားကို ရှုမှတ်ပွားများကြကုန်လော၊ မမေ့

www.dhammaransi.com



မလျော့ကြကုန်လင့်၊ နောက်မှ နလုံး မသာမယာ မဖြစ်ကြကုန်လင့်၊ ဤကား ငါတို့၏ သတိပေးဆုံးမချက်ပေတည်း။”

ဘုရားရှင်က ဤသို့မိန့်ကြားသောအခါ ရဟန်းတို့သည် ထိုမိန့်ကြားချက်ကို နှစ်သက်ဝမ်းမြောက်စွာ နာယူမှတ်သားကြလေသည်။

www.dhammaransi.com

# ၂၀။ ဝိတက္ကသဏ္ဌာနသုတ်

## မကောင်းသော စိတ်ကူးများရပ်တန့်သွားစေရန် အားထုတ်ပုံကို ဟောကြားခြင်း

### နှလုံးသွင်းရမည့် အကြောင်းငါးပါး

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ဘုရားရှင်သည် ရဟန်းတို့အား ဤဝိတက္ကသဏ္ဌာနသုတ္တန်ကို ဟောကြားတော်မူခဲ့၏။

"ရဟန်းတို့၊ ထူးကဲမြင့်မြတ်သော စိတ်များ ဖြစ်ပေါ်ရေးကို အားထုတ်သော ရဟန်းသည် ငါးပါးသော အကြောင်းတို့ကို အခါ အားလျော်စွာ နှလုံးသွင်း အပ်ကုန်၏။ ငါးပါးသော အကြောင်းတို့ကား အဘယ်နည်းဆိုသော်-

(၁) ရဟန်းတို့၊ ဤသာသနာတော်၌ တစ်ပါးသော ရဟန်းအား အကြင် အကြောင်းကို နှလုံးသွင်းလျှင် ရာဂ၊ ဒေါသ၊ မောဟနှင့် ယှဉ်သော စိတ်အကြံ တို့သည် ဖြစ်ပေါ်လာကုန်၏၊ ထိုရဟန်းသည် ထိုအကြောင်းမှ တစ်ပါး ကုသိုလ် နှင့်စပ်သော အခြားအကြောင်းတစ်မျိုးကို ပြောင်း၍ နှလုံးသွင်းအပ်၏။ ဤသို့ အာရုံပြောင်း၍ နှလုံးသွင်းသည်ရှိသော် ထိုရဟန်းအား အကုသိုလ်နှင့်စပ်သော အကြံတို့သည် ပျောက်သွားကုန်၏၊ စိတ်သည် ငြိမ်ဝပ်သွား၏။ ဥပမာကား- ကျွမ်းကျင်သောလက်သမားသည် သေးငယ်သော မယ်နဖြင့် ကြီးသောမယ်နကို ရိုက်ထုတ်သကဲ့သို့ ဖြစ်၏။

(၂) ရဟန်းတို့၊ ကုသိုလ်နှင့်စပ်သောအကြောင်း တစ်ပါးကို ပြောင်း၍ နှလုံးသွင်း သော်လည်း မကောင်းသောစိတ်အကြံများ ပေါ်လာနေကုန်သည်သာ

www.dhammaransi.com



ဖြစ်ငြားအံ့၊ ထိုရဟန်းသည် ထိုမကောင်းသော စိတ်အကြံတို့၏ အပြစ်များကို ဆင်ခြင်အပ်၏။ ဥပမာ- မိမိကိုယ်ကို အမြဲတမ်းလှပအောင် ပြင်ဆင်နေလေ့ရှိသော လုလင်ပျို၊ လုံမပျိုသည် သူ၏ လည်ပင်း၌ မြွေကောင်ပုပ်၊ ခွေးကောင်ပုပ်ကို ဆွဲပေးပါက ထိုအပုပ်ကောင်များကို လွန်စွာ စက်ဆုပ်ရွံရှာမည်ဖြစ်သကဲ့သို့ ထိုအတူ ရဟန်းသည် မကောင်းသော စိတ်အကြံတို့၏ အပြစ်များကို စက်ဆုပ်ရွံရှာဖွယ်ဟူ၍ ဆင်ခြင်အပ်၏။

(၃) ရဟန်းတို့၊ မကောင်းသော စိတ်အကြံတို့၏ အပြစ်များကို ဆင်ခြင်ငြားသော်လည်း ထိုမကောင်းသော စိတ်အကြံများ ပေါ်လာမြဲသာ ဖြစ်ငြားအံ့။ ထိုရဟန်းသည် ထိုမကောင်းသော စိတ်အကြံတို့ကို သတိမထား နှလုံးမသွင်းဘဲ နေရာ၏။ ဥပမာ- မိမိ၏ ရှေ့သို့ ရောက်လာသော ရူပါရုံကို မမြင်လိုသောသူသည် မျက်စိကို မှိတ်၍ ဖြစ်စေ၊ အရပ်တစ်ပါးသို့ ကြည့်၍ ဖြစ်စေ နေသကဲ့သို့ ဖြစ်၏။

(၄) ရဟန်းတို့၊ သတိမထား နှလုံးမသွင်းဘဲ နေငြားသော်လည်း မကောင်းသော စိတ်အကြံများ ပေါ်လာမြဲသာ ဖြစ်ငြားအံ့၊ ထိုရဟန်းသည် ဝိတက် ဖြစ်ပေါ်လာမှု၏ အကြောင်းရင်းကို ဆင်ခြင်အပ်၏။ ဥပမာ- လျင်မြန်စွာ သွားနေသူသည် 'ဘာ့ကြောင့် ငါ လျင်မြန်စွာ သွားရမလဲ၊ နှေးနှေးပဲ သွားမယ်' ဟု ကြံ၍ နှေးနှေးသာ သွားသကဲ့သို့ ဖြစ်၏၊

(၅) ရဟန်းတို့၊ ဝိတက်ဖြစ်ပေါ်မှု၏ အကြောင်းရင်းကို ဆင်ခြင်သော်လည်း မကောင်းသော စိတ်အကြံများ ပေါ်လာမြဲသာ ဖြစ်ငြားအံ့၊ ထိုရဟန်းသည် အောက်သွားတို့ဖြင့် အထက်သွားကို ဖိ၍၊ လျှာဖြင့် အာခေါင်ကို ထောက်၍ ကုသိုလ်စိတ်ဖြင့် အကုသိုလ်စိတ်ကို ဖိနှိပ်အပ်၏။ ဤသို့ ဖိနှိပ်သည် ရှိသော် မကောင်းသော စိတ်အကြံများ ပျောက်သွားကုန်၏။ စိတ်သည် တည်ငြိမ်လာလေ၏။

'ရဟန်းတို့၊ ဤသို့လျှင် အကြောင်းတစ်ပါးကို ပြောင်း၍ နှလုံး သွင်း ခြင်းအစရှိသော နည်းငါးမျိုးတို့ဖြင့် အကုသိုလ် ဝိတက်များ ပျောက်သွားစေရန် လေ့ကျင့် အားထုတ်သော ရဟန်းကို ဝိတက် ပြုပြင်ပြောင်းလဲရေး လမ်းစဉ်၌ ကျွမ်းကျင်နိုင်နင်းသော ရဟန်းဟူ၍ ဆိုအပ်၏။ ထိုရဟန်းသည် မိမိအလိုရှိသော စိတ်အကြံကို ကြံစည်နိုင်၏၊ မိမိ အလိုမရှိသော စိတ်အကြံကို ပယ်ဖျောက်နိုင်၏၊ တဏှာ မာနတို့ကို ပယ်ခွာ၍ ဒုက္ခကုန်ဆုံးအောင် ပြုလုပ်နိုင်သော ပုဂ္ဂိုလ်ဖြစ်၏။"

(ဤသုတ်၌ အဓိစိတ္တ- ထူးကဲမြင့်မြတ်သော စိတ်ဟူသည် ကုသိုလ်ကမ္မပထတရား ဆယ်ပါးအနေဖြင့် ဖြစ်သော ကာမာဝစရကုသိုလ် စိတ်ထက်

www.dhammaransi.com



သာလွန်သော ဝိပဿနာ၏ အခြေခံဖြစ်သည့် ဈာန်သမာပတ်စိတ်ကို ဆိုလိုပါသည်။ ပထမဈာန် အစရှိသည့် ဈာန်သမာပတ်ကို အခြေခံ၍ ဝိပဿနာကို ရှုမှတ်ပွား များ နေစဉ် အကုသိုလ် ဝိတက်များ ပေါ်လာလျှင် အကြောင်းငါးပါးတို့ဖြင့် ထို အကုသိုလ် ဝိတက်များ ပျောက်သွားအောင် လုပ်ရမည်ဟူ၍ ဤသုတ်က ဆိုလိုခြင်း ဖြစ်၏။ အမှန်အားဖြင့် ဝိပဿနာ ရှုမှတ်နေချိန်မှတစ်ပါး အခြားသော အချိန်တို့၌ ပေါ်လာသော အကုသိုလ်ဝိတက်များကိုလည်း ဤသုတ်လာ နည်းများ ဖြင့် ပျောက် သွား စေရန် လေ့ကျင့်အားထုတ်သင့်ပါသည်။)

www.dhammaransi.com

# ၂၁။ ကကစူပမသုတ်

## လွှသွားဖြင့် ဥပမာပြု၍ ဟောကြားခြင်း

### ဘိက္ခုနီတို့နှင့် ရောသော ရဟန်း

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးစဉ် မောဠိယဖဂ္ဂုန အမည်ရှိသော ရဟန်းသည် ဘိက္ခုနီတို့နှင့် အလွန်အကြူး ရော၍ နေ၏။ ရဟန်း တစ်ပါးပါးက သူ၏ ရှေ့မှောက်၌ ဘိက္ခုနီတို့၏ အပြစ်ကို ပြောလျှင် ရှင်ဖဂ္ဂုနသည် စိတ်ဆိုး၏။ ရန်းရင်းဆန်ခတ် ပြု၏။ ဘိက္ခုနီတို့၏ ရှေ့မှောက်၌ ရှင်ဖဂ္ဂုန၏ အပြစ်ကို ပြောလျှင်လည်း ဘိက္ခုနီတို့သည် စိတ်ဆိုး၏။ ရန်းရင်းဆန်ခတ် ပြုကုန်၏။

ထိုအခါ ရဟန်းတစ်ပါးက ဗုဒ္ဓထံ ချဉ်းကပ်၍ ရှင်ဖဂ္ဂုနအကြောင်းကို လျှောက်ကြားလေသည်။ ဗုဒ္ဓက ရှင်ဖဂ္ဂုနကို ခေါ်စေပြီး ဘိက္ခုနီတို့နှင့် ရောနှော မနေရန် ဆုံးမတော်မူသည်။

"ဖဂ္ဂုန၊ လူ့ဘောင်မှထွက်၍ ရဟန်းပြုသော အမျိုးကောင်းသားအား ဘိက္ခုနီတို့နှင့် အလွန်အကြူး ရောနှော၍ နေခြင်းသည် မလျောက်ပတ်၊ သင့်ရှေ့၌ တစ်စုံတစ်ယောက်သော သူက ဘိက္ခုနီတို့၏ အကျိုးမဲ့ကို ပြောဆိုခဲ့သော် ကာမဂုဏ်နှင့် ယှဉ်သောဆန္ဒ၊ ကာမဂုဏ်နှင့် ယှဉ်သော အကြံအစည်တို့ကို ပယ်စွန့်လော့။ 'ငါ့စိတ်သည် ဖေါက်ပြန်လိမ့်မည် မဟုတ်၊ ငါသည် ယုတ်ညံ့သော စကားကို မြွက်ဆိုလိမ့်မည် မဟုတ်၊ ငါသည် အကျိုးစီးပွား ကိုသာ လိုလားလျက်

www.dhammaransi.com



ဒေါသမဝင် မေတ္တာနှင့် ယှဉ်သော စိတ်ရှိသည်ဖြစ်၍ နေအံ့' ဟူ၍ လေ့ကျင့်အပ်၏။ သင်၏ရှေ့၌ ဘိက္ခုနီတို့အား လက်ဖြင့် ရိုက်နှက်ခြင်း၊ ခဲဖြင့် ပစ်ခြင်း၊ တုတ်ဖြင့် ရိုက်ခြင်း၊ ဓားဖြင့်ခုတ်ခြင်း ပြုစေကာမူ ထိုအတူ စိတ်ကို ဖြစ်စေအပ်၏။ ဖဂ္ဂုန၊ အကယ်၍ တစ်စုံတစ်ယောက်သော သူက သင်၏ရှေ့၌ သင်၏ ကျေးဇူးမဲ့ကို ဆိုခြင်း၊ သင့်ကို ရိုက်နှက်ပုတ်ခတ်ခြင်း ပြုရာ၌လည်း ထိုအတူ စိတ်ကို ဖြစ်စေအပ်၏"

## သတိပေးရုံမျှသာ

ဗုဒ္ဓသည် ရှင်ဖဂ္ဂုနအား ဆုံးမတော်မူပြီး တစ်ဖန် ရဟန်းတို့အား တရားစကား မိန့်ကြားတော်မူပြန်၏။

"ရဟန်းတို့၊ အခါတစ်ပါး၌ ရဟန်းတို့သည် ငါ၏စိတ်ကို ကျေနပ် နှစ်သက်စေခဲ့ကြ၏။ ထိုအခါက ငါသည် ရဟန်းတို့အား တစ်ထပ်တည်းသာ စားလျှင် ကျန်းမာ ချမ်းသာစွာ နေရမည်ဖြစ်ကြောင်း မိန့်ကြားခဲ့၏။ ငါသည် ထိုရဟန်းတို့အား ဆုံးမခြင်းကို မပြုခဲ့ရပေ။ သတိပေးရုံမျှကိုသာ ပြုခဲ့ရပေ၏။ ရဟန်းတို့၊ ဥပမာကား ကျွမ်းကျင်သော မြင်းလှည်းမောင်းသမားသည် ညီညာသော လမ်းမကြီးပေါ်၌ အာဇာနည်ကသော ရထားကို မောင်းနှင်သည်ရှိသော် ဘယ်လက်ဖြင့် ကြိုးကိုလည်းကောင်း၊ ညာလက်ဖြင့် နှင်တံကိုလည်းကောင်း ကိုင်လျက် မိမိကြိုက်သလို သွားစေ ဆုတ်စေသကဲ့သို့ ထိုအတူ ငါသည် ရဟန်းတို့အား သတိပေးရုံမျှကိုသာ ပြုခဲ့၏။-

ရဟန်းတို့၊ ဥပမာတစ်မျိုးကား ရွာနိဂုံးအနီး၌ ကြက်ဆူပင်တို့ဖြင့် ဖုံးလွှမ်းအပ်သော အင်ကြင်းတောကြီးတစ်ခု ရှိရာ၏။ ထိုအင်ကြင်းတောတို့ကို စည်ပင်တိုးပွားစေလိုသော လူတစ်ယောက်သည် ကောက်ကွေးသေးသိမ်သော အင်ကြင်းပင်တို့ကို ခုတ်ဖြတ် ရှင်းလင်းပြီး ဖြောင့်စင်းသန့်စွမ်းသော အင်ကြင်းပင်တို့ကို ဖြစ်ထွန်းစည်ပင်အောင် ကောင်းစွာ ပြုစုစောင့်ရှောက်ရာ၏။ ဤသို့ဖြင့် ထိုအင်ကြင်းတောသည် တိုးပွားစည်ပင်ခြင်းသို့ ရောက်ရာ၏။ ရဟန်းတို့၊ ထိုအတူပင် သင်တို့သည်လည်း အကုသိုလ်ကို စွန့်ပယ်၍ ကုသိုလ်တရားတို့၌ အားထုတ်မှုကို ပြုကြကုန်လော့၊ ဤသို့ ပြုသည်ရှိသော် ဤသာသနာ၌ စည်ပင်တိုးပွားခြင်းသို့ ရောက်ကုန်လတ့်"

www.dhammaransi.com



## ဆိုဆုံးမလွယ်သူ

“ရဟန်းတို့၊ ရှေးအခါက ဤသာဝတ္ထိမြို့၌ပင် ဝေဒေဟိကာမည်သော သူကြွယ်မ တစ်ဦး ရှိခဲ့၏။ ထိုသူကြွယ်မသည် နူးညံ့သိမ်မွေ့၍ နိမ်ချတတ်ပြီ အေးချမ်းသူ တစ်ဦးဖြစ်ကြောင်း ထင်ရှားခဲ့၏။ ဝေဒေဟိကာအား အလုပ်၌ ကျွမ်းကျင်၍ ထကြွလုံ့လနှင့် ပြည့်စုံသော ကာဠီမည်သော ကျွန်မ တစ်ယောက် ရှိခဲ့၏။ ကာဠီသည် တစ်နေ့သ၌ ‘ငါ့သခင်မသည် အမျက်ဒေါသ မရှိ၍ပင် ထိုအမျက်ဒေါသကို ထင်ရှား မပြုလေသလော။ သို့တည်းမဟုတ် အမျက်ဒေါသ ရှိလျက်နှင့်ပင် အလုပ်ကိစ္စ ဟူသမျှကို ငါက အဆင်သင့် ပြုလုပ် ဆောင်ရွက်သော ကြောင့် အမျက်ဒေါသကို ထင်ရှားမပြုလေသလော၊ စုံစမ်းဦးအံ့’ ဟူ၍ ကြံစည် မိလေသည်။-

ထို့နောက် ကာဠီသည် တစ်နေ့တွင် နေမြင့်မှ အိပ်ရာမှ ထလေသည်။ သခင်မ ဝေဒေဟိကာက ‘ဟယ်ကာဠီ၊ ဘာကြောင့် နေမြင့်မှ အိပ်ရာက ထသနည်း’ ဟု မေးလျှင် ‘သခင်မ၊ ကျွန်မ ဘာမျှ မဖြစ်ပါ’ ဟု ကာဠီက ဖြေကြား၏။ ဝေဒေဟိကာသည် ‘ဟယ် ကျွန်မယုတ်၊ ဘာမှ မဖြစ်ဘဲ နေမြင့်မှ အိပ်ရာက ထဘိသလော’ ဟု စိတ်ဆိုးမာန်ဆိုးဖြင့် ကြိမ်းမောင်းလေသည်။ ထိုအခါ ကာဠီသည် ‘ငါ့သခင်မကား အမျက်ဒေါသရှိလျက်နှင့်ပင် အလုပ်ကိစ္စများ အဆင်သင့် ပြီးစီး နေခြင်းကြောင့် အမျက်မထွက်ခြင်း ဖြစ်၏။ သို့သော် နောက်ထပ် စုံစမ်းဦးအံ့’ ဟု ကြံပြီး နောက်တစ်နေ့တွင် ပို၍ နေမြင့်မှ အိပ်ရာက ထလေသည်။ ထိုအခါ ဝေဒေဟိကာသည် ကာဠီအား ကြမ်းတမ်းစွာ ဆဲဆိုလေသည်။ သို့သော် ကာဠီက နောက်တစ်ကြိမ် အလားတူ စုံစမ်းပြန်ရာ ဝေဒေဟိကာသည် အမျက်ဒေါသ ပြင်းစွာထွက်လျက် ကာဠီ၏ ခေါင်းကို တံခါးကျည်ဖြင့် တအားရိုက်လေသည်။ ထိုအခါ ကာဠီသည် ကွဲအက်၍ သွေးယိုစီးနေသော မိမိ၏ ခေါင်းကို အိမ်နီးချင်း များထံ သွားရောက်ပြသပြီး ဝေဒေဟိကာ၏ မကောင်းသတင်းကို ပြောကြား လေသည်။ ထိုအချိန်မှ စ၍ ဝေဒေဟိကာသည် ရက်စက်ကြမ်းကြုတ်၍ ဆူပူ တတ်သူဖြစ်ကြောင်း မကောင်းသတင်းများ ပြန့်နှံ့သွားလေတော့သည်။-

‘ရဟန်းတို့၊ ဤဥပမာအတိုင်းပင် ဤသာသနာ၌ ရဟန်းသည် မနှစ်သက် ဖွယ်စကားများကို မကြားရသေးလျှင် နူးညံ့သူ၊ ကျိုးနွံသူ၊ အေးချမ်းသူ ဖြစ်ရာ၏။

www.dhammaransi.com



စင်စစ်ကား မနှစ်သက်ဖွယ် စကားများကို ကြားရသည့် အခါမှသာ နူးညံ့သူ၊ ကျိုးနွံသူ၊ အေးချမ်းသူ ဖြစ်သည် မဖြစ်သည်ကို သိနိုင်ပေ၏။–

ရဟန်းတို့၊ ပစ္စည်းလေးပါးဟူသော အကြောင်းကြောင့် ဆိုဆုံးမလွယ်သူကို စင်စစ် ဆိုဆုံးမလွယ်သူဟူ၍ ငါမဆို၊ တရားကို လေးစားမြတ်နိုးသည်ဖြစ်၍ ဆိုဆုံးမလွယ်သူကိုသာ စင်စစ် ဆိုဆုံးမလွယ်သူ ဟူ၍ ငါဆို၏။ ထို့ကြောင့် သင်တို့သည် တရားကို လေးစားမြတ်နိုးလျက် ဆိုဆုံးမလွယ်သူဖြစ်ရန် ကျင့်ကြံအားထုတ်အပ်၏။"

**စကားလမ်းကြောင်းငါးမျိုး**

"ရဟန်းတို့၊ သင်တို့အပေါ်၌ ကျရောက်လာမည့် စကားလမ်းကြောင်းတို့သည်–

(၁) အခါဟုတ်သည်ဖြစ်စေ၊ အခါမဟုတ်သည်ဖြစ်စေ ပြောဆိုခြင်း၊
(၂) မှန်သည်ဖြစ်စေ၊ မမှန်သည်ဖြစ်စေ ပြောဆိုခြင်း၊
(၃) နူးညံ့စွာဖြစ်စေ၊ ကြမ်းတမ်းစွာဖြစ်စေ ပြောဆိုခြင်း၊
(၄) အကျိုးရှိသည်ဖြစ်စေ၊ အကျိုးမရှိသည်ဖြစ်စေ ပြောဆိုခြင်း၊
(၅) မေတ္တာစိတ်ဖြင့်ဖြစ်စေ၊ ဒေါသစိတ်ဖြင့်ဖြစ်စေ ပြောဆိုခြင်း ဟူ၍ ငါးမျိုးရှိသည်။ ထိုငါးမျိုးတို့တွင် မည်သည့် စကားလမ်းကြောင်းဖြင့် ပြောဆိုသည်ဖြစ်စေ သင်တို့သည် စိတ်မဖောက်ပြန်၊ ကြမ်းတမ်းစွာလည်း မပြောဆိုဘဲ မေတ္တာစိတ်ကိုသာ ဖြစ်စေရန် ကျင့်ကြံအားထုတ်အပ်၏။–

'ရဟန်းတို့၊ ဥပမာ မြေကြီးကို တူးဆွဖြန့်ကြဲခြင်း စသည်အားဖြင့် မြေကြီးမဟုတ်အောင် မပြုနိုင်သကဲ့သို့ လည်းကောင်း၊ ချိတ်ရည် ဆေးရည် စသည်တို့ဖြင့် ကောင်းကင်ပြင်၌ အရုပ်ထင်အောင် မရေးနိုင်သကဲ့သို့ လည်းကောင်း၊ ကောင်းစွာ ဖိနှိပ်ကြိတ်ချေထားသဖြင့် လွန်စွာ နူးညံ့နေသောကြောင်ရေကို တုတ်ချောင်းဖြင့် အသံမြည်အောင် မပြုနိုင်သကဲ့သို့လည်းကောင်း၊ ထို့အတူပင် သင်တို့သည် စကားလမ်းကြောင်း ငါးမျိုးတို့တွင် မည်သည့်စကားလမ်းကြောင်းဖြင့် ပြောဆိုလာစေကာမူ စိတ်ဖောက်ပြန် ပြောင်းလဲခြင်း မရှိဘဲ မေတ္တာစိတ်ကိုသာ ဖြစ်စေရန် ကျင့်ကြံအားထုတ်အပ်၏။'

www.dhammaransi.com



## လွှသွားဥပမာ

"ရဟန်းတို့၊ အကယ်၍ ဆိုးသွမ်းယုတ်မာသော ခိုးသားဓားပြတို့သည် အရိုးနှစ်ဖက်တပ်ထား၍ ထက်လှစွာသော လွှဖြင့် ကိုယ်အင်္ဂါကြီးငယ်ကို တိုက်ဖြတ်စေကာမူ သင်တို့သည် ထိုသူတို့အပေါ်၌ စိတ်ပြစ်မှားခြင်းကို မပြုအပ်။ အကယ်၍ ထိုသူတို့အပေါ်၌ပင် စိတ်ပြစ်မှားခြင်းကို ပြုခဲ့သော် ငါ၏ အဆုံးအမကို လိုက်နာသူ မဟုတ်တော့ချေ။-

'ရဟန်းတို့၊ သင်တို့သည် ဤလွှသွားလျှင် ဥပမာရှိသော ဩဝါဒကို အမြဲမပြတ် နှလုံးသွင်းကြကုန်လော့၊ ဤဩဝါဒကို အမြဲမပြတ် နှလုံးသွင်းသည်ရှိသော် သင်တို့အား ရှည်မြင့်စွာ ချမ်းသာစီးပွား တိုးပွားလတ့်။"

ဗုဒ္ဓက ဤသို့မိန့်ကြားလျှင် ရဟန်းတို့သည် ထိုမိန့်ကြားချက်ကို လွန်စွာ နှစ်သက်ကြလေသည်။

www.dhammaransi.com

# ၂၂။ အလဂဒ္ဒူပမသုတ်

## တရားသင်ယူခြင်းကို မြွေဖမ်းခြင်းနှင့် ဥပမာပြု၍ ဟောသောတရား

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးစဉ် အရိဋ္ဌ မည်သော ရဟန်းအား "မဂ်ဖိုလ်၏ အန္တရာယ်ဖြစ်၏ ဟု ဗုဒ္ဓက ဟောကြားသော အကျင့်များကို မှီဝဲသူအား စင်စစ် မဂ်ဖိုလ်၏ အန္တရာယ် မဖြစ်နိုင်" ဟူ၍ ဆိုးဝါးသော အယူဖြစ်ပေါ်နေ၏။ အခြားသော ရဟန်းတို့က "ယင်းသို့ မယူသင့်ကြောင်း၊ ယင်းသို့ယူလျှင် ဗုဒ္ဓအား စွပ်စွဲရာ ရောက်ကြောင်း" ဆုံးမတားမြစ်ကြသော်လည်း ရှင်အရိဋ္ဌသည် ထိုရဟန်းတို့၏ စကားကို လက်မခံချေ။ ထို့ကြောင့် ရဟန်းတို့သည် ဗုဒ္ဓအား ဤအကြောင်းကို လျှောက်ကြားကြသည်။ ဗုဒ္ဓက ရှင်အရိဋ္ဌကို ခေါ်၍ မေးစိစစ်တော်မူ၏။

"အရိဋ္ဌ၊ မဂ်ဖိုလ်၏ အန္တရာယ်ဖြစ်၏ ဟူ၍ ငါဟောကြားအပ်သော အကျင့်ကို မှီဝဲသူမှာ စင်စစ် မဂ်ဖိုလ်၏ အန္တရာယ် မဖြစ် ဟူ၍ သင် အယူရှိနေသည် ဆိုခြင်းမှာ မှန်ပါသလော"

"အရှင်ဘုရား၊ မှန်ပါသည်၊ မြတ်စွာဘုရားသည် ဤသို့ပင် ဟောကြားဘိသကဲ့သို့ တပည့်တော် သိရှိနားလည်နေပါသည်"

"အချည်းနှီးသော ယောကျ်ား၊ အဘယ်သူအား ဤသို့ ငါဟောကြားသည်ကို သင်သိသနည်း၊ စင်စစ် ကာမဂုဏ်တို့သည် များသော ဆင်းရဲခြင်း၊ များသော ပင်ပန်းခြင်း ရှိကြောင်း၊ အရိုးစု၊ သားတစ်၊ မြက်မီးရှူး၊ မီးကျီးစု၊ အိပ်မက်၊ ဟောင်းရမ်းအပ်သော ပစ္စည်း၊ သစ်သီး၊ သန်လျက်၊ လှံ၊ မြွေဦးခေါင်းတို့နှင့်

www.dhammaransi.com



တူကြောင်း ငါဟောကြားအပ်သည် မဟုတ်လော။ သို့ဖြစ်ပါလျက် သင်သည် လွဲမှားသော အယူဖြင့် ငါ့ကို စွပ်စွဲဘိ၏။ မိမိကိုယ် မိမိလည်း ဖျက်ဆီးဘိ၏။ ဤသို့ စွပ်စွဲခြင်းသည် သင့်အား ကြာရှည်လေးမြင့် အကျိုးပျက်ပြား ဆင်းရဲမှုခြင်းငှာသာ ဖြစ်လတ့်"

ဗုဒ္ဓက ဤသို့ မိန့်ကြားသောအခါ ရှင်အရိဋ္ဌသည် နှုတ်ဆိတ်၍ မျက်နှာမသာမယာဖြင့် ခေါင်းငိုက်စိုက်ချကာ နေလေသည်။ ထိုအခါ ဗုဒ္ဓက ရဟန်းတို့အား "သင်တို့သည် ငါ ဤသို့ဟောကြားသည်ကို သိကြပါသလော" ဟု မေးရာ ရဟန်းတို့က ဗုဒ္ဓ ဤသို့ဟောကြားသည်ကို မိမိတို့ မသိပါကြောင်း ဖြေကြားကြသည်။ ထိုအခါ ဗုဒ္ဓက တရားကို မကောင်းသဖြင့် မှတ်သားလျှင် အကျိုးမများဘဲ အပြစ်သာ ပွားကြောင်း မြွေဖမ်းသူဖြင့် ဥပမာပြ၍ ဟောကြားတော်မူ၏။

## တရားကို ကောင်းစွာမသင်ယူသူ

"ရဟန်းတို့၊ မြွေကို အလိုရှိ၍ မြွေကိုရှာသော ယောကျ်ားသည် မြွေကြီး တစ်ကောင်ကို တွေ့လျှင် မြွေကြီးကို ကိုယ်၌ဖြစ်စေ၊ အမြီး၌ဖြစ်စေ ကိုင်ဖမ်းရာ၏။ ထိုအခါ မြွေကြီးသည် ထိုယောကျ်ားကို လက်၌ဖြစ်စေ၊ အခြားသော ကိုယ်အင်္ဂါ အစိတ်အပိုင်း တစ်ခုခု၌ဖြစ်စေ ကိုက်လေရာ၏။ ယင်းသို့ ကိုက်သဖြင့် ထိုယောကျ်ားသည် သေခြင်းသို့ဖြစ်စေ၊ သေလောက်သော ဆင်းရဲသို့ဖြစ်စေ ရောက်ရာ၏။ အဘယ်ကြောင့် ထိုသို့ဖြစ်ရသနည်းဆိုသော် မြွေကို ကောင်းစွာ မကိုင်သောကြောင့် ဖြစ်၏။-

'ရဟန်းတို့၊ ထိုနည်းတူပင် ဤသာသနာ၌ အချည်းနှီးသော ယောကျ်ားအချို့သည် တရားကိုသင်ယူပြီး ထိုတရား၏ အနက်ကို ဉာဏ်ဖြင့် ဆင်ခြင်ခြင်း မပြုကြကုန်။ ဉာဏ်ဖြင့် ဆင်ခြင်ခြင်း မပြုသူတို့အား တရားတို့သည် စေ့စေ့စပ်စပ် သုံးသပ်ခြင်းကို မခံကုန်။ ထိုသူတို့သည် သူတပါးတို့အား ရှုတ်ချလိုသည်ဖြစ်၍လည်းကောင်း၊ သူတစ်ပါးတို့၏ ကဲ့ရဲပြောဆိုခြင်းမှ လွတ်မြောက်လိုသည် ဖြစ်၍လည်းကောင်း တရားကို သင်ယူကြကုန်၏။ တရားကို သင်ယူခြင်း၏ ရည်ရွယ်ရင်းဖြစ်သော မဂ်ဖိုလ်အကျိုးကို မခံစားကြရကုန်။ စင်စစ် တရားသည် ထိုသူတို့အား အကျိုးပျက်ပြား ဆင်းရဲမှုအားရန်သာ ဖြစ်လေ၏။ အဘယ်ကြောင့် ထိုသို့ဖြစ်ရသနည်းဆိုသော် တရားကို ကောင်းစွာ မသင်ယူသောကြောင့် ဖြစ်၏။"

www.dhammaransi.com



## တရားကို ကောင်းစွာသင်ယူသူ

"ရဟန်းတို့၊ ဥပမာ မြွေကိုအလိုရှိ၍ မြွေကိုရှာသော ယောကျ်ားသည် မြွေကြီး တစ်ကောင်ကို တွေ့လျှင် ဆိတ်ခွဖြင့် ကောင်းစွာ ဖိနှိပ်၍ လည်ပင်း၌ ကိုင်ဖမ်း ရာ၏။ မြွေသည် ထိုသူ၏ ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုခုကို သူ၏ ကိုယ်ဖြင့် ရစ်ပတ်စေကာမူ ထိုသူသည် သေခြင်းသို့လည်းကောင်း၊ သေလောက်သော ဆင်းရဲသို့လည်းကောင်း မရောက်နိုင်ချေ။ အဘယ်ကြောင့်ဆိုသော် မြွေကို ကောင်းစွာ ဖမ်းကိုင်ထားသောကြောင့် ဖြစ်၏။

"ရဟန်းတို့၊ ထိုနည်းတူပင် ဤသာသနာ၌ အချို့သော အမျိုးကောင်းသား တို့သည် တရားကိုသင်ယူပြီး တရား၏အနက်ကို ဉာဏ်ဖြင့် ဆင်ခြင်ကြကုန်၏။ ဉာဏ်ဖြင့် အနက်ကိုဆင်ခြင်သော အမျိုးကောင်းသားတို့အား တရားတို့သည် စေ့စေ့စပ်စပ် သုံးသပ်ခြင်းကို ခံကုန်၏။ ထိုအမျိုးကောင်းသားတို့သည် သူတစ်ပါး တို့အား ရှုတ်ချလိုသည်ဖြစ်၍ တရားကို သင်ယူကြသည် မဟုတ်။ သူတစ်ပါးတို့၏ ကဲ့ရဲ့စွပ်စွဲခြင်းမှ လွတ်မြောက်လိုသည် ဖြစ်၍ တရားကို သင်ယူကြ မဟုတ်။ ထို အမျိုးကောင်းသားတို့သည် ရည်ရွယ်ရင်းဖြစ်သော မဂ်ဖိုလ်အကျိုးကို ခံစားကြ ရကုန်၏။ ထိုအမျိုးကောင်းသားတို့အား ကောင်းစွာသင်ယူအပ်သော တရားတို့ သည် ရှည်မြင့်စွာ အကျိုးစီးပွား တိုးတက်ခြင်းငှာ ဖြစ်ပေ၏။ အဘယ်ကြောင့် ယင်းသို့ ဖြစ်ရသနည်း ဆိုသော် တရားကို ကောင်းစွာ သင်ယူအပ်သောကြောင့် ဖြစ်ပေ၏။ ရဟန်းတို့၊ ထို့ကြောင့် သင်တို့သည် ငါဟောကြား အပ်သော တရား၏ အနက်ကို သိလျှင် ယင်းသို့ သိသည့်အတိုင်း မှတ်သားကြကုန်လော့။ မသိသော အရာ၌ ငါ့ကိုဖြစ်စေ၊ တတ်သိနားလည်သော ရဟန်း တစ်ပါးပါးကိုဖြစ်စေ မေ မြန်းကြကုန်လော။"

## ဖောင်ဥပမာ

"ရဟန်းတို့၊ ငါသည် ဖောင်ဥပမာ တရားကို ဟောကြားပေအံ့၊ နာကြ ကုန်လော။ ရဟန်းတို့၊ ဥပမာကား ခရီးရှည်သွားသော ယောကျ်ား တစ်ယောက် သည် လမ်းခရီး၌ အပြောကျယ်သော ရေပင်လယ်ကြီး တစ်ခုကို တွေ့မြင်ရာ၏။ ထိုရေပင်လယ်ကြီး၏ ဤမှာဘက်ကမ်းသည် ထိတ်လန့်ကြောက်ရွံ့ဖွယ် ဘေး အန္တရာယ် ထူပြောပြီး ဟိုမှာဘက်ကမ်းသည်ကား ဘေးရန်ကင်းဝေး အေးချမ်း

www.dhammaransi.com



သာယာသည် ဖြစ်ရာ၏။ သို့သော် ဟိုမှာဘက်ကမ်းသို့ ကူးရန် လှေလည်း မရှိ၊ တံတားလည်း မရှိချေ။ ခရီးသွားယောက်ျားသည် အနီးအနားရှိ သစ်ပင်များကို စုဆောင်း၍ ဖောင်ဖွဲ့ပြီး ဟိုမှာဘက်ကမ်းသို့ သွားလေရာ၏။ ဟိုမှာဘက်ကမ်းသို့ ရောက်သောအခါ 'ဤဖောင်ကား ငါ့အား ကျေးဇူးများ၏' ဟု ကြံ၍ ထိုဖောင်ကို ပခုံးဖြင့် ထမ်းဆောင်သွားသော် ပြုသင့် ပြုထိုက်သော ကိစ္စကို ပြုသည် မမည်။ စင်စစ် ထိုဖောင်ကို ကုန်းပေါ်သို့ တင်၍ဖြစ်စေ၊ ရေထဲ၌ မျှောခဲ့၍ဖြစ်စေ လိုရာသို့ ဆက်လက်သွားခြင်းသည်သာလျှင် ပြုသင့်ပြုထိုက်သော ကိစ္စကို ပြုသည် မည်ပေ၏။-

'ရဟန်းတို့၊ ထိုနည်းတူပင် ငါသည် ဆင်းရဲမှ ထွက်မြောက်ရန်အလို့ငှာ ဖောင်ဥပမာတရားကို ဟောကြားအပ်၏။ စွဲယူရန်အလို့ငှာ ဟောကြားအပ်သည် မဟုတ်။ ရဟန်းတို့၊ ဖောင်ဥပမာတရားကို နားလည်သော သင်တို့သည် ဓမ္မကိုပင် စွန့်ပယ်အပ်၏။ အဓမ္မကိုကား ဆိုဖွယ် မရှိတော့ချေ။"

**ဒိဋ္ဌိဖြစ်ကြောင်း၊ တရားခြောက်ပါး**

"ရဟန်းတို့၊ ဒိဋ္ဌိဖြစ်ကြောင်း တရားတို့သည် ခြောက်ပါး ရှိ၏။ ထိုခြောက်ပါးကား အဘယ်နည်းဆိုသော် ဤလောက၌ သူတော်သူမြတ်တို့ကို မဖူးမြင်ရ၍ ထိုသူတို့၏ တရား၌ လိမ္မာကျွမ်းကျင် ယဉ်ကျေးခြင်း မရှိသော ပုထုဇဉ်သည်-

(၁) ရုပ်ကို ငါ့ဟာ၊ ငါ၊ ငါ၏ ကိုယ်ဟူ၍ ရှု၏။
(၂) ဝေဒနာကို ငါ့ဟာ၊ ငါ၊ ငါ၏ ကိုယ်ဟူ၍ ရှု၏။
(၃) သညာကို ငါ့ဟာ၊ ငါ၊ ငါ၏ ကိုယ်ဟူ၍ ရှု၏။
(၄) သင်္ခါရတို့ကို ငါ့ဟာ၊ ငါ၊ ငါ၏ ကိုယ်ဟူ၍ ရှု၏။
(၅) မြင်အပ်၊ ကြားအပ်၊ တွေ့ထိအပ်၊ စိတ်ဖြင့်ရ ရောက်အပ်၊ ရှာဖွေအပ်၊ သုံးသပ်အပ်သော အာရုံကို ငါ့ဟာ၊ ငါ၊ ငါ၏ ကိုယ်ဟူ၍ ရှု၏။
(၆) အတ္တနှင့်လောကသည် အမြဲတည်၏ဟူသော အယူကို ငါ့ဟာ၊ ငါ၊ ငါ၏ ကိုယ်ဟူ၍ ရှု၏။

"ရဟန်းတို့၊ သူတော်သူမြတ်တို့ကို ဖူးမြင်ရ၍ ထိုသူတို့၏ တရား၌ လိမ္မာကျွမ်းကျင် ယဉ်ကျေးပြီးသော အရိယာတပည့်သည်ကား ထိုအကြောင်းတရား ခြောက်ပါးကို 'ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ငါ၏ကိုယ် မဟုတ်' ဟူ၍ ရှုမြင်၏။

www.dhammaransi.com



ဤသို့ရှုမြင်သော အရိယာတပည့်သည် ထိုအရာများ မရှိသော်လည်း ပူပန်ကြောင့်ကြခြင်း မဖြစ်တော့ချေ။"

ထို့နောက် ဗုဒ္ဓသည် ရဟန်းတစ်ပါးက မေးလျှောက်သဖြင့် အဇ္ဈတ္တ ဝတ္ထု ရှိခြင်း မရှိခြင်း၊ ဗဟိဒ္ဓဝတ္ထု ရှိခြင်း မရှိခြင်းတို့ကြောင့်လည်း ပူပန် ကြောင့်ကြခြင်း ဖြစ်နိုင်ကြောင်းကို ဖြေကြားပြီး အောက်ပါအတိုင်း ဆက်လက် ဟောကြားတော်မူသည်။

"ရဟန်းတို့၊ ဖောက်ပြန်ပြောင်းလဲခြင်း မရှိဘဲ တည်မြဲ၏ ဟု သိမ်းပိုက်အပ်သော တရားကို ငါမမြင်၊ စိုးရိမ်ခြင်း၊ ပူဆွေးခြင်း စသည်တို့ မဖြစ်စေမည့် အတ္တဝါဒကို ငါမမြင်၊ စိုးရိမ်ခြင်း၊ ပူဆွေးခြင်း စသည် မဖြစ်စေမည့် ဒိဋ္ဌိ၏ မှီရာကို ငါမမြင်ပေ။-

'ရဟန်းတို့၊ အတ္တရှိခဲ့သော် 'ငါ၏အတ္တနှင့်စပ်သော အရာ' ဟု ထင်မှတ်ခြင်းသည် ဖြစ်၏။ အတ္တနှင့် စပ်သောအရာရှိခဲ့သော် 'ငါ၏အတ္တ' ဟု ထင်မှတ်ခြင်းသည် ဖြစ်၏။ ရဟန်းတို့၊ အတ္တကိုလည်းကောင်း၊ အတ္တနှင့် စပ်သောအရာကိုလည်းကောင်း အမှန်စင်စစ်အားဖြင့် မရအပ်ပါဘဲလျက် 'ငါသည် မပြောင်းမလဲ အမြဲတည်သော အတ္တလောက ဖြစ်၏' ဟူ၍ ယူခြင်းသည် စင်စစ် လူမိုက်တို့၏ တရားသာ ဖြစ်၏။-

'ရဟန်းတို့၊ ရုပ်သည် မမြဲ၊ ဆင်းရဲ၏၊ ဖောက်ပြန်ပြောင်းလဲခြင်း သဘောရှိ၏။ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်သည် မမြဲ၊ ဆင်းရဲ၏၊ ဖောက်ပြန်ပြောင်းလဲခြင်း သဘောရှိ၏။ မမြဲသော၊ ဆင်းရဲသော၊ ဖောက်ပြန်ပြောင်းလဲခြင်း သဘောရှိသော ထိုတရားများကို " ငါ့ဟာ၊ ငါ၊ ငါ၏ ကိုယ် " ဟု ရှုခြင်းသည် မသင့်။ ထိုတရားအားလုံးကို 'ငါ့ဟာ မဟုတ်၊ ငါ မဟုတ်၊ ငါ၏ကိုယ် မဟုတ်' ဟူ၍ ဟုတ်တိုင်းမှန်စွာ ပညာဖြင့် ရှုမြင်အပ်၏-

'ရဟန်းတို့၊ ဤသို့ရှုမြင်သော အရိယာတပည့်သည် ရုပ်၌ ငြီးငွေ့၏၊ ဝေဒနာ၊ သညာ စသည်တို့၌လည်း ငြီးငွေ့၏။ ငြီးငွေ့ခြင်းကြောင့် တပ်စွန်းမှုကင်း၏။ တပ်စွန်းမှုကင်းခြင်းကြောင့် လွတ်မြောက်၏။ လွတ်မြောက်သော် လွတ်မြောက်ပြီဟု သိသော ဉာဏ်သည် ဖြစ်၏။-

'ရဟန်းတို့၊ ဤသို့ လွတ်မြောက်သော စိတ်ရှိသော ရဟန်းကို သိကြား၊ ဗြဟ္မာနှင့်တကွသော နတ်တို့သည် အစဉ်လိုက်၍ ရှာဖွေကြငြားသော်လည်း 'ဤပုဂ္ဂိုလ်၏ဝိညာဉ်သည် ဤအရာကို မှီ၏' ဟူ၍ မသိနိုင်ကြပေ။ ရဟန်းတို့၊

www.dhammaransi.com



ဤသို့ ဟောကြားလေ့ရှိသော ငါ့ကို အချို့သော ရဟန်း၊ ပုဏ္ဏားတို့က 'ရဟန်းဂေါတမသည် ထင်ရှားရှိသော သတ္တဝါ၏ ပြတ်ခြင်းကို ဟောကြား၏' ဟု မမှန်သော စကားဖြင့် စွပ်စွဲကြကုန်၏။ ရဟန်းတို့၊ ငါသည် ရှေးအခါကလည်းကောင်း၊ ယခုအခါ၌လည်းကောင်း၊ ဒုက္ခကိုလည်းကောင်း၊ ဒုက္ခချုပ်ငြိမ်းခြင်းကိုလည်းကောင်း ဟောကြား၏။ ထိုသို့ဟောကြားရာ၌ တစ်ပါးသော သူတို့က မြတ်စွာဘုရားကို ဆဲရေးခြင်း၊ ထိခိုက်ပြောဆိုခြင်း ပြုကြသော်လည်း မြတ်စွာဘုရားအား ရန်ငြိုးထားခြင်း၊ မနှစ်သက်ခြင်းသည် မဖြစ်။ တစ်ပါးသောသူတို့က ရိုသေလေးစားခြင်း၊ ပူဇော်ခြင်း ပြုကြသော်လည်း မြတ်စွာဘုရားအား နှစ်သက်ဝမ်းမြောက်ခြင်း၊ စိတ်တက်ကြွခြင်းသည် မဖြစ်။ ရဟန်းတို့၊ ထို့ကြောင့် တစ်ပါးသောသူတို့က သင်တို့အား ဆဲရေးခြင်း၊ ထိခိုက်ပြောဆိုခြင်း ပြုခဲ့သော် သင်တို့သည် မနှစ်သက်ခြင်း၊ စိတ်ဆိုးခြင်း မပြုအပ်။-

'ရဟန်းတို့၊ အကြင် အရာသည် သင်တို့၏ ဉစ္စာမဟုတ်၊ ထိုအရာကို ပယ်စွန့်ကြလော့၊ ယင်းသို့ပယ်စွန့်ခြင်းသည် သင်တို့အား ရှည်မြင့်စွာ စီးပွားချမ်းသာအလို့ငှာ ဖြစ်လိမ့်မည်။ ရဟန်းတို့၊ အဘယ်အရာသည် သင်တို့၏ ဉစ္စာမဟုတ်သနည်းဆိုသော်- ရုပ်သည် သင်တို့၏ ဉစ္စာ မဟုတ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်သည် သင်တို့၏ ဉစ္စာ မဟုတ်၊ ထို့ကြောင့် ယင်းတို့ကို စွန့်ပယ်ကြလော့။-

'ရဟန်းတို့၊ ငါသည် တရားကို ကောင်းစွာ ဟောကြားအပ်ပြီး ဖြစ်၏။ ထင်ရှား ပေါ်လွင်အောင် ညွှန်ပြအပ်သော တရား၌ အာသဝကုန်ခန်း၍ ကိလေသာတို့မှ လွတ်မြောက်ပြီးသော ရဟန်းတို့အား ဝဋ်ဆင်းရဲကို ပညတ်ရန် မရှိတော့ချေ။-

"အောက်အဖို့ရှိသော သံယောဇဉ် ငါးပါးကို ပယ်ပြီးသော ရဟန်းတို့သည် ဗြဟ္မာ့ပြည်၌ ဥပပတ်အားဖြင့် ဖြစ်၍ ထိုဗြဟ္မာ့ပြည်၌ပင် ဘဝဇာတ်ငြိမ်းအေးကုန်၏။

'ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ ဟူသော သံယောဇဉ်သုံးပါးကို ပယ်၍ ရာဂ၊ ဒေါသ၊ မောဟ ပါးသွားသော ရဟန်းတို့သည် ဤလူ့ပြည်သို့ တစ်ကြိမ်သာ ပြန်လာ၍ ဒုက္ခကုန်ခြင်းကို ပြုကုန်၏။ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ ဟူသော သံယောဇဉ်သုံးပါးကိုသာ ပယ်ပြီးသော ရဟန်းတို့သည် အပါယ်ဘုံ၌ ဖေါက်ပြန်ပျက်စီး၍ ကျရောက်ခြင်းမရှိတော့ဘဲ အထက်မဂ် သုံးပါးလျှင် လဲလျောင်းရာရှိသော သောတာပန်ဖြစ်ကုန်၏။

'ပညာသို့ အစဉ်လိုက်သော ရဟန်း၊ သဒ္ဓါသို့ အစဉ်လိုက်သော ရဟန်းတို့သည် မဂ်ဉာဏ်လျှင် လဲလျောင်းရာ ရှိကုန်၏။

www.dhammaransi.com



'ငါ့အပေါ်၌ ယုံကြည်ခြင်း၊ ချစ်ခင်ခြင်းမျှသာ ရှိသော ပုဂ္ဂိုလ်တို့သည်ကား နတ်ပြည်လျှင် လဲလျောင်းရာ ရှိကုန်၏။"

ဗုဒ္ဓမြတ်စွာက ဤသို့ ဟောကြားသောအခါ ရဟန်းတို့သည် ထိုဟောကြားချက်ကို လွန်စွာ နှစ်သက်ကြလေသည်။

www.dhammaransi.com

# ၂၃။ ဓမ္မိကသုတ်

## တောင်ပို့ပြဿနာကို ဖြေကြားခြင်း

### တောင်ပို့ပြဿနာ

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးစဉ် အရှင်ကုမာရကဿပသည် အန္ဓဝန်တော၌ သီတင်းသုံးနေ၏။ ထိုအခါ နတ်သာ တစ်ယောက်သည် သန်းခေါင်ယံ အချိန်တွင် အရှင်ကုမာရထံ ချဉ်းကပ်၍ တောင်ပို့ပြဿနာကို လျှောက်ကြား၏။ ထိုပြဿနာကို ဗုဒ္ဓအား တစ်ဆင့်မေး လျှောက်ပြီး ဗုဒ္ဓဖြေကြားသည့်အတိုင်း မှတ်သားရန် လျှောက်ကြားပြီး ထိုနတ်သည် ပျောက်ကွယ်သွားလေသည်။

နတ်သာ လျှောက်ကြားခဲ့သည့် ပြဿနာကား ဤသို့ဖြစ်၏ ... တောင်ပို့တစ်ခုသည် ညအချိန်၌ အငွေ့များ ထွက်၍ နေ့အချိန်၌ အရောင်တောက် နေ၏။ ထိုစဉ် ပုဏ္ဏားတစ်ယောက် ရောက်လာပြီး "အိုပညာရှိ၊ သင်သည် တူရွင်းကို ကိုင်၍ တူးလော့" ဟုဆို၏။ ပညာရှိက တူရွင်းကို ကိုင်၍ တူးရာ တံခါးကျည်တစ်ခုကို တွေ့လေ၏။ တံခါးကျည် တစ်ခုကို တွေ့ရကြောင်း ပုဏ္ဏားအား ပြောလျှင် ပုဏ္ဏားက ဆက်၍ အတူးခိုင်း၏။ ပညာရှိက ဆက်၍ တူးရာ ဖောင်းနေသော ဖါးတစ်ကောင်ကို တွေ့ပြန်၏။ ထို့နောက် ပုဏ္ဏားက ခိုင်းသဖြင့် ဆက်၍ တူးပြန်ရာ ပညာရှိသည် လမ်းနှစ်ခွကို တွေ့လေ၏။ ထပ်၍ အတူးခိုင်းသောကြောင့် ပညာရှိက တူးပြန်ရာ ဆပ်ပြာရေစစ်တစ်ခု၊ လိပ်တစ်ကောင်၊ စဉ်းတီးတုံး တစ်ခု၊ သားတစ်တစ်တုံးနှင့် နောက်ဆုံးတွင် နဂါးတစ်ကောင်ကို တွေ့လေသည်။

www.dhammaransi.com



ထိုအခါ ပုဏ္ဏာ က "အိုပညာရှိ၊ နဂါးသည် ရှိပစေ၊ နဂါးကို မထိလင့်၊ နဂါးအား ရှိခိုးလော့" ဟု ပြောဆိုလေသည်။

ဗုဒ္ဓ၏ အဖြေ

အရှင်ကုမာရသည် နံနက်လင်းသောအခါ ဗုဒ္ဓမြတ်စွာထံ ချဉ်းကပ်၍ မိမိအာ နတ်သာ က လျှောက်ခဲ့သော ပြဿနာ၏ အနက် အဓိပ္ပာယ်ကို ရှင်းလင်း ဖြေဆိုရန် တောင်းပန်၏။ ထိုအခါ ဗုဒ္ဓမြတ်စွာက တောင်ပို့ပြဿနာ၏ အနက် အဓိပ္ပာယ်ကို ရှင်းလင်း မိန့်ကြားတော်မူ၏။

"ကဿပ၊ 'တောင်ပို့' ဟူသည် မိဘနှစ်ပါး၏ သုက်သွေးကြောင့် ဖြစ်သော၊ ထမင်းမုန့်တို့ဖြင့် ကြီးပွားရသော၊ မမြဲခြင်း၊ ဆုပ်နယ်ပွတ်သပ်ပေးရခြင်း၊ ပြိုကွဲ ပျက်စီးခြင်း သဘောရှိသော၊ မဟာဘုတ်လေးပါး၏ အစုအဝေးဖြစ်သော ဤ ကိုယ်ခန္ဓာပင် ဖြစ်၏။-

နေ့အချိန်တွင် လုပ်ကိုင်ခဲ့သော အလုပ်ကိစ္စများကို အကြောင်းပြု၍ ည အချိန်၌ ကြံစည်သုံး သပ်ခြင်းသည် 'ည၌ အခိုးလွှတ်ခြင်း' မည်၏။

ညအချိန်၌ ကြံစည်သုံး သပ်၍ နေ့အချိန်၌ ကိုယ်နှုတ်စိတ်သုံးပါးဖြင့် အမှုကိစ္စတို့ကို ပြုလုပ်ခြင်းသည် 'နေ့၌ အရောင်တောက်ခြင်း' မည်၏။

'ပုဏ္ဏာ' ဟူသည် ကိလေသာတို့မှ ကင်းစင်၍ တရားအားလုံးကို ကိုယ်တိုင် မှန်စွာ သိမြင်သော မြတ်စွာဘုရား ပင် ဖြစ်၏။

'ပညာရှိ' ဟူသည် ကျင့်ကြံအား ထုတ်နေသော သေက္ခပုဂ္ဂိုလ်ပင် ဖြစ်၏။

'တူးရွင်း' ဟူသည် အရိယာပညာကို ဆိုလိုခြင်း ဖြစ်၏။

'တူးခြင်း' ဟူသည် ဝီရိယကို အားထုတ်ခြင်းပင် ဖြစ်၏။

'တံခါးကျည်' ဟူသည် အဝိဇ္ဇာကို ဆိုလိုခြင်း ဖြစ်၏။ ပညာရှိသော သေက္ခပုဂ္ဂိုလ်သည် အဝိဇ္ဇာကို ပယ်၍ မဂ်ပညာတည်းဟူသော တူရွင်းဖြင့် ကိုယ်ခန္ဓာ တည်းဟူသော တောင်ပို့ကို ကြိုးစားအားထုတ်၍ တူးဆွရမည်ဟု ဆိုလိုပေသည်။

'ဖား' ဟူသည် ပြင်းစွာ အမျက်ထွက်ခြင်းပင် ဖြစ်၏။ ထိုအမျက်ထွက် ခြင်းကို ဖယ်ရှားပစ်ရမည် ဟု ဆိုလို၏။

'လိပ်' ဟူသည် ခွဲလမ်းအပ်သော ခန္ဓာငါးပါးပင် ဖြစ်၏။

'စဉ်းတီတုံး' ဟူသည် ကာမဂုဏ်ငါးပါးတို့၏ အမည် ဖြစ်၏။

www.dhammaransi.com



'သားတစ်' ဟူသည် နှစ်သက်တပ်စွန်းခြင်းပင် ဖြစ်၏။ နီဝရဏငါးပါး၊ ကာမဂုဏ်ငါးပါးနှင့် နှစ်သက်တပ်စွန်းခြင်းတို့ကို ပယ်ပြီး ဆက်လက်အားထုတ်ရမည်ဟု ဆိုလိုခြင်းဖြစ်၏။

'နဂါး' ဟူသည် ရဟန္တာ၏ အမည်ဖြစ်၏။ ထိုရဟန္တာအား မထိခိုက်စေလင့်၊ ထိုရဟန္တာအား ရှိခိုးလော့ ဆိုလို၏"

ဗုဒ္ဓမြတ်စွာက ဤသို့ ရှင်းလင်းဖြေကြားသောအခါ အရှင်ကုမာရကဿပသည် ထိုဖြေကြားချက်ကို လွန်စွာ နှစ်သက်သွားလေသည်။

www.dhammaransi.com

# ၂၄။ ရထဝိနီတသုတ်

## ဝိသုဒ္ဓိခုနစ်ပါးကို မြင်းရထားဖြင့် ဥပမာပြု၍ ဟောကြားသောတရား

**အရှင်ပုဏ္ဏ၏ ဂုဏ်ဆယ်ပါး**

ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးစဉ် ဇာတိဘူမိ အရပ်မှ လာသော ရဟန်းတို့သည် ဗုဒ္ဓထံ ချဉ်းကပ်ကြလေသည်။ ဗုဒ္ဓက ထို ရဟန်းတို့အား "ဇာတိဘူမိ၌ မိမိကိုယ်တိုင် အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း၊ ဆိတ်ငြိမ်စွာနေခြင်းစသော ဂုဏ်ဆယ်ပါးနှင့် ပြည့်စုံ၍ တစ်ပါးသော ရဟန်းတို့အားလည်း ယင်းဂုဏ်ဆယ်ပါး၏ အကျိုးကို ဟောကြားတတ်သော ရဟန်းသည် မည်သူဖြစ်သနည်း" ဟု မေးတော်မူသည်။ ဇာတိဘူမိရဟန်းတို့က ထိုကဲ့သို့သော ဂုဏ်နှင့် ပြည့်စုံ၏ ဟူ၍ သီတင်းသုံးဖော်တို့၏ ချီးကျူးခြင်းကို ခံရသော ရဟန်းမှာ မန္တာဏီပုဏ္ဏေးမ၏သား အရှင်ပုဏ္ဏပင် ဖြစ်ကြောင်း ဖြေကြားကြသည်။ ယင်းသို့ ဖြေကြားသည်ကို ဗုဒ္ဓ၏ အနီး၌ ရှိနေသော ရှင်သာရိပုတ္တရာ ကြားသိလျှင် အရှင်ပုဏ္ဏနှင့် တွေ့ဆုံလိုသော အကြံ ဖြစ်လေသည်။

ဗုဒ္ဓမြတ်စွာသည် ရာဇဂြိုဟ်ပြည်၌ မွေ့လျော်သမျှ နေတော်မူပြီး သာဝတ္ထိပြည်သို့ ကြွတော်မူ၏။ သာဝတ္ထိပြည်သို့ ဗုဒ္ဓကြွရောက်လာကြောင်း အရှင်ပုဏ္ဏကြား သိလျှင် ဇာတိဘူမိမှ သာဝတ္ထိပြည်သို့ ကြွလာပြီး ဗုဒ္ဓထံ ချဉ်းကပ်လေသည်။ ဗုဒ္ဓသည် အရှင်ပုဏ္ဏအား လျောက်ပတ်သော တရားစကားကို ဟောကြားတော်မူ၏။

www.dhammaransi.com



ထိုနောက် အရှင်ပုဏ္ဏသည် အန္ဓဝန်တောအုပ်သို့ ဝင်၍ သစ်ပင်တစ်ပင်အောက်ဝယ် တစ်ပါးတည်း သီတင်းသုံးနေလေ၏။

## ရှင်သာရိပုတ္တရာနှင့် ရှင်ပုဏ္ဏတွေ့ဆုံခြင်း

အရှင်ပုဏ္ဏသည် အန္ဓဝန် တောအုပ်တွင်းသို့ ဝင်သွားကြောင်းကို ရှင်သာရိပုတ္တရာ ကြားသိလျှင် အရှင်ပုဏ္ဏ၏နောက်မှ လိုက်သွားပြီး အခြား သစ်ပင်တစ်ပင်အောက်တွင် တစ်ပါးတည်း သီတင်းသုံးနေလေသည်။ ညနေပိုင်း အချိန်သို့ ရောက်သောအခါ အရှင်သာရိပုတ္တရာသည် အရှင်ပုဏ္ဏထံ ချဉ်းကပ်၍ နှုတ်ဆက်စကားပြောဆိုပြီး တရားစကားများကို မေးမြန်းဆွေးနွေးလေသည်။

"ငါ့ရှင်၊ သင်သည် မြတ်စွာဘုရားထံ၌ အကျင့်မြတ်ကို ကျင့်သုံးပါသလော"

"ငါ့ရှင်၊ မှန်ပါ၏"

"ငါ့ရှင်၊ သင်သည် သီလစင်ကြယ်ရန်အတွက် မြတ်စွာဘုရားထံ၌ အကျင့်မြတ်ကို ကျင့်သုံးခြင်း ဖြစ်ပါသလော"

"ငါ့ရှင်၊ မဟုတ်ပါ"

"ငါ့ရှင်၊ သင်သည် စိတ်စင်ကြယ်ရန်အတွက် အကျင့်မြတ်ကို ကျင့်သုံးခြင်း ဖြစ်ပါသလော"

"ငါ့ရှင်၊ မဟုတ်ပါ"

(အမြင်စင်ကြယ်ခြင်း၊ ယုံမှားခြင်းကို လွန်မြောက်မှု စင်ကြယ်ခြင်း၊ မဂ် ဟုတ် မဟုတ်ကို သိသော ဉာဏ်အမြင် စင်ကြယ်ခြင်း၊ အကျင့်မှန်ကို သိသော ဉာဏ်အမြင် စင်ကြယ်ခြင်း၊ သစ္စာလေးပါးကို သိသော ဉာဏ်အမြင် စင်ကြယ်ခြင်း အလို့ငှာ အကျင့်မြတ်ကို ကျင့်သုံးခြင်း မဟုတ်ကြောင်းလည်း အရှင်ပုဏ္ဏက အလားတူ ဖြေကြား၏။)

"ငါ့ရှင်၊ သို့ဖြစ်သော် သင်သည် အဘယ်အကျိုးငှာ မြတ်စွာဘုရားထံ၌ အကျင့်မြတ်ကို ကျင့်သုံးပါသနည်း"

"ငါ့ရှင်၊ ငါသည် စွဲလမ်းခြင်းကင်းသော လုံးဝငြိမ်းအေးမှုအလို့ငှာ မြတ်စွာဘုရားထံ၌ အကျင့်မြတ်ကို ကျင့်သုံးခြင်း ဖြစ်ပါသည်"

"ငါ့ရှင်၊ သီလစင်ကြယ်မှုသည် စွဲလမ်းမှုကင်းသော လုံးဝအေးငြိမ်းမှု ဖြစ်ပါသလော"

"ငါ့ရှင်၊ သီလစင်ကြယ်မှုသည် စွဲလမ်းမှုကင်းသော လုံးဝအေးငြိမ်းမှု မဟုတ်ပါ"

www.dhammaransi.com



(စိတ်စင်ကြယ်ခြင်း၊ အယူစင်ကြယ်ခြင်း စသည်တို့သည်လည်း ငြိမ်းခြင်းကင်းသော လုံးဝငြိမ်းအေးမှု မဟုတ်ကြောင်း အရှင်ပုဏ္ဏက နည်းတူ ဖြေကြား၏။)

"ငါ့ရှင်၊ သို့ဖြစ်သော် ထိုသီလ စင်ကြယ်ခြင်း စသည်တို့နှင့် ကင်း၍ စွဲလမ်းခြင်းကင်းသော လုံးဝအေးငြိမ်းမှုသည် ဖြစ်ပါသလော"

"ငါ့ရှင်၊ ဤသို့လည်း မဖြစ်ပါ"

"ငါ့ရှင်၊ သို့ဖြစ်သော် သင့်စကား၏ အနက်အဓိပ္ပာယ်ကို မည်သို့ မှတ်ယူရပါမည်နည်း"

"ငါ့ရှင်၊ အကယ်၍ သီလစင်ကြယ်ခြင်း၊ စိတ်စင်ကြယ်ခြင်း စသည်တို့ကို စွဲလမ်းခြင်းကင်းသော လုံးဝငြိမ်းအေးမှုဟူ၍ ပညတ်ခဲ့သော် စွဲလမ်းမှုရှိသော တရားကို စွဲလမ်းခြင်းကင်းသော လုံးဝငြိမ်းအေးမှုဟူ၍ ပညတ်ရာရောက်၏။ အကယ်၍ သီလ စင်ကြယ်ခြင်း၊ စိတ်စင်ကြယ်ခြင်းစသည်တို့နှင့် ကင်း၍ စွဲလမ်းခြင်းကင်းသော လုံးဝ အေးငြိမ်းမှုသည် ဖြစ်၏ဟု ဆိုသော် ပုထုဇဉ်သည် လုံးဝငြိမ်းအေးသည် ဖြစ်ရာ၏"

## သာဝတ္ထိမှ သာကေတသို့

"ငါ့ရှင်၊ သင်အား ငါ ဥပမာတစ်ခုပြအံ့၊ ဤလောက၌ ဉာဏ်ပညာရှိသူအချို့တို့သည် ဥပမာအားဖြင့် စကား၏အနက်ကို နားလည်တတ်ကြပါသည်။ ငါ့ရှင်၊ ပသေနဒီကောသလမင်းသည် သာဝတ္ထိပြည်၌ နေစဉ် သာကေတမြို့၌ အရေးတကြီး ကိစ္စ ပေါ်လာသဖြင့် သာဝတ္ထိနှင့် သာကေတကြား၌ မြင်းရထား ခုနစ်စီးကို အဆင်သင့် ထားရှိစေရာ၏။ ထို့နောက် မင်းကြီးသည် ပထမရထားဖြင့် နန်းတော်မှ ထွက်ခွာ၍ တစ်ယူဇနာခရီးသို့ ရောက်လျှင် ယင်းပထမရထားကို လွှတ်လိုက်ပြီး ဒုတိယ ရထားကို စီးရာ၏။ နောက်ထပ် တစ်ယူဇနာ ခရီးခန့် ရောက်ပြန်သော် ဒုတိယရထားကို လွှတ်လိုက်ပြီး တတိယရထားကို စီးရာ၏။ ဤနည်းဖြင့် ရထား ခုနစ်စီး ပြောင်း၍စီးကာ ခုနစ်ယူဇနာဝေးသော သာကေတသို့ ဆိုက်ရောက်ရာ၏။ ထိုအခါ မင်းကြီးကို ဆွေမျိုးမိတ်ဆွေ စသူတို့က "အရှင်မင်းကြီးသည် ဤမြင်းရထားဖြင့် သာဝတ္ထိမှ သာကေတသို့ ရောက်လာပါသလော" ဟု မေးကြရာ၏။ ယင်းသို့ မေးသော် အဘယ်သို့ ဖြေက ကောင်းစွာ ဖြေရာ ရောက်မည်နည်း"

"ငါ့ရှင်၊ သာဝတ္ထိမှ သာကေတသို့ ရထားခုနစ်စီးပြောင်း၍ ခရီးဆက်ခဲ့ကြောင်း ဖြေကြားမှသာ ကောင်းစွာဖြေရာ ရောက်ပါလိမ့်မည်"

www.dhammaransi.com



"ငါ့ရှင်၊ ဤနည်းတူပင် သီလစင်ကြယ်ခြင်းသည် စိတ်စင်ကြယ်ရုံမျှသာ အကျိုးရှိ၏။ စိတ်စင်ကြယ်ခြင်း စသည်တို့သည်လည်း အယူစင်ကြယ်ခြင်း စသည် အတွက်သာလျှင် ဖြစ်ကုန်၏။ သစ္စာလေးပါးကို သိသော ဉာဏ်အမြင်စင်ကြယ်ခြင်းသည်ကား စွဲလမ်းခြင်းကင်းသော လုံးဝငြိမ်းအေးမှုအတွက် ဖြစ်၏။ ငါသည် ထိုစွဲလမ်းခြင်းကင်းသော လုံးဝငြိမ်းအေးမှုအလို့ငှာ မြတ်စွာဘုရားထံ၌ အကျင့်မြတ်ကို ကျင့်သုံးခြင်း ဖြစ်ပေ၏"

ဤသို့ အရှင်ပုဏ္ဏက ဖြေကြားသောအခါ အရှင်သာရိပုတ္တရာသည် အလွန်နှစ်သက် ကျေနပ်လှသဖြင့် အရှင်ပုဏ္ဏအား ချီးကျူးစကား မြွက်ကြား၏။ အရှင်ပုဏ္ဏကလည်း ဗုဒ္ဓ၏ ဟောကြားချက်နှင့်အညီ နက်နဲသော ပြဿနာကို မေးမြန်းသည့်အတွက် အရှင်သာရိပုတ္တရာအား ချီးကျူးစကား မြွက်ကြား၏။ ဤသို့လျှင် ရဟန္တာကြီးနှစ်ပါးတို့သည် တစ်ပါးသည် တစ်ပါး၏ ကောင်းစွာပြောဆိုအပ်သော စကားကို ထပ်တူထပ်မျှ ဝမ်းမြောက်ကြလေသည်။

www.dhammaransi.com

# ၂၅။ နိဝါပသုတ်

## မုဆိုးမြက်ခင်းဖြင့် ဥပမာပြု၍ ဟောကြားခြင်း

### မုဆိုး၏ မြက်ခင်း

ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတို့အား ဤသုတ်ကို ဟောကြားတော်မူသည်။

"ရဟန်းတို့၊ သားလိုက်မုဆိုးသည် 'ငါ၏ ဤမြက်ခင်းကို သားသမင်အပေါင်း စား၍ အသက်ရှည်ကြပါစေ' ဟူသော ရည်ရွယ်ချက်ဖြင့် မြက်ခင်းကို စိုက်ပျိုးထားသည် မဟုတ်။ မြက်ခင်းကို မက်မောစွာ စား၍ မေ့လျော့နေသော သားသမင်အပေါင်းကို မိမိကြိုက်သလို ဖမ်းဆီးသတ်ဖြတ်နိုင်ရန်အလို့ငှာသာလျှင် ထိုမြက်ခင်းကို စိုက်ပျိုးထားခြင်း ဖြစ်၏။-

'ရဟန်းတို့၊ အကြင် သားသမင်တို့သည် မုဆိုး စိုက်ပျိုးထားသော မြက်ခင်းအနီး၌ နေ၍ မက်မောစွာ စားသောက်ကာ မေ့လျော့ခြင်းသို့ ရောက်ကုန်၏။ ထိုသားသမင်အပေါင်းတို့သည် မုဆိုး၏ အလိုရှိသလို ဖမ်းဆီးသတ်ဖြတ်ခြင်းကို ခံရလေကုန်၏။-

'ရဟန်းတို့၊ ထိုပထမ သမင်အပေါင်း၏ အဖြစ်ကို သိမြင်ရသော ဒုတိယ သမင်အုပ်သည် မုဆိုး၏ မြက်ခင်းအနီး၌ နေ၍ စားခြင်းမှ ရှောင်ကြဉ်ကာ တောနက်ထဲသို့ ဝင်ရောက်၍ နေကြလေသည်။ သို့သော် နွေရာသီ၏ နောက်ဆုံးလသို့ ရောက်၍ အစာရေစာ ရှားပါးလာသော် ကိုယ်ပင်ပန်း၍ အင်အား

www.dhammaransi.com



ဆုတ်ယုတ်သဖြင့် ထိုသမင်တို့သည် မုဆိုး၏ မြက်ခင်းသို့ ပြန်လာကာ စားသောက်ကြလေသည်။ ထို့ကြောင့် ဒုတိယသမင်အုပ်သည်လည်း မုဆိုး၏ လက်တွင်းသို့ ကျရောက် ပြန်၏။-

"ရဟန်းတို့၊ ပထမသမင်အုပ်နှင့် ဒုတိယသမင်အုပ်အဖြစ်ကို သိမြင်ရသော တတိယသမင်အုပ်သည် မုဆိုး၏ မြက်ခင်းအနီး၌ ဝပ်ကျင်းဖွဲ့၍နေကာ မုဆိုးအလစ်တွင် မြက်ခင်းသို့ ဝင်၍ စားကြလေသည်။ ထိုအခါ မုဆိုးသည် မြက်ခင်း၏ လေးဘက်လေးတန်၌ တုတ်ချွန်တပ်သော ပိုက်တို့ဖြင့် ကာရံကာ သမင်တို့၏ ဝပ်ကျင်းများကို ရှာဖွေ ဖျက်ဆီးလေသည်။ ဤသို့ဖြင့် တတိယသမင်အုပ်သည်လည်း မုဆိုး၏ လက်တွင်းသို့ ကျရောက်သွားပြန်၏။-

'ရဟန်းတို့၊ ထိုပထမ၊ ဒုတိယ၊ တတိယသမင်အုပ်တို့၏ အဖြစ်ကို သိမြင်ရသော စတုတ္ထသမင်အုပ်သည်ကား မုဆိုး မဝင်ရောက်နိုင်မည့် အရပ်၌ ဝပ်ကျင်းဖွဲ့၍ နေပြီး မုဆိုးအလစ်တွင် မြက်ခင်းကို ဝင်၍ စားလေသည်။ မုဆိုးသည် မြက်ခင်း၏ လေးဘက်လေးတန်၌ တုတ်ချွန်တပ်သော ပိုက်တို့ဖြင့် ကာရံပြီး သမင်များ ခိုအောင်းရာ အရပ်ကို ရှာဖွေသော်လည်း မတွေ့ရှိချေ။ မုဆိုးသည် ထိုသမင်များ မြက်ခင်းသို့ ဝင်စားနေစဉ် ပစ်ခတ်ဖမ်းဆီးလျှင် ထိတ်လန့်ချောက်ချားပြီး မည်သည့်သမင်မျှ မလာဘဲ နေမည်ကို စိုးရိမ်သောကြောင့် ထိုသမင်တို့ကို လျစ်လျူရှု၍ ထားလိုက်ရသည်။"

## မာရ်နတ်၏မြက်ခင်း

"ရဟန်းတို့၊ အနက်အဓိပ္ပာယ်ကို သိလွယ်စေရန် ဤဥပမာကို ပြဆိုခြင်းဖြစ်၏။ ဤဥပမာ၌ 'မြက်ခင်း' ဟူသည် ကာမဂုဏ်ငါးပါးကို ဆိုလိုခြင်းဖြစ်၏။ 'သားမုဆိုး' ဟူသည် မာရ်နတ်ယုတ်ကို ဆိုလိုခြင်းဖြစ်၏။ 'မုဆိုး၏ ပရိသတ်' ဟူသည် မာရ်နတ်၏ ပရိသတ်ကို ဆိုလိုခြင်းဖြစ်၏။ 'သာ သမင်အပေါင်း' ဟူသည် ရဟန်းပုဏ္ဏားတို့ကို ဆိုလိုခြင်း ဖြစ်၏။-

'ရဟန်းတို့၊ ဤလောက၌ အကြင်ရဟန်းပုဏ္ဏားတို့သည် မာရ်နတ်တည်ဟူသော မုဆိုး၏ ကာမဂုဏ်ငါးပါးတည်းဟူသော မြက်ခင်းသို့ ဝင်၍ မက်မောစွာ ခံစား သုံးဆောင်နေကြကုန်၏။ ထိုရဟန်း ပုဏ္ဏားတို့သည် မာရ်နတ်၏ တန်ခိုးအာနုဘော်မှ မလွတ်နိုင်ကြချေ။-

'ရဟန်းတို့၊ အကြင်ရဟန်းပုဏ္ဏားတို့သည် မာရ်နတ်၏ ကာမဂုဏ်မြက်ခင်းမှ ကင်းလွတ်ရန် ရှောင်ရှားလျက် တောထဲသို့ ဝင်ကာ သစ်သီး သစ်ရွက် စသည်တို့ကို

www.dhammaransi.com



စားသုံးလျက် ခြိုးခြံစွာကျင့်ကြံနေကြကုန်၏။ သို့သော် နွေရာသီ၏ နောက်ဆုံးလသို့ရောက်၍ အစာရေစာ ရှားပါးလာသော် မာရ်နတ်၏ ကာမဂုဏ်မြက်ခင်းဖြစ်သော မြို့ရွာသို့ ပြန်လာကာ ဘောဇဉ်တို့ကို မက်မောစွာ စားသုံး၍ မေ့လျော့ခြင်းသို့ ရောက်ကြကုန်၏။ ထိုရဟန်းပုဏ္ဏားတို့သည်လည်း မာရ်နတ်၏ တန်ခိုးအာနုဘော်မှ မလွတ်မြောက်နိုင်ကြချေ။-

'ရဟန်းတို့၊ အကြင်ရဟန်းပုဏ္ဏားတို့သည် မာရ်နတ်၏ ကာမဂုဏ်မြက်ခင်းနှင့်တူသော မြို့ရွာကို အမှီပြု၍ နေထိုင်ကြကုန်၍ ဘောဇဉ်တို့ကို မက်မောခြင်းမရှိဘဲ သုံးဆောင်ကြပြီး မေ့လျော့ခြင်းသို့ မရောက်ကုန်၊ သို့သော်လည်း ၎င်းတို့သည် 'လောကသည် မြဲ၏၊ လောကသည် မမြဲ' စသော အယူအမျိုးမျိုးကို စွဲယူကြကုန်၏။ ထိုရဟန်း ပုဏ္ဏားတို့သည်လည်း မာရ်နတ်၏ တန်ခိုးအာနုဘော်မှ မလွတ်မြောက်နိုင်ကြချေ။-

'ရဟန်းတို့၊ အကြင်ရဟန်းပုဏ္ဏားတို့သည် မာရ်နတ်နှင့် မာရ်နတ်ပရိသတ် မဝင်ရောက်နိုင်သော အရပ်၌ နေ၍ ကာမဂုဏ်ငါးပါးသို့ တိုးဝင်ခြင်း မပြု၊ ဘောဇဉ်တို့ကိုလည်း မက်မောခြင်းမရှိဘဲ သုံးဆောင်၍ မေ့လျော့ခြင်းသို့ မရောက်ကြကုန်၊ ထိုရဟန်းပုဏ္ဏားတို့သည်ကား မာရ်နတ်၏ တန်ခိုးအာနုဘော်မှ လွတ်မြောက်ကြကုန်၏။-

## မာရ်နတ် မဝင်ရောက်နိုင်သော အရပ်

"ရဟန်းတို့၊ မာရ်နတ်နှင့် မာရ်နတ်ပရိသတ်များ မဝင်ရောက်နိုင်သော အရပ်ဟူသည် အဘယ်နည်းဆိုသော် ဤသာသနာ၌-ရဟန်းသည် ကာမဂုဏ်တို့မှလည်းကောင်း၊ အကုသိုလ်တရားတို့မှလည်းကောင်း ကင်းဆိတ်၍ ကြံစည်ခြင်း၊ သုံးသပ်ခြင်းနှင့် တကွဖြစ်သော ကိလေသာကင်းဆိတ်မှုကြောင့်ဖြစ်သည့် နှစ်သိမ့်ချမ်းသာခြင်းရှိသော ပထမဈာန်ကို ဝင်စား၍နေ၏။ ဤရဟန်းကို 'မာရ်နတ်ကို ကန်းအောင်ပြုသူ၊ မာရ်နတ် မမြင်ရာအရပ်သို့ ရောက်သူ' ဟု ဆိုအပ်၏။-

(ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်တို့၌လည်း နည်းတူ ဟောကြား၏။)

'ရဟန်းတို့၊ ထို့မှတစ်ပါးလည်း ရဟန်းသည် ရူပသညာတို့ကို လုံးဝလွန်မြောက်ခြင်းကြောင့်၊ ပဋိဃသညာတို့၏ ချုပ်ပျောက်ခြင်းကြောင့်၊ အမျိုးမျိုးသော နာနတ္တသညာတို့ကို နှလုံးမသွင်းခြင်းကြောင့် 'အာကာသသည် အဆုံးအပိုင်းအခြားမရှိ' ဟူ၍ နှလုံးသွင်းကာ အာကာသာနဉ္စာယတနဈာန်ကို ဝင်စား၍နေ၏။-

www.dhammaransi.com



'တစ်ပါးသောရဟန်းသည် အာကာသာနဉ္စာယတနဈာန်ကို လုံးဝလွန်မြောက်၍ 'ဝိညာဉ်သည် အဆုံးအပိုင်းအခြားမရှိ' ဟူ၍ နှလုံးသွင်းပြီး ဝိညာဏဉ္စာယတနဈာန်ကို ဝင်စား၍နေ၏။-

'ထိုမှတစ်ပါးသောရဟန်းသည်ကား ဝိညာဏဉ္စာယတနဈာန်ကို လုံးဝလွန်မြောက်၍ 'ဘာမျှမရှိ' ဟု နှလုံးသွင်းပြီး အာကိဉ္စညာယတနဈာန်ကို ဝင်စား၍နေ၏။-

'ထိုမှတစ်ပါးသော ရဟန်းသည်ကား အာကိဉ္စညာယတနဈာန်ကို လုံးဝလွန်မြောက်၍ နေဝသညာနာသညာယတနဈာန်ကို ဝင်စား၍နေ၏။ ဤရဟန်းကို 'မာရ်နတ်ကို ကန်းအောင်ပြုသူ၊ မာရ်နတ် မမြင်ရာအရပ်သို့ ရောက်သူ' ဟု ဆိုအပ်၏။-

'ရဟန်းတို့၊ ထိုမှတစ်ပါးသော ရဟန်းသည်ကား နေဝသညာနာသညာယတနဈာန်ကို လုံးဝလွန်မြောက်၍ သညာဝေဒနာတို့၏ ချုပ်ရာ နိရောဓသမာပတ်ကို ဝင်စားနေ၏။ ထိုရဟန်းအား ပညာဖြင့် သိမြင်၍ အာသဝတို့သည်လည်း ကုန်ခန်းကုန်၏။ ဤရဟန်းကို 'မာရ်နတ်ကို ကန်းအောင်ပြုသူ၊ မာရ်နတ် မမြင်ရာအရပ်သို့ ရောက်သူ၊ လောက၌ ကပ်ငြိခြင်းကို လွန်မြောက်ပြီးသူ' ဟု ဆိုအပ်၏"

ဗုဒ္ဓမြတ်စွာက ဤသို့ဟောကြားသော် ရဟန်းတို့သည် ထိုဟောကြားချက်ကို လွန်စွာ နှစ်သက်ကြလေသည်။

www.dhammaransi.com

# ၂၆။ ပါသရာသိသုတ်

## ကာမဂုဏ်ငါးပါးကို ကျော့ကွင်းစုဖြင့် ဥပမာပြု၍ ဟောကြားခြင်း

### ရမ္မကကျောင်းသင်္ခမ်းသို့

ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် နံနက်အချိန်တွင် မြို့တွင်းသို့ ဆွမ်းခံကြွတော်မူ၏။ ထိုအခါ များစွာသော ရဟန်းတို့သည် ရှင်အာနန္ဒာထံ ချဉ်းကပ်၍ "ငါ့ရှင်အာနန္ဒာ၊ ငါတို့သည် မြတ်စွာဘုရားထံမှ တရားစကားကို မကြားနာရသည်မှာ ကြာပြီဖြစ်၍ တရားနာလိုပါသည်" ဟု ပြောဆိုကြသည်။ ရှင်အာနန္ဒာက "ငါ့ရှင်တို့၊ သို့ဖြစ်လျှင် သင်တို့သည် ရမ္မကပုဏ္ဏား၏ ကျောင်းသင်္ခမ်းသို့ သွားနှင့်ကြကုန်လော့" ဟု ပြောဆိုသည်။ ထိုရဟန်းတို့လည်း "ကောင်းပါပြီ" ဟု ဆိုကာ ရမ္မကကျောင်းသင်္ခမ်းသို့ သွားနှင့်ကြလေသည်။

ဗုဒ္ဓသည် ဆွမ်းခံရာမှ ပြန်ကြွလာသောအခါ ရှင်အာနန္ဒာကို ခေါ်၍ ပုဗ္ဗာရုံကျောင်း မိဂါရမာတာပြာသာဒ်သို့ နေ့သန့်ရန် ကြွတော်မူသည်။ ညနေစောင်းအချိန်သို့ ရောက်၍ နေ့သန့်ရာမှ ထတော်မူလျှင် ရှင်အာနန္ဒာနှင့်အတူ အရှေ့ဘက်မုခ်သို့ ကြွ၍ ကိုယ်ကို ရေသွန်းလောင်းခြင်းပြုတော်မူသည်။ ရေထဲမှတက်လာပြီး ကိုယ်ကိုခြောက်သွေ့စေရန် တစ်ထည်တည်းသောသင်္ကန်းဖြင့် ရပ်နေတော်မူစဉ် ရှင်အာနန္ဒာက အနီးရှိ ရမ္မကကျောင်းသင်္ခမ်းသို့ ကြွရောက်ရန် တောင်းပန်သည်။ ဗုဒ္ဓသည် ရှင်အာနန္ဒာ၏ တောင်းပန်ခြင်းကို ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူပြီး ရမ္မက ကျောင်းသင်္ခမ်းသို့ ကြွတော်မူသည်။

www.dhammaransi.com



ရမ္မကကျောင်းသခ်မ်းသို့ ဗုဒ္ဓဆိုက်ရောက်သွားချိန်တွင် များစွာသော ရဟန်းတို့သည် တရားစကားကို ပြောဆိုနေကြသည်။ ဗုဒ္ဓသည် ထိုရဟန်းတို့၏ စကားပြီးဆုံးသည့်တိုင်အောင် တံခါးမုခ်၏ အပြင်ဘက်၌ စောင့်ဆိုင်းနေပြီး စကားပြီးဆုံးကြောင်း သိလျှင် ချောင်းဟန့်၍ တံခါးကို ခေါက်တော်မူသည်။ ရဟန်းတို့က တံခါးကို ဖွင့်ပေးသောအခါ ကျောင်းတွင်းသို့ဝင်၍ ခင်းထားအပ်သော နေရာ၌ ထိုင်တော်မူပြီး "ရဟန်းတို့၊ သင်တို့သည် ယခု အဘယ်သို့သော စကားဖြင့် စုဝေးထိုင်နေကြသနည်း" ဟု မေးတော်မူသည်။ ရဟန်းတို့က "အရှင် ဘုရားတပည့်တော်တို့အား မြတ်စွာဘုရားကိုပင် အကြောင်းပြု၍ တရားစကားသည် ဖြစ်ပေါ်ခဲ့ပါသည်" ဟုဖြေကြားကြသည်။ ဗုဒ္ဓသည် ထိုအဖြေကို အကြောင်းပြု၍ ရဟန်းတို့အား တရားဟောကြားတော်မူသည်။

## ရှာဖွေခြင်းနှစ်မျိုး

"ရဟန်းတို့၊ ကောင်းလှပေ၏။ ယုံကြည်မှုဖြင့် လူ့ဘောင်မှထွက်၍ ရဟန်းပြုသော သင်အမျိုးကောင်းသားတို့အား တရားစကားကို ပြောဆိုနေခြင်းသည် သင့်လျော်လှပေ၏။ ရဟန်းတို့၊ တစ်ပေါင်းတည်း စုဝေးနေသော သင်တို့သည် တရားစကားကို ပြောဆိုခြင်း၊ မြတ်သောဆိတ်ဆိတ်နေခြင်း ဟူသော ကိစ္စနှစ်ခုအနက် တစ်ခုခုကို ပြုသင့်ပြုထိုက်၏။

'ရဟန်းတို့၊ ရှာဖွေခြင်းတို့သည် မြတ်သောရှာဖွေခြင်း၊ မမြတ်သော ရှာဖွေခြင်းဟူ၍ နှစ်ပါးရှိ၏။ ရဟန်းတို့၊ မမြတ်သောရှာဖွေခြင်းဟူသည် အဘယ်နည်းဆိုသော်– ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မိမိကိုယ်တိုင် ဘဝသစ်၌ ဖြစ်ခြင်း သဘောရှိသူဖြစ်လျက် ဘဝသစ်၌ ဖြစ်ခြင်းသဘောရှိသော အရာကိုသာ ရှာဖွေ၏။ မိမိကိုယ်တိုင် အိုခြင်း၊ နာခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ညစ်နွမ်းခြင်း သဘောရှိသူဖြစ်လျက် အိုခြင်း၊ နာခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ညစ်နွမ်းခြင်း သဘောရှိသော အရာကိုသာ ရှာဖွေ၏။ ရဟန်းတို့၊ ဤရှာဖွေခြင်းသည် မမြတ်သော ရှာဖွေခြင်းဖြစ်၏။–

'ရဟန်းတို့၊ အဘယ်ကို ဘဝသစ်၌ဖြစ်ခြင်း သဘောရှိသော အရာဟု ဆိုသနည်းမူ– သားမယားသည် ဘဝသစ်၌ ဖြစ်ခြင်းသဘောရှိသော အရာဖြစ်၏။ ကျွန်မ၊ ကျွန်ထီး၊ ဆိတ်၊ သိုး၊ ကြက်၊ ဝက်၊ ဆင်၊ နွား၊ မြင်း၊ မြည်း၊ ရွှေငွေသည် ဘဝသစ်၌ ဖြစ်ခြင်းသဘောရှိသော အရာဖြစ်၏။ ရဟန်းတို့၊ ကာမဂုဏ်

www.dhammaransi.com



ငါးပါးတည်းဟူသော ဥပဓိတို့သည် ဘဝသစ်၌ ဖြစ်ခြင်းသဘောရှိသော အရာများ ဖြစ်ကုန်၏။ ဤဥပဓိတို့၌ တပ်မက်ခြင်း၊ မိန်းမောခြင်းသို့ ရောက်ကာ သတ္တဝါ အပေါင်းသည် မိမိကိုယ်တိုင် ဘဝသစ်၌ ဖြစ်ခြင်းသဘောရှိသူဖြစ်လျက် ဘဝ သစ်ဖြစ်ခြင်းသဘောရှိသော အရာကိုသာလျှင် ရှာဖွေနေကြ၏။"

(အိုခြင်းသဘော၊ နာခြင်းသဘောစသည်တို့၌လည်း နည်းတူဟောကြား၏)

## မြတ်သောရှာဖွေခြင်း

"ရဟန်းတို့၊ မြတ်သောရှာဖွေခြင်းဟူသည် အဘယ်နည်းဆိုသော်-ဤ လောက၌ အချို့သော ပုဂ္ဂိုလ်သည် မိမိကိုယ်တိုင် ဘဝသစ်၌ဖြစ်ခြင်း သဘော ရှိသူဖြစ်လျက် ဘဝသစ်ဖြစ်ခြင်း၌ အပြစ်ကိုမြင်၍ ဘဝအသစ်ဖြစ်ခြင်း မရှိသည့် အမြတ်ဆုံးဖြစ်သော ယောဂလေးပါးကုန်ရာ နိဗ္ဗာန်ကို ရှာဖွေ၏။ မိမိကိုယ်တိုင် အိုခြင်း၊ နာခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ညစ်နွမ်းခြင်း သဘောရှိသူ ဖြစ်လျက် အိုခြင်း၊ နာခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်းသဘောရှိသော အရာ၌ အပြစ်ကို မြင်၍ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ညစ်နွမ်းခြင်းမရှိသည့် အမြတ်ဆုံးဖြစ်သော ယောဂလေးပါးကုန်ရာ နိဗ္ဗာန်ကို ရှာဖွေ၏။ ရဟန်းတို့၊ ဤရှာဖွေခြင်းသည် မြတ်သော ရှာဖွေခြင်း ဖြစ်၏။"

## ဘုရားမဖြစ်မီက ရှာဖွေခဲ့ပုံ

"ရဟန်းတို့၊ ငါသည်လည်း အမှန်တရားကို ကိုယ်တိုင်မသိမီ ရှေးအခါက အမှန်တရားကို ကိုယ်တိုင်ထိုးထွင်း၍ မသိသေးသော ဘုရားလောင်းဖြစ်စဉ်က မိမိကိုယ်တိုင် ဘဝအသစ် ဖြစ်ခြင်းသဘောရှိသူဖြစ်လျက် ဘဝအသစ်ဖြစ်ခြင်း သဘောရှိသော အရာကိုသာ ရှာဖွေခဲ့၏။ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ညစ်နွမ်းခြင်းသဘောရှိသူ ဖြစ်လျက် ညစ်နွမ်းခြင်းသဘောရှိသော အရာကိုသာ ရှာဖွေခဲ့၏။ ထို့နောက် ငါသည် ဘဝအသစ်ဖြစ်ခြင်း၊ အိုခြင်း၊ နာခြင်း စသည့် သဘောရှိသော အရာတို့၌ အပြစ်ကိုမြင်၍ ယင်းသဘောတို့မှ ကင်းသည့် အမြတ်ဆုံး ဖြစ်သော ဘေးကင်းရာ နိဗ္ဗာန်ကို ရှာဖွေရန် ကြံစည် စဉ်းစားခဲ့၏။-

'ရဟန်းတို့၊ ငါသည် နောက်အခါဝယ် မည်းနက်သော ဆံပင်ရှိသည့် ငယ်ရွယ်သူဖြစ်လျက်၊ ကောင်းသော နပျိုမှုနှင့် လည်းကောင်း၊ ပထမအရွယ်နှင့် လည်းကောင်း ပြည့်စုံသူဖြစ်လျက်၊ အလိုမတူသော မိဘတို့သည် မျက်ရည်

www.dhammaransi.com



ပြည့်သော မျက်နှာဖြင့် ငိုကြွေးနေကြစဉ်မှာပင် ဆံမုတ်ဆိတ်ကိုပယ်၍ ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ပြီး လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ခဲ့၏။ ဤသို့ ရဟန်းဖြစ်လာသည်ရှိသော် ငါသည် ကုသိုလ်တရားကို ရှာလျက်၊ ကာလာမ အနွယ်ဝင် အာဠာရရသေ့ထံ ချဉ်းကပ်၍ "ငါ့ရှင်ကာလာမ၊ ငါသည် သင်၏တရား ဝိနည်း၌ အကျင့်မြတ်ကို ကျင့်လိုပါသည်" ဟု ပြောဆိုခဲ့၏။ အာဠာရရသေ့ကလည်း "အရှင်သည် ငါ့ထံ၌ နေလှည့်ပါ၊ ငါ၏တရားကား အသိဉာဏ်ရှိသူသည် မကြာမီပင် မိမိဆရာ တွေ့သိသောတရားကို ကိုယ်တိုင်ဉာဏ်ထူးဖြင့် မျက်မှောက်ပြု၍ နေနိုင်မည့် တရားဖြစ်ပါသည်" ဟု ပြောဆိုခဲ့၏။-

'ရဟန်းတို့၊ ငါသည် မကြာမီပင် အာဠာရ၏တရားကို သင်ယူခဲ့၏။ ငါသည် နှုတ်ခမ်းလှုပ်ရုံ၊ ဆရာဆိုသည်ကို လိုက်၍ဆိုရုံမျှနှင့်ပင် သိပြီဟူသော စကားကို ဆိုနိုင်ခဲ့၏။ သိ၏ မြင်၏ ဟူ၍ ငါကိုယ်တိုင်လည်း ဝန်ခံနိုင်ခဲ့၏။ အခြားသူတို့ကလည်း ဝန်ခံကြ၏။ ရဟန်းတို့၊ ငါ့အား 'အာဠာရသည် ဤတရားကို ယုံကြည်မှုသက်သက်ဖြင့် ဟောပြောသည်မဟုတ်။ စင်စစ် ကိုယ်တိုင်သိမြင်၍နေ၏' ဟူ၍ အကြံဖြစ်ခဲ့၏။-

'ရဟန်းတို့၊ ထိုအခါ ငါသည် အာဠာရရသေ့ထံချဉ်းကပ်၍ "ငါ့ရှင်ကာလာမ၊ သင်သည် အဘယ်မျှဖြင့် ဤတရားကို ရရောက်၍ နေ၏ဟု ဟောကြားပါသနည်း" ဟု မေးခဲ့၏။ အာဠာရရသေ့က အာကိဉ္စညာယတနဈာန်ကို ဟောကြားခဲ့၏။ ထိုအခါ ငါသည် "အာဠာရ ရသေ့အားသာ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာရှိသည်မဟုတ်၊ ငါ့အားလည်းရှိ၏။ အာဠာရ မျက်မှောက် ပြုအပ်သော တရားကို ငါလည်း မျက်မှောက်ပြုနိုင်အောင် အားထုတ်အံ့" ဟု ကြံ၍ အားထုတ်ရာ မကြာမီပင် အာဠာရ တွေ့သိအပ်သော တရားကို ကိုယ်တိုင်ဉာဏ်ထူးဖြင့် မျက်မှောက်ပြုကာ ရရောက်၍ နေနိုင်ခဲ့၏။-

'ရဟန်းတို့၊ ထိုအခါ ငါသည် အာဠာရရသေ့ထံ ချဉ်းကပ်၍ မေးမြန်းခဲ့၏-

"ငါ့ရှင်ကာလာမ၊ သင်သည် ဤအာကိဉ္စညာယတနဈာန်မျှဖြင့် ဤတရားကို ကိုယ်တိုင်မျက်မှောက်ပြု၍ နေ၏ဟု ပြောကြားပါသလော"

"ငါ့ရှင်ဂေါတမ၊ မှန်ပေ၏"

"ငါ့ရှင်ကာလာမ၊ ငါသည်လည်း ဤအာကိဉ္စညာယတနဈာန်မျှဖြင့် ဤတရားကို မျက်မှောက်ပြု၍နေ၏ဟု ပြောကြားပါသည်။"

"ငါ့ရှင်ဂေါတမ၊ သင်ကဲ့သို့သော သီတင်းသုံးဖော်ကို တွေ့မြင်ရသော ငါတို့အား အရတော်လှပေစွ။ ငါသည် မျက်မှောက်ပြု၍ ဟောကြားသော တရားကို

www.dhammaransi.com



သင်သည်လည်း မျက်မှောက်ပြု၍ ဟောကြား၏။ သင်သည်မျက်မှောက်ပြု၍ ဟောကြားသောတရားကိုပင် ငါသည်လည်း မျက်မှောက်ပြု၍ ဟောကြား၏။ ဤသို့လျှင် ငါသိသော တရားကို သင်သိ၏။ သင်သိသော တရားကိုပင် ငါသိ၏။ သင်နှင့် ငါကား တန်းတူရည်တူ ဖြစ်၏။ သင်နှင့် ငါနှစ်ဦး ဤဂိုဏ်းကို ဦးစီးဦးဆောင်ပြု၍ နေကြပါစို့"

'ရဟန်းတို့၊ ဤသို့လျှင် အာဠာရသည် ငါ၏ ဆရာဖြစ်ပါလျက် တပည့်ဖြစ်သော ငါ့ကို မိမိနှင့် တန်းတူရည်တူ ထားခဲ့၏။ မြတ်သော ပူဇော်ခြင်းဖြင့်လည်း ပူဇော်ခဲ့၏။ သို့သော် အာဠာရ၏ တရားသည် ဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်း၊ တပ်စွန်းမှုကင်းခြင်း၊ ငြိမ်းအေးခြင်းအလို့ငှာ မဖြစ်နိုင်ကြောင်း စဉ်းစားမိသဖြင့် ငါသည် ထိုတရားကို အလေးမပြုဘဲ အာဠာရ ရသေ့ထံမှ ထွက်ခွာခဲ့၏"

## ဥဒကရသေ့ထံ ချဉ်းကပ်ခြင်း

"ရဟန်းတို့၊ ထို့နောက် ငါသည် အမြတ်ဆုံးဖြစ်သော ငြိမ်းအေးကြောင်းတရားကို ရှာလျက် ရာမ၏သား(တပည့်) ဥဒကရသေ့ထံ ချဉ်းကပ်၍ ရာမ၏ တရားကို သင်ယူခဲ့၏။ ထို့နောက် ရာမသည် ဤတရားကို ယုံကြည်မှုဖြင့် ဟောကြားသည် မဟုတ်။ ကိုယ်တိုင် သိမြင်၍ ဟောကြားခြင်း ဖြစ်၏' ဟု စဉ်းစားမိ သောကြောင့် ငါသည် ဥဒကရသေ့ထံ ချဉ်းကပ်၍ "ငါ့ရှင်ဥဒက၊ ရာမသည် အဘယ်မျှဖြင့် ဤတရားကို ကိုယ်တိုင် မျက်မှောက်ပြု၍ နေ၏ဟု ပြောကြားပါသနည်း" ဟူ၍ မေးခဲ့၏။ ဥဒကရသေ့ကလည်း နေဝသညာနာသညာယတနစျာန်ကို ပြောကြားခဲ့၏။ ထိုအခါ ငါသည် 'ရာမအားသာ သဒ္ဓါ၊ ဝီရိယစသည် ရှိသည် မဟုတ်။ ငါ့အားလည်း ရှိ၏' ဟု ကြံ၍ အားထုတ်ရာ မကြာမီပင် ထိုနေဝသညာနာသညာယတနစျာန်ကို မျက်မှောက်ပြု၍ နေနိုင်ခဲ့၏။–

'ရဟန်းတို့၊ ထိုအခါ ငါသည် ဥဒကရသေ့ထံ ချဉ်းကပ်၍ နေဝသညာနာသညာယတနစျာန်ကို မျက်မှောက်ပြု၍ နေနိုင်ပြီဖြစ်ကြောင်း ပြောကြားခဲ့၏။ ဥဒကရသေ့သည် "သင်ကား ရာမ သိသော တရားကို သိ၏။ သင်သည် ဤဂိုဏ်းကို ဦးစီးဦးဆောင်ပြု၍ နေပါလော့" ဟူ၍ ငါ့အား ပြောဆိုခဲ့၏။ ရဟန်းတို့၊ ဤသို့လျှင် ဥဒကရသေ့သည် ငါ၏ သီတင်းသုံးဖော် ဖြစ်ပါလျက် ငါ့ကို သူ၏ ဆရာအရာ၌ ထားခဲ့၏။ မြတ်သော ပူဇော်ခြင်းဖြင့်လည်း ပူဇော်ခဲ့၏။ သို့သော် ရာမ၏ တရားမှာ ဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်း၊ တပ်စွန်းမှုကင်းခြင်း စသည် အလို့ငှာ မဖြစ်နိုင်ကြောင်း စဉ်းစားမိသဖြင့် ငါသည် ဥဒကရသေ့ထံမှ ထွက်ခွာခဲ့၏။"

www.dhammaransi.com



## နိဗ္ဗာန်ကိုရရှိခြင်း

"ရဟန်းတို့၊ ငါသည် အမြတ်ဆုံးဖြစ်သော ငြိမ်းအေးကြောင်းတရားကို ရှာလျက် မဂဓတိုင်းအတွင်း၌ အစဉ်အတိုင်း လှည့်လည်စဉ် ဥရုဝေလတော သေနနိဂုံးသို့ ဆိုက်ရောက်ခဲ့၏။ ထိုဥရုဝေလတော၌ မွေ့လျော်ဖွယ်မြေပြင်နှင့် စိတ်ကြည်လင်ဖွယ်တောအုပ်ကိုလည်းကောင်း၊ ဖြူဖွေးသောရေ၊ ကောင်းမွန်သော ဆိပ်ကမ်းရှိ၍ တသွင်သွင်စီးနေသော မြစ်ကိုလည်းကောင်း၊ ပတ်ဝန်းကျင်မှ ဆွမ်းခံရွာကို လည်းကောင်း တွေ့မြင်ခဲ့၏။ ထိုအခါ ငါသည် 'ဤအရပ်ကား တရားအားထုတ်လိုသော အမျိုးကောင်းသားအား တရားအားထုတ်ရန် လျောက်ပတ်၏' ဟု ကြံ၍ ထိုအရပ်၌ပင် နေထိုင်ခဲ့၏–

'ရဟန်းတို့၊ ငါသည် မိမိကိုယ်တိုင် ဘဝအသစ် ဖြစ်ခြင်း၊ သဘောရှိသူ ဖြစ်လျက် ဘဝအသစ် ဖြစ်ခြင်းသဘောရှိသော အရာ၌ အပြစ်ကိုမြင်၍ ဘဝဖြစ်ခြင်း မရှိသည့် အမြတ်ဆုံးဖြစ်သော ယောဂလေးပါးကုန်ရာ နိဗ္ဗာန်ကို ရှာဖွေရရှိခဲ့၏။ (အိုခြင်းသဘော စသည်တို့၌ နည်းတူဟော၏) 'ငါ၏ လွတ်မြောက်ခြင်းသည် မပျက်စီးနိုင်၊ ဤဘဝသည် နောက်ဆုံးဘဝ ဖြစ်၏။ နောက်ထပ်ဖြစ်ခြင်း မရှိတော့' ဟူ၍ ငါ့အား ဉာဏ်အမြင်သည် ဖြစ်ပေါ်ခဲ့၏။"

## ကြောင့်ကြမဲ့နေရန် စိတ်ညွှတ်ခြင်း

"ရဟန်းတို့၊ ဤသို့ နိဗ္ဗာန်ကိုရရှိသော ငါ့အား 'ငါရရှိသော တရားကား နက်နဲ၏။ ကာမဂုဏ်၌ မွေ့လျော်သော သတ္တဝါအပေါင်းသည် သိမြင်ရန် မလွယ်။ တရားဟောသော်လည်း ပင်ပန်းရုံသာ ရှိရာ၏' ဟူ၍ အကြံဖြစ်ခဲ့၏။ ထို့ကြောင့် ငါ၏စိတ်သည် တရားမဟောဘဲ ကြောင့်ကြမဲ့နေရန် တိမ်းညွှတ်ခဲ့၏။ ထိုအခါ သဟမ္ပတိဗြဟ္မာသည် မိမိစိတ်ဖြင့် ငါ၏စိတ်အကြံကို သိ၍ ငါ၏ရှေ၌ ထင်ရှားပေါ်လာပြီး ငါ့ကို တရားဟောရန် တောင်းပန်ခဲ့၏။ ရဟန်းတို့၊ ငါသည် ဗြဟ္မာ၏ တောင်းပန်ခြင်းကို အသိအမှတ်ပြု၍ သတ္တဝါတို့အပေါ်၌ သနားခြင်းကိုလည်း အကြောင်းပြု၍ ဗုဒ္ဓစက္ခုဖြင့် လောကကို ကြည့်ရှုလတ်သော် ဉာဏ်မျက်စိ၌ ကိလေသာမြူ နည်းသူ၊ များသူ၊ ဣန္ဒြေရင့်သူ၊ နုသူ၊ အခြင်းအရာကောင်းသူ၊ မကောင်းသူ၊ သိလွယ်သူ၊ မသိလွယ်သူ၊ တမလွန်လောက၌ အပြစ်ကို ကြောက်လန့်ဖွယ်ဟု ရှုသူ၊ မရှုသူအားဖြင့် နှစ်မျိုးနှစ်စားသော သတ္တဝါတို့ကို တွေ့မြင်ရ၏။

www.dhammaransi.com



ဥပမာ ကြာတော၌ အချို့ကြာပင်တို့သည် ရေထဲ၌ နစ်မြုပ်နေသည်ကို လည်းကောင်း၊ အချို့ကြာပင်တို့သည် ရေနှင့်အညီ တည်နေသည်ကိုလည်းကောင်း၊ အချို့ကြာပင်တို့သည် ရေပေါ်သို့ တက်၍ နေကြသည်ကိုလည်းကောင်း မြင်ရသကဲ့သို့ ဖြစ်၏။ ထိုအခါ ငါသည် သဟမ္ပတိဗြဟ္မာအား သဒ္ဓါ၊ ပညာနှင့် ပြည့်စုံသူတို့အတွက် အမြိုက်နိဗ္ဗာန်တံခါးကို ဖွင့်လှစ်ထားပြီဖြစ်ကြောင်း မိန့်ကြားတော်မူလိုက်၏။–

## တရားဦး ဟောခြင်း

"ရဟန်းတို့၊ ထိုနောက် ငါသည် 'အဘယ်သူ့အား ရှေးဦးစွာ တရားဟောရအံ့နည်း' ဟု စဉ်းစားသော် 'အာဠာရ ရသေ့သည် ငါ၏တရားကို လျင်မြန်စွာ နားလည်လိမ့်မည်' ဟု အကြံဖြစ်ခဲ့၏။ ထိုအခါ အာဠာရရသေ့ ကွယ်လွန်သည်မှာ ခုနစ်ရက်ရှိပြီဖြစ်ကြောင်း နတ်တစ်ပါးက လာ၍ ပြောခဲ့၏။ ငါ့အားလည်း ယင်းသို့ပင် ဉာဏ်အမြင် ဖြစ်ခဲ့၏၊ တစ်ဖန် ရာမ၏ သား(တပည့်) ဥဒကရသေ့အား တရားဟောရန် ကြံသောအခါ၌လည်း ဥဒကရသေ့မှာ ယမန်နေ့ကပင် ကွယ်လွန်သွားကြောင်းသိရပြန်၏။ ထို့ကြောင့် ငါတရားအားထုတ်နေစဉ်က လုပ်ကျွေးပြုစုမှု သော ပဉ္စဝဂ္ဂီရဟန်းတို့အား တရားဟောရန်ကြံ၍ ၎င်းတို့နေရာ ဗာရာဏသီပြည် မိဂဒါဝုန်တောသို့ ခရီးထွက်ခဲ့၏။ ဂယာနှင့် ဗောဓိပင် အကြား လမ်းခရီးတွင် ဥပကမည်သော တက္ကတွန်းသည် ငါ့ကိုမြင်လျှင် 'ငါ့ရှင်၊ သင်၏ ဣန္ဒြေတို့သည် ကြည်လင်ကုန်၏။ အရေအဆင်းသည် ဖြူစင်၏။ သင်၏ဆရာ မည်သူပါနည်း' ဟု မေးခဲ့၏။ ငါက ငါ့မှာ ဆရာမရှိ၊ မကောင်းမှုတို့ကို အောင်မြင်ပြီးသူ 'ဇိန' ဖြစ်ကြောင်း ဖြေကြားခဲ့၏။–

'မိဂဒါဝုန်တောသို့ ရောက်၍ ပဉ္စဝဂ္ဂီရဟန်းတို့က ငါ့ကို မြင်ကြသောအခါ 'ရဟန်း ဂေါတမသည် တရားအလုပ်မှ ထွက်၍ လာဘ်ပေါများရန် လှည့်လည်နေ၏။ ထို့ကြောင့် ငါတို့သည် ရဟန်းဂေါတမအား ရှိခိုးခြင်း၊ ခရီးကြိုခြင်း စသော ရိုသေမှုကို မပြုကြကုန်အံ့၊ သို့သော် နေရာကိုမူ ခင်းထားမည်။ သူထိုင်လိုက ထိုင်လိမ့်မည်' ဟူ၍ ကတိကဝတ်ပြုထားကြလေသည်။ သို့သော် ထိုရဟန်းတို့သည် ငါရောက်လာသည့်အခါ မိမိတို့ ကတိကဝတ်၌ မတည်နိုင်ကြတော့ဘဲ အချို့က သပိတ်သင်္ကန်းကို လှမ်းယူကြသည်။ အချို့က နေရာခင်းကြသည်။ အချို့က ခြေဆေးရေ တည်ပေးကြလေသည်။ သို့သော် ငါ့ကို 'ဂေါတမ' ဟူသော အမည်ဖြင့်လည်းကောင်း၊ 'ငါ့ရှင်' ဟူသော စကားဖြင့်လည်းကောင်း ခေါ်ကြ၏။–

www.dhammaransi.com



'ရဟန်းတို့၊ ထိုအခါ ငါသည် ပဉ္စဝဂ္ဂီရဟန်းတို့ကို ဤသို့ မိန့်ကြားခဲ့၏။-

'ရဟန်းတို့၊ သင်တို့သည် မြတ်စွာဘုရားကို အမည်ဖြင့်လည်းကောင်း၊ 'ငါ့ရှင်' ဟူသော စကားဖြင့်လည်းကောင်း မခေါ်ကြကုန်လင့်၊ ငါသည် အပူဇော်ခံထိုက်သော တရားအားလုံးကို ကိုယ်တိုင်မှန်စွာ သိမြင်သော ဘုရားဖြစ်ပြီ။ သင်တို့ နာကြလော့။ ငါသည် မသေရာ အမြိုက်တရားကို ရပြီ။ ငါသည် ဆုံးမအံ့၊ ငါသည် တရားဟောအံ့။ ငါဆုံးမသည့်အတိုင်း ကျင့်သူတို့သည် မကြာမီပင် အကျင့်မြတ်၏ အဆုံးဖြစ်သော တရားကို ကိုယ်တိုင်ဉာဏ်ထူးဖြင့် မျက်မှောက်ပြု၍ နေနိုင်ကြလိမ့်မည်။'

'ဤသို့ ငါက မိန့်ကြားသောအခါ ပဉ္စဝဂ္ဂီရဟန်းတို့က 'ငါ့ရှင် ဂေါတမ၊ သင်သည် ခက်ခဲသော အကျင့်ဖြင့်ပင် ပကတိလူတို့၏ တရားထက် သာလွန်သည့် အရိယာတို့၏ ဉာဏ်အမြင်ထူးကို မရခဲ့ပေ။ ယခု ကမ္ဘဋ္ဌာန်း အလုပ်မှ ထွက်၍ လာဘ်ပေါ်များရန် လှည့်လည်သော သင်သည် ထိုဉာဏ်အမြင်ထူးကို ဘယ်မှာ ရနိုင်ပါမည်နည်း' ဟု တုံ့ပြန်ပြောကြားကြ၏။ ပဉ္စဝဂ္ဂီရဟန်းတို့သည် ငါက ရှေးနည်းတူ သုံးကြိမ်တိုင်အောင် မိန့်ကြားသော်လည်း ငါ့စကားကို လက်မခံကြချေ။ ထိုအခါ ငါသည် ပဉ္စဝဂ္ဂီရဟန်းတို့အား 'ရဟန်းတို့၊ ငါသည် သင်တို့အား ရှေးအခါက ဤသို့သောစကားကို မိန့်ကြားခဲ့ဖူးပါသလော' ဟု မေးရာ ထိုရဟန်းတို့က ဤသို့သော စကားကို ရှေးအခါက မပြောကြားခဲ့ဖူးကြောင်း ဝန်ခံကြလေသည်။-

'ရဟန်းတို့၊ ဤသို့ ပဉ္စဝဂ္ဂီရဟန်းတို့က လက်ခံသောအခါ ငါသည် နှစ်ပါးသော ရဟန်းတို့ကို ဆုံးမနေစဉ် ကျန်သုံးပါးသော ရဟန်းတို့က ဆွမ်းခံ၍ ထိုဆွမ်းဖြင့် (ငါနှင့်တကွ) ခြောက်ပါး မျှတသုံးဆောင်ခဲ့ကြ၏။ ငါသည် သုံးပါးသော ရဟန်းတို့ကို ဆုံးမနေစဉ် ကျန်နှစ်ပါးသော ရဟန်းတို့က ဆွမ်းခံ၍ ထိုဆွမ်းဖြင့် ခြောက်ပါး မျှတသုံးဆောင်ခဲ့ကြ၏။ ရဟန်းတို့၊ ပဉ္စဝဂ္ဂီရဟန်းတို့သည် ဤသို့ ငါ၏သွန်သင်ဆုံးမမှုကို ခံရသည်ရှိသော် ဘဝအသစ်ဖြစ်ခြင်း၊ အိုခြင်း၊ နာခြင်း စသော သဘောရှိသော အရာတို့၌ အပြစ်ကိုမြင်၍ ဘဝအသစ်ဖြစ်ခြင်း၊ အိုခြင်း၊ နာခြင်း စသော သဘောတို့မှ ကင်းသည့် ယောဂလေပါကုန်ရာ နိဗ္ဗာန်ကို ရရှိခဲ့ကြကုန်၏။ 'ငါတို့၏ လွတ်မြောက်မှုသည် မပျက်စီးနိုင်။ ဤဘဝသည် နောက်ဆုံးဘဝဖြစ်၏။ တစ်ဖန်ဖြစ်ရန် ဘဝမရှိတော့' ဟူ၍ သိသော ဉာဏ်အမြင်သည်လည်း ထိုရဟန်းတို့အား ဖြစ်ပေါ်ခဲ့၏။"

www.dhammaransi.com



## ကျော့ကွင်းစုဥပမာ

"ရဟန်းတို့၊ ကာမဂုဏ်တို့သည် နှစ်သက်မြတ်နိုးဖွယ် ဖြစ်သော အဆင်း၊ အသံ စသည်အားဖြင့် ငါးပါးရှိ၏။ ထိုကာမဂုဏ်ငါးပါးတို့ကို တပ်မက်မိန်းမောကာ အပြစ်ကို မရှုဘဲ ခံစားသုံးဆောင်သော ရဟန်းပုဏ္ဏားတို့သည် မာရ်နတ်ယုတ် အလိုရှိသလို ပြုလုပ်ခြင်းခံရ၍ ပျက်စီးခြင်းသို့ ရောက်မည့်သူများဖြစ်သည်ဟု သိအပ်၏။ ဥပမာ-ကျော့ကွင်း၌မိ၍ ယင်းကျော့ကွင်းအစုကို ဖိအိပ်နေသော သားသမင်သည် မုဆိုးအလိုရှိသလို ပြုလုပ်ခြင်းခံရသကဲ့သို့ ဖြစ်၏။ ကာမဂုဏ် ငါးပါးတို့ကို တပ်မက်မိန်းမောခြင်းမရှိဘဲ အပြစ်ကိုရှု၍ ခံစားသုံးဆောင်နေသော ရဟန်းပုဏ္ဏားတို့သည်ကား မာရ်နတ်ယုတ်အလိုရှိသလို ပြုလုပ်ခြင်းမခံရသဖြင့် ပျက်စီးခြင်းသို့ ရောက်မည့်သူ မဟုတ်ဟူ၍ သိအပ်၏။ ဥပမာ- ကျော့ကွင်း၌ မမိဘဲ ကျော့ကွင်းအစုကို ဖိအိပ်နေသော သားသမင်သည် မုဆိုးလာသောအခါ အလိုရှိရာ အရပ်သို့ ထွက်ပြေးနိုင်သကဲ့သို့ ဖြစ်၏။-

'ရဟန်းတို့၊ မုဆိုး မမြင်နိုင် မရောက်နိုင်သော တောထဲ၌ လှည့်လည် ကျက်စားသော သမင်သည် စွံ့ကြောက်ခြင်းကင်း ရဲတင်း လွတ်လပ်စွာ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်းကို ပြုနိုင်သကဲ့သို့ ထို့အတူ ကာမဂုဏ်တို့မှ လည်းကောင်း၊ ကိလေသာတို့မှလည်းကောင်း ကင်းဆိတ်၍ ပဌမဈာန်၊ ဒုတိယဈာန် အစရှိသော ဈာန်ရှစ်ပါးနှင့် သညာဝေဒနာတို့၏ ချုပ်ရာ နိရောဓသမာပတ်ကို ဝင်စားနေသော ရဟန်းကို မာရ်နတ် မမြင်ရာ အရပ်သို့ ရောက်သူဟူ၍ ဆိုအပ်၏"

ဗုဒ္ဓမြတ်စွာက ဤသို့ဟောကြားသောအခါ ရဟန်းတို့သည် ထိုဟောကြားချက်ကို လွန်စွာနှစ်သက်ကြလေသည်။

www.dhammaransi.com

## ၂၇။ စူဠဟတ္ထိပဒေါပမသုတ်

### ဆင်ခြေရာနှင့်တူသော တရားလေးပါးကို ဟောကြားခြင်း

**ပိလောတိက ပရိဗိုဇ်**

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးစဉ် ဇာနုဿောဏိ မည်သော ပုဏ္ဏားသည် နေ့လည်ပိုင်းအချိန်တွင် မြည်းကသော ရထားဖြင့် မြို့တွင်းမှ ထွက်လာရာ လမ်းတွင် ပိလောတိကပရိဗိုဇ်နှင့် တွေ့၍ မေးမြန်းနှုတ်ဆက်လေသည်။

"အရှင်ဝစ္ဆာယန၊ သင်သည် အဘယ်မှ ပြန်လာပါသနည်း"

"ပုဏ္ဏား၊ ကျွန်ုပ်သည် အရှင်ဂေါတမထံမှ ပြန်လာပါသည်"

"အရှင် ဝစ္ဆာယန၊ သင်သည် ရဟန်းဂေါတမ၏ ပညာစွမ်းရည်ကို မည်သို့ ထင်ပါသနည်း။ ရဟန်းဂေါတမကို ပညာရှိဟု ထင်ပါသလော"

"ပုဏ္ဏား၊ ကျွန်ုပ်သည် ရဟန်းဂေါတမ၏ ပညာစွမ်းရည်ကို သိနိုင်သူ မဟုတ်ပါ။ ရဟန်းဂေါတမ၏ ပညာစွမ်းရည်ကို ရဟန်းဂေါတမကဲ့သို့ ပညာရှိသော ပုဂ္ဂိုလ်တို့သာ သိနိုင်ရာပါသည်"

"အရှင်ဝစ္ဆာယန၊ သင်သည် ရဟန်းဂေါတမကို လွန်ကဲသော ချီးမွမ်းခြင်းဖြင့် ချီးမွမ်းဘိ၏"

"ပုဏ္ဏား၊ ကျွန်ုပ်သည် ရဟန်းဂေါတမကို ချီးမွမ်းနိုင်သော အရည်အချင်းရှိသူ မဟုတ်ပါ။ စင်စစ် ရဟန်းဂေါတမသည် ချီးမွမ်းအပ်သူတို့၏ ချီးမွမ်းခြင်းကို ခံထိုက်သူ ဖြစ်ပါသည်"

www.dhammaransi.com



"အရှင် ဝစ္ဆာယန၊ သင်သည် မည်သို့သော အကျိုးအာနိသင်ကို မြော်မြင်ကာ ရဟန်းဂေါတမအပေါ်၌ ဤမျှ ကြည်ညိုနေဘိသနည်း"

ဤသို့ ဇာနုဿောဏိ ပုဏ္ဏားက မေးသောအခါ ပိလောတိကပရိဗိုဇ်သည် ဗုဒ္ဓမြတ်စွာအပေါ်၌ မိမိကြည်ညိုခြင်း၏ အကြောင်းများကို ဆင်ခြေရာဖြင့် ဥပမာပြု၍ ဖြေကြားလေသည်။

## ဆင်ခြေရာဥပမာ

"ပုဏ္ဏား၊ ဥပမာကား ဆင်တောသို့ဝင်သော ဆင်မုဆိုးသည် အလျားရှည်၍ အနံကျယ်သော ဆင်ခြေရာကို မြင်လျှင် 'ဤဆင်ကား ကြီးမားလှပေစွ' ဟု ဆုံးဖြတ်လေရာ၏။ ထိုနည်းတူပင် ကျွန်ုပ်သည် အရှင်ဂေါတမ၌ ခြေရာကြီးလေးခုကို တွေ့မြင်ရ၍ 'အရှင်ဂေါတမသည် တရားမှန်ကို ကိုယ်တိုင်သိမြင်သော ပုဂ္ဂိုလ် ဖြစ်၏။ အရှင်ဂေါတမ ဟောကြားသော တရားသည် ကောင်းစွာ ဟောကြား အပ်သော တရားဖြစ်၏။ အရှင်ဂေါတမ၏ တပည့်သံဃာသည် ကောင်းစွာ ကျင့်ကြံသော တပည့်သံဃာဖြစ်၏' ဟူ၍ ဆုံးဖြတ်နိုင်ခဲ့ပါသည်။-

'ပုဏ္ဏား၊ ခြေရာကြီးလေးခုဟူသည် အဘယ်နည်းဆိုသော် ဤလောက၌ သိမ်မွေ့သေးငယ်သော သားမြီးကိုပင် မှန်အောင်ပစ်နိုင်သော လေးသမားကဲ့သို့ ဝါဒတစ်ပါး၌ နိုင်နင်းကျွမ်းကျင်သည့် မင်းပညာရှိတို့သည် 'ဤမည်သော မြို့၊ ရွာ၊ နိဂုံးသို့ ရဟန်းဂေါတမ ဆိုက်ရောက်လိမ့်မည်' ဟု ကြား သိကြလျှင် မည်သို့ပင် ဖြေဖြေ၊ အပြစ်မလွတ်နိုင်မည့် ပြဿနာကို မေးရန် ပြင်ဆင်ထားကြပါသည်။ ထိုမြို့၊ ရွာ၊ နိဂုံးသို့ ရဟန်းဂေါတမ ဆိုက်ရောက်၍ ထိုမင်းပညာရှိများ ချဉ်းကပ်သွားကြသောအခါ ရဟန်းဂေါတမက တရားဟောပါသည်။ ထိုအခါ ထိုမင်းပညာရှိတို့သည် အရှင်ဂေါတမ၏ ဟောကြားချက်ကို လွန်စွာ ကျေနပ် နှစ်သက်ကြသဖြင့် မိမိတို့ အသင့်ပြင်လာသော ပြဿနာကိုပင် မမေးကြတော့ပါ။ အပြစ်တင်ရန်ကား ဆိုဖွယ်မရှိတော့ပါ။-

'ပုဏ္ဏား၊ ဝါဒတစ်ပါး၌ နိုင်နင်းကျွမ်းကျင်သည့် ပုဏ္ဏားပညာရှိတို့သည် လည်း ထို့အတူပင် အရှင်ဂေါတမ၏ တရားကို ကြားနာရလျှင် ကျေနပ်နှစ်သက် ခြင်းသို့ ရောက်ရှိသွားကြပါသည်။

'ဝါဒတစ်ပါး၌ နိုင်နင်းကျွမ်းကျင်သည့် သူကြွယ်ပညာရှိတို့သည်လည်း ရဟန်းဂေါတမ၏ တရားကို ကြားနာရလျှင် ကျေနပ်နှစ်သက်ခြင်းသို့ ရောက်ရှိ သွားကြပါသည်။-

www.dhammaransi.com



'ဝါဒတစ်ပါး၌ နိုင်နင်းကျွမ်းကျင်သည့် ရဟန်းပညာရှိတို့သည်လည်း ရဟန်းဂေါတမ၏တရားကို ကြားနာရလျှင် ကျေနပ်နှစ်သက်ခြင်းသို့ ရောက်ရှိသွားကြပါသည်။ အချို့သော ရဟန်းပညာရှိတို့ကား ယခင်က မိမိတို့သည် ရဟန်းမဟုတ်ဘဲ ရဟန်းဟု ဝန်ခံခဲ့မိကြပုံကို ဖွင့်ဟပြောကြားပြီး အရှင်ဂေါတမထံ၌ ရဟန်းပြုကာ တရားထူးကို ရရှိသွားကြပါသည်။-

'ပုဏ္ဏား၊ ကျွန်ုပ်သည် ရဟန်းဂေါတမ၌ ဤခြေရာကြီးလေးခုကို တွေ့မြင်ရသောကြောင့် အရှင်ဂေါတမနှင့် တရား၊ သံဃာတို့ အပေါ်ဝယ် ယုံကြည်မှု ရရှိခဲ့ခြင်း ဖြစ်ပါသည်"

ပိလောတိကပရိဗိုဇ်၏ စကားကို ကြားရသောအခါ ဇာနုဿောဏိပုဏ္ဏားသည် ရထားဖြူပေါ်မှ ဆင်း၍ ကိုယ်ရုံပုဆိုးကို လက်ကန်တော့တင်ကာ 'အပူဇော်ခံထိုက်သော တရားအားလုံးကို ကိုယ်တိုင်မှန်စွာ သိမြင်သော ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏' ဟု မြွက်ဆိုလေသည်။ ထို့နောက်တွင် ဇာနုဿောဏိပုဏ္ဏားသည် ဗုဒ္ဓမြတ်စွာထံ ချဉ်းကပ်၍ ပိလောတိကပရိဗိုဇ်နှင့် မိမိ တွေ့ဆုံ ပြောဆိုခဲ့ပုံ အလုံးစုံကို ပြန်ကြားလျှောက်ထားလေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာက "ပုဏ္ဏား၊ ပိလောတိက ပြောကြားသော ဆင်ခြေရာ ဥပမာသည် ဤမျှဖြင့် မပြည့်စုံသေး။ ပြည့်စုံသော ဆင်ခြေရာ ဥပမာကို ငါဟောကြားအံ့၊ နာလော့" ဟု မိန့်ကြားပြီး ဆင်ခြေရာဥပမာကို အကျယ်ဟောကြားတော်မူ၏။

## ပြည့်စုံသော ဆင်ခြေရာ ဥပမာ

"ပုဏ္ဏား၊ လိမ္မာသော ဆင်မုဆိုးသည် ဆင်တောသို့ ဝင်၍ အလျားရှည်ပြီး အနံကျယ်သော ဆင်ခြေရာကို တွေ့မြင်သော်လည်း 'ကြီးမားသော ဆင်ပြောင်တည်း' ဟူ၍ ဆုံးဖြတ်ခြင်း မပြုချေ။ အဘယ်ကြောင့်ဆိုသော် ခြေရာကြီးသည့် 'ဝါမနိကာ' ခေါ် ဆင်မမျိုးလည်း ရှိတတ်သောကြောင့် ဖြစ်၏။-

'လိမ္မာသော ဆင်မုဆိုးသည် ထိုခြေရာများအတိုင်း လိုက်သွားပြီး ဆင်ချိုးဖြတ်၍ စားထားသည့် မြင့်သော သစ်ကိုင်းသစ်ရွက်တို့ကို တွေ့မြင်ရာ၏။ သို့သော် ယင်းတို့ကို တွေ့မြင်ကာမျှဖြင့်လည်း 'ကြီးမားသော ဆင်ပြောင်တည်း' ဟူ၍ ဆုံးဖြတ်ခြင်း မပြုချေ။ အဘယ်ကြောင့်ဆိုသော် ခြေရာကြီးပြီး ခြေကျဲရှည်သည့် 'ဥစ္စာကာဠာရိကာ' မည်သော ဆင်မမျိုးလည်း ရှိတတ်သောကြောင့် ဖြစ်၏။

'လိမ္မာသော ဆင်မုဆိုးသည် ထိုခြေရာအတိုင်း ဆက်၍လိုက်သွားပြန်သော် အမြင့်၌ အစွယ်ဖြင့် ထိုးဆွထားသော အရာတို့ကိုလည်း တွေ့မြင်ရာ၏။ သို့သော်

www.dhammaransi.com



ယင်းတို့ကို တွေ့မြင်ကာမျှဖြင့်လည်း 'ကြီးမားသော ဆင်ပြောင်တည်း' ဟူ၍ ဆုံးဖြတ်ခြင်း မပြုသေးချေ။ အဘယ်ကြောင့် ဆိုသော် ခြေရာကြီးပြီး ခြေတံရှည် သည့်ပြင် အစွယ်လည်း ကျဲသည့် 'ဥစ္စာကရေဏုကာ' မည်သော ဆင်မမျိုးလည်း ရှိတတ်သောကြောင့် ဖြစ်၏။-

'လိမ္မာသော ဆင်မုဆိုးသည် ထိုခြေရာအတိုင်း ဆက်လိုက်သွားသော် သစ်ပင် အောက်၌သော်လည်းကောင်း၊ ကွင်းပြင်၌သော်လည်းကောင်း တည်ရှိသော ဆင်ပြောင်ကြီးကို မျက်စိဖြင့် ကပ်အပ်ထင်ထင် တွေ့မြင်ရာ၏။ ထိုသို့ တွေ့မြင် သည့် အခါကျမှသာလျှင် "ကြီးမားသော ဆင်ပြောင်တည်း" ဟူ၍ ယတိပြတ် ဆုံးဖြတ်ခြင်း ပြုရာ၏။-

'ပုဏ္ဏား၊ ဤနည်းတူပင် ဤလောက၌ ပုဇော်အထူးကို ခံထိုက်ခြင်း၊ တရားအားလုံးကို ကိုယ်တိုင်မှန်စွာ သိမြင်ခြင်းစသော ဂုဏ်တော် ၉ ပါးနှင့် ပြည့်စုံသော မြတ်စွာဘုရားသည် ဖြစ်ပေါ်လာ၏။ ထိုမြတ်စွာဘုရားသည် နတ်၊ မာရ်နတ်၊ ဗြဟ္မာနှင့်တကွဖြစ်သော ဤလောကကိုလည်းကောင်း၊ ရဟန်းပုဏ္ဏား၊ နတ်လူတို့နှင့် တကွဖြစ်သော ဤသတ္တဝါအပေါင်းကိုလည်းကောင်း ကိုယ်တိုင် ဉာဏ်အထူးဖြင့် မျက်မှောက်ပြု၍ တရားကို ဟောကြား၏။ အစ အလယ် အဆုံး သုံးပါးသော ကောင်းခြင်းရှိသော အနက်သဒ္ဒါနှင့် ပြည့်စုံသော တရားကို ဟော၏။ လုံးဝပြည့်စုံ၍ စင်ကြယ်သော အကျင့်မြတ်ကို ထင်ရှားပြ၏။ ထိုတရားကို ကြားနာ ရသော အမျိုးကောင်းသားသည် မြတ်စွာဘုရား၌ ယုံကြည်မှုကိုရ၍ 'အိမ်ရာထောင် သော လူ့ဘောင်ကား ကျဉ်းမြောင်း၏။ ကိလေသာမြူတို့ ကျရာလမ်းဖြစ်၏။ ရဟန်းဘဝသည် ဟင်းလင်းပြင်နှင့် တူ၏။ အိမ်ရာထောင်သော လူ့ဘောင်၌နေသူ သည် စင်စစ် ပြည့်စုံသော၊ စင်စစ် စင်ကြယ်သော၊ ပွတ်တိုက်ထားသည့် ခရုသင်း ကဲ့သို့ ဖြူစင်သော အကျင့်ကို ကျင့်ရန် မလွယ်။ ငါသည် ဆံမုတ်ဆိတ်ကိုပယ်၍ ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ပြီး၊ အိမ်ရာထောင်သော လူ့ဘောင်မှ အိမ်ရာမဲ့ သော ရဟန်းအဖြစ်သို့ ဝင်ရမူ ကောင်းလေစွ' ဟု စဉ်းစားဆင်ခြင်၏။ ထိုသူသည် နောက်အခါ၌ စည်းစိမ်ဥစ္စာနှင့် ဆွေမျိုး အသိုင်း အဝိုင်းကို စွန့်၍ ဆံမုတ်ဆိတ်ကို ပယ်ပြီး ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ကာ ရဟန်းပြုလေသည်။"

www.dhammaransi.com



## သီလစောင့်ခြင်း

"ဤသို့ ရဟန်းပြုပြီး အကျင့်သိက္ခာကို ကျင့်လျက် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏။ ချအပ်သော တုတ်၊ ဓားလက်နက်ရှိသည်ဖြစ်၍ သတ္တဝါအားလုံး၏ အစီးအပွားကို လိုလားလျက် နေ၏။ မပေးအပ်သော သူ့ဥစ္စာကို ယူခြင်းမှ ရှောင်ကြဉ်၏။ ပေးအပ်သော ဥစ္စာကိုသာ ယူလေ့ရှိ၏။ ပေးအပ်သော ဥစ္စာကိုသာ အလိုရှိ၏။ ခိုးဝှက်လိုခြင်း ကင်းသည့် စင်ကြယ်သော စိတ်ဖြင့် နေ၏။ မေထုန်အကျင့်မှ ရှောင်ကြဉ်၍ မြတ်သောအကျင့်ကို ကျင့်လေ့ ရှိ၏။ မုသားပြောခြင်းမှ ရှောင်ကြဉ်၏။ အမှန်နှင့်စပ်သော စကား ရှိ၏။ ခိုင်မြဲသော စကား ရှိ၏။ ယုံကြည်ထိုက်သော စကား ရှိ၏၊ လူ အပေါင်းအား လှဲချော်ခြင်းကို မဖြစ်စေတတ်။-

'ကုန်းချောစကား ပြောခြင်းမှ ရှောင်ကြဉ်၏။ တစ်ဦးနှင့် တစ်ဦး စိတ်ဝမ်းကွဲစေရန် တစ်ဦးထံမှ စကားကို တခြားတစ်ဦးထံသို့ သွား၍ မပြောကတတ်၊ စိတ်ဝမ်းကွဲနေသူတို့ကို ဆက်စပ်ပေးတတ်၏။ ညီညွတ်နေသူတို့ကို အားပေးတတ်၏။ ညီညွတ်ခြင်း၌ မွေ့လျော်၏။ ညီညွတ်ခြင်းကို နှစ်သက်၏။ ညီညွတ်မှုဖြစ်စေသော စကားကို ပြောဆိုတတ်၏။-

'ကြမ်းတမ်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏။ အပြစ်ကင်းသော၊ နားချမ်းသာသော၊ ချစ်ဖွယ်ဖြစ်သော၊ စိတ်နှလုံးသို့ ဝင်ရောက်တတ်သော၊ မြို့ကြီးသူတို့၏ ဥစ္စာဖြစ်သော၊ လူအများ နှစ်သက်မြတ်နိုးအပ်သော စကားကို ပြောဆို၏။-

'သိမ်ဖျင်းသောစကားကို ပြောခြင်းမှ ရှောင်ကြဉ်၏။ အခါအားလျော်စွာ ပြောတတ်၏။ အဟုတ်အမှန်ကိုသာ ပြောတတ်၏။ တရားဝိနည်းကို ပြောတတ်၏။ အညွှန်းရှိသော၊ အပိုင်းအခြားရှိသော၊ အကျိုးနှင့်စပ်သော၊ စိတ်နှလုံး၌ သိုမှီးထားထိုက်သော စကားကိုသာ အခါအားလျော်စွာ ပြောတတ်၏။-

'ထိုရဟန်းသည် မြက်သစ်ပင်တို့ကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်၏။ တစ်ထပ်တည်းသာ စား၏။ နေလွဲညစာ စားခြင်းမှ ရှောင်ကြဉ်၏။ အကျင့်မြတ်၏ ဆူးငြောင့်သဖွယ်ဖြစ်သော ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်းတို့ကို ကြည့်ရှုနားထောင်ခြင်းမှ ရှောင်ကြဉ်၏။ မိမိကိုယ်ကို လှပတင့်တယ်စေရန် ဆင်ယင်ခြယ်သမှုဖြစ်သော ပန်းပန်ခြင်း၊ နံ့သာမှုန့်၊ နံ့သာရည် လိမ်းကျံခြင်းတို့မှ ရှောင်ကြဉ်၏။ မြင့်သောအိပ်ရာ၊ မြတ်သောအိပ်ရာတို့မှ ရှောင်ကြဉ်၏။ ရွှေငွေ၊ စပါးစိမ်း၊ အသားစိမ်း၊ မိန်းမအို၊ မိန်းမပျို၊ ကျွန်မ၊ ကျွန်ထီး၊ ဆိတ်၊ သိုး၊ ကြက်၊ ဝက်၊

www.dhammaransi.com



ဆင်၊ နွား၊ မြင်း၊ မြည်း၊ လယ်ယာတို့ကို ခံယူခြင်းမှ ရှောင်ကြဉ်၏။ လူတို့၏ တမန်အဖြစ် ဆောင်ရွက်ခြင်း၊ စေလွှတ်ရာသို့ သွားခြင်းမှ ရှောင်ကြဉ်၏။ အရောင်းအဝယ်လုပ်ခြင်းမှ ရှောင်ကြဉ်၏။ ချိန်စဉ်းလဲခြင်း၊ ခွက်စဉ်းလဲခြင်း၊ တောင်းစဉ်းလဲခြင်းတို့မှ ရှောင်ကြဉ်၏။ တံစိုးစားခြင်း၊ လှည့်ပတ်ခြင်း၊ အတုအပပြုခြင်းဟူသော ကောက်ကျစ်မှုတို့မှ ရှောင်ကြဉ်၏။ ဖြတ်ခြင်း၊ သတ်ခြင်း၊ နှောင်ဖွဲ့ခြင်း၊ မှောင်ခိုလုယက်ခြင်း၊ ဗြောင်လုယက်ခြင်း၊ အနိုင်အထက်ပြုခြင်းတို့မှ ရှောင်ကြဉ်၏။"

**ရောင့်ရဲခြင်း**

"ထိုရဟန်းသည် ကိုယ်၌ ဆောင်အပ်သော သင်္ကန်း၊ ဝမ်း၌ဆောင်အပ်သော ဆွမ်းဖြင့် ရောင့်ရဲ၏။ သွားရာအရပ်သို့ မိမိ သပိတ်သင်္ကန်းကို ယူ၍သာလျှင် သွား၏။ ဥပမာ–ငှက်သည် မိမိအတောင်တည်းဟူသော ဝန်ရှိသည်ဖြစ်၍သာလျှင် သွားလိုရာသို့ သွားသကဲ့သို့ ဖြစ်၏။ ထိုရဟန်းသည် ဤမြတ်သော သီလအစုနှင့် ပြည့်စုံလျက် အတွင်းသန္တာန်၌ အပြစ်ကင်းသော ချမ်းသာကို ခံစား၏။"

**စောင့်ထိန်းခြင်း**

"ထိုရဟန်းသည် မျက်စိဖြင့် အဆင်းကိုမြင်လျှင် နိမိတ်ပုံကို စွဲယူလေ့မရှိ၊ အသေးစိတ် သွင်ပြင် အမှုအရာတို့ကိုလည်း စွဲယူလေ့ မရှိ။ အကြင်စက္ခုန္ဒြေကို မစောင့်စည်းဘဲနေသူကို တပ်မက်ခြင်း၊ မနှစ်သက်ခြင်းဟူသော အကုသိုလ်တရားဆိုးတို့သည် နှိပ်စက်ကုန်ရာ၏။ ထိုစက္ခုန္ဒြေကို စောင့်စည်းခြင်း ၌ကျင့်၏။ စောင့်စည်းခြင်းသို့ ရောက်၏။–

'ထို့အတူ နားဖြင့် အသံကို ကြားလျှင်၊ နှာခေါင်းဖြင့် အနံ့ကို နံလျှင်၊ လျှာဖြင့် အရသာကို လျက်လျှင်၊ ကိုယ်ဖြင့် အတွေ့အထိကို တွေ့ထိလျှင်၊ စိတ်ဖြင့် သဘောတရားများကို သိလျှင် နိမိတ်ပုံကို စွဲယူလေ့ မရှိ။ အသေးစိတ် သွင်ပြင် အမှုအရာတို့ကို စွဲယူလေ့ မရှိ။ အကြင် မနောန္ဒြေကို မစောင့်စည်းဘဲနေသူကို တပ်မက်ခြင်း၊ မနှစ်သက်ခြင်းဟူသော အကုသိုလ်တရားဆိုးတို့သည် နှိပ်စက်ကုန်ရာ၏။ ထိုမနောန္ဒြေကို စောင့်စည်းခြင်း၌ ကျင့်၏။ စောင့်စည်းခြင်းသို့ ရောက်၏။ ထိုရဟန်းသည် ဤမြတ်သော ဣန္ဒြေစောင့်စည်းခြင်းနှင့် ပြည့်စုံလျက် အတွင်း သန္တာန်၌ ကိလေသာ စွတ်စိုခြင်း မရှိသော ချမ်းသာကို ခံစား၏။"

www.dhammaransi.com



## သမ္ပဇဉ်ဉာဏ်ဖြင့် ပြုခြင်း

ထိုရဟန်းသည် ရှေ့သို့တိုးခြင်း၊ နောက်သို့ ဆုတ်ခြင်းတို့၌ သမ္ပဇဉ်ဉာဏ်ဖြင့် ပြုလေ့ရှိ၏။ ရှေ့ရှုကြည့်ခြင်း၊ စောင်းငဲ့၍ ကြည့်ခြင်းတို့၌ သမ္ပဇဉ်ဉာဏ်ဖြင့် ပြုလေ့ရှိ၏။ ကွေးခြင်း၊ ဆန့်ခြင်း၌ သမ္ပဇဉ်ဉာဏ်ဖြင့် ပြုလေ့ရှိ၏။ ဒုကုဋ် သပိတ်သင်္ကန်းကို ဆောင်ရာ၌ သမ္ပဇဉ်ဉာဏ်ဖြင့် ပြုလေ့ရှိ၏။ စားခြင်း၊ သောက်ခြင်း၊ ခဲခြင်း၊ လျက်ခြင်း၌ သမ္ပဇဉ်ဉာဏ်ဖြင့် ပြုလေ့ရှိ၏။ ကျင်ကြီးကျင်ငယ် စွန့်ခြင်း၌ သမ္ပဇဉ်ဉာဏ်ဖြင့် ပြုလေ့ရှိ၏။ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်း၊ နိုးခြင်း၊ စကားပြောခြင်း၊ ဆိတ်ဆိတ်နေခြင်းတို့၌ သမ္ပဇဉ်ဉာဏ်ဖြင့် ပြုလေ့ရှိ၏။"

## နီဝရဏငါးပါးကို ပယ်ခြင်း

"ထိုရဟန်းသည် ဤဆိုခဲ့ပြီးသည့် မြတ်သော သီလအစု၊ မြတ်သော ရောင့်ရဲခြင်း၊ မြတ်သော ဣန္ဒြေစောင့်စည်းခြင်း၊ မြတ်သော သတိသမ္ပဇဉ်နှင့် ပြည့်စုံလျက် တော၊ သစ်ပင်ရင်း၊ တောင်၊ ချောက်၊ တောင်ခေါင်း၊ သုသာန်၊ တောအုပ်၊ လွင်ပြင်၊ ကောက်ရိုးပုံ စသည့် ဆိတ်ငြိမ်သော ကျောင်းအိပ်ရာ နေရာသို့ ချဉ်းကပ်၏။ ထိုရဟန်းသည် ဆွမ်းစားပြီးချိန်တွင် ဆွမ်းခံရာအရပ်မှ ဖဲခွာခဲ့ပြီး ထက်ဝယ်ဖွဲ့ခွေ၍ ကိုယ်ကို မတ်မတ်ထားပြီး ကမ္မဋ္ဌာန်းအာရုံသို့ ရှေ့ရှု သတိကို ဖြစ်စေ၍ ထိုင်နေ၏။ ထိုရဟန်းသည် လောက၌ မက်မောခြင်းကို ပယ်၍ မက်မောခြင်းကင်းသော စိတ်ဖြင့် နေ၏။ စိတ်ပျက် စိတ်ဆိုးခြင်းကို ပယ်၍ ပျက်စီးစေလိုခြင်းကင်းသော စိတ်ရှိလျက်၊ သတ္တဝါအားလုံး၏ အစီးအပွားကို လိုလားလျက် နေ၏။

ထိုင်းမှိုင်းခြင်းကို ပယ်၍ ကင်းသော ထိုင်းမှိုင်းခြင်း ရှိလျက်၊ အလင်းရောင်ကို မှတ်လျက်၊ သတိသမ္ပဇဉ် ရှိလျက် နေ၏။ ထိုင်းမှိုင်းခြင်းမှ စိတ်ကို ကင်းစေ၏။

ပျံ့လွင့်ခြင်း၊ ပူပန်ခြင်းကို ပယ်၍ မပျံ့လွင့်သော စိတ်ရှိလျက်၊ အတွင်းဓာတ်၌ ငြိမ်းအေးသော စိတ်ရှိလျက် နေ၏။ ပျံ့လွင့်ခြင်း၊ ပူပန်ခြင်းမှ စိတ်ကို ကင်းစေ၏။

ယုံမှားခြင်းကို ပယ်၍ ကူးမြောက်ပြီးသော ယုံမှားခြင်းရှိလျက် ကုသိုလ်တရားတို့၌ သို့လော သို့လော တွေးတောခြင်း ကင်းလျက်နေ၏၊ ယုံမှားခြင်းမှ စိတ်ကို ကင်းစင်စေ၏။

www.dhammaransi.com



'ထိုရဟန်းသည် စိတ်၏ ညစ်ညူးကြောင်းဖြစ်သော၊ ပညာအားနည်းအောင် ပြုတတ်သော ဤနီဝရဏငါးပါးကို ပယ်၍ ကာမဂုဏ်တို့မှ လည်းကောင်း၊ အကုသိုလ်တရားတို့မှ လည်းကောင်း ကင်းဆိတ်၍ ကြံစည်ခြင်း၊ သုံးသပ်ခြင်းတို့နှင့် တကွ ဖြစ်သော၊ ကိလေသာ ကင်းဆိတ်မှုကြောင့် ဖြစ်သည့် နှစ်သိမ့်ခြင်း၊ ချမ်း သာခြင်းရှိသော ပထမဈာန်ကို ဝင်စား၍ နေ၏။ ပုဏ္ဏား၊ ဤ ပထမဈာန်ကိုလည်း 'မြတ်စွာဘုရား၏ ခြေရာ၊ မြတ်စွာဘုရား၏ မှီဝဲအပ်သော တရား၊ မြတ်စွာဘုရား၏ နှစ်သက်အပ်သော တရား' ဟူ၍ ဆိုအပ်၏။ သို့သော် အရိယာတပည့်သည် ဤမျှဖြင့် 'မြတ်စွာဘုရားသည် တရားအားလုံးကို ကိုယ်တိုင်မှန်စွာ သိမြင်သော ပုဂ္ဂိုလ်ဖြစ်၏။ တရားသည် မြတ်စွာဘုရား ကောင်းစွာ ဟောကြားအပ်သော တရားဖြစ်၏။ မြတ်စွာဘုရား၏ တပည့်သံဃာသည် ကောင်းစွာ ကျင့်သော တပည့်သံဃာဖြစ်၏' ဟူ၍ ဆုံးဖြတ်ခြင်းသို့ ရောက်ပြီးသူ မဖြစ်သေးချေ"

## ဝိဇ္ဇာသုံးပါးသို့ ရောက်ခြင်း

"ထို့နောက် ထိုရဟန်းသည် ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်တို့ကို ဝင်စား၍ နေ၏။ ဈာန်၏ အစွမ်းအားဖြင့် တည်ကြည်သော စိတ်ကို မိမိအလိုရှိရာသို့ ရှေ့ရှုညွှတ်စေ၍ ရှေးက မိမိနေခဲ့ဖူးသော ဘဝတို့ကို ပြန်ပြောင်း အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ သတ္တဝါတို့ စုတေခြင်း၊ ဘဝ၌ တစ်ဖန်ဖြစ်ခြင်းကို သိသော စုတူပပါတဉာဏ်တို့ကို ရရှိ၏။ ဤဉာဏ်တို့ကိုလည်း 'မြတ်စွာဘုရား၏ ခြေရာ' ဟု ဆိုအပ်၏။ သို့သော် အရိယာတပည့်သည် ဤမျှဖြင့် ဘုရား၊ တရား၊ သံဃာ၌ ဆုံးဖြတ်ခြင်းသို့ ရောက်ပြီးသူမဖြစ်သေးချေ။

'ထိုရဟန်းသည် ဈာန်၏ အစွမ်းအားဖြင့် တည်ကြည်သော စိတ်ကို အာသဝတို့၏ ကုန်ကြောင်းဖြစ်သော 'အာသဝက္ခယ' ဉာဏ်အလို့ငှာ ရှေ့ရှုညွှတ်စေသည်ရှိသော် 'ဤကား ဆင်းရဲတည်း၊ ဤကား ဆင်းရဲဖြစ်ကြောင်းတည်း၊ ဤကား ဆင်းရဲချုပ်ရာတည်း၊ ဤကား ဆင်းရဲချုပ်သို့ ရောက်စေသော အကျင့်တည်း' ဟူ၍ ဟုတ်တိုင်းမှန်စွာ သိမြင်၏။ 'ဤကား အာသဝတို့တည်း၊ ဤကား အာသဝ ဖြစ်ကြောင်းတည်း၊ ဤကား အာသဝချုပ်ရာတည်း၊ ဤကား အာသဝ ချုပ်ရာသို့ ရောက်စေသော အကျင့်တည်း' ဟူ၍ ဟုတ်တိုင်းမှန်စွာ သိမြင်၏။ ဤသို့ သိမြင်သော ဉာဏ်ကိုလည်း 'မြတ်စွာဘုရား၏ ခြေရာ' ဟူ၍ဆိုအပ်၏။ သို့သော် အရိယာတပည့်သည် ဤမျှဖြင့် ဘုရား၊ တရား၊ သံဃာ၌ ဆုံးဖြတ်ခြင်းသို့ ရောက်ပြီးသူ မမည်၊ ဆုံးဖြတ်ခြင်းသို့ ရောက်ဆဲသူသာ ဖြစ်၏။

www.dhammaransi.com



'ဤသို့ သိမြင်သော ထိုရဟန်း၏ စိတ်သည် ကာမာသဝမှလည်း လွတ်မြောက်၏။ ဘဝါသဝမှလည်း လွတ်မြောက်၏။ အဝိဇ္ဇာသဝမှလည်း လွတ်မြောက်၏။ လွတ်မြောက်သော် 'လွတ်မြောက်ပြီ' ဟူ၍ သိသောဉာဏ် ဖြစ်၏။ 'ဘဝ၌ ဖြစ်ခြင်းကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ တစ်ပါးသော ပြုဖွယ် မရှိပြီ' ဟူ၍ သိ၏။ ပုဏ္ဏား၊ ဤသို့ သိသော ဉာဏ်ကိုလည်း 'မြတ်စွာဘုရား၏ ခြေရာ၊ မြတ်စွာဘုရားသည် မှီဝဲအပ်သော တရား၊ နှစ်သက်အပ်သော တရား' ဟူ၍ ဆိုအပ်၏။ ပုဏ္ဏား၊ ဤမျှဖြင့် အရိယာတပည့်သည် ဘုရား၊ တရား၊ သံဃာ၌ ဆုံးဖြတ်ခြင်းသို့ ရောက်ပြီးသူ ဖြစ်လေ၏။ ဤမျှဖြင့် ဆင်ခြေရာ ဥပမာသည် အကျယ်အားဖြင့် ပြည့်စုံပြီး ဖြစ်ပေ၏။"

ဗုဒ္ဓမြတ်စွာက ဤသို့ဟောကြားသောအခါ ဇာနုဿောဏိပုဏ္ဏားသည် ဗုဒ္ဓအား ဤသို့ လျှောက်ကြားလေသည်။

"အရှင် ဂေါတမ၊ အရှင်၏ စကားသည် နှစ်သက်ဖွယ် ကောင်းလှပါသည်။ မှောက်ထားသော အိုးခွက်ကို လှန်ပြသကဲ့သို့ လည်းကောင်း၊ ဖုံးထားသော အရာကို ဖွင့်ပြသကဲ့သို့ လည်းကောင်း၊ မျက်စိလည်နေသူအား လမ်းပြသကဲ့သို့ လည်းကောင်း၊ မျက်စိကောင်းသူတို့သည် အဆင်းအာရုံတို့ကို မြင်ကြလိမ့်မည်ဟူ၍ အမှောင်ထဲ၌ ဆီမီးခွက်ကို ထွန်းညှိသကဲ့သို့ လည်းကောင်း၊ ထို့အတူပင် အမျိုးမျိုးသော နည်းပရိယာယ်ဖြင့် အရှင်ဂေါတမသည် တရားကို ဟောပြအပ်ပါသည်။ ကျွန်ုပ်သည် ရှင်ဂေါတမကို လည်းကောင်း၊ တရား၊ သံဃာကို လည်းကောင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါသည်။ အရှင်ဂေါတမသည် 'ကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သူ ဥပါသကာ' ဟူ၍ မှတ်ယူပါလော့"

www.dhammaransi.com

# ၂၈။ မဟာဟတ္ထိပဒေါပမသုတ်

## သစ္စာလေးပါးကိုဆင်ခြေရာဖြင့် ဥပမာပြု၍ ဟောကြားခြင်း

### သစ္စာလေးပါး၌ အကြုံးဝင်

ဗုဒ္ဓမြတ်စွာ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ရှင်သာရိပုတ္တရာသည် ရဟန်းတို့အား ဤသုတ်ကို ဟောကြားတော်မူသည်။

"ငါ့ရှင်တို့၊ ဥပမာအားဖြင့် ကုန်းသတ္တဝါတို့၏ ခြေရာအားလုံးတို့တွင် ဆင်ခြေရာသည် အကြီးဆုံးဖြစ်သကဲ့သို့ ထို့အတူပင် ကုသိုလ်တရား အားလုံးတို့သည် အရိယသစ္စာလေးပါး၌ အကြုံးဝင်ကုန်၏။ အရိယသစ္စာလေးပါးဟူသည် ဆင်းရဲခြင်း၊ ဆင်းရဲဖြစ်ခြင်း အကြောင်း၊ ဆင်းရဲ ချုပ်ငြိမ်းမှု၊ ဆင်းရဲ ချုပ်ငြိမ်းရေး အကျင့်တို့ ဖြစ်၏။

'ငါ့ရှင်တို့၊ ဆင်းရဲခြင်း အရိယသစ္စာဟူသည် ဘဝသစ်၌ ဖြစ်ရခြင်း၊ အိုခြင်း၊ သေခြင်း၊ စိုးရိမ် ပူဆွေးရခြင်း စသည်တို့ ဖြစ်၏။ အကျဉ်းအားဖြင့်ကား စွဲလမ်းအပ်သော ခန္ဓာ ငါးပါးသည် ဆင်းရဲခြင်း ဖြစ်၏။ ထိုခန္ဓာ ငါးပါးကား– ရုပ်အစု၊ ဝေဒနာအစု စသည်တို့ ဖြစ်၏။ ထိုခန္ဓာ ငါးပါးတို့တွင် မဟာဘုတ် လေးပါးနှင့် ယင်းတို့ကို စွဲမှီ၍ ဖြစ်သော ရုပ်အပေါင်းသည် ရုပ်အစု မည်၏။ မဟာဘုတ် လေးပါးကား မြေဓာတ်၊ ရေဓာတ်၊ လေဓာတ်၊ မီးဓာတ် ဟူသော ဓာတ်ကြီးလေးပါးပင် ဖြစ်၏"

www.dhammaransi.com



## မြေဓာတ်ကို ရှုပုံ

"ငါ့ရှင်တို့၊ ထိုဓာတ်ကြီးလေးပါးတို့တွင် မြေဓာတ်သည် အတွင်းမြေဓာတ်၊ အပြင်မြေဓာတ်ဟူ၍ နှစ်မျိုး ရှိ၏။ ကိုယ်ခန္ဓာကို စွဲမှီ၍ ဖြစ်သော ခက်မာကြမ်းတမ်းမှုသည် အတွင်းမြေဓာတ်ဖြစ်၏။ သရုပ်အားဖြင့်ကား– ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညို့၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း စသည်တို့ဖြစ်၏။

'ငါ့ရှင်တို့၊ အတွင်းမြေဓာတ်သည် လည်းကောင်း၊ အပြင်မြေဓာတ်သည် လည်းကောင်း မြေဓာတ်ပင် ဖြစ်၏။ ထိုမြေဓာတ်ကို 'ငါပိုင် မဟုတ်၊ ငါမဟုတ်၊ ငါ၏ ကိုယ် မဟုတ်' ဟူ၍ အမှန်အတိုင်း ပညာဖြင့် ရှုမြင်အပ်၏။ ယင်းသို့ ရှုမြင်သော် မြေဓာတ်၌ ငြီးငွေ့၍ တပ်မက်ခြင်းကင်း လေ၏။

'ငါ့ရှင်တို့၊ အပြင်ရေဓာတ် ပျက်စီးသောအခါ အပြင်မြေဓာတ်သည် ကွယ်ပျောက်၏။ ထိုမျှလောက် ကြီးမားသော အပြင်မြေဓာတ်၏ပင်လျှင် မမြဲခြင်း၊ ကုန်ခန်းပျက်စီးခြင်း၊ ဖောက်ပြန်ပြောင်းလဲခြင်းသည် ထင်ရှားရကား အချိန်အနည်းငယ်မျှသာ တည်တံ့ခြင်းရှိသော ဤခန္ဓာကိုယ်အား 'ငါ၊ ငါ့ဟာ၊ ငါဖြစ်၏' ဟူ၍ ဘယ်မှာ စွဲယူသင့်ပါတော့မည်နည်း။

'ငါ့ရှင်တို့၊ ယင်းသို့ စွဲယူမှု မပြုသော ရဟန်းကို တစ်ပါးသူတို့က ဆဲဆို ကြိမ်းမောင်း ခဲ့သော် ထိုရဟန်းသည် 'နား၌ တွေ့ထိမှုကြောင့် ငါ့အား ဖြစ်ပေါ်လာသော ဤဆင်းရဲဝေဒနာသည် အကြောင်းမဲ့ ဖြစ်ပေါ်သည် မဟုတ်၊ တွေ့ထိမှုကို စွဲ၍ ဖြစ်ပေါ်၏။ ထိုတွေ့ထိမှုနှင့်တကွ ခံစားမှု၊ သိမှတ်မှု စသည်တို့သည် မမြဲကုန်' ဟူ၍ ရှုမြင်၏။ ယင်းသို့ ရှုမြင်သော ရဟန်းအား ဓာတ်သဘောကိုသာ အာရုံပြုသော စိတ်သည် ထိုအာရုံ၌ သက်ဝင်၍ ကြည်လင်တည်တံ့နေ၏။

'ငါ့ရှင်တို့၊ အကယ်၍ ထိုရဟန်းသည် တစ်ပါးသူတို့က မနှစ်သက်ဖွယ် ဖြစ်သော လက်၊ ခဲ၊ တုတ်၊ ဓါးအတွေ့အထိတို့ဖြင့် ထိခိုက်ပုတ်ခတ်စေကာမူ ထိုရဟန်းကား စိတ်ပြစ်မှားခြင်း မပြုဘဲ မြတ်စွာဘုရား၏ အဆုံးအမကိုသာလျှင် လိုက်နာ၏။ ထိုရဟန်းသည် ဘုရား၊ တရား၊ သံဃာတို့ကို ဆင်ခြင်အောက်မေ့ လျက် ကုသိုလ်နှင့် စပ်သော လျစ်လျူရှုမှု မတည်တံ့ခဲ့သော် ထိတ်လန့်၏။ ကုသိုလ်နှင့်စပ်သော လျစ်လျူရှုမှု တည်တံ့ခဲ့သော် ဝမ်းမြောက်၏။ ဤသို့ဖြင့် ထိုရဟန်းသည် မြတ်စွာဘုရား၏ အဆုံးအမကို များစွာလိုက်နာ၏။"

www.dhammaransi.com



## ရေဓာတ်ကို ရှုပုံ

"ငါ့ရှင်တို့၊ ရေဓာတ်သည် အတွင်းရေဓာတ်၊ အပြင်ရေဓာတ်ဟူ၍ နှစ်မျိုး ရှိ၏။ ခန္ဓာကိုယ်ကို စွဲမှီ၍ ဖြစ်သော ရေနှင့် ရေပါဝင်သည့် စွဲယူအပ်သော ရုပ် အပေါင်းသည် အတွင်းရေဓာတ်မည်၏။ သရုပ်အားဖြင့်ကား- သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်စသည်တို့ ဖြစ်၏။

'ငါ့ရှင်တို့၊ အတွင်း ရေဓာတ်သည် လည်းကောင်း၊ အပြင်ရေဓာတ်သည် လည်းကောင်း ရေဓာတ်ပင် ဖြစ်၏။ ထိုရေဓာတ်ကို 'ငါပိုင်မဟုတ်၊ ငါမဟုတ်၊ ငါ၏ ကိုယ်မဟုတ်'ဟူ၍ အမှန်အတိုင်း ပညာဖြင့် ရှုမြင်အပ်၏။ ယင်းသို့ ရှုမြင်သော် ရေဓာတ်၌ ငြီးငွေ့၍ တပ်မက်ခြင်းကင်းလေ၏။

'ငါ့ရှင်တို့၊ အပြင်ရေဓာတ်ပျက်စီးသဖြင့် တစ်ခါတစ်ရံ မြို့ရွာတို့ မျောပါ သွားခြင်း၊ တစ်ခါတစ်ရံ မဟာသမုဒ္ဒရာ၌ ယူဇနာပေါင်းများစွာ ရှိသော ရေများ ကုန်ခန်းခြင်း၊ တစ်ခါတစ်ရံ ထန်းပင်ခုနစ်ဆင့်မျှ ရေများ မြင့်တက်လာပြီး တစ်ခါ တစ်ရံတွင်မူ လက်တစ်ဆစ်စွတ်ရုံမျှပင် ရေမရှိခြင်းစသည်တို့သည် ဖြစ်ပေါ်ကြရ လေသည်။ ထိုမျှလောက် ကြီးမားများပြားသော အပြင်ရေဓာတ်၏ပင်လျှင် မမြဲခြင်း၊ ကုန်ခန်း ပျက်စီးခြင်း၊ ဖောက်ပြန်ပြောင်းလဲခြင်းသည် ထင်ရှားရကား အချိန်အနည်း ငယ်မျှသာ တည်တံ့ခြင်းရှိသော ဤခန္ဓာကိုယ်အား 'ငါ၊ ငါ့ဟာ၊ ငါဖြစ်၏' ဟူ၍ ဘယ်မှာ စွဲယူသင့်ပါတော့မည်နည်း။"

## မီးဓာတ်ကို ရှုပုံ

"ငါ့ရှင်တို့၊ မီးဓာတ်သည် အတွင်းမီဓာတ်၊ အပြင်မီးဓာတ်ဟူ၍ နှစ်မျိုး ရှိ၏။ ခန္ဓာကိုယ်ကို စွဲမှီ၍ ဖြစ်သော မီးနှင့် မီးပါဝင်သည့် စွဲယူအပ်သော ရုပ်အပေါင်းသည် အတွင်းမီးဓာတ်မည်၏။ သရုပ်အာဖြင့်ကား ပြင်းစွာ ပူလောင် ခြင်း၊ ဆွေးမြေ့ရင့်ကျက်ခြင်း၊ လောင်ကျွမ်းခြင်း၊ အစာကျေကျက်ခြင်းတို့ကို ဖြစ်စေသော ဓာတ်သဘောပင် ဖြစ်၏။

'ငါ့ရှင်တို့၊ အတွင်းမီးဓာတ်သည် လည်းကောင်း၊ အပြင်မီးဓာတ်သည် လည်းကောင်း မီးဓာတ်ပင် ဖြစ်၏။ ထို မီးဓာတ်ကို 'ငါမဟုတ်၊ ငါပိုင် မဟုတ်၊ ငါ၏ ကိုယ်မဟုတ်' ဟူ၍ ဟုတ်တိုင်းမှန်စွာ ပညာဖြင့် ရှုမြင်အပ်၏။ ယင်းသို့ ရှုမြင်သော် မီးဓာတ်၌ ငြီးငွေ့၍ တပ်မက်ခြင်းကင်းလေ၏။

www.dhammaransi.com



'ငါ့ရှင်တို့၊ အပြင်မီးဓာတ် ပျက်စီးသဖြင့် တစ်ခါတစ်ရံ မြို့ရွာတို့ကို လောင်ခြင်း၊ တစ်ခါတစ်ရံ စိမ်းစိုသော အရာဝတ္ထု၊ ကျောက်တောင်၊ ရေစသည်တို့ကို အကြောင်းပြု၍ မီးငြိမ်းအေးခြင်း၊ တစ်ခါတစ်ရံ ကြက်တောင်၊ သားရေမျှင်စသည်တို့ဖြင့် မီးကို ရှာဖွေရခြင်းတို့သည် ဖြစ်ပေါ်ကြရလေ၏။ ထိုမျှလောက် ကြီးမားများပြားသော အပြင်မီးဓာတ်၏ပင်လျှင် မမြဲခြင်း၊ ကုန်ခန်းပျက်စီးခြင်း၊ ဖောက်ပြန်ပြောင်းလဲခြင်းသည် ထင်ရှားရကား အချိန်အနည်းမျှသာ တည်တံ့ခြင်းရှိသော ဤခန္ဓာကိုယ်အား 'ငါ၊ ငါ့ဟာ၊ ငါဖြစ်၏' ဟူ၍ ဘယ်မှာ စွဲယူသင့်ပါတော့မည်နည်း။"

## လေဓာတ်ကို ရှုပုံ

"ငါ့ရှင်တို့၊ လေဓာတ်သည် အတွင်းလေဓာတ်၊ အပြင်လေဓာတ် ဟူ၍ နှစ်မျိုးရှိ၏။ ခန္ဓာကိုယ်ကို စွဲမှီ၍ ဖြစ်သော လေနှင့် လေပါဝင်သည့် စွဲယူအပ်သော ရုပ်အပေါင်းသည် အတွင်းလေဓာတ် မည်၏။ သရုပ်အားဖြင့် အထက်သို့ဆန်သောလေ၊ အောက်သို့ စုန်သောလေ၊ ဝမ်းပိုက်တွင်း၌ တည်သောလေ၊ အူအတွင်း၌ တည်သောလေ၊ အင်္ဂါကြီးငယ်များသို့ အစဉ်လျှောက်သော လေ၊ ဝင်သက်လေ၊ ထွက်သက်လေ စသည်တို့ဖြစ်၏။

'ငါ့ရှင်တို့၊ အတွင်းလေဓာတ်သည် လည်း ကောင်း၊ အပြင်လေဓာတ်သည် လည်း ကောင်း လေဓာတ်ပင် ဖြစ်၏။ ထိုလေဓာတ်ကို 'ငါပိုင် မဟုတ်၊ ငါမဟုတ်၊ ငါ၏ ကိုယ်မဟုတ်' ဟူ၍ အမှန်အတိုင်း ပညာဖြင့် ရှုမြင်အပ်၏။ ယင်းသို့ ရှုမြင်သော် လေဓာတ်၌ ငြီးငွေ့၍ တပ်မက်ခြင်း ကင်း လေ၏။

'ငါ့ရှင်တို့၊ အပြင်လေဓာတ် ပျက်စီးသဖြင့် တစ်ခါတစ်ရံ မြို့ရွာများလွင့်ပါသွားခြင်း၊ နွေရာသီ၏ နောက်ဆုံးလ၌ ယပ်တောင်ဖြင့် လေကိုရှာရခြင်းတို့သည် ဖြစ်ပေါ်ကြကုန်၏။ ထိုမျှလောက် ကြီးမားများပြားသော အပြင်လေဓာတ်၏ပင်လျှင် မမြဲခြင်း၊ ကုန်ခန်းပျက်စီးခြင်း၊ ဖောက်ပြန်ပြောင်းလဲခြင်းသည် ထင်ရှားရကား အချိန်အနည်းမျှသာ တည်တံ့ခြင်းရှိသော ဤခန္ဓာကိုယ်အား 'ငါ၊ ငါ့ဟာ၊ ငါဖြစ်၏' ဟူ၍ ဘယ်မှာ စွဲယူသင့်ပါတော့မည်နည်း။"

## ဟင်းလင်းပြင်ရုပ်

"ငါ့ရှင်တို့၊ ဥပမာအားဖြင့် သစ်သား၊ နွယ်၊ သက်ငယ်၊ မြေညက် (ရွှံ့) တို့ကို အစွဲပြု၍ ပန်းရံနေသော ဟင်းလင်းပြင်ကို အိမ်ဟူ၍ ခေါ်ဆိုရသကဲ့သို့

www.dhammaransi.com



ထို့အတူပင် အရိုး၊ အကြော၊ အသား၊ အရေတို့ကို အစွဲပြု၍ ဝန်းရံနေသော ဟင်းလင်းပြင်ကို ရုပ်ဟူ၍ပင် ခေါ်ဆိုရ၏။"

## အကြောင်းကို စွဲ၍ ဖြစ်ပေါ်သောတရား

"ငါ့ရှင်တို့၊ အတွင်းရုပ်ဖြစ်သော မျက်စိအကြည် မပျက်စီးခြင်း၊ အပြင်ရုပ်ဖြစ်သော အဆင်းအာရုံများ ထင်လာခြင်း၊ ထို အာရုံကို စွဲ၍ ဆင်ခြင်မှုဖြစ်ခြင်းဟူသော အကြောင်းသုံးပါး ညီညွတ်မှသာလျှင် ထိုအာရုံကို စွဲ၍ မြင်သိစိတ် စက္ခုဝိညာဉ် ထင်ရှား ပေါ်လာခြင်းသည် ဖြစ်၏။ ထိုစက္ခုဝိညာဉ်ဖြစ်ခိုက် ပုဂ္ဂိုလ်၏ရုပ်ကို 'စွဲယူအပ်သော ရုပ်အစုဟု' ခေါ်ဆိုအပ်၏။

(နားအကြည်နှင့် အသံအာရုံ၊ နှာခေါင်းအကြည်နှင့် အနံ့အာရုံစသည်တို့ကို စွဲ၍ သောတဝိညာဉ်၊ ဃာနဝိညာဉ် စသည်တို့ ဖြစ်ပေါ်လာပုံများကိုလည်း အထက်ပါနည်း အတိုင်းပင် ဟောတော်မူသည်။)

'ထို့နောက် ထိုရဟန်းသည် ဤသို့ သိမြင်၏၊ 'စွဲယူအပ်သော ဤခန္ဓာငါးပါးတို့သည် အကြောင်းကို စွဲ၍ ဖြစ်ပေါ်လာသော တရားများ ဖြစ်၏။ ဤခန္ဓာငါးပါးတို့၌ လိုချင်မှု၊ တွယ်တာတပ်စွန်းမှုသည် ဆင်းရဲဖြစ်ပေါ်ခြင်း၏ အကြောင်းတရား ဖြစ်၏။ ယင်းတို့ကို ပယ်ခြင်းသည် ဆင်းရဲချုပ်ငြိမ်းကြောင်းပင် ဖြစ်၏။

'ငါ့ရှင်တို့၊ ဤသို့ သိမြင်ခြင်းဖြင့်လည်း ထိုရဟန်းသည် မြတ်စွာဘုရား၏ အဆုံးအမကို များစွာ လိုက်နာသည် မည်ပေ၏။"

ဤသို့ ရှင်သာရိပုတ္တရာက ဟောကြားသောအခါ ရဟန်းတို့သည် လိုဟောကြားချက်ကို ဝမ်းမြောက်နှစ်သက်စွာ မှတ်ယူကြလေသည်။

www.dhammaransi.com

# ၂၉။ မဟာသာရောပမသုတ်

## အနှစ်ကို ရှာသူနှင့် ဥပမာပြု၍ ဟောသောတရား

### အခက်အရွက်ဖြင့်ကျေနပ်သူ

ဗုဒ္ဓမြတ်စွာသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးစဉ် သံဃာကို ဂိုဏ်းခွဲ၍ ထွက်သွားသော ဒေဝဒတ်နှင့် ပတ်သက်၍ ရဟန်းတို့အား ဤသုတ်ကို ဟောကြားတော်မူသည်။

"ရဟန်းတို့၊ အနှစ်ကို လို၍ ရှာဖွေသော ယောက်ျားသည် အနှစ်ရှိသော သစ်ပင်ကြီးကို တွေ့သော်လည်း အနှစ်၊ အကာ၊ အခွံ၊ အပွေးတို့ကို ကျော်ပြီး အခက်အရွက်ကိုသာ အနှစ်ထင်မှတ်ကာ ယူဆောင်သွားလေရာ၏။ ရဟန်းတို့၊ ဤနည်းတူပင် ဤသာသနာ၌ အမျိုးကောင်းသော အချို့သည် မွေးခြင်း၊ သေခြင်းစသော ဆင်းရဲအပေါင်းမှ လွတ်မြောက်ရန်ရည်ရွယ်၍ ရဟန်းပြုခဲ့ပြီး လာဘ်သပ္ပကာ အကျော်အစောကို ဖြစ်စေ၏။ ထိုရဟန်းသည် ထိုလာဘ်သပ္ပကာ အကျော် အစောဖြင့် နှစ်သိမ့်ကျေနပ်ကာ မိမိကိုယ်ကို မြှောက်ပင့်၍ သူတစ်ပါးကို ရှုတ်ချ၏၊ ထိုလာဘ်သပ္ပကာ အကျော်အစောဖြင့် ယစ်မူးမေ့လျော့လျက် ဆင်းရဲစွာ နေရ၏။ ဤရဟန်းကို 'အကျင့်မြတ်၏ အခက်အရွက်ဖြင့်သာ တင်းတိမ်ရောင့်ရဲ၍နေသူ' ဟူ၍ ဆိုအပ်၏။"

### အပွေးဖြင့် ကျေနပ်သူ

"ရဟန်းတို့၊ အနှစ်ကိုလို၍ ရှာဖွေသူသည် အနှစ်ရှိသော သစ်ပင်ကြီးကို တွေ့သော်လည်း အနှစ်၊ အကာ၊ အခွံတို့ကို ကျော်ပြီး အပွေးကိုသာ အနှစ်ထင်

www.dhammaransi.com



မှတ်ကာ ယူဆောင်သွားလေရာ၏။ ရဟန်းတို့၊ ဤနည်းတူပင် ဤသာသနာ၌ အမျိုးကောင်းသားအချို့သည် မွေးခြင်း၊ သေခြင်း စသော ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်ရန် ရည်ရွယ်၍ ရဟန်းပြုခဲ့ပြီး လာဘ်သပ္ပကာ အကျော်အစောဖြင့် နှစ်သိမ့်ရောင့်ရဲခြင်း၊ ယစ်မူးမေ့လျော့ခြင်း မရှိဘဲ သီလကို ပြည့်စုံစေ၏။ ထိုသီလ ပြည့်စုံမှုဖြင့် နှစ်သိမ့်ရောင့်ရဲ၍ ယစ်မူးမေ့လျော့နေသောကြောင့် ဆင်းရဲစွာ နေရ၏။ ဤရဟန်းကို 'အကျင့်မြတ်၏ အပွေးဖြင့်သာ တင်းတိမ်ရောင့်ရဲနေသူ' ဟူ၍ ဆိုအပ်၏။"

## အခွဲဖြင့် ကျေနပ်သူ

"ရဟန်းတို့၊ အနှစ်ကိုလို၍ ရှာဖွေသူသည် အနှစ်ရှိသော သစ်ပင်ကြီးကို တွေ့သော်လည်း အနှစ်၊ အကာတို့ကို ကျော်ပြီး အခွဲကိုသာ အနှစ်ဟု ထင်မှတ်ကာ ယူဆောင်သွားလေရာ၏။ ရဟန်းတို့၊ ဤနည်းတူပင် ဤသာသနာ၌ အမျိုးကောင်းသား အချို့သည် မွေးခြင်း၊ သေခြင်း စသော ဆင်းရဲအပေါင်းမှ လွတ်မြောက်ရန် ရည်ရွယ်၍ ရဟန်းပြုခဲ့ပြီး လာဘ်သပ္ပကာ အကျော်အစောကို ဖြစ်စေ၏။ သို့သော် ထိုလာဘ်သပ္ပကာ အကျော်အစောဖြင့် နှစ်သိမ့်ရောင့်ရဲခြင်း၊ ယစ်မူးမေ့လျော့ခြင်း မရှိဘဲ သီလကို ပြည့်စုံစေ၏။ ထိုသီလဖြင့်လည်း နှစ်သိမ့်ရောင့်ရဲခြင်း မရှိဘဲ သမာဓိကို ပြည့်စုံစေ၏။ ထိုသမာဓိပြည့်စုံမှုဖြင့် နှစ်သိမ့်ရောင့်ရဲကာ ယစ်မူးမေ့လျော့နေသောကြောင့် ဆင်းရဲစွာနေရ၏။ ဤရဟန်းကို 'အကျင့်မြတ်၏ အခွဲဖြင့်သာ တင်းတိမ်ရောင့်ရဲနေသူ' ဟူ၍ ဆိုအပ်၏။"

## အကာဖြင့် ကျေနပ်သူ

"ရဟန်းတို့၊ အနှစ်ကိုလို၍ ရှာဖွေသူသည် အနှစ်ရှိသော သစ်ပင်ကြီးကို တွေ့သော်လည်း အနှစ်ကိုကျော်ပြီး အကာကိုသာ အနှစ်ထင်မှတ်ကာ ယူဆောင်သွားလေရာ၏။ ရဟန်းတို့၊ ဤနည်းတူပင် ဤသာသနာ၌ အမျိုးကောင်းသား အချို့သည် မွေးခြင်း၊ သေခြင်း စသော ဆင်းရဲအပေါင်းမှ လွတ်မြောက်ရန် ရည်ရွယ်၍ ရဟန်းပြုခဲ့ပြီး လာဘ်သပ္ပကာ အကျော်အစောကို ဖြစ်စေ၏။ သို့သော် ထိုလာဘ်သပ္ပကာ အကျော်အစောဖြင့် တင်းတိမ်ရောင့်ရဲခြင်း မရှိဘဲ သီလ၊ သမာဓိတို့နှင့် ဒိဗ္ဗစက္ခုဉာဏ်အမြင်ကို ဖြစ်စေ၏။ ထိုဉာဏ်အမြင်ဖြင့် နှစ်သိမ့်ကျေနပ်ကာ ယစ်မူးမေ့လျော့နေသောကြောင့် ဆင်းရဲစွာ နေရ၏။ ဤရဟန်းကို 'အကျင့်မြတ်၏ အကာမျှဖြင့် တင်းတိမ်ရောင့်ရဲနေသူ' ဟူ၍ ဆိုအပ်၏။"

www.dhammaransi.com



## အနှစ်ကို ရရှိသူ

"ရဟန်းတို့၊ အနှစ်ကို လို၍ ရှာဖွေသူသည် အနှစ်ရှိသော သစ်ပင်ကြီးကို တွေ့သော် အနှစ်ကိုသာ အနှစ်မှန်း သိ၍ ခုတ်ယူသွားလေရာ၏။ ရဟန်းတို့၊ ဤနည်းတူပင် ဤသာသနာ၌ အမျိုးကောင်းသားအချို့သည် မွေးခြင်း၊ သေခြင်းစသော ဆင်းရဲအပေါင်းမှ လွတ်မြောက်ရန်ရည်ရွယ်၍ ရဟန်းပြုခဲ့ပြီး လာဘ်သပ္ပကာ အကျော်အစောကို လည်းကောင်း၊ သီလ သမာဓိ ဉာဏ်အမြင်တို့ကို လည်းကောင်း ဖြစ်စေ၏။ သို့သော် ယင်းတို့ဖြင့် တင်းတိမ်ရောင့်ရဲခြင်း မရှိဘဲ မမေ့မလျော့နေသဖြင့် အချိန်မရွေး လွတ်မြောက်မှုကို ရရှိလေ၏။ ထိုရဟန်းကား ယင်းလွတ်မြောက်မှုမှ ဆုတ်ယုတ်ရန် အကြောင်း မရှိတော့ချေ။

'ရဟန်းတို့၊ ဤသို့လျှင် ဤသာသနာကား လာဘ်သပ္ပကာ အကျော်အစော ရရှိရန်မျှသာ မဟုတ်။ သီလ သမာဓိ ဉာဏ်အမြင်တို့ ပြည့်စုံရုံမျှအတွက် သာ မဟုတ်။ စင်စစ်ကား မပျက်စီးနိုင်သော စိတ်၏ လွတ်မြောက်မှုအတွက် ဖြစ်ပေ၏။ ဤ မပျက်စီးနိုင်သော စိတ်၏ လွတ်မြောက်မှုသည် ဤသာသနာ၏ အနှစ်အသား ဖြစ်၏။ နောက်ဆုံး ပန်းတိုင် ဖြစ်ပေ၏။"

ဗုဒ္ဓမြတ်စွာ ဤသို့ ဟောကြားတော်မူသောအခါ ရဟန်းတို့သည် ထိုဟောကြားချက်ကို လွန်စွာ နှစ်ခြိုက်ကြလေ၏။"

www.dhammaransi.com

# ၃၀။ ပုဏ္ဏောဝါဒသုတ်

## အနှစ်နှင့်တူသော တရားလေးပါးကို ဟောကြားခြင်း

### ဝန်ခံတိုင်း သိမသိ ပြဿနာ

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးစဉ် ပိဂ်လကောစ္ဆမည်သော ပုဏ္ဏားသည် ဗုဒ္ဓထံ ရောက်လာပြီး "အရှင်ဂေါတမ၊ ထင်ရှားကျော်စောသော ဂိုဏ်းဆရာကြီးများ ဖြစ်ကြသည့် ပူရဏကဿပ၊ မက္ခလိဂေါသာလ အစရှိသော ပုဂ္ဂိုလ်တို့သည် မိမိတို့ ဝန်ခံသည့်အတိုင်း တရားထူးကို သိကြပါကုန်သလော" ဟု မေးလျှောက်၏။ ထိုအခါ ဗုဒ္ဓမြတ်စွာက "ပုဏ္ဏား၊ သင့်မေးခွန်းကို ဖြေဆိုခြင်းဖြင့် အကျိုးရှိမည် မဟုတ်။ သင့်အား ငါ တရားဟောအံ့၊ နာလော့" ဟု မိန့်ကြားတော်မူပြီး အနှစ်ကို ရှာဖွေခြင်း ဥပမာဖြင့် တရားကို ဟောကြားတော်မူသည်။

### အခက်အရွက်ကိုသာ ယူသူ

"ပုဏ္ဏား၊ ဤသာသနာ၌ အချို့သော ပုဂ္ဂိုလ်သည် မွေးခြင်း၊ သေခြင်း၊ အစရှိသော ဆင်းရဲအပေါင်းမှ လွတ်မြောက်ရန် ရည်ရွယ်၍ ရဟန်းခံပြုပြီး လာဘ်သပ္ပကာ အကျော်အစောကို ဖြစ်စေ၏။ ထိုလာဘ်သပ္ပကာ အကျော်အစောဖြင့် နှစ်သက်ကျေနပ်ပြီး၊ မိမိကိုယ်ကို မြှောက်ပင့်၍ သူတပါးကို နှိမ့်ချ၏။ ထို့ထက်သာလွန်သော တရားတို့ကို ဖြစ်စေရန် လိုလားအားထုတ်ခြင်း မပြု၊ ဥပမာကား–

www.dhammaransi.com



အနှစ်ကိုလို၍ ရှာဖွေသူသည် အနှစ်ရှိသော သစ်ပင်ကို တွေ့သော်လည်း အနှစ်၊ အကာ၊ အခွံ၊ အပွေးတို့ကို ကျော်ပြီး အခက်အရွက်ကိုသာ အနှစ်ဟု ထင်ကာ ဖြတ်ယူသွားသကဲ့သို့ ဖြစ်၏။"

## အပွေးကိုသာ ယူသူ

"ပုဏ္ဏားပဲ ဤသာသနာ၌ အချို့သော ပုဂ္ဂိုလ်သည် မွေးခြင်း၊ သေခြင်း စသော ဆင်းရဲအပေါင်းမှ လွတ်မြောက်ရန် ရည်ရွယ်၍ ရဟန်းပြုခဲ့ပြီး လာဘ် သပ္ပကာ အကျော်အစောကို ဖြစ်စေ၏။ သို့သော် ထိုလာဘ်သပ္ပကာ အကျော်အ စောဖြင့် ကျေနပ်နှစ်သိမ့်ခြင်းမရှိဘဲ ထို့ထက် သာလွန်မွန်မြတ်သော တရားတို့ကို မျက်မှောက်ပြုရန် လိုလားအားထုတ်သဖြင့် အကျင့်သီလနှင့် ပြည့်စုံခြင်းသို့ ရောက် ၏။ ထိုအကျင့်သီလဖြင့် ကျေနပ်နှစ်သက်၍ ထို့ထက်သာလွန်မွန်မြတ်သော တရားများကို ရရှိရန် အားမထုတ်။ ဥပမာ အနှစ်ကိုလို၍ ရှာဖွေသူသည် အနှစ် ရှိသော သစ်ပင်ကို တွေ့သော်လည်း အနှစ် အကာ အခွံတို့ကို ကျော်ပြီး အပွေ ကိုသာ အနှစ်ဟု ထင်ကာ ယူသွားသကဲ့သို့ ဖြစ်၏။"

## အခွံကိုသာ ယူသူ

"ပုဏ္ဏားပဲ ဤသာသနာ၌ အချို့သော ပုဂ္ဂိုလ်သည် မွေးခြင်း၊ သေခြင်း စသော ဆင်းရဲအပေါင်းမှ လွတ်မြောက်ရန် ရည်ရွယ်၍ ရဟန်းပြုပြီး လာဘ်သပ္ပကာ အကျော်အစောကို လည်းကောင်း သီလနှင့် ပြည့်စုံခြင်းကို လည်းကောင်း၊ သမာဓိ နှင့် ပြည့်စုံခြင်းကို လည်းကောင်း ရရှိ၏။ သို့သော် ယင်းတို့ဖြင့် ကျေနပ်နှစ်သက် ခြင်းမရှိပဲ ယင်းတို့ထက် သာလွန်မွန်မြတ်သော တရားများကို ရရှိရန် ဆက်လက် အားထုတ်သဖြင့် 'ဒိဗ္ဗစက္ခု'ဉာဏ်အမြင်ကို ရရှိ၏။ ထိုဉာဏ်အမြင်ဖြင့် ကျေနပ်ကာ ထို့ထက်သာလွန်သော တရားကို ရရှိရန်ကား ဆက်လက် အားမထုတ်တော့ချေ။ ဤရဟန်းကား အနှစ်ရှိသော သစ်ပင်ကို တွေ့ပါလျက် အနှစ်ကိုကျော်ပြီး အကာကို သာ အနှစ်ဟု ထင်ကာ ယူသွားသူနှင့် ဥပမာတူလေသည်။

## အနှစ်ကို ရယူသူ

"ပုဏ္ဏားပဲ ဤသာသနာ၌ အချို့သော ပုဂ္ဂိုလ်သည် ဆင်းရဲအပေါင်းမှ လွတ်မြောက်ရန် ရည်ရွယ်၍ ရဟန်းပြုခဲ့ပြီး လာဘ်သပ္ပကာ အကျော်အစောကို

www.dhammaransi.com



လည်းကောင်း၊ သီလ သမာဓိနှင့် 'ဒိဋ္ဌိစက္ခု' ဉာဏ်အမြင်တို့ကို လည်းကောင်း ရရှိ၏။ သို့သော် ယင်းတို့ဖြင့် ကျေနပ်နှစ်သက်ခြင်းမရှိဘဲ ယင်းတို့ထက် သာလွန် မွန်မြတ်သော တရားများကို ရရှိရန် ဆက်လက်အားထုတ်၏။ ထိုသာလွန် မွန်မြတ်သော တရားများကား ပထမဈာန် အစရှိသော ဈာန်အဆင့်ဆင့်၊ နိရောဓ သမာပတ်နှင့် အာသဝက္ခယဉာဏ်တို့ ဖြစ်၏။ ဤရဟန်းကား အနှစ်ရှိသော သစ်ပင်ကို တွေ့သော် အနှစ်ကိုသာ ခုတ်ယူသွားသူနှင့် တူပေ၏။

'ပုဏ္ဏား၊ ဤသို့လျှင် ဤသာသနာသည် လာဘ်သပ္ပကာ အကျော်အစော ရရှိရန်အတွက်သာလျှင် မဟုတ်။ သီလသမာဓိနှင့် ဈာန်သမာပတ် အဆင့်ဆင့် တို့ကို ရရှိရန်မှုအတွက်လည်း မဟုတ်။ မပျက်စီးနိုင်သော စိတ်၏ လွတ်မြောက် မှုအတွက် ဖြစ်ပေ၏။ ဤစိတ်၏ လွတ်မြောက်မှုသည် ဤသာသနာ၏ အနှစ် အသာ ဖြစ်၏။ နောက်ဆုံးပန်းတိုင် ဖြစ်ပေ၏။"

ဗုဒ္ဓမြတ်စွာက ဤသို့ ဟောကြားတော်မူလေသော် ပိင်္ဂလကောစ္ဆပုဏ္ဏားသည် ထိုဟောကြားချက်ကို လွန်စွာ နှစ်သက်လှသဖြင့် ဗုဒ္ဓအား ကိုးကွယ်ဆည်းကပ်သူ ဥပါသကာ အဖြစ်သို့ ဆိုက်ရောက်သွားလေသည်။

www.dhammaransi.com

# ၃၁။ စူဠဂေါသိင်္ဂသုတ်

## ဂေါသိင်္ဂအင်ကြင်းတော၌ ဟောသောတရား

### ညီညွတ်ချစ်ခင်စွာနေကြသူများ

နာတိကရွာ အုတ်ကျောင်း၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးနေစဉ် ရှင်အနုရုဒ္ဓါ၊ ရှင်နန္ဒိယနှင့် ရှင်ကိမိလတို့သည် ဂေါသိင်္ဂမည်သော အင်ကြင်းတော၌ နေကြသည်။ တစ်နေ့သ၌ ဗုဒ္ဓမြတ်စွာသည် ညနေချမ်းအချိန်တွင် တစ်ပါးကည်း ကိန်း အောင်းနေရာမှ ထတော်မူ၍ ဂေါသိင်္ဂအင်ကြင်းတောသို့ ကြွတော်မူပြီး "အနုရုဒ္ဓါတို့၊ သင်တို့သည် အချင်းချင်း ညီညွတ်ချစ်ခင်စွာ နေကြရပါ၏လော" ဟု မေးမြန်းတော်မူသည်။ "အရှင်ဘုရား၊ တပည့်တော်တို့သည် အချင်းချင်း ညီညွတ် ချစ်ခင်စွာ နေကြရပါသည်" ဟု ရှင်အနုရုဒ္ဓါက ဖြေကြားလျှင် "သင်တို့သည် မည်သို့သော နည်းဖြင့် ညီညွတ်ချစ်ခင်စွာ နေကြသနည်း" ဟု ထပ်ဆင့်မေးတော်မူသည်။ ထိုအခါ ရှင်အနုရုဒ္ဓါတို့က မိမိတို့ သုံးပါး တစ်စိတ်တစ်ဝမ်းတည်း ဖြစ်လျက် ညီညွတ်ချစ်ခင်စွာ နေကြပုံကို အသီးသီး လျှောက်တင်ကြလေသည်။

"အရှင်ဘုရား၊ တပည့်တော်တို့သည် 'ဤသို့သော သီတင်းသုံးဖော်တို့နှင့် အတူနေရသော ငါကား အရတော်လှပေစွ' ဟူသော စိတ်ဓာတ်ကို ထားရှိခဲ့ကြပါသည်။ တပည့်တော်တို့သည် သီတင်းသုံးဖော်တို့အပေါ်ဝယ် မျက်မှောက်၌လည်းကောင်း၊ မျက်ကွယ်၌ လည်းကောင်း ကာယကံ မေတ္တာ၊ ဝစီကံ မေတ္တာ၊ မနောကံ မေတ္တာတို့ကို ဖြစ်စေခဲ့ကြပါသည်။ တပည့်တော်တို့သည် မိမိတို့ စိတ်

www.dhammaransi.com



အလိုကို လျော့ချထားပြီး သီတင်းသုံးဖော်တို့၏ စိတ်ဆန္ဒနှင့် လိုက်လျောညီစွာ သာလျှင် ကျင့်သုံးခဲ့ကြပါသည်။ တပည့်တော်တို့သည် ကိုယ်ခန္ဓာအားဖြင့် ကွဲပြား နေကြငြားသော်လည်း စိတ်အားဖြင့် တစ်စိတ်တစ်ဝမ်းတည်းကဲ့သို့ ရှိကြပါသည်"

"အနုရုဒ္ဓါတို့၊ ကောင်းပေစွ၊ ကောင်းပေစွ။ သင်တို့သည် မမေ့မလျော့ အပူတပြင်း အားထုတ်ကာ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိကုန်သည် ဖြစ်၍ နေကြပါကုန်၏လော"

"အရှင်ဘုရား၊ တပည့်တော်တို့သည် စင်စစ် မမေ့မလျော့ အပူတပြင်း အားထုတ်ကာ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိကုန်သည် ဖြစ်၍ နေကြပါသည်"

"အနုရုဒ္ဓါတို့၊ သင်တို့သည် မည်သို့သောနည်းဖြင့် မမေ့မလျော့ အားထုတ်၍ နေကြသနည်း"

## မမေ့မလျော့ အားထုတ်နေကြပုံ

"အရှင်ဘုရား၊ တပည့်တော်တို့ သုံးပါးတို့တွင် ဆွမ်းခံရာမှ ရှေးဦးစွာ ပြန်လာသူသည် နေရာခင်းခြင်း၊ သောက်ရေသုံးရေတည်ခြင်း၊ ဆွမ်းဦးထည့်ရန် ခွက်ကို အဆင်သင့်ထားခြင်းတို့ကို ပြုလုပ်ပါသည်။ ဆွမ်းခံရာမှ နောက်ကျ၍ ပြန်လာသူသည် ဆွမ်းကျန်ကို စားလိုလျှင် စားပြီး၊ မစားလိုလျှင်လည်း စိမ်းစိုသော မြက်သစ်ပင် မရှိရာ အရပ်၌ ဖြစ်စေ၊ ပိုးမရှိသော ရေ၌ ဖြစ်စေ စွန့်ပစ်ပါသည်။ နေရာထိုင်ခင်းများကို သိမ်းခြင်း၊ သောက်ရေ သုံးရေ ဆွမ်းဦးထည့်ရန် ခွက်တို့ကို သိမ်းဆည်းခြင်း၊ ဆွမ်းစားကျောင်း၌ တံမြက်လှည်းခြင်းများကို ပြုလုပ်ပါသည်။ သောက်ရေအိုး၊ သုံးရေအိုးတို့၌ ရေမရှိသည်ကို မြင်လျှင် မြင်သူက ရေထည့်ပါသည်။ ထိုရဟန်းသည် အကယ်၍ အိုးကို မချီမ,နိုင်ခဲ့သော် အဖော်ကို လက်ယပ်၍ ခေါ်ပါသည်။ ထိုအကြောင်းကြောင့် နှုတ်မြွက်ပြောဆိုခြင်း မပြုပါ။ တပည့်တော် တို့သည် ငါးရက်တစ်ကြိမ် ညလုံးပေါက် တရားစကား ပြောဆိုဆွေးနွေးခြင်း ပြုလုပ်ကြပါသည်။ အရှင်ဘုရား၊ တပည့်တော်တို့သည် ဤသို့လျှင် မမေ့မလျော့ အပူတပြင်း အားထုတ်ကာ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိကုန်သည် ဖြစ်၍ နေထိုင်ကြပါသည်"

"အနုရုဒ္ဓါတို့၊ ကောင်းပေစွ၊ ကောင်းပေစွ။ ဤသို့ မမေ့မလျော့ အားထုတ်၍ နေသော သင်တို့အား ပကတိလူတို့၏ တရားထက် သာလွန်သော အရိယာတို့၏ ဉာဏ်အမြင်ထူးကို ရရှိကာ ချမ်းသာစွာ နေရခြင်း ရှိပါ၏လော"

www.dhammaransi.com



"အရှင်ဘုရား၊ တပည့်တော်တို့အား အရိယာတို့၏ ဉာဏ်အမြင်ထူးကို ရ၍ ချမ်းသာစွာ နေရခြင်းသည် ရှိပါ၏။ တပည့်တော်တို့သည် အလိုရှိသလောက် ကာမဂုဏ် ကိလေသာတို့မှ ဆိတ်သုဉ်း၍ ယင်းဆိတ်သုဉ်းမှုကြောင့် ဖြစ်သည့် နှစ်သိမ့်ခြင်း ချမ်းသာခြင်းနှင့် ပြည့်စုံသော ပထမဈာန်ကို ဝင်စား၍ နေနိုင်ကြပါသည်"

"အနုရုဒ္ဓါတို့၊ ကောင်းပေစွ၊ ကောင်းပေစွ၊ သင်တို့သည် ဤပထမဈာန်ထက် သာလွန်သော အခြားဉာဏ်အမြင်ထူးကိုလည်း ရရောက်၍ နေနိုင်ကြပါသေးသလော"

ဤသို့ ဗုဒ္ဓမြတ်စွာက တစ်ဆင့်တက်၍ မေးမြန်းသောအခါ ရှင်အနုရုဒ္ဓါတို့သည် ဒုတိယဈာန်စသော ဈာန်အဆင့်ဆင့်နှင့်တကွ သညာဝေဒနာဟို့ ချုပ်ငြိမ်းရာ နိရောဓသမာပတ်၊ အာသဝေါတရားကုန်ခန်းကြောင်း ဖြစ်သော အာသဝက္ခယဉာဏ်တိုင်အောင် ပေါက်ရောက်၍ ချမ်းသာစွာ နေရပုံများကိုလည်း လျှောက်ကြားလေသည်။ ထို့နောက် ဗုဒ္ဓမြတ်စွာသည် ရှင်အနုရုဒ္ဓါတို့အား ချီးမွမ်းစကား မြွက်ကြားပြီး ဂေါသိင်္ဂတောအုပ်မှ ပြန်ကြွတော်မူလေသည်။

## တစ်လောကလုံး၏အကျိုး

ထိုအခါ ဒီဃပရဇနမည်သော နတ်သည် ဗုဒ္ဓမြတ်စွာထံ ချဉ်းကပ်၍ "အရှင်ဘုရား၊ မြတ်စွာဘုရားနှင့်တကွ ရှင်အနုရုဒ္ဓါစသော အမျိုးကောင်းသားသုံးယောက်တို့ သီတင်းသုံးရာ ဝဇ္ဇီတိုင်း၌ နေကြရသော လူတို့ကား အရတော်လှပေသည်" ဟူ၍ လျှောက်ကြားလေသည်။ ထိုနတ်၏ စကားကို ဘုမ္မစိုးနတ်၊ ရက္ခစိုးနတ်တို့နှင့် တကွ စတုမဟာရာဇ်အစရှိသော နတ်တို့က ကြားသိကြသဖြင့် အဆင့်ဆင့် ကြွေးကြော်ကြရာ ထိုစကားသည် တစ်ခဏချင်းပင် ဗြဟ္မပြည်တိုင်အောင် ပြန့်နှံ့သွားလေသည်။ တစ်ဖန် ဗုဒ္ဓမြတ်စွာက အနုရုဒ္ဓါစသော အမျိုးကောင်းသား သုံးဦးတို့ကို ကြည်ညိုသော မြို့၊ ရွာ၊ နိုင်ငံသားတို့အား ချမ်းသာစီးပွားတိုးတက်မည်ဖြစ်ကြောင်း၊ စင်စစ် ထိုအမျိုးကောင်းသားတို့သည် တစ်လောကလုံး၏ အကျိုးစီးပွားအတွက် ကျင့်ကြံနေသူများ ဖြစ်ကြောင်း မိန့်ကြားတော်မူရာ ဒီဃပရဇနနတ်သည် လွန်စွာ ကျေနပ်နှစ်ခြိုက်သွားလေသည်။

www.dhammaransi.com

# ၃၂။ မဟာဂေါသိင်္ဂသုတ်

## ဂေါသိင်္ဂအင်ကြင်းတောကို တင့်တယ်စေသော ပုဂ္ဂိုလ်

### ရှင်သာရိပုတ္တရာထံသို့

အခါတစ်ပါး၌ ဗုဒ္ဓမြတ်စွာသည် ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလ္လာန်စသည့် ထင်ရှားသော တပည့်သာဝကကြီးများနှင့်အတူ ဂေါသိင်္ဂမည်သော အင်ကြင်းတော၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ရှင်မဟာမောဂ္ဂလန်သည် ညနေချမ်းအချိန်တွင် တစ်ပါးတည်း ကိန်းအောင်းနေရာမှ ထ၍ ရှင်မဟာကဿပ၊ ရှင်အနုရုဒ္ဓါတို့နှင့်အတူ ရှင်သာရိပုတ္တရာထံသို့ တရားနာ သွားလေ၏။ မထေရ်ကြီးသုံးပါးကို မြင်လျှင် ရှင်အာနန္ဒာသည်လည်း ရှင်ရေဝတကို ခေါ်ကာ လိုက်ပါသွားလေ၏။

ရှင်သာရိပုတ္တရာသည် ထိုမထေရ်ငါးပါးကို့အာ ကြိုဆိုနှုတ်ဆက်စကားပြောကြားပြီး ရှင်အာနန္ဒာအား ဤသို့ မေးမြန်းလေသည်။

"ငါ့ရှင် အာနန္ဒာ၊ ဂေါသိင်္ဂအင်ကြင်းတောသည် မွေ့လျော်ဖွယ် ရှိ၏။ ညသည့် အပြစ်ကင်းစင်၏။ အင်ကြင်းပင်များသည်လည်း ပင်လုံးကျွတ်ပွင့်လျက်ရှိကြ၏။ နတ်ပန်းများသည်လည်း ကြိုင်လှိုင်သင်းပျံ့နေကြ၏။ ငါ့ရှင်အာနန္ဒာ၊ ဤ ဂေါသိင်္ဂ အင်ကြင်းတောသည် မည်သို့သော ရဟန်းဖြင့် တင့်တယ်လိုက်ဖက်ပေရာသနည်း"

www.dhammaransi.com



**တောကို တင့်တယ်စေမည့်ရဟန်း**

"ရှင်သာရိပုတ္တရာ၊ ဤသာသနာ၌ ရဟန်းသည် အကြားအမြင် များ၏။ နာကြားရသော တရားများကို မှတ်သားလေ့ရှိ၏။ အစ၊ အလယ်၊ အဆုံး သုံးပါးသော ကောင်းခြင်းရှိ၍ သဒ္ဒါအနက်နှင့်လည်း ပြည့်စုံ၊ အကျင့်မြတ်ကိုလည်း ညွှန်ပြသည့် တရားစကားများကို နာကြားလေ့ရှိ၏။ ကြံစည်စဉ်းစား၏။ ပရိသတ် လေးပါးတို့အား ပြည့်စုံပီပြင် အစီအစဉ်ကျသော ပုဒ်ပါဠိအက္ခရာတို့ဖြင့် အနုသယ ကို ပယ်ခွာနိုင်ရန် ဟောကြားဆုံးမ၏။ ငါ့ရှင်သာရိပုတ္တရာ၊ ဂေါသိင်္ဂအင်ကြင်း တောသည် ဤကဲ့သို့သော ရဟန်းဖြင့် တင့်တယ်လိုက်ဖက်ရာပါသည်"

ဤသို့ ရှင်အာနန္ဒာက ဖြေကြားသောအခါ ရှင်သာရိပုတ္တရာသည် ထိုမေးခွန်း ကိုပင် ရှင်ရေဝတအား မေးမြန်း၏။

"ငါ့ရှင် ရေဝတ၊ ရှင်အာနန္ဒာသည် မိမိ ထင်မြင်သည့်အတိုင်း ဖြေကြား ပေ၏။ ဤအကြောင်းကိုပင် ငါ့ရှင်အား မေးပါမည်။ ဂေါသိင်္ဂအင်ကြင်း တောသည် မည်သို့သော ရဟန်းဖြင့် တင့်တယ်လိုက်ဖက်ပေရာသနည်း"

"ငါ့ရှင် သာရိပုတ္တရာ၊ ဤသာသနာ၌ ရဟန်းသည် တစ်ပါးတည်း အေးချမ်း စွာ နေခြင်း၌ မွေ့လျော်ပျော်ပိုက်၏။ မိမိ၏ အတွင်းစိတ်ငြိမ်းချမ်းရေး၌ မပြတ် အားထုတ်၏။ မကင်းကွာသော ဈာန်ဝင်စားမှုရှိလျက် ဝိပဿနာနှင့်လည်း ပြည့်စုံ ၏။ ဆိတ်ငြိမ်ရာအရပ်များကို တိုးပွားစေ၏။ ငါ့ရှင် သာရိပုတ္တရာ၊ ဂေါသိင်္ဂအင် ကြင်းတောသည် ဤသို့သော ရဟန်းဖြင့် တင့်တယ်လိုက်ဖက်ရာပါသည်"

ထို့နောက် ရှင်သာရိပုတ္တရာသည် ရှင်အနုရုဒ္ဓါအား ထိုမေးခွန်းကိုပင် မေးမြန်း ၏။ ရှင်အနုရုဒ္ဓါကလည်း မိမိ၏ထင်မြင်ချက်ကို ဖြေကြားလေ၏။

"ငါ့ရှင်သာရိပုတ္တရာ၊ ဤသာသနာ၌ ရဟန်းသည် အထူးစင်ကြယ်၍ နတ်မျက်စိနှင့်တူသော ဉာဏ်ဖြင့် လောကဓာတ်ပေါင်း ရာထောင်များစွာတို့ကို မြင်နိုင်၏။ ဂေါသိင်္ဂအင်ကြင်းတောသည် ဤကဲ့သို့သော ရဟန်းဖြင့် တင့်တယ်လိုက် ဖက်ရာပါသည်"

ရှင်မဟာကဿပနှင့် ရှင်မဟာမောဂ္ဂလ္လာန်တို့ကလည်း မိမိအလှည့်သို့ ရောက်သောအခါ တစ်မျိုးစီ ဖြေကြားကြလေသည်။

(ရှင်မဟာကဿပ) "ငါ့ရှင်သာရိပုတ္တရာ၊ ဤသာသနာ၌ ရဟန်းသည် မိမိကိုယ်တိုင် အာရညကင်ဓုတင်၊ ပိဏ္ဍပါတ်ဓုတင်၊ ပံသုကူဓုတင်တို့ကို ဆောင် ပြီး ထိုဓုတင်တို့၏ ဂုဏ်ကျေးဇူးကိုလည်း ချီးကျူးပြောဆိုလေ့ ရှိ၏။ မိမိကိုယ်တိုင်

www.dhammaransi.com



အလိုနည်းသူ၊ ရောင့်ရဲလွယ်သူ၊ ကိလေသာကင်းဆိတ်သူ၊ လူတို့နှင့် ရောနှောခြင်း မရှိသူ၊ လုံ့လရှိသူ၊ သီလသမာဓိနှင့် ပြည့်စုံသူ၊ ဝိမုတ္တိ၊ ဝိမုတ္တိဉာဏ်အမြင်နှင့် ပြည့်စုံသူဖြစ်ပြီး ထိုအလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း စသည်တို့၏ ဂုဏ်ကျေးဇူးကိုလည်း ချီးကျူးပြောဆိုလေ့ ရှိ၏။ ငါ့ရှင် သာရိပုတ္တရာ၊ ဂေါသိင်္ဂအင်ကြင်းတောသည် ဤကဲ့သို့သော ရဟန်းဖြင့် တင့်တယ်လိုက်ဖက်ပေရာ၏"

(ရှင်မဟာမောဂ္ဂလ္လာန်) "ငါ့ရှင်သာရိပုတ္တရာ၊ ဤသာသနာ၌ ရဟန်းနှစ်ပါးတို့သည် အဘိဓမ္မာစကားကို ပြောဆို ဆွေးနွေးကြ၏။ အချင်းချင်း မေးကြဖြေကြ၏။ ထိုရဟန်းတို့အား တရားစကားသည် အမြဲဖြစ်ပေါ်နေ၏။ ငါ့ရှင် သာရိပုတ္တရာ၊ ဂေါသိင်္ဂအင်ကြင်းတောသည် ဤသို့သော ရဟန်းဖြင့် တင့်တယ်လိုက်ဖက်ရာပါသည်"

ဤသို့ မထေရ်ငါးပါးတို့က အသီးအသီး ဖြေကြားပြီးလေသော် ရှင်မဟာမောဂ္ဂလ္လာန်သည် ရှင်သာရိပုတ္တရာကို ပြန်၍ မေးလေသည်။

"ငါ့ရှင်သာရိပုတ္တရာ၊ ငါတို့အားလုံးကား မိမိတို့ ထင်မြင်ချက်များကို ဖြေကြားပြီးပေပြီ။ ယခု ငါ့ရှင်ကိုလည်း ပြန်၍ မေးပါဦးမည်။ ဂေါသိင်္ဂအင်ကြင်းတောသည် မည်သို့သော ရဟန်းဖြင့် တင့်တယ်လိုက်ဖက်ရာပါသနည်း"

"ငါ့ရှင်မောဂ္ဂလ္လာန်၊ ဤသာသနာ၌ ရဟန်းသည် စိတ်ကို မိမိအလိုအတိုင်း ဖြစ်စေ၏၊ စိတ်အလိုသို့ မလိုက်၊ နံနက်၊ နေ့လယ်၊ ညနေတို့၌ မိမိနေလိုသော သမာပတ်ဖြင့် နေနိုင်၏။ ဥပမာ ပုဆိုးများစွာကို သေတ္တာနှင့်အပြည့်ထည့်ထားသော မင်း၊ သို့မဟုတ် အမတ်ကြီးသည် နံနက်၊ နေ့လယ်၊ ညနေအချိန်တို့၌ မိမိဝတ်လိုသော ပုဆိုးကို ရွေး၍ ဝတ်ဆင်နိုင်သကဲ့သို့ ဖြစ်၏။ ငါ့ရှင်မောဂ္ဂလ္လာန်၊ ဂေါသိင်္ဂအင်ကြင်းတောသည် ဤကဲ့သို့သော ရဟန်းဖြင့် တင့်တယ်လိုက်ဖက်ရာပါသည်"

## ဗုဒ္ဓမြတ်စွာ၏ အဖြေ

ယင်းသို့ ဖြေကြားပြီးသောအခါ ရှင်သာရိပုတ္တရာသည် ထိုမထေရ်ငါးပါးနှင့်အတူ ဗုဒ္ဓမြတ်စွာထံ သွား၍ မိမိတို့အချင်းချင်း မေးကြဖြေကြပုံ အလုံးစုံကို လျှောက်ထားတင်၏။ "ထိုအဖြေအားလုံးတွင် မည်သည့် အဖြေသည် အကောင်းဆုံးဖြစ်ပါသနည်း" ဟူ၍လည်း မေးလျှောက်၏။ ထိုအခါ ဗုဒ္ဓက "သာရိပုတ္တရာ၊ သင်တို့၏ အဖြေအားလုံးသည် ပရိယာယ်တစ်မျိုးစီအားဖြင့် မှန်ကန်ကြသည်သာ ဖြစ်၏။ သို့ရာတွင် ငါ၏ အဖြေစကားကိုလည်း သင်တို့ နာကြကုန်ဦးလော့" ဟု မိန့်ကြားတော်မူပြီး အောက်ပါအတိုင်း ဖြေကြားတော်မူလေသည်။

www.dhammaransi.com



"သာရိပုတ္တရာ၊ ဤသာသနာ၌ ရဟန်းသည် ဆွမ်း ခံရာမှ ပြန်၍ ဆွမ်းစား ပြီး သောအခါ ထက်ဝယ်ဖွဲ့ခွေ၍ ကိုယ်ကို ဖြောင့်မတ်စွာ ထားပြီးလျှင် ကမ္မဋ္ဌာန်း အာရုံသို့ ရှေးရှု သတိကို ဖြစ်စေလျက် 'ငါ၏ စိတ်သည် စွဲလမ်းမှု မရှိဘဲ အာသဝေါ ဟရားကိုမှ မလွတ်မြောက်သေးသမျှ ကာလပတ်လုံး ငါသည် ထက်ဝယ်ဖွဲ့ခွေခြင်း ကို မဖျက်တော့အံ့' ဟု အဓိဋ္ဌာန်ပြုကာ ထိုင်နေ၏။ သာရိပုတ္တရာ၊ ဂေါသိင် အင်ကြင်းတောသည် ဤကဲ့သို့သော ရဟန်းဖြင့် တင့်တယ်ပေရာ၏"

ဗုဒ္ဓမြတ်စွာက ဤသို့ ဖြေကြားသောအခါ ရှင်သာရိပုတ္တရာတို့သည် ယင်း ဖြေကြားချက်ကို လွန်စွာ နှစ်ခြိုက်ကြလေသည်။

www.dhammaransi.com

# ၃၃။ မဟာဂေါပါလကသုတ်

## နွားကျောင်းသားနှင့်တူသော ရဟန်းနှစ်မျိုးကို ဟောကြားခြင်း

ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတို့အား ဤသုတ်ကို ဟောကြားတော်မူသည်။

### နွားအုပ်ကို မထိန်းနိုင်သော နွားကျောင်းသား

"ရဟန်းတို့၊ အင်္ဂါ (၁၁) ပါးနှင့် ပြည့်စုံသော နွားကျောင်းသားသည် နွားအုပ်ကို ထိန်းကျောင်းရန် လည်းကောင်း၊ တိုးပွားအောင်ပြုရန် လည်းကောင်း မစွမ်းနိုင်ချေ။ အင်္ဂါ (၁၁) ပါးကား- နွားတို့၏ ရုပ်ဆင်းသွင်ပြင်ကို မသိခြင်း၊ နွားတို့ လက္ခဏာ၌ မလိမ္မာခြင်း၊ ယင်ကြီးဥကို မထုတ်ပယ်တတ်ခြင်း၊ အနာကို ဆေးဝါး မအုံတတ်ခြင်း၊ မီးခိုး မလွှင့်တတ်ခြင်း၊ ရေဆိပ်ကို မသိခြင်း၊ ရေသောက်ပြီး မပြီးကို မသိခြင်း၊ သွားလမ်းလာလမ်းကို မသိခြင်း၊ နွားစားကျက်ကို မသိခြင်း၊ နို့ရည်ကို အကြွင်းမဲ့ ညှစ်ယူခြင်း၊ နွားအုပ်၏ ရှေ့ဆောင်နွားလားအား အထူးပူဇော် ချီးမြှောက်မှု မပြုခြင်းတို့ ဖြစ်၏။

### မကြီးပွားထိုက်သောရဟန်း

"ရဟန်းတို့၊ ဤနည်းတူပင် အင်္ဂါ (၁၁) ပါးနှင့် ပြည့်စုံသော ရဟန်းသည် ဤသာသနာ၌ တိုးပွား စည်ပင်ရန် မထိုက်ချေ။ အင်္ဂါ (၁၁) ပါးကား- ရုပ်ကို မသိခြင်း၊ လက္ခဏာ၌ မလိမ္မာခြင်း၊ ယင်ကြီးဥကို မထုတ်ပယ်တတ်ခြင်း၊ အနာကို

www.dhammaransi.com



ဆေးမအုံတတ်ခြင်း၊ မီးခိုး မလွှင့်တတ်ခြင်း၊ ဆိပ်ကမ်းကို မသိခြင်း၊ ရေသောက် ပြီး မပြီးကို မသိခြင်း၊ လမ်းခရီးကို မသိခြင်း၊ ကျက်စားရာ၌ မလိမ္မာခြင်း၊ နို့ ရည်ကို အကြွင်းမဲ့ ညှစ်ယူခြင်း၊ သံဃဦးစီး မထေရ်ကြီးတို့အား ထူးကဲသော ပူဇော်မှုကို မပြုခြင်းတို့ဖြစ်၏။

၁ 'ထိုအင်္ဂါ (၁၁) ပါးတို့တွင် မဟာဘုတ်လေးပါးနှင့် ယင်းတို့ကို စွဲမှီ၍ ဖြစ်သော ဥပါဒါရုပ်တို့ကို မသိခြင်းသည် ရုပ်ကို မသိခြင်း ဖြစ်၏။

၂ 'လူမိုက်၏ လက္ခဏာသည် မကောင်းသော အလုပ်ဖြစ်၏။ လူလိမ္မာ၏ လက္ခဏာကား ကောင်းသော အလုပ်ဖြစ်၏။ ဤလက္ခဏာနှစ်ပါးကို မသိခြင်း သည် လက္ခဏာ၌ မလိမ္မာခြင်း ဖြစ်၏။

၃ 'ကာမဂုဏ်နှင့်စပ်သော အကြံ၊ ဖျက်ဆီးရေးနှင့်စပ်သော အကြံ၊ ညှဉ်းဆဲရေး နှင့် စပ်သော အကြံများ ဖြစ်ပေါ်လာလျှင် ပြေဖျောက် မပစ်ဘဲ လက်ခံထားခြင်း သည် ယင်ကြီးဥကို မထုတ်ပယ်ခြင်း မည်၏။

၄ 'သူတစ်ပါး ပစ္စည်းကို ရှေ့ရှု ကြံစည်ခြင်း၊ စိတ်နှလုံး မသာယာခြင်း ဟူသော အကုသိုလ်တရားများ တိုးပွားကြောင်းဖြစ်သည့် မျက်စိ၊ နား၊ နှာခေါင်း စသော ဣန္ဒြေခြောက်ပါးကို မစောင့်စည်းခြင်းသည် အနာကို ဆေးမအုံခြင်း မည်၏။

၅ 'မိမိ နာကြားသင်ယူထားသော တရားများကို သူတစ်ပါးတို့အား မဟော ပြောခြင်းသည် မီးခိုးကို မလွှင့်ခြင်း မည်၏။

၆ 'အကြားအမြင်များ၍ တရားဝိနည်းကို တတ်ကျွမ်းသော ရဟန်းများထံ အခါအားလျော်စွာ ချဉ်းကပ်၍ အနက်အဓိပ္ပာယ်ကို မေးမြန်းဆွေးနွေးမှု မပြုခြင်း သည် ရေဆိပ်ကို မသိခြင်း မည်၏။

၇ 'မြတ်စွာဘုရား၏ တရားကို ဟောကြားသောအခါ အနက်ကို သိသော ဉာဏ်၊ ပါဠိကို သိသောဉာဏ်တို့ကိုလည်းကောင်း၊ တရားနှင့်စပ်သော ဝမ်းမြောက် မှုကို လည်းကောင်း မရခြင်းသည် ရေသောက်ပြီး၊ မပြီးကို မသိခြင်း မည်၏။

၈ 'အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အရိယမဂ်ကို မသိခြင်းသည် လမ်းခရီးကို မသိ ခြင်း မည်၏။

၉ 'သတိပဋ္ဌာန်လေးပါးတို့ကို အမှန်အတိုင်း ခွဲခြား၍ မသိခြင်းသည် ကျက်စား ရာ၌ မလိမ္မာခြင်း မည်၏။

'ဒါယကာတို့ လှူဒါန်းသော ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါး ၌ အတိုင်းအဆကို မသိခြင်းသည် နို့ရည်ကို အကြွင်းမဲ့ ညှစ်ခြင်းမည်၏။

www.dhammaransi.com



'ရဟန်းဝါရင့်၍ ရဟန်းသက်ရှည်သော သံဃဦးစီး မထေရ်ကြီးတို့ အပေါ်၌ မျက်မှောက်တွင် လည်းကောင်း၊ မျက်ကွယ်တွင် လည်းကောင်း မေတ္တာကာယကံ၊ မေတ္တာဝစီကံ၊မေတ္တာမနောကံတို့ကို မဖြစ်စေခြင်းသည် သံဃဦးစီး မထေရ်ကြီးတို့အား ထူးကဲသော ပူဇော်မှုကို မပြုခြင်း မည်၏"

## ကြီးပွားထိုက်သော ရဟန်း

"ရဟန်းတို့၊ နွားတို့၏ ရုပ်ဆင်းသွင်ပြင်ကို သိခြင်း၊ လက္ခဏာ၌ လိမ္မာခြင်း အစရှိသော အင်္ဂါ (၁၁) ပါးနှင့် ပြည့်စုံသော နွားကျောင်းသားသည် နွားအုပ်ကို ထိန်းကျောင်းရန် လည်းကောင်း၊ တိုးပွားအောင်ပြုရန် လည်းကောင်း စွမ်းနိုင်သကဲ့သို့၊ ထို့အတူပင် ရုပ်ကို သိခြင်း၊ လက္ခဏာ၌ လိမ္မာခြင်းစသော အင်္ဂါ (၁၁) ပါးနှင့် ပြည့်စုံသော ရဟန်းသည်လည်း ဤသာသနာ၌ ကြီးပွားတိုးတက် ခြင်းငှာ ထိုက်တန်ပေ၏"

ဤသို့ ဗုဒ္ဓမြတ်စွာက ဟောကြားလေသော် ရဟန်းတို့သည် ထိုဟောကြားချက်ကို လွန်စွာ နှစ်ခြိုက်ကြလေသည်။

www.dhammaransi.com

# ၃၄။ စူဠဂေါပါလကသုတ်

## နွားကျောင်းသားနှင့်တူသော ဆရာနှစ်မျိုးကို ဟောကြားခြင်း

ဗုဒ္ဓမြတ်စွာသည် ဝဇ္ဇီတိုင်း ဥက္ကာစေလမြို့ ဂင်္ဂါမြစ်ကမ်း၌ သီတင်းသုံးစဉ် ရဟန်းတို့အား ဤသုတ်ကို ဟောကြားတော်မူသည်။

### ဉာဏ်မရှိသော နွားကျောင်းသား

'ရဟန်းတို့၊ ရှေးအခါက ပညာနည်းသော မဂဓတိုင်းသား နွားကျောင်းသားတစ်ဦးသည် မိုးလေးလအဆုံး တန်ဆောင်မုန်းလ၌ ဤမှာဘက်ကမ်း၊ ထိုမှာဘက်ကမ်းတို့ကို မရှုမစမ်းမဆင်ခြင်ဘဲ ဆိပ်ကမ်းမဟုတ်သော နေရာမှ ဂင်္ဂါမြစ်၏ မြောက်ဘက် ဝိဒေဟတိုင်းသို့ နွားတို့ကို ကူးစေ၏။ ထိုအခါ နွားတို့သည် မြစ်လယ်တွင် ရေအလျဉ်ဖြင့် မျောပါလျက် အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်ကြလေသည်။ ယင်းသို့ ဖြစ်ရသည်မှာ နွားကျောင်းသားက မရှုစမ်းမဆင်ခြင်ဘဲ နွားတို့ကို တစ်ဖက်ကမ်းသို့ ကူးစေခြင်းကြောင့် ဖြစ်၏။

'ရဟန်းတို့၊ ထိုနည်းတူပင် ဤလောက၊ တစ်ပါးသော လောကတို့နှင့် ပတ်သက်၍ လည်းကောင်း၊ မာရ်နတ်၏ တည်ရာ၊ သေမင်း၏ တည်ရာတို့နှင့် ပတ်သက်၍ လည်းကောင်း မသိ မလိမ္မာသော ရဟန်းပုဏ္ဏားတို့၏ စကားကို ကိုးစား ယုံကြည်သူတို့သည် အကျိုးစီးပွား ဆုတ်ယုတ်ပျက်ပြွင်း၍ ဆင်းရဲခြင်းကိုသာ တွေ့ကြုံခံစားရမည် ဖြစ်၏။"

www.dhammaransi.com



## ဉာဏ်ရှိသော နွားကျောင်းသား

"ရဟန်းတို့၊ ရှေးအခါက ဉာဏ်ပညာနှင့် ပြည့်စုံသော မဂဓတိုင်းသား နွားကျောင်းသားတစ်ဦးသည် မိုးလေးလအဆုံး တန်ဆောင်မုန်းလ၌ ဤမှာ ဘက်ကမ်း၊ ထိုမှာ ဘက်ကမ်းတို့ကို စူးစမ်းဆင်ခြင်ကာ ဆိပ်ကမ်းဖြစ်သော နေရာမှ သာလျှင် ဂင်္ဂါမြစ်၏ မြောက်ဘက် ဝိဒေဟတိုင်းသို့ နွားတို့ကို ကူးစေ၏။ သူသည် ရှေးဦးစွာ ရှေ့ဆောင်နွားလားတို့ကို ကူးစေ၏။ ထိုနွားလားတို့သည် မြစ်ရေအလျဉ်ကို ကန့်လန့်ဖြတ်၍ ကူးသွားကြရာ တဖက်ကမ်းသို့ ချမ်းသာစွာ ဆိုက်ရောက်ကြသည်။ ထို့နောက် အားကောင်းသော နွားနှင့် နွားသိုးတို့ကို လည်းကောင်း၊ နွားပေါက်နှင့် နွားမတို့ကို လည်းကောင်း၊ နွားငယ် ကလေးများနှင့် မသန်စွမ်းသော နွားတို့ကို လည်းကောင်း တစ်သုတ်ပြီး တစ်သုတ် ကူးစေရာ ထိုနွားအားလုံးမှာလည်း ချမ်းသာစွာဖြင့် တစ်ဖက်ကမ်းသို့ ရောက်ကြလေသည်။ အယုတ်ဆုံးအားဖြင့် မွေးဖွာ စ နွားငယ်သည်ပင် မိခင်နွားမ၏ မြည်တွန်သံကို အမှတ်ပြု၍ မြစ်ရေအလျဉ်ကို ဖြတ်ကူးလေရာ တစ်ဖက်ကမ်းသို့ ချမ်းသာစွာ ဆိုက်ရောက်လေ၏။ ယင်းသို့ ဖြစ်ရသည်မှာ နွားကျောင်းသားက စူးစမ်းဆင်ခြင်၍ နွားတို့ကို တစ်ဖက်ကမ်းသို့ ကူးစေသောကြောင့် ဖြစ်၏။

"ရဟန်းတို့၊ ထိုနည်းတူပင် ဤလောက၊ တစ်ပါးသော လောကတို့နှင့် ပတ်သက်၍ လည်းကောင်း၊ မာရ်နတ်၏ တည်ရာ၊ သေမင်း၏ တည်ရာတို့နှင့် ပတ်သက်၍ လည်းကောင်း လိမ္မာသော ရဟန်းပုဏ္ဏားတို့၏ စကားကို ယုံကြည်ကို စာသူတို့သည် အကျိုးစီးပွား တိုးတက်၍ ချမ်းသာသုခကို ရရှိကြမည် ဖြစ်ပေ၏"

## သံသရာတစ်ဖက်ကမ်းသို့

"ရဟန်းတို့၊ နွားအုပ်၏ ရှေ့ဆောင်နွားလားကြီးတို့သည် မြစ်ရေအလျဉ်ကို ကန့်လန့်ဖြတ်ကူးကာ မြစ်တစ်ဖက်ကမ်းသို့ ချမ်းသာစွာ ရောက်ကုန်သကဲ့သို့၊ ထို့အတူပင် အာသဝေါ ကုန်ခန်း၍ ပြုဖွယ်ကိစ္စ ပြီးဆုံးကာ မှန်ကန်သော အသိဉာဏ်ဖြင့် ကိလေသာမှ လွတ်မြောက်သွားကြကုန်သော ရဟန်းတို့သည် မာရ်နတ်၏ ရေအလျဉ်ကို ကန့်လန့် ဖြတ်ကူးကာ သံသရာတစ်ဖက်ကမ်းသို့ ချမ်းသာစွာ ရောက်ခဲ့ကြကုန်၏။

www.dhammaransi.com



'အားကောင်းသော နွားများနှင့် နွားသိုးတို့သည် မြစ်ရေ အလျဉ်ကို ကန့်လန့်ဖြတ်ကူးကာ မြစ်တစ်ဖက်ကမ်းသို့ ချမ်းသာစွာ ရောက်ကြကုန်သကဲ့သို့၊ ထို့အတူပင် အောက်ဘုံသို့ ပို့ဆောင်တတ်သော သံယောဇဉ်ငါးပါးကုန်၍ ပြဟ္မာဘုံ၌ ဥပပတ် ပဋိသန္ဓေနေကာ ထိုပြဟ္မာဘုံ၌ပင် ဆင်းရဲငြိမ်း၍ ကာမဘုံသို့ ပြန်လည်ခြင်းမရှိတော့သော အနာဂါမ်ရဟန်းတို့သည် မာရ်နတ်၏ ရေအလျဉ်ကို ကန့်လန့်ဖြတ်ကူးကာ သံသရာတစ်ဖက်ကမ်းသို့ ချမ်းသာစွာ ရောက်ကြလိမ့်မည်။

'နွားပေါက်နှင့် နွားမတမ်းတို့သည် မြစ်ရေအလျဉ်ကို ကန့်လန့်ဖြတ်ကူးကာ မြစ်တစ်ဖက်ကမ်းသို့ ချမ်းသာစွာ ရောက်ကြကုန်သကဲ့သို့၊ ထို့အတူပင် သံယောဇဉ်သုံးပါး အကြွင်းမဲ့ ကုန်ခန်းသည့်အပြင် ရာဂ ဒေါသ မောဟတို့လည်း ခေါင်းပါးသွားသဖြင့် ဤလူ့ပြည်သို့ တစ်ကြိမ်သာ ပြန်လာ၍ ဆင်းရဲကုန်ဆုံးမှုကို ပြုမည့် သကဒါဂါမ် ရဟန်းတို့သည် မာရ်နတ်၏ ရေအလျဉ်ကို ကန့်လန့်ဖြတ်ကူးကာ သံသရာတစ်ဖက်ကမ်းသို့ ချမ်းသာစွာ ရောက်ကြလိမ့်မည်။

'နွားငယ်ကလေးများနှင့် မသန်စွမ်းသော နွားတို့သည် မြစ်ရေအလျဉ်ကို ကန့်လန့်ဖြတ် ကူးကာ မြစ်တစ်ဖက်ကမ်းသို့ ချမ်းသာစွာ ရောက်ကြကုန်သကဲ့သို့ ထို့အတူပင် သံယောဇဉ်သုံးပါး အကြွင်းမဲ့ ကုန်၍ အပါယ်လေးပါးသို့ ကျရောက်ရန် မရှိတော့ဘဲ၊ အထက်မဂ် သုံးပါးသာလျှင် လဲလျောင်းရာရှိသော သောတာပန်ရဟန်းတို့သည် မာရ်နတ်၏ ရေအလျဉ်ကို ကန့်လန့်ဖြတ်ကူးကာ သံသရာ တစ်ဘက်ကမ်းသို့ ချမ်းသာစွာ ရောက်ကြလိမ့်မည်။

'မွေးဖွားစ နွားငယ်သည် မိခင်နွားမ၏ ပြည်တွန်သံကို အမှတ်ပြု၍ မြစ်ရေအလျဉ်ကို ကန့်လန့်ဖြတ်ကူးကာ မြစ်တစ်ဖက်ကမ်းသို့ ချမ်းသာစွာ ရောက်သကဲ့သို့ ထို့အတူပင် တရားသို့ အစဉ်လိုက်သူ၊ ယုံကြည်မှုသို့ အစဉ်လိုက်သူတို့သည်လည်း မာရ်နတ်၏ ရေအလျဉ်ကို ကန့်လန့်ဖြတ်ကူးကာ သံသရာတစ်ဘက်ကမ်းသို့ ချမ်းသာစွာ ရောက်ကြလိမ့်မည်။

"ရဟန်းတို့၊ ငါဘုရားသည် ဤလောက၊ တစ်ပါးသော လောကတို့နှင့် ပတ်သက်၍ လည်းကောင်း၊ မာရ်နတ်၏ တည်ရာ၊ သေမင်း၏ တည်ရာတို့နှင့် ပတ်သက်၍ လည်းကောင်း ကျွမ်းကျင်လိမ္မာ၏။ ငါ၏ စကားကို ကိုးစားယုံကြည်သူတို့သည် အကျိုးစီးပွား တိုးတက်၍ ချမ်းသာသုခကို ရရှိကြမည် ဖြစ်ပေ၏"

ဘုရားရှင်က ဤသို့ ဟောကြားသောအခါ ရဟန်းတို့သည် ထိုဟောကြားချက်ကို လွန်စွာ နှစ်ခြိုက်ကြလေသည်။

www.dhammaransi.com

# ၃၅။ စူဠသစ္စကသုတ်

## သစ္စကပရိဗိုဇ်အား ဟောသောတရား

### ပညာရှိသစ္စက ကြွေးဝါးပုံ

ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရကျောင်းတိုက်၌ ဗုဒ္ဓ မြတ်စွာ သီတင်းသုံးစဉ် နိဂဏ္ဌာတက္ကတွန်း၏ သားဖြစ်သော သစ္စကဆိုသူသည် ဝေသာလီပြည်၌ နေထိုင်လျက် ရှိ၏။ သစ္စကသည် စကားပြောသန်ပြီး ပညာရှိဟု ဝန်ခံနေသူ ဖြစ်၏။ သူတော် သူမြတ်တစ်ဦးဟူ၍ လူအများက အသိအမှတ်ပြုမှုကို ခံရသူလည်း ဖြစ်၏။ သစ္စကသည် တစ်ခါက ပရိသတ်အလယ်၌ ဤသို့ ကြွေးဝါး ပြောဆိုခဲ့၏။

"ဂိုဏ်းဆရာဖြစ်သော ရဟန်းပုဏ္ဏား တစ်ပါးပါးသည် တရားအားလုံးကို အကြွင်းမဲ့ သိမြင်သူဟူ၍ ဝန်ခံသူ ဖြစ်စေကာမူ၊ ကျွန်ုပ်နှင့် ဝါဒချင်းပြိုင်၍ ပြောဆိုခဲ့သော် မတုန်မလှုပ်မည့်သူ၊ ချိုင်းကြားမှ ချွေးဒီးဒီး မကျမည့်သူကို ကျွန်ုပ် မမြင်ပါ။ လူသားဖြစ်သူကို မဆိုထားဘိ၊ စိတ်စေတနာမရှိသော တိုင်သည်ပင် ကျွန်ုပ်က ဝါဒဖြင့် တင်စီး၍ ပြောဆိုခဲ့သော် ယိမ်းယိုင်လှုပ်ရှားသွားမည် ဖြစ်ပါသည်"

တစ်နေ့သောအခါ သစ္စကသည် ဝေသာလီမြို့တွင်း၌ လမ်းလျှောက်နေစဉ် ဆွမ်းခံကြွလာသော ရှင်အဿဇိနှင့် တွေ့၍ "အချင်း အဿဇိ၊ ရဟန်းဂေါတမသည် မိမိ၏ တပည့်များအား မည်သို့ သွန်သင်ဆုံးမလေ့ရှိပါသနည်း" ဟု မေးမြန်းလေ

www.dhammaransi.com



သည်။ ရှင်အဿဇိက 'ဗုဒ္ဓမြတ်စွာသည် တပည့်တို့အား ရုပ်ဝေဒနာစသည့်တို့သည် မမြဲ၊ အစိုးရသော အတ္တလည်း မဟုတ်" ဟူ၍ သွန်သင်ဆုံးမလေ့ ရှိကြောင်း ဖြေကြားသည်။ ထိုအခါ သစ္စက ပရိဗိုဇ်က "အချင်းအဿဇိ၊ ကျွန်ုပ်တို့ကား မကောင်းသော စကားကို ကြားကြရကုန်၏။ အကယ်၍ ကျွန်ုပ်သည် အရှင်ဂေါတမနှင့် တွေ့ဆုံဆွေးနွေးခွင့် ရပါမူ ရဟန်းဂေါတမကို ဤယုတ်မာသောအယူမှ ကင်းကွာစေနိုင်လိမ့်မည်" ဟု ပြောဆိုလေသည်။

## ဗုဒ္ဓမြတ်စွာနှင့် တွေ့ခြင်း

ထို့နောက် သစ္စကသည် လိစ္ဆဝီမင်းသားငါးရာတို့ အစည်းအဝေး ပြုလုပ်နေရာ လွှတ်ရုံးသို့ သွား၍ "မင်းသားတို့၊ လိုက်ခဲ့ကြကုန်လော့၊ ယနေ့ ကျွန်ုပ်နှင့် ရဟန်းဂေါတမ စကားပြောပွဲ ဖြစ်ပါလိမ့်မည်။ ကျွန်ုပ်သည် ရဟန်းဂေါတမကို ဝါဒဖြင့် ဆွဲငင်ဝှေ့ယမ်းပစ်ပါမည်" ဟု ပြောဆိုသည်။ လိစ္ဆဝီမင်းသားငါးရာတို့တွင် အချို့က သစ္စကသည် အမှန်ပင် ဗုဒ္ဓအပေါ်တွင် ဝါဒဖြင့် ဟင်စီးပြောဆိုနိုင်လိမ့်မည်ဟု ထင်ကြသည်။ အချို့ကမူ ဗုဒ္ဓကသာ သစ္စကအား ဝါဒဖြင့် အနိုင်ယူလိမ့်မည် ဖြစ်ကြောင်း သေချာပေါက် ယုံကြည်ထားကြသည်။ ဤသို့ဖြင့် လိစ္ဆဝီမင်းသား ငါးရာလုံးပင် လွှတ်ရုံးမှ ထွက်၍ သစ္စကနောက်သို့ လိုက်ပါသွားကြသည်။

ကူဋာဂါရကျောင်းတိုက်သို့ သစ္စကရောက်သွားချိန်တွင် ဗုဒ္ဓမြတ်စွာသည် သစ်ပင်တစ်ပင်အောက်၌ တစ်ပါးတည်း သီတင်းသုံးနေတော်မူလျက် ရှိ၏။ သစ္စကနှင့် နောက်ပါပရိသတ်သည် ဗုဒ္ဓမြတ်စွာထံ ချဉ်းကပ်၍ ဝမ်းမြောက်ဖွယ် ပဋိသန္ထာရစကားများကို ပြောဆိုကြပြီး သင့်လျော်လျောက်ပတ်သော နေရာတွင် ထိုင်နေကြသည်။ ထိုအခါ သစ္စကသည် ဗုဒ္ဓမြတ်စွာအား မေးခွန်းတစ်ခုကို မေးလျှောက်၏။

"အရှင်ဂေါတမသည် တပည့်တို့ကို မည်သို့ သွန်သင် ဆုံးမပါသနည်း။ မည်သို့သော အဆုံးအမသည် တပည့်တို့အပေါ်၌ များစွာ ဖြစ်ပါသနည်း"

"အချင်း အဂ္ဂိဝေဿန၊ ရုပ်သည် မမြဲ၊ အစိုးရသော အတ္တ မဟုတ်၊ ဝေဒနာ၊ သညာ၊ သင်္ခါ၊ ဝိညာဉ်တို့သည် မမြဲကုန်၊ အစိုးရသော အတ္တ မဟုတ်၊ ပြုပြင်အပ်သော တရားအားလုံးသည် မမြဲ၊ တရားသဘော အားလုံးသည် အစိုးရသော အတ္တ မဟုတ်၊ ငါသည် တပည့်တို့အား ဤသို့ ဆုံးမ၏၊ ဤသို့သော အဆုံးအမသည် တပည့်တို့အပေါ်၌ များစွာ ဖြစ်ပေ၏"

"အရှင် ဂေါတမ၊ ကျွန်ုပ်၏ စိတ်တွင် ဥပမာတစ်ခု ပေါ်လာပါသည်။ မျိုးစေ့ သစ်ပင်အားလုံးတို့သည် မြေကြီးကိုမှီ၍ ပေါက်ဖွားစည်ပင်ကြရသကဲ့သို့

www.dhammaransi.com



လည်းကောင်း၊ အားအင်စိုက်ထုတ် လုပ်ကိုင်ရသော အမှုကိစ္စမှန်သမျှတို့သည် မြေကြီးကို တည်မှီရာ ပြု၍ လုပ်ကိုင်ကြရသကဲ့သို့ လည်းကောင်း၊ ထို့အတူပင် ရုပ်ကို ကိုယ်ဟု ယူသော သတ္တဝါတို့သည် ရုပ်၌ တည်၍ ကုသိုလ်အကုသိုလ်တို့ကို ဖြစ်ပွားစေရပါသည်။ ဝေဒနာ၊ သညာ စသည်တို့ကို ကိုယ်ဟု ယူဆသော သတ္တဝါများသည်လည်း ဝေဒနာ၊ သညာစသည်တို့၌ တည်၍ ကုသိုလ် အကုသိုလ်တို့ကို ဖြစ်ပွားစေရပါသည်"

"အချင်းအဂ္ဂိဝေဿန၊ သို့ဖြစ်သော် ရုပ်၊ ဝေဒနာစသည်တို့သည် အတ္တဖြစ်၏ဟူ၍ သင် ဆိုပါသလော"

"အရှင်ဂေါတမ၊ ကျွန်ုပ်သည် ယင်းသို့ပင် ဆိုပါ၏။ ကျွန်ုပ်သာမက ဤလူအများသည်လည်း ယင်းသို့ပင် ဆိုကြပါသည်"

"အချင်း အဂ္ဂိဝေဿန၊ ဤလူအများနှင့် မဆိုင်ပါ။ မိမိဝါဒကိုသာ သင် ဖြေရှင်းပါလော"

"အရှင်ဂေါတမ၊ ယင်းသို့ ကျွန်ုပ်ဆိုသည်မှာ မှန်ပါ၏"

"အချင်း အဂ္ဂိဝေဿန၊ သို့ဖြစ်သော် သင့်ကို ငါ တစ်ခုမေးအံ့။ သင်ကြိုက်သလို ဖြေကြားလော့။ ပသေနဒီကောသလမင်း၊ အဇာတသတ်မင်းတို့ကဲ့သို့ ရာဇဘိသိက်ခံယူထားသော မင်းများသည် မိမိပိုင်စိုးသော တိုင်းနိုင်ငံ၌ သတ်ထိုက်သူကို သတ်ရန်၊ ဆုံးရှုံးထိုက်သူကို ဆုံးရှုံးစေရန်၊ နှင်ထုတ်ထိုက်သူကို နှင်ထုတ်ရန် တန်ခိုးအာဏာရှိကြပါသလော"

"အရှင်ဂေါတမ၊ ဝဇ္ဇီမင်း၊ မလ္လာမင်းတို့ကဲ့သို့ အဖွဲ့အစည်းဖြစ်သော မင်းတို့မှာပင် မိမိတို့ တိုင်းနိုင်ငံအတွင်း၌ ထိုကဲ့သို့သော တန်ခိုးအာဏာများ ရှိကြပါသည်။ ပသေနဒီကောသလမင်း၊ အဇာတသတ်မင်းတို့ကဲ့သို့ ရာဇဘိသိက်ခံယူထားသော မင်းတို့မှာမူ အထူးဆိုဖွယ်ပင် မရှိတော့ပါ"

"အဂ္ဂိဝေဿန၊ သို့ဖြစ်သော် ငါ၏ အတ္တဖြစ်သည်ဟု သင်ဆိုသော ရုပ်၊ ဝေဒနာစသည်တို့ကို 'ငါ၏ရုပ်သည် ဤသို့ ဖြစ်ပါစေ၊ ထိုသို့ မဖြစ်ပါစေလင့်' စသည်ဖြင့် သင် အမိန့်အာဏာ ပေးနိုင်ပါမည်လော"

## ဦးခေါင်းခုနစ်စိတ် ကွဲလိမ့်မည်

ဗုဒ္ဓက ဤသို့ မေးသောအခါ သစ္စကသည် နှုတ်ဆိတ်သွားလေသည်။ သုံးကြိမ်တိုင်အောင် ထပ်၍ မေးသော်လည်း အဖြေမပေးနိုင်တော့ချေ။ ထိုအခါ ဗုဒ္ဓမြတ်စွာက "အချင်းအဂ္ဂိဝေဿန၊ တစ်စုံတစ်ယောက်သောသူအား မြတ်စွာဘုရား

www.dhammaransi.com



က သင့်လျော်လျောက်ပတ်သော အကြောင်းဖြင့် မေမြန် ပါလျက် မဖြေကြား နေခဲ့သော် ထိုသူ၏ ဦးခေါင်းသည် ခုနစ်စိတ် ကွဲသွားနိုင်၏" ဟု မိန့်ကြားတော်မူသည်။ ထိုစဉ်မှာပင် ဝရဇိန်လက်နက်စွဲကိုင်သော နတ်ဘီလူးသည် ရဲရဲပြောင် ပြောင် တောက်လောင်သော ဝရဇိန်လက်နက်ဖြင့် သစ္စက၏ ထိပ်ပေါ်၌ ချိန်ရွယ် လျက် ရပ်တည်လေ၏။ ထိုနတ်ဘီလူးကို ပရိသတ်များ မမြင်ရဘဲ မြတ်စွာဘုရား နှင့် သစ္စကတို့သာ မြင်ကြရ၏။ သစ္စကသည် ထိုနတ်ဘီလူးကို မြင်လျှင် ထိတ် လန့်ကြောက်ရွံ့၍ "အရှင်ဂေါတမ မေးပါလော့၊ ကျွန်ုပ် ဖြေပါတော့မည်" ဟု လျှောက်သဖြင့် ဗုဒ္ဓက ထပ်၍ မေးတော်မူသည်။

"အချင်း အဂ္ဂိဝေဿန၊ ငါ၏ အတ္တဟူ၍ သင်ဆိုသော ရုပ်၊ ဝေဒနာစသည် တို့ကို 'ငါ၏ ရုပ်သည် ဤသို့ ဖြစ်ပါစေ၊ ထိုသို့ မဖြစ်ပါစေလင့်' စသည်ဖြင့် အမိန့်အာဏာ ပေးနိုင်ပါမည်လော"

"အရှင်ဂေါတမ၊ ဤသို့ အမိန့်အာဏာ မပေးနိုင်ပါ"

"အချင်းအဂ္ဂိဝေဿန၊ သင် စဉ်းစားလော့၊ စဉ်းစား၍ ဖြေလော့၊ သင်၏ စကားများသည် ရှေ့နောက် မညီညွတ်ချေ။ အချင်းအဂ္ဂိဝေဿန၊ သင် မည်သို့ ထင်သနည်း။ ရုပ်၊ ဝေဒနာ စသည်တို့သည် မြဲသလော၊ မမြဲသလော"

"မမြဲပါ အရှင်ဂေါတမ"

"မမြဲသောအရာသည် ဆင်းရဲသလော၊ ချမ်းသာသလော"

"ဆင်းရဲပါသည် အရှင်ဂေါတမ"

"မမြဲခြင်း၊ ဆင်းရဲခြင်း၊ ဖောက်ပြန်ခြင်း သဘောရှိသော ရုပ်၊ ဝေဒနာ စသည်တို့ကို 'ငါ့ဟာ၊ ငါ၊ ငါ၏ကိုယ်' ဟူ၍ ရှုမြင်ရန် သင့်လျော်ပါမည်လော"

"မသင့်ပါ အရှင်ဂေါတမ"

"အချင်းအဂ္ဂိဝေဿန၊ သင် မည်သို့ ထင်သနည်း။ ဆင်းရဲ၌ ကပ်ငြိတွယ် တာလျက် 'ငါ့ဟာ၊ ငါ၊ ငါ့ကိုယ်' ဟု ရှုမြင်နေသူသည် မိမိကိုယ်တိုင် ဆင်းရဲကို ပိုင်းခြား၍ သိနိုင်ပါမည်လော။ သို့တည်းမဟုတ် ဆင်းရဲကို ကုန်ဆုံးစေ၍ နေနိုင် ပါမည်လော"

"ထိုသို့ မဖြစ်နိုင်ပါ အရှင်ဂေါတမ"

"အချင်း အဂ္ဂိဝေဿန၊ သင်သည် ဆင်းရဲ၌ တွယ်တာသက်ဝင်လျက် 'ငါ့ဟာ၊ ငါ၊ ငါ့ကိုယ်' ဟု ရှုမြင်ရာ မရောက်ပါလော"

"ရောက်ပါသည် အရှင်ဂေါတမ"

www.dhammaransi.com



"အချင်း အဂ္ဂိဝေဿန၊ ဥပမာအားဖြင့် အနှစ်ကိုလိုရှိ လိုက်ရှာသော ယောကျ်ားသည် တောထဲ၌ နုပျိုဖြောင့်စင်းသော ငှက်ပျောပင်ကို တွေ့မြင်သော် ယင်းငှက်ပျောပင်ကို အရင်းမှ ခုတ်ဖြတ်၍ အဖျားကိုလည်း ခုတ်သင်ကာ အရွက်ပတ်တို့ကို ခွာလေရာ၏။ ယင်းသို့ ခွာလေသော် အနှစ်ကို မဆိုထားဘိ အကာကိုပင် မရနိုင်ဘဲ ရှိလေရာ၏။ အချင်း အဂ္ဂိဝေဿန၊ ထိုနည်းတူပင် ငါက မေးမြန်း စိစစ်သောအခါ သင်၏ ဝါဒ၌ အနှစ်ရှာမရဘဲ အချည်းနှီးသာ ဖြစ်သည်ကို တွေ့ရချေ၏။

"အချင်း အဂ္ဂိဝေဿန၊ သင်သည် တစ်ခါက ပရိသတ်အလယ်၌ 'ဂိုဏ်းသရာ ဖြစ်သော ရဟန်းပုဏ္ဏား တစ်ဦးတစ်ယောက်သည် တရားအားလုံးကို အကြွင်းမဲ့ သိမြင်သူဟု ဝန်ခံသူပင် ဖြစ်စေကာမူ ကျွန်ုပ်နှင့် ဝါဒချင်း ပြိုင်၍ ပြောဆိုခဲ့သော် မတုန်လှုပ်မည့်သူ၊ ချိုင်းကြားမှ ချွေးဒီးဒီး မကျမည့်သူကို ကျွန်ုပ် မမြင်ပါ။ လူသားဖြစ်သူကို မဆိုထားဘိ။ စိတ်စေတနာမရှိသော တိုင်သည်ပင် ကျွန်ုပ်က ဝါဒဖြင့် တင်စီး၍ ပြောဆိုခဲ့သော် ယိမ်းယိုင် လှုပ်ရှားသွားမည်သာ ဖြစ်ပါသည်' ဟူ၍ ပြောဆိုခဲ့ဖူး၏။ ယခုမူ သင်၏ နဖူးမှ ချွေးပေါက်တို့သည် ကိုယ်ဝတ်ကို ဖောက်ကာ မြေကြီးသို့ပင် ကျကုန်လေပြီ။ ငါ၏ ကိုယ်၌ကား ချွေးတစ်စက်မျှပင် မရှိပေ"

## ခြေကျိုးလက်ကျိုး

ဗုဒ္ဓမြတ်စွာသည် ယင်းသို့ မိန့်ကြားပြီး ပရိသတ်အလယ်၌ ရွှေအဆင်းရှိသော မိမိ၏ ကိုယ်တော်ကို ဖွင့်လှစ်ပြတော်မူ၏။ သစ္စကမှာမူ နှုတ်ဆိတ်လျက် မျက်နှာမသာမယာဖြင့် ခေါင်းငိုက်စိုက်ချကာ ထိုင်နေလေ၏။ ထိုအခါ ဒုမ္မုခမည်သော လိစ္ဆဝီမင်းသားက ဗုဒ္ဓမြတ်စွာအား ဥပမာတစ်ခုကို လျှောက်ကြားလေသည်။

"အရှင်ဘုရား၊ ဥပမာအားဖြင့် မြို့တစ်မြို့ အနီးတွင် တည်ရှိသော ရေကန်ကြီး တစ်ခု၌ ပုစွန်လုံးတစ်ကောင် ရှိပါသည်။ မြို့ထဲမှ ကလေးငယ်တို့သည် ရေကန်ကြီးထဲသို့ ဆင်းပြီး ပုစွန်လုံးကို ဖမ်းယူကာ ကုန်းပေါ်၌ ချထားကြပါသည်။ ထိုအခါ ပုစွန်လုံးက ခြေချောင်း၊ လက်ချောင်းများကို မြှောက်ချီလှုပ်ရှားခြင်းပြုလေရာ ကလေးငယ်များသည် ယင်းသို့ မြှောက်ချီလှုပ်ရှားလာတိုင်းသော ခြေချောင်း လက်ချောင်းများကို အုတ်ခဲ၊ တုတ်တို့ဖြင့် ရိုက်ချိုးပစ်ကြသည်။ ဤသို့ဖြင့် ခြေချောင်း လက်ချောင်းအားလုံး ရိုက်ချိုးခြင်းခံရသော ပုစွန်လုံးသည် ရေကန်ထဲသို့

www.dhammaransi.com



ပြန်မဆင်းနိုင်တော့ပါ။ အရှင်ဘုရား၊ ထို့နည်းတူပင် မြတ်စွာဘုရားသည် သစ္စကၡ၏ ထောင်ထ လှုပ်ရှားလာတိုင်းသော အယူဝါဒ ခြေချောင်း၊ လက်ချောင်းများကို ရိုက်ချိုးပစ်လိုက်ပါပြီ။ သစ္စကသည် မြတ်စွာဘုရားအား နောက်ထပ် တစ်စုံ တစ်ခုသော အယူဝါဒဖြင့် တင်စီးပြောဆိုနိုင်တော့မည် မဟုတ်ပါ"

## အဆုံးအမကို လိုက်နာသူ

ထို့နောက် သစ္စကသည် ဒုမ္မုခ၏ စကားကို ရပ်ဆိုင်းစေပြီး ဗုဒ္ဓအား ဤသို့ မေးလျှောက်ပြန်၏။

"အရှင်ဂေါတမ၊ အရှင်၏ တပည့်သာဝကသည် မည်မျှသော အတိုင်းအတာဖြင့် ညွှန်ကြားဆုံးမချက်များကို လိုက်နာသူဖြစ်ပါသနည်း။ မည်မျှသော အတိုင်းအတာဖြင့် ဆရာ့ဝါဒ၌ ယုံမှားခြင်းကင်း၊ ရဲတင်းသော ယုံကြည်မှု ရှိသူ ဖြစ်ပါသနည်း"

"အချင်းအဂ္ဂိဝေဿန၊ ဤသာသနာ၌ ငါ၏တပည့်သာဝကသည် အကွင်း အပြင်၊ အကြမ်း အနု၊ အယုတ် အမြတ်၊ အဝေး အနီး၊ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ဖြစ်သော ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်မှန်သမျှကို 'ငါ့ဟာ မဟုတ်၊ ငါ မဟုတ်၊ ငါ့ကိုယ် မဟုတ်' ဟူ၍ ဟုတ်တိုင်းမှန်စွာ ပညာဖြင့် ကောင်းစွာ ရှုမြင်ခဲ့သော် ညွှန်ကြားဆုံးမချက်ကို လိုက်နာသူ မည်၏။ ဆရာ့ဝါဒ၌ ယုံမှားခြင်းကင်း၊ ရဲတင်းသော ယုံကြည်မှုရှိသူ ဖြစ်ပါပေ၏။ ဤမျှသော အတိုင်းအတာဖြင့်ပင် ထိုရဟန်းသည် အာသဝေါကုန်ခန်း၍ ကိလေသာမှ လွတ်မြောက်သော ရဟန္တာ ဖြစ်ပေသ၏။ ထိုပုဂ္ဂိုလ်သည် အမြင် ထူးခြားခြင်း၊ အကျင့် ထူးခြားခြင်း၊ လွတ်မြောက်မှု ထူးခြားခြင်း ဟူသော ထူးခြားခြင်း သုံးပါးနှင့် ပြည့်စုံလျက် မြတ်စွာဘုရားကိုသာ ရိုသေမြတ်နိုး ရှိခိုးပူဇော်ခြင်း ပြုလေတော့သည်"

ဤသို့ ဗုဒ္ဓက မိန့်ကြားသောအခါ သစ္စကသည် ဗုဒ္ဓအပေါ် ဝါဒဖြင့် တင်စီး၍ ပြောဆိုမိခြင်းအတွက် တောင်းပန်စကား လျှောက်ကြားပြီး နောက်တစ်နေ့ တွင် ရဟန်းငါးရာနှင့် တကွ ဗုဒ္ဓမြတ်စွာအား ပင့်ဖိတ်၍ ဆွမ်းဆက်ကပ်လေသည်။

www.dhammaransi.com

# ၃၆။ မဟာသစ္စကသုတ်

## သစ္စကပရိဗိုဇ်အား နောက်ထပ် ဟောကြားသောတရား

### ကိုယ်စိတ် ပွားစီးရေးကို မသိသူ

ဝေသာလီပြည် ကူဋာဂါရကျောင်းတိုက်၌ သီတင်းသုံးနေသော ဗုဒ္ဓမြတ်စွာသည် တစ်နေ့သ၌ မြို့တွင်းသို့ ဆွမ်းခံကြွရန် ပြင်ဆင်နေစဉ် နိဂဏ္ဌာတက္ကတွန်းသား ဖြစ်သော သစ္စကသည် အညောင်းပြေ လမ်းလျှောက်ရင်း ဗုဒ္ဓထံသို့ရောက်လာ၏။ သစ္စကသည် ဗုဒ္ဓအား နှုတ်ဆက်စကား ပြောကြားပြီး ဤသို့ လျှောက်ကြားလေသည်။

"အရှင်ဂေါတမ၊ ကိုယ်ပွားစီးရေးကိုသာ အားစိုက်၍ စိတ်ပွားစီးရေးကို အားမစိုက်သော ရဟန်းပုဏ္ဏားအချို့တို့သည် ကိုယ်နှင့် ဆိုင်ရာ ဆင်းရဲဝေဒနာကို တွေ့ထိခံစားကြရပါသည်။ ကိုယ်နှင့်ဆိုင်ရာ ဆင်းရဲဝေဒနာကို ခံစားရသူ အား ပေါင်တောင့်ခြင်း၊ နှလုံးကွဲခြင်း၊ သွေးပူအန်ခြင်း၊ စိတ်ပျံ့လွင့်၍ ရူးသွပ်ခြင်းများ ဖြစ်ခဲ့ဖူးပါသည်။ ထိုသူ၏ စိတ်သည် ကိုယ်သို့သာ အစဉ်လိုက်၍ နေပါ၏။ ကိုယ်၏ အလိုအတိုင်းသာ ဖြစ်၍ နေပါ၏။ ထိုသို့ ဖြစ်ရခြင်းမှာလည်း စိတ်ကို မပွားများခြင်းကြောင့်ပင် ဖြစ်ပါ၏။

'အရှင်ဂေါတမ၊ စိတ်ပွားစီးရေးကိုသာ အားစိုက်၍ ကိုယ်ပွားစီးရေးကို အားမစိုက်သော ရဟန်းပုဏ္ဏားအချို့တို့သည်ကား စိတ်နှင့် ဆိုင်ရာ ဆင်းရဲဝေဒနာကို တွေ့ထိ ခံစားကြရပါသည်။ စိတ်နှင့်ဆိုင်ရာ ဆင်းရဲဝေဒနာကို တွေ့ထိခံစား

www.dhammaransi.com



ရသူအားလည်း ပေါင်တောင့်ခြင်း၊ နှလုံးကွဲခြင်း၊ သွေးပူအန်ခြင်း၊ စိတ်ပျံ့လွင့်၍ ရူးသွပ်ခြင်းများ ဖြစ်ခဲ့ဖူးပါသည်။ ထိုသူ၏ ကိုယ်သည် စိတ်ကိုသာ အစဉ်လိုက်၍ နေပါ၏။ စိတ်၏ အလိုအတိုင်းသာ ဖြစ်၍နေပါ၏။ ထိုသို့ ဖြစ်ရခြင်းမှာလည်း ကိုယ်ကို မပွားများခြင်းကြောင့်ပင် ဖြစ်ပါသည်။

'အရှင်ဂေါတမ၊ အရှင်၏ တပည့်တို့သည် စိတ်ပွားစီးရေးကိုသာ အားစိုက်၍ ကိုယ်ပွားစီးရေးကိုမူ အားမစိုက်ဘဲ နေကြသည်ဟု ကျွန်ုပ် ထင်ပါသည်"

"အချင်းအဂ္ဂိဝေဿန၊ မည်သို့သော ကိုယ်ပွားစီးရေးကို သင် ကြားဖူးသနည်း"

"အရှင်ဂေါတမ၊ ကျွန်ုပ် ကြားဖူးသော ကိုယ်ပွားစီးရေးကို ကျင့်သူများကား နန္ဒဝစ္ဆ၊ ကိသသံကိစ္စ၊ မက္ခလိဂေါသာလတို့ ဖြစ်ပါသည်။ ထိုသူတို့သည် အဝတ်မဝတ်ခြင်း၊ လာပါလော့၊ ရပ်ပါလော့ဟု ဆိုသူ၏ ဆွမ်းကို မခံခြင်း၊ ဆွမ်းကို ရက်ခြားစားခြင်း စသော အကျင့်များကို အားထုတ်နေကြပါသည်"

"အချင်းအဂ္ဂိဝေဿန၊ ထိုသူတို့သည် ထိုမျှဖြင့် တင်းတိမ်ရောင့်ရဲ၍ နေ ကြပါသလော"

"အရှင်ဂေါတမ၊ ထိုသူတို့သည် ထိုမျှဖြင့် တင်းတိမ်ရောင့်ရဲ၍ မနေကြပါ။ တစ်ခါတစ်ရံ အလွန်မွန်မြတ်သော စားဖွယ် သောက်ဖွယ်တို့ကို စားသောက်ကြကုန်လျက် ကိုယ်ခန္ဓာကို အားဖြည့်လေ့ ရှိကြပါသည်"

"အချင်းအဂ္ဂိဝေဿန၊ သို့ ဖြစ်သော် ထိုသူတို့သည် ရှေးဦးစွာ ဆင်းရဲပင်ပန်းသော အကျင့်ကို ကျင့်ပြီး တစ်ဖန် ထိုအကျင့်ကို စွန့်၍ ခန္ဓာကိုယ် ပွားစီးအောင် ပြုကြလေဘိ၏။ အချင်းအဂ္ဂိဝေဿန၊ မည်သို့သော စိတ်ပွားစီးရေးကို သင် ကြားဖူးပါသနည်း"

ဗုဒ္ဓက ဤသို့ မေးမြန်းရာ သစ္စကသည် အဖြေမပေးနိုင်တော့ချေ။ ထိုအခါ ဗုဒ္ဓမြတ်စွာက "အချင်း အဂ္ဂိဝေဿန၊ သင်သည် စိတ်ပွားစီးရေးကို မဆိုထားဘိ၊ ကိုယ်ပွားစီးရေးကိုပင် မသိချေတကား" ဟု မိန့်ကြားတော်မူပြီး ကိုယ်ပွားစီးရေး၊ စိတ်ပွားစီးရေး တရားများကို ဆက်လက်ဟောကြားတော်မူသည်။

## ကိုယ်စိတ်ပွားစီးခြင်းရှိသူ

"အချင်းအဂ္ဂိဝေဿန၊ ဤလောက၌ အကြားအမြင်နည်းသော ပုထုဇဉ်အား ချမ်းသာ ခံစားမှု ဖြစ်သော် သူသည် ထိုချမ်းသာခံစားမှု၌ တပ်စွန်းမက်မော၏။

www.dhammaransi.com



ထိုချမ်းသာခံစားမှု ကွယ်ပျောက်သွားသော် ဆင်းရဲခြင်းဖြစ်၏။ ဆင်းရဲခြင်း ဖြစ်သော် ပူဆွေးပင်ပန်း၏။ ငိုကြွေးမြည်တမ်း၏။ ဤသို့လျှင် ထိုသူအား ဖြစ်ပေါ်လာသော ဆင်းရဲခံစားမှုသည်လည်း စိတ်ကို ဖွားစီးအောင် ပြုမထားသည့် အတွက် စိတ်ကို လွှမ်းမိုး၏။ ထိုသူသည် ကိုယ်ကိုလည်းကောင်း၊ စိတ်ကိုလည်းကောင်း ဖွားစီး မထားသူ ဖြစ်၏။

"အချင်း အဂ္ဂိဝေဿန၊ ဤလောက၌ အကြားအမြင်များသော အရိယာ တပည့်အား ချမ်းသာခံစားမှု ဖြစ်သော် သူသည် ထိုချမ်းသာ ခံစားမှုကို တပ်စွန်း မက်မောခြင်း မရှိ။ ထိုချမ်းသာခံစားမှု ကွယ်ပျောက်သော် ဆင်းရဲခြင်း ဖြစ်ပေါ်၏။ သို့သော် ဆင်းရဲကို ခံစားရသော်လည်း ပူဆွေးပင်ပန်းခြင်း မဖြစ်။ ငိုကြွေး မြည်တမ်းခြင်း မပြု။ ဤသို့လျှင် ထိုသူအား ဖြစ်ပေါ်လာသော ချမ်းသာခံစားမှု သည်လည်း ကိုယ်ကို ဖွားစီးအောင် ပြုထားသည့်အတွက် စိတ်ကို မလွှမ်းမိုး၊ ဖြစ်ပေါ်လာသော ဆင်းရဲခံစားမှုသည်လည်း စိတ်ကို ဖွားစီးအောင် ပြုထားသည့် အတွက် စိတ်ကို မလွှမ်းမိုး။ ထိုသူသည် ကိုယ်ကိုလည်းကောင်း၊ စိတ်ကိုလည်း ကောင်း ဖွားစီးအောင် ပြုထားသူဖြစ်၏"

"အရှင်ဂေါတမ၊ သို့ဖြစ်သော် အရှင်သည် ကိုယ်နှင့် စိတ်နှစ်ပါးလုံးကို ဖွားစီးအောင် ပြုထားသူဖြစ်သည်ဟု ကျွန်ုပ် ယုံကြည်ပါသည်"

သစ္စကသည် ဤစကားကို ဗုဒ္ဓအား ပြက်ရယ်ပြုလျက် ပြောဆိုခြင်း ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓက သူ့စကားကို ပြန်၍ ချေပတော်မူလေသည်။

"အချင်း အဂ္ဂိဝေဿန၊ သင်သည် စင်စစ်အားဖြင့် ဤစကားကို ငါ့အား ထိပါးစောင်းချိတ်၍ ပြောခြင်းဖြစ်၏။ သို့ရာတွင် သင့်အား ငါပြောဦးအံ့။ လူ့ ဘောင်မှ ထွက်၍ ရဟန်းပြုသည့် အချိန်မှစ၍ ငါ၏စိတ်ကို လွှမ်းမိုးနိုင်သော ချမ်းသာမှု၊ ဆင်းရဲမှုသည် မရှိခဲ့ပေ"

"အရှင်ဂေါတမ၊ ထိုသို့ မရှိခဲ့ခြင်းမှာ စိတ်ကို လွှမ်းမိုးနိုင်လောက်သော ချမ်းသာမှု၊ ဆင်းရဲမှုများ အရှင်ဂေါတမအား မဖြစ်ပေါ်ခဲ့သောကြောင့် ဖြစ်ပါလိမ့် မည်"

"အချင်းအဂ္ဂိဝေဿန၊ ငါ့အား ထိုသို့သော ချမ်းသာမှု၊ ဆင်းရဲမှုများ မဖြစ်ပေါ်ဖူးသည် မဟုတ်၊ ဖြစ်ပေါ်ဖူးသည်သာ ဖြစ်၏။ အချင်းအဂ္ဂိဝေဿန၊ ငါသည် တရားမှန်ကို မသိမီ ဘုရားလောင်း ဘဝကပင် လူ့ဘောင်၌ အကျင့်မြတ် ကို ပြည့်ပြည့်ဝဝ ကျင့်သုံးရန် မလွယ်ကူကြောင်း စဉ်းစားခဲ့မိ၏။ ထို့ကြောင့် ငါသည် ပျိုမျစ်နုနယ် ပထမအရွယ်ကပင် အလိုမတူ၍ ငိုယိုနေသော မိဘများကို

www.dhammaransi.com



မင့်ဘဲ ရဟန်းပြုခဲ့၏။ ထို့နောက် ငါသည် အတုမဲ့ ငြိမ်အေးရာကို ရှာလျက် အာဠာရ ရသေ့နှင့် ဥဒကရသေ့တို့ထံ နည်းခံခဲ့ရာ အရူပ သမာပတ်ကို ရရှိခဲ့၏။ သို့သော်လည်း ထိုတရားမှာ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် လမ်းမှန် မဟုတ်ကြောင်း သိမြင်သဖြင့် ထိုရသေ့တို့ထံမှ ထွက်ခွာခဲ့ရာ ဥရုဝေလတော သေနနိဂုံးသို့ ဆိုက်ရောက်ခဲ့၏။ ထိုအခါ 'ဤအရပ်ကား တရားအားထုတ်ရန် သင့်လျော်လှပေ၏' ဟု စဉ်းစားမိသဖြင့် ထိုအရပ်မှာပင် ငါနေခဲ့၏။ ယင်းသို့နေစဉ် အံ့ဖွယ်ရာ ထူးဆန်းသော ဥပမာသုံးခုတို့သည် ငါ၏စိတ်၌ ထင်လာကုန်၏။

## ပထမ ဥပမာ

"အချင်းအဂ္ဂိဝေဿန၊ ပထမဦးစွာ ထင်လာသော ဥပမာကား - ရေထဲ၌ ချထားသော ထင်းစိုတုံးကြီးတစ်ခုကို မီးစွဲလောင်အောင် ပြုမည်ဟု ဆိုကာ လူတစ်ယောက်သည် မီးပွတ်ကို ယူ၍ လာရာ၏။ ထိုသူသည် ထင်းစိုတုံးကြီး၌ မီးကို ဖြစ်စေနိုင်ပါမည်လော"

"အရှင်ဂေါတမ၊ ထိုသူသည် မီးကို ဖြစ်စေနိုင်မည် မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် ထင်းတုံးမှာ အဆီအစေးရှိသော ထင်းတုံးဖြစ်သည့်ပြင် ရေထဲမှာလည်း ချထားသောကြောင့် ဖြစ်ပါသည်"

"အဂ္ဂိဝေဿန၊ ထိုနည်းတူပင် ကိုယ်အားဖြင့် လည်းကောင်း၊ စိတ်အားဖြင့် လည်းကောင်း ကာမဂုဏ်တို့မှ မကင်းဆိတ်မူ၍ နေထိုင်ပြီး ကိလေသာ အဆီအစေးကို မပယ်ရသေးသော ရဟန်းပုဏ္ဏားတို့သည် လုံ့လစိုက်ထုတ်မှုကြောင့် ဖြစ်ပေါ်လာသည့် ခါးသီးသော ဆင်းရဲဝေဒနာများကို ခံစားရသည် ဖြစ်စေ၊ မခံစားရသည်ဖြစ်စေ အတုမဲ့ မြင့်မြတ်သော ဉာဏ်အမြင်ကို ထိုးထွင်း၍ သိမြင်ခြင်းငှာ မထိုက်တန်ကုန်သည်သာ ဖြစ်၏"

## ဒုတိယ ဥပမာ

"အချင်းအဂ္ဂိဝေဿန၊ အံ့သြဖွယ်ရာ ထူးဆန်းသော အခြားဥပမာတစ်ခုကား- ရေနှင့်ဝေးသော ကုန်းပေါ်၌ ချထားအပ်သော ထင်းစိုတုံးကြီးတစ်ခုကို မီးစွဲလောင်အောင် ပြုမည်ဟု ဆိုကာ လူတစ်ယောက်သည် မီးပွတ်ကို ယူ၍ လာရာ၏။ ထိုသူသည် ထိုထင်းစိုတုံးကြီး၌ မီးကို ဖြစ်စေနိုင်ပါမည်လော"

www.dhammaransi.com



"အရှင်ဂေါတမ၊ မီးကို ဖြစ်စေနိုင်မည် မဟုတ်ပါ။ အဘယ့်ကြောင့် ဆိုသော် ထိုသင်းကုံးမှာ ကုန်းပေါ်၌ ချထားသော်လည်း အဆီအစေးရှိသော ထင်းစိုတုံးကြီး ဖြစ်သောကြောင့် ပါတည်း"

"အဂ္ဂိဝေဿန၊ ထိုနည်းတူပင် ကိုယ်အားဖြင့် လည်းကောင်း၊ စိတ်အားဖြင့် လည်းကောင်း ကာမဂုဏ်တို့မှ ကင်းဆိတ်၍ နေထိုင်သော်လည်း မိမိ၏ အတွင်းသန္တာန်၌ ကိလေသာအဆီအစေ ကို မပယ်ရသေးသော ရဟန်းပုဏ္ဏားတို့သည် ခါ သီးသော ဆင်းရဲဝေဒနာများကို ခံစားရသည် ဖြစ်စေ၊ မခံစားရသည် ဖြစ်စေ အတုမဲ့ မြင့်မြတ်သော ဉာဏ်အမြင်ကို ထိုးထွင်းသိမြင်ခြင်းငှာ မထိုက်တန်ကုန်သည်သာ ဖြစ်၏"

## တတိယ ဥပမာ

"အချင်းအဂ္ဂိဝေဿန၊ အံ့ဩဖွယ်ရာ ထူးဆန်းသော အခြားဥပမာတစ်ခုကား - ရေနှင့်ဝေးရာ ကုန်းပေါ်ချထားသည့် ထင်းခြောက်တုံးကြီးတစ်ခုကို မီးစွဲလောင်အောင် ပြုမည်ဟု ဆိုကာ လူတစ်ယောက်သည် မီးပွတ်ကို ယူ၍ လာရာ၏။ ထိုသူသည် ထိုထင်းတုံး၌ မီးကို ဖြစ်စေနိုင်ပါမည်လော"

"အရှင်ဂေါတမ၊ ထိုသူကား မီးကို ဖြစ်စေနိုင်ရာ၏။ အဘယ့်ကြောင့်ဆိုသော် ထိုထင်းတုံးမှာ အဆီအစေးကင်းသော ထင်းခြောက်တုံးဖြစ်သည့်ပြင် ရေနှင့်ဝေးရာ ကုန်းပေါ်တွင် ချထားသောကြောင့် ဖြစ်ပါသည်"

"အဂ္ဂိဝေဿန၊ ထိုနည်းတူပင် ကိုယ်အားဖြင့်လည်းကောင်း၊ စိတ်အားဖြင့်လည်းကောင်း ကာမဂုဏ်တို့မှ ကင်းဆိတ်၍ နေထိုင်ပြီး မိမိ၏ အတွင်းသန္တာန်၌လည်း ကိလေသာ အဆီအစေးကို ပယ်ပြီးသော ရဟန်းပုဏ္ဏားတို့သည် လုံ့လစိုက်ထုတ်မှုကြောင့် ဖြစ်သည့် ခါးသီးသော ဆင်းရဲဝေဒနာများကို ခံစားရသည် ဖြစ်စေ၊ မခံစားရသည်ဖြစ်စေ အတုမဲ့ မြင့်မြတ်သော ဉာဏ်အမြင်ကို ထိုးထွင်းသိမြင်ရန် ထိုက်တန်ကုန်သည်သာ ဖြစ်၏"

## စိတ်ကို ဖိနှိပ်ပုံ

"အချင်းအဂ္ဂိဝေဿန၊ ငါသည် မိမိစိတ်ကို နှိပ်ကွပ်ရန် ရည်ရွယ်လျက် အထက်သွားဖြင့် အောက်သွားကို ကြိတ်ကာ၊ လျှာဖြင့် အာစောက်ကို ထောက်ကာ အကုသိုလ်စိတ်ကို ဖိနှိပ်ခဲ့၏။ ဖျစ်ညှစ်ခဲ့၏။ ပင်ပန်းစေခဲ့၏။ ထိုသို့ စိတ်ကို

www.dhammaransi.com



ဖိနှိပ်သော ငါ၏ လက်ကတီးကြားမှ ချွေးများ တဒီးဒီး ယိုစီးကျခဲ့၏။ အဂ္ဂိဝေဿန၊ ငါသည် လုံ့လဝီရိယကို မတွန့်မဆုတ် စိုက်ထုတ်ခဲ့၏။ ငါ၏ သတိသည်လည်း မပျောက်မပျက် စွဲမြဲခဲ့၏။ သို့သော် အားထုတ်မှုဖြင့် ထိုးဆွခြင်းခံရသော ငါ၏ ကိုယ်ကား မငြိမ်းအေးခဲ့။ ထိုသို့သော ဆင်းရဲဝေဒနာသည်လည်း ငါ၏စိတ်ကို မလွှမ်းမိုးနိုင်ခဲ့ပေ။"

## ထွက်သက်ဝင်သက်ကို ချုပ်တည်းခြင်း

"အချင်းအဂ္ဂိဝေဿန၊ ငါသည် ထွက်သက်ဝင်သက် မရှိသော ဈာန်ကို ဝင်စားအံ့ဟု ကြံ၍ ပါးစပ်နှင့် နှာခေါင်း တို့မှ ထွက်သက်ဝင်သက်တို့ကို ပိတ်လိုက်ရာ နားပေါက်မှ ပြင်းထန်သော လေသံများ ထွက်ပေါ်လာ၏။ ဥပမာ ပန်းပဲဖိုနှတ်သီးမှ လေသံ ပြင်းထန်စွာ ထွက်သကဲ့သို့ ဖြစ်၏။ အဂ္ဂိဝေဿန၊ ငါသည် မတွန့်မဆုတ် လုံ့လစိုက်ထုတ်ခဲ့၏။ ငါ၏ သတိသည်လည်း မပျောက်မပျက် စွဲမြဲခဲ့၏။ သို့သော် အားထုတ်မှုဖြင့် ထိုးဆွခြင်းခံရသော ငါ၏ ကိုယ်ကား မငြိမ်းအေးခဲ့။ အဂ္ဂိဝေဿန၊ ထိုသို့သော ဆင်းရဲဝေဒနာသည်လည်း ငါ၏စိတ်ကို မလွှမ်းမိုးနိုင်ခဲ့ပေ။

'အချင်း အဂ္ဂိဝေဿန၊ ငါသည် ထွက်သက်ဝင်သက် မရှိသော ဈာန်ကိုပင် ဝင်စားဦးအံ့ဟု ကြံ၍ ပါးစပ်၊ နှာခေါင်းနှင့် နားတို့မှ ထွက်သက် ဝင်သက်လေတို့ကို ပိတ်လိုက်၏။ ထိုအခါ လွန်ကဲပြင်းထန်သော လေတို့သည် ခေါင်း၌ တိုးဝှေ့ကုန်၏။ ဥပမာ– ခွန်အားဗလကောင်းသော ယောကျ်ားသည် ထက်သော ချွန်းဖြင့် ခေါင်း၌ ထိုးနှက်သကဲ့သို့ ဖြစ်၏။ အဂ္ဂိဝေဿန၊ ငါသည် လုံ့လဝီရိယကို မတွန့်ဆုတ် အားထုတ်ခဲ့၏။ ငါ၏ သတိသည်လည်း မပျောက်မပျက် စွဲမြဲခဲ့၏။ သို့သော်အားထုတ်မှုဖြင့် ထိုးဆွခြင်းခံရသော ငါ၏ ကိုယ်ကား မငြိမ်းအေးခဲ့။ ထိုသို့သော ဆင်းရဲဝေဒနာသည်လည်း ငါ၏ စိတ်ကို မလွှမ်းမိုးနိုင်ခဲ့ပေ။

'အဂ္ဂိဝေဿန၊ ငါသည် ထွက်သက် ဝင်သက် မရှိသော ဈာန်ကိုပင် ဝင်စားဦးအံ့ဟု ကြံ၍ ပါးစပ်၊ နှာခေါင်းနှင့် နားတို့မှ ထွက်သက် ဝင်သက် လေတို့ကို ပိတ်လိုက်၏။ ထိုအခါ ငါ၏ ဦးခေါင်း၌ လွန်ကဲပြင်းထန်သော ကိုက်ခဲခြင်း ဖြစ်ပေါ်လာ၏။ ဥပမာ– ခွန်အားဗလကောင်းသော ယောကျ်ားသည် ခိုင်ခန့်သော သားရေကြိုးဖြင့် ခေါင်းကို ရစ်ပတ်ချည်နှောင်သကဲ့သို့ ဖြစ်၏။ အဂ္ဂိဝေဿန၊ ငါသည် လုံ့လဝီရိယကို မတွန့်မဆုတ် အားထုတ်ခဲ့၏။ ငါ၏

www.dhammaransi.com



သတိသည်လည်း မပျောက်မပျက် စွဲမြဲခဲ့၏။ သို့သော် အားထုတ်မှုဖြင့် ထိုးဆွခြင်း ခံရသော ငါ၏ ကိုယ်ကား မငြိမ်းအေးခဲ့။ ထိုသို့သော ဆင်းရဲဝေဒနာသည်လည်း ငါ၏ စိတ်ကို မလွှမ်းမိုးနိုင်ခဲ့ပေ။

'အဂ္ဂိဝေဿန၊ ငါသည် ထွက်သက် ဝင်သက်မရှိသော ဈာန်ကိုပင် ဝင်စားဦးအံ့ဟု ကြံ၍ ပါးစပ်၊ နှာခေါင်းနှင့်နားတို့မှ ထွက်သက်ဝင်သက်လေတို့ကို ပိတ်လိုက်၏။ ထိုအခါ ငါ၏ ကိုယ်၌ လွန်ကဲပြင်းထန်သော ပူလောင်ခြင်းသည် ဖြစ်ပေါ်လာ၏။ ဥပမာ- အားနည်းသော ယောကျာ်းတစ်ယောက်ကို အားကောင်းသော ယောကျာ်းနှစ်ယောက်က လက်မောင်းတစ်ဖက်စီ၌ ဆွဲကိုင်၍ မီးကျီးတွင်း၌ မြှုက်ကင်သကဲ့သို့ ဖြစ်၏။ အဂ္ဂိဝေဿန၊ ငါသည် လုံ့လဝီရိယကို မတွန့်မဆုတ် အားထုတ်ခဲ့၏။ ငါ၏ သတိသည်လည်း မပျောက်မပျက် စွဲမြဲခဲ့၏။ သို့သော် အားထုတ်မှုဖြင့် ထိုးဆွခြင်းခံရသော ငါ၏ ကိုယ်ကား မငြိမ်းအေးခဲ့။ ထိုသို့သော ဆင်းရဲဝေဒနာသည်လည်း ငါ၏စိတ်ကို မလွှမ်းမိုးနိုင်ခဲ့ပေ။"

## ဆင်းရဲပင်ပန်းစွာ အားထုတ်ခဲ့ပုံ

"အဂ္ဂိဝေဿန၊ ထိုသို့ ထွက်သက်ဝင်သက်မရှိသော ဈာန်ကို ဝင်စား၍ နေသော ငါ့ကို နတ်တို့ မြင်လျှင် အချို့နတ်တို့က 'ရဟန်းဂေါတမကား သေလွန်လေပြီ' ဟု ဆိုကြ၏။ အချို့သော နတ်တို့ကမူ 'ရဟန်းဂေါတမသည် မသေသေး၊ သေအံ့ဆဲဆဲ ဖြစ်၏' ဟု ဆိုကြ၏။ အချို့နတ်များကလည်း 'ရဟန်းဂေါတမသည် မသေသေး၊ စင်စစ် ရဟန္တာတို့၏ နေခြင်းဖြင့် နေပေ၏' ဟု ဆိုကြသည်။ ထို့နောက် ငါသည် အစာကို လုံးဝဖြတ်ရန် အကြံဖြစ်ခဲ့၏။ သို့သော် နတ်တို့က မွေးညှင်းပေါက်များမှ နတ်ဩဇာကို သွင်းပေးမည်ဟု ဆိုကြသဖြင့် အစာကို မဖြတ်ဘဲ နေခဲ့ရ၏။ တစ်ဖန် ငါသည် အနည်းငယ်သာ စားတော့မည်ဟု ကြံရွယ်ပြီး တစ်လက်ဖက်မျှသော ပဲနောက်ရည်၊ ပဲပိစပ်ရည်စသည် တစ်မျိုးမျိုးကိုသာ စားသုံးခဲ့၏။ ထိုအခါ ငါ၏ ကိုယ်မှာ အလွန်ပိန်ကြုံပြီး အင်္ဂါကြီးငယ်တို့သည် ကန်စွန်းနွယ်၏ အဆစ်များကဲ့သို့ လည်းကောင်း၊ တင်ပါးဆုံသည် ကုလားအုပ်ခြေရာကဲ့သို့လည်းကောင်း ဖြစ်ခဲ့၏။ ကျောကုန်းရိုးသည် ပုတီးလုံးများကဲ့သို့ အနိမ့်အမြင့် ဖြစ်၍ နေ၏။ နံရိုးများသည် ဇရပ်ပျက်၏ အခြင်များကဲ့သို့ ဖရိုဖရဲ ဖြစ်၍ နေကုန်၏။ ငါ၏ မျက်တွင်းတို့မှ မျက်လုံးများသည် နက်လှစွာသော ရေတွင်းထဲမှ ရေကဲ့သို့ ရေးရေးမျှသာ ထင်ကုန်၏။ ငါ၏ ဦးခေါင်းရေသည် ဘူးခါးသီးနုနုကို ဆွတ်ခူး၍ နေပူထဲ၌ ပစ်ထားသကဲ့သို့ ရှုံ့တွနေ၏။

www.dhammaransi.com



'အဂ္ဂိဝေဿန၊ ငါသည် ဝမ်းပျဉ်ရေကို ဆုပ်ကိုင်လိုက်လျှင် ကျောရိုးကို ဆုပ်ကိုင်မိ၏။ ကျောရိုးကို ဆုပ်ကိုင်လိုက်လျှင်လည်း ဝမ်းပျဉ်ရေကိုပါ ဆုပ်ကိုင်မိ၏။ အကြောင်းမှာ အစာနည်းလှသဖြင့် ငါ၏ဝမ်းပျဉ်းရေသည် ကျောရိုး၌ ကပ်၍ နေသောကြောင့် ဖြစ်၏။ ငါသည် ကျင်ကြီးကို ဖြစ်စေ၊ ကျင်ငယ်ကို ဖြစ်စေ စွန့်သည့်အခါ အားနည်းလှသဖြင့် ထိုနေရာ၌ပင် မှောက်ခုံလဲခဲ့၏။ ကိုယ်ကို လက်ဖြင့်သုံးသပ်လျှင် အမြစ်ဆွေးနေသော အမွေးတို့သည် ကျွတ်ထွက်ကုန်၏။ အချို့လူတို့သည် ငါ့ကို မြင်လျှင် 'ရဟန်းဂေါတမကား မည်းနက်သော အဆင်းရှိ၏' ဟု ဆိုကြ၏။ အချို့ကမူ ညိုသောအဆင်းရှိ၏ဟူ၍ လည်းကောင်း၊ ကြမ်းပိုး ကျောကုန်း အဆင်းရှိ၏ ဟူ၍ လည်းကောင်း ဆိုကြ၏။ ဤသို့လျှင် အလွန်သန့်ရှင်း ဖြူဖွေးသော ငါ၏ အရေအဆင်းသည် အစာစားသုံးခြင်း နည်းပါးမှုကြောင့် များစွာ ပြောင်းလဲ ပျက်စီးခဲ့လေသည်။

**အစာကြမ်းကို မှီဝဲခြင်း**

"အဂ္ဂိဝေဿန၊ ထိုအခါ ငါ့အား ဤသို့ အကြံဖြစ်ပေါ်ခဲ့၏.....'အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါး၌ လုံ့လစိုက်ထုတ်၍ ခါးသီးပြင်းထန်သော ဆင်းရဲမှုကို ခံစားရသော ရဟန်း ပုဏ္ဏားတို့၏ ဆင်းရဲဝေဒနာတို့သည် ယခု ငါခံစားရသော ဆင်းရဲဝေဒနာထက်ကား မပိုလွန်ပေရာ၊ ငါသည် ဤမျှ ခါးသီးပြင်းထန်သော ဆင်းရဲဝေဒနာတို့ကို ခံစားခြင်းဖြင့်ပင် ပကတိလူတို့၏ တရားတက် သာလွန်သော အရိယာတို့၏ ဉာဏ်အမြင်ထူးကို မရခဲ့ပေ။ ထိုဉာဏ် အမြင်ထူးကို ရရှိရန် အခြားသော အကျင့်လမ်းစဉ်သည် ရှိလေသလော'။

'အဂ္ဂိဝေဿန၊ ငါသည် ယင်းသို့ ကြံစည်ပြီးနောက် ခမည်းတော်သာကီဝင်မင်း၏ လယ်လုပ်ငန်းလုပ်ရာ အရပ်၌ သပြေပင်ရိပ်တွင် ထိုင်လျက် ကာမဂုဏ် အကုသိုလ်တို့မှ ကင်းဆိတ်မှုကြောင့် ဖြစ်သည့် နှစ်သိမ့်ချမ်းသာခြင်း ရှိသော ပဌမ ဈာန်ကို ဝင်စား၍ နေခဲ့ဖူးသည်ကို သတိရ၏။ ထို့နောက် ယင်း ပဌမဈာန်သည်ပင် အရိယာတို့၏ ဉာဏ်အမြင်ထူးကို ရရှိရန် အကျင့်လမ်းစဉ်ဖြစ်ပေသည် ဟူ၍ သတိနှင့်ယှဉ်သော အသိစိတ်ဖြစ်ပေါ်ခဲ့၏။ ထို့ကြောင့် အလွန်ကြုံလှီချည့်နဲ့သော ကိုယ်ဖြင့် ပဌမဈာန်ချမ်းသာကို ရရှိရန် မလွယ်ကူကြောင်း စဉ်းစားပြီး ထမင်း၊ မုယောမုန့် စသော ပကတိအစာကြမ်းများကို စားသုံးခဲ့၏။ ထိုအခါ ငါ့အား လုပ်ကျွေးပြုစုနေသော ရဟန်းငါးပါးတို့သည် 'ရဟန်း ဂေါတမကား တရား အလုပ်မှ သွေဖီသွားလေပြီ' ဟု ထင်မှတ်လျက် ငါ့ထံပါးမှ ထွက်ခွာသွားကြလေသည်။"

www.dhammaransi.com



## ချမ်းသာခြင်းသည်လည်း စိတ်ကို မလွှမ်းမိုးနိုင်

"အဂ္ဂိဝေဿန၊ ငါသည် ပကတိအစာကြမ်းကို စားသုံးခြင်းဖြင့် မိမိကိုယ်ကို အားဖြည့်ပြီး ကာမဂုဏ်တို့မှလည်းကောင်း၊ အကုသိုလ်တို့မှ လည်းကောင်း ကင်းဆိတ်မှုကြောင့် ဖြစ်သည့် နှစ်သိမ့်ချမ်းသာခြင်းရှိသော ပထမဈာန်ကို ဝင်စားနေခဲ့၏။ ထို့အတူ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်တို့ကိုလည်း ဝင်စားနေခဲ့၏။ သို့သော် ထိုကဲ့သို့သော ဈာန်ချမ်းသာမှုသည်လည်း ငါ၏ စိတ်ကို မလွှမ်းမိုးနိုင်ခဲ့ပေ။

'အဂ္ဂိဝေဿန၊ ထို့နောက် ငါသည် ဈာန်၏ အစွမ်းအားဖြင့် ဖြူစင်နူးညံ့ တည်တံ့ကြံ့ခိုင်သော စိတ်ကို အလိုရှိရာ အာရုံသို့ ရှေ့ရှုညွတ်စေသဖြင့် ဘဝဟောင်းတို့ကို ပြန်ပြောင်းအောက်မေ့နိုင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ သတ္တဝါတို့၏ သေခြင်း၊ ဖြစ်ခြင်းများကို သိသော စုတူပပါတဉာဏ်၊ အာသဝေါတရားတို့ ကို ကုန်ခန်းစေသော အာသဝက္ခယဉာဏ်တို့ကို ရရှိခဲ့၏။ ငါ့အား အဝိဇ္ဇာမှောင် ပျောက်၍ ဝိဇ္ဇာဉာဏ်တည်းဟူသော အလင်းရောင် ရောက်လာခဲ့၏။ သို့သော် ထိုကဲ့သို့သော ချမ်းသာခြင်းများသည်လည်း ငါ၏ စိတ်ကို မလွှမ်းမိုးနိုင်ခဲ့ပေ။"

## တွေဝေသူနှင့် မတွေဝေသူ

"အဂ္ဂိဝေဿန၊ ငါသည် ရာပေါင်းများစွာသော ပရိသတ်၌ တရားဟောခဲ့ရာ တရားနာသူတိုင်းကပင် 'ရဟန်းဂေါတမသည် ငါ့ကို ရည်ရွယ်၍ တရားဟောနေ၏' ဟူ၍ ထင်မှတ်ခဲ့၏။ စင်စစ် ယင်းသို့ကား မမှတ်သင့်ချေ။ ငါသည် သိမြင်နားလည်စေရန် အတွက်သာလျှင် သူတစ်ပါးတို့အား တရားကို ဟောပေ၏။ ထိုတရားစကား၏ အဆုံး၌လည်း ငါဘုရားသည် ယခင်က နှလုံးသွင်းမြဲဖြစ်သော သမာဓိအာရုံ၌ပင်လျှင် စိတ်ကို သက်ဝင်စွဲမြဲစေခဲ့၏"

'အရှင်ဂေါတမ၊ အရှင်၏ စကားသည် ယုံကြည်ထိုက်ပါ၏။ အဘယ့်ကြောင့်ဆိုသော် ကိလေသာကင်းစင်သော မြတ်စွာဘုရားတို့၏ အစဉ်အလာဖြစ်သောကြောင့် ဖြစ်ပါသည်။ အရှင်ဂေါတမသည် နေ့အချိန်တွင် အိပ်စက်ဖူးပါသလော"

"အဂ္ဂိဝေဿန၊ ငါသည် နွေဥတု၏ နောက်ဆုံးလ၌ ဆွမ်းစားပြီးနောက် ဒုကုဋ်သင်္ကန်းကို လေးထပ်ခေါက်၍ ခင်းကာ လက်ယာဘေးစောင်းဖြင့် သတိသမ္ပဇဉ် မကင်းကွာဘဲ အိပ်စက်ဖူးသည်ကို အမှတ်ရပေ၏"

www.dhammaransi.com



“အရှင်ဂေါတမ၊ ဤသို့ နေ့အချိန်၌ အိပ်စက်ခြင်းကို အချို့သော ရဟန်းပုဏ္ဏားတို့က တွေဝေသောနေခြင်းဟု ဆိုကြပါသည်”

“အဂ္ဂိဝေဿန၊ ဤသို့ နေ့အချိန်၌ အိပ်ခြင်းမျှဖြင့် တွေဝေသူ မဖြစ်ပေ။ တွေဝေသူ၊ မတွေဝေသူဖြစ်ပုံကို သင့်အား ငါဟောမည်၊ နားထောင်လော့”

“အဂ္ဂိဝေဿန၊ တစ်ဖန် ဘဝသစ်ကို ဖြစ်စေခြင်း၊ ပူပန်ဆင်းရဲခြင်း၊ အိုခြင်း၊ သေခြင်းဟူသော အကျိုးတရားများကို ဖြစ်စေနိုင်၍ ညစ်နွမ်းမှုနှင့် ယှဉ်သော အာသဝေါတရားတို့ကို မပယ်ရသေးသူကို တွေဝေသူဟု ငါဆို၏။ ထိုတရားများကို ပယ်ပြီးသူကို မတွေဝေသူဟု ငါဆို၏။ အဂ္ဂိဝေဿန၊ ငါသည်ကား ထိုအာသဝေါတရားတို့ကို အကြွင်းမဲ့ ပယ်ပြီးသူ ဖြစ်ပေ၏”

“အရှင်ဂေါတမ၊ အံ့ဩဖွယ်ကောင်းလှပါ၏။ ကျွန်ုပ်က ထိပါးစောင်းချိတ်၍ ပြောဆိုသော်လည်း အရှင်ဂေါတမသည် မျက်နှာမပျက်ပါ၊ ပူရဏ ကဿပ အစရှိသော အခြားဂိုဏ်းဆရာကြီးများသည် ၎င်းတို့၏ ဝါဒကို မေးမြန်းစိစစ်လျှင် စကားလမ်းကြောင်းကို လိုးလွှဲ၍ ပြောဆိုတတ်ကြပါသည်၊ မနှစ်သက်ခြင်း၊ စိတ်ဆိုးခြင်းများကိုလည်း ထင်ရှားပြုတတ်ကြပါသည်၊ အရှင်ဂေါတမ၏ အပြုအမူကား ကိလေသာကင်းစင်သော ဘုရားရှင်တို့၏ အစဉ်အလာပင် ဖြစ်ပေသည်”

သစ္စကသည် ဗုဒ္ဓမြတ်စွာအား အထက်ပါအတိုင်း ချီးကျူးစကား လျှောက်ကြားပြီး ဗုဒ္ဓထံပါးမှ ထွက်ခွာသွားလေသည်။

[သစ္စကပရိဗိုဇ်သည် တစ်ဘာဏဝါရရှိသော စူဠသစ္စကသုတ်နှင့် တစ်ဘာဏဝါရခွဲရှိသော ဤမဟာသစ္စကသုတ်တို့ကို ကြားနာရသော်လည်း သရဏဂုံမျှပင် မတည်ခဲ့။ သို့သော် ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးနောက် သီဟိုဠ်ကျွန်း တိဿမဟာရာဇမင်း လက်ထက်တွင် ကာဠဗုဒ္ဓရက္ခိတမည်သော ပိဋကတ် သုံးပုံဆောင် ရဟန္တာတစ်ပါး အဖြစ်သို့ ရောက်ခဲ့၏။ ဗုဒ္ဓမြတ်စွာသည် ဤအကြောင်းကို မြင်တော်မူသဖြင့် သစ္စကအား သုတ်နှစ်သုတ်ကို ဟောကြားခဲ့ခြင်း ဖြစ်သည်ဟု အဋ္ဌကထာ၌ ဖွင့်ဆို ထားလေသည်။]

www.dhammaransi.com

# ၃၇။ စူဠတဏှာသင်္ခယသုတ်

## တဏှာကုန်ခန်းရေးကို အကျဉ်းအားဖြင့် ဟောကြားခြင်း

**သိကြားမင်း၏ အမေး**

သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း၌ ဗုဒ္ဓသီတင်းသုံးနေစဉ် နတ်တို့၏ အရှင်ဖြစ်သော သိကြားမင်းသည် ဗုဒ္ဓထံချဉ်းကပ်လာပြီး "အရှင်ဘုရား၊ မည်မျှသော အတိုင်းအတာဖြင့် ရဟန်းသည် တဏှာကုန်ခန်း၍ လွတ်လပ်သူ၊ စင်စစ် ဆုံးဖြတ်နိုင်သူ၊ စစ်စစ် ဘေးကင်းပြီးသူ၊ စင်စစ် မြတ်သော အကျင့်ရှိသူ၊ စင်စစ် ပြီးဆုံးခြင်းရှိသူ၊ နတ်လူတို့ထက် မြတ်သူ ဖြစ်ပါသနည်း" ဟူ၍ မေးလျှောက်၏။ ထိုအမေးကို ဗုဒ္ဓက အောက်ပါအတိုင်း ဖြေကြားတော်မူသည်။

"သိကြားမင်း၊ ဤသာသနာ၌ ရဟန်းသည် 'တရားအားလုံးကို သက်ဝင်စွဲယူရန် မသင့်' ဟု ကြားဖူး၏။ ထိုရဟန်းသည် တရားအားလုံးကို အထူးသိ၏၊ ပိုင်းခြား၍ သိ၏။ ထိုရဟန်းသည် ချမ်းသာသော ခံစားမှု၊ ဆင်းရဲသော ခံစားမှု၊ ချမ်းသာ ဆင်းရဲမဟုတ်သော ခံစားမှုတို့ကို ခံစားသော် ထိုခံစားမှုတို့၌ မမြဲခြင်းသဘောကို အဖန်ဖန်ရှုလျက် နေ၏။ တပ်စွန်းမှုကင်းသောအားဖြင့် အဖန်ဖန်ရှုလျက်နေ၏။ ချုပ်ငြိမ်းခြင်းကို အဖန်ဖန် ရှုလျက်နေ၏။ လွတ်လွတ်စွန့်သောအားဖြင့် အဖန်ဖန်ရှုလျက် နေ၏။ ယင်းသို့ ရှု၍နေသော ရဟန်းသည် လောက၌ တစ်စုံတစ်ခုကိုမျှ မစွဲယူချေ။ မစွဲယူသော် မျက်မှောက်ကိုယ်တွေ့အားဖြင့်ပင် ငြိမ်းအေးလေ၏။ ဘဝ၌ ဖြစ်ရခြင်း ကုန်ပြီ။ အကျင့်မြတ်ကို ကျင့်ပြီးပြီ။ ပြုဖွယ်ကိစ္စ

www.dhammaransi.com



ပြီးဆုံးပြီ၊ ဒုက္ခငြိမ်းရေးအတွက် အခြားပြုဖွယ်ကိစ္စ မရှိတော့ပြီ' ဟု သိမြင်လေ၏။ သိကြားမင်း၊ ဤမျှသော အတိုင်းအတာဖြင့် ရဟန်းသည် အကျဉ်းအားဖြင့် တဏှာကုန်ခန်း၍ လွတ်လပ်သူ၊ စင်စစ် ဆုံးဖြတ်နိုင်သူ၊ စင်စစ် ဘေးကင်းပြီးသူ၊ စင်စစ် မြတ်သောအကျင့်ရှိသူ၊ စင်စစ် ပြီးဆုံးခြင်းရှိသူ၊ နတ်လူတို့ထက် မြတ်သူဖြစ်ပေ၏"

## ဝေဇယန္တာပြာသာဒ်ကို ပြသခြင်း

သိကြားမင်းသည် ဗုဒ္ဓ၏ ဖြေကြားချက်ကို နှစ်သက်စွာ နာယူပြီး ထိုနေရာမှ ပျောက်ကွယ်သွားလေ၏။ ထိုအခါ ဗုဒ္ဓ၏ အနားၓ ထိုင်နေသော ရှင်မဟာမောဂ္ဂလ္လာန်သည် 'ဤနတ်ကား တရားကို သိ၍ နှစ်သက်လေသလော၊ သို့မဟုတ် မသိမူ၍ နှစ်သက်လေသလော။ စုံစမ်းဦးအံ့' ဟု ကြံပြီး တာဝတိံသာနတ်ပြည်သို့ ကြွ၍ "သိကြားမင်း၊ မြတ်စွာဘုရားသည် သင့်အား တဏှာကုန်ခန်း၍ လွတ်လပ်သူ ဖြစ်ပုံကို မည်သို့ ဟောကြားလိုက်ပါသနည်း"ဟု မေးမြန်းလေသည်။ သိကြားမင်းသည် ထိုအမေးကို တိုက်ရိုက် မဖြေဘဲ "အရှင်ဘုရား၊ တပည့်တော်တို့မှာ ကိစ္စများလှသဖြင့် နာယူခဲ့သော တရားသည် လျင်မြန်စွာ မေ့ပျောက်သွားပါသည်" ဟူ၍ စကားလွှဲ၍ ဖြေဆိုလေသည်။ ထို့နောက် သိကြားမင်းသည် ရှင်မောဂ္ဂလ္လာန်အား ဤသို့လျှောက်ပြန်၏။

"အရှင်ဘုရား၊ နတ်နှင့် အသူရာတို့ စစ်ပွဲဖြစ်ပွားစဉ်က တပည့်တော်တို့နတ်များ အနိုင်ရခဲ့သဖြင့် ဝေဇယန္တာမည်သော ပြာသာဒ်ကို တည်ဆောက်ခဲ့ပါသည်။ ထိုပြာသာဒ်မှာ ဘုံဆောင် တစ်ရာ တစ်ဆောင်ရှိ၍ တစ်ဆောင် တစ်ဆောင်ၓလည်း အထွတ်တပ်သော အခန်း ခုနစ်ရာစီ ရှိပါသည်။ ထိုအခန်းတစ်ခန်းစီၓလည်း နတ်သမီး ခုနစ်ယောက်ကျ ရှိပြီး၊ နတ်သမီး တစ်ယောက် တစ်ယောက်မှာလည်း အလုပ်အကျွေး ခုနစ်ယောက်စီ ရှိပါသည်။ အရှင်မောဂ္ဂလ္လာန်သည် ထိုဝေဇယန္တာ ပြာသာဒ်ကို ကြည့်ရှုလိုပါသလော"

ရှင်မောဂ္ဂလ္လာန်သည် သိကြားမင်း၏ လျှောက်ထားချက်ကို တိတ်ဆိတ်စွာနေခြင်းဖြင့် လက်ခံလိုက်၏။ ထိုအခါ သိကြားမင်းနှင့် ဝေဿဝဏ်နတ်မင်းကြီးတို့သည် ရှင်မောဂ္ဂလ္လာန်အား ဝေဇယန္တာ ပြာသာဒ်ကို လှည့်လည် ပြသကြ၏။ သိကြားမင်း၏ အလုပ်အကျွေး နတ်သမီးတို့သည် ရှင်မောဂ္ဂလ္လာန်ကို မြင်သော် ယောက္ခမကို မြင်သော ချွေးမကဲ့သို့ ရှက်ရွံ့ကြောက်လျက် မိမိတို့အခန်းထဲတွင် ဝင်၍ နေကြလေသည်။

www.dhammaransi.com



## သိကြားမင်း ထိတ်လန့်ခြင်း

ရှင်မောဂ္ဂလ္လာန်သည် ဝေဇယန္တာပြာသာဒ်ကို လှည့်လည်ကြည့်ရှု၍ ချီးမွမ်းစကား ပြောကြားပြီး 'ငါသည် အလွန်အကဲမေ့လျော့နေသော ဤနတ်ကို ထိတ်လန့်စေသင့်၏' ဟု ကြံကာ ဝေဇယန္တာပြာသာဒ်ကို ခြေမဖြင့် လှုပ်ရှားယိမ်းယိုင်စေရန် တန်ခိုးဖြင့် ပြုလုပ်၏။ ရှင်မောဂ္ဂလ္လာန်၏ တန်ခိုးဖြင့် ဝေဇယန္တာပြသာဒ် လှုပ်ရှားယိမ်းယိုင်သွားသည်ကို မြင်လျှင် ဝေဿဝဏ်နတ်မင်းကြီးနှင့် တကွ သိကြားမင်းသည် ထိတ်လန့်တုန်လှုပ် သွားလေသည်။ ထိုအခါ ရှင်မောဂ္ဂလ္လာန်သည် သိကြားမင်းအား ယခင်မေးခွန်းကို ထပ်၍ မေးပြန်၏။ သိကြားမင်းသည် ဗုဒ္ဓမြတ်စွာက မိမိအား တဏှာကုန်ခန်း၍ လွတ်လပ်သူ ဖြစ်ခြင်းနှင့် ပတ်သက်ပြီး အကျဉ်းအားဖြင့် ဟောကြားလိုက်ပုံကို ရှင်မောဂ္ဂလ္လာန်အား ပြည့်စုံစွာ လျှောက်ကြားလေ၏။ ရှင်မောဂ္ဂလ္လာန်သည် သိကြားမင်း၏ လျှောက်ကြားချက်ကို နှစ်သက်စွာ နာယူပြီး တန်ခိုးဖြင့် ပုဗ္ဗာရုံကျောင်းသို့ ပြန်ကြွခဲ့လေသည်။

ရှင်မောဂ္ဂလ္လာန် ပြန်ကြွသွားသောအခါ သိကြားမင်း၏ အလုပ်အကျွေးတို့က သိကြားမင်းအား "အရှင်၊ ယခု ပြန်ကြွသော ရဟန်းသည် အရှင်၏ ဆရာ မြတ်စွာဘုရား ဖြစ်ပါသလော" ဟု မေးကြရာ သိကြားမင်းက "မြတ်စွာဘုရား မဟုတ်၊ ငါ၏ သီတင်းသုံးဖော် ရှင်မောဂ္ဂလ္လာန်ဖြစ်၏" ဟု ဖြေကြားလေသည်။ ထိုအခါ သိကြားမင်း၏ အလုပ်အကျွေးတို့သည် သိကြားမင်းအား "အရှင်၊ အရှင်၏ သီတင်းသုံးဖော်သည်ပင် ဤမျှ တန်ခိုးကြီးခဲ့သော် အရှင်၏ ဆရာကား ဆိုဖွယ် မရှိတော့ပါ" ဟူ၍ ချီးကျူးပြောဆိုကြသည်။

ရှင်မောဂ္ဂလ္လာန်သည် သိကြားမင်းထံမှ ပြန်လာပြီး ဗုဒ္ဓထံ ချဉ်းကပ်၍ "အရှင်ဘုရား၊ မြတ်စွာဘုရားသည် တန်ခိုးကြီးသော နတ်တစ်ပါးအား 'တဏှာကုန်ခန်း၍ လွတ်လပ်သူ ဖြစ်ပုံ' ကို ဟောကြားလိုက်ပါသလော" ဟု မေးလျှောက်၏။ ဗုဒ္ဓက သိကြားမင်းအား ဟောကြားလိုက်ပုံကို ပြန်လည်မိန့်ကြားရာ ရှင်မောဂ္ဂလ္လာန်သည် ထိုဟောကြားချက်ကို ဝမ်းမြောက်နှစ်သက်စွာ နာယူလေသည်။

www.dhammaransi.com

# ၃၈။ မဟာတဏှာ သင်္ခယသုတ်

## တဏှာကုန်ခန်းရေးကို အကျယ်ဟောကြားခြင်း

### တံငါသည်သား အယူမှား

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးစဉ် တံငါသည်၏ သားဖြစ်သည့် သာတိမည်သော ရဟန်းအား 'ဤဝိညာဉ်သည်ပင် ဘဝတစ်ခုမှ အခြားဘဝတစ်ခုသို့ ပြေးသွားကျင်လည်၏။ ဤဝိညာဉ်မှ တစ်ပါးအခြားသော အရာ မရှိဟု ဘုရားရှင် ဟောကြားသည်ကို ငါသိ၏' ဟူ၍ အယူဝါဒဆိုး တစ်ရပ် ဖြစ်ပေါ်နေ၏။ ဤအကြောင်းကို ကြားသိသော ရဟန်းတို့သည် ရှင်သာတိထံ ချဉ်းကပ်၍ အယူဝါဒဆိုးကို စွန့်လွှတ်ရန် ဖျောင်းဖျပြောဆိုကြသည်။ မိမိတို့ ပြော၍ မရသောအခါ ဗုဒ္ဓမြတ်စွာအား တိုင်တန်းလျှောက်ကြားကြသည်။ ဗုဒ္ဓမြတ်စွာသည် ရှင်သာတိကို ခေါ်၍ ဆုံးမစကား မိန့်ကြားတော်မူသည်။

"အချင်းသာတိ၊ ဤဝိညာဉ်သည်ပင် ဘဝတစ်ခုမှ အခြားဘဝတစ်ခုသို့ ပြေးသွားကျင်လည်၏။ ဤဝိညာဉ်မှတစ်ပါး အခြားအရာ မရှိဟူ၍ ဘုရားရှင်ဟောကြားသည်ကို ငါသိ၏ ဟူ၍ သင့်အား အယူဝါဒဆိုးဖြစ်ပေါ်နေကြောင်း ငါကြားသိရ၏။ ထိုသတင်း မှန်ပါသလော"

"အရှင်ဘုရား၊ ဤကဲ့သို့ပင် မြတ်စွာဘုရား ဟောကြားတော်မူသည့်ဟု တပည့်တော် နားလည်ပါ၏"

"အချင်း သာတိ၊ သင်ဆိုလိုသည့် ဝိညာဉ်ဟူသည် မည်ကဲ့သို့သော တရား ဖြစ်သနည်း"

www.dhammaransi.com



"အရှင်ဘုရား၊ ပြောဆိုတတ်၊ သိမြင်တတ်၍ ထိုထိုဘဝ၌ ကောင်းမှု မကောင်းမှုတို့၏ အကျိုးကိုခံစားတတ်သော တရား ဖြစ်ပါသည်"

"အချည်းနှီးသော ယောကျာ်း၊ မည်သူ့အား ဤကဲ့သို့ ငါဟောကြားသည်ကို သင်သိကြားခဲ့သနည်း။ ဝိညာဉ်သည် အကြောင်းကို စွဲ၍ ဖြစ်ပေါ်၏၊ အကြောင်းနှင့် ကင်း၍ မဖြစ်ဟူ၍သာ ငါဟောကြားခဲ့သည် မဟုတ်ပါလော။ သို့ဖြစ်ပါလျက် သင်သည် လွဲမှားစွာ မှတ်ယူ၍ ငါဘုရားကို စွပ်စွဲဘိ၏၊ မိမိကိုယ်ကိုလည်း ဖျက်ဆီးဘိ၏၊ သင်သည် များစွာသော မကောင်းမှုကို ပွားစေဘိ၏။ ဤအယူသည် သင့်အား ကာလရှည်မြင့်စွာ အကျိုးမဲ့ခြင်း၊ ဆင်းရဲခြင်းငှာ ဖြစ်ပေလတ့်"

ဗုဒ္ဓမြတ်စွာသည် သာတိမည်သော ရဟန်းအား ဤသို့ပြစ်တင်ကဲ့ရဲ့တော်မူပြီး ရဟန်းတို့ကို မေးတော်မူ၏။

"ရဟန်းတို့၊ ဤသာတိမည်သော ရဟန်းအား ငါ ဘုရား၏ သာသနာ၌ အငွေ့အသက်မျှပင် ရှိပါသေး၏လော"

"အရှင်ဘုရား၊ သာတိမည်သော ရဟန်းအား ဤသာသနာ၌ အငွေ့အသက်မျှပင် မရှိတော့ပါ ဘုရား"

## အကြောင်းရှိမှ အကျိုးဖြစ်

ဤသို့ ရဟန်းတို့က ဖြေကြားသောအခါ သာတိမည်သော ရဟန်းသည် မျက်နှာ မသာမယာဖြင့် ခေါင်းငိုက်စိုက်ချကာ ထိုင်နေလေ၏။ တစ်ဖန် ဗုဒ္ဓမြတ်စွာသည် ရဟန်းတို့အား သာတိမည်သော ရဟန်းကဲ့သို့ အယူအစွဲ ရှိ- မရှိ စိစစ်မေးမြန်းတော်မူ၏။ ရဟန်းတို့က မရှိကြောင်း ဖြေကြားကြရာ ယင်းသို့သော အယူအစွဲ မရှိခြင်းသည်သာလျှင် မှန်ကန်ကြောင်း ချီးကျူးစကား မိန့်ကြားတော်မူသည်။

"ရဟန်းတို့၊ ဝိညာဉ်သည် အကြောင်းကိုစွဲမှီ၍ ဖြစ်ပေါ်၏၊ အကြောင်းနှင့်ကင်း၍ မဖြစ်၊ စွဲမှီ၍ ဖြစ်သော အကြောင်းအားလျော်စွာလည်း အမည်တွင်၏။ မျက်စိနှင့်အဆင်းအာရုံကို စွဲမှီ၍ဖြစ်သော ဝိညာဏ်ကို စက္ခုဝိညာဏ်ဟု ခေါ်၏။ နားနှင့် အသံအာရုံကို စွဲမှီ၍ ဖြစ်သော ဝိညာဏ်ကို သောတဝိညာဏ် ဟု ခေါ်၏။ နှာခေါင်းနှင့် အနံ့အာရုံကို စွဲမှီ၍ ဖြစ်သော ဝိညာဏ်ကို ဃာနဝိညာဏ်ဟု ခေါ်၏။ လျှာနှင့် ရသအာရုံကို စွဲမှီ၍ ဖြစ်သော ဝိညာဏ်ကို ဇိဝှါဝိညာဏ်ဟု ခေါ်၏။ ကိုယ်နှင့် အတွေ့အထိ အာရုံကို စွဲမှီ၍ ဖြစ်သော ဝိညာဏ်ကို ကာယဝိညာဏ်ဟု ခေါ်၏။ မနောဒွါရနှင့် ဓမ္မအာရုံကို စွဲမှီ၍ ဖြစ်သော ဝိညာဏ်ကို

www.dhammaransi.com



မနောဝိညာဏ် ဟု ခေါ်၏။ ဥပမာကား ထင်းကို စွဲ၍ ဖြစ်သောမီးကို ထင်းမီး၊ မြက်ကို စွဲ၍ ဖြစ်သော မီးကို မြက်မီး စသည်ဖြင့် ခေါ်သကဲ့သို့ ဖြစ်၏။"

## အယူမှန်ကိုလည်း မတွယ်တာရ

ထို့နောက် ဗုဒ္ဓမြတ်စွာသည် အကြောင်းတရားကြောင့်သာ ဝိညာဏ်သည် ဖြစ်ပေါ်လာရပြီး ထိုအကြောင်းတရားချုပ်လျှင် ဝိညာဏ်သည်လည်း ချုပ်ပျောက်ခြင်းသဘောရှိကြောင်း၊ ဤအမှန်တရားကို ဉာဏ်ဖြင့် ကောင်းစွာ ရှုမြင်နိုင်မှသာ သို့လော သို့လော တွေးတောယုံမှားခြင်းများ ကင်းပျောက်မည် ဖြစ်ကြောင်း၊ တစ်ဖန် စင်ကြယ်သော ဤအယူကို တွယ်တာစွဲလမ်းနေမည်ဆိုပါကလည်း လှေဖောင် ဥပမာကို နားမလည်ရာ ရောက်ကြောင်း ရှင်းလင်းဟောကြားတော်မူသည်။

## အာဟာရလေးပါး

ထို့နောက် တစ်ဖန် ဗုဒ္ဓမြတ်စွာသည် သတ္တဝါတို့ တည်တံ့ပွားစီးရေးအတွက် အထောက်အပံ့ဖြစ်သော အာဟာရတို့သည် အလုပ်အခဲပြု၍ စားအပ်သော ကဗဠီကာရ အာဟာရ၊ တွေ့ထိမှု ဖဿအာဟာရ၊ စေ့ဆော်မှု မနောသဉ္စေတနာအာဟာရ၊ စိတ်ဝိညာဉ်ဟူသော ဝိညာဏအာဟာရဟူ၍ လေးပါးရှိကြောင်း၊ ထိုအာဟာရလေးပါးတို့၏ အကြောင်းတရားမှာ တဏှာ ဖြစ်ပြီး တဏှာ၏ အကြောင်းတရားကား ဝေဒနာ၊ ဝေဒနာ၏အကြောင်းတရားကား ဖဿစသည်ဖြစ်ကြောင်း၊ အဝိဇ္ဇာစသော အကြောင်းတရား အဆက်ဆက်ချုပ်လျှင် သင်္ခါရစသော အကျိုးတရားအဆက်ဆက်လည်း ချုပ်ငြိမ်းကြောင်းများကို ကြောင်းကျိုးဆက်ဖြစ်စဉ် 'ပဋိစ္စသမုပ္ပါဒ်'နည်းဖြင့် ရှင်းလင်းဟောကြားတော်မူပြန်သည်။

## ကိုယ်တိုင် သိမြင်နိုင်သော တရား

"ရဟန်းတို့၊ ဤသို့လျှင် အကြောင်းရှိသော် အကျိုးရှိ၏၊ အကြောင်းဖြစ်သော် အကျိုးဖြစ်၏။ အကြောင်း မရှိသော် အကျိုး မရှိနိုင်၊ အကြောင်းချုပ်သော် အကျိုး ချုပ်၏။ ဤသို့ သိမြင်သော သင်တို့အား 'ငါသည် အတိတ်ကာလက ဖြစ်ခဲ့လေသလော၊ မဖြစ်ခဲ့လေသလော' ဟူ၍ အတိတ်စွန်းသို့ ပြေးသွားခြင်းသည် လည်းကောင်း၊ 'ငါသည် အနာဂတ်ကာလ၌ ဖြစ်လိမ့်မည်လော' ဟူ၍ အနာဂတ်စွန်းသို့ ပြေးသွားခြင်းသည် လည်းကောင်း ဖြစ်ပါဦးမည်လော"

www.dhammaransi.com



"မဖြစ်တော့ပါ ဘုရား"

"ယခု ပစ္စုပ္ပန်ကာလနှင့် ပတ်သက်၍လည်း သို့လော သို့လော တွေးတောယုံမှားခြင်း သည် ဖြစ်ပါဦး မည်လော"

"မဖြစ်တော့ပါ ဘုရား"

"ရဟန်းတို့၊ သင်တို့သည် ဤသို့ သိမြင်လတ်သော် တစ်ပါးသော ဆရာကို မရည်ညွှန်းဘဲ မိမိကိုယ်တိုင် သိမြင်သည့်အတိုင်းသာလျှင် ပြောဆိုရာ မရောက်ပေလော"

"ရောက်ပါသည် ဘုရား"

"ရဟန်း တို့၊ ကောင်းလှပေ၏။ ငါသည် သင်တို့ကို ကိုယ်တိုင် သိမြင်နိုင်၍ အခါမလင့် အကျိုးပေးသော တရားဖြင့် နိဗ္ဗာန်သို့ ပို့ဆောင်အပ်ပေပြီ"

## ဆင်းရဲအစု ဖြစ်ပွားပုံ

"ရဟန်းတို့၊ မိဘနှစ်ပါး ပေါင်းဖော်ခြင်း၊ မိခင်ရာသီလာခြင်း၊ သန္ဓေလောင်းဖြစ်သော သတ္တဝါ အဆင်သင့်ရှိခြင်းဟူသော အကြောင်းသုံးပါး ပေါင်းဆုံမှသာလျှင် ကိုယ်ဝန်တည်ခြင်းသည် ဖြစ်၏။ ထိုသုံးပါးတို့တွင် တစ်ပါးပါးသော အကြောင်း ချို့တဲ့ခဲ့သော် ကိုယ်ဝန်တည်ခြင်း မဖြစ်နိုင်ပေ။ ထိုကိုယ်ဝန်ကို မိခင်သည် ကိုးလ၊ ဆယ်လတိုင်အောင် ကြီးစွာသော ယုံမှားသံသယဖြင့် လွယ်၍ မွေးဖွားပြီး မိမိ၏ နို့ရည်တည်းဟူသော သွေးဖြင့် တိုက်ကျွေးမွေးမြူ၏။ ထိုကလေးငယ်သည် ကြီးထွားလာသောအခါ ထွန်ငယ်ဖြင့် ကစားခြင်း၊ ကျည်းသားရိုက်ခြင်း၊ ကျွမ်းထိုးခြင်းစသော ကစားနည်းအမျိုးမျိုးဖြင့် ကစား၏။ နှစ်သက်မက်မောဖွယ် ဖြစ်သော အာရုံငါးပါးဖြင့် ပျော်ပါး၏။

'ထိုကလေးငယ် မျက်စိဖြင့် နှစ်သက်ဖွယ်ဖြစ်သော အဆင်းအာရုံကို မြင်လျှင် ထိုအာရုံကို တပ်စွန်း၏။ မနှစ်သက်ဖွယ်ဖြစ်သော အဆင်းအာရုံကို မြင်လျှင် ထိုအာရုံ၌ ဒေါသစိတ် ဖြစ်၏။ နားဖြင့် အသံကို ကြားခြင်း၊ နှာခေါင်းဖြင့် အနံ့ကို နံခြင်း စသည်တို့၌လည်း ထိုနည်းတူပင် ဖြစ်၏။ ထိုကလေးငယ်သည် မိမိကိုယ်၌ ထင်သော သတိမရှိဘဲ ကျဉ်းမြောင်းသော စိတ်ရှိသည်ဖြစ်၍ နေ၏။ အကုသိုလ်တရားဆိုးများ အကြွင်းမဲ့ ချုပ်ရာဖြစ်သော စိတ်၏ လွတ်မြောက်မှု၊ ပညာ၏ လွတ်မြောက်မှုကို ဟုတ်တိုင်း မှန်စွာ မသိမြင်ချေ။ ဤသို့ဖြင့် သူသည် တဏှာ၏ အစွမ်းအားဖြင့် အာရုံသို့ အစဉ်လိုက်ခြင်း၊ ဒေါသ၏ အစွမ်းဖြင့် အာရုံနှင့်ဆန့်ကျင်ခြင်းသို့ ရောက်လျက် ဒုက္ခဝေဒနာကို ဖြစ်စေ၊ သုခဝေဒနာကို

www.dhammaransi.com



ဖြစ်စေ၊ ဒုက္ခလည်း မဟုတ်၊ သုခလည်း မဟုတ်သော ဝေဒနာကို ဖြစ်စေ ခံစားရသည် ရှိသော် ထိုဝေဒနာကို နှစ်သက်၏။ မျိုသိပ်ထား၏။ သက်ဝင်စွဲလမ်း၍ တည်၏။ ထို့ကြောင့် ထိုသူအား နှစ်သက်ခြင်းသည် ဖြစ်၏။ ဝေဒနာတို့၌ နှစ်သက်ခြင်းသည် စွဲလမ်းခြင်းမည်၏။ စွဲလမ်းမှုကြောင့် ဘဝသစ် ဖြစ်ပေါ်၏။ ဘဝသစ်ဖြစ်ခြင်းကြောင့် ပဋိသန္ဓေနေရခြင်းသည် ဖြစ်၏။ ပဋိသန္ဓေနေခြင်းကြောင့် အိုခြင်း၊ သေခြင်း၊ စိုးရိမ်ပူဆွေးခြင်းစသော ဆင်းရဲတို့သည် ဖြစ်ကုန်၏။ ဤသို့လျှင် ချမ်းသာကင်းသော ဆင်းရဲအစု၏ ဖြစ်ပွားခြင်းသည် ဖြစ်ပေါ်နေလေ၏။"

## ဆင်းရဲအစု ချုပ်ငြိမ်းပုံ

"ရဟန်းတို့၊ ဤလောက၌ ကိလေသာကင်းစင်၍ တရားမှန်ကို ကိုယ်တိုင် သိမြင်သော ဘုရားရှင်ပေါ်ထွန်းလာ၍ ထိုဘုရားရှင်၏ တရားကို ကြားနာရသော အမျိုးကောင်းသားသည် လူ့ဘောင်မှ ထွက်၍ ရဟန်းပြုပြီး သီလကို စောင့်ထိန်း၏။ ဣန္ဒြေခြောက်ပါးကို စောင့်စည်း၍ သတိသမ္ပဇဉ်နှင့် မကင်းမကွာ နေ၏။ မြတ်သော ရောင့်ရဲခြင်းနှင့်လည်း ပြည့်စုံ၏။ ထိုရဟန်းသည် ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်၍ ကမ္မဋ္ဌာန်းအာရုံသို့ ရှေ့ရှု သတိကို ဖြစ်စေကာ နီဝရဏငါးပါးတို့မှ စိတ်ကို စင်ကြယ်စေပြီး၊ ကာမဂုဏ် ကိလေသာတို့မှ ကင်းဆိတ်သော ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်တို့သို့ ရရောက်၍နေ၏။

'ထိုရဟန်းသည် မျက်စိဖြင့် အဆင်းအာရုံကို မြင်သော် နှစ်သက်ဖွယ်အာရုံ၌ မတပ်စွန်း၊ မနှစ်သက်ဖွယ်ဖြစ်သော အာရုံ၌လည်း ဒေါသစိတ် မဖြစ်၊ နားဖြင့် အသံကို ကြားခြင်း၊ နှာခေါင်းဖြင့် အနံ့ကို နံခြင်း စသည်တို့၌လည်း ထို့အတူပင် ဖြစ်၏။ ထိုရဟန်းသည် မိမိကိုယ်၌ ထင်သော သတိရှိလျက် အကန့်အသတ်မရှိ ကျယ်ပြန့်သော စိတ် ရှိသည်ဖြစ်၍ နေ၏။ အကုသိုလ်တရားဆိုးတို့ အကြွင်းမဲ့ ချုပ်ရာဖြစ်သော စိတ်၏ လွတ်မြောက်မှု၊ ပညာ၏ လွတ်မြောက်မှုကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏။ ဤသို့လျှင် ထိုရဟန်းသည် တဏှာ၏ အစွမ်းဖြင့် အာရုံသို့ အစဉ်လိုက်ခြင်း၊ အာရုံနှင့် ဆန့်ကျင်ခြင်းတို့ကို ပယ်လျက် သုခဝေဒနာကို ဖြစ်စေ၊ ဒုက္ခဝေဒနာကို ဖြစ်စေ ခံစားရသည်ရှိသော် ထိုဝေဒနာကို နှစ်သက်ခြင်း၊ မျိုသိပ်၍ ထားခြင်း၊ သက်ဝင်စွဲလမ်း၍ တည်ခြင်း မပြု။ ထို့ကြောင့် ထိုရဟန်းအား နှစ်သက်ခြင်းသည် ချုပ်ငြိမ်း၏။ နှစ်သက်ခြင်း စွဲလမ်းခြင်း ဘဝသစ်ဖြစ်ခြင်းစသော အကျိုးတရားအဆက်ဆက်တို့သည်လည်း ချုပ်ငြိမ်းကုန်၏။ ဤသို့လျှင် ချမ်းသာကင်းသော ဆင်းရဲအစု၏ ချုပ်ငြိမ်းခြင်းသည် ဖြစ်လေ၏။

www.dhammaransi.com



"ရဟန်းတို့၊ သင်တို့သည် အကျဉ်းအားဖြင့် ငါဟောကြားအပ်သော ဤတရားကို တဏှာကုန်ခန်း၍ လွတ်မြောက်ကြောင်းဖြစ်သော တရားဟူ၍ မှတ်သား ကြကုန်လော့။ တံငါသည်၏ သားဖြစ်သည့် သာတိမည်သောရဟန်းကိုမူ ကြီးစွာသော တဏှာမြှုး၊ တဏှာထမ်းပိုးဖြင့် စွပ်မိနေသူဟူ၍ မှတ်သားကြ ကုန်လော့"

ဤသို့ ဗုဒ္ဓမြတ်စွာက ဟောကြားသောအခါ ရဟန်းတို့သည် ထိုဟောကြား ချက်ကို လွန်စွာ နှစ်ခြိုက်ကြလေသည်။

www.dhammaransi.com

# ၃၃။ မဟာအဿပုရသုတ်

## အဿပုရနိဂုံး၌ အကျယ်ဟောသောတရား

### ရဟန်းအမည်နှင့် ညီစေရန်

ဗုဒ္ဓမြတ်စွာသည် အင်္ဂတိုင်း အဿပုရနိဂုံး၌ သီတင်းသုံးစဉ် ရဟန်းတို့အား ဤသုတ်ကို ဟောကြားတော်မူသည်။

"ရဟန်းတို့၊ လူအပေါင်းသည် သင်တို့ကို 'ရဟန်း' ဟု သိမှတ်နေကြ၏။ သင်တို့ ကိုယ်တိုင်ကလည်း ရဟန်း ဟု ဝန်ခံနေကြ၏။ ဤသို့ သိမှတ်၊ ဝန်ခံနေကြသည့်အတိုင်း သင်တို့သည် သမဏဖြစ်ကြောင်း၊ ဗြဟ္မဏဖြစ်ကြောင်း တရားတို့ကို ကျင့်ကြံအားထုတ်ကြကုန်လော့။ ယင်းသို့ ကျင့်ကြံ အားထုတ်ကြမှသာလျှင် သင်တို့၏အမည်၊ သင်တို့၏ ဝန်ခံချက်များသည် မှန်ကန်ပေလိမ့်မည်။ သင်တို့အား ပစ္စည်းလေးပါးကို လှူဒါန်းထောက်ပံ့သူတို့မှာလည်း အကျိုးများလိမ့်မည်။ သင်တို့၏ ရဟန်းအဖြစ်သည်လည်း မမြုံဘဲ အကျိုးစီးပွား တိုးပွားခြင်း ရှိပေလိမ့်မည်။"

### ရဟန်းဖြစ်ကြောင်း တရား

"ရဟန်းတို့၊ သမဏဖြစ်ကြောင်းတရား၊ ဗြာဟ္မဏဖြစ်ကြောင်း တရားဟူသည် အဘယ်နည်းဆိုသော်-'ငါတို့သည် ရှက်ခြင်း ကြောက်ခြင်းနှင့် ပြည့်စုံကြကုန်အံ့' ဟူ၍ သင်တို့ လေ့ကျင့်အားထုတ်ရမည်။ 'ငါတို့ကား အရှက်အကြောက်နှင့် ပြည့်စုံကြကုန်ပြီ။ ဤမျှဖြင့် လုံလောက်ပြီ၊ ရဟန်းဖြစ်ကျိုးနပ်ပြီ၊ ထို့ထက် လွန်၍ ပြုဖွယ်မရှိတော့ပြီ' ဟူ၍ သင်တို့အား တစ်ခါတစ်ရံ တင်းတိမ်ရောင့်ရဲခြင်း

www.dhammaransi.com



ဖြစ်ပေါ်လာတတ်၏။ ရဟန်းတို့၊ သင်တို့အား ငါသတိပေးစကား ပြောကြားအံ့၊ ရဟန်း ဖြစ်ခြင်း၏ အကျိုးကို လိုလားသော သင်တို့အား ရှေ့သို့ ဆက်၍ တိုးတက် ပြုလုပ်ဖွယ် ရှိနေပါလျက် ရဟန်း ဖြစ်ခြင်း၏ အကျိုးမှ မဆုတ်ယုတ်ကြစေကုန်လင့်။

## တိုးတက်ပြုလုပ်ဖွယ်များ

"ရဟန်းတို့၊ ရှေ့သို့ဆက်၍ တိုးတက်ပြုလုပ်ဖွယ်ဟူသည် အဘယ်နည်းဆိုသော်– 'ငါတို့သည် ကိုယ်အမူအရာကို စင်ကြယ်စေအံ့၊ နှုတ်အမူအရာကို စင်ကြယ်စေအံ့၊ စိတ်အမူအရာကို စင်ကြယ်စေအံ့၊ အသက်မွေးမှုကို စင်ကြယ်စေအံ့၊ ပေါ်လွင်ထင်ရှားစေအံ့၊ သီလကို မကျိုးပေါက်အောင် စောင့်စည်းအံ့။ ဤသို့ ကိုယ်အမူအရာ စင်ကြယ်ခြင်း စသည်ဖြင့်လည်း မိမိကိုယ်ကို မြှောက်ပင့်၍ သူတစ်ပါးကို နှိမ့်ချခြင်း မပြုအံ့' ဟူ၍ သင်တို့သည် လေ့ကျင့်အားထုတ်ရမည်။

'ရဟန်းတို့၊ သင်တို့သည် ဤမျှဖြင့်လည်း တင်းတိမ်ရောင့်ရဲခြင်း မပြုအပ်။ 'ငါတို့သည် ဣန္ဒြေခြောက်ပါးကို လုံခြုံအောင် ထိန်းသိမ်းကုန်အံ့၊ အစားအစာ၌ အတိုင်းအဆကို သိကုန်အံ့၊ ဉာဏ်ဖြင့် သင့်လျော်လျောက်ပတ်စွာ ဆင်ခြင်၍ အစားအစာကို စားသုံးကြကုန်အံ့။ နိုးကြားမှု၌ လုံ့လစိုက်သူ ဖြစ်ကြကုန်အံ့၊ သတိသမ္ပဇဉ်နှင့် ပြည့်စုံသူ ဖြစ်ကြကုန်အံ့ ဟူ၍ သင်တို့သည် လေ့ကျင့်အားထုတ်ရမည်။"

## နီဝရဏ ငါးပါးကင်းကွာခြင်း

"ရဟန်းတို့၊ သင်တို့သည် ဤမျှဖြင့်လည်း တင်းတိမ်ရောင့်ရဲခြင်း မပြုအပ်။ ရှေ့သို့ ဆက်၍ တိုးတက် ပြုလုပ်ဖွယ် ရှိသေး၏။ ထိုပြုလုပ်ဖွယ်ကား အဘယ်နည်းဆိုသော်– ဤသာသနာ၌ ရဟန်းသည် ဆိတ်ငြိမ်ရာအရပ်၌ တင်ပျဉ်ခွေထိုင်ကာ ကမ္မဋ္ဌာန်းသို့ ရှေ့ရှု သတိကို ဖြစ်စေပြီး သူတစ်ပါးပစ္စည်းကို ရှေ့ရှုကြံစည်ခြင်း၊ ပျက်စီးစေလိုခြင်း၊ ထိုင်းမှိုင်းခြင်း၊ ပျံ့လွင့်ပူပန်ခြင်း၊ တွေးတောယုံမှားခြင်း ဟူသော နီဝရဏငါးပါးကိုပယ်၍ ထိုတရားတို့မှ စိတ်ကို စင်ကြယ်စေ၏။

'ဥပမာ– ကြွေးယူ၍ အလုပ်အကိုင်တစ်ခုကို လုပ်သူသည် မိမိအလုပ် တိုးတက်အောင်မြင်၍ ကြွေးကို ပြန်ဆပ်နိုင်သည့်ပြင် သားမယားကျွေးရန် အတွက်လည်း အမြတ်ရရှိသောအခါ ဝမ်းမြောက်ကျေနပ်ခြင်း ဖြစ်သကဲ့သို့ လည်းကောင်း၊

www.dhammaransi.com



'အနာရောဂါနှိပ်စက်၍ ထမင်း မစားနိုင်ဘဲ အင်အားကုန်ခန်းနေသူသည် ထိုရောဂါပျောက်ကင်း၍ ထမင်းစားနိုင်ပြီး ခွန်အားဗလ ပြည့်ဝလာသောအခါ ဝမ်းမြောက်ခြင်း ဖြစ်သကဲ့သို့ လည်းကောင်း၊

'အချုပ်အနှောင် ခံနေရသူသည် ထိုအချုပ်အနှောင်မှ ချမ်းသာစွာ လွတ်မြောက်သောအခါ ဝမ်းမြောက်ခြင်း ဖြစ်သကဲ့သို့ လည်းကောင်း၊

'ထို့အတူပင် ရဟန်းသည် မိမိ မပယ်ရသေးသော နီဝရဏတရားတို့ကို ကြွေးမြီ၊ အနာရောဂါ၊ နှောင်အိမ်ကဲ့သို့ ရှုမြင်၏၊ မိမိပယ်အပ်ပြီးသော နီဝရဏ ငါးပါးတို့ကို ကြွေးကင်းခြင်း၊ အနာရောဂါပျောက်ကင်းခြင်း၊ နှောင်အိမ်မှ လွတ်ခြင်း ကဲ့သို့ ရှုမြင်၏။"

## ပထမ ဈာန်ချမ်းသာ

"ထိုရဟန်းသည် စိတ်ကို ညစ်ညူးစေ၍ အသိဉာဏ်ကိုလည်း အားနည်းအောင် ပြုတတ်သော နီဝရဏတရား ငါးပါးကို ပယ်ပြီး၊ ဝိတက် ဝိစာရတို့နှင့် တကွဖြစ်၍ ကာမဂုဏ်ကိလေသာတို့မှ ကင်းကွာဆိတ်သုဉ်းမှုကြောင့် ဖြစ်သည့် နှစ်သိမ့်ချမ်းသာခြင်း ရှိသော ပထမဈာန်ကို ဝင်စားနေ၏။ ထိုနှစ်သိမ့်ချမ်းသာခြင်းဖြင့် မိမိ၏ တစ်ကိုယ်လုံးကို ပျံ့နှံ့စွတ်စိုစေ၏။ ဥပမာ– ကျွမ်းကျင်သော ခဝါသည်သည် ကြေးခွက်၌ ဆပ်ပြာမှုန့်များကို လောင်းထည့်ပြီး ရေဖြင့် ဖျန်းကာ ဖျန်းကာ နယ်ရာ၏။ ဆပ်ပြာမှုန့်များသည် အတုံးအခဲဖြစ်ပြီး စေးထိုင်းလျက် အတွင်းရော အပြင်ပါ အဆီအစေးဖြင့် ပျံ့နှံ့နေရာ၏။ ယိုကျခြင်းမရှိရာ၊ ထို့အတူပင် ပထမဈာန်ကို ရရောက်၍ နေသော ရဟန်းသည် မိမိ၏ တစ်ကိုယ်လုံးကို နှစ်သိမ့်ချမ်းသာခြင်းဖြင့် စိုစွတ်ပျံ့နှံ့စေ၏။"

## ဒုတိယ ဈာန်ချမ်းသာ

"တစ်ဖန် ထိုရဟန်းသည် ဝိတက်ဝိစာရ ငြိမ်းခြင်းကြောင့် အတွင်းသန္တာန်၌ ကြည်လင်ပြီး စိတ်တစ်ဖို့ တစ်စုတည်းကဲ့သို့ ဖြစ်ကာ တည်ကြည်သော သမာဓိကြောင့်ဖြစ်သည့် နှစ်သိမ့်ခြင်း၊ ချမ်းသာခြင်းရှိသော ဒုတိယဈာန်ကို ဝင်စား၍ နေ၏။ ထိုသမာဓိကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း၊ ချမ်းသာခြင်းဖြင့်လည်း မိမိ၏ တစ်ကိုယ်လုံးကို ပျံ့နှံ့စွတ်စိုစေ၏။ ဥပမာ– လေးဘက်လေးတန်၌ ရေထွက်ပေါက် မရှိသော ရေကန်ကြီးတစ်ခုမှ ရေများ စိမ့်ထွက်နေသောအခါ ထိုရေကန်ကြီးတစ်ခု လုံးသည် ထိုစိမ့်ထွက်နေသော ရေများဖြင့် ပျံ့နှံ့စွတ်စိုနေသကဲ့သို့ ဖြစ်၏။"

www.dhammaransi.com



## တတိယ ဈာန်ချမ်းသာ

"တစ်ဖန် ထိုရဟန်းသည် နှစ်သိမ့်မှု ကင်းကွာခြင်းကြောင့် လျစ်လျူရှုကာ သတိသမ္ပဇဉ်နှင့် ပြည့်စုံလျက် နေ၏။ ချမ်းသာမှုကိုလည်း ကိုယ်ဖြင့် ခံစားလျက် တတိယဈာန်ကို ရောက်၍နေ၏။ ထိုရဟန်းကို လျစ်လျူရှုသူ သတိရှိသူ၊ ချမ်းသာစွာ နေသူဟူ၍ အရိယာသူမြတ်တို့က ချီးမွမ်းကြကုန်၏။ ထိုရဟန်းသည် မိမိ၏ တစ်ကိုယ်လုံးကို နှစ်သိမ့်မှု ကင်းသော ချမ်းသာခြင်းဖြင့် ပျံ့နှံ့စွတ်စိုစေ၏။ ဥပမာ ရေထဲ၌ ပေါက်၍ ရေထဲ၌လည်း နစ်မြုပ်နေသော ကြာပင်တို့သည် အရင်းမှ အဖျားတိုင်အောင် ရေဖြင့် ပျံ့နှံ့စွတ်စိုနေသကဲ့သို့ ဖြစ်၏။"

## စတုတ္ထ ဈာန်ချမ်းသာ

"တစ်ဖန် ထိုရဟန်းသည် ချမ်းသာခြင်း၊ ဆင်းရဲခြင်းတို့ကို ပယ်၍ ဝမ်းမြောက်ခြင်း၊ နှလုံးမသာယာခြင်းတို့မှာလည်း ရှေးဦးမဆွကပင် ပျောက်ကွယ်ပြီး ဖြစ်သောကြောင့် ဆင်းရဲချမ်းသာခြင်း မရှိတော့ဘဲ လျစ်လျူရှုမှုကြောင့်ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်းနှင့် ပြည့်စုံသော စတုတ္ထဈာန်ကို ဝင်စား၍ နေ၏။ မိမိ တစ်ကိုယ်လုံးကိုလည်း သန့်ရှင်းဖြူစင်သော စိတ်ဖြင့် ပျံ့နှံ့စေ၍ နေ၏။ ဥပမာ အဝတ်ဖြူဖြင့် တစ်ကိုယ်လုံးကို ခြုံ၍ ထိုင်နေသူ၏ကိုယ်၌ ထိုအဝတ်ဖြူဖြင့် မထိအပ်သော အရပ်ဟူ၍ မရှိသကဲ့သို့၊ ထို့အတူ စတုတ္ထဈာန်ကို ဝင်စား၍ နေသော ရဟန်း၏ ကိုယ်၌လည်း သန့်ရှင်းဖြူစင်သော စိတ်ဖြင့် မပျံ့နှံ့သော နေရာဟူ၍ အနည်းငယ်မျှပင် မရှိချေ။"

## ဝိဇ္ဇာသုံးပါး

"ထိုရဟန်းသည် ဤသို့ စတုတ္ထဈာန်၏ အစွမ်းအားဖြင့် ဖြူစင်နူးညံ့တည်တံ့ ကြံ့ခိုင်သောစိတ် ရှိလတ်သော် ရှေးက မိမိဖြစ်ခဲ့ဖူးသော ဘဝတို့ကို ပြန်ပြောင်းအောက်မေ့နိုင်သော ဉာဏ်အလို့ငှာ စိတ်ကို ညွှတ်စေပြီး တစ်ဘဝ၊ နှစ်ဘဝမှစ၍ ရာထောင်မက များစွာသော ဘဝတို့ကို ဆင်ခြင်အောက်မေ့၏။ ဥပမာ တစ်ပါးသော ရွာများသို့ လှည့်လည်သွားလာပြီးနောက် မိမိရွာသို့ ပြန်လာသော ယောက်ျားသည် ထိုရွာများ၌ မိမိနေထိုင်ပြောခဲ့ပုံများကို ဆင်ခြင်အောက်မေ့နိုင်သကဲ့သို့ ဖြစ်၏။

www.dhammaransi.com



"တစ်ဖန် ထိုရဟန်းသည် သေခြင်း၊ ဖြစ်ခြင်းကို သိသော ဉာဏ်အလို့ငှာ မိမိစိတ်ကို ရှေ့ရှုညွှတ်စေပြီး၊ နတ်မျက်စိနှင့်တူသော ဉာဏ်ဖြင့် သေလွန်သော သတ္တဝါ၊ ဘဝသစ်၌ တစ်ဖန် ဖြစ်သော သတ္တဝါတို့ကို သိမြင်၏။ ဥပမာ- မျက်နှာချင်းဆိုင် အိမ်နှစ်လုံး၏ အလယ်၌ တည်သော ယောကျ်ားသည် ထိုအိမ်များသို့ ဝင်ထွက်သွား လာသူ မှန်သမျှကို မြင်သကဲ့သို့ ဖြစ်၏။

"တစ်ဖန် ထိုရဟန်းသည် အာသဝေါတရားများ ကုန်ခန်းကြောင်း ဖြစ်သော ဉာဏ်အလို့ငှာ မိမိစိတ်ကို ရှေ့ရှုညွှတ်စေပြီး ဆင်းရဲခြင်း၊ ဆင်းရဲဖြစ်ခြင်း၏ အကြောင်း၊ ဆင်းရဲချုပ်ငြိမ်းခြင်း၊ ဆင်းရဲချုပ်ငြိမ်းရေးအကျင့်တို့ကို ဟုတ်တိုင်း မှန်စွာ သိမြင်၏။ ဥပမာ- ကြည်လင်သော ရေအိုင်၏ ကမ်းပေါ်၌ ရပ်တည်နေသော ယောကျ်ားသည် ထိုရေအိုင်အတွင်း၌ သွားလာလှုပ်ရှားနေသည့် ခရု၊ ယောက်သွား၊ ငါး၊ လိပ်စသော ရေသတ္တဝါတို့ကို မြင်ရသကဲ့သို့ ဖြစ်၏။"

ဗုဒ္ဓမြတ်စွာက ဤသို့ ဟောကြားတော်မူသောအခါ ရဟန်းတို့သည် ထိုဟော ကြားချက်ကို လွန်စွာ နှစ်ခြိုက်ကြလေသည်။

www.dhammaransi.com

# ၄၀။ ဓနုဋ္ဌအဿပုရသုတ်

## အဿပုရနိဂုံး၌ အကျဉ်းဟောကြားသောတရား

ဗုဒ္ဓမြတ်စွာသည် အင်္ဂတိုင်း အဿပုရနိဂုံး၌ သီတင်းသုံးနေစဉ် ရဟန်းတို့အား ဤသုတ်ကို ဟောကြားတော်မူသည်။

### ရဟန်းနှင့် သင့်လျော်သော အကျင့်

"ရဟန်းတို့၊ လူအပေါင်းသည် သင်တို့ကို 'ရဟန်း' ဟု သိမှတ်နေကြ၏။ သင်တို့ ကိုယ်တိုင်ကလည်း 'ရဟန်း' ဟု ဝန်ခံနေကြ၏။ ဤသို့ သိမှတ်ဝန်ခံနေကြသည့်အတိုင်း သင်တို့သည် ရဟန်းနှင့် လျော်သော အကျင့်ကို ကျင့်ကြံအားထုတ်ကြကုန်လော။ ယင်းသို့ ကျင့်ကြံအားထုတ်မှသာလျှင် သင်တို့၏ အမည် သင်တို့၏ ဝန်ခံချက်များသည် မှန်ကန်မည် ဖြစ်၏။ သင်တို့အား ပစ္စည်းလေးပါးကို လှူဒါန်းထောက်ပံ့သူတို့မှာလည်း အကျိုးများမည် ဖြစ်၏။ သင်တို့၏ ရဟန်းအဖြစ်သည်လည်း မမြုံဘဲ အကျိုးစီးပွား ဖြစ်ထွန်းခြင်း ရှိမည်ဖြစ်ပေ၏။

'ရဟန်းတို့၊ အကြင်ရဟန်းသည် သူတစ်ပါးပစ္စည်းကို မိမိသို့ ရေ့ရှု ကြံစည်ခြင်း၊ သူတစ်ပါးကို ပျက်စီးစေလိုခြင်း၊ အမျက်ထွက်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ကျေးဇူးကို ချေဖျက်ခြင်း၊ ဂုဏ်ပြိုင်ခြင်း၊ မနာလိုဝန်တိုခြင်း၊ ကောက်ကျစ် စဉ်းလဲခြင်း၊ လှည့်ပတ်ခြင်း၊ အလိုဆိုးရှိခြင်း၊ အယူမှားခြင်း ရှိသည် ဖြစ်၍ ထိုတရားတို့ကို ပယ်ရှားခြင်း မပြု။ အပါယ်လားကြောင်း ဖြစ်သော ထိုရဟန်း၏ အညစ်အကြေး၊ ရဟန်း၏ အပြစ်၊ ရဟန်း၏ အမှိုက်သရိုက်တို့ကို မပယ်စွန့်သော ထိုရဟန်းကို

www.dhammaransi.com



'ရဟန်းနှင့် လျော်သောအကျင့်ကို မကျင့်သူ' ဟု ငါဆို၏။ ရဟန်းတို့၊ ကျောက်တုံးပေါ်၌ ထက်စွာသွေးအပ်သော အသွားနှစ်ဘက်ရှိသည့် 'မတဇ'မည်သော လက်နက်တစ်မျိုးရှိ၏။ ရဟန်းနှင့်လျော်သော အကျင့်ကို မကျင့်သူ၏ ရဟန်းအဖြစ်သည် ထို 'မတဇ' လက်နက်ကို ခြုံထည်အဝတ်ဖြင့် ရစ်ပတ် လွှမ်းခြုံထားသည်နှင့် တူ၏ဟူ၍ ငါဆို၏။"

## သင်္ကန်းဝတ်ကာမျှဖြင့်

"ရဟန်းတို့၊ သင်္ကန်းဝတ်ကာမျှဖြင့် ရဟန်းဟု ငါမဆို။ အဝတ်မဝတ်ခြင်း၊ မြူအညစ်အကြေးကို ဆောင်ခြင်း၊ ရေထဲသို့ ဆင်းခြင်း၊ သစ်ပင်ရင်း၌ နေခြင်း၊ လွင်ပြင်၌ နေခြင်း၊ လေးဘက်တွား၍ သွားခြင်း၊ လ,ရက်အလှည့်ဖြင့် ဆွမ်းစားခြင်း၊ ဗေဒင်ကျမ်းများကို သင်အံရွတ်ဖတ်ခြင်း၊ ဆံကျစ်ထားခြင်းမျှတို့ဖြင့်လည်း ရဟန်းဟု ငါမဆို။

'ရဟန်းတို့၊ အကယ်၍ သင်္ကန်းဝတ်ခြင်း၊ အဝတ် လုံးဝ မဝတ်ခြင်းစသော အကျင့်မျှဖြင့် သူတစ်ပါးပစ္စည်းကို မိမိသို့ ရေ့ရှုကြံခြင်း၊ သူတစ်ပါးကို ပျက်စီးစေလိုခြင်းစသော တရားဆိုးများ ကင်းကွာမည်ဆိုလျှင် အဆွေခင်ပွန်း၊ သားချင်း ဆွေမျိုးတို့သည် မိမိတို့ ချစ်ခင်ကြင်နာသူအား မွေးဖွားစ အရွယ်ကပင် သင်္ကန်းဝတ်ခြင်း၊ အဝတ် လုံးဝ မဝတ်ခြင်းစသော အကျင့်များကို ကျင့်သုံးဆောက်တည်စေကြကုန်ရာ၏။

'ရဟန်းတို့၊ ဤလောက၌ အချို့သူသည် သင်္ကန်းဝတ်လျက်လည်း သူတစ်ပါး ပစ္စည်းကို မိမိသို့ ရေ့ရှု ကြံသူ၊ သူတစ်ပါးကို ပျက်စီးစေလိုသူ၊ အမျက်ဒေါသကြီးသူ စသည်ဖြစ်နေသည်ကို ငါမြင်တွေ့ရ၏။ အဝတ် လုံးဝ မဝတ်ခြင်း၊ မြူအညစ်အကြေးကို ဆောင်ခြင်း၊ ရေထဲသို့ ဆင်းခြင်းစသော အကျင့်များကို ကျင့်သုံးဆောက်တည်နေပါလျက်လည်း သူတစ်ပါးပစ္စည်းကို မိမိသို့ ရေ့ရှုကြံသူ၊ သူတစ်ပါးကို ပျက်စီးစေလိုသူ၊ အမျက်ဒေါသကြီးသူစသည်ဖြစ်နေသည်ကို ငါမြင်တွေ့ရ၏။ ထို့ကြောင့်လည်း သင်္ကန်းဝတ်ခြင်း၊ အဝတ်လုံးဝ မဝတ်ဘဲ နေခြင်းစသော အကျင့်မျှဖြင့် ရဟန်းဟု ငါမဆိုခြင်း ဖြစ်ပေ၏။"

## အမျိုး မခွဲခြား

"ရဟန်းတို့၊ အကြင်ရဟန်းသည် သူတစ်ပါးပစ္စည်းကို မိမိသို့ ရေ့ရှုကြံခြင်း၊ သူတစ်ပါးကို ပျက်စီးစေလိုခြင်း၊ အမျက်ဒေါသကြီးခြင်းစသော တရားဆိုးများ

www.dhammaransi.com



ကို စွန့်ပယ်၏။ အပါယ်လားကြောင်း ဖြစ်သောရဟန်း၏ အညစ်အကြေး၊ ရဟန်းအပြစ်၊ ရဟန်း၏ အမှိုက်သရိုက်တို့ကို စွန့်ပယ်သော ထိုရဟန်းကို 'ရဟန်းနှင့် လျော်သော အကျင့်ကို ကျင့်သူ' ဟု ငါဆို၏။ ထိုရဟန်းသည် အကုသိုလ်တရားဆိုးတို့မှ ကင်းစင်သော မိမိကိုယ်ကို ရှုမြင်သုံးသပ်၍ ဝမ်းမြောက်၏။ ဝမ်းမြောက်သူအား နှစ်သက်ခြင်း ဖြစ်၏။ နှစ်သက်သော စိတ်ရှိသူ၏ ကိုယ်သည် ငြိမ်းအေး၏။ ငြိမ်းအေးသူအား ချမ်းသာ၏၊ ချမ်းသာသူအား စိတ်တည်ကြည်၏။

'ဤသို့ စိတ်တည်ကြည်သော ရဟန်းသည် အထက်၊ အောက်ဝန်းကျင် အရပ်ခြောက်မျက်နှာ၌ တည်ရှိသော သတ္တဝါအားလုံးကို ပြန့်ပြောမြင့်မြတ်၍ ပိုင်းခြားကန့်သတ်မှု မရှိ၊ ရန်လိုကြောင့်ကြမှုတို့မှလည်း ကင်းသည့် မေတ္တာနှင့် ယှဉ်သောစိတ်ဖြင့် ဖြန့်၍ နေ၏။ ထို့အတူ ဂရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့နှင့် ယှဉ်သော စိတ်များဖြင့်လည်း ဖြန့်၍ နေ၏။ ဥပမာ– အရပ်လေးမျက်နှာမှ လေ၊ နေပူ နှိပ်စက်၍ ဆာလောင်မွတ်သိပ်လာသူသည် ကြည်လင်အေး မြ၍ ချိုမြိန်သော ရေနှင့် သာယာသော ဆိပ်ကမ်းရှိသော ရေကန်သို့ ရောက်သော် ပူလောင်ခြင်း၊ ဆာလောင်မွတ်သိပ်ခြင်းကို ကင်းပျောက်စေနိုင်သကဲ့သို့၊ ထို့အတူပင် အမျိုးလေးပါးတို့မှ ထွက်၍ ရဟန်းပြုလာသူများသည်လည်း မြတ်စွာဘုရား၏ အဆုံးအမကို မှီ၍ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့ကို ပွားများကာ၊ အတွင်းဓာတ် ငြိမ်းချမ်းမှုကို ရရှိနိုင်ကြကုန်၏။ ယင်းသို့ အတွင်းဓာတ် ငြိမ်းချမ်းမှုရရှိသူကို 'ရဟန်းနှင့်လျော်သော အကျင့်ကို ကျင့်သူ' ဟူ၍ ငါဆို၏။ ထိုသူသည် စိတ်၏ လွတ်မြောက်မှု၊ ပညာ၏ လွတ်မြောက်မှုကို မျက်မှောက်ပြု၍ အာသဝေါ ကုန်ခန်းခြင်းကြောင့် ကိလေသာငြိမ်းအေးသူ ရဟန်းစင်စစ် ဖြစ်ပေတော့၏။"

ဗုဒ္ဓမြတ်စွာက ဤသို့ မိန့်ကြားလေသော် ရဟန်းတို့သည် ထိုမိန့်ကြားချက်ကို လွန်စွာ နှစ်ခြိုက်ကြလေ၏။

www.dhammaransi.com

# ၄၁။ သာလေယျကသုတ်

## သာလာရွာသားများအား ဟောသောတရား

### မတရားကျင့်ခြင်း

အခါတစ်ပါး၌ ဗုဒ္ဓမြတ်စွာသည် ရဟန်းသံဃာများစွာနှင့် အတူ ကောသလ တိုင်းအတွင်း၌ ဒေသစာရီလှည့်လည်တော်မူလေသော် သာလာမည်သော ပုဏ္ဏားရွာသို့ ဆိုက်ရောက်လေ၏။ ထိုအခါ သာလာရွာသာ ပုဏ္ဏားသူကြွယ်တို့သည် ဗုဒ္ဓမြတ်စွာထံ ချဉ်းကပ်၍ ရိုသေစွာ ရှိခိုးကြပြီး ဗုဒ္ဓအား ဤသို့ မေးလျှောက်ကြလေသည်။

“အရှင်ဂေါတမ၊ ဤလောက၌ အချို့သူတို့သည် သေလွန်သောအခါ အပါယ်ငရဲသို့ ကျရောက်၍ အချို့မှာကား သုဂတိနတ်ပြည်သို့ ရောက်ကြသည်မှာ အဘယ့်ကြောင့်ပါနည်း”

“သူကြွယ်တို့၊ ဤလောက၌ အချို့သူတို့သည် မတရား ကျင့်ခြင်း၊မမျှမတ ကျင့်ခြင်းကြောင့် သေလွန်သောခါ အပါယ်ငရဲသို့ ကျရောက်ကြရကုန်၏။ အချို့သူတို့ကား တရားသဖြင့် ကျင့်ခြင်း၊ မျှတစွာ ကျင့်ခြင်းကြောင့် သေလွန်သောအခါ သုဂတိနတ်ပြည်သို့ ရောက်ကြရကုန်၏”

“အရှင်ဂေါတမ၊ ဤသို့ အကျယ်မလင်း အကျဉ်းဟောကြားရုံမျှဖြင့် ကျွန်ုပ်တို့သည် အနက်အဓိပ္ပာယ်ကို နားမလည်ကြပါ။ ကျွန်ုပ်တို့ တောင်းပန်ပါကုန်၏။ အရှင်ဂေါတမသည် အကျယ်ဟောကြားတော်မူပါလော့”

www.dhammaransi.com



"သူကြွယ်တို့၊ သို့ဖြစ်သော် ငါအကျယ်ဟောကြားအံ့၊ နာကြကုန်လော့။ သူကြွယ်တို့၊ ကိုယ်အားဖြင့် မတရားကျင့်ခြင်း၊ မမျှမတကျင့်ခြင်းသည် သုံးမျိုးရှိ၏။ နှုတ်အားဖြင့် မတရားကျင့်ခြင်း၊ မမျှမတကျင့်ခြင်းသည် လေးမျိုးရှိ၏။ စိတ်အားဖြင့် မတရားကျင့်ခြင်း၊ မမျှမတကျင့်ခြင်းသည် သုံးမျိုးရှိ၏။"

## ကိုယ်အားဖြင့် မတရားကျင့်ခြင်း

"သူကြွယ်တို့၊ အဘယ်သို့လျှင် ကိုယ်အားဖြင့် မတရားကျင့်ခြင်း၊ မမျှမတကျင့်ခြင်းသည် သုံးမျိုးရှိသနည်းဆိုသော်- ဤလောက၌ အချို့သူသည် သူတစ်ပါး အသက်ကို သတ်ဖြတ်လေ့ ရှိ၏။ ကြမ်းကြုတ် ခက်ထန်၏။ သွေးစွန်းသော လက်ရှိ၏။ သတ်ပုတ်ရိုက်နှက်ခြင်း၌ စိတ်ဝင်စား၏။ သတ္တဝါတို့အပေါ်၌ သနားကြင်နာခြင်း၌ ကင်း၏။

'သူတစ်ပါးပစ္စည်းကိုလည်း မပေးဘဲ ယူလေ့ ရှိ၏။ ရွာ၌ဖြစ်စေ၊ တော၌ဖြစ်စေ တည်ရှိသော သူတစ်ပါး၏ ပစ္စည်းဥစ္စာအဆောက်အအုံများကို ခိုးဝှက်လိုသော စိတ်ဖြင့် ယူတတ်၏။

'ကာမဂုဏ်တို့၌လည်း ဖောက်ပြန်စွာ ကျင့်တတ်၏။ မိခင်စောင့်ထိန်းသော မိန်းမ၊ ဖခင်စောင့်ထိန်းသော မိန်းမ၊ မိဘနှစ်ပါးစောင့်ထိန်းသော မိန်းမ၊ မောင်ကြီးမောင်ငယ် စောင့်ထိန်းသော မိန်းမ၊ အစ်မ ညီမစောင့်ထိန်းသော မိန်းမ၊ ဆွေမျိုး စောင့်ထိန်းသော မိန်းမ၊ အနွယ်စောင့်ထိန်းသော မိန်းမ၊ တရားကျင့်ဖော်များ စောင့်ထိန်းသော မိန်းမ၊ လင်ရှိ မိန်းမ၊ ဒဏ်ခတ်ထားသော မိန်းမ၊ အယုတ်ဆုံးအားဖြင့် ပန်းကုံးစွပ်ထားသော မိန်းမတို့၌ ကျူးလွန်ခြင်းသို့ ရောက်၏။

'ဤသို့လျှင် ကိုယ်အားဖြင့် မတရားကျင့်ခြင်း၊ မမျှမတကျင့်ခြင်းသည် သုံးမျိုးရှိ၏။"

## နှုတ်အားဖြင့် မတရားကျင့်ခြင်း

"သူကြွယ်တို့၊ အဘယ်သို့လျှင် နှုတ်အားဖြင့် မတရားကျင့်ခြင်း၊ မမျှမတကျင့်ခြင်းသည် လေးမျိုးရှိသနည်းဆိုသော်- ဤလောက၌ အချို့သူသည် မုသားပြောလေ့ရှိ၏။ ပွဲသဘင်၊ ပရိသတ်၊ ဆွေမျိုး၊ အသင်းအဖွဲ့တို့၏ အလယ်၌ သော်လည်းကောင်း၊ မင်းအိမ်(တရားရုံး) ၌ သော်လည်းကောင်း သက်သေအဖြစ် မေးမြန်းလျှင် သိပါ မြင်ပါလျက် မသိမမြင်ဟူ၍ လည်းကောင်း၊ မသိမမြင်ပါဘဲ

www.dhammaransi.com



လျက် သိပါသည်၊ မြင်ပါသည်ဟူ၍ လည်းကောင်း ပြောဆို၏။ မိမိ အကျိုးအတွက်သော် လည်းကောင်း၊ သူတစ်ပါးအကျိုးအတွက်သော် လည်းကောင်း၊ တံစိုးလက်ဆောင် ရရှိရန်အတွက်သော် လည်းကောင်း မမှန်သောစကားကို ဆိုတတ်၏။

'ကုန်းချောလေ့ရှိ၏။ လူတစ်ဦးနှင့် တစ်ဦး စိတ်ဝမ်းကွဲပြားစေရန် တစ်ဦးထံမှ စကားကို တစ်ဦးထံသို့ ပို့တတ်၏။ ညီညွတ်နေသူများကို ကွဲပြားအောင်ပြုတတ်၏။ ကွဲပြားနေသူများကိုလည်း အားပေးတတ်၏။ အုပ်စုကွဲပြားခြင်း၌ ပျော်မွေ့နှစ် သက်၍ အုပ်စုကွဲစေနိုင်သော စကားကိုလည်း ဆိုတတ်၏။

'ကြမ်းတမ်းသော စကားကို ဆိုလေ့ရှိ၏။ ဆူးငြောင့်သဖွယ် ဖြစ်သောစကား၊ စူးရှသောစကား၊ သူတစ်ပါးကို ကျိန်းစပ်နာကျင်စေသော စကား၊ အမျက်ဒေါသနှင့် နီးစပ်လျက် မတည်မတံ့ ဖြစ်စေနိုင်သော စကားကို ပြောဆိုတတ်၏။

'သိမ်ဖျင်းသော စကားကိုလည်း ဆိုလေ့ရှိ၏။ မဆိုသင့်သောအခါ ပြောဆို၏။ မဟုတ်မမှန် ဆို၏။ အကျိုးမဲ့ကို ဆို၏။ တရားမဲ့ စည်းကမ်းမဲ့ ဆို၏။ အညွှန်း မရှိ၊ အပိုင်းအခြား မရှိသော စကား၊ မှတ်သားဖွယ်ကင်းသော စကားကို ဆို၏။

'ဤသို့လျှင် နှုတ်အားဖြင့် မတရားကျင့်ခြင်း၊ မမျှမတကျင့်ခြင်းသည် လေးမျိုး ရှိ၏။"

## စိတ်အားဖြင့် မတရားကျင့်ခြင်း

"သူကြွယ်တို့၊ အဘယ်သို့လျှင် စိတ်အားဖြင့် မတရားကျင့်ခြင်း၊ မမျှမတကျင့်ခြင်းသည် သုံးမျိုးရှိသနည်းဆိုသော်–ဤလောက၌ အချို့သူသည် သူတစ်ပါးပစ္စည်းကို 'ငါ၏ ပစ္စည်းဖြစ်ပါမူကောင်းလေစွ' ဟု မိမိသို့ ရှေ့ရှုကြံ၏။

'သူတစ်ပါးကို ပျက်စီးစေလို၏၊ 'ဤသူသည် သေပါစေ၊ ညှဉ်းဆဲသတ်ဖြတ် ခံရပါစေ၊ ပျက်စီးပါစေ' ဟူ၍ စိတ်ဖြင့် ပြစ်မှား၏။

'လွဲမှားသော အယူရှိ၏၊ 'ပေးလှူပူဇော်ခြင်းသည် အကျိုးမရှိ၊ ကောင်းမှုမကောင်းမှုတို့သည် အကျိုးမရှိ၊ ဤလောက တစ်ပါးသော လောကဟူ၍ မရှိ၊ မိဘတို့၏ ကျေးဇူးသည် မရှိ၊ သေပြီးနောက် တစ်ဖန် ဖြစ်သော သတ္တဝါ မရှိ၊ ကောင်းစွာကျင့်ကြံသဖြင့် ဤလောက၊ တစ်ပါးသော လောကကို မျက်မှောက်ထင်ထင် သိမြင်သော ရဟန်းပုဏ္ဏားတို့သည် မရှိဟူ၍ လွဲမှားဖောက်ပြန်သော အယူရှိ၏။

'ဤသို့လျှင် စိတ်အားဖြင့် မတရား ကျင့်ခြင်း၊ မမျှမတကျင့်ခြင်းသည် သုံးမျိုး ရှိ၏။"

www.dhammaransi.com



## တရားသဖြင့် ကျင့်ခြင်း

"သူကြွယ်တို့၊ တရားသဖြင့် ကျင့်ခြင်း၊ မျှတစွာ ကျင့်ခြင်းသည်လည်း ကိုယ်အားဖြင့် သုံးမျိုး၊ နှုတ်အားဖြင့် လေးမျိုး၊ စိတ်အားဖြင့် သုံးမျိုး ရှိ၏။

'ကိုယ်အားဖြင့် တရားသဖြင့် ကျင့်ခြင်း၊ မျှတစွာ ကျင့်ခြင်း သုံးမျိုးဟူသည်- သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူ့ဥစ္စာကို ခိုးယူမှုမှ ရှောင်ကြဉ်ခြင်း၊ ကာမဂုဏ်တို့၌ ဖောက်ပြန်စွာ ကျင့်မှုမှ ရှောင်ကြဉ်ခြင်းတို့ဖြစ်၏။

'နှုတ်အားဖြင့် တရားသဖြင့် ကျင့်ခြင်း၊ မျှတစွာ ကျင့်ခြင်း လေးမျိုးဟူသည်- မုသားပြောခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကုန်းချောခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကြမ်းတမ်းသောစကားကို ဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ သိမ်ဖျင်းသော စကားကို ဆိုခြင်းမှ ရှောင်ကြဉ်ခြင်းတို့ ဖြစ်၏။

'စိတ်အားဖြင့် တရားသဖြင့် ကျင့်ခြင်း၊ မျှတစွာကျင့်ခြင်း သုံးမျိုးဟူသည်- သူတစ်ပါးပစ္စည်းကို မိမိသို့ ရှေ့ရှုမကြံခြင်း၊ သူတစ်ပါးကို မပျက်စီးစေလိုခြင်း၊ မဖောက်မပြန် မှန်ကန်ဖြောင့်မတ်သော အယူရှိခြင်းတို့ ဖြစ်၏။"

## တောင့်တတိုင်း ဖြစ်နိုင်၏

"သူကြွယ်တို့၊ တရားသဖြင့် မျှတစွာကျင့်သူသည် သေလွန်သောအခါ ချမ်းသာကြွယ်ဝသော မင်းမျိုး၌ ဖြစ်ရန် လိုလားတောင့်တခဲ့သော် တောင့်တသည့်အတိုင်း ဖြစ်နိုင်၏။ ပုဏ္ဏားမျိုး၊ သူကြွယ်မျိုးတို့၌ ဖြစ်ရန် တောင့်တလျှင်လည်း တောင့်တသည့်အတိုင်း ဖြစ်နိုင်၏။ နတ်ပြည်ဗြဟ္မာပြည်တို့၌ ဖြစ်ရန် တောင့်တလျှင်လည်း တောင့်တသည့်အတိုင်း ဖြစ်နိုင်၏။ အာသဝက္ခယဉာဏ်ကို မျက်မှောက်ပြုရန် တောင့်တလျှင်လည်း တောင့်တသည့်အတိုင်း ဖြစ်နိုင်ပေ၏"

ဗုဒ္ဓမြတ်စွာက ဤသို့ဟောကြားလေသော် သာလာရွာသား ပုဏ္ဏားသူကြွယ်တို့သည် ထိုဟောကြားချက်ကို လွန်စွာ နှစ်ခြိုက်ကြလေ၏။

www.dhammaransi.com

# ၄၂။ ဝေရဥ္စကသုတ်

## ဝေရဥ္စရွာသားများအား ဟောသောတရား

အခါတစ်ပါး၌ ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ အကြောင်းကိစ္စတစ်ခုဖြင့် သာဝတ္ထိပြည်သို့ ရောက်ရှိနေကြသော ဝေရဥ္စရွာသား ပုဏ္ဏား သူကြွယ်တို့သည် ဗုဒ္ဓထံ ချဉ်းကပ်၍ "အရှင်ဂေါတမ၊ ဤလောက၌ အချို့သူတို့သည် သေလွန်သောအခါ အပါယ်ငရဲသို့ကျ ရောက်ကြပြီး၊ အချို့သူတို့ကား သုဂတိနတ်ဘုံသို့ ရောက်ကြပါသည်။ ဤသို့လားရာဂတိ ကွဲပြားခြင်းမှာ အဘယ့်ကြောင့်ပါနည်း" ဟူ၍ မေးလျှောက်ကြလေသည်။ ယင်းသို့ မေးလျှောက်သောအခါ ဗုဒ္ဓမြတ်စွာက မတရားကျင့်ခြင်း၊ မမျှမတကျင့်ခြင်းကြောင့် အပါယ်ငရဲသို့ ကျရောက်ရခြင်းဖြစ်ပြီး၊ တရားသဖြင့် ကျင့်ခြင်း၊ မျှတစွာ ကျင့်ခြင်းကြောင့် သုဂတိဘုံသို့ ရောက်ရခြင်း ဖြစ်ကြောင်း ဖြေကြားပြီး ကိုယ်အားဖြင့် မတရားကျင့်ခြင်း သုံးမျိုး၊ နှုတ်အားဖြင့် မတရားကျင့်ခြင်း လေးမျိုး၊ စိတ်အားဖြင့် မတရားကျင့်ခြင်း သုံးမျိုးတို့ကို လည်းကောင်း၊ ကိုယ်အားဖြင့် တရားသဖြင့် ကျင့်ခြင်းသုံးမျိုး၊ နှုတ်အားဖြင့် တရားသဖြင့် ကျင့်ခြင်း လေးမျိုး၊ စိတ်အားဖြင့် တရားသဖြင့် ကျင့်ခြင်းသုံးမျိုးတို့ကို လည်းကောင်း အကျယ်ချဲ့၍ ဟောကြားတော်မူသည်။

ဝေရဥ္စရွာသား ပုဏ္ဏားသူကြွယ်တို့သည် ဗုဒ္ဓ၏ ဟောကြားချက်ကို လွန်စွာနှစ်ခြိုက်ကြသဖြင့် ဥပါသကာ၏အဖြစ်ကို ခံယူသွားကြလေသည်။

[အကျယ်ဟောကြားချက်မှာ သာလေယျကသုတ်နှင့် ထပ်တူဖြစ်ပါသည်]

www.dhammaransi.com

# ၄၃။ မဟာဝေဒလ္လသုတ်

## နှစ်သက်မှု အဆင့်ဆင့်ကို ဖြစ်ပေါ်စေသောတရား

### ပညာမဲ့နှင့် ပညာရှိ

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးစဉ် ရှင် မဟာကောဋ္ဌိကသည် ညနေစောင်းအချိန်တွင် ရှင်သာရိပုတ္တရာထံ ချဉ်းကပ်၍ ပြဿနာအချို့ကို မေးလျှောက်ရာ ရှင်သာရိပုတ္တရာကလည်း မေးသမျှပြဿနာတို့ကို ကောင်းစွာ ဖြေကြားတော်မူသည်။

"ငါ့ရှင်သာရိပုတ္တရာ၊ 'ပညာမဲ့သူ၊ ပညာမဲ့သူ' ဟု ဆိုရာတွင် အဘယ်မျှသော အတိုင်းအတာဖြင့် စင်စစ် ပညာမဲ့သူဟု ဆိုအပ်ပါသနည်း"

"ငါ့ရှင်ကောဋ္ဌိက၊ ကွဲကွဲပြားပြား မသိတတ်သောကြောင့် စင်စစ် ပညာမဲ့သူဟု ဆိုအပ်၏။ အဘယ်ကို ကွဲကွဲပြားပြား မသိသနည်းဆိုသော် 'ဤကား ဆင်းရဲတည်း၊ ဤကား ဆင်းရဲဖြစ်ကြောင်းတည်း၊ ဤကား ဆင်းရဲချုပ်ငြိမ်းရာတည်း၊ ဤကား ဆင်းရဲချုပ်ငြိမ်းရေး အကျင့်တည်း' ဟူ၍ ကွဲကွဲပြားပြား မသိခြင်းဖြစ်၏။"

"ငါ့ရှင်သာရိပုတ္တရာ၊ 'ပညာရှိ၊ ပညာရှိ ဟု ဆိုရာတွင် အဘယ်မျှသော အတိုင်းအတာအားဖြင့် စင်စစ် ပညာရှိဟု ဆိုအပ်ပါသနည်း"

"ငါ့ရှင်ကောဋ္ဌိက၊ ကွဲကွဲပြားပြား သိတတ်သောကြောင့် စင်စစ် ပညာရှိဟု ဆိုအပ်၏။ အဘယ်ကို ကွဲကွဲပြားပြား သိသနည်းဆိုသော် "ဤကား ဆင်းရဲတည်း၊ ဤကား ဆင်းရဲဖြစ်ကြောင်းတည်း၊ ဤကား ဆင်းရဲချုပ်ငြိမ်းရာတည်း၊

www.dhammaransi.com



ဤကား ဆင်းရဲချုပ်ငြိမ်းရေးအကျင့်တည်း' ဟူ၍ ကွဲကွဲပြားပြား သိတတ်ခြင်း ဖြစ်၏"

## ပညာနှင့် ဝိညာဏ်

"ငါ့ရှင်သာရိပုတ္တရာ၊ 'ဝိညာဏ်၊ ဝိညာဏ်' ဟု ဆိုရာတွင် အဘယ်မျှသော အတိုင်းအတာအားဖြင့် စင်စစ် ဝိညာဏ်ဟု ဆိုအပ်ပါသနည်း"

"ငါ့ရှင်ကောဋ္ဌိက၊ အထူးသိတတ်သောကြောင့် စင်စစ် ဝိညာဏ်ဟု ဆိုအပ်၏။ အဘယ်ကို အထူးသိသနည်းဆိုသော် ချမ်းသာကို လည်းကောင်း၊ ဆင်းရဲကို လည်းကောင်း၊ ချမ်းသာဆင်းရဲမဟုတ်သည်ကို လည်းကောင်း အထူးသိတတ်ခြင်း ဖြစ်၏"

"ငါ့ရှင်သာရိပုတ္တရာ၊ ဤပညာနှင့် ဝိညာဏ်နှစ်ပါးသည် ရောယှက်၍ နေကြပါသလော၊ သို့မဟုတ် ဤတရားနှစ်ပါးကို တစ်ခုစီ ခွဲခြား၍ ကွဲပြားခြားနားပုံကို ဖော်ပြနိုင်ပါသလော"

"ငါ့ရှင်ကောဋ္ဌိက၊ ဤပညာနှင့် ဝိညာဏ်နှစ်ပါးသည် ရောယှက်၍ နေ၏။ ဤတရားနှစ်ပါးကို တစ်ခုစီ ခွဲခြား၍ ကွဲပြားခြားနားပုံကို ဖော်ပြခြင်းငှာ မဟုတ်ကောင်း၊ အဘယ်ကြောင့်ဆိုသော်- ကွဲကွဲပြားပြား သိအပ်သော အရာကိုပင် အထူးသိ၍၊ အထူးသိအပ်သော အရာကိုပင် ကွဲကွဲပြားပြား သိခြင်းဖြစ်သောကြောင့် ပေတည်း"

"ငါ့ရှင်သာရိပုတ္တရာ၊ သို့ဖြစ်သော် ဤပညာနှင့် ဝိညာဏ်တို့၏ အထူးကား အဘယ်ပါသနည်း"

"ငါ့ရှင်ကောဋ္ဌိက၊ ပညာနှင့် ဝိညာဏ်နှစ်ပါးကိုတွင် ပညာကို ပွားများရာ၏၊ ဝိညာဏ်ကို ပိုင်းခြား၍ သိရာ၏။ ဤကား ယင်းနှစ်ပါးတို့၏ အထူးပင်တည်း"

## ဝေဒနာ၊ သညာ၊ ဝိညာဏ်

"ငါ့ရှင်သာရိပုတ္တရာ၊ 'ဝေဒနာ၊ ဝေဒနာ' ဟု ဆိုကြရာတွင် အဘယ်မျှသော အတိုင်းအတာအားဖြင့် စင်စစ် ဝေဒနာ ဟု ဆိုအပ်ပါသနည်း"

"ငါ့ရှင် ကောဋ္ဌိက၊ ခံစားတတ်သောကြောင့် စင်စစ်ဝေဒနာဟု ဆိုအပ်၏။ အဘယ်ကို ခံစားတတ်သနည်းဆိုသော် ချမ်းသာကို လည်းကောင်း၊ ဆင်းရဲကို လည်းကောင်း၊ ချမ်းသာဆင်းရဲ မဟုတ်သည်ကို လည်းကောင်း ခံစားတတ်ခြင်း ဖြစ်၏"

www.dhammaransi.com



"ငါ့ရှင်သာရိပုတ္တရာ၊ 'သညာ၊ သညာ' ဟု ဆိုကြရာတွင် အဘယ်မျှသော အတိုင်းအတာဖြင့် စင်စစ်သညာဟု ဆိုအပ်ပါသနည်း။"

"ငါ့ရှင်ကောဋ္ဌိက၊ မှတ်သားတတ်သောကြောင့် စင်စစ်သညာဟု ဆိုအပ်၏။ အဘယ်ကို မှတ်သားတတ်သနည်းဆိုသော်– အညို၊ အဝါ၊ အနီ၊ အဖြူ စသော အရာတို့ကို မှတ်သားတတ်ခြင်းဖြစ်၏။

"ငါ့ရှင်သာရိပုတ္တရာ၊ ဝေဒနာ၊ သညာနှင့် ဝိညာဏ်ဟူသော ဤတရားသုံးပါးတို့သည် ရောယှက်၍ နေကြပါသလော၊ သို့မဟုတ် ဤတရားသုံးပါးကို တစ်ခုစီ ခွဲခြား၍ ကွဲပြားခြားနားပုံကို ဖော်ပြနိုင်ပါသလော"

"ငါ့ရှင်ကောဋ္ဌိက၊ ဝေဒနာ၊ သညာနှင့် ဝိညာဏ်ဟူသော ဤတရားသုံးပါးတို့သည် ရောယှက်၍ နေကြကုန်၏။ ဤတရားသုံးပါးကို တစ်ခုစီခွဲခြား၍ ခြားနားပုံကို ဖော်ပြခြင်းငှာ မတတ်ကောင်း။ အဘယ့်ကြောင့်ဆိုသော် ခံစားအပ်သော အာရုံကို အထူးသိ၍၊ အထူးသိအပ်သော အာရုံကိုပင် မှတ်သားခြင်းဖြစ်သောကြောင့်ပေတည်း"

## မနောဝိညာဏ်

"ငါ့ရှင်သာရိပုတ္တရာ၊ ဣန္ဒြေငါးပါးတို့မှ ကင်းလွတ်၍ စင်ကြယ်သော မနောဝိညာဏ်ဖြင့် အဘယ်ကို သိနိုင်ပါသနည်း"

"ငါ့ရှင်ကောဋ္ဌိက၊ ဣန္ဒြေငါးပါးတို့မှ ကင်းလွတ်၍ စင်ကြယ်သော မနောဝိညာဏ်ဖြင့် အဆုံးမရှိသော ကောင်းကင်အာရုံကို သိနိုင်၏။ အဆုံးမရှိသော ဝိညာဏ်အာရုံကို သိနိုင်၏၊ ဘာမျှမရှိခြင်းကို သိနိုင်၏"

"ငါ့ရှင်သာရိပုတ္တရာ၊ ယင်းသို့ မနောဝိညာဏ်ဖြင့် သိအပ်သော အာရုံကိုမှု အဘယ်တရားဖြင့် ကွဲကွဲပြားပြား သိမြင်ပါသနည်း"

"ငါ့ရှင်ကောဋ္ဌိက၊ ယင်းသို့ မနောဝိညာဏ်ဖြင့် သိအပ်သော အာရုံကိုမှု ပညာမျက်စိဖြင့် ကွဲကွဲပြားပြား သိမြင်ပေ၏"

"ငါ့ရှင်သာရိပုတ္တရာ၊ ပညာကား အဘယ်အကျိုးရှိပါသနည်း"

"ငါ့ရှင်ကောဋ္ဌိက၊ ပညာသည် အထူးသိခြင်း၊ ပိုင်းခြားသိခြင်း၊ ကိလေသာကို စွန့်ပယ်ခြင်း အကျိုးရှိပေ၏"

www.dhammaransi.com

## သမ္မာဒိဋ္ဌိဖြစ်ရန် အကြောင်း

"ငါ့ရှင်သာရိပုတ္တရာ၊ သမ္မာဒိဋ္ဌိဖြစ်ရန် အကြောင်းတို့သည် မည်မျှ ရှိပါသနည်း"

"ငါ့ရှင်ကောဋ္ဌိက၊ သမ္မာဒိဋ္ဌိဖြစ်ရန် အကြောင်းတို့သည် သူတစ်ပါးထံမှ ပြောဆိုသံကို ကြားရခြင်း၊ သင့်တင့်စွာ နှလုံးသွင်းခြင်းဟူ၍ နှစ်ပါး ရှိ၏"

"ငါ့ရှင်သာရိပုတ္တရာ၊ အဘယ်မျှသော အကြောင်းတို့ဖြင့် ကူညီထောက်ပံ့အပ်သော သမ္မာဒိဋ္ဌိသည် စိတ်၏ လွတ်မြောက်မှု၊ ပညာ၏ လွတ်မြောက်မှုဟူသော အကျိုးကို ရရှိစေနိုင်ပါသနည်း"

"ငါ့ရှင်ကောဋ္ဌိက၊ သီလ၊ အကြားအမြင်၊ ဆွေးနွေးတိုင်ပင်ခြင်း၊ သမထ ဝိပဿနာဟူသော အကြောင်းငါးပါးဖြင့် ကူညီထောက်ပံ့အပ်သော သမ္မာဒိဋ္ဌိသည် စိတ်၏ လွတ်မြောက်မှု၊ ပညာ၏ လွတ်မြောက်မှုဟူသော အကျိုးကို ရရှိစေနိုင်၏"

## ဘဝသုံးပါး

"ငါ့ရှင်သာရိပုတ္တရာ၊ ဘဝ မည်မျှ ရှိပါသနည်း"

"ငါ့ရှင်ကောဋ္ဌိက၊ ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝဟူ၍ ဘဝသုံးပါးရှိ၏"

"ငါ့ရှင်သာရိပုတ္တရာ၊ အဘယ်သို့အားဖြင့် ဘဝတစ်ပါး၌ တစ်ဖန်ဖြစ်ပွားရပါသနည်း"

" ငါ့ရှင်ကောဋ္ဌိက၊ မသိမှု အဝိဇ္ဇာဖြင့် ပိတ်ဖုံး၍ တပ်မက်မှုဖြင့် ဖွဲ့နှောင်အပ်သော သတ္တဝါတို့၏ ထိုထိုအာရုံ၌ လွန်စွာ နှစ်သက်မှုကြောင့် ဘဝတစ်ပါး၌ တစ်ဖန်ဖြစ်ပွားရ၏"

"ငါ့ရှင်သာရိပုတ္တရာ၊ အဘယ်သို့အားဖြင့် ဘဝတစ်ပါး၌ တစ်ဖန် မဖြစ်ပွားရပါသနည်း"

"ငါ့ရှင်ကောဋ္ဌိက၊ မသိမှု အဝိဇ္ဇာ ကင်းကွာ၍ အသိဉာဏ်ဖြစ်ပေါ်လာပြီး တပ်မက်မှုချုပ်ငြိမ်းခြင်းကြောင့် ဘဝတစ်ပါး၌ တစ်ဖန် မဖြစ်ပွားရတော့ချေ"

## ပထမဈာန်ဟူသည်

"ငါ့ရှင်သာရိပုတ္တရာ၊ ပထမဈာန်ဟူသည် အဘယ်ပါနည်း"

"ငါ့ရှင်ကောဋ္ဌိက၊ ဤသာသနာ၌ ရဟန်းသည် ကာမဂုဏ်တို့မှ လည်းကောင်း၊ အကုသိုလ်တရားတို့မှ လည်းကောင်း ကင်းဆိတ်၍ ကြံစည်ခြင်း၊ သုံ

www.dhammaransi.com



သပ်ခြင်းတို့နှင့်တကွ ဖြစ်ပြီး ကင်းဆိတ်မှုကြောင့် ဖြစ်သည့် နှစ်သိမ့်ချမ်းသာမှု ရှိသော ပထမဈာန်ကို ဝင်စား၍ နေ၏။ ဤသည်ကို ပထမဈာန်ဟု ဆိုအပ်၏။"

"ငါ့ရှင်သာရိပုတ္တရာ၊ ပထမဈာန်သည် အင်္ဂါမည်မျှ ရှိပါသနည်း"

"ငါ့ရှင်ကောဋ္ဌိက၊ ပထမဈာန်ကို ဝင်စားသော ရဟန်းအား ကြံစည်ခြင်း၊ ဆင်ခြင်သုံးသပ်ခြင်း၊ နှစ်သိမ့်ခြင်း၊ ချမ်းသာခြင်း၊ စိတ်တည်ကြည်ခြင်းတို့သည် ဖြစ်ကုန်၏။ ဤသို့အားဖြင့် ပထမဈာန်သည် အင်္ဂါငါးပါး ရှိ၏"

"ငါ့ရှင်သာရိပုတ္တရာ၊ ပထမဈာန်သည် မည်မျှသော အင်္ဂါတို့မှ ကင်းကွာ၍ မည်မျှသော အင်္ဂါတို့နှင့် ပြည့်စုံပါသနည်း"

"ငါ့ရှင်ကောဋ္ဌိက၊ ဤသာသနာ၌ ပထမဈာန်ကို ဝင်စားသော ရဟန်းအား သူတစ်ပါး ပစ္စည်းကို မိမိသို့ ရှေ့ရှု ကြံခြင်း၊ သူတစ်ပါးကို ပျက်စီးစေလိုခြင်း၊ ထိုင်းမှိုင်းခြင်း၊ ပျံ့လွင့်ပူပန်ခြင်း၊ တွေးတောယုံမှားခြင်းတို့သည် ကင်းကွာကုန်၏။ ကြံစည်ခြင်း၊ သုံးသပ်ဆင်ခြင်ခြင်း၊ နှစ်သိမ့်ခြင်း၊ ချမ်းသာခြင်း၊ စိတ်တည်ကြည်ခြင်းတို့သည် ဖြစ်ပေါ်ကုန်၏။ ဤသို့အားဖြင့် ပထမဈာန်သည် အင်္ဂါငါးပါးတို့မှ ကင်းကွာ၍ ငါးပါးတို့နှင့် ပြည့်စုံ၏။"

## ဣန္ဒြေငါးပါး

"ငါ့ရှင်သာရိပုတ္တရာ၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ဟူသော ဤ ဣန္ဒြေငါးပါးတို့သည် ကျက်စားရာအာရုံ တစ်သီးတခြားစီ ရှိကြပါသည်။ တစ်ပါးသည် တစ်ပါး၏ အာရုံကို မခံစားကြပါ။ ဤသို့ အာရုံသီးခြားစီ ရှိကြသော ဣန္ဒြေငါးပါးတို့၏ မှီရာကား အဘယ်ပါနည်း။ အဘယ်တရားသည် ယင်းတို့၏ အာရုံကို ခံစားပါသနည်း"

"ငါ့ရှင်ကောဋ္ဌိက၊ အာရုံသီးခြားစီ ရှိကြသော ဣန္ဒြေငါးပါးတို့၏ မှီရာကား စိတ်ဖြစ်၏။ စိတ်သည် ယင်းတို့၏ အာရုံကို ခံစား၏။"

"ငါ့ရှင်သာရိပုတ္တရာ၊ ထိုအာရုံငါးပါးတို့သည် အဘယ်ကို စွဲမှီ၍ တည်ကြပါသနည်း"

"ငါ့ရှင် ကောဋ္ဌိက၊ ထိုအာရုံငါးပါးတို့သည် အသက်ကို စွဲမှီ၍ တည်ကြကုန်၏"

"ငါ့ရှင်သာရိပုတ္တရာ၊ အသက်သည် အဘယ်ကို စွဲမှီ၍ တည်ပါသနည်း"

"ငါ့ရှင်ကောဋ္ဌိက၊ အသက်သည် ကိုယ်ငွေ့ကို စွဲမှီ၍ တည်၏"

www.dhammaransi.com



"ငါ့ရှင်သာရိပုတ္တရာ၊ ကိုယ်ငွေ့သည်ကား အဘယ်ကို စွဲမှီ၍ တည်ပါသနည်း"

"ငါ့ရှင်ကောဋ္ဌိက၊ ကိုယ်ငွေ့သည်လည်း အသက်ကိုပင် စွဲမှီ၍ တည်နေ၏"

"ငါ့ရှင်သာရိပုတ္တရာ၊ အသက်သည် ကိုယ်ငွေ့ကို စွဲမှီ၍ တည်၏ဟု ဆိုပြီး၊ တစ်ဖန် ကိုယ်ငွေ့သည်လည်း အသက်ကိုပင် စွဲမှီ၍ တည်၏ဟု ဆိုသော သင့်စကား၏ အနက်အဓိပ္ပာယ်ကို မည်သို့ မှတ်သားရပါမည်နည်း"

"ငါ့ရှင်ကောဋ္ဌိက၊ ဥပမာကား – ညှိထွန်းထားသော ဆီးမီး၏ မီးတောက်ကို စွဲ၍ အလင်းရောင်သည် ထင်ရှား၏။ အလင်းရောင်ကို စွဲ၍လည်း မီးတောက်သည် ထင်ရှား၏။ ထို့ အတူပင် အသက်သည် ကိုယ်ငွေ့ကို စွဲမှီ၍ တည်၏။ ကိုယ်ငွေ့သည်လည်း အသက်ကို စွဲမှီ၍ တည်၏"

"ငါ့ရှင်သာရိပုတ္တရာ၊ အသက်ကို ပြုပြင်တတ်သော 'အာယုသင်္ခါရ' တရားတို့သည် ခံစားတတ်သော တရားများ ဖြစ်ပါသလော။ သို့မဟုတ် အသက်ကို ပြုပြင်တတ်သော တရားတို့သည် တခြား၊ ခံစားတတ်သော တရားတို့သည် တခြား ဖြစ်ပါကုန်သလော"

"ငါ့ရှင်ကောဋ္ဌိက၊ အသက်ကို ပြုပြင်တတ်သော တရားတို့သည် ခံစားတတ်သော တရားများ မဟုတ်။ အကယ်၍ အသက်ကို ပြုပြင်တတ်သော တရားများတို့သည်ပင် ခံစားတတ်သော တရားများ ဖြစ်ခဲ့သော် သညာဝေဒနာတို့ ချုပ်ရာ နိရောဓသမာပတ်ကို ဝင်စားသော ရဟန်းအား သမာပတ်မှ ထခြင်းသည် မထင်ရှားရာ။ ထိုတရား နှစ်ပါးတို့သည် တခြားစီ ဖြစ်သောကြောင့်သာလျှင် နိရောဓသမာပတ်ကို ဝင်စားသောရဟန်းအား ထိုသမာပတ်မှ ထခြင်းသည် ထင်ရှားခြင်း ဖြစ်ပေ၏"

## ထင်းတုံးပမာ ကိုယ်ခန္ဓာ

"ငါ့ရှင်သာရိပုတ္တရာ၊ အဘယ်မျှသော တရားတို့က စွန့်ခွာသွားသောအခါ ဤ ကိုယ်ကောင်သည် စိတ်၊ စေတနာကင်းသော ထင်းတုံးကဲ့သို့ စွန့်ပစ်အပ်လျက် လဲလျောင်းနေရသနည်း"

"ငါ့ရှင်ကောဋ္ဌိက၊ အသက်၊ ကိုယ်ငွေ့၊ ဝိညာဏ်ဟူသော တရားသုံးပါးတို့ စွန့်ခွာသွားသောအခါ ဤ ကိုယ်ကောင်သည် စိတ်၊ စေတနာကင်းသော ထင်းတုံးကဲ့သို့ စွန့်ပစ်အပ်လျက် လဲလျောင်းနေရ၏"

www.dhammaransi.com



"ငါ့ရှင်သာရိပုတ္တရာ၊ သေလွန်သွားသူနှင့် နိရောဓသမာပတ်ဝင်စားနေသော ရဟန်း တို့သည် မည်သို့ ထူးခြားပါသနည်း"

"ငါ့ရှင်ကောဋ္ဌိက၊ သေလွန်သွားသူအား ကိုယ်ပြုပြင်မှု၊ နှုတ်ပြုပြင်မှု၊ စိတ်ပြုပြင်မှု တရားတို့သည် ချုပ်ငြိမ်းကုန်၏။ အသက်သည် ကုန်သွား၏။ ကိုယ်ငွေ့သည် ငြိမ်း၏။ မျက်စိ၊ နားစသော ဣန္ဒြေတို့သည် ပျက်စီးကုန်၏။ နိရောဓသမာပတ်ကို ဝင်စားနေသော ရဟန်းအား ကိုယ်ပြုပြင်မှု၊ နှုတ်ပြုပြင်မှု၊ စိတ်ပြုပြင်မှု တရားတို့သည် ချုပ်ငြိမ်းကုန်၏။ အသက်သည် မကုန်။ ကိုယ်ငွေ့သည် မငြိမ်း၊ မျက်စိ၊ နားစသော ဣန္ဒြေတို့သည် အထူးကြည်လင်ကုန်၏။ ဤကား သေလွန်သူနှင့် နိရောဓသမာပတ် ဝင်စားနေသူတို့၏ ထူးခြားပုံ ဖြစ်၏"

## စိတ်လွတ်လပ်မှု၏ အကြောင်းများ

"ငါ့ရှင်သာရိပုတ္တရာ၊ ချမ်းသာသည်လည်း မဟုတ်၊ ဆင်းရဲသည်လည်း မဟုတ်သော စိတ်လွတ်လပ်မှုသို့ ဆိုက်ရောက် ဝင်စားနိုင်ခြင်း၏ အကြောင်းတို့သည် မည်မျှ ရှိပါသနည်း"

"ငါ့ရှင်ကောဋ္ဌိက၊ ဤသာသနာ၌ ရဟန်းသည် ချမ်းသာခြင်း၊ ဆင်းရဲခြင်း နှစ်ပါးစုံကို ပယ်၍ ဝမ်းမြောက်ခြင်း၊ နှလုံးမသာယာခြင်းတို့မှာလည်း ရှေးဦးမဆွကပင် ကင်းကွာပြီး ဖြစ်ခြင်းကြောင့် ချမ်းသာခြင်း၊ ဆင်းရဲခြင်းကင်း၍ လျစ်လျူရှုမှုကြောင့် ဖြစ်သည့် သတိစင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်ကို ဝင်စား၍ နေ၏။ ငါ့ရှင်ကောဋ္ဌိက၊ ချမ်းသာသည်လည်း မဟုတ်၊ ဆင်းရဲသည်လည်း မဟုတ်သော စိတ်လွတ်လပ်မှုသို့ ဆိုက်ရောက် ဝင်စားနိုင်ခြင်း၏ အကြောင်းတို့သည် ဤလေးပါး တို့ပင် ဖြစ်၏"

"ငါ့ရှင်သာရိပုတ္တရာ၊ ကိလေသာအာရုံ နိမိတ်မရှိသော စိတ်လွတ်လပ်မှုသို့ ဆိုက်ရောက်ဝင်စားနိုင်ခြင်း၏ အကြောင်းတို့သည် မည်မျှရှိပါသနည်း"

"ငါ့ရှင်ကောဋ္ဌိက၊ ကိလေသာအာရုံနိမိတ်မရှိသော စိတ်လွတ်လပ်မှုသို့ ဆိုက်ရောက်ဝင်စားနိုင်ခြင်း၏ အကြောင်းတို့သည် ကိလေသာအာရုံနိမိတ်ဟူသမျှကို နှလုံးမသွင်းခြင်း၊ ကိလေသာ အာရုံနိမိတ်ကင်းသော ဓာတ်သဘောကို နှလုံးသွင်းခြင်း ဟူ၍ နှစ်ပါး ရှိပေ၏"

"ငါ့ရှင်သာရိပုတ္တရာ၊ ကိလေသာအာရုံနိမိတ် မရှိသော စိတ်လွတ်လပ်မှု တည်တံ့ရန် အကြောင်းတို့သည် မည်မျှ ရှိပါသနည်း"

www.dhammaransi.com



"ငါ့ရှင်ကောဋ္ဌိက၊ ကိလေသာအာရုံ နိမိတ်မရှိသော စိတ်လွတ်လပ်မှုတည်တံ့ရန် အကြောင်းတို့သည် ကိလေသာအာရုံ နိမိတ်ဟူသမျှကို နှလုံးမသွင်းခြင်း၊ ကိလေသာအာရုံ နိမိတ်ကင်းသော ဓာတ်သဘောကို နှလုံးသွင်းခြင်း၊ ရှေးမဆွကပင် အားထုတ်ပြင်ဆင်မှုရှိခြင်း ဟူ၍ သုံးပါးရှိပေ၏"

"ငါ့ရှင်သာရိပုတ္တရာ၊ ကိလေသာအာရုံနိမိတ် မရှိသော စိတ်လွတ်လပ်မှုမှ ထနိုင်ခြင်း၏အကြောင်းတို့သည် မည်မျှ ရှိပါသနည်း"

"ငါ့ရှင်ကောဋ္ဌိက၊ ကိလေသာအာရုံနိမိတ်မရှိသော စိတ်လွတ်လပ်မှုမှ ထနိုင်ခြင်း၏ အကြောင်းတို့သည် အာရုံနိမိတ်ဟူသမျှကို နှလုံးသွင်းခြင်း၊ အာရုံနိမိတ်ကင်းသော ဓာတ်သဘောကို နှလုံးမသွင်းခြင်းဟူ၍ နှစ်ပါးရှိ၏"

## စိတ်လွတ်လပ်မှု လေးမျိုး

"ငါ့ရှင်သာရိပုတ္တရာ၊ အတိုင်းအရှည်မရှိသော စိတ်၏ လွတ်လပ်မှု၊ ဘာမျှမရှိခြင်းကို အာရုံပြုသော စိတ်လွတ်လပ်မှု၊ ဆိတ်သုဉ်းသော စိတ်လွတ်လပ်မှု၊ အာရုံ နိမိတ်မရှိသော စိတ်လွတ်လပ်မှုတို့သည် အနက်လည်းထူး၊ သဒ္ဒါလည်းထူးပါကုန် သလော။ သို့မဟုတ် အနက်တူ၍ သဒ္ဒါမျှသာ ထူးပါကုန်သလော"

"ငါ့ရှင်ကောဋ္ဌိက၊ ဤ စိတ်လွတ်လပ်မှု လေးမျိုးတို့သည် အနက်လည်းထူး၊ သဒ္ဒါလည်း ထူး၏ဟု ဆိုနိုင်သော အကြောင်းလည်း ရှိ၏။ အနက်တူ၍ သဒ္ဒါမျှသာ ထူး၏ဟု ဆိုနိုင်သော အကြောင်းလည်း ရှိ၏"

"ငါ့ရှင်သာရိပုတ္တရာ၊ ထိုအကြောင်းကား အဘယ်သို့ပါနည်း"

"ငါ့ရှင်ကောဋ္ဌိက၊ ဤသာသနာ၌ ရဟန်းသည် ထက်၊ အောက်ဝန်းကျင် အရပ်မျက်နှာအားလုံး၌ရှိ သတ္တဝါဟူသမျှတို့ အပေါ်ဝယ် ကျယ်ပြောမြင့်မြတ် အကန့်အသတ်မရှိသော ရန်လို မုန်းထားခြင်း ကင်းသော မေတ္တာစိတ်ဖြင့် ဖြန့်လွှမ်း၍ နေ၏။ ထို့အတူ ကရုဏာစိတ်၊ မုဒိတာစိတ်၊ ဥပေက္ခာစိတ်တို့ဖြင့် ဖြန့်လွှမ်း၍ နေ၏။ ဤသို့နေခြင်းကို အတိုင်းအရှည်မရှိသော စိတ်၏ လွတ်လပ်မှုဟု ဆိုအပ်၏။

'ငါ့ရှင်ကောဋ္ဌိက၊ ဤသာသနာ၌ ရဟန်းသည် အချင်းခပ်သိမ်းအားဖြင့် အဆုံးမရှိသော ဝိညာဏ်အာရုံကို လွန်မြောက်၍ 'ဘာမှမရှိ' ဟု နှလုံးသွင်းသော သမာပတ်ကို ဝင်စား၍ နေ၏။ ဤသို့ နေခြင်းကို ဘာမျှ မရှိခြင်းကို အာရုံပြုသော စိတ်၏ လွတ်လပ်မှုဟု ဆို၏အပ်၏။

'ငါ့ရှင်ကောဋ္ဌိက၊ ဤသာသနာ၌ ရဟန်းသည် တော၊ တောင်၊ သစ်ပင်ရင်း၊ ဆိတ်ငြိမ်ရာအရပ်တစ်ခုခု၌ နေ၍ 'ဤစိတ်သည် အတ္တမှ လည်းကောင်း၊ အတ္တနှင့်

www.dhammaransi.com



စပ်သော အရာမှ လည်းကောင်း ဆိတ်သုဉ်း၏' ဟူ၍ ရှုဆင်ခြင်၏။ ဤသို့ ရှုဆင်ခြင်ခြင်းကို ဆိတ်သုဉ်းသော စိတ်၏ လွတ်လပ်မှုဟုဆိုအပ်၏။"

"ငါ့ရှင်ကောဋ္ဌိက၊ ဤသာသနာ၌ ရဟန်းသည် အာရုံနိမိတ် ဟူသမျှကို နှလုံးမသွင်းဘဲ အာရုံနိမိတ် မရှိသော စိတ်တည်ကြည်မှုကို ဝင်စားနေ၏။ ဤသို့ ဝင်စား၍ နေခြင်းကို အာရုံနိမိတ် မရှိသော စိတ်၏ လွတ်လပ်မှု ဟု ဆိုအပ်၏"

'ငါ့ရှင်ကောဋ္ဌိက၊ ဤလွတ်လပ်မှုလေးပါးတို့သည် အနက်လည်းထူး၊ သဒ္ဒါလည်း ထူးကုန်၏ဟု ဆိုနိုင်သော အကြောင်းကား ဤဆိုခဲ့ပြီးသော အကြောင်းများပင် ဖြစ်၏။"

'ငါ့ရှင်ကောဋ္ဌိက၊ တပ်စွန်းခြင်း၊ ပြစ်မှားခြင်း၊ တွေဝေခြင်းတို့သည် အတိုင်းအရှည်ကို ပြုတတ်သော တရားများ ဖြစ်၏၊ ကြောင့်ကြမှုများဖြစ်၏၊ အာရုံနိမိတ်ကိုပြုတတ်သော တရားများဖြစ်၏။ ရဟန္တာပုဂ္ဂိုလ်သည် ထိုတရားများကို အကြွင်းမဲ့ ပယ်စွန့်ပြီးသူ ဖြစ်၏။ စိတ်၏ လွတ်လပ်မှု ဟူသမျှတို့တွင် မပျက်စီးနိုင်သော စိတ်၏ လွတ်လပ်မှုသည် တပ်စွန်းခြင်း၊ ပြစ်မှားခြင်း၊ တွေဝေခြင်းတို့မှ ကင်းဆိတ်သည်ဖြစ်၍ အမြတ်ဆုံးဟု ဆိုအပ်၏။ ဤသို့သော အကြောင်းကို စွဲ၍ ဤလွတ်လပ်မှု လေးပါးတို့သည် အနက်တူ၍ သဒ္ဒါမျှသာ ထူး၏ဟု ဆိုနိုင်ခြင်း ဖြစ်ပေသည်"

ဤသို့ ရှင်သာရိပုတ္တရာက ဖြေကြားလေသော် ရှင်မဟာကောဋ္ဌိကသည် ထိုဖြေကြားချက်များကို လွန်စွာ နှစ်ခြိုက်ခဲ့လေသည်။

www.dhammaransi.com

# ၄၄။ စူဠဝေဒလ္လသုတ်

## နှစ်သက်မှုအဆင့်ဆင့်ကို ဖြစ်ပေါ်စေသောတရား

ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးစဉ် ဝိသာခ မည်သော ဥပါသကာသည် ဓမ္မဒိန္နာမည်သော ဘိက္ခုနီထံ ချဉ်းကပ်၍ ရိုသေစွာ ရှိခိုးပြီး တရားမေးခွန်းအချို့ကို မေးလျှောက်ရာ ဓမ္မဒိန္နာကလည်း ထိုမေးခွန်းများ ကို မဆိုင်းမတွ ဖြေကြားခဲ့လေသည်။

### သက္ကာယဟူသည်

"အရှင်မ၊ 'သက္ကာယ၊ သက္ကာယ' ဟု ပြောဆိုရာ၌ အဘယ်ကို သက္ကာယဟု မြတ်စွာဘုရားက ဟောကြားအပ်ပါသနည်း"

"ဒကာ ဝိသာခ၊ စွဲလမ်းအပ်သည့် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဟူသော ခန္ဓာငါးပါးကို သက္ကာယဟူ၍ မြတ်စွာဘုရားက ဟောကြားတော်မူအပ်ပေ၏"

"အရှင်မ 'သက္ကာယဖြစ်ကြောင်း၊ သက္ကာယဖြစ်ကြောင်း' ဟု ပြောဆိုကြရာ၌ အဘယ်ကို သက္ကာယဖြစ်ကြောင်း ဟူ၍ မြတ်စွာဘုရားက ဟောကြားအပ်ပါ သနည်း"

"ဒကာ ဝိသာခ၊ တစ်ဖန်ဘဝသစ်ကို ဖြစ်ပေါ်စေတတ်၍ နှစ်သက်စွဲငြိခြင်း နှင့် တကွဖြစ်ပြီး ထိုထိုအာရုံ၌ လွန်စွာ နှစ်သက်တတ်သော ဆာလောင်မှုကို သက္ကာယဖြစ်ကြောင်းဟူ၍ မြတ်စွာဘုရားက ဟောကြားအပ်ပေ၏။ ထိုဆာလောင်မှု

www.dhammaransi.com



သည် ကာမဂုဏ်၌ ဆာလောင်မှု၊ ဘဝ၌ ဆာလောင်မှု၊ ဘဝပြတ်ခြင်း၌ ဆာလောင်မှု ဟူ၍ သုံးမျိုး ရှိပေ၏"

"အရှင်မ၊ 'သက္ကာယချုပ်ငြိမ်းခြင်း၊ သက္ကာယချုပ်ငြိမ်းခြင်း' ဟူ၍ ပြောဆိုကြရာ၌ အဘယ်ကို သက္ကာယ ချုပ်ငြိမ်းခြင်းဟူ၍ မြတ်စွာဘုရား ဟောကြားအပ်ပါသနည်း"

"ဒကာ ဝိသာခ၊ ထိုဆာလောင်မှု တဏှာသုံးမျိုး၏ ပျက်ပြယ်ချုပ်ငြိမ်းခြင်း၊ ထိုတဏှာကို စွန့်ခွာခြင်း၊ ထိုတဏှာမှ လွတ်မြောက်ခြင်း၊ တွယ်တာမှု မရှိတော့ခြင်းကို သက္ကာယချုပ်ငြိမ်းခြင်း ဟူ၍ မြတ်စွာဘုရားက ဟောကြားအပ်ပေ၏"

"အရှင်မ၊ 'သက္ကာယချုပ်ငြိမ်းရေးအကျင့်၊ သက္ကာယချုပ်ငြိမ်းရေးအကျင့်' ဟု ပြောဆိုရာ၌ အဘယ်ကို သက္ကာယချုပ်ငြိမ်းရေးအကျင့်ဟူ၍ မြတ်စွာဘုရားက ဟောကြားအပ်ပါသနည်း"

"ဒကာ ဝိသာခ၊ မှန်စွာမြင်ခြင်း၊ မှန်စွာ ကြံခြင်းစသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည့် ဖြူစင်မြင့်မြတ်သော အရိယမဂ်ကို သက္ကာယချုပ်ငြိမ်းရေးအကျင့် ဟူ၍ မြတ်စွာဘုရားက ဟောကြားအပ်ပေ၏"

"အရှင်မ၊ စွဲလမ်းမှု ဥပါဒါန်သည်ပင် ဥပါဒါနက္ခန္ဓာငါးပါးဖြစ်ပါသလော။ သို့မဟုတ် ဥပါဒါန်ဟူသည် ဥပါဒါနက္ခန္ဓာငါးပါးမှ တစ်ပါး တခြားဖြစ်ပါသလော"

"ဒကာ ဝိသာခ၊ ဥပါဒါန်ဟူသည် ဥပါဒါနက္ခန္ဓာငါးပါးမဟုတ်၊ ဥပါဒါနက္ခန္ဓာငါးပါးမှ တစ်ပါးတခြားလည်း မဟုတ်။ စင်စစ်ကား ဥပါဒါနက္ခန္ဓာငါးပါးတို့၌ လိုချင်တပ်မက်မှုသည် ထိုခန္ဓာငါးပါးတို့၌ စွဲလမ်းမှု ဥပါဒါန်ပင် ဖြစ်ပေ၏"

"အရှင်မ၊ ထင်ရှားရှိသော ရုပ်နာမ်အပေါင်း၌ အတ္တ ဟု အမြင်မှားသော သက္ကာယဒိဋ္ဌိသည် မည်ကဲ့သို့ ဖြစ်ပေါ်လာပါသနည်း"

"ဒကာ ဝိသာခ၊ ဤလောက၌ သူတော်မြတ်တို့ကို မတွေ့မမြင်ရသည်ဖြစ်၍၊ ထိုသူတို့၏ တရား၌ လိမ္မာယဉ်ကျေးခြင်းမရှိဘဲ အကြားအမြင်နည်းသော ပုထုဇဉ်သည် ရုပ်ကို အတ္တဟု ရှု၏၊ အတ္တသည် ရုပ်ရှိသော တရားဖြစ်၏ ဟူ၍သော်လည်း ရှု၏၊ အတ္တ၌ ရုပ်သည် တည်၏ ဟူ၍လည်း ရှု၏။ ရုပ်၌ အတ္တသည် တည်၏ ဟူ၍သော်လည်း ရှု၏၊ ဝေဒနာစသည်တို့၌ ထိုနည်းတူ ရှု၏၊ ဒကာ ဝိသာခ၊ ဤသို့လျှင် ထင်ရှားရှိသော ရုပ်နာမ်အပေါင်း၌ အတ္တဟု ထင်မှားသော အတ္တဒိဋ္ဌိသည် ဖြစ်ပေါ်၏"

"အရှင်မ၊ ထိုသက္ကာယဒိဋ္ဌိသည် မည်သို့လျှင် မဖြစ်တော့ဘဲ ကင်းကွာသွားပါသနည်း"

www.dhammaransi.com



"ဒကာ ဝိသာခ၊ ဤလောက၌ သူတော်သူမြတ်တို့ကို တွေ့မြင်ရသည် ဖြစ်၍ ထိုသူတို့၏ တရား၌ လိမ္မာယဉ်ကျေးပြီး အကြားအမြင်နှင့်ပြည့်စုံသော အရိယာတပည့်သည် ရုပ်ကို အတ္တဟု မရှု၊ အတ္တသည် ရုပ်ရှိသော တရားဖြစ်၏ ဟုလည်း မရှု၊ အတ္တ၌ ရုပ်သည် တည်၏ဟုလည်း မရှု၊ ရုပ်၌ အတ္တသည် တည်၏ ဟုလည်း မရှု။ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့၌လည်း ထို့အတူပင် ဖြစ်၏။ ဒကာ ဝိသာခ၊ ဤသို့လျှင် သက္ကာယဒိဋ္ဌိသည် မဖြစ်ဘဲ ကင်းကွာသွားလေ၏"

## အရိယမဂ်ဟူသည်

"အရှင်မ၊ အင်္ဂါ၏ရှစ်ပါးနှင့်ပြည့်စုံသော အရိယမဂ်ဟူသည် အဘယ်ပါနည်း"

"ဒကာ ဝိသာခ၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အရိယမဂ်ဟူသည် မှန်စွာ မြင်ခြင်း၊ မှန်စွာ ကြံခြင်း၊ မှန်စွာ ပြောဆိုခြင်း၊ မှန်စွာ ပြုလုပ်ခြင်း၊ မှန်စွာ အသက် မွေးခြင်း၊ မှန်စွာ အားထုတ်ခြင်း၊ မှန်စွာ အောက်မေ့ခြင်း၊ မှန်စွာ စူးစိုက်ခြင်း ဟူသော ဤတရားရှစ်ပါးပင် ဖြစ်၏"

"အရှင်မ၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ထိုအရိယမဂ်သည် အကြောင်းတရားများ ပြုပြင်ဖန်တီးအပ်သော 'သင်္ခတ' တရားဖြစ်ပါသလော၊ သို့မဟုတ် အကြောင်းတရားများ ပြုပြင်ဖန်တီးခြင်း မပြုအပ်သော 'အသင်္ခတ' တရားဖြစ်ပါသလော"

"ဒကာ ဝိသာခ၊ အရိယမဂ်သည် 'သင်္ခတ' တရားဖြစ်ပေ၏"

"အရှင်မ၊ အရိယမဂ်ဖြင့် သီလ၊ သမာဓိ၊ ပညာဟူသော တရားအစုသုံးပါးကို သွင်းယူအပ်ပါသလော။ သို့မဟုတ် ထိုတရားအစုသုံးပါးဖြင့် အရိယမဂ်ကို သွင်းယူအပ်ပါသလော"

"ဒကာ ဝိသာခ၊ အရိယမဂ်ဖြင့် တရားအစုသုံးပါးကို သွင်း၍ မယူနိုင်။ တရားအစုသုံးပါးဖြင့်သာ အရိယမဂ်ကို သွင်းယူအပ်ပေ၏။

"ဒကာ ဝိသာခ၊ မှန်စွာ ပြောဆိုခြင်း၊ မှန်စွာ ပြုလုပ်ခြင်း၊ မှန်စွာ အသက်မွေး ခြင်း ဟူသော ဤတရားသုံးပါးကို သီလအစုဖြင့် သွင်းယူအပ်၏။

"မှန်စွာ အားထုတ်ခြင်း၊ မှန်စွာ အောက်မေ့ခြင်း၊ မှန်စွာ စူးစိုက်ခြင်းဟူသော ဤတရားသုံးပါးကို သမာဓိအစုဖြင့် သွင်းယူအပ်၏။

www.dhammaransi.com



'မှန်စွာ ကြံခြင်း၊ မှန်စွာ မြင်ခြင်းဟူသော တရားနှစ်ပါးကို ပညာအစုဖြင့် သွင်းယူအပ်၏"

## သမာဓိနှင့် သမာဓိနိမိတ်

"အရှင်မ၊ သမာဓိဟူသည် အဘယ်ပါနည်း၊ သမာဓိဖြစ်ကြောင်း နိမိတ်ဟူသည် အဘယ်ပါနည်း၊ သမာဓိ၏ အခြံအရံတို့ကား အဘယ်ပါနည်း၊ သမာဓိ ဖြစ်ပွားစေခြင်းဟူသည် အဘယ်ပါနည်း"

"ဒကာ ဝိသာခ၊ တစ်ဖို့တစ်စုတည်းဖြစ်ခြင်း၊ အာရုံတစ်ခုတည်းရှိခြင်းသည် သမာဓိမည်၏၊ သတိပဋ္ဌာန်လေးပါးတို့သည် သမာဓိဖြစ်ကြောင်း နိမိတ်မည်၏၊ သမ္မပ္ပဓာန်လေးပါးတို့သည် သမာဓိ၏ အခြံအရံများ ဖြစ်၏။ ထိုဝီရိယ သတိ သမာဓိတို့ကို မှီဝဲခြင်း၊ ဖြစ်ပွားစေခြင်း၊ ကြိမ်ဖန်များစွာ အလေ့အလာ ပြုခြင်းသည် သမာဓိကို ဖြစ်ပွားစေခြင်း မည်၏"

## သင်္ခါရသုံးပါး

"အရှင်မ၊ သင်္ခါရတို့သည် မည်မျှ ရှိပါသနည်း"

"ဒကာ ဝိသာခ၊ သင်္ခါရတို့သည် ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရ ဟူ၍ သုံးပါးရှိ၏"

"အရှင်မ၊ ကာယသင်္ခါရဟူသည် အဘယ်ပါနည်း။ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရ ဟူသည် အဘယ်ပါနည်း"

"ဒကာ ဝိသာခ၊ ဝင်သက်လေ ထွက်သက်လေတို့သည် ကာယသင်္ခါရ မည်၏။ ဝိတက်နှင့် ဝိစာရသည် ဝစီသင်္ခါရ မည်၏၊ သညာနှင့် ဝေဒနာသည် စိတ္တသင်္ခါရ မည်၏"

"အရှင်မ၊ ဝင်သက်ထွက်သက်လေတို့သည် အဘယ့်ကြောင့် ကာယသင်္ခါရ မည်ပါသနည်း၊ ဝိတက်နှင့် ဝိစာရသည် အဘယ်ကြောင့် ဝစီသင်္ခါရ မည်ပါသနည်း၊ သညာနှင့် ဝေဒနာသည် အဘယ့်ကြောင့် စိတ္တသင်္ခါရ မည်ပါသနည်း"

"ဒကာ ဝိသာခ၊ ဝင်သက်ထွက်သက်လေတို့သည် ကိုယ်၌ ဖြစ်၍ ကိုယ်နှင့် ဆက်စပ်နေသောကြောင့် ကာယသင်္ခါရ မည်၏။ ရှေးဦးစွာ ကြံစည်သုံးသပ်ပြီး နောက်မှသာ နှုတ်ဖြင့်စကားကို ပြောဆိုရခြင်းကြောင့် ဝိတက်နှင့် ဝိစာရသည် ဝစီသင်္ခါရ မည်၏။ သညာနှင့် ဝေဒနာကား စိတ်၌ မှီ၍ စိတ်နှင့် ဆက်စပ်နေသော ကြောင့် စိတ္တသင်္ခါရ မည်၏။

www.dhammaransi.com



## နိရောဓသမာပတ်

"အရှင်မ၊ အဘယ်သို့လျှင် သညာ ဝေဒနာတို့၏ ချုပ်ရာ နိရောဓသမာပတ်သို့ ရောက်ခြင်းသည် ဖြစ်ပါသနည်း"

"ဒကာ ဝိသာခ၊ နိရောဓသမာပတ်ကို ဝင်စားသော ရဟန်းအား 'ငါသည် နိရောဓသမာပတ်ကို ဝင်စားအံ့ ဟူ၍ လည်းကောင်း၊ 'ငါသည် နိရောဓသမာပတ်ကို ဝင်စားနေ၏' ဟူ၍ လည်းကောင်း၊ 'ငါသည် နိရောဓသမာပတ်ကို ဝင်စားခဲ့ပြီ' ဟူ၍လည်းကောင်း စိတ်အကြံမဖြစ်၊ စင်စစ်ကား ထိုရဟန်းသည် မဝင်စားမီ ရှေ့အဖို့၌ သညာဝေဒနာတို့၏ ချုပ်ငြိမ်းမှုသို့ ပို့ဆောင်ပေးနိုင်သော စိတ်ကို ပွားများခဲ့လေသည်"

"အရှင်မ၊ နိရောဓသမာပတ်ကို ဝင်စားသောရဟန်းအား သင်္ခါရသုံးပါးတို့တွင် အဘယ်သင်္ခါရသည် ရှေးဦးစွာ ချုပ်ပါသနည်း"

"ဒကာ ဝိသာခ၊ နိရောဓသမာပတ်ကို ဝင်စားသော ရဟန်းအား သင်္ခါရသုံးပါးတို့တွင် ဝစီသင်္ခါရသည် ရှေးဦးစွာ ချုပ်၏။ ထို့နောက် ကာယသင်္ခါရ၊ ထို့နောက် စိတ္တသင်္ခါရသည် ချုပ်၏"

"အရှင်မ၊ အဘယ်သို့လျှင် နိရောဓသမာပတ်မှ ထခြင်းသည် ဖြစ်ပါသနည်း"

"ဒကာ ဝိသာခ၊ နိရောဓသမာပတ်မှ ထသော ရဟန်းအား ငါသည် နိရောဓသမာပတ်မှ ထအံ့ဟူ၍ လည်းကောင်း၊ ငါသည် နိရောဓသမာပတ်မှ ထနေ၏ ဟူ၍ လည်းကောင်း၊ငါသည် နိရောဓသမာပတ်မှ ထခဲ့ပြီဟူ၍ လည်းကောင်း စိတ်အကြံ မဖြစ်။ စင်စစ်ကား ထိုရဟန်းသည် မဝင်စားမီ ရှေ့အဖို့ကပင်လျှင် ရည်ရွယ်မှန်းထားသည့်အတိုင်း သမာပတ်မှ ထနိုင်ရန် စိတ်ကို ပွားများခဲ့လေသည်"

"အရှင်မ၊ နိရောဓသမာပတ်မှ ထသောရဟန်းအား သင်္ခါရသုံးပါးတို့တွင် အဘယ်သင်္ခါရသည် ရှေးဦးစွာ ဖြစ်ပါသနည်း"

"ဒကာ ဝိသာခ၊ နိရောဓသမာပတ်မှ ထသော ရဟန်းအား သင်္ခါရသုံးပါးတို့တွင် စိတ္တသင်္ခါရသည် ရှေးဦးစွာ ဖြစ်၏။ ထို့နောက် ကာယသင်္ခါရ၊ ထို့နောက် ဝစီသင်္ခါရသည် ဖြစ်၏"

"အရှင်မ၊ နိရောဓသမာပတ်မှ ထသောရဟန်းကို အဘယ်မျှသော ဖဿတို့သည် တွေ့ထိပါကုန်သနည်း"

www.dhammaransi.com



"ဒကာ ဝိသာခ၊ နိရောဓသမာပတ်မှ ထသောရဟန်းကို ကိလေသာ ဆိတ်သုဉ်းသော သုညတဖဿ၊ ကိလေသာ နိမိတ်ပုံ မရှိသော အနိမိတ္တဖဿ၊ ကိလေသာ တောင့်တမှု မရှိသော အပ္ပဏိဟိတဖဿအားဖြင့် သုံးပါးသော ဖဿတို့သည် တွေ့ထိကုန်၏"

"အရှင်မ၊ နိရောဓသမာပတ်မှထသောရဟန်း၏ စိတ်သည် မည်သည့်အာရုံသို့ ညွတ်ယိမ်း ကိုင်းရှိုင်းပါသနည်း"

"ဒကာ ဝိသာခ၊ နိရောဓသမာပတ်မှ ထသောရဟန်း၏ စိတ်သည် ကိလေသာ ဆိတ်သုဉ်းရာ နိဗ္ဗာန်သို့ ညွတ်ယိမ်း ကိုင်းရှိုင်း၏"

## ဝေဒနာသုံးပါး

"အရှင်မ၊ ဝေဒနာ ဘယ်နှစ်ပါး ရှိပါသနည်း"

"ဒကာ ဝိသာခ၊ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခဝေဒနာဟူ၍ ဝေဒနာသုံးပါး ရှိ၏"

"အရှင်မ၊ သုခဝေဒနာဟူသည် အဘယ်ပါနည်း၊ ဒုက္ခဝေဒနာဟူသည် အဘယ်ပါနည်း၊ အဒုက္ခမသုခဝေဒနာဟူသည် အဘယ်ပါနည်း"

"ဒကာ ဝိသာခ၊ ကိုယ်စိတ်ထဲ၌ ဖြစ်သော သာယာဖွယ်ခံစားမှုသည် သုခဝေဒနာမည်၏၊ ကိုယ်စိတ်ထဲ၌ ဖြစ်သော မသာယာဖွယ်ခံစားမှုသည် ဒုက္ခဝေဒနာမည်၏။ ကိုယ်စိတ်ထဲ၌ ဖြစ်သော သာယာဖွယ်လည်း မဟုတ်၊ မသာယာဖွယ်လည်း မဟုတ်သော ခံစားမှုသည် အဒုက္ခမသုခဝေဒနာမည်၏"

"အရှင်မ၊ သုခဝေဒနာ၌ မည်သို့သော ချမ်းသာမှု၊ မည်သို့သော ဆင်းရဲမှု ရှိပါသနည်း။ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခဝေဒနာတို့၌လည်း မည်သို့သော ချမ်းသာမှု၊ မည်သို့သော ဆင်းရဲမှုများ ရှိပါသနည်း"

"ဒကာ ဝိသာခ၊ သုခဝေဒနာ၌ တည်ရှိနေခြင်းဟူသော ချမ်းသာမှု ရှိ၏။ ဖောက်ပြန်ပြောင်းလဲသွားခြင်းဟူသော ဆင်းရဲမှု ရှိ၏။ ဒုက္ခဝေဒနာ၌ တည်ရှိနေခြင်းဟူသော ဆင်းရဲမှုရှိ၏။ ဖောက်ပြန်ပြောင်းလဲသွားခြင်း ဟူသော ချမ်းသာမှုရှိ၏။ အဒုက္ခမသုခဝေဒနာ၌ သိခြင်းဟူသော ချမ်းသာမှုရှိ၏၊ မသိခြင်းဟူသော ဆင်းရဲမှု ရှိ၏"

## ဝေဒနာသုံးပါး၌ အနုသယကိန်းပုံ

"အရှင်မ၊ သုခဝေဒနာ၌ ဘယ်အနုသယ ကိန်းပါသနည်း၊ ဒုက္ခဝေဒနာ၊ အဒုက္ခဝေဒနာတို့၌လည်း ဘယ်အနုသယများ ကိန်းပါသနည်း"

www.dhammaransi.com



"ဒကာ ဝိသာခ၊ သုခဝေဒနာ၌ ရာဂအနုသယကိန်း၏၊ ဒုက္ခဝေဒနာ၌ ပဋိဃအနုသယကိန်း၏၊ အဒုက္ခမသုခဝေဒနာ၌ အဝိဇ္ဇာအနုသယကိန်း၏"

"အရှင်မ၊ အလုံးစုံသော သုခဝေဒနာ၌ ရာဂအနုသယကိန်းပါသလော၊ အလုံးစုံသော ဒုက္ခဝေဒနာ၌ ပဋိဃအနုသယကိန်းပါသလော၊ အလုံးစုံသော အဒုက္ခမသုခဝေဒနာ၌ အဝိဇ္ဇာအနုသယကိန်းပါသလော"

"ဒကာ ဝိသာခ၊ အလုံးစုံသော သုခဝေဒနာ၌ ရာဂအနုသယကိန်းသည် မဟုတ်၊ အလုံးစုံသော ဒုက္ခဝေဒနာ၌ ပဋိဃအနုသယကိန်းသည် မဟုတ်၊ အလုံးစုံသော အဒုက္ခမသုခဝေဒနာ၌လည်း အဝိဇ္ဇာအနုသယကိန်းသည် မဟုတ်ပေ"

## ဝေဒနာသုံးပါး၌ အနုသယကိုပယ်ပုံ

"အရှင်မ၊ သုခဝေဒနာ၌ ဘယ်အနုသယကို ပယ်အပ်ပါသနည်း၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခဝေဒနာတို့၌လည်း ဘယ်အနုသယများကို ပယ်အပ်ပါကုန်သနည်း"

"ဒကာ ဝိသာခ၊ သုခဝေဒနာ၌ ရာဂအနုသယကို ပယ်အပ်၏။ ဒုက္ခဝေဒနာ၌ ပဋိဃအနုသယကို ပယ်အပ်၏။ အဒုက္ခမသုခဝေဒနာ၌ အဝိဇ္ဇာအနုသယကို ပယ်အပ်၏"

"အရှင်မ၊ အလုံးစုံသော သုခဝေဒနာ၌ ရာဂအနုသယကို ပယ်အပ်ပါသလော။ အလုံးစုံသော ဒုက္ခဝေဒနာ၌ ပဋိဃအနုသယကို ပယ်အပ်ပါသလော။ အလုံးစုံသော အဒုက္ခမသုခ ဝေဒနာ၌ အဝိဇ္ဇာအနုသယကို ပယ်အပ်ပါသလော"

"ဒကာ ဝိသာခ၊ အလုံးစုံသော သုခဝေဒနာ၌ ရာဂအနုသယကို ပယ်အပ်သည် မဟုတ်။ အလုံးစုံသော ဒုက္ခဝေဒနာ၌ ပဋိဃာနုသယကို ပယ်အပ်သည် မဟုတ်။ အလုံးစုံသော အဒုက္ခမသုခဝေဒနာ၌လည်း အဝိဇ္ဇာအနုသယကို ပယ်အပ်သည် မဟုတ်ပေ"

"ဒကာ ဝိသာခ၊ ဤသာသနာ၌ ရဟန်းသည် ကာမဂုဏ်တို့မှ လည်းကောင်း၊ အကုသိုလ်တို့မှ လည်းကောင်း ကင်းဆိတ်၍ ကြံစည်ခြင်းသုံးသပ်ခြင်းတို့နှင့်တကွ ဖြစ်ပြီး၊ ကင်းဆိတ်မှုကြောင့် ဖြစ်သည့် နှစ်သိမ့်ချမ်းသာခြင်း ရှိသော ပထမဈာန်ကို ဝင်စား၍ နေ၏။ ထိုပထမဈာန်ဖြင့် ရာဂအနုသယကို ခွန့်ပယ်၏။ ထိုပထမဈာန်၌ ရာဂအနုသယသည် မကိန်းပေ။"

"ဒကာ ဝိသာခ၊ ဤသာသနာ၌ ရဟန်းသည် 'ငါကား ဘယ်အခါဝယ် အရိယာတို့ ရရောက်အပ်သော တရားမြတ်ကို ရရောက်၍ နေနိုင်ပါအံ့နည်း'

www.dhammaransi.com



ဟူ၍ ဆင်ခြင် တောင့်တ၏။ ဤသို့ မြတ်သော လွတ်မြောက်ရေးတရားတို့၌ တောင့်တမှုကို ဖြစ်စေသော ရဟန်းအား ထိုတောင့်တမှုဟူသော အကြောင်းကြောင့် နှလုံးမသာယာခြင်း ဒေါမနဿသည် ဖြစ်၏။ ထိုဒေါမနဿဖြင့် ပဋိဃအနုသယကို စွန့်ပယ်၏။ ထို ဒေါမနဿ၌ ပဋိဃာနုသယသည် မကိန်းပေ။

"ဒကာ ဝိသာခ၊ ဤသာသနာ၌ ရဟန်းသည် ချမ်းသာခြင်း၊ ဆင်းရဲခြင်းကိုကို ပယ်၍ ဝမ်းသာခြင်း ဝမ်းနည်းခြင်းတို့မှာလည်း ရှေးမဆွကပင် ကင်းကွာပြီး ဖြစ်ခြင်းကြောင့် ချမ်းသာဆင်းရဲကင်း၍ လျစ်လျူရှုမှုကြောင့် ဖြစ်သည့် သတိစင်ကြယ်ခြင်း ရှိသော စတုတ္ထဈာန်ကို ဝင်စား၍ နေ၏။ ထိုစတုတ္ထဈာန်ဖြင့် အဝိဇ္ဇာအနုသယကို ပယ်၏၊ ထိုစတုတ္ထဈာန်၌ အဝိဇ္ဇာအနုသယသည် မကိန်းပေ"

## ပံ့တူတရား

"အရှင်မ၊ သုခဝေဒနာ၏ ပံ့တူတရားကား အဘယ်ပါနည်း"

"ဒကာ ဝိသာခ၊ သုခဝေဒနာ၏ ပံ့တူတရားကား ဒုက္ခဝေဒနာဖြစ်၏"

"အရှင်မ၊ ဒုက္ခဝေဒနာ၏ ပံ့တူတရားကား အဘယ်ပါနည်း"

"ဒကာ ဝိသာခ၊ ဒုက္ခ ဝေဒနာ၏ ပံ့တူတရားကား သုခ ဝေဒနာဖြစ်၏"

"အရှင်မ၊ အဒုက္ခမသုခ ဝေဒနာ၏ ပံ့တူတရားကား အဘယ်ပါနည်း"

"ဒကာ ဝိသာခ၊ အဒုက္ခမသုခ ဝေဒနာ၏ ပံ့တူတရားကား အဝိဇ္ဇာဖြစ်၏"

"အရှင်မ၊ အဝိဇ္ဇာ၏ ပံ့တူတရားကား အဘယ်ပါနည်း"

"ဒကာ ဝိသာခ၊ အဝိဇ္ဇာ၏ ပံ့တူတရားကား ဝိဇ္ဇာဉာဏ်ဖြစ်၏"

"အရှင်မ၊ ဝိဇ္ဇာဉာဏ်၏ ပံ့တူတရားကား အဘယ်ပါနည်း"

"ဒကာ ဝိသာခ၊ ဝိဇ္ဇာဉာဏ်၏ ပံ့တူတရာကား ဝိမုတ္တိဖြစ်၏"

"အရှင်မ၊ ဝိမုတ္တိ၏ ပံ့တူတရားကား အဘယ်ပါနည်း"

"ဒကာ ဝိသာခ၊ ဝိမုတ္တိ၏ ပံ့တူတရားကား နိဗ္ဗာန်ဖြစ်၏"

"အရှင်မ၊ နိဗ္ဗာန်၏ ပံ့တူတရားကား အဘယ်ပါနည်း"

"ဒကာ ဝိသာခ၊ သင်ကား မေးသင့် မေးထိုက်သော ပြဿနာကို ကျော်လွန်ခဲ့ပြီ၊ ပြဿနာကို အဆုံးမသတ်နိုင်ဘဲ ရှိချေပြီ။ အဘယ့်ကြောင့် ဆိုသော် အကျင့်မြတ်သည် နိဗ္ဗာန်သို့သာ သက်ဝင်၍ နိဗ္ဗာန်သာလျှင် အဆုံးသတ်ရှိသောကြောင့် ဖြစ်ပေ၏"

www.dhammaransi.com



## ဗုဒ္ဓမြတ်စွာက ထောက်ခံခြင်း

ဓမ္မဒိန္နာဘိက္ခုနီမသည် ဝိသာခ ဥပါသကာ၏ မေးခွန်းများကို အထက်ပါအတိုင်း ဖြေကြားပြီး ထိုပြဿနာများကို ဗုဒ္ဓမြတ်စွာအားလည်း ထပ်မံမေးလျှောက်လိုက မေးလျှောက်ရန် ညွှန်ကြား၏။ ဝိသာခသည် ဓမ္မဒိန္နာအား ရိုသေစွာ ရှိခိုး၍ နေရာမှ ထခဲ့ပြီး ဗုဒ္ဓထံ ချဉ်းကပ်လေသည်။ ဓမ္မဒိန္နာအား မိမိပြဿနာမေးခဲ့ပုံနှင့် ဓမ္မဒိန္နာက ဖြေကြားလိုက်ပုံကိုလည်း အစအဆုံး လျှောက်တင်လေသည်။ ထိုအခါ ဗုဒ္ဓက 'ဒကာ ဝိသာခ၊ ဓမ္မဒိန္နာသည် ပညာရှိ၏။ ထိုပြဿနာများကို ငါ ဘုရားအား မေးလျှောက်လျှင်လည်း ထိုနည်းအတိုင်းပင် ဖြေကြားပေရာ၏" ဟူ၍ ထောက်ခံမိန့်ကြားတော်မူရာ၊ ဝိသာခ ဥပါသကာသည် လွန်စွာ ကျေနပ်နှစ်သက်သွားလေတော့သည်။

[ဝိသာခ ဥပါသကာသည် အနာဂါမ်ဖြစ်၏၊ ဓမ္မဒိန္နာကား ဝိသာခ၏ ဇနီး အဖြစ်မှ ဘိက္ခုနီပြု၍ တရားအားထုတ်ရာ ရဟန္တာဖြစ်သွား၏၊ တရားအားထုတ်ရာမှ ပြန်လာသော ဓမ္မဒိန္နာအား တရားရ မရ စုံစမ်းလိုသဖြင့် ဝိသာခက ဤသုတ်ပါ ပြဿနာတို့ကို မေးမြန်းခြင်း ဖြစ်လေသည်။]

www.dhammaransi.com

# ၄၅။ စူဠဓမ္မသမာဒါနသုတ်

## တရားဆောက်တည်ခြင်း လေးမျိုးကို အကျဉ်းဟောခြင်း

ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတို့အား ဤသုတ်ကို ဟောကြားတော်မူသည်။

### တရားဆောက်တည်ခြင်း လေးမျိုး

"ရဟန်းတို့၊ တရားဆောက်တည်ခြင်းသည် လေးမျိုးရှိ၏။ ယင်းလေးမျိုးကား

'ပစ္စုပ္ပန်၌ ချမ်းသာ၍ တမလွန်၌ ဆင်းရဲကျိုးခံစားရသော တရားဆောက်တည်ခြင်း-

'ပစ္စုပ္ပန်၌ ဆင်းရဲ၍ တမလွန်၌လည်း ဆင်းရဲကျိုးခံစားရသော တရားဆောက်တည်ခြင်း-

'ပစ္စုပ္ပန်၌ ဆင်းရဲ၍ တမလွန်၌ ချမ်းသာကျိုး ခံစားရသော တရားဆောက်တည်ခြင်း-

'ပစ္စုပ္ပန်၌ ချမ်းသာ၍ တမလွန်၌လည်း ချမ်းသာကျိုးကို ခံစားရသော တရား ဆောက်တည်ခြင်းတို့ ဖြစ်၏"

### ပစ္စုပ္ပန်ချမ်းသာ တမလွန်ဆင်းရဲ

"ရဟန်းတို့၊ ဤလောက၌ ကာမဂုဏ်ခံစားခြင်းသည် အပြစ်မရှိဟု စွဲယူသော ရဟန်းပုဏ္ဏားများ ရှိ၏။ ၎င်းတို့သည် ဆံထုံးထုံးသော ပရိဗိုဇ်မတို့နှင့်

www.dhammaransi.com



ပျော်ပါးလျက် ကာမဂုဏ်ကို ခံစားနေကြကုန်၏။ သေလွန်သောအခါ၌ကား အပါယ်ငရဲသို့ ကျရောက်၍ ခါးသီးသော ဆင်းရဲကို ခံစားကြရကုန်၏။ ယင်းကို ပစ္စုပ္ပန်၌ ချမ်းသာ၍ တမလွန်၌ ဆင်းရဲကျိုးခံစားရသော တရားဆောက်တည်ခြင်း ဟု ဆိုအပ်၏။"

## ပစ္စုပ္ပန်ရော တမလွန်ပါ ဆင်းရဲ

"ရဟန်းတို့၊ ဤလောက၌ အချို့သူသည် အဝတ်မဝတ်ခြင်း၊ ကျင်ကြီး ကျင်ငယ်ကို စားခြင်း၊ ကြွပါ၊ ရပ်ပါဟု ဆိုသူ၏ ဆွမ်းကို မခံခြင်း၊ ရက်ခြား ဆွမ်းကို စားခြင်း၊ ဟင်းရွက်စိမ်း၊ ပြောင်းဆန်၊ ကျိတ်သီးဆန်စသည်ကို စားခြင်း၊ ပိုက်ဆံလျှော် အဝတ်၊ သစ်ခေါက်အဝတ် စသည်ကိုသာ ဝတ်ခြင်း၊ ဆူးပေါ်၌ အိပ်ခြင်း၊ မြေကြီးပေါ်၌ အိပ်ခြင်း၊ တစ်နေ့သုံးကြိမ် ရေထဲသို့ ဆင်းခြင်း အစရှိသော အကျိုးမဲ့ ကိုယ်ပင်ပန်းကြောင်း အကျင့်တို့ကို ကျင့်၏။ ထိုသူသည် သေလွန်သောအခါ ချမ်းသာကင်းသော အပါယ်ငရဲသို့ ကျရောက်လေ၏။ ယင်းကို ပစ္စုပ္ပန်၌ ဆင်းရဲ၍ တမလွန်၌လည်း ဆင်းရဲကျိုး ခံစားရသော တရားဆောက် တည်ခြင်းဟု ဆိုအပ်၏။"

## ပစ္စုပ္ပန်ဆင်းရဲ တမလွန်ချမ်းသာ

"ရဟန်းတို့၊ ဤလောက၌ အချို့သူသည် ပင်ကိုအားဖြင့် ရာဂ၊ ဒေါသ၊ မောဟအားကြီးလျက် ယင်းတို့ကြောင့် ဖြစ်သော ကိုယ်စိတ်ဆင်းရဲခြင်းကို အမြဲ မပြတ် ခံစားကာ မျက်ရည်စက်လက်ဖြင့် ငိုကြွေးနေရသော်လည်း မြတ်သောရဟန်း အကျင့်ကိုမူ ပြည့်စုံစင်ကြယ်အောင် ကျင့်၏။ ထိုသူသည် သေလွန်သောအခါ သုဂတိနတ်ပြည်သို့ ရောက်ရ၏။ ယင်းကို ပစ္စုပ္ပန်၌ ဆင်းရဲ၍ တမလွန်၌ ချမ်း သာကျိုးကို ခံစားရသော တရားဆောက်တည်ခြင်းဟု ဆိုအပ်၏။"

## ပစ္စုပ္ပန်ရော တမလွန်ပါချမ်းသာ

"ရဟန်းတို့၊ ဤလောက၌ ပင်ကိုအားဖြင့် ရာဂ၊ ဒေါသ၀၊ မောဟအား ကြီးသူ မဟုတ်၍ ယင်းတို့ကြောင့် ဖြစ်သော ကိုယ်စိတ်ဆင်းရဲခြင်းကို အမြဲမပြတ် ခံစားခြင်းမရှိသူသည် ကာမဂုဏ် အကုသိုလ်တို့မှ ကင်းဆိတ်မှုကြောင့် ဖြစ်သည့် နှစ်သိမ့်ချမ်းသာခြင်း ရှိသော ပဌမဈာန်ကို လည်းကောင်း၊ ထိုမှတစ်ဆင့် ဒုတိယ

www.dhammaransi.com



ချာန်၊ တတိယဈာန်၊ စတုတ္ထဈာန်တို့ကို လည်းကောင်း ရရောက်၍ နေ၏။ ထိုသူသည် သေလွန်သောအခါ သုဂတိနတ်ပြည်သို့ ရောက်ရ၏။ ယင်းကို ပစ္စုပ္ပန်၌ ချမ်းသာ၍ တမလွန်၌လည်း ချမ်းသာကျိုး ခံစားရသော တရားဆောက်တည်ခြင်းဟု ဆိုအပ်၏"

ဤသို့ ဗုဒ္ဓမြတ်စွာက ဟောကြားလေသော် ရဟန်းတို့သည် ထိုဟောကြားချက်ကို လွန်စွာ နှစ်ခြိုက်ကြလေသည်။

www.dhammaransi.com

# ၄၆။ မဟာဓမ္မသမာဒါနသုတ်

## တရားဆောက်တည်ခြင်း လေးမျိုးကို အကျယ်ဟောခြင်း

ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတို့အား ဤသုတ်ကို ဟောကြားတော်မူသည်။

### တောင့်တတိုင်း မဖြစ်

"ရဟန်းတို့၊ သတ္တဝါတို့သည် များသောအားဖြင့် မနှစ်သက်ဖွယ်တရားများ လျော့ပါး၍ နှစ်သက်ဖွယ်တရားများ တိုးပွားရန်သာ လိုလားတောင့်တကြ၏။ သို့သော်လည်း ယင်းသို့ လိုလားတောင့်တသည့်အတိုင်း မပြည့်စုံဘဲ မနှစ်သက်ဖွယ်တရားများ တိုးပွား၍ နှစ်သက်ဖွယ်တရားများကား လျော့ပါး၍သာ သွားကုန်၏။ ယင်းသို့ ဖြစ်ရခြင်း၌ မည်သို့သော အကြောင်းကို သင်တို့ ယုံကြည်ကြကုန်သနည်း"

"အရှင်ဘုရား၊ တပည့်တော်တို့အား တရားဓမ္မတို့သည် မြတ်စွာဘုရားသာလျှင် အမွန်အစရှိပါကုန်၏။ မြတ်စွာဘုရားသာလျှင် ညွှန်ပြသူ ရှိပါကုန်၏။ ထို့ကြောင့် ထိုစကား၏ အနက်အဓိပ္ပာယ်ကို မြတ်စွာဘုရားကိုယ်တော်တိုင်သာလျှင် ဖွင့်ပြဟောကြားတော်မူပါလော့"

### လူမိုက်နှင့် လူလိမ္မာ

"ရဟန်းတို့၊ သို့ဖြစ်သော် ငါဟောကြားအံ့၊ သင်တို့ နာယူမှတ်သားကြကုန်လော့။ ရဟန်းတို့၊ ဤလောက၌ သူတော်မြတ်တို့ကို မဖူးမြင်ရ၍ ထိုသူတို့၏

www.dhammaransi.com



တရား၌ လိမ္မာယဉ်ကျေးခြင်းမရှိသည့်အကြားအမြင်နည်းသော ပုထုဇဉ်သည် မှီဝဲသင့်သော တရား၊ မမှီဝဲသင့်သော တရား၊ ဆည်းပူးသင့်သောတရား၊ မဆည်းပူးသင့်သောတရားတို့ကို ခွဲခြား၍ မသိသဖြင့် မှီဝဲသင့်၊ ဆည်းပူးသင့်သော တရားများကို မှီဝဲဆည်းပူးခြင်းမပြုဘဲ မမှီဝဲသင့်၊ မဆည်းပူးသင့်သော တရားများကို မှီဝဲဆည်းပူး၏။ ထို့ကြောင့် ထိုသူအား မနှစ်သက်ဖွယ်တရားများ တိုးပွား၍ နှစ်သက်ဖွယ်တရားများ လျော့ပါးဆုတ်ယုတ်သွားကုန်၏။ ဤသို့ဖြစ်ခြင်းမှာ အသိဉာဏ်ခေါင်းပါးသော လူမိုက်တို့အား ဖြစ်မြဲဓမ္မတာပင်ဖြစ်၏။

'ရဟန်းတို့၊ ဤလောက၌ သူတော်မြတ်တို့ကို ဖူးမြင်ရ၍ ထိုသူတို့၏ တရား၌ လိမ္မာယဉ်ကျေးသည့် အကြားအမြင်များသော အရိယာတပည့်သည် မှီဝဲသင့်သော တရား၊ မမှီဝဲသင့်သော တရား၊ ဆည်းပူးသင့်သော တရား၊ မဆည်းပူးသင့်သော တရားများကို ခွဲခြားသိမြင်၍ မှီဝဲသင့်၊ ဆည်းပူးသင့်သော တရားများကို မှီဝဲဆည်းပူး၏။ မမှီဝဲသင့်၊ မဆည်းပူးသင့်သော တရားများကိုလည်း ရှောင်ရှား၏။ ထို့ကြောင့် ထိုသူအား နှစ်သက်ဖွယ်တရားများ တိုးပွား၍ မနှစ်သက် ဖွယ်တရားများ လျော့ပါးဆုတ်ယုတ်ကုန်၏။ ဤသို့ ဖြစ်ခြင်းမှာ အသိဉာဏ် ပြည့်ဝသူတို့အား ဖြစ်မြဲဓမ္မတာပင် ဖြစ်၏။"

## တရားဆောက်တည်ခြင်း လေးမျိုး

"ရဟန်းတို့၊ တရားဆောက်တည်ခြင်း လေးမျိုးရှိ၏။ ပညာဉာဏ်နည်းပါး၍ မိုက်မဲတွေဝေသူသည် ထိုတရားဆောက်တည်ခြင်းလေးမျိုးကို အမှန်အတိုင်း ခွဲခြား၍ မသိမြင်သဖြင့် မှီဝဲသင့်သော တရားဆောက်တည်ခြင်းကို ရှောင်ကြဉ်၍ မမှီဝဲသင့်သော တရား ဆောက်တည်ခြင်းကို မှီဝဲ၏။ ထို့ကြောင့် ထိုသူအား မနှစ်သက်ဖွယ်ရာ တရားများတိုးပွား၍ နှစ်သက်ဖွယ်တရားများ လျော့ပါး ဆုတ်ယုတ်ကုန်၏။ အသိဉာဏ်ပြည့်ဝ၍ ပညာရှိသော ပုဂ္ဂိုလ်သည်ကား တရားဆောက်တည်ခြင်း လေးမျိုးကို အမှန်အတိုင်းသိမြင်သဖြင့် မမှီဝဲသင့်သော တရား ဆောက်တည်ခြင်းကို ရှောင်ကြဉ်ပြီး မှီဝဲသင့်သော တရားဆောက်ခြင်းကို မှီဝဲ၏။ ထို့ကြောင့် ထိုသူအား မနှစ်သက်ဖွယ်တရားများ လျော့ပါးဆုတ်ယုတ်၍ နှစ်သက်ဖွယ်တရားများ တိုးပွားကုန်၏။"

## ပစ္စုပ္ပန် တမလွန်ဆင်းရဲ

"ရဟန်းတို့၊ ဤလောက၌ အချို့သူသည် ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းနှင့်တကွ ဖြစ်လျက်သာလျှင် သူ့အသက်ကို သတ်ခြင်း၊ သူ့ဥစ္စာကို ခိုးခြင်းစသော

www.dhammaransi.com



မကောင်းမှုတို့ကို ပြုလုပ်၏၊ ယင်းသို့ ပြုလုပ်ခြင်းကြောင့်လည်း ကိုယ်စိတ်ဆင်းရဲမှုကို ခံစားရ၏၊ သေလွန်သောအခါ၌လည်း အပါယ်ငရဲသို့ ကျရောက်၏၊ ယင်းကို ပစ္စုပ္ပန်၌ ဆင်းရဲ၍ တမလွန်၌လည်း ဆင်းရဲကျိုး ခံစားရသော တရားဆောက် တည်ခြင်းဟု ဆိုအပ်၏။ ဥပမာ အဆိပ်ခပ်ထားသော ဘူးခါးရည်ကို သောက် သူသည် သောက်ဆဲ၌လည်း အရသာမရှိ၊ သောက်ပြီးနောက်၌လည်း သေခြင်းသို့ ဖြစ်စေ၊ သေလောက်သော ဆင်းရဲသို့ ဖြစ်စေ ရောက်သကဲ့သို့ ဖြစ်၏။"

## ပစ္စုပ္ပန်ချမ်းသာ တမလွန်ဆင်းရဲ

"ရဟန်းတို့၊ ဤလောက၌ အချို့သူသည် ကိုယ်ချမ်းသာခြင်း၊ စိတ်ချမ်းသာခြင်းနှင့်တကွ ဖြစ်လျက်သာလျှင် သူ့အသက်ကို သတ်ခြင်း၊ သူ့ဥစ္စာကို ခိုးခြင်းစသော မကောင်းမှုများကို ပြုလုပ်၏၊ ယင်းသို့ ပြုလုပ်ခြင်းကြောင့်လည်း ကိုယ်စိတ်ချမ်းသာမှုကို ခံစားရ၏၊ သေလွန်သောအခါ၌ကား အပါယ်ငရဲသို့ ကျရောက်၏။ ယင်းကို ပစ္စုပ္ပန်၌ ချမ်းသာ၍ တမလွန်၌ ဆင်းရဲကျိုးခံစားရသော တရားဆောက်တည်ခြင်းဟု ဆိုအပ်၏၊ ဥပမာ- အနံ့ အရသာနှင့် ပြည့်စုံပြီး အဆိပ်ခပ်ထားသော ဖျော်ရည်ကို သောက်သူသည် သောက်ဆဲခဏ၌ အရသာ ရှိသော်လည်း သောက်ပြီးနောက်၌ကား သေခြင်းသို့ ဖြစ်စေ၊ သေလောက်သော ဆင်းရဲသို့ ဖြစ်စေ ရောက်သကဲ့သို့ ဖြစ်၏။"

## ပစ္စုပ္ပန်ဆင်းရဲ တမလွန်ချမ်းသာ

"ရဟန်းတို့၊ ဤလောက၌ အချို့သူသည် ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းနှင့်တကွ ဖြစ်လျက်သာ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်းစသော မကောင်းမှုတို့မှ ရှောင်ကြဉ်၏၊ ယင်းသို့ ရှောင်ကြဉ်ခြင်းကြောင့်လည်း ကိုယ်စိတ်ဆင်းရဲမှုတို့ကို ခံစားရ၏။ သေလွန်သောအခါ၌ကား သုဂတိဘုံသို့ ရောက်၏။ ယင်းကို ပစ္စုပ္ပန်ဆင်းရဲ၍ တမလွန်၌ ချမ်းသာကျိုး ခံစားရသော တရားဆောက်တည်ခြင်းဟု ဆိုအပ်၏။ ဥပမာ- ဖျော့တော့သော ရောဂါရှိသူသည် ဆေးဝါးများနှင့် ရောစပ်ထားသော နွားကျင်ငယ်ပုပ်ရေကို သောက်သော် သောက်ဆဲခဏ၌ အရသာ မရှိသော်လည်းသောက်ပြီးနောက်၌ကား ရောဂါပျောက်ကင်းသကဲ့သို့ ဖြစ်၏။"

'ရဟန်းတို့၊ မိုးဥတု၏အဆုံး တန်ဆောင်မုန်းလ၌ မိုးတိမ်ကင်းစင်ကြည်လင်သော ကောင်းကင်ပြင်ဝယ် ထွက်ပေါ်လာသော နေမင်းသည် ကောင်းကင်

www.dhammaransi.com



ပြင်ရှိ အမိုက်မှောင်အားလုံးကို ပယ်ဖျောက်ကာ ထွန်းပတင့်တယ်သကဲ့သို့၊ ထို့အတူ ပဈ္စုပ္ပန်၌ ချမ်းသာ၍ တမလွန်၌လည်း ချမ်းသာကျိုး ခံစားရသော တရားဆောက် တည်ခြင်းသည် တစ်ပါးတခြားသော ရဟန်းပုဏ္ဏားတို့၏ အယူဝါဒအားလုံးတို့ ကို လွှမ်းမိုးကာ တင့်တယ်လှပေ၏။"

ဗုဒ္ဓမြတ်စွာက ဤသို့ ဟောကြားလေသော် ရဟန်းတို့သည် ထိုဟောကြား ချက်ကို လွန်စွာ နှစ်ခြိုက်ကြလေသည်။

စပယ်ဦးစာပေ

www.dhammaransi.com

# ၄၇။ ဝီမံသကသုတ်

## စူးစမ်းလေ့လာအပ်သော အကြောင်းကို ဟောကြားခြင်း

### မြတ်စွာဘုရားအား စူးစမ်းပုံ

ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတို့အား "ရဟန်းတို့၊ သူတစ်ပါး၏ စိတ်ဖြစ်ပုံကို မသိ၍ စူးစမ်းလေ့လာလိုသော ရဟန်းသည် ကိုယ်တိုင်မှန်စွာ သိမြင်သော ဘုရား ဟုတ်မဟုတ်ကို သိရန် မြတ်စွာဘုရား၌ စူးစမ်းမှုကို ပြုသင့်၏" ဟူ၍ မိန့်ကြားတော်မူသည်။ ထိုအခါ ရဟန်းတို့က "အရှင်ဘုရား၊ တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရား သာလျှင် အမွန်အစရှိပါကုန်၏။ မြတ်စွာဘုရားသာလျှင် ညွှန်ပြသူရှိပါကုန်၏။ ထို့ကြောင့် ဤစကား၏ အနက်အဓိပ္ပာယ်ကို မြတ်စွာဘုရားကိုယ်တော်တိုင်သာလျှင် ဟောကြားဖွင့်ပြတော်မူပါလော့" ဟူ၍ တောင်းပန်ကြသည်။ ဗုဒ္ဓမြတ်စွာက "ရဟန်းတို့၊ သို့ဖြစ်လျှင် သင်တို့ နာယူမှတ်သားကုန်လော့။ ငါ ဟောကြားအံ့" ဟု မိန့်ကြားတော်မူပြီး အောက်ပါအတိုင်း ဟောကြားတော်မူသည်။

"ရဟန်းတို့၊ သူတစ်ပါး၏ စိတ်ဖြစ်ပုံကို မသိ၍ စူးစမ်းလေ့လာလိုသော ရဟန်းသည် မြတ်စွာဘုရားအား မျက်စိဖြင့် မြင်ရ၊ နားဖြင့်ကြားရသည့် ညစ်နွမ်းသော အကျင့်များ ရှိ၊ မရှိ ကို စူးစမ်းလေ့လာ၍ ထိုတရားများကို မတွေ့ခဲ့သော် မျက်စိဖြင့် မြင်ရ၊ နားဖြင့်ကြားရသည့် အကောင်းအဆိုး ရောထွေးသော အကျင့်များ ရှိ၊ မရှိကို စူးစမ်းလေ့လာရမည်၊ ထိုအကျင့်များကိုလည်း မတွေ့ခဲ့သော် မျက်စိဖြင့် မြင်ရ၊ နားဖြင့်ကြားရသည့် ဖြူစင်သော အကျင့်များ ရှိ၊ မရှိကို စူးစမ်းလေ့လာရမည်။

www.dhammaransi.com



'ယင်းသို့ စူးစမ်းလေ့လာ၍ ဖြူစင်သော အကျင့်များ ရှိကြောင်း သိမြင်ခဲ့သော် 'ဤအရှင်သည် ဤကုသိုလ်တရားများနှင့် ကြာမြင့်စွာကပင် ပြည့်စုံခဲ့သလော၊ သို့မဟုတ် ခဏတစ်ဖြုတ်မျှသာ ပြည့်စုံ၍ နေသလော' ဟူ၍ ထပ်မံစုံစမ်းရမည်။ ကြာမြင့်စွာကပင် ပြည့်စုံခဲ့သူဖြစ်ကြောင်း သိမြင်ခဲ့သော် 'ဤအရှင်သည် ထင်ရှားခြင်း၊ အခြံအရံများခြင်းသို့ ရောက်ပြီလော၊ တစ်စုံတစ်ခုသော အပြစ်အနာအဆာများရှိသလော' ဟူ၍ ထပ်မံ စူးစမ်းအပ်၏။ ယင်းသို့ စူးစမ်းသဖြင့် 'ဤအရှင်ကား ထင်ရှားခြင်း၊ အခြံအရံများခြင်းသို့ ရောက်သော်လည်း တစ်စုံတစ်ခုသော အပြစ်အနာအဆာမျှ မရှိ' ဟူ၍ သိမြင်ခဲ့သော် 'ဤအရှင်သည် ဘေးရန်မရှိဘဲလျက် မကောင်းမှုမှ ရှောင်ကြဉ်သူ ဟုတ်ပါသလော၊ တပ်မက်ခြင်းကင်းသဖြင့် ကာမဂုဏ်တို့ကို မမှီဝဲသူ ဟုတ်ပါ၏လော' ဟူ၍ ထပ်မံ စူးစမ်းအပ်၏။"

## မထိမဲ့မြင်မပြု

"ယင်းသို့ စူးစမ်းသဖြင့် 'ဤအရှင်သည် ဘေးရန် မရှိဘဲလျက် မကောင်းမှုမှ ရှောင်ကြဉ်သူ ဖြစ်၏။ တပ်မက်ခြင်းကင်းသဖြင့် ကာမဂုဏ်တို့ကို မမှီဝဲသူဖြစ်၏' ဟု သိမြင်ခဲ့သော် အခြားသော ရဟန်းတို့က 'ငါ့ရှင်သည် အဘယ်ကြောင့် ဤသို့ ဆိုနိုင်ဘိသနည်း' ဟု မေးမြန်းလျှင် အောက်ပါအတိုင်း ဖြေကြားရာ၏။

'ငါ့ရှင်တို့၊ ဤအရှင်သည် သံဃာ့အလယ်၌ နေစဉ်လည်းကောင်း၊ တစ်ပါးတည်းနေစဉ် လည်းကောင်း၊ အခြား တစ်ပါးသော ရဟန်းတို့ကို အကျင့်ဂုဏ်ဖြင့် မထိမဲ့မြင် မပြု။ ထို့ပြင် မြတ်စွာဘုရား ကိုယ်တော်တိုင်ကလည်း ဘေးရန်မရှိဘဲ မကောင်းမှုမှ ရှောင်ကြဉ်သူ၊ တပ်မက်ခြင်းကင်းသဖြင့် ကာမဂုဏ်တို့ကို မမှီဝဲသူ ဖြစ်ကြောင်း ဖွင့်ဟမိန့်ကြားသည်ကို တပည့်တော် ကြားခဲ့ရပါသည်။ ထို့ကြောင့် တပည့်တော် ဤသို့ ပြောဆိုခြင်း ဖြစ်ပါသည်'

'ရဟန်းတို့၊ မျက်စိဖြင့် မြင်ရ၊ နားဖြင့် ကြားရသည့် ညစ်နွမ်းသော အကျင့်၊ ရောထွေးသော အကျင့်၊ ဖြူစင်သော အကျင့်များ ရှိခြင်း မရှိခြင်းနှင့် ပတ်သက်၍ မြတ်စွာဘုရားကိုလည်း မေးလျှောက်အပ်၏။ ယင်းသို့ မေးလျှောက်လျှင် ညစ်နွမ်းသော အကျင့်၊ ရောထွေးသော အကျင့်များ မရှိဘဲ ဖြူစင်သော အကျင့်များ ရှိကြောင်းကို မြတ်စွာဘုရားက ဖြေကြားတော်မူမည်သာ ဖြစ်ပေ၏။"

## ကိုယ်တိုင်သိမြင် ဆုံးဖြတ်နိုင်ခြင်း

"ရဟန်းတို့၊ ယင်းသို့ ဖြေကြားသော မြတ်စွာဘုရားထံ၌ တရားနာရန် ချဉ်းကပ်လာသော တပည့်အား မြတ်စွာဘုရားသည် လွန်ကဲသည်ထက် လွန်ကဲ၊

www.dhammaransi.com



မွန်မြတ်သည့်ထက် မွန်မြတ်သောတရားကို အဖြူနှင့်အမည်း ယှဉ်တွဲ၍ ဟောကြား တော်မူ၏။ ထိုတပည့်သည် ယင်းသို့ ဟောကြားသော တရားကို ထူးခြားစွာ သိမြင်၍ အချို့သော တရားတို့၌ မိမိဘာသာ ဆုံးဖြတ်နိုင်ခြင်းသို့ ရောက်၏။ 'ဘုရားရှင်သည် ကိုယ်တိုင် မှန်စွာ သိမြင်သော ဘုရားစင်စစ် ဖြစ်၏။ တရားသည် ဘုရားရှင်ကိုယ်တိုင် ကောင်းစွာ ဟောကြားအပ်သော တရားဖြစ်၏။ ဘုရားရှင်၏ တပည့်သံဃာသည်လည်း ကောင်းစွာကျင့်သော သံဃာဖြစ်၏' ဟူ၍ ယုံကြည်၏။ အဘယ်ကြောင့် ယင်းသို့ ယုံကြည်သနည်းဟူ၍ အခြားရဟန်းတို့က မေးမြန်းခဲ့သော် ဘုရားရှင်၏ တရားကို နာရ၍ မိမိကိုယ်တိုင် သိမြင် ဆုံးဖြတ်နိုင်ခြင်းကြောင့် ယုံကြည်ခြင်းဖြစ်ကြောင်း ထိုရဟန်းက ဖြေကြားပေရာ၏။

'ရဟန်းတို့၊ အမှတ်မထင် အကြင်တစ်စုံ တစ်ယောက်သောသူအား ဤသို့သော အကြောင်းခြင်းရာ ပုဒ် ဗျည်း အက္ခရာတို့ဖြင့် ဘုရားရှင်အပေါ်ဝယ် ယုံကြည်မှုသည် သက်ဝင်၏။ အရင်းအမြစ်ဖြစ်၍ တည်၏။ ဤသို့သော ယုံကြည်မှုကို အကြောင်းခြင်းရာနှင့် ပြည့်စုံ၍ ဉာဏ်အမြင်အရင်းခံရှိသော ယုံကြည်မှုဟူ၍ ဆိုအပ်၏။ လောက၌ ရဟန်း၊ ပုဏ္ဏား၊ နတ်ဗြဟ္မာ စသည်တို့တွင် တစ်စုံတစ်ယောက်သောသူမျှ မရွေ့ရှားစေနိုင်၍ ခိုင်မြဲသော ယုံကြည်မှုဟု ဆိုအပ်၏။

'ရဟန်းတို့၊ ဤသို့လျှင် မြတ်စွာဘုရားအပေါ်ဝယ် နည်းလမ်းမှန်ကန်စွာ စူးစမ်းလေ့လာခြင်းသည် ဖြစ်၏။ ဤသို့လျှင် မြတ်စွာဘုရားကို ကောင်းစွာ စူးစမ်းလေ့လာအပ်သည် မည်ပေ၏"

ဗုဒ္ဓမြတ်စွာက ဤသို့ ဟောကြားလေသော် ရဟန်းတို့သည် ထိုဟောကြားချက်ကို လွန်စွာ နှစ်ခြိုက်ကြလေသည်။

www.dhammaransi.com

# ၄၈။ ကောသမ္ဗိယသုတ်

## ကောသမ္ဗီပြည်သား ရဟန်းများအား ဟောကြားသောတရား

### သာရဏီယတရားခြောက်ပါး

ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးစဉ် ကောသမ္ဗီပြည်သား ရဟန်းတို့သည် ခိုက်ရန်ဖြစ်ပွား အယူဝါဒကွဲပြားကာ အချင်းချင်း နှုတ်လှံထိုး၍ နေကြ၏။ ဗုဒ္ဓမြတ်စွာသည် ရဟန်းတစ်ပါး၏ လျှောက်ကြားချက်အရ ထိုအကြောင်းကို ကြားသိတော်မူလျှင် ခိုက်ရန်ဖြစ်ပွားနေသော ရဟန်းတို့ကို ခေါ်စေပြီး ဆုံးမစကားကို မိန့်ကြားတော်မူသည်။

"ရဟန်းတို့၊ အချင်းချင်း နှုတ်လှံထိုး၍နေသော သင်တို့အား သီတင်းသုံးဖော်တို့ အပေါ်ဝယ် မျက်မှောက်၌ ဖြစ်စေ၊ မျက်ကွယ်၌ ဖြစ်စေ ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံ မေတ္တာသည် ရှေးရှုတည်ပါ၏လော"

"ရှေးရှု မတည်ပါဘုရား"

"အချည်းနှီးသော ယောက်ျားတို့၊ သို့ဖြစ်ပါလျက် သင်တို့သည် အဘယ့်ကြောင့် ခိုက်ရန်ငြင်းခုံပြု၍ နေကြဘိသနည်း၊ နှုတ်လှံထိုး၍ နေကြဘိသနည်း။ ရဟန်းတို့၊ ချစ်ခင်လေးစားခြင်းကို ပြုတတ်၍ အမြဲမပြတ် အောက်မေ့ထိုက်သော 'သာရဏီယ' တရား ခြောက်ပါးတို့သည် အယူဝါဒ မကွဲပြားဘဲ တစ်ပေါင်းတည်းဖြစ်ရန် အထောက်အကူဖြစ်ကုန်၏။ ထိုသာရဏီတရားခြောက်ပါးကား-

www.dhammaransi.com



(၁) သီတင်းသုံးဖော်တို့အပေါ်ဝယ် မျက်မှောက်၌ ဖြစ်စေ၊ မျက်ကွယ်၌ ဖြစ်စေ ကာယကံမေတ္တာကို ရှေ့ရှုထားခြင်း၊

(၂) ဝစီကံမေတ္တာကို ရှေ့ရှုထားခြင်း၊

(၃) မနောကံမေတ္တာကို ရှေ့ရှုထားခြင်း၊

(၄) တရားသဖြင့် ရသော လာဘ်လာဘကို သီတင်းသုံးဖော်တို့နှင့် ခွဲဝေသုံးဆောင်ခြင်း၊

(၅) သမာဓိဖြစ်စေနိုင်သော အကျင့်သီလတို့၌ သီတင်းသုံးဖော်တို့နှင့် တူမျှစွာ ကျင့်သုံးနေထိုင်ခြင်း၊

(၆) ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သည့် မြတ်သောအယူအားဖြင့် သီတင်းသုံးဖော်တို့နှင့် တူမျှသော အယူရှိခြင်းတို့ ဖြစ်၏။

"ရဟန်းတို့ အထွတ်တပ်သောအိမ်၌ အထွတ်သည် အချုပ်အခြာဖြစ်သကဲ့သို့ ထို့အတူပင် အမြဲမပြတ် အောက်မေ့ထိုက်သော သာရဏီယတရား ခြောက်ပါးတို့တွင်လည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း ဖြစ်သည့် မြတ်သော အယူသည် အချုပ်အခြာဖြစ်၏"

**အရိယဉာဏ် ခုနစ်ပါး**

(၁)"ရဟန်းတို့၊ ထိုမြတ်သော အယူသည် မည်သို့လျှင် ဆင်းရဲကုန်ဆုံးရန် ဖြစ်သနည်းဆိုသော်- ဤသာသနာ၌ ရဟန်းသည် တော၊ တောင်၊ သစ်ပင်ရင်း၊ ဆိတ်ငြိမ်ရာအရပ် တစ်ခုခုသို့ ချဉ်းကပ်လျက် 'ငါ၏ အတွင်းသန္တာန်ဝယ် ဟုတ်တိုင်းမှန်စွာ မသိမြင်နိုင်ကြောင်း ဖြစ်သော စိတ်ထကြွမှုကို မပယ်အပ်ဘဲ ရှိနေသလောဟူ၍ စဉ်းစားဆင်ခြင်၏။ ကာမဂုဏ်၌ စွဲငြိခြင်း၊ သူတစ်ပါးကို ပျက်စီးစေလိုခြင်း၊ ထိုင်းမှိုင်းခြင်း၊ ပူပန်ခြင်း၊ တွေးတောယုံမှားခြင်းများ ဖြစ်ပေါ်နေသူသည် ထကြွသောစိတ်ရှိသူ ဖြစ်၏။ ဤလောကကို ကြံစည်ခြင်း၊ တစ်ပါးသော လောကကို ကြံစည်ခြင်းတို့၌ လေ့ကျက်အားထုတ်နေသူ၊ ခိုက်ရန်ငြင်းခုံပြုနေသူတို့သည်လည်း ထကြွသော စိတ်ရှိသူများပင် ဖြစ်၏။ ယင်းသို့ ဆင်ခြင်၍ မိမိသန္တာန်ဝယ် ထိုကဲ့သို့သော စိတ်ထကြွမှုများ မရှိကြောင်းသိမြင်ခဲ့သော် ထိုရဟန်းသည် လောကမှ လွန်မြောက်၍ ပုထုဇဉ်တို့နှင့် မဆက်ဆံသော ပထမ အရိယဉာဏ်ကို ရရောက်ပြီး ဖြစ်လေ၏။

(၂) 'ရဟန်းတို့၊ ထိုမှတစ်ပါးလည်း အရိယာတပည့်သည် 'ငါကား ဤအယူကို မှီဝဲပွားများ၍ မျက်မှောက် ဒိဋ္ဌ အေးမြငြိမ်းချမ်းခြင်းကို ရ၏လော' ဟု

www.dhammaransi.com



ဆင်ခြင်၏။ ယင်းသို့ ဆင်ခြင်၍ မျက်မှောက် ဒိဋ္ဌ အေးမြငြိမ်းချမ်းခြင်းကို ရရှိကြောင်း သိမြင်ခဲ့သော် ထိုအရိယာတပည့်သည် လောကမှ လွန်မြောက်၍ ပုထုဇဉ်တို့နှင့် မဆက်ဆံသော ဒုတိယအရိယဉာဏ်ကို ရရောက်ပြီး ဖြစ်လေ၏။

(၃) 'ရဟန်းတို့၊ ထိုမှတစ်ပါးလည်း အရိယာတပည့်သည် 'ငါ၏ အယူနှင့်တူသော အယူရှိသည့် ရဟန်း ပုဏ္ဏားတို့သည် ဤသာသနာမှ ပြင်ပ၌ ရှိပါ၏လော' ဟူ၍ ဆင်ခြင်၏။ ယင်းသို့ ဆင်ခြင်၍ ဤသာသနာမှ ပြင်ပ၌ ထိုကဲ့သို့သော အယူနှင့် ပြည့်စုံသည့် ရဟန်း ပုဏ္ဏားများ မရှိကြောင်း သိမြင်ခဲ့သော် ထိုအရိယာတပည့်သည် လောကမှ လွန်မြောက်၍ ပုထုဇဉ်တို့နှင့် မဆက်ဆံသော တတိယအရိယဉာဏ်ကို ရရောက်ပြီး ဖြစ်လေ၏။

(၄) 'ရဟန်းတို့၊ ထိုမှတစ်ပါးလည်း အရိယာတပည့်သည် 'ငါကား အပြစ်အာပတ်တစ်ခု သင့်ရောက်ခဲ့သော် လျင်မြန်စွာ ကုစားဖြေဖျောက်၍ နောက်ထပ်လည်း မကျူးလွန်မိအောင် စောင့်စည်းခြင်းဟူသော အမြင်ပြည့်ဝပြီးသူတို့၏ ဓမ္မတာသဘောနှင့် ပြည့်စုံပါ၏လော' ဟူ၍ ဆင်ခြင်၏။ ယင်းသို့ ဆင်ခြင်၍ ထိုကဲ့သို့သော ဓမ္မတာသဘောနှင့် ပြည့်စုံကြောင်း သိမြင်ခဲ့သော် ထိုအရိယာတပည့်သည် လောကမှ လွန်မြောက်၍ ပုထုဇဉ်တို့နှင့် မဆက်ဆံသော စတုတ္ထအရိယဉာဏ်ကို ရရောက်ပြီး ဖြစ်လေ၏။

(၅) ရဟန်းတို့၊ ထိုမှတစ်ပါးလည်း အရိယာတပည့်သည် 'ငါကား သီတင်းသုံးဖော်တို့၏ ကိစ္စကြီးငယ်၌ ကြောင့်ကြစိုက်နေရသည့် တိုင်အောင် ထိုအမှုတို့၌ မေ့လျော့မနေဘဲ မြတ်သော သီလသမာဓိပညာဆိုင်ရာ အကျင့်တရား၌ ထက်သန်သော ငဲ့ကွက်မှုရှိခြင်း ဟူသော အမြင်ပြည့်စုံသူတို့၏ ဓမ္မတာသဘောနှင့် ပြည့်စုံပါ၏လော' ဟူ၍ ဆင်ခြင်၏။ ယင်းသို့ ဆင်ခြင်၍ ထိုကဲ့သို့သော ဓမ္မတာသဘောနှင့် ပြည့်စုံကြောင်း သိမြင်ခဲ့သော် ထိုအရိယာတပည့်သည် လောကမှ လွန်မြောက်၍ ပုထုဇဉ်တို့နှင့် မဆက်ဆံသော ပဉ္စမအရိယဉာဏ်ကို ရရောက်ပြီး ဖြစ်လေ၏။

(၆) 'ရဟန်းတို့၊ ထိုမှတစ်ပါးလည်း အရိယာတပည့်သည် 'ငါကား မြတ်စွာဘုရား၏ တရားကို ဟောကြားသည့်အခါ လိုလိုလားလား နားစိုက်နာယူခြင်းဟူသော အမြင်ပြည့်စုံသူတို့၏ အင်အားနှင့် ပြည့်စုံပါ၏လော' ဟူ၍ ဆင်ခြင်၏။ ယင်းသို့ ဆင်ခြင်၍ ထိုကဲ့သို့သော အင်အားနှင့် ပြည့်စုံကြောင်း သိမြင်ခဲ့သော် ထိုအရိယာတပည့်သည် လောကမှ လွန်မြောက်၍ ပုထုဇဉ်တို့နှင့် မဆက်ဆံသော ဆဋ္ဌမအရိယဉာဏ်ကို ရရောက်ပြီး ဖြစ်လေ၏။

www.dhammaransi.com



(၇) ရဟန်းတို့၊ ထိုမှတစ်ပါးလည်း အရိယာတပည့်သည် 'ငါကား မြတ်စွာဘုရား၏ တရားကို ဟောကြားသည့်အခါ အနက်အဓိပ္ပာယ်ကို သိမြင်၍ တရားနှင့် ယှဉ်သော ဝမ်းမြောက်မှုကို ရခြင်းဟူသော အမြင် ပြည့်စုံပြီး သူတို့၏ အင်အားနှင့် ပြည့်စုံပါ၏လော' ဟူ၍ ဆင်ခြင်၏။ ယင်းသို့ ဆင်ခြင်၍ ထိုကဲ့သို့သော အင်အားနှင့် ပြည့်စုံကြောင်း သိမြင်ခဲ့သော် ထိုအရိယာတပည့်သည် လောကမှ လွန်မြောက်၍ ပုထုဇဉ်တို့နှင့် မဆက်ဆံသော သတ္တမအရိယဉာဏ်ကို ရရောက်ပြီး ဖြစ်လေ၏။

'ရဟန်းတို့၊ ဤအင်္ဂါခုနစ်ပါးနှင့်ပြည့်စုံသော အရိယာတပည့်သည် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုပြီး ဖြစ်ပေ၏"

www.dhammaransi.com

# ၄၃။ ဗြဟ္မနိမန္တနိကသုတ်

## ဗကဗြဟ္မာအား ဟောကြားသောတရား

### အယူမှားသော ဗကဗြဟ္မာ

ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတို့အား ဤသုတ်ကို ဟောကြားတော်မူသည်။

"ရဟန်းတို့၊ အခါတစ်ပါး၌ ငါသည် ဥက္ကဋ္ဌမြို့အနီး သုဘဂတောအုပ်အတွင်းရှိ အင်ကြင်းပင်ရင်း၌ သီတင်းသုံးခဲ့၏။ ထိုအခါ ဗကဗြဟ္မာအား 'ဤဗြဟ္မာ့အဖြစ်သည် မြဲ၏။ ခိုင်ခန့်၏၊ တည်တံ့၏၊ ဆင်းရဲခြင်းနှင့် မရောယှက်၊ ရွေ့လျားခြင်း မရှိ။ ဤဗြဟ္မာ့အဖြစ်ထက် သာလွန်သော လွတ်မြောက်ရာ မရှိ' ဟူသော အယူဆိုး တစ်မျိုး ဖြစ်ပေါ်နေ၏။ ငါသည် ဗကဗြဟ္မအား ဤသို့ အယူဆိုး ဖြစ်ပေါ်နေကြောင်း သိမြင်သဖြင့် ကွေးထားသော လက်ကို ဆန့်ဘိသကဲ့သို့ လည်းကောင်း၊ ဆန့်ထားသော လက်ကို ကွေးဘိသကဲ့သို့ လည်းကောင်း အင်ကြင်းပင်ရင်းမှ ရုတ်တရက် ကွယ်ပျောက်၍ ဗြဟ္မာပြည်၌ ထင်ရှားဖြစ်ပေါ်ခဲ့၏။

'ဗကဗြဟ္မာသည် ငါဘုရားကို မြင်လျှင် ကြိုဆိုနှုတ်ဆက်စကား ပြောကြားလေ၏"

"အို အရှင်မြတ်၊ ကြွပါလော့၊ အရှင်မြတ်၏ ကြွလာခြင်းသည် ကောင်းသော ကြွလာခြင်း ဖြစ်ပါ၏၊ အရှင်မြတ်သည် အချိန်ကြာမြင့်မှ ဤဗြဟ္မာ့ဘုံသို့ ကြွရောက်ရန် အလှည့်ကို ပြုတော်မူဘိ၏။ စင်စစ် ဤဗြဟ္မာ့အဖြစ်ကား ခိုင်မြဲတည်တံ့ပါ

www.dhammaransi.com



၏၊ ရွှေ့လျောခြင်း သဘောမရှိပါ၊ မွေးဖွားခြင်း၊ အိုခြင်း၊ သေခြင်းတို့မှလည်း ကင်းပါ၏။ ဤဗြဟ္မာ့အဖြစ်ထက် သာလွန်သော လွတ်မြောက်ရာဟူ၍ မရှိတော့ပါ"

"ထိုအခါ ငါဘုရားသည် ဗြဟ္မာတို့အား ဤသို့ မိန့်ကြားခဲ့ရ၏။

"အချင်းတို့၊ ဗကဗြဟ္မာကား မိုက်မဲလေစွ၊ ဗြဟ္မာ၏ အဖြစ်သည် ခိုင်မြဲတည်တံ့ခြင်း မရှိဘဲလျက် ခိုင်မြဲတည်တံ့၏ဟု ဆိုဘိ၏၊ ရွှေ့လျောခြင်းရှိပါလျက် ရွှေ့လျောခြင်း မရှိဟု ဆိုဘိ၏။ မွေးဖွားခြင်း၊ အိုခြင်း၊ သေခြင်း မကင်းပါဘဲလျက် ကင်းပါ၏ဟု ဆိုဘိ၏။ ဗြဟ္မာ့အဖြစ်ထက် သာလွန်သော လွတ်မြောက်ရာ ရှိပါလျက် မရှိဟု ဆိုဘိ၏။"

## မာရ်နတ်နှောင့်ယှက်ခြင်း

"ထိုအချိန်တွင် မာရ်နတ်ယုတ်သည် အလုပ်အကျွေးဖြစ်သော ဗြဟ္မာတစ်ဦးကို ဝင်ပူးပြီး ငါဘုရားကို ဟန့်တားပြောဆိုခဲ့၏။"

'အိုရဟန်း၊ သင်သည် ဗကဗြဟ္မာကို မထိခိုက်ပါလင့်၊ ဗကဗြဟ္မာသည် သူကသာ လွှမ်းမိုးနိုင်ပြီး သူ့ကို မည်သူကမျှ မလွှမ်းမိုးနိုင်သော ဗြဟ္မာကြီး ဖြစ်ပါ၏၊ အလုံးစုံကို မြင်နိုင်သူ၊ သူတစ်ပါးတို့ကို မိမိအလိုသို့ လိုက်စေနိုင်သူ ဖြစ်ပါ၏။ သတ္တဝါတို့ကို ဖန်ဆင်းနိုင်၍ အစိုးရသော သခင်ဖြစ်ပါ၏။ ဤလောက၌ ရှေးအခါက ပထဝီ အာပေါစသော ဓာတ်လေးပါးကိုလည်းကောင်း၊ နတ်မာရ်နတ် ဗြဟ္မာစသော သတ္တဝါတို့ကိုလည်းကောင်း ကဲ့ရဲ့စက်ဆုပ်သော ရဟန်းပုဏ္ဏားတို့သည် သေလွန်သောအခါ ယုတ်နိမ့်သောဘဝ၌ တည်ခဲ့ကြကုန်၏။ ယင်းတို့ကို နှစ်သက် ချီးမွမ်းသော ရဟန်းပုဏ္ဏားတို့သည်ကား သေလွန်သောအခါ မြင့်မြတ်သော ဘုံဘဝ၌ တည်ခဲ့ကြပါကုန်၏။ အိုရဟန်း၊ ထို့ကြောင့် သင့်ကို ကျွန်ုပ် တိုက်တွန်းပါ၏။ သင်သည် ဗကဗြဟ္မာ ပြောဆိုသော စကားကိုသာလျှင် လိုက်နာပါလော့၊ သူ့စကားကို မလွန်ဆန်ပါလင့်။ အကယ်၍ သင်သည် ဗကဗြဟ္မာ၏ စကားကို လွန်ဆန်ခဲ့သော် မိမိထံ ရောက်လာသော သိရီနတ်သမီးကို တုတ်ဖြင့် မောင်းထုတ်သကဲ့သို့ ဖြစ်ပါလိမ့်မည်။ ချောက်ကမ်းပါး၌ ကျသူသည် မြေကြီးကို လက်ခြေတို့ဖြင့် မဆွဲနိုင်၊ မထောက်နိုင်သကဲ့သို့ ထောက်တည်ရာမရ ဖြစ်ပါလိမ့်မည်"

"ဟယ် မာရ်နတ်ယုတ်၊ သင့်ကို ငါသိ၏။ အလုပ်အကျွေး ပရိသတ်တို့နှင့်တကွ ဗကဗြဟ္မာကြီးသည် သင့်လက်တွင်းသို့ ရောက်၍ သင့်အလိုသို့ လိုက်ပါ

www.dhammaransi.com



နေသော်လည်း ငါကား သင့်လက်တွင်းသို့ ရောက်သူမဟုတ်။ သင့်အလိုသို့ လိုက်ပါသူ မဟုတ်ပေ”

## သာလွန်သော လွတ်မြောက်ရာ မရှိ

“ယင်းသို့ ငါက မိန့်ကြားသောအခါ ဗကဗြဟ္မာကလည်း ငါဘုရားကို ဤသို့ တုံ့ပြန်ပြောဆိုခဲ့၏။

“အိုရဟန်း၊ ကျွန်ုပ်သည် ဤဗြဟ္မာ့အဖြစ်ကို စင်စစ် ခိုင်မြဲတည်တံ့သည် ဖြစ်၍သာလျှင် ခိုင်မြဲတည်တံ့၏ဟု ဆိုခြင်းဖြစ်ပါသည်။ ရွေ့လျောခြင်း မရှိသည် ဖြစ်၍သာလျှင် ရွေ့လျောခြင်း မရှိဟု ဆိုခြင်းဖြစ်ပါသည်၊ မွေးဖွားခြင်း၊ အိုခြင်း၊ သေခြင်း ကင်းသည် ဖြစ်၍သာလျှင် မွေးဖွားခြင်း၊ အိုခြင်း၊ သေခြင်းကင်း၏ဟု ဆိုခြင်းဖြစ်ပါသည်၊ ဤဗြဟ္မာ့အဖြစ်ထက် သာလွန်သော လွတ်မြောက်ရာ မရှိသည် ဖြစ်၍သာလျှင် သာလွန်သော လွတ်မြောက်ရာ မရှိဟု ဆိုခြင်းဖြစ်ပါသည်။

‘အိုရဟန်း၊ သင့်ထက် ရှေးကျသော ရဟန်းပုဏ္ဏားတို့သည် လောက၌ ဖြစ်ပေါ်ခဲ့ကုန်၏။ ထိုရဟန်းပုဏ္ဏားတို့၏ ကျင့်ကြံအားထုတ်မှုသည် သင်၏ အသက်နှင့် အမျှပင် ဖြစ်ပေ၏။ ထိုရဟန်း ပုဏ္ဏားတို့သည် ဤဗြဟ္မာ့အဖြစ်ထက် သာလွန်သော လွတ်မြောက်ရာ ရှိ မရှိကို သိမြင်ခဲ့ကြကုန်၏။ ထို့ကြောင့် သင်သည် ဤဗြဟ္မာ့အဖြစ်ထက် သာလွန်သော လွတ်မြောက်ရာကို တွေ့မြင်နိုင်လိမ့်မည် မဟုတ်။

‘အိုရဟန်း၊ အကယ်၍ သင်သည် ပထဝီအာပေါ်အစရှိသော ဓာတ်တို့ကို လည်းကောင်း၊ နတ် မာရ်နတ် ဗြဟ္မာစသော သတ္တဝါတို့ကို လည်းကောင်း စွဲလမ်းနေသူဖြစ်ခဲ့သော် ငါ၏ အနီး၌ တည်နေသူ၊ ငါအလိုရှိတိုင်း ပြုလုပ်နိုင်သူဖြစ်ပေလတံ့”။

“အိုဗြဟ္မာ၊ ငါသည် သင်၏ အလားအလာကို လည်းကောင်း သင်၏ တန်ခိုးစွမ်းပကားကိုလည်းကောင်း သိမြင်သူဖြစ်၏။”

“အိုရဟန်း၊ သင်သည် ငါ၏ အလားအလာကိုလည်းကောင်း၊ ငါ၏ တန်ခိုးစွမ်းပကားကိုလည်းကောင်း မည်သို့ သိမြင်ပါသနည်း”။

“အို ဗြဟ္မာ၊ လ နေ တို့၏ အရောင်အဝါထွန်းလင်းတောက်ပလျက် လှည့်လည်ရာဖြစ်သော ဤလောကဓာတ်တစ်ထောင်၌ သင်၏ တန်ခိုးအာဏာသည် ဖြစ်၏။ ထို့ပြင် မြတ်သူ၊ ယုတ်သူ၊ တပ်မက်ခြင်းရှိသူ၊ တပ်မက်ခြင်း ကင်းသူတို့ ကိုလည်း သင်သိ၏။ ဤစကြဝဠာ၊ တစ်ပါးသော စကြဝဠာတို့နှင့်တကွ

www.dhammaransi.com



သတ္တဝါတို့၏ ဖြစ်ပုံ သေလွန်ပုံတို့ကိုလည်း သင်သိ၏။ ဤသို့လျှင် သင်၏ အလား‌အလာနှင့် သင်၏ တန်ခိုးစွမ်းပကား ကြီးမားပုံကို ငါသိမြင်ပေ၏။

'အို ဗြဟ္မာ၊ သုဘကိဏှာမည်သော ဗြဟ္မာအပေါင်း၊ ဝေဟပ္ဖလ မည်သော ဗြဟ္မာအပေါင်း၊ အဘိဘူမည်သော ဗြဟ္မာအပေါင်းတို့သည်လည်း ထင်ရှားရှိကုန်၏။ ငါသည် မြေကို မြေအားဖြင့်၊ မြေ ဟု မြေအတိုင်း ခွဲခြားသိ၍ မြေကို ငါဟု မထင်မှတ်၊ ငါ့ဟာဟု မစွဲ။ ရေ၊ မီး၊ လေ၊ သတ္တဝါ၊ နတ်၊ နတ်မင်း၊ ဗြဟ္မာတို့ကိုလည်း ငါ၊ ငါ့ဟာဟု မစွဲ။ အလုံးစုံကို အလုံးစုံအားဖြင့်၊ အလုံးစုံဟု အလုံးစုံအတိုင်း ခွဲခြားသိ၍ အလုံးစုံကို ငါဟု မထင်မှတ်၊ ငါ့ဟာဟု မစွဲ။ ဤသို့လည်း ငါသည် အသိဉာဏ်အားဖြင့် သင့်ထက် သာလွန်ပေ၏"

"အို ရဟန်း၊ အကယ်၍ သင်သည် အလုံးစုံကို အလုံးစုံအားဖြင့် မထင်မှတ်ခဲ့သော် ထိုအကြောင်းကို သိမြင်ခြင်းအားဖြင့် သင့်မှာ အချည်းနှီး မဖြစ်ပါစေလင့်။ အကျိုးမဲ့ မဖြစ်ပါစေလင့်။ ဝိညာဏ်သည် မမြင်အပ်။ အဆုံးအပိုင်းအခြား မရှိ၊ ထက်ဝန်းကျင်အားဖြင့် တောက်ပ၏။ ထိုဝိညာဏ်ကို မြေ၊ မီး၊ ရေ၊ လေဟူသော ဓာတ်သဘောအားဖြင့် မခံစားအပ်။ အလုံးစုံအားဖြင့်လည်း မခံစားအပ်။ အိုရဟန်း၊ ကြည့်ပါလော့၊ ယခု ငါသည် သင်၏ မျက်မှောက်မှ ကွယ်ပျောက်တော့အံ့"

"အို ဗြဟ္မာ၊ သင်စွမ်းနိုင်မူ ကွယ်ပျောက်ပါလော့"

ဗကဗြဟ္မာသည် ယင်းသို့ ပြောဆိုပြီး ကွယ်ပျောက်ရန် အားထုတ်၏။ သို့သော်လည်း မစွမ်းနိုင်ချေ။ ထိုအခါ ငါဘုရားက "အိုဗြဟ္မာ ကြည့်လော့။ ငါသည် သင်၏ မျက်မှောက်မှ ကွယ်ပျောက်အံ့" ဟု ပြောဆိုရာ ဗကဗြဟ္မာကလည်း " အိုရဟန်း သင်စွမ်းနိုင်မူ ကွယ်ပျောက်ပါလော့" ဆိုလေ၏။ ငါသည် အခြွေအရံ ပရိသတ်များနှင့် တကွ ဗြဟ္မာက ငါ့ကို မမြင်ရဘဲ အသံကိုသာ ကြားရစေရန် တန်ခိုးဖန်ဆင်းခြင်းကို ပြုလုပ်ပြီး ဤဂါထာကို မြွက်ဆိုခဲ့၏။

'ငါသည် ဘဝ၌ ကြောက်မက်ဖွယ် ဘေးကိုလည်းကောင်း၊ ဘဝကင်းရာကို ရှာသူတို့၏အဖြစ်ကို လည်းကောင်း သိမြင်၍ တစ်စုံတစ်ခုသော ဘဝကိုမျှ မစွဲလမ်းတော့ပေ။ ဘဝ၌ နှစ်သက်ဖွယ်ဟုလည်း မစွဲယူတော့ပေ'

'ဤသို့ ငါဘုရားက မြွက်ဆိုလေသော် အခြွေအရံ ပရိသတ်များနှင့် တကွ ဗြဟ္မာသည် လွန်စွာ အံ့ဩလျက် 'အချင်းတို့၊ ရဟန်းဂေါတမကား တန်ခိုးစွမ်းပကား ကြီးမားလှပေစွ၊ ဘဝ၌ မွေ့လျော်ပျော်ပိုက်သော သတ္တဝါအပေါင်း၏ အမြစ်အရင်းနှင့်တကွသော ဘဝအစွဲကို နုတ်ပယ်နိုင်ပေ၏' ဟူ၍ ပြောဆိုခဲ့ကြလေသည်။"

www.dhammaransi.com



## တရားမဟောရန် မာရ်နတ်တားမြစ်ခြင်း

"ထိုအခါ မာရ်နတ်ယုတ်သည် ဗြဟ္မပါရိသဇ္ဇ ဗြဟ္မာတစ်ဦးကို ပူးဝင်ပြီး ငါဘုရားကို တရားမဟောရန် တားမြစ်ပြောဆိုလေ၏။

"အိုရဟန်း၊ သင်သည် ဤသို့ သိမြင်ခဲ့သော် တပည့်ရဟန်းတို့အား သွန်သင်ဆုံးမခြင်း၊ တရားဟောခြင်း မပြုပါလင့်။ တပည့်ရဟန်းတို့အပေါ်ဝယ် တွယ်တာခြင်း မပြုပါလင့်။ ရှေးအခါက 'သမ္မာသမ္ဗုဒ္ဓ' ဟု ဝန်ခံပြီး တပည့်ရဟန်းတို့အား သွန်သင်ဆုံးမခြင်း၊ တွယ်တာခြင်း ပြုခဲ့ကြသော ရဟန်း ပုဏ္ဏားတို့သည် သေလွန်သောအခါ ယုတ်ညံ့သော ဘုံဘဝ၌ တည်ခဲ့ကြပါကုန်၏။ တပည့်ရဟန်းတို့အား သွန်သင်ဆုံးမခြင်း၊ တွယ်တာခြင်း မပြုခဲ့ကြသော ရဟန်းပုဏ္ဏားတို့သည်ကား သေလွန်သောအခါ မြင့်မြတ်သော ဘုံဘဝ၌ တည်ခဲ့ကြပါကုန်၏။ အိုရဟန်း၊ ထို့ကြောင့် သင့်ကို ကျွန်ုပ် တိုက်တွန်းပါ၏။ သင်သည် မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေခြင်းကို အားထုတ်လျက် ကြောင့်ကြမဲ့နေပါလော့၊ တရားမဟောခြင်းသည်သာ ကောင်းပါ၏၊ သင့်သည် သူတစ်ပါးအား သွန်သင်ဆုံးမခြင်း မပြုပါလင့်"

'ဤသို့ မာရ်နတ်က တားမြစ်ပြောဆိုလေသော် ငါဘုရားသည် မာရ်နတ်အား အောက်ပါအတိုင်း ချေပပြောဆိုခဲ့၏။

"အိုမာရ်နတ်ယုတ်၊ သင့်ကို ငါသိ၏၊ သင်သည် အကျိုးမဲ့ကို လိုလားသည် ဖြစ်၍သာလျှင် ဤသို့ပြောဆိုခြင်းဖြစ်၏။ သင်ပြောဆိုအပ်သော ရဟန်း ပုဏ္ဏားတို့သည် 'သမ္မာသမ္ဗုဒ္ဓ' ဘုရားစင်စစ် မဟုတ်ဘဲလျက် 'သမ္မာသမ္ဗုဒ္ဓ' ဘုရားဟူ၍ ဝန်ခံခဲ့ကြသူများ ဖြစ်၏။ ငါသည်ကား သမ္မာသမ္ဗုဒ္ဓ ဘုရားစင်စစ် ဖြစ်၍သာလျှင် 'သမ္မာသမ္ဗုဒ္ဓ' ဟု ဝန်ခံခြင်း ဖြစ်၏။ အိုမာရ်နတ်ယုတ်၊ မြတ်စွာဘုရားသည် တပည့်တို့အား တရားဟောခြင်း၊ သွန်သင်ဆုံးမခြင်း ပြုသည်ဖြစ်စေ၊ မပြုသည် ဖြစ်စေ သဘောအားဖြင့်ကား အတူတူသာ ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် မြတ်စွာဘုရားသည် ပူပန်ကြောင်း ညစ်ညူးကြောင်းဖြစ်၍ တစ်ဖန် ဘဝသစ်ကို ဖြစ်စေတတ်သော အာသဝေါတရားတို့ကို ထန်းပင်ကို အမြစ်မှ နုတ်ပစ်သကဲ့သို့ အကြွင်းမဲ့ နုတ်ပယ်ပြီး ဖြစ်သောကြောင့်ပေတည်း"

ဤသို့လျှင် မာရ်နတ်အား တုံ့ပြန်ပြောဆိုခြင်း မပြုနိုင်စေရန် လည်းကောင်း၊ ဗြဟ္မာအား အထူးသိစေရန် လည်းကောင်း ဟောကြားခြင်း ဖြစ်သောကြောင့် ဤသုတ်ကို 'ဗြဟ္မနိမန္တကသုတ်' ဟူ၍ ခေါ်တွင်ခဲ့လေသည်။

www.dhammaransi.com



[မာရ်နတ်သည် ဗြဟ္မာအောက် နိမ့်သူဖြစ်၍ ဗြဟ္မာကို ပူးဝင်ရန် မဆိုထားဘိ၊ ပကတိ အသွင်ကိုပင် မမြင်နိုင်။ ထို့ကြောင့် တကယ့် မာရ်နတ်က ပူးဝင်ခြင်း မဟုတ်၊ ကိလေသာတည်းဟူသော မာရ်နတ်က ပူးဝင်ခြင်းသာ ဖြစ်သည်ဟု ယူသင့်ကြောင်း မဟာစည်ဆရာတော်က အနတ္တလက္ခဏာသုတ် တရားတော်ကြီး၌ ဆုံးဖြတ်ထားပါသည်။]

www.dhammaransi.com

# ၅၀။ မာရတဇ္ဇနီယသုတ်

## မာရ်နတ်အား ခြိမ်းခြောက်ခဲ့ရပုံကို ဟောကြားခြင်း

### ရှင်မောဂ္ဂလ္လာန်ဝမ်းထဲသို့ မာရ်နတ်ဝင်ခြင်း

အခါတစ်ပါး၌ ရှင်မဟာမောဂ္ဂလ္လာန်သည် ဘဂ္ဂတိုင်း သံသုမာရဂိရိမြို့ အနီး ပဲစဉ်းငုံတော၌ သီတင်းသုံးတော်မူ၏။ ထိုအခါ မာရ်နတ်ယုတ်သည် ကွင်း ပြင်၌ စင်္ကြန်လျှောက်နေသော ရှင်မဟာမောဂ္ဂလ္လာန်၏ ဝမ်းဗိုက်ထဲသို့ ဝင်ရောက် နေလေ၏။ ရှင်မောဂ္ဂလ္လာန်သည် 'ငါ၏ဝမ်းကား လေးလံသကဲ့သို့ ရှိ၏၊ ပဲဆွမ်းဖြင့် ဝမ်းပွနေလေသလော' ဟု စဉ်းစားမိသဖြင့် ကျောင်းထဲသို့ ဝင်၍ ထိုင်ပြီး မိမိ ကိုယ်ကို သင့်တင့်လျှောက်ပတ်စွာ ဆင်ခြင်နှလုံးသွင်းလေ၏။ ထိုအခါ မိမိဝမ်းထဲ၌ မာရ်နတ်ဝင်နေသည်ကို မြင်၍ "ဟယ်– မာရ်နတ်ယုတ်၊ ထွက်လော့၊ သင်သည် မြတ်စွာဘုရားနှင့် တပည့်သာဝကများကို မနှိပ်စက်လင့်၊ ဒုက္ခရောက်လိမ့်မည်" ဟု မိန့်ကြားတော်မူသည်။

မာရ်နတ်အား 'ဤရဟန်းကား ငါ့ကို မသိဘဲလျက် သိသယောင်ဆိုဘိ၏။ သူ့ဆရာသည်ပင် ငါ့ကို ချက်ချင်း မသိ၊ တပည့်ဖြစ်သော ဤရဟန်းကား ဘယ်မှာ သိနိုင်မည်နည်း' ဟူ၍ အကြံဖြစ်၏။ ရှင်မောဂ္ဂလ္လာန်သည် ထိုသို့ အကြံဖြစ်ပုံကိုလည်း သိမြင်တော်မူသဖြင့် မာရ်နတ်ကို မိမိဝမ်းထဲမှ ထွက်သွားရန် ထပ်မံမိန့်ကြားတော်မူသည်။ ထိုအခါ မာရ်နတ်သည် မိမိအား ရှင်မောဂ္ဂလ္လာန်

www.dhammaransi.com



က အမှန်တကယ် သိကြောင်း ယုံကြည်သဖြင့် ရှင်မောဂ္ဂလ္လာန်၏ ပါးစပ်မှ ထွက်၍ ကျောင်းတံခါးပြင်ဘက်တွင် ရပ်နေလေ၏။

## ကကုသန်ဘုရားလက်ထက်က

ကျောင်းတံခါးပြင်ဘက်၌ ရပ်နေသော မာရ်နတ်ကို ရှင်မောဂ္ဂလ္လာန်မြင်သော် ဆုံးမစကား မိန့်ကြားလေ၏။

"မာရ်နတ်ယုတ်၊ ငါသည် ရှေးအခါက ဒူသီမည်သော မာရ်နတ်ဖြစ်ခဲ့ဖူး၏။ ငါ့အား ကာဠီမည်သော နှမ တစ်ယောက်ရှိခဲ့ရာ သင်သည် ထိုကာဠီ၏ သားဖြစ်၍ ငါ့တူပင် ဖြစ်၏။ ထိုအချိန်တွင် လောက၌ ကကုသန်မြတ်စွာဘုရား ဖြစ်ပေါ်လာ၍ ဝိဓုရနှင့် သဉ္ဇီဝမည်သော တပည့်နှစ်ပါး ထင်ရှားရှိခဲ့၏။ ထိုနှစ်ပါး တို့တွင် ဝိဓုရမထေရ်သည် တရားဟောပြောမှု၌ အတုမရှိအောင် ထူးချွန်ခဲ့၏။ ထို့ကြောင့်လည်း 'ဝိဓုရ' ဟူ၍ နာမည် ထင်ရှားခဲ့ခြင်း ဖြစ်၏။

'သဉ္ဇီဝမထေရ်သည်ကား တော၊ တောင်၊ သစ်ပင်ရင်း ဆိတ်ငြိမ်ရာ အရပ် များသို့ ချဉ်းကပ်၍ နိရောဓသမာပတ်ကို ဝင်စားလေ့ရှိ၏။ အခါတစ်ပါးဝယ် နိရောဓသမာပတ် ဝင်စားနေသော သဉ္ဇီဝ မထေရ်ကို နွားကျောင်းသားများမြင်လျှင် လူသေဟုထင်ကာ မြက်ထင်းများဖြင့် မီးရှို့သွားကြလေသည်။ ၎င်းတို့သည် နောက် တစ်နေ့တွင် သမာပတ်မှထ၍ ဆွမ်းခံကြွလာသော သဉ္ဇီဝမထေရ်ကို တွေ့မြင်ကြ ရာ 'ဤရဟန်းကား သေပြီးမှ ပြန်ရှင်လာ၏' ဟု တအံ့တသြ ပြောဆိုကြသည်။ ယင်းသို့ ပြောဆိုခြင်းကို အကြောင်းပြု၍ သဉ္ဇီဝမထေရ်ဟု နာမည်တွင်ခဲ့ခြင်း ဖြစ်လေသည်။"

## ရဟန်းများကို ဆဲဆိုရန် လှုံ့ဆော်ခြင်း

"ထိုအခါ မာရ်နတ်သည် အကျင့်သီလနှင့် ပြည့်စုံသော ရဟန်းတို့အား အနှောင့်အယှက်ပေးလိုသဖြင့် ရဟန်းများကို ဆဲဆိုကြိမ်းမောင်းရန် ပုဏ္ဏား၊ သူကြွယ် တို့ကို လှည့်စားသွေးဆောင်၏။ မာရ်နတ်၏ သွေးဆောင်မှုကို ခံရသော လူတို့ သည် ရဟန်းများအား ဆဲဆိုကြိမ်းမောင်းခြင်းပြုကြရာ သေလွန်သောအခါ အပါယ် ငရဲသို့ ကျရောက်ကြလေ၏။ ကကုသန်မြတ်စွာဘုရားသည် ရဟန်းတို့အား မာရ်နတ် လှည့်စားပုံကို ဖွင့်ဟမိန့်ကြားတော်မူပြီး သတ္တဝါအားလုံးတို့အပေါ်ဝယ်

www.dhammaransi.com



ဗြဟ္မစရိယတရား ပွားများကြရန် တိုက်တွန်းတော်မူသည်။ ရဟန်းတို့ကလည်း ယင်းတိုက်တွန်းချက်နှင့် အညီ ဗြဟ္မစရိယတရားကို ပွားများကြသဖြင့် မာရ်နတ်မှာ နှောင့်ယှက်ခွင့်မရတော့ချေ။"

## ရဟန်းများကို ရှိသေရန် လှုံ့ဆော်ခြင်း

"ဤကဲ့သို့ ဆဲဆိုကြိမ်းမောင်းခြင်းဖြင့် ရဟန်းတို့ စိတ်ဖောက်ပြန်ပြောင်းလဲအောင် ပြုရန် မစွမ်းနိုင်သောအခါ မာရ်နတ်သည် ပရိယာယ်တစ်မျိုးဖြင့် ရဟန်းတို့အား အလွန်အကဲ ရှိသေလေးစားကြရန် ပုဏ္ဏားသူကြွယ်တို့ကို လှည့်စားသွေးဆောင်ပြန်၏။ မာရ်နတ်၏ သွေးဆောင်မှုဖြင့် ရဟန်းတို့အား အလွန်အကဲ ရှိသေလေးစားမှု ပြုကြသော လူတို့သည် သေလွန်သောအခါ နတ်ပြည်သို့ ရောက်ကြလေ၏။ ကကုသန်မြတ်စွာဘုရားသည် ထိုအကြောင်းကို သိမြင်တော်မူလျှင် လူတို့၏ ရှိသေလေးစားမှု၌ သာယာနှစ်သက်၍ မနေကြဘဲ ခန္ဓာကိုယ်၏ အသုဘသဘော၊ သခ်ါရသဘောတရားတို့၏ အနိစ္စသဘောကို ဆင်ခြင်ပွားများကြရန် ရဟန်းတို့အား သတိပေးဆုံးမတော်မူသည်။ ရဟန်းတို့ကလည်း ထိုအဆုံးမ အတိုင်း ဆင်ခြင်ပွားများ၍ နေကြသဖြင့် မာရ်နတ်မှာ နှောင့်ယှက်ခွင့် မရဘဲ ရှိပြန်၏။"

## သာဝကကြီးကို ခဲဖြင့်ပေါက်ခြင်း

"ထိုအခါ မာရ်နတ်သည် ကလေးငယ်တစ်ယောက်ကို ပူးဝင်ပြီး ကကုသန်မြတ်စွာဘုရားနှင့်အတူ ဆွမ်းခံကြွသော ဝိဓုရ မထေရ်ကို ကျောက်ခဲဖြင့် ပစ်ပေါက်လေ၏။ ဝိဓုရ မထေရ်ကား ခေါင်းကွဲ၍ သွေးတစ်စက်စက်ကျလျက်ဖြင့်ပင် မြတ်စွာဘုရားနောက်တော်မှ ထပ်ကြပ်မကွာ လိုက်ပါသွားလေ၏။ မြတ်စွာဘုရားသည် ဝိဓုရမထေရ်ကို လှည့်ကြည့်ပြီး 'ဤမာရ်နတ်ကား အတိုင်းအတာကို မသိလေစွ' ဟု မိန့်ကြားတော်မူလေသည်။ ဤသို့ မြတ်စွာဘုရားက လှည့်ကြည့်တော်မူသည်နှင့် တစ်ပြိုင်နက်မှာပင် မာရ်နတ်သည် နတ်အဖြစ်မှ စုတေ၍ ငရဲကြီးသို့ ကျရောက်သွားလေသည်။ ထိုမာရ်နတ်သည် ငရဲ၌ ထောင်ပေါင်း များစွာသော နှစ်ပတ်လုံး ခံရလေ၏။ သူ၏ ကိုယ်သည် လူ၏ ကိုယ်အတိုင်းပင် ဖြစ်သော်လည်း ဦးခေါင်းကား ငါး၏ခေါင်းကဲ့သို့ ရှိလေ၏။"

www.dhammaransi.com



## မာရ်နတ် ထွက်ခွာသွားခြင်း

"ဤသို့လျှင် ရှင်မောဂ္ဂလ္လာန်သည် မိမိကိုယ်တိုင် ဒူသိမည်သော မာရ်နတ်ဖြစ်၍ ကကုသန်မြတ်စွာဘုရားနှင့် တပည့်များအား နှောင့်ယှက်ခဲ့သောကြောင့် ငရဲ၌ ခံစားခဲ့ရပုံကို ပြန်ပြောင်း မိန့်ကြား၏။ ထိုမာရ်နတ်အားလည်း မြတ်စွာဘုရားနှင့် တပည့်များကို ထိပါးနှောင့်ယှက်ခြင်း မပြုရန် ခြိမ်းခြောက်လေ၏။ ထိုအခါ မာရ်နတ်သည် စိတ်နှလုံး မသာမယာဖြင့် ထွက်ခွာသွားလေသည်။

www.dhammaransi.com

# ၅၁။ ကန္ဒရကသုတ်

## ကန္ဒရကပရိဗိုဇ်အား ပုဂ္ဂိုလ်လေးမျိုးကိုဟောကြားခြင်း

### ကောင်းစွာဆုံးမအပ်သောသံဃာ

ဗုဒ္ဓမြတ်စွာသည် စမ္ပာမြို့၊ ဂဂ္ဂရာရေကန်အနီး၌ ရဟန်းသံဃာများစွာနှင့်အတူ သီတင်းသုံးနေစဉ် ဆင်ထိန်းသားပေဿနှင့် ကန္ဒရကပရိဗိုဇ်တို့သည် ဗုဒ္ဓထံရောက်လာကြ၏။ ကန္ဒရကပရိဗိုဇ်သည် ဗုဒ္ဓအား ဝမ်းမြောက်ဖွယ်၊ ပြန်ပြောင်းအောက်မေ့ဖွယ် စကားများကို လျှောက်ကြားပြီး တိတ်ဆိတ်စွာ ထိုင်နေသော ရဟန်းအပေါင်းကို ကြည့်ရှုလျက် 'အရှင်ဂေါတမ၏ တပည့်သံဃာများအား သွန်သင်ဆုံးမထားပုံမှာ အံ့ဩလောက်အောင်ပင် ကောင်းမွန်လှပါပေသည်' ဟူ၍ ချီးကျူးလေသည်။ ထိုအခါ ဗုဒ္ဓက ကန္ဒရကအား ဤသို့ မိန့်ကြားတော်မူသည်။

"ကန္ဒရက၊ သင့်စကားသည် မှန်ပေ၏။ ဤရဟန်းသံဃာအပေါင်းတွင် အာသဝေါကုန်၍ ကိလေသာတို့မှ လွတ်မြောက်ပြီးသော ရဟန္တာပုဂ္ဂိုလ်များလည်း ရှိ၏။ စွဲမြဲသောအကျင့်သီလ၊ ရင့်ကျက်သော အသိပညာနှင့် ပြည့်စုံ၍ ကျင့်ကြံအားထုတ်ဆဲဖြစ်သော သေက္ခပုဂ္ဂိုလ်များလည်း ရှိ၏။ ထိုရဟန်းအားလုံးတို့သည် သတိပဋ္ဌာန်လေးပါးတို့၌ စွဲမြဲသောစိတ်ရှိကုန်သည် ဖြစ်၍ နေကြကုန်၏။"

### လူနှင့်တိရစ္ဆာန်

ဗုဒ္ဓ၏ မိန့်ကြားချက်ကို ကြားရသောအခါ ဆင်ထိန်းသား ပေဿက ဤသို့ လျှောက်ကြားပြန်၏။

www.dhammaransi.com



"အရှင်ဘုရား၊ မြတ်စွာဘုရားသည် သတ္တဝါတို့အား ကိလေသာအညစ်အကြေးမှ စင်ကြယ်၍ ဆင်းရဲချုပ်ငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန်အတွက် သတိပဋ္ဌာန်လေးပါးကို ဟောကြားသည်မှာ အံ့ဩလောက်ပါ၏။ လူဝတ်ကြောင်ဖြစ်သော ကျွန်ုပ်တို့သည်လည်း ရံဖန်ရံခါ ဤသတိပဋ္ဌာန်လေးပါး၌ စွဲမြဲသောစိတ်ရှိသည်ဖြစ်၍ နေကြပါသည်။

'အရှင်ဘုရား၊ လူတို့သည် ဤမျှ ရှုပ်ထွေးပွေလိမ် စဉ်းလဲနေကြသည် ဖြစ်ပါလျက် မြတ်စွာဘုရားသည် သတ္တဝါတို့၏ အကျိုးရှိ အကျိုးမဲ့ကို သိမြင်တော်မူသည်မှာ အံ့ဩဖွယ် ကောင်းလှပါသည်။ အရှင်ဘုရား၊ လူတို့သည် ရှုပ်ထွေးပွေလိမ် လှပါကုန်၏။ တိရစ္ဆာန်တို့ကား ရှင်းလင်းပေါ်လွင်လှပါကုန်၏။ အရှင်ဘုရား၊ ကျွန်ုပ်သည် ဆင်ရိုင်းကို ယဉ်ကျေးအောင် သင်ကြားဆုံးမနိုင်သူဖြစ်ပါသည်။ ဆင်ရိုင်းတစ်ကောင်သည် ဤအရပ်မှ စမ္ပာမြို့သို့ အသွားအပြန် ခရီးတစ်ခေါက်အတွင်းမှာပင် မိမိ၏ ကောက်ကျစ်စဉ်းလဲမှု အားလုံးကို ထင်ရှားအောင် ပြုလုပ်ပါလိမ့်မည်။ ကျွန်ုပ်တို့၏ ကျေးကျွန်အမှုလုပ်တို့သည်ကား ကိုယ်ဖြင့် တစ်မျိုးလုပ်၊ နှုတ်ဖြင့် တစ်မျိုးပြောပြီး စိတ်ထားတစ်မျိုး တစ်မည် ရှိတတ်ကြပါသည်"

## ပုဂ္ဂိုလ်လေးမျိုး

ထိုအခါ ဗုဒ္ဓမြတ်စွာက ပေဿ၏ စကားမှာ မှန်ကန်လှကြောင်း ထောက်ခံမိန့်ကြားပြီး လောက၌ ပုဂ္ဂိုလ်လေးမျိုး ရှိကြောင်း မိန့်ကြားတော်မူသည်။

"ပေဿ၊ ဤလောက၌ လူတို့သည် မိမိကိုယ်ကို ပူပန်ဆင်းရဲစေရန် အားထုတ်သူ၊ သူတစ်ပါးကို ပူပန်ဆင်းရဲစေရန် အားထုတ်သူ၊ မိမိ သူတစ်ပါးနှစ်ဦးသားလုံးကို ပူပန်ဆင်းရဲစေရန် အားထုတ်သူ၊ မိမိ သူတစ်ပါးနှစ်ဦးသားလုံးကို ပူပန်ဆင်းရဲစေရန် အားမထုတ်ဘဲ မျက်မှောက်ဘဝ၌ပင် ငြိမ်းအေးချမ်းသာစွာ နေသူဟူ၍ ပုဂ္ဂိုလ်လေးမျိုး ရှိ၏။ ထိုလေးမျိုးတွင် ဘယ်ပုဂ္ဂိုလ်ကို သင်နှစ်သက်ပါသနည်း"

"အရှင်ဘုရား၊ ဤလေးမျိုးတို့တွင် စတုတ္ထပုဂ္ဂိုလ်ကို ကျွန်ုပ် နှစ်သက်ပါသည်။ အကြောင်းမှာ ထိုပုဂ္ဂိုလ်သည် ချမ်းသာကို လိုလား၍ ဆင်းရဲကို စက်ဆုပ်သော မိမိ သူတစ်ပါး နှစ်ဦးသားလုံးကို ပူပန်ဆင်းရဲစေသူ မဟုတ်သောကြောင့် ဖြစ်ပါသည်"

www.dhammaransi.com



ဆင်ထိန်းသားပေဿသည် ဤသို့ ဖြေကြားပြီး ဗုဒ္ဓထံပါးမှ ဖဲခွာသွားလေသည်။ ထိုအခါ ဗုဒ္ဓက ပေဿသည် ပညာရှိသူဖြစ်ကြောင်း။ ပုဂ္ဂိုလ်လေးမျိုးကို အကျယ်အားဖြင့် ဟောကြားပြီးသည့်တိုင်အောင် နာကြားနေပါက အကျိုးစီးပွားများဖွယ်ရှိကြောင်း ရဟန်းတို့အား မိန့်ကြားတော်မူသည်။ ရဟန်းတို့က ပုဂ္ဂိုလ်လေးမျိုးကို အကျယ်အားဖြင့် ဟောကြားရန် တောင်းပန်ကြရာ ဗုဒ္ဓက အောက်ပါအတိုင်း ဟောကြားတော်မူသည်။

## မိမိကိုယ်ကို ပူပန်ဆင်းရဲစေသူ

"ရဟန်းတို့၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အဝတ်မဝတ်ခြင်း၊ ရပ်လျက် ကျင်ကြီးကျင်ငယ်စွန့်ခြင်း၊ ရက်ခြား၍ အစာစားခြင်း၊ ဟင်းရွက်စိမ်း၊ စပါးစိမ်း၊ မြက်သီးဆန်စသည်ကို စားခြင်း စသော ကိုယ်ခန္ဓာ ပင်ပန်းကြောင်း အကျင့်အမျိုးမျိုးကို အားထုတ်၏။ ဤပုဂ္ဂိုလ်သည် မိမိကိုယ်ကို ပူပန်ဆင်းရဲစေရန် အားထုတ်သူမည်၏။"

## သူတစ်ပါးကို ပူပန်ဆင်းရဲစေသူ

"ရဟန်းတို့၊ ဤလောက၌ သိုးသတ်သမား၊ ဝက်သတ်သမား၊ ငှက်သတ်သမား၊ သားသတ်သမား၊ တံငါသည်၊ သူခိုး၊ သူခိုးသတ်သမား၊ နွားသတ်သမား၊ အချုပ်ထောင်စောင့်စသော ကြမ်းကြုတ်သော အမှုကို ပြုလုပ်သူ အားလုံးတို့သည် သူတစ်ပါးကို ပူပန်ဆင်းရဲစေရန် အားထုတ်သူ မည်၏။"

## မိမိ သူတစ်ပါး နှစ်ပါးလုံးကို ပူပန်ဆင်းရဲစေသူ

"ရဟန်းတို့၊ ဤလောက၌ ဘိသိက်ခံယူသော မင်းသော်လည်းကောင်း၊ ပစ္စည်းဥစ္စာ လွန်စွာကြွယ်ဝသော ပုဏ္ဏားသော်လည်းကောင်း ဖြစ်သည့် အချို့သော ပုဂ္ဂိုလ်တို့သည် မြို့၏ အရှေ့ဘက်၌ ယဇ်ပူဇော်ရာအိမ်သစ်ကို ဆောက်လုပ်စေ၍ ဆံမုတ်ဆိတ်ကို ရိတ်ပယ်ပြီ၊ ခွာနင့် တကွသော သစ်နက်ရေကို ဝတ်ရုံ၏။ ထို့နောက် ထောပတ်ဆီတို့ဖြင့် ကိုယ်ကို လိမ်းကျံပြီး သားချိုဖြင့် ကျောကုန်းကို အယားဖျောက်ကာ၊ မိဖုရား၊ ပုရောဟိတ်ဆရာတို့နှင့်အတူ ယဇ်အိမ် သို့ ဝင်၏၊ ယဇ်အိမ်၌ နွားချေးစိုဖြင့် လိမ်းကျံထားသည့် အခင်းမရှိသော မြေပေါ်တွင် အိပ်၏။

www.dhammaransi.com



မိခင်နှင့် အရောင်အဆင်းတူသည့် သားငယ်ရှိသော နွားမတစ်ကောင်၏ နို့တိုင် တစ်ခုမှ ထွက်သော နို့ရည်ဖြင့် ထိုမင်းသည် မျှတ၏။ ဒုတိယ နို့တိုင်မှ ထွက်သော နို့ရည်ဖြင့် မိဖုရားသည် မျှတ၏။ တတိယနို့တိုင်မှ ထွက်သော နို့ရည်ဖြင့် ပုရောဟိတ်ပုဏ္ဏားသည် မျှတ၏။ စတုတ္ထနို့တိုင်မှ ထွက်သော နို့ရည်ဖြင့် မီးပူဇော်၏။ ကြွင်းသော နို့ရည်ဖြင့် နွားငယ်သည် မျှတရ၏။ ထိုမင်းသည် 'ယဇ်ပူဇော်ရန်အတွက် နွားလားမည်မျှ၊ နွားပေါက်မည်မျှ၊ နွားမတမ်းမည်မျှ၊ ဆိတ်မည်မျှ၊ သိုးမည်မျှ၊ မြင်းမည်မျှတို့ကို သတ်ရမည်။ ယဇ်တိုင်လုပ်ရန် သစ်ပင်မည်မျှကို ခုတ်ဖြတ်ရမည်၊ အခင်းနှင့်အကာ အတွက် မြေဇာမြက်မည်မျှ ရိတ်ရမည်'ဟု ဆင့်ဆို၏။ ထိုမင်း၏ ကျေးကျွန် အမှုထမ်းတို့သည် အပြစ်ဒဏ်နှင့် ဘေးရန်တို့ကို ကြောက်ရွံ့နေကြရသဖြင့် ငိုကြွေးကာ အမှုကြီးငယ်ကို ပြုလုပ်နေကြရ၏။ ရဟန်းတို့၊ ဤကဲ့သို့သော ပုဂ္ဂိုလ်သည် မိမိ သူတစ်ပါး နှစ်ဦးသားလုံးကို ပူပန်ဆင်းရဲစေရန် အားထုတ်သူ မည်၏။"

## မိမိ သူတစ်ပါး နှစ်ပါးလုံးကို မပူပန်စေသူ

"ရဟန်းတို့၊ ဤလောက၌ တရားအားလုံးကို ကိုယ်တိုင်မှန်စွာ သိမြင်သော ဘုရားရှင် ဖြစ်ပေါ်လာ၍ ထိုဘုရားရှင်၏ တရားကို ကြားနာရသော အမျိုးကောင်းသားသည် ယုံကြည်မှု ရရှိ၍ လူ့ဘောင်မှ ထွက်ကာ ရဟန်းပြုလေသည်။ ထိုရဟန်းသည် ရဟန်းတို့၏ ဝိနည်းသိက္ခာကို စောင့်စည်းလျက် မကောင်းသော ကိုယ်မှု၊ နှုတ်မှုတို့မှ ရှောင်ကြဉ်ပြီး မျက်စိ၊ နားစသော ဣန္ဒြေခြောက်ပါးကိုလည်း စောင့်စည်း၏။ သွားခြင်း၊ လာခြင်း စသော လှုပ်ရှားမှုဟူသမျှ၌ သတိသမ္ပဇဉ်ဖြင့် ပြုလေ့ရှိ၏။

ထိုရဟန်းသည် ဆွမ်းကိစ္စပြီးသောအခါ ဆိတ်ငြိမ်ရာအရပ်၌ ထက်ဝယ်ဖွဲ့ ခွေကာ ကိုယ်ကို မတ်မတ်ထား၍ ထိုင်ပြီး သတိကို ကမ္မဋ္ဌာန်း အာရုံသို့ ရှေးရှုဖြစ်စေ၏။ သူတစ်ပါးပစ္စည်းကို မိမိသို့ ရှေ့ရှုကြံခြင်း၊ သူတစ်ပါးကို ပျက်စီးစေလိုခြင်း ဟူသော တရားနှစ်ပါးကို ပယ်ဖျောက်ပြီး၊ စိတ်ကို နီဝရဏ တရားတို့မှ စင်ကြယ် စေ၏။ စိတ်ကို ညစ်ညူးစေ၍ အသိဉာဏ်ကိုလည်း အားနည်း စေတတ်သော နီဝရဏ ငါးပါးကို ပယ်ခွာပြီးသော ထိုရဟန်းသည် ကာမဂုဏ်၊ အကုသိုလ်တို့မှ ကင်းဆိတ်ပြီး ပထမဈာန်စသော ဈာန်အဆင့်ဆင့်သို့ ရရောက်၍နေ၏၊ ဈာန်၏

www.dhammaransi.com



အစွမ်းအားဖြင့် ဖြူစင်တည်တံ့ ကြံ့ခိုင်သော စိတ်ကို မိမိအလိုရှိရာသို့ ရှေ့ရှု ညွှတ်စေသဖြင့် ရှေးဘဝတို့ကို ပြန်ပြောင်းအောက်မေ့နိုင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ သတ္တဝါတို့၏ သေခြင်း၊ ဖြစ်ခြင်းကို သိသော စုတူပပါတဉာဏ်နှင့် အာသဝက္ခယဉာဏ်တို့ကို ရရှိ၏။

ဤရဟန်းသည် မိမိ သူတစ်ပါး နှစ်ဦးသားလုံးကို ပူပန် ဆင်းရဲစေရန် အားမထုတ်ဘဲ ငြိမ်းအေးချမ်းသာစွာ နေသူမည်၏"[၁]

ဗုဒ္ဓမြတ်စွာက ဤသို့ ဟောကြားသောအခါ ရဟန်းတို့သည် ထိုဟောကြားချက်ကို လွန်စွာ နှစ်ခြိုက်ကြလေသည်။

---

၁။ ဤပုဂ္ဂိုလ် လေးမျိုးကို အဂုတ္တရ စတုက္ကနိပါတ် အတ္တန္တပသုတ်၌လည်း ရှုနိုင်ပါသည်။

www.dhammaransi.com

# ၅၂။ အဋ္ဌကနာဂရသုတ်

## အဋ္ဌကမြို့သားအားဟောကြားသော တရား

### လွတ်မြောက်ကြောင်းတရား

ဝေသာလီပြည် ဗေလုဝရွာငယ်၌ ရှင်အာနန္ဒာ သီတင်းသုံးနေစဉ် အဋ္ဌကမြို့သား ဖြစ်သော ဒသမသူကြွယ်သည် ပါဋလိပုတ်ပြည်သို့ ပြုဖွယ်ကိစ္စ တစ်ခုဖြင့် ရောက်လာ၏။ ထိုသူကြွယ်သူသည် မိမိကိစ္စ ပြီးမြောက်သောအခါ ဗေလုဝရွာငယ်၌ သီတင်းသုံးနေသော ရှင်အာနန္ဒာထံသို့ ချဉ်းကပ်၍ ပြဿနာတစ်ရပ်ကို မေးလျှောက်လေသည်။

"အရှင်ဘုရား၊ အကြင်တရား၌ မမေ့မလျော့ အားထုတ်၍ နေသော ရဟန်းအား မလွတ်မြောက်သေးသော စိတ်သည် လွတ်မြောက်၍ မကုန်ခန်းသေးသော အာသဝေါတရားတို့သည်လည်း ကုန်ခန်းရာ၏၊ သိတော်မူ မြင်တော်မူသော မြတ်စွာဘုရားသည် ဟောကြားအပ်သည့် ထိုကဲ့သို့သော တရားတစ်ပါးသည် ရှိပါသလော"

"သူကြွယ်၊ ထိုကဲ့သို့သော တရားတစ်ပါးသည် ရှိပေ၏"

"အရှင်ဘုရား၊ ထိုတရားကား အဘယ်ပါနည်း"

"သူကြွယ်၊ ဤသာသနာ၌ ရဟန်းသည် ကာမဂုဏ်တို့မှလည်းကောင်း၊ အကုသိုလ်တရားတို့မှ လည်းကောင်း ကင်းဆိတ်၍ ကြံစည်ခြင်း၊ ဆင်ခြင်သုံးသပ်ခြင်းတို့နှင့် တကွ ဖြစ်သော၊ အကုသိုလ်ဆိတ်သုဉ်းမှုကြောင့် ဖြစ်သည့် နှစ်သိမ့်ခြင်း၊ ချမ်းသာခြင်းရှိသော ပဌမစျာန်သို့ ရရောက်၍ နေ၏။ ထိုရဟန်းသည်

www.dhammaransi.com



'ဤပထမဈာန်ကား ပြုပြင်မှု၊ စေ့ဆော်အားထုတ်မှုကြောင့် ဖြစ်ပေါ်လာသော တရား ဖြစ်၏။ ပြုပြင်အပ်သော တရားဟူသမျှသည် မတည်မြဲ၊ ချုပ်ပျောက်ခြင်း သဘောရှိ၏' ဟူ၍ ဆင်ခြင်သုံးသပ်၏။ ထိုရဟန်းသည် ထိုပထမဈာန်တရား၌ တည်လျက် အာသဝေါ ကုန်ခြင်းသို့ ရောက်၏။ အကယ်၍ အာသဝေါကုန်ခြင်း သို့ မရောက်သည့်တိုင်အောင် ထိုပထမဈာန်တရား၌ တပ်စွန်းနှစ်သက်ခြင်းနှင့် အောက်အဖို့ရှိသော သံယောဇဉ်ငါးပါး ကုန်ခြင်းကြောင့် ဗြဟ္မာ့ဘုံ၌ ဥပပတ် ပဋိသန္ဓေအားဖြင့် ဖြစ်၍ ကာမဘုံသို့ ပြန်မလာတော့ဘဲ ထိုဘုံ၌ပင် ဘဝဇာတ် ချုပ်ငြိမ်းလေ၏။

'သူကြွယ်၊ ဤပထမဈာန်ကား မလွတ်မြောက်သေးသော စိတ်သည် လွတ်မြောက်၍ မကုန်သေးသော အာသဝေါတရားများ ကုန်ခန်းစေနိုင်သည့် မြတ်စွာ ဘုရား ဟောကြားအပ်သော တရားတစ်ပါး ဖြစ်၏"

[ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မဝိဟာရလေးပါး၊ အာကာသာနဉ္စာယတနသမာပတ်၊ ဝိညာဏဉ္စာယတန သမာပတ်၊ အာကိဉ္စညာယတနသမာပတ်ဟူသော အရူပသ မာပတ် သုံးပါးတို့ကို ရရောက်၍ နေခြင်းသည်လည်း မလွတ်မြောက်သေးသော စိတ်သည် လွတ်မြောက်၍ မကုန်သေးသော အာသဝေတရားများ ကုန်ခန်းစေနိုင် သည့် တရားဖြစ်ကြောင်း တစ်ပါးစီခွဲ၍ ဟောတော်မူသည်။]

## နိဗ္ဗာန်တံခါး (၁၁) ပေါက်

ရှင်အာနန္ဒာက ယင်းသို့ ဟောကြားသောအခါ ဒသမသူကြွယ်သည် ရှင်အာ နန္ဒာအား ဝမ်းမြောက်စကား လျှောက်ကြားလေ၏။

"အရှင်ဘုရား၊ ရွှေအိုးတစ်လုံး၏ မျက်နှာဝကို ရှာသော ယောကျ်ားသည် တစ်ကြိမ်တည်းဖြင့်ပင် ရွှေအိုးတစ်ဆယ့်တစ်လုံးတို့၏ မျက်နှာဝများကို တွေ့ရှိ သကဲ့သို့ ထို့အတူပင် တစ်ခုသော အမြိုက် နိဗ္ဗာန်တံခါးကို ရှာသော ကျွန်ုပ်သည် တစ်ကြိမ်တည်း ဖြင့်ပင် အမြိုက်နိဗ္ဗာန်တံခါး တစ်ဆယ့်တစ်ခုတို့ကို ပွားများရန် ရရှိခဲ့ပါပြီ။

'အရှင်ဘုရား၊ တံခါးတစ်ဆယ့်တစ်ပေါက်ရှိသော အိမ်၌ နေသူသည် ထိုအိမ် ကို မီးလောင်ပါက တစ်ပေါက်ပေါက်သော တံခါးဖြင့် မိမိအသက်ချမ်းသာအောင် ပြုနိုင်သကဲ့သို့ ထို့အတူပင် ကျွန်ုပ်သည်လည်း ဤအမြိုက်နိဗ္ဗာန်တံခါး တစ်ဆယ့်

www.dhammaransi.com



တစ်ပေါက်တို့တွင် တစ်ပေါက်ပေါက်သော တံခါးဖြင့် မိမိကိုယ်ကို ချမ်းသာအောင် ပြုနိုင်ပါလိမ့်မည်၊

'အရှင်ဘုရား၊ တစ်ပါးသော အယူရှိသော တိတ္ထိတို့သည် ဆရာစားပစ္စည်းကို ရှာ၍ ဆရာအား ပူဇော်ခြင်း ပြုကြပါကုန်၏။ ကျွန်ုပ်သည် အရှင်မြတ်အား ဆရာစားပစ္စည်းဖြင့် ပူဇော်ခြင်းကို ဘယ်မှာ မပြုဘဲ နေနိုင်ပါမည်နည်း"

ဒသမသူကြွယ်သည် ယင်းသို့ လျှောက်ကြားပြီး ပါဋလိပုတ်ပြည်နှင့် ဝေသာလီပြည်တို့မှ ရဟန်းအပေါင်းကို ပင့်ဖိတ်၍ ဆွမ်းဆက်ကပ်၏။ ရဟန်းတစ်ပါးလျှင် သင်္ကန်းတစ်စုံစီလည်း လှူ၏။ ရှင်အာနန္ဒာအားမူ သင်္ကန်းသုံးထည်နှင့် အသပြာ ငါးရာတန် ကျောင်းတစ်ဆောင်ကိုပါ ဆောက်လုပ်လှူဒါန်းလေသည်။

www.dhammaransi.com

# ၅၃။ သေခသုတ်

## သေက္ခပုဂ္ဂိုလ်တို့၏ အကျင့်ကို ဟောကြားခြင်း

### သာကီဝင်မင်းတို့၏ မင်းကွန်းသစ်

သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးစဉ် ကပိလဝတ်ပြည်သား သာကီဝင်မင်းသားတို့သည် ဗုဒ္ဓထံ ချဉ်းကပ်ကာ မိမိတို့၏ မင်းကွန်း အဆောက်အအုံသစ်သို့ ကြွရောက်သီတင်းသုံးရန် ပင့်လျှောက်ကြသည်။ ဗုဒ္ဓက ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူသောအခါ ထိုမင်းသားတို့သည် မင်းကွန်း၌ နေရာခင်းခြင်း၊ သောက်ရေသုံးရေ တည်ခြင်း စသော ပြင်ဆင်မှုများကို ပြုလုပ်ကြပြီး ဗုဒ္ဓအား ထပ်မံလျှောက်ကြားကြလေသည်။

ဗုဒ္ဓသည် ရဟန်းအပေါင်းနှင့်တကွ မင်းကွန်းသို့ ကြွ၍ သီတင်းသုံးတော်မူသည်၊ မင်းသားတို့သည်လည်း မင်းကွန်းသို့ ဝင်၍ မြတ်စွာဘုရားရှေ့မှောက်ဝယ် ထိုင်နေကြလေသည်။ ဗုဒ္ဓသည် မင်းသားတို့အား ညဦးယံတွင် တရားဟောကြားတော်မူပြီး၊ ရှင်အာနန္ဒာအား "အာနန္ဒာ၊ သင်သည် သာကီဝင်မင်းသားတို့အား သေက္ခပုဂ္ဂိုလ်တို့၏ အကျင့်ကို ထင်ရှားအောင် ဟောကြားလော့၊ ငါသည် ကျောဆန့်ဦးအံ့" ဟု မိန့်တော်မူကာ ခြင်္သေ့မင်းကဲ့သို့ လျောင်းစက်ခြင်း ပြုတော်မူလေသည်။

### သေက္ခအကျင့်

ထိုအခါရှင်အာနန္ဒာသည် မဟာနာမ်မည်သော သာကီဝင်မင်းသားအား (ဦးတည်၍) သေက္ခ ပုဂ္ဂိုလ်တို့၏ အကျင့်ကို ဟောကြားလေသည်။

www.dhammaransi.com



"မဟာနာမ်၊ ဤလောကၶ အကြင်အရိယာတပည့်သည် သီလနှင့် ပြည့်စုံ၏၊ လုံခြုံသော ဣန္ဒြေ တံခါးရှိ၏။ စားသောက်မှု၌ အတိုင်းအဆကို သိ၏၊ နိုးကြားမှု၌ အားထုတ်၏။ သူတော်ကောင်းတရား ခုနစ်ပါးနှင့် ပြည့်စုံ၏၊ မြတ်သော စိတ်နှင့် ယှဉ်သည့် ချမ်းသာစွာ နေနိုင်ကြောင်း ဖြစ်သော ဈာန်လေးပါးတို့ကို မငြိုငြင် မပင်ပန်းဘဲ အလိုရှိတိုင်း ဝင်စား၍ နေ၏။ ဤအရိယာတပည့်ကို သေက္ခ ပုဂ္ဂိုလ်တို့၏ အကျင့်နှင့်ပြည့်စုံသူဟူ၍ ဆိုအပ်၏။

## သီလနှင့် ပြည့်စုံပုံ

"မဟာနာမ်၊ ထိုအရိယာတပည့်သည် မည်သို့လျှင် သီလနှင့် ပြည့်စုံသနည်း ဆိုသော်– ထိုတပည့်သည် သီလရှိ၏၊ ပါတိမောက္ခသံဝရသီလကို စောင့်ထိန်းလျက်၊ အပြစ်ကင်းသော ကျက်စားရာရှိသည်ဖြစ်၍ နေ၏။ သေးငယ်သော အပြစ်တို့၌ ပင် ကြောက်ရွံ့ဖွယ်ဟု ရှုမြင်လျက် သိက္ခာပုဒ်များကို စွဲမြဲဆောက်တည်ကျင့်သုံး ၏။ ဤသို့လျှင် အရိယာတပည့်သည် သီလနှင့် ပြည့်စုံသူ ဖြစ်၏။"

## ဣန္ဒြေစောင့်ထိန်းပုံ

"မဟာနာမ်၊ အရိယာတပည့်သည် မည်သို့လျှင် လုံခြုံသော ဣန္ဒြေတံခါး ရှိသနည်းဆိုသော်– ထိုအရိယာတပည့်သည် မျက်စိဖြင့် အဆင်းအာရုံကို မြင်သော် မိန်းမယောက်ျားစသော သဏ္ဌာန်နိမိတ်ကို စွဲယူလေ့မရှိ။ ပြုံးခြင်း၊ ရယ်ခြင်း စသော အမူအရာလက္ခဏာကို စွဲယူလေ့ မရှိ။ နားဖြင့် အသံကိုကြားခြင်း၊ နှာခေါင်းဖြင့် အနံ့ကို နံခြင်း စသည်တို့၌လည်း ထို့အတူ စောင့်စည်း၏။ ယင်းသို့ စောင့်စည်းသော အရိယာတပည့်အား သူတစ်ပါးပစ္စည်းကို မိမိသို့ ရှေးရှုကြံခြင်း၊ စိတ်နှလုံး မသာခြင်း ဟူသော အကုသိုလ်တရားတို့သည် မနှိပ်စက်နိုင်ကြတော့ချေ။ ဤသို့လျှင် အရိယာတပည့်သည် လုံခြုံသော ဣန္ဒြေတံခါးရှိသူ ဖြစ်လေ၏။"

## အတိုင်းအရှည်သိပုံ

"မဟာနာမ်၊ အရိယာတပည့်သည် မည်သို့လျှင် စားသောက်မှု၌ အတိုင်း အဆကို သိသနည်းဆိုသော်– ထိုအရိယာတပည့်သည် သင့်လျော်စွာဆင်ခြင်၍ စားသောက်ဖွယ်ကို စားသုံး၏၊ မြူးဝူး ပျော်ပါးရန်၊ မာန်ယစ်ရန်၊ အသားအရေ ပြည့်ဖြိုးရန်၊ အရေအဆင်း ကြည်လင်လှပရန် စားသုံးသည် မဟုတ်။ ခန္ဓာကိုယ်

www.dhammaransi.com



တည်တံ့ရန်၊ ဆာလောင်မွတ်သိပ်မှု ပြေပျောက်ရန်၊ အကျင့်မြတ်ကို ကျင့်ကြံအား ထုတ်နိုင်ရန် အတွက်သာ စားသုံး၏။ ဝေဒနာဟောင်း ပျောက်၍ ဝေဒနာသစ် မဖြစ်ရန်၊ အပြစ်ကင်းကွာချမ်းသာစွာ နေနိုင်ရန်အတွက်သာ စားသောက်ဖွယ်ကို စားသုံး၏။ ဤသို့လျှင် အရိယာတပည့်သည် စားသောက်မှု၌ အတိုင်းအဆကို သိသူဖြစ်လေ၏။"

## နိုးကြားမှုရှိပုံ

"မဟာနာမ်၊ အရိယာတပည့်သည် မည်သို့လျှင် နိုးကြားမှု၌ အားထုတ် သနည်း ဆိုသော်– ထိုအရိယာတပည့်သည် နေ့အချိန်၌လည်းကောင်း၊ ညဦးယံ၌ လည်းကောင်း စင်္ကြံသွားခြင်း၊ ထိုင်ခြင်းဖြင့် နီဝရဏတရားတို့မှ စိတ်ကို ကင်းကွာ စေ၏။ သန်းကောင်ယံအချိန်၌ ခြေတစ်ဖက်ပေါ်တွင် အခြား ခြေတစ်ဖက်ကို အနည်းငယ်လွန်၍ တင်ထားပြီး၊ သတိသမ္ပဇဉ်မကင်းကွာဘဲ 'ထမည်' ဟူသော နှလုံးသွင်းမှုကို ဖြစ်စေလျက် လက်ယာဘက်နံပါးဖြင့် စောင်း၍ ခြင်္သေ့မင်းကဲ့သို့ မြတ်သော အိပ်ခြင်းကို ပြု၏။ မိုးသောက်ယံသို့ ရောက်သောအခါ စောစောထ၍ စင်္ကြံလျှောက်ခြင်း၊ ထိုင်ခြင်းဖြင့် နီဝရဏတရားတို့မှ စိတ်ကို ကင်းကွာစေ၏။ ဤသို့လျှင် အရိယာတပည့်သည် နိုးကြားမှု၌ အားထုတ်သူ ဖြစ်လေ၏။"

## သူတော်ကောင်းတရား ခုနစ်ပါး

"မဟာနာမ်၊ အရိယာတပည့်သည် မည်သို့လျှင် သူတော်ကောင်းတရား ခုနစ်ပါးနှင့် ပြည့်စုံသနည်းဆိုသော်– ထိုအရိယာတပည့်သည် ယုံကြည်ခြင်းသဒ္ဓါ၊ မကောင်းမှုမှ ရှက်ခြင်း ဟိရိ၊ ကြောက်လန့်ခြင်း ဩတ္တပ္ပ၊ အကြားအမြင် သုတ တို့နှင့် ပြည့်စုံ၏။ အကုသိုလ်တရားများကို ပယ်၍ ကုသိုလ်တရားများနှင့် ပြည့်စုံစေရန် ကြိုးစားအားထုတ်မှု ဝီရိယရှိ၏။ လွန်ကဲသော သတိ၊ ပညာတို့နှင့် လည်း ပြည့်စုံ၏။ ဤသို့လျှင် အရိယာတပည့်သည် သူတော်ကောင်းတရား ခုနစ်ပါးနှင့် ပြည့်စုံသူဖြစ်လေသည်။

## ဈာန်ဝင်စားနိုင်ခြင်း

"မဟာနာမ်၊ အရိယာတပည့်သည် မည်သို့လျှင် မြတ်သော စိတ်နှင့်ယှဉ် သည့် မျက်မှောက်ချမ်းသာစွာ နေနိုင်ကြောင်း ဖြစ်သော ဈာန်လေးပါးတို့ကို

www.dhammaransi.com



မငြိုငြင် မပင်ပန်းဘဲ အလိုရှိတိုင်း ဝင်စား၍ နေနိုင်သနည်းဆိုသော်– ထိုအရိယာတပည့်သည် ကာမဂုဏ်တို့မှလည်းကောင်း၊ အကုသိုလ်တရားတို့မှ လည်းကောင်း ကင်းဆိတ်၍ ကြံစည်ခြင်း၊ ဆင်ခြင်သုံးသပ်ခြင်းတို့နှင့် တကွ ဖြစ်သော၊ ကိလေသာ ဆိတ်သုဉ်းမှုကြောင် ဖြစ်သည့် နှစ်သိမ့်ခြင်း၊ ချမ်းသာခြင်းရှိသော ပထမဈာန်ကို ဝင်စား၍နေ၏။ ထို့အတူ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်တို့ကိုလည်း ဝင်စား၍နေ၏။ ဤသို့လျှင် အရိယာတပည့်သည် မြတ်သောစိတ်နှင့်ယှဉ်သည့် မျက်မှောက်ချမ်းသာစွာ နေနိုင်ကြောင်း ဖြစ်သော ဈာန်လေးပါးတို့ကို မငြိုမငြင် မပန်ပန်းဘဲ အလိုရှိတိုင်း ဝင်စား၍နေနိုင်သူ ဖြစ်လေ၏။"

## ဥခွံတွင်းမှ ဖောက်ထွက်လာသူ

"မဟာနာမ်၊ ဤသို့ အကျင့်သီလ၊ လုံခြုံသောဣန္ဒြေတံခါး၊ စားသောက်မှု၌ အတိုင်းအဆကို သိခြင်း၊ နိုးကြားမှု၌ အားထုတ်ခြင်း၊ သူတော်ကောင်း တရား ခုနစ်ပါး၊ ဈာန်လေးပါးတို့နှင့် ပြည့်စုံသော အရိယာတပည့်ကို သေက္ခပုဂ္ဂိုလ်တို့၏အကျင့်မြတ်နှင့် ပြည့်စုံသူဟူ၍ဆိုအပ်၏။ ထိုသူသည် အဝိဇ္ဇာတည်းဟူသော ဥခွံတွင်းမှ ဖောက်ထွက်၍ အမှန်တရားကို သိမြင်ရန် ထိုက်တန်သူ ဖြစ်၏။ ဥပမာ– မိခင်ကြက်မကြီးက ကောင်းစွာ ဝပ်၍ အငွေ့ပေးအပ်သော ကြက်ဥတို့သည် ဥခွံမှ ထွက်၍ ချမ်းသာစွာ ပေါက်ဖွားရန် ထိုက်တန်ဘိသကဲ့သို့ ဖြစ်၏။

'မဟာနာမ်၊ အရိယာတပည့်သည် ထူးကဲသော လျစ်လျူရှုမှုကြောင့် ဖြစ်ပေါ်လာသည့် သတိ၏ စင်ကြယ်ခြင်းကို အစွဲပြု၍ များစွာသော ဘဝဟောင်းတို့ကို ပြန်ပြောင်းအောက်မေ့နိုင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ရရှိ၏။ ယင်းသည် အဝိဇ္ဇာဥခွံတွင်းမှ ပထမအကြိမ် ဖောက်ထွက်လာခြင်းဖြစ်၏။

'ထိုသတိ၏ စင်ကြယ်ခြင်းကိုပင် အစွဲပြု၍ သတ္တဝါတို့၏ သေခြင်း၊ ဖြစ်ပေါ်ခြင်းကို သိမြင်နိုင်သည့် နတ်မျက်စိနှင့် တူသော ဒိဗ္ဗစက္ခုဉာဏ်ကို ရရှိ၏။ ယင်းသည် အဝိဇ္ဇာဥခွံတွင်းမှ ဒုတိယအကြိမ် ဖောက်ထွက်လာခြင်းဖြစ်၏။

'ထိုသတိ၏ စင်ကြယ်ခြင်းကိုပင် အစွဲပြု၍ အာသဝေါကင်းသော လွတ်မြောက်မှုကို အသိဉာဏ်ထူးဖြင့် မျက်မှောက်ပြု၍နေနိုင်၏။ ယင်းကား အဝိဇ္ဇာ ဥခွံတွင်းမှ တတိယအကြိမ်မြောက်ဖောက်ထွက်လာခြင်း ဖြစ်၏။"

## ဝိဇ္ဇာနှင့်စရဏ

"မဟာနာမ်၊ ထိုအရိယာတပည့်၏ အကျင့်သီလ၊ လုံခြုံသော ဣန္ဒြေတံခါး၊ စားသောက်မှုတို့၌ အတိုင်းအဆကို သိခြင်း၊ နိုးကြားမှု၌ အားထုတ်ခြင်း၊ သူတော်

www.dhammaransi.com



ကောင်းတရားခုနစ်ပါး၊ ဈာန်လေးပါးတို့သည် အကျင့် 'စရဏ' မည်၏။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်နှင့် ဝိမုတ္တိတို့သည် အသိဉာဏ် 'ဝိဇ္ဇာ'မည်၏။ ထိုအရိယာတပည့်ကိုလည်း ဝိဇ္ဇာ, စရဏနစ်ပါးနှင့် ပြည့်စုံသူဟူ၍ ဆိုအပ်၏။ အမျိုးလေးပါးတို့တွင် မင်းမျိုးကို အမြတ်ဆုံးဟု ဆိုအပ်သကဲ့သို့ ဝိဇ္ဇာ, စရဏနစ်ပါးနှင့် ပြည့်စုံသူကိုလည်း ဤလောက၌ အမြတ်ဆုံးဟု ဆိုအပ်၏။"

ရှင်အာနန္ဒာက ဤသို့ ဟောကြားသောအခါ ဗုဒ္ဓမြတ်စွာသည် လျောင်းစက်ရာမှ ထလာတော်မူပြီး ရှင်အာနန္ဒာအား ချီးကျူးစကား မိန့်ကြားတော်မူသည်။ သာကီဝင်မင်းသားတို့သည်လည်း ရှင်အာနန္ဒာ၏ ဟောကြားချက်ကို လွန်စွာနှစ်သက်ကြလေသည်။

www.dhammaransi.com

# ၃၄။ ပေါတလိယသုတ်

## ပေါတလိယသူကြွယ်အား ဟောသောတရား

### လောကဝေါဟာရကို ဖြတ်သူ

အင်္ဂုတ်တိုင်း မြောက်ပိုင်း အာပဏနိဂုံး၌ သီတင်းသုံးနေသော ဗုဒ္ဓမြတ်စွာသည် တစ်နေ့၌ ဆွမ်းကိစ္စပြီးစီးချိန်တွင် တောအုပ်တစ်ခုအတွင်း ရှိ သစ်ပင် တစ်ပင်အောက်သို့ ကြွရောက်၍ ထိုင်နေတော်မူ၏။ ထိုစဉ်တွင် ပေါတလိယ မည်သော သူကြွယ်သည် ကောင်းမွန်စွာ ဝတ်စားဆင်ယင်လျက်၊ ဖိနပ်စီး၊ ထီးဆောင်းကာ လမ်းလျှောက်ရင်း ဗုဒ္ဓထံပါးသို့ ဆိုက်ရောက်လာ၏။ ဗုဒ္ဓက "သူကြွယ် ထိုင်လိုက ထိုင်လော့" ဟု မိန့်ကြားလျှင် မိမိအား 'သူကြွယ်' ဟု ခေါ်သည့် အတွက် စိတ်ဆိုးကာ စကားတုံ့ မပြန်ဘဲ ဆိတ်ဆိတ်နေလေ၏။ ဗုဒ္ဓက သုံးကြိမ် တိုင်အောင် ထပ်မံမိန့်ကြားသည့်အခါ မိမိအား သူကြွယ်ဟု မခေါ်သင့်ကြောင်း လျှောက်ကြားလေသည်။

"အရှင်ဂေါတမ၊ အရှင်သည် ကျွန်ုပ်အား 'သူကြွယ်' ဟု ခေါ်ခြင်းမှာ မသင့်လျော်ပါ"

"သူကြွယ်၊ သင်၏ အသွင်အပြင် အမူအရာများမှာ 'သူကြွယ်' ကဲ့သို့ပင် ဖြစ်ပေ၏"

"အရှင်ဂေါတမ၊ ကျွန်ုပ်သည် လုပ်မှုကိစ္စအားလုံးကို စွန့်ပယ်ထားပါသည်။ လူ့အသုံးအနှုန်းမှန်သမျှကိုလည်း ဖြတ်တောက်ထားပါသည်"

www.dhammaransi.com



"သူကြွယ်၊ သင်သည် လူမှုကိစ္စအားလုံးကို မည်သို့ စွန့်ပယ်ထားသနည်း၊ လူ့အသုံးအနှုန်း မှန်သမျှကိုလည်း မည်သို့ ဖြတ်တောက်ထားသနည်း"

"အရှင်ဂေါတမ၊ ကျွန်ုပ်သည် ရှိသမျှ စပါးဆန်ရေ ရွှေငွေပစ္စည်းအားလုံးကို သားသမီးတို့အား ခွဲဝေပေးလိုက်ပါသည်။ ထိုပစ္စည်းများ၌ တစ်စုံတစ်ရာမျှ ကျွန်ုပ် ပြောဆိုညွှန်ကြားခြင်း မရှိတော့ပါ။ ကျွန်ုပ်တစ်ယောက်စာ စားလောက် ဝတ်လောက်ရုံမျှဖြင့်သာ နေပါသည်။ ဤသို့လျှင် ကျွန်ုပ်သည် လူမှုကိစ္စအားလုံးကို စွန့်ပယ်ထားပါသည်၊ လူ့အသုံးအနှုန်းမှန်သမျှကိုလည်း ဖြတ်တောက်ထားပါသည်"

"သူကြွယ်၊ သင်၏ လူ့အသုံးအနှုန်းကို ဖြတ်ပုံနှင့် အရိယာတို့ အဆုံးအမ၌ လူ့အသုံးအနှုန်းကို ဖြတ်ပုံတို့ကား တစ်မျိုးတစ်ဖုံစီ ဖြစ်ပေ၏"

"အရှင်ဂေါတမ၊ အရိယာတို့၏ အဆုံးအမ၌ လူ့အသုံးအနှုန်းကို ဖြတ်ပုံကား မည်သို့ပါနည်း၊ ဟောကြားတော်မူပါလော့"

## လူ့အသုံးအနှုန်းကို ဖြတ်ပုံရှစ်မျိုး

ပေါတလိယသူကြွယ်က ယင်းသို့ တောင်းပန်သောအခါ ဗုဒ္ဓမြတ်စွာသည် အရိယာသူမြတ်တို့၏ အဆုံးအမ၌ လူ့အသုံးအနှုန်းကို ဖြတ်ခြင်းသည် ရှစ်မျိုးရှိကြောင်း အကျဉ်းအားဖြင့် ဟောကြားတော်မူသည်။ ယင်းရှစ်မျိုးကား−

(၁) သူ့အသက်သတ်ခြင်းကို ပယ်ခြင်း၊
(၂) သူ့ဥစ္စာခိုးယူခြင်းကို ပယ်ခြင်း၊
(၃) မုသားစကားပြောခြင်းကို ပယ်ခြင်း၊
(၄) ကုန်းချောစကားပြောခြင်းကို ပယ်ခြင်း၊
(၅) လိုချင်တပ်မက်မှုကို ပယ်ခြင်း၊
(၆) ကဲ့ရဲ့ချုပ်ချယ်မှုကို ပယ်ခြင်း၊
(၇) အမျက်ထွက်ခြင်း၊ လွန်စွာ ပင်ပန်းခြင်းကို ပယ်ခြင်း၊
(၈) လွန်စွာ မာန်မူခြင်းကို ပယ်ခြင်းတို့ ဖြစ်၏။

## အကျယ်ဟောကြားချက်

အထက်ပါ လူ့အသုံးအနှုန်းဖြတ်ခြင်း ရှစ်မျိုးကို အကျယ်ချဲ့၍ ဟောကြားရန် ပေါတလိယသူကြွယ်က တောင်းပန်သဖြင့် ဗုဒ္ဓက အောက်ပါအတိုင်း ဆက်လက်ဟောကြားတော်မူသည်။

စပယ်ဦးစာပေ

www.dhammaransi.com



"သူကြွယ်၊ သူ့အသက်ကို သတ်သူသည် မိမိကိုယ်မိမိလည်း စွပ်စွဲရာ၏။ ပညာရှိတို့ ကဲ့ရဲ့ခြင်းကိုလည်း ခံရရာ၏။ သေပြီးနောက်၌လည်း အပါယ်လေးဘုံသို့ ကျရောက်ရာ၏။ စင်စစ် သူ့အသက်ကို သတ်ခြင်းသည် အနှောင်အဖွဲ့တစ်မျိုး၊ အနှောင့်အယှက် တစ်မျိုး ဖြစ်၏။ သူ့အသက်ကို သတ်ခြင်းဟူသော အကြောင်းကြောင့် ဖြစ်ပေါ်သည့် ပင်ပန်းခြင်း၊ ပူပန်ခြင်းဟူသော ဆင်းရဲဒုက္ခတို့သည် သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်သူအား ဖြစ်ပေါ်မည် မဟုတ်။ သူကြွယ်၊ အရိယာတပည့်သည် ဤအကြောင်းကို ဆင်ခြင်၍ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်၏"

[သူ့ဥစ္စာ ခိုးယူခြင်းကို ပယ်ခြင်း၊ မုသားစကား ပြောခြင်းကို ပယ်ခြင်း စသည်တို့၌လည်း အထက်ပါနည်းအတိုင်း ဟောကြားပါသည်။]

## လူ့အသုံးအနှုန်း လုံးဝပြတ်ပုံ

"သူကြွယ်၊ အရိယာတို့၏ အဆုံးအမ၌ လူ့အသုံးအနှုန်းကို ဖြတ်ခြင်းတို့သည် ဤရှစ်မျိုးတို့ပင် ဖြစ်၏။ သို့သော် ဤမျှဖြင့် လူ့အသုံးအနှုန်း လုံးဝပြတ်သွားသည်ကား မဟုတ်ပေ"

"အရှင်ဘုရား၊ မည်မျှသော အတိုင်းအတာဖြင့် အရိယာ အဆုံးအမ၌ လူ့အသုံးအနှုန်း လုံးဝပြတ်ခြင်းသည် ဖြစ်ပါသနည်း၊ ဟောကြားတော်မူပါဦးလော့"

"သူကြွယ်၊ အရိယာတပည့်သည် ကာမဂုဏ်တို့၏ အမဲရိုး၊ သားတစ်၊ မြက်မီးရှူး၊ မီးကျီးတွင်းတို့နှင့်တူ၍ ဆင်းရဲပင်ပန်းခြင်းကို ဖြစ်စေပုံ၊ အိမ်မက်နှင့်တူ၍ အစစ်အမှန် မဟုတ်ပုံ၊ ငှားရမ်းအပ်သော ပစ္စည်းနှင့်တူ၍ မိမိမပိုင်ဆိုင်ပုံ၊ ချိုသောအသီးရှိသော သစ်ပင်နှင့်တူ၍ ဘေးအန္တရာယ်ရှိပုံတို့ကို ပညာဖြင့် ဆင်ခြင်၍ အမျိုးမျိုးသော သဘောရှိသော ဥပေက္ခာကို ရှောင်ပြီး၊ တစ်ခုသော သဘောရှိသော ဥပေက္ခာကို ပွားများ၏။ ထိုအရိယာတပည့်သည် မြတ်သော ဥပေက္ခာကြောင့်ဖြစ်သည့် သတိစင်ကြယ်ခြင်းကို အစွဲပြု၍ ဘဝဟောင်းတို့ကို ပြန်ပြောင်းအောက်မေ့နိုင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ သတ္တဝါတို့၏ သေခြင်း ဖြစ်ခြင်းကို သိမြင်နိုင်သော ဒိဗ္ဗစက္ခုဉာဏ်နှင့် အာသဝေါကင်းသော လွတ်မြောက်မှုတို့ကို မျက်မှောက်ပြုလေ၏။ သူကြွယ်၊ ဤမျှသော အတိုင်းအတာဖြင့် အရိယာ အဆုံးအမ၌ လူ့အသုံးအနှုန်း လုံးဝပြတ်ခြင်းသည် ဖြစ်ပေ၏။ သူကြွယ်၊ ဤကဲ့သို့သော လူ့အသုံးအနှုန်းပြတ်ခြင်းကို သင်၏ ကိုယ်၌ တွေ့မြင်ပါ၏လော"

www.dhammaransi.com



"အရှင်ဘုရား၊ ကျွန်ုပ်သည် ထိုကဲ့သို့သော လူ့အသုံးအနှုန်းပြတ်ခြင်းမျိုးမှ အလှမ်းဝေးလှပါသည်။ ကျွန်ုပ်တို့သည် ရှေးအခါက တစ်ပါးသော အယူရှိသော ပရိဗိုဇ်တို့ကို တတ်သိလိမ္မာသူများဟု ထင်ခဲ့ကြပါသည်။ ရဟန်းများကိုမူ တတ်သိလိမ္မာမှု မရှိသူများဟု မှတ်ထင်ခဲ့ကြပါသည်။ ယခုအခါ၌ကား ကျွန်ုပ်တို့သည် ပရိဗိုဇ်တို့ကို တတ်သိလိမ္မာမှု မရှိသူများဟု မှတ်ယူ၍ ရဟန်းများကိုသာ တတ်သိလိမ္မာသူများဟု မှတ်ယူကြပါကုန်တော့အံ့၊ မြတ်စွာဘုရားသည် ကျွန်ုပ်အား ရဟန်းတို့အပေါ် မြတ်နိုးကြည်ညို ရှိသေခြင်းကို ဖြစ်ပေါ်စေခဲ့ပါသည်"

ဤသို့လျှင် ပေါတလိယသူကြွယ်သည် မြတ်စွာဘုရား၏ ဟောကြားချက်ကို လွန်စွာ နှစ်သက်ကြောင်း မြွက်ဟလျှောက်ကြားပြီး ဥပါသကာအဖြစ် ခံယူကာ ဗုဒ္ဓထံပါးမှ ထွက်ခွာသွားလေသည်။

www.dhammaransi.com

# ၅၅။ ဇီဝကသုတ်

## ဇီဝကအား မစားအပ်သော အသားကို ဟောကြားခြင်း

### မစားအပ်သော အသား

ရာဇဂြိုဟ်ပြည် ဇီဝက၏ သရက်ဥယျာဉ်၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးနေစဉ် အဘယမင်းသား၏ မွေးစားသားဖြစ်သော ဇီဝကသည် ဗုဒ္ဓထံချဉ်းကပ်၍ "အရှင်ဘုရား၊ 'ရဟန်းဂေါတမသည် မိမိအားရည်ရွယ်၍ ပြုအပ်သော အသားကို သိလျက်နှင့်ပင် စားသုံး၏' ဟူ၍ ပြောဆိုကြသည်ကို တပည့်တော် ကြားရပါသည်။ ယင်းသို့ ပြောဆိုသူများသည် အမှန်ကို ပြောဆိုသူများ ဖြစ်ကြပါသလော" ဟူ၍ မေးလျှောက်၏။ ထိုအခါ ဗုဒ္ဓမြတ်စွာက ယင်းသို့ ပြောဆိုသူများသည် အမှန်ကို ပြောဆိုသူများ မဟုတ်၊ မဟုတ်မမှန် လုပ်ကြံစွပ်စွဲသူများသာ ဖြစ်ကြောင်း ဖြေကြားတော်မူသည်။

"အချင်း ဇီဝက၊ ငါသည် မြင်ခြင်း၊ ကြားခြင်း၊ ယုံမှားခြင်း ဟူသော အကြောင်းသုံးပါးဖြင့် အသားကို မစားအပ်ဟူ၍ ဟောကြား၏။ မမြင်ခြင်း၊ မကြားခြင်း၊ မယုံမှားခြင်း ဟူသော အကြောင်းသုံးပါးဖြင့် အသားကို စားအပ်၏ဟု ဟောကြား၏။"

### အပြစ်မရှိသော စားဖွယ်

"အချင်းဇီဝက၊ ဤသာသနာ၌ ရဟန်းတစ်ပါးသည် ရွာနိဂုံးတစ်ခုကို အမှီပြုလျက် မေတ္တာ၊ ကရုဏာစသော ဗြဟ္မဝိဟာရလေးပါးဖြင့် သတ္တဝါအားလုံး

www.dhammaransi.com



အပေါ် ဖြန့်၍ နေထိုင်၏။ ထိုရဟန်းကို သူကြွယ်တစ်ယောက်က ပင့်ဖိတ်၍ ဆွမ်းကပ်၏။ ထိုရဟန်းအား 'ဤသူကြွယ်သည် နောက်တစ်ကြိမ် ငါ့ကို ကောင်းမွန်သော ဆွမ်းဖြင့် လုပ်ကျွေးပါမူ ကောင်းလေစွ' ဟု အကြံ မဖြစ်။ ထိုဆွမ်းကိုလည်း မက်မောခြင်းမရှိဘဲ ဉာဏ်ဖြင့် ဆင်ခြင်၍ စား၏။ အချင်းဇီဝက၊ သင်မည်သို့ ထင်သနည်း၊ ထိုရဟန်းသည် မိမိကိုယ်ကို ဆင်းရဲစေရန်သော်လည်းကောင်း၊ သူတစ်ပါးကို ဆင်းရဲစေရန် သော်လည်းကောင်း စေ့ဆော်အားထုတ်ခြင်း ပြုပါသလော"

"အရှင်ဘုရား၊ ထိုရဟန်းသည် မိမိ သူတစ်ပါး နှစ်ဦးသားလုံးကို ဆင်းရဲစေရန် စေ့ဆော်အားထုတ်ခြင်း မပြုပါ"

"အချင်း ဇီဝက။ ထိုရဟန်းသည် အပြစ်မရှိသော စားဖွယ်ကိုပင် စားသည် မဟုတ်ပါလော"

"အရှင်ဘုရား၊ ထိုရဟန်းသည် အပြစ်မရှိသော စားဖွယ်ကိုပင် စားပါ၏။ အရှင်ဘုရား၊ ဗြဟ္မာသည် မေတ္တာဖြင့် နေလေ့ရှိ၏ဟု တပည့်တော်ကြားဖူးပါသည်။ ယခု ထိုဗြဟ္မာကို တပည့်တော် တပ်အပ်ထင်ထင် တွေ့မြင်ရပါပြီ။ အကြောင်းကား မြတ်စွာဘုရားသည် မေတ္တာဖြင့်နေလေ့ရှိသော ပုဂ္ဂိုလ်ဖြစ်သော ကြောင့်ပါတည်း"

"အချင်းဇီဝက၊ ငါသည် ပျက်စီးစေလိုခြင်း၊ ညှဉ်းဆဲလိုခြင်း၊ မမွေ့လျော်ခြင်း၊ စိတ်ဆိုးခြင်းတို့ကို ဖြစ်စေတတ်သည့် ရာဂ ဒေါသ မောဟ တို့ကို အကြွင်းမဲ့ ပယ်ပြီးဖြစ်၏။ ဤသဘောကို ရည်ရွယ်၍ သင်ပြောဆိုခဲ့သော် သင့်စကားကို ငါ လက်ခံပေ၏"

"အရှင်ဘုရား၊ တပည့်တော်သည် ဤသဘောကို ရည်ရွယ်၍ ပြောဆိုခြင်း ဖြစ်ပါသည်"

## မကောင်းမှုတိုးပွားကြောင်း ငါးပါး

"အချင်းဇီဝက၊ မြတ်စွာဘုရားကိုသော်လည်းကောင်း၊ မြတ်စွာဘုရား၏ တပည့် သာဝကကို သော်လည်းကောင်း ရည်ရွယ်၍ သတ္တဝါကို သတ်ဖြတ်ညှဉ်းဆဲသူသည် 'ဤမည်သော သတ္တဝါကို ယူဆောင်ခဲ့ကြကုန်လော့' ဟူ၍ ပြောဆိုခြင်း၊ ယူဆောင်လာသော သတ္တဝါအား ကိုယ်စိတ်ဆင်းရဲမှုကို ဖြစ်စေခြင်း၊ 'ဤသတ္တဝါကို သတ်ကြလော့' ဟု စေခိုင်းခြင်း၊ အသတ်ခံရသော သတ္တဝါ၏ ကိုယ်စိတ်ဆင်းရဲခြင်း၊ မြတ်စွာဘုရားကိုသော်လည်းကောင်း၊ မြတ်စွာဘုရား၏ တပည့်သာဝကကို

www.dhammaransi.com



သော်လည်းကောင်း မအပ်စပ်သော အသားဖြင့် အရှိန်အစော်မဲ့စေခြင်း' ဟူသော အကြောင်းငါးပါးဖြင့် များစွာသော မကောင်းမှုကို ပွားစေ၏"

ဗုဒ္ဓမြတ်စွာက ဤသို့ မိန့်ကြားသောအခါ ဇီဝကသည် "အရှင်ဘုရား၊ ရဟန်းတို့သည် အပြစ်ကင်းသော စားဖွယ်ကိုသာ စားသုံးကြပါပေသည်" ဟူ၍ ကျေနပ်နှစ်သက်စွာ လျှောက်ကြားပြီး ဗုဒ္ဓထံပါးမှ ဖဲခွာသွားလေသည်။

www.dhammaransi.com

# ၅၆။ ဥပါလိသုတ်

## ဥပါလိသူကြွယ်အား ကံသုံးပါးကို ဟောကြားခြင်း

### ဒဏ်သုံးပါးနှင့် ကံသုံးပါး

နာလန္ဒမြို့ ပါဝါရိက သူဌေး၏ သရက်ဥယျာဉ်၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးနေစဉ် ဒီဃတပဿီမည်သော နိဂဏ္ဌပရိဗိုဇ်သည် ဗုဒ္ဓထံချဉ်းကပ်၍ ဝမ်းမြောက်ဖွယ်စကားများကို ပြောဆိုပြီး နိမ့်သော နေရာ၌ ထိုင်နေလေ၏။ ဗုဒ္ဓသည် ထိုနိဂဏ္ဌအား "အချင်းတပဿီ၊ သင့်ဆရာ နာဋပုတ္တနိဂဏ္ဌသည် မကောင်းမှုပြုခြင်း၊ ဖြစ်ခြင်း၌ မည်မျှသောကံတို့ကို ပညတ်ပါသနည်း" ဟု မေးတော်မူ၏။ ထိုနိဂဏ္ဌက "ငါ့ရှင်ဂေါတမ၊ နာဋပုတ္တသည် ကံဟု ပညတ်လေ့မရှိ။ ဒဏ်ဟုသာ ပညတ်လေ့ရှိပါသည်" ဟူ၍ ဖြေကြား၏။ ထိုအခါ ဗုဒ္ဓက မေးခွန်းကို ပြင်၍ မေးတော်မူလေသည်။

"အချင်း တပဿီ၊ နာဋပုတ္တသည် မကောင်းမှုပြုခြင်း၊ ဖြစ်ခြင်း၌ မည်မျှသော ဒဏ်တို့ကို ပညတ်ပါသနည်း"

"ငါ့ရှင် ဂေါတမ၊ နာဋပုတ္တသည် မကောင်းမှုပြုခြင်း၊ ဖြစ်ခြင်း၌ ကာယဒဏ်၊ ဝစီဒဏ်၊ မနောဒဏ်ဟူသော ဒဏ်သုံးပါးကို ပညတ်ပါသည်"

"အချင်းတပဿီ၊ ထိုဒဏ်သုံးပါးတို့သည် တစ်ပါးနှင့်တစ်ပါး ကွဲပြားခြားနားကြပါသလော"

"ငါ့ရှင် ဂေါတမ၊ ထိုဒဏ်သုံးပါးတို့သည် တစ်ပါးနှင့်တစ်ပါး ကွဲပြားခြားနားကြပါသည်"

www.dhammaransi.com



"အချင်း တပဿီ၊ ဤသို့ ကွဲပြားခြားနားသော ဒဏ်သုံးပါးတို့တွင် အဘယ်ဒဏ်ကို အပြစ်အကြီးဆုံးဟု နာဋပုတ္တက ပညတ်ပါသနည်း"

"ငါ့ရှင် ဂေါတမ၊ ဒဏ်သုံးပါးတို့တွင် ကာယဒဏ်ကို အပြစ်အကြီးဆုံး ဟူ၍ နာဋပုတ္တက ပညတ်ပါသည်"

ဤသို့ နိဂဏ္ဌက ဖြေသောအခါ ဗုဒ္ဓက ထိုအဖြေ ခိုင်မြဲစေရန် သုံးကြိမ် တိုင်အောင် ထပ်၍ မေးတော်မူသည်။ နိဂဏ္ဌကလည်း ဗုဒ္ဓအား ပြန်၍ မေးပြန်၏။

"ငါ့ရှင် ဂေါတမ၊ သင်သည်ကား မကောင်းမှုပြုခြင်း၊ ဖြစ်ခြင်း၌ မည်မျှ သော ဒဏ်တို့ကို ပညတ်ပါသနည်း"

"အချင်းတပဿီ၊ ငါသည် ဒဏ်ဟု ပညတ်လေ့မရှိ၊ ကံဟုသာ ပညတ်လေ့ ရှိ၏"

"ငါ့ရှင် ဂေါတမ၊ သင်သည် မည်မျှသော ကံတို့ကို ပညတ်ပါသနည်း"

"အချင်း တပဿီ၊ ငါသည် မကောင်းမှုပြုခြင်း၊ ဖြစ်ခြင်း၌ ကာယကံ၊ ဝစီကံ၊ မနောကံဟူသော ကံသုံးပါးကို ပညတ်၏"

"ငါ့ရှင် ဂေါတမ၊ ထိုကံသုံးပါးတို့သည် တစ်ပါးနှင့်တစ်ပါး ကွဲပြားခြားနား ကြပါကုန်သလော"

"အချင်းတပဿီ၊ ထိုကံသုံးပါးတို့သည် တစ်ပါးနှင့်တစ်ပါး ကွဲပြားခြားနား ကြကုန်၏"

"ငါ့ရှင်ဂေါတမ၊ ဤသို့ ကွဲပြားခြားနားသော ကံသုံးပါးတို့တွင် အဘယ်ကံ ကို အပြစ်အကြီးဆုံးဟူ၍ သင် ပညတ်ပါသနည်း"

"အချင်း တပဿီ၊ ကံသုံးပါးတို့တွင် မနောကံကို အပြစ်အကြီးဆုံးဟူ၍ ငါ ပညတ်၏။"

ဒီဃတပဿီမည်သော နိဂဏ္ဌသည် "ကံသုံးပါးတို့တွင် မနောကံသည် အပြစ်အကြီးဆုံးဖြစ်၏" ဟူသော အဖြေကို ခိုင်မြဲစေရန် သုံးကြိမ်တိုင်အောင် ထပ်၍ မေး၏။ ဗုဒ္ဓကလည်း သုံးကြိမ်တိုင်အောင်ပင် တစ်ထပ်တည်း ဖြေကြား၏။ ထို့နောက် နိဂဏ္ဌသည် ဗုဒ္ဓထံပါးမှ ထွက်ခွာ၍ မိမိဆရာ နာဋပုတ္တထံ ပြန်သွားလေ သည်။ နာဋပုတ္တထံသို့ ရောက်သောအခါ မိမိနှင့် ဗုဒ္ဓမြတ်စွာတို့ ပြောဆိုခဲ့သော စကားများကို ပြည့်စုံစွာ တင်ပြလေ၏။ နာဋပုတ္တကလည်း ဒီဃတပဿီ၏ ပြောဆိုချက်များကို လွန်စွာနှစ်သက်လှသဖြင့် 'တပည့်ကောင်း ပီသလှပါပေသည်' ဟု ချီးကျူးလေ၏။

www.dhammaransi.com



## ဗုဒ္ဓဝါဒကို ချေဖျက်မည့်သူ

ထိုအခါ နာဋပုတ္တ၏ ရှေ့မှောက်၌ ရှိနေသော ပရိသတ်ထဲမှ ဥပါလိအမည်ရှိသော သူကြွယ်က မိမိသည် ရဟန်းဂေါတမထံသွား၍ သူ၏ဝါဒကို ချေဖျက်လိုကြောင်း ခွင့်တောင်းသည်။ ဥပါလိ၏ တောင်းဆိုချက်ကို ဆရာကြီး နာဋပုတ္တက ခွင့်ပြုလိုသော်လည်း ဒီဃတပဿီကမူ သဘောမတူချေ။ ရဟန်းဂေါတမသည် စိတ်ညို့ပညာကတ်မြောက်သူဖြစ်၍၊ ယင်းပညာဖြင့် ဥပါလိကို မိမိတပည့်ဖြစ်သွားအောင် ညို့ယူထားမည်ကို စိုးရိမ်ရကြောင်း ကန့်ကွက်ပြောဆိုသည်။ သို့သော် နာဋပုတ္တက ဥပါလိသည် ရဟန်းဂေါတမ၏ တပည့်ဖြစ်ရန် အကြောင်းမရှိ၊ စင်စစ် ရဟန်းဂေါတမသည်သာလျှင် ဥပါလိ၏ တပည့်ဖြစ်လာနိုင်ဖွယ်ရှိကြောင်း ပြောဆိုပြီး ဥပါလိသူကြွယ်ကို ဗုဒ္ဓထံသို့ လွှတ်လိုက်၏။

## ဆွေးနွေးပွဲ စပြီ

ဥပါလိသူကြွယ်သည် ဗုဒ္ဓမြတ်စွာထံ ချဉ်းကပ်၍ ရှိခိုးပြီး 'အရှင်ဘုရား၊ ဒီဃတပဿီ မည်သော ပရိဗိုဇ်သည် ဤနေရာသို့ ရောက်လာပါသလော' ဟု မေးလျှောက်၏။ ဗုဒ္ဓမြတ်စွာက ဒီဃတပဿီရောက်လာခဲ့ကြောင်း ဖြေကြားပြီး ၎င်းနှင့် အပြန်အလှန် စကားပြောဆိုခဲ့ပုံပါ ပြန်လည် မိန့်ကြားတော်မူသည်။ ထိုအခါ ဥပါလိက 'ဒီဃတပဿီသည် မိမိဆရာ၏ အဆုံးအမကို ကောင်းစွာ ကတ်သိနားလည်သော တပည့်ကောင်းပီသစွာ ဆွေးနွေးပြောဆိုခဲ့ပါပေသည်' ဟု ချီးကျူးပြီး ဒဏ်သုံးပါးတို့တွင် ကာယဒဏ်သည် အပြစ်အကြီးဆုံးဖြစ်ကြောင်း တပ်မံ ပြောဆိုလေ၏။ ထိုအခါ ဗုဒ္ဓမြတ်စွာက ဥပါလိအား စကားလမ်းကြောင်းသို့ ရောက်လာစေရန် လမ်းဖွင့်ပေးပြီး အဆင့်ဆင့် ဖြေရှင်းတော်မူသည်။

"သူကြွယ်၊ အကယ်၍ သင်သည် အမှန်တရား၌ တည်၍ ဆွေးနွေးမည်ဆိုပါက ဤအရာ၌ သင်နှင့်ငါ ဆွေးနွေးဖွယ်ရှိ၏"

"အရှင်ဘုရား၊ ကျွန်ုပ်သည် အမှန်တရား၌ တည်၍ဆွေးနွေးပါမည်။ ဆွေးနွေးမှုကို ဖြစ်စေပါလော့"

"သူကြွယ်၊ သင် မည်သို့ ထင်သနည်း၊ ပြင်းပြစွာ နာမကျန်းဖြစ်၍ ရေအေးကို ပယ်ပြီး၊ ရေနွေးကိုသာ မှီဝဲနေရသော နိဂဏ္ဌတစ်ယောက်သည် ရေအေးကို မရသည်ဖြစ်၍ သေလွန်ရာ၏။ ထိုနိဂဏ္ဌသည် မည်သည့်ဘုံဘဝ၌ ဖြစ်သည်ဟု နာဋပုတ္တက ပညတ်ပါသနည်း။"

www.dhammaransi.com



“အရှင်ဘုရား၊ မနောသတ္တမည်သော နတ်တစ်မျိုးရှိပါသည်။ ထိုနိဂဏ္ဌသည် ယင်းနတ်မျိုး၌ ဖြစ်ပါသည်။ အကြောင်းမှာ စိတ်၌ တွယ်တာကပ်ငြိသည် ဖြစ်၍ သေသောကြောင့် ဖြစ်ပါသည်”

“သူကြွယ်၊ သင်သည် စဉ်းစား၍ ပြောလော့။ သင့်စကားသည် ရှေ့နောက် မညီညွတ်။ သင်သည် အမှန်တရား၌ တည်၍ ဆွေးနွေးပါမည်ဟု ပြောဆိုခဲ့၏”

“အရှင်ဘုရား၊ မည်သို့ပင် ဆိုစေကာမူ မကောင်းမှုပြုခြင်း၊ ဖြစ်ခြင်း၌ စင်စစ်အားဖြင့် ကာယဒဏ်သည်သာ အပြစ်အကြီးဆုံး ဖြစ်ပါ၏”

“သူကြွယ်၊ သင်မည်သို့ ထင်သနည်း၊ စောင့်စည်းခြင်းလေးမျိုးဖြင့် စောင့်စည်း၍ နေသော နိဂဏ္ဌသည် ရှေ့သို့ သွားခြင်း နောက်သို့ဆုတ်ခြင်း ပြုရာဝယ် များစွာသော သတ္တဝါငယ်ကလေးများကို သေကြေပျက်စီးခြင်းသို့ ရောက်စေရာ၏။ ဤသို့ သေကြေပျက်စီးခြင်းသို့ ရောက်စေသူအား မည်သို့သော အကျိုးကို နာဋပုတ္တက ပညတ်ပါသနည်း”

“အရှင်ဘုရား၊ စေ့ဆော်မှုစေတနာမပါသော အမှုကို အပြစ်ကြီးလေး၏ဟူ၍ နာဋပုတ္တက မပညတ်ပါ”

“သူကြွယ်၊ အကယ်၍ စေ့ဆော်မှု စေတနာပါခဲ့သော် မည်သို့ ဖြစ်မည်နည်း”

“အရှင် ဘုရား၊ စေ့ဆော်မှုစေတနာပါခဲ့သော် အပြစ်ကြီးလေးမည် ဖြစ်ပါသည်”

“သူကြွယ် စေ့ဆော်မှုစေတနာကို နာဋပုတ္တက မည်သည့်ဒဏ်ဟု ပညတ်ပါသနည်း”

“ အရှင်ဘုရား၊ စေ့ဆော်မှုစေတနာကို နာဋပုတ္တက မနောဒဏ်ဟု ပညတ်ပါသည်”

“သူကြွယ်၊ သင်သည် စဉ်းစား၍ ပြောလော့၊ သင့်စကားသည် ရှေ့နောက် မညီညွတ်။

“အရှင်ဘုရား၊ မည်သို့ပင် ဆိုစေကာမူ မကောင်းမှုပြုခြင်း၊ ဖြစ်ခြင်း၌ စင်စစ်အားဖြင့် ကာယဒဏ်သည်သာ အပြစ်အကြီးဆုံး ဖြစ်ပါ၏”

## တစ်မြို့လုံးကို ပြာဖြစ်စေနိုင်သူ

“သူကြွယ်၊ သင်မည်သို့ ထင်သနည်း။ လူဦးရေ ထူထပ်များပြား၍ စည်ပင် ဝပြောသော ဤနာလန္ဒမြို့သို့ သန်လျက်စွဲကိုင်သော ယောကျာ်းတစ်ယောက်

www.dhammaransi.com



ရောက်လာရာ၏။ ထိုယောက်ျားက 'ငါသည် ဤနာလန္ဒမြို့၌ ရှိသမျှ သတ္တဝါတို့ကို တစ်ခဏချင်းဖြင့် အသားစု၊ အသားပုံဖြစ်သွားအောင် ပြုလုပ်အံ့' ဟု ဆိုရာ၏။ ထိုယောက်ျားသည် သူဆိုတိုင်း ပြုလုပ်နိုင်ပါမည်လော"

"အရှင်ဘုရား၊ ယောက်ျား တစ်ယောက်တည်းကို မဆိုထားဘိ။ လေးဆယ်၊ ငါးဆယ်မျှသော ယောက်ျားတို့သည်ပင် နာလန္ဒတစ်မြို့လုံးကို တစ်ခဏချင်းဖြင့် အသားစု၊ အသားပုံ ဖြစ်သွားအောင် ပြုလုပ်ရန် စွမ်းနိုင်ကြမည် မဟုတ်ပါ"

"သူကြွယ်၊ တန်ခိုးဣဒ္ဓိနှင့်ပြည့်စုံ၍ မိမိစိတ်ကို လိုသလို စေစားနိုင်သော ရဟန်း၊ ပုဏ္ဏား တစ်ပါးက 'ငါသည် တစ်ကြိမ်စိတ်ဆိုးရုံမျှဖြင့် ဤနာလန္ဒတစ်မြို့ပုံကို ပြာဖြစ်သွားအောင် ပြုအံ့' ဟု ဆိုရာ၏။ ထိုတန်ခိုးရှင်သည် သူဆိုသည့်အတိုင်း ပြုလုပ်နိုင်ပါမည်လော"

"အရှင်ဘုရား၊ ထိုတန်ခိုးရှင်ကား ဤနာလန္ဒမြို့ကလေး တစ်မြို့ကို မဆိုထားဘိ၊ အလားတူ မြို့လေးဆယ်၊ ငါးဆယ်တို့ကိုပင် ပြာဖြစ်အောင် ပြုလုပ်နိုင်ရာပါသည်"

"သူကြွယ်၊ သင်သည် စဉ်းစား၍ ပြောလော့၊ သင့်စကားသည် ရှေ့နောက် မညီညွတ်"

"အရှင်ဘုရား၊ မည်သို့ပင် ဆိုစေကာမူ မကောင်းမှု ပြုခြင်း၊ ဖြစ်ခြင်း၌ စင်စစ်အားဖြင့် ကာယဒဏ်သည်သာလျှင် အပြစ်အကြီးဆုံး ဖြစ်ပါသည်။"

"သူကြွယ်၊ သင်သည် ဒဏ္ဍကီတောအုပ်၊ ကာလိင်္ဂတောအုပ်၊ မဇ္ဈတောအုပ်၊ မာတင်္ဂတောအုပ်တို့ တောအုပ်အတိ ဖြစ်ခဲ့ရပုံကို ကြားဖူးပါ၏လော"

"အရှင်ဘုရား၊ တပည့်တော် ကြားဖူးပါသည်"

"သူကြွယ်၊ ထိုတောအုပ်တို့သည် အဘယ်အကြောင်းကြောင့် တောအုပ်အတိ ဖြစ်လာခဲ့သည်ဟု သင်ကြားဖူးပါသနည်း။"

"အရှင်ဘုရား၊ ရသေ့တို့၏ စိတ်ဆိုးခြင်းကြောင့် ထိုတောအုပ်တို့သည် တောအုပ်အတိ ဖြစ်လာခဲ့သည်ဟု တပည့်တော် ကြားဖူးပါသည်။"

"သူကြွယ်၊ သင်သည် စဉ်းစား၍ ပြောလော့၊ သင့်စကားသည် ရှေ့နောက် မညီညွတ်။ သင်သည် အမှန်တရား၌ တည်၍ ဆွေးနွေးပါမည်ဟု သင်ပြောဆိုခဲ့၏။"

## ဥပါလိဥပါသကာဖြစ်ပြီ

ဗုဒ္ဓမြတ်စွာက ဤသို့ မိန့်ကြားသောအခါ ဥပါလိသူကြွယ်က 'အရှင်ဘုရား၊ တပည့်တော်သည် ပထမဦးဆုံး ဥပမာဖြင့်ပင် မြတ်စွာဘုရား၏ ဖြေကြားချက်

www.dhammaransi.com



ကို ကျေနပ်နှစ်သက်ခဲ့ပါသည်။ ဆန်းကြယ်သော ဖြေကြားချက်များကို နာကြားလို သောကြောင့်သာ ဆန့်ကျင်ဘက်ပြု၍ ပြောဆိုခဲ့ခြင်းဖြစ်ပါသည်။ ဟပည့်တော် အား ခွင့်လွှတ်၍ ဥပါသကာအဖြစ် မှတ်ယူတော်မူပါ' ဟူ၍ လျှောက်ကြား လေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာက 'သူကြွယ်၊ သင်သည် စဉ်းစားဆင်ခြင်၍ ပြုလော့၊ သင်ကဲ့သို့ ထင်ရှားကျော်စောသူ တစ်ဦးအဖို့ စဉ်းစားဆင်ခြင်၍ ပြုခြင်း သည် ကောင်း၏' ဟု သတိပေးစကား မိန့်ကြားတော်မူသည်။

ဥပါလိသူကြွယ်ကား ထိုစကားကြောင့် ဗုဒ္ဓအပေါ် ပို၍ အကြည်ညိုပွားကာ ဥပါသကာအဖြစ် ခံယူကြောင်း ထပ်မံ လျှောက်ပြန်၏။ တစ်ဖန် ဗုဒ္ဓမြတ်စွာက 'သူကြွယ်၊ သင်၏ အိမ်ကား နိဂဏ္ဌတို့၏ ရေတွင်းသဖွယ် ဖြစ်ခဲ့၏။ ထို့ကြောင့် သင်သည် နိဂဏ္ဌတို့အားလည်း ဆွမ်းကို လောင်းလှူရန် စဉ်းစားသင့်ပေ၏' ဟူ၍ မိန့်ကြားပြန်သည်။

ရဟန်းဂေါတမသည် မိမိနှင့် မိမိပညာတပည့်များအား လှူမှသာ အကျိုး ရှိသည်ဟု ဟောကြားလေ့ရှိကြောင်း ကြားဖူးထားသော ဥပါလိသည် နိဂဏ္ဌတို့ အား‌လည်း လှူရန် မိန့်ကြားသော ဗုဒ္ဓ၏ စကားကို ကြားရလျှင် အတိုင်းထက် အလွန်ဝမ်းမြောက်၍ 'အရှင်ဘုရား၊ ပေးကမ်းလှူဒါန်းရေး၌ အခါအခွင့်ကို တပည့် တော်သိပါမည်' ဟု လျှောက်ကြားလေ၏။ ထို့နောက် ဗုဒ္ဓမြတ်စွာသည် ဥပါလိအား ဒါန၊ သီလစသော တရားအဆင့်ဆင့်ကို ဟောကြား၍ သစ္စာလေးပါးကို ပြ တော်မူရာ ဥပါလိသည် ကိလေသာမြူကင်းစင်သော သောတာပတ္တိမဂ်ဉာဏ် သို့ ဆိုက်ရောက်သွားလေ၏။ ထိုအခါ ဥပါလိသည် ဗုဒ္ဓမြတ်စွာအား အရိုအသေ ပြုပြီး မိမိနေအိမ်သို့ ပြန်သွားလေသည်။

## နိဂဏ္ဌတို့အား တံခါးပိတ်

ဥပါလိသည် မိမိအိမ်သို့ ပြန်ရောက်သောအခါ တံခါးစောင့်ကို ခေါ်၍ နိဂဏ္ဌတို့လာလျှင် ဝင်ခွင့်မပေးဘဲ တံခါးပိတ်ထားရန် မှာကြားလေ၏။ 'ဥပါလိ သူကြွယ်သည် ရဟန်းဂေါတမ၏ တပည့် ဖြစ်သွားပြီတဲ့' ဟူသော သတင်းမှာ နာလန္ဒမြို့၌ ချက်ချင်း ပျံ့နှံ့သွားရာ ဒီဃတပဿီနိဂဏ္ဌသည် ထိုသတင်းကို ကြားလျှင် နာဋပုတ္တထံသွား၍ ပြောကြားလေသည်။ နာဋပုတ္တကား ထိုသတင်း ကို မယုံချေ။ ဒီဃတပဿီသည် ကိုယ်တိုင်တွေ့ဆုံမေးမြန်းလိုသဖြင့် ဥပါလိအိမ် သို့ သွားရာ တံခါးစောင့်က တံခါးဖွင့်မပေးသောကြောင့် နာဋပုတ္တထံသို့ ပြန်ခဲ့ရ လေ၏။

www.dhammaransi.com



ထိုအခါ နာဋပုတ္တသည် မနေသာတော့ဘဲ များစွာသော' နိဂဏ္ဌပရိသတ်နှင့်အတူ ဥပါလိအိမ်သို့ အခြေအနေကို စုံစမ်းရန် ကိုယ်တိုင် ထွက်ခဲ့ရလေ၏။ တံခါးစောင့်က တားဆီးသောအခါ ဥပါလိနှင့် တွေ့လိုကြောင်း ပြောကြားလေသည်။ ဥပါလိသည် အလယ်တံခါးမုခ်၌ နေရာထိုင်ခင်းများ ခင်းစေပြီး နာဋပုတ္တအလာကို စောင့်နေ၏။ နာဋပုတ္တနှင့် သူ့တပည့်များ ဝင်လာသောအခါ ဥပါလိသည် အကောင်းဆုံးနေရာ၌ ထိုင်နေပြီး နာဋပုတ္တအားလည်း ထိုင်လိုက ထိုင်နိုင်ကြောင်း ပြောလေ၏။

## ကောင်းသော စိတ်ညို့မာယာ

ဥပါလိသူကြွယ်က မိမိအား ယခင်ကနှင့် မတူဘဲ မရိုမသေ ဆက်ဆံသည်ကို တွေ့ရသောအခါ နာဋပုတ္တသည် ရက်လည်းရက်၊ စိတ်လည်း ဆိုးလျက် ဥပါလိအား ရှုတ်ချစကားပြောဆိုလေသည်။

"သူကြွယ်၊ သင်သည် ရူးနေပြီလော၊ ရဟန်း ဂေါတမ၏ ဝါဒကို ချေဖျက်ပစ်မည်ဟု ကြုံးဝါးသွားပြီး၊ ယခုမူ သင်ကိုယ်တိုင် ဝါဒထမ်းပိုးဖြင့် စွပ်လျက် ပြန်လာဘိ၏။ ရဟန်းဂေါတမသည် သင့်ကို စိတ်ညို့မာယာဖြင့် ညို့လိုက်လေပြီလော။"

"အရှင်နိဂဏ္ဌ၊ ရဟန်းဂေါတမ၏ စိတ်ညို့မာယာသည် ကောင်းမွန်လှပါ၏။ ကျွန်ုပ်၏ ဆွေမျိုးသားချင်းများသည်လည်းကောင်း၊ မင်း၊ ပုဏ္ဏားစသော အမျိုးလေးပါးနှင့်တကွ တစ်လောကလုံးသည်လည်းကောင်း ထိုစိတ်ညို့မာယာဖြင့် ညို့ခြင်းခံရပါမူ ထိုသူအားလုံးအား ချမ်းသာစီးပွား တိုးပွားဖွယ်သာ ရှိပါတော့သည်။

'အရှင်နိဂဏ္ဌ၊ မိုက်မဲသော နိဂဏ္ဌတို့၏ ဝါဒသည် လူမိုက်တို့၏ အယူအစွဲကိုသာ ခံနိုင်ပါသည်။ ပညာရှိတို့၏ အယူအစွဲကို မခံနိုင်ပါ၊ စိစစ်စမ်းသပ်ခြင်းကို မခံနိုင်ပါ။ ကိလေသာကင်းစင်၍ တရားမှန်ကို ကိုယ်တိုင်သိမြင်သော မြတ်စွာဘုရား၏ ဝါဒသည်ကား ပညာရှိတို့၏ အယူအစွဲကို ခံနိုင်ပါ၏။ စိစစ် စမ်းသပ်ခြင်းကိုလည်း ခံနိုင်ပါ၏။"

## နာဋပုတ္တ သွေးအန်ခြင်း

ဥပါလိသူကြွယ်က ဤသို့ ချေပပြောဆိုသောအခါ နာဋပုတ္တက "သူကြွယ်၊ မင်းနှင့်တကွသော ဤပရိသတ်အားလုံးသည် သင့်ကို နာဋပုတ္တနိဂဏ္ဌ၏ တပည့်ဟု

www.dhammaransi.com



သိထားကြ၏။ ယခု သင့်ကို မည်သူ၏ တပည့်ဟု အသိအမှတ်ပြုရမည်နည်း"
ဟုမေးလေသည်၊ ထိုအခါ ဥပါလိသည် နေရာမှ ထ၍ ပခုံးတဖက်၌ ကိုယ်ရုံအဝတ်
ကို လွှမ်းတင်လျက် မြတ်စွာဘုရားရှိရာ အရပ်သို့ လက်အုပ်ချီကာ မြတ်စွာဘုရား
၏ ဂုဏ်တော်ကို ချီးကျူးမြွက်ဆိုလေသည်။ နာဋပုတ္တသည် မြတ်စွာဘုရား၏
ဂုဏ်တော်များကို ကြားရသောအခါ မခံမရပ်နိုင်ဖြစ်လျက် ထိုနေရာ၌ပင် ပါးစပ်မှ
သွေးပူများ အန်ထွက်လေသည်။

www.dhammaransi.com

# ၅၇။ ကုက္ကုရဝတိကသုတ်

## ခွေးအကျင့် ကျင့်ခြင်း၏ အကျိုးအပြစ်ကို ဟောကြားခြင်း

### ခွေးအကျင့်၊ နွားအကျင့်

ကောလိယတိုင်း ဟလိဒ္ဒဝသနနာမည်သော နိဂုံး၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးစဉ် ကောလိယမင်းမျိုးဖြစ်သော ပုဏ္ဏနှင့် သေနိယမည်သော တက္ကတွန်းနှစ်ယောက်တို့သည် ဗုဒ္ဓထံသို့ ဆိုက်ရောက်လာကြသည်။ ထိုတက္ကတွန်းနှစ်ယောက်တို့တွင် ပုဏ္ဏသည် နွားအကျင့်ကို ကျင့်နေသူဖြစ်ပြီး၊ သေနိယကား ခွေးအကျင့်ကို ကျင့်နေသူဖြစ်၏။ ဗုဒ္ဓထံသို့ ရောက်သောအခါ ပုဏ္ဏသည် ဗုဒ္ဓအား ရိုသေစွာ ရှိခိုး၍ တစ်ခုသော နေရာ၌ ထိုင်နေ၏။ သေနိယကား ဗုဒ္ဓနှင့်အတူ ဝမ်းမြောက်ဖွယ် စကားများကို ပြောဆိုပြီး ခွေးကဲ့သို့ ခွေ၍ တစ်ခုသော နေရာ၌ ဝပ်နေလေ၏။ ထိုအခါ ပုဏ္ဏသည် ဗုဒ္ဓမြတ်စွာအား ဤသို့မေးလျှောက်လေသည်။

"အရှင်ဘုရား၊ ခွေးကဲ့သို့ ကျင့်သော ဤသေနိယတက္ကတွန်းသည် မြေပေါ်၌ ပစ်ချအပ်သော အစာကိုသာ စားပါသည်။ ခွေးအကျင့်ကို ကာလကြာမြင့်စွာ ဆောက်တည်ခဲ့သူ ဖြစ်ပါသည်။ ဤသေနိယ၏ လားရာဂတိသည် အဘယ်သို့ ရှိပါသနည်း၊ တမလွန်ဘဝသည် အဘယ်သို့ ရှိပါသနည်း"

"ပုဏ္ဏ၊ ဤမေးခွန်းကို ငါ့အား မမေးလင့်၊ ဖြေဆိုရန် မသင့်"

ဗုဒ္ဓက ဤသို့ ငြင်းပယ်သော်လည်း ပုဏ္ဏသည် ထိုမေးခွန်းကို သုံးကြိမ်တိုင်အောင် ထပ်၍မေးလျှောက်၏။ ထိုအခါ ဗုဒ္ဓက မနေသာတော့သဖြင့် ဖြေကြားရလေတော့သည်။

www.dhammaransi.com



"ပုဏ္ဏ၊ ဤမေးခွန်းကို မမေးရန် သင့်ကို ငါတားသော်လည်း မရခဲ့။ ထို့ကြောင့် ယခု ငါဖြေကြားအံ့။ ပုဏ္ဏ၊ ဤလောက၌ ခွေးတို့၏ အလေ့အကျင့်၊ စိတ်နေစိတ်ထားနှင့် အမူအရာတို့ကို အမြဲမပြတ် ပြီးပြည့်စုံအောင် လေ့ကျင့်ပွားများသူသည် သေလွန်သောအခါ ခွေးတို့၏ အပေါင်းအဖော် အဖြစ်သို့ ရောက်၏။ အကယ်၍ ထိုသူအား 'ငါသည် ဤအကျင့်ဖြင့် ထင်ရှားသော နတ်သော်လည်းကောင်း၊ မထင်ရှားသော နတ်သော်လည်းကောင်း ဖြစ်ရပေတော့မည်' ဟူ၍ အယူအစွဲ ရှိငြားအံ့၊ ထိုအယူအစွဲသည် မှားသော အယူအစွဲ ဖြစ်၏။ မှားသော အယူအစွဲရှိသူအား ငရဲ၊ တိရစ္ဆာန်ဟူသော လားရာ ဂတိနှစ်မျိုးတို့တွင် တစ်မျိုးမျိုးသော လားရာဂတိကို ငါဟော၏"

ဗုဒ္ဓမြတ်စွာက ဤသို့မိန့်ကြားလေသော် သေနိယသည် မျက်ရည် တဖြိုင်ဖြိုင်ကျလျက် သည်းစွာ ငိုကြွေးလေသည်။ ထို့နောက် တစ်ဖန် သေနိယက နွားကဲ့သို့ကျင့်သော ပုဏ္ဏ၏ လားရာဂတိကို မေးလျှောက်ပြန်ရာ ဗုဒ္ဓက ရှေးနည်းတူပင် ဖြေကြားလေသည်။ ထိုအခါ ပုဏ္ဏသည် သေနိယနည်းတူ ငိုကြွေးပြီး မိမိတို့အား ခွေးအကျင့်၊ နွားအကျင့်များကို စွန့်လွှတ်နိုင်အောင် တရားဟောကြားရန် ဗုဒ္ဓမြတ်စွာကို တောင်းပန်ကြသည်။ ဗုဒ္ဓမြတ်စွာက "သို့ဖြစ်လျှင် နာကြကုန်လော့" ဟု မိန့်ကြားတော်မူပြီး ကံလေးပါးကို ဟောကြားတော်မူသည်။

**ကံလေးပါး**

"ပုဏ္ဏ၊ ငါသည် ကိုယ်တိုင်ဉာဏ်ထူးဖြင့် သိ၍ မျက်မှောက်ပြုကာ ဟောကြားအပ်သော ကံတို့သည် လေးပါးရှိကုန်၏။ ထိုလေးပါးကား မည်းညစ်၍ မည်းညစ်သော အကျိုးရှိသောကံ၊ ဖြူစင်၍ ဖြူစင်သော အကျိုးရှိသောကံ၊ မည်းညစ်ခြင်း ဖြူစင်ခြင်း နှစ်ပါးစုံရော၍ နှစ်ပါးစုံရောပြွမ်းသော အကျိုးရှိသောကံ၊ မည်းညစ်သည်လည်း မဟုတ်၊ ဖြူစင်သည်လည်း မဟုတ်၍ ယင်းနှစ်ပါးစုံ မဟုတ်သော အကျိုးရှိသော ကံတို့ဖြစ်၏။

'ပုဏ္ဏ၊ ဤလောက၌ အချို့သူသည် ဆင်းရဲခြင်းနှင့်တကွဖြစ်သော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကို ဖြစ်စေ၏။ ထို့ကြောင့် ထိုသူသည် ဆင်းရဲခြင်းနှင့် တကွဖြစ်သော လောကသို့ ရောက်၍ စင်စစ် ဆင်းရဲသော ဝေဒနာတို့ကို ခံစားရ၏။ ဥပမာ– ငရဲသို့ ကျရောက်သော သတ္တဝါများ ဖြစ်၏။ ဤကံကို မည်းညစ်၍ မည်းညစ်သော အကျိုးရှိသောကံဟု ဆို၏။

www.dhammaransi.com



'ပုဏ္ဏ၊ ဤလောက၌ အချို့သူသည် ဆင်းရဲခြင်းမရှိသော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကို ဖြစ်စေ၏။ ထို့ကြောင့် ထိုသူသည် ဆင်းရဲခြင်းမရှိသော လောကသို့ ရောက်၍ စင်စစ် ချမ်းသာသောဝေဒနာတို့ကို ခံစားရ၏။ ဥပမာ သုဘကိဏှာ ဗြဟ္မာများ ဖြစ်၏။ ဤကံကို ဖြူစင်၍ ဖြူစင်သော အကျိုးရှိသော ကံဟု ဆိုအပ်၏။

'ပုဏ္ဏ၊ ဤလောက၌ အချို့သူသည် ဆင်းရဲခြင်းရှိသော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကိုလည်းကောင်း၊ ဆင်းရဲခြင် မရှိသော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကို လည်းကောင်း ဖြစ်စေ၏။ ထို့ကြောင့် ထိုသူသည် ဆင်းရဲခြင်းရှိသည်လည်းဖြစ်၊ မရှိသည်လည်း ဖြစ်သော လောကသို့ ရောက်၍ ဆင်းရဲချမ်းသာ ပွမ်းသော ဝေဒနာတို့ကို ခံစားရ၏။ ဥပမာ– လူနှင့်အချို့သော နတ်၊ အချို့သော ဝိနိပါတိက အသုရာတို့ဖြစ်၏။ ဤကံကို မည်းညစ်ခြင်း၊ ဖြူစင်ခြင်းနှစ်ပါးစုံရောသည်ဖြစ်၍ နှစ်ပါးစုံ ရောသော အကျိုးရှိသော ကံဟုဆို၏။

'ပုဏ္ဏ ၊ အထက်ပါကံသုံးမျိုးကို ပယ်သတ်ရန် စေ့ဆော်မှု (မဂ်စေတနာ) ကို မည်းညစ်သည်လည်း မဟုတ်။ ဖြူစင်သည်လည်း မဟုတ်သည် ဖြစ်၍ ယင်းနှစ်ပါးစုံ မဟုတ်သော အကျိုးရှိသော ကံ ဟုဆို၏"

ဗုဒ္ဓမြတ်စွာက ဤသို့ ဟောကြားသောအခါ နွားအကျင့်ကျင့်သော ပုဏ္ဏတက္ကတွန်းသည် ဗုဒ္ဓမြတ်စွာအား ကိုးကွယ်ဆည်းကပ်သူ ဥပါသကာအဖြစ်သို့ ရောက်လေ၏။ ခွေးအကျင့်ကို ကျင့်သော သေနိယတက္ကတွန်းကား ဗုဒ္ဓမြတ်စွာအား မိမိကို ရဟန်းပြုပေးရန် တောင်းပန်၏။ ရဟန်းအဖြစ်ကို ရသော် ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်၍ ကမ္မဋ္ဌာန်းကို အားထုတ်ရာ မကြာမီ ရဟန္တာဖြစ်သွားလေ၏။

www.dhammaransi.com

# ၅၈။ အဘယရာဇကုမာရသုတ်

## အဘယမင်းသားအား ဟောကြားသောတရား

### အစွန်းမလွတ်သောမေးခွန်း

ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးစဉ် နာဋပုတ္တ နိဂဏ္ဌဆရာကြီးသည် မိမိတပည့်ဖြစ်သော အဘယမင်းသားကို ဗုဒ္ဓထံသွား၍ ဝါဒစွဲချက်တင်ရန် စေလွှတ်လေသည်။ 'ရဟန်းဂေါတမအား မည်ကဲ့သို့ ဝါဒစွဲချက် တင်ရပါမည်နည်း' ဟု မင်းသားက မေးသော အခါ နိဂဏ္ဌဆရာကြီးက ဝါဒဆွဲ ချက်တင်ရန် နည်းလမ်းကို အသေးစိတ် ညွှန်ကြားလေသည်။

"မင်းသား၊ သင်သည် ရဟန်းဂေါတမအား 'မြတ်စွာဘုရားသည် သူတစ်ပါး မနှစ်သက်သော စကားကို ပြောဆိုပါသလော' ဟု မေးလော့။ 'ပြောဆို၏' ဟု ဖြေလျှင် သို့ဖြစ်သော် အရှင်ဘုရားအား ပုထုဇဉ်နှင့်ကွဲပြားခြားနားမှု ဘယ်မှာ ရှိတော့မည်နည်း' ဟု သင်က ပြောလော့။ မြတ်စွာဘုရားသည် သူတစ်ပါး မနှစ်သက်သော စကားကို မဆို ဟု ရဟန်းဂေါတမက ဖြေခဲ့သော် သို့ဖြစ်လျှင် အရှင်ဘုရားသည် အဘယ့်ကြောင့် ဒေဝဒတ်အား အပါယ်ငရဲသို့ ကျ၍ တစ်ကမ္ဘာလုံး တည်မည့်သူ၊ ကုစား၍ မရနိုင်သူ ဖြစ်ကြောင်း မိန့်ကြားဘိသနည်း' ဟု၍ သင်က မေးလော့။ ယင်းသို့ မေးခဲ့သော် ရဟန်းဂေါတမသည် ဤပြဿနာကို အစွန်းနှစ်ဘက် လွတ်အောင် ဖြေနိုင်တော့မည် မဟုတ်။ ဥပမာ- လည်ချောင်းထဲ၌ သံဆူးခွ စူးဝင်နေသူသည် ထိုသံဆူးခွကို မျိုလည်း မမျိုနိုင်၊ အန်၍လည်း မထုတ် နိုင်သကဲ့သို့ ရဟန်းဂေါတမသည်လည်း မထွေးနိုင်၊ မအန်နိုင်ဖြစ်လတ္တံ့။"

www.dhammaransi.com



## အဖြေတစ်ချက် အမေးပျက်

နိဂဏ္ဌ ဆရာကြီးက ဤသို့ ညွှန်ကြားသောအခါ အဘယမင်းသားသည် 'ကောင်းပါပြီ' ဟု ဝန်ခံပြီး ဗုဒ္ဓမြတ်စွာထံ သွားလေသည်။ ဗုဒ္ဓမြတ်စွာထံသို့ ရောက်သောအခါ နေကို မော့ကြည့်၍ အချိန်မဲ့နေပြီဟု စဉ်းစားမိသောကြောင့် ဗုဒ္ဓအား နောက်နေ့နံနက်တွင် မိမိနေအိမ်သို့ နောက်ပါရဟန်းသုံးပါးနှင့် အတူ ဆွမ်းခံကြွရန် ဖိတ်ကြားခဲ့သည်။ အချိန်တန်၍ ဗုဒ္ဓကြွလာသောခါ ဆွမ်းဘောဇဉ်ဖြင့် လုပ်ကျွေးပြီး နိဂဏ္ဌဆရာကြီး သင်ကြားပေးလိုက်သော မေးခွန်းကို မေးလျှောက်လေသည်။

"အရှင်ဘုရား၊ မြတ်စွာဘုရားသည် သူတစ်ပါး မနှစ်သက်သော စကားကို ပြောဆိုရာပါသလော"

"မင်းသား၊ ဤမေးခွန်း၌ ငါသည် တစ်ထစ်ချ ဖြေဆိုခြင်း မပြုပေ"

ဤသို့ ဗုဒ္ဓက မမျှော်လင့်သော အဖြေစကားကို မိန့်ကြားလိုက်သောအခါ အဘယမင်းသားသည် 'အရှင်ဘုရား၊ နိဂဏ္ဌတို့ကား ဤနေရာ၌ပင် ပျက်စီးကြလေပြီ' ဟု ဆိုကာ နိဂဏ္ဌဆရာကြီးက မိမိအား သင်ကြားလိုက်ပုံများကို ဖွင့်ဟလျှောက်ကြားလေသည်။ ထိုအချိန်တွင် မင်းသား၏ ရင်ခွင်၌ ကလေးငယ် တစ်ယောက် ပက်လက်အိပ်နေ၏။ ဗုဒ္ဓက ထိုကလေးငယ်ကို ရည်ညွှန်းကာ မင်းသားအား မေးခွန်းထုတ်လေ၏။

"မင်းသား၊ အကယ်၍ ဤကလေးငယ်သည် အထိန်းတော်များ အမှတ်တမဲ့ ဖြစ်နေစဉ် သစ်သားစကိုဖြစ်စေ၊ ကျောက်ခဲကို ဖြစ်စေ ပါးစပ်ထဲသို့ ထည့်သွင်းခဲ့သော် သင်မည်သို့ ပြုလုပ်မည်နည်း"

"အရှင်ဘုရား၊ ကလေးပါးစပ်ထဲမှ အရာကို ကျွန်ုပ်ထုတ်ယူပါမည်။ အလွယ်တကူထုတ်၍ မရခဲ့သော် ဘယ်ဘက်လက်ဖြင့် ခေါင်းကို ကိုင်ပြီး ညာဘက်လက်ဖြင့် လက်ချောင်းကို ကောက်ကွေးကာ သွေးသံရဲရဲဖြင့်ပင် ထုတ်ယူပါမည်။ အကြောင်းကား ကလေးငယ်အပေါ် သနားကြင်နာမှု ရှိနေသောကြောင့် ဖြစ်ပါသည်။"

## စကားခြောက်မျိုး

"မင်းသား၊ ဤနည်းတူပင်–

(၁) အကြင်စကားသည် မဟုတ်မှန် အကျိုး မရှိ၊ သူတစ်ပါးတို့လည်း မနှစ်သက်၊ ထိုစကားကို မြတ်စွာဘုရားသည် မပြောဆို။

www.dhammaransi.com



(၂) အကြင်စကားသည် ဟုတ်မှန်၏၊ အကျိုး မရှိ၊ သူတစ်ပါးတို့လည်း မနှစ်သက်၊ ထိုစကားကို မြတ်စွာဘုရားသည် မပြောဆို။

(၃) အကြင်စကားသည် ဟုတ်မှန်၏ အကျိုး လည်းရှိ၏။ သူတစ်ပါးတို့ကား မနှစ်သက်၊ ထိုစကားကို အခါအားလျော်စွာ မြတ်စွာဘုရားသည် ပြောဆို၏။

(၄) အကြင်စကားသည် မဟုတ်မှန်၊ အကျိုးလည်း မရှိ၊ သူတစ်ပါးတို့ကား နှစ်သက်၏၊ ထိုစကားကို မြတ်စွာဘုရားသည် မပြောဆို။

(၅) အကြင်စကားသည် ဟုတ်မှန်၏ အကျိုး မရှိ၊ သူတစ်ပါးတို့ကား နှစ်သက်၏၊ ထိုစကားကိုလည်း မြတ်စွာဘုရားသည် မပြောဆို။

(၆) အကြင်စကားသည် ဟုတ်မှန်၏၊ အကျိုး ရှိ၏၊ သူတစ်ပါးတို့လည်း နှစ်သက်၏၊ ထိုစကားကို အခါအားလျော်စွာ မြတ်စွာဘုရားသည် ပြောဆိုတော်မူ၏။ အဘယ်ကြောင့် ပြောသနည်းဆိုသော် မြတ်စွာဘုရားသည် သတ္တဝါတို့အပေါ်ဝယ် သနားကြင်နာမှု ရှိသောကြောင့် ဖြစ်၏။"

**တခဏချင်း အဖြေပေါ်**

"အရှင်ဘုရား၊ မင်း၊ ပုဏ္ဏား၊ ရဟန်းပညာရှိတို့သည် ပြဿနာအမျိုးမျိုးကို ပြုလုပ်စီစဉ်၍ မြတ်စွာဘုရားအား မေးလျှောက်လေ့ရှိကြပါသည်။ ဤသို့ မေးလျှောက်သောအခါ မြတ်စွာဘုရားသည် ထိုပြဿနာများကို ဖြေဆိုရန် ကြိုတင်၍ ကြံစည်စိတ်ကူးထားပါသလော၊ သို့မဟုတ် တစ်ခဏချင်းဖြင့်ပင် ပြဿနာ၏ အဖြေသည် ဉာဏ်၌ ထင်မြင်လာပါသလော"

"မင်းသား၊ သင်သည် ရထား၏ အစိတ်အပိုင်းတို့၌ ကျွမ်းကျင်ပါသလော"

"ကျွမ်းကျင်ပါသည် ဘုရား"

"မင်းသား၊ အကယ်၍ တစ်စုံတစ်ယောက်သော သူက 'ဤအစိတ်အပိုင်းကို မည်သို့ ခေါ်သနည်း' ဟု မေးခဲ့သော် ထိုအမေးကို ဖြေရန် သင့်မှာ ကြိုတင်၍ ကြံစည်စိတ်ကူးထားခြင်း ရှိပါသလော၊ သို့မဟုတ် တစ်ခဏတဏချင်းဖြင့်ပင် သင့်ဉာဏ်၌ အဖြေပေါ်လာပါသလော"

"အရှင်ဘုရား၊ တစ်ခဏချင်းဖြင့်ပင် ကျွန်ုပ်၏ ဉာဏ်၌ အဖြေပေါ်လာပါသည်"

www.dhammaransi.com



"မင်းသား၊ ဤနည်းတူပင် ပညာရှိများက ငါ့ထံလာ၍ ပြဿနာမေးမြန်းကြသောအခါ ထိုပြဿနာ၏အဖြေသည် တစ်ခဏချင်းဖြင့်ပင် ငါ့ဉာဏ်၌ ထင်မြင်လာ၏၊ အကြောင်းကား- ယင်းသို့ တစ်ခဏချင်း ထင်မြင် လာစေနိုင်သော 'ဓမ္မဓာတ်' ကို ငါသည် ကောင်းစွာ ထိုးထွင်းသိမြင်ပြီး ဖြစ်သောကြောင့်ပေတည်း"

ဗုဒ္ဓမြတ်စွာက ဤသို့ ဟောကြားသောအခါ အဘယမင်းသားသည် ထို ဟောကြားချက်ကို လွန်စွာ နှစ်သက်လှသည်ဖြစ်၍ ဥပါသကာအဖြစ် ခံယူသွား လေသည်။

www.dhammaransi.com

# ၅၉။ ဗဟုဝေဒနိယသုတ်

## များစွာသော ဝေဒနာတို့ကို ဟောကြားခြင်း

**ဝေဒနာသုံးပါး ဝေဒနာနှစ်ပါး**

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးနေစဉ် ပဉ္စကင်္ဂမည်သော လက်သမားကြီးသည် အရှင်ဥဒါယီထံ ချဉ်းကပ်၍ 'အရှင်ဘုရား၊ မြတ်စွာဘုရား ဟောကြားအပ်သော ခံစားမှု ဝေဒနာတို့သည် အဘယ်မျှ ရှိပါသနည်း' ဟု မေးလျှောက်၏။ အရှင်ဥဒါယီက ချမ်းသာခံစားမှု 'သုခဝေဒနာ'၊ ဆင်းရဲခံစားမှု 'ဒုက္ခဝေဒနာ'၊ ဆင်းရဲချမ်းသာမဟုတ်သော ခံစားမှု 'အဒုက္ခမသုခဝေဒနာ' ဟူ၍ သုံးပါးရှိကြောင်း ဖြေကြားသည်။ ထိုအခါ လက်သမားကြီးက 'အရှင်ဘုရား၊ ခံစားမှုသည် သုံးပါးမဟုတ်၊ နှစ်ပါးသာ ဖြစ်ပါသည်။ ဆင်းရဲချမ်းသာ မဟုတ်သော ခံစားမှုကို ငြိမ်သက်မွန်မြတ်သော ချမ်းသာဟူ၍ပင် မြတ်စွာဘုရားဟောကြားပါသည်' ဟု လျှောက်လေ၏။

ဤသို့ ရှင်ဥဒါယီနှင့် ပဉ္စကင်္ဂလက်သမားတို့ ဝေဒနာနှင့်ပတ်သက်၍ အငြင်းပွားနေကြသည်ကို ရှင်အာနန္ဒာကြားသိသဖြင့် ဗုဒ္ဓမြတ်စွာထံ သွားရောက် လျှောက်ထားသည်။ ဗုဒ္ဓမြတ်စွာက ထိုသူနှစ်ဦးလုံး၏ ပြောဆိုချက်များသည် ပရိယာယ်အားဖြင့် တစ်မျိုးစီ မှန်ကန်သည်သာ ဖြစ်ကြောင်း ရှင်းလင်းမိန့်ကြားတော်မူသည်။

"အာနန္ဒာ၊ ငါသည် ပရိယာယ်အားဖြင့် နှစ်ပါး၊ သုံးပါး၊ ငါးပါး၊ ခြောက်ပါး၊ တစ်ဆယ့်ရှစ်ပါး၊ သုံးဆယ့်ခြောက်ပါး၊ တစ်ရာ့ရှစ်ပါးသော ဝေဒနာတို့ကို ဟောကြား၏။ ဤသို့ ပရိယာယ်အားဖြင့် ဟောကြားထားရာတွင် တစ်ဦး

www.dhammaransi.com



က ကောင်းစွာ ဆိုအပ်သော စကားကို အခြားတစ်ဦးက ဝမ်းမြောက်ကျေနပ်စွာ လက်မခံနိုင်သူတို့အား ငြင်းခုံခြင်း၊ ခိုက်ရန်ပွားခြင်းဟူသော အကျိုးကိုသာ မြော်လင့်အပ်၏။ တစ်ဦး၏ စကားကို အခြားတစ်ဦးက ကျေနပ်စွာ လက်ခံနိုင်သူတို့သည်ကား နွားနို့နှင့်ရေကဲ့သို့ ပေါင်းစည်းညီညွတ် ချစ်ခင်စွာ နေကြရပေလိမ့်မည်။"

**ကာမချမ်းသာ**

"အာနန္ဒာ၊ လိုလားနှစ်သက် စွဲမက်ဖွယ်ဖြစ်သော ကာမဂုဏ်တို့သည် ရူပါရုံ၊ သဒ္ဒါရုံ စသည်အားဖြင့် ငါးပါးရှိ၏။ ထိုကာမဂုဏ် ငါးပါးကို အစွဲပြု၍ ကိုယ်ချမ်းသာခြင်း၊ စိတ်ချမ်းသာခြင်းသည် ကာမချမ်းသာမည်၏။ သို့သော် 'သတ္တဝါတို့သည် ဤကာမချမ်းသာကိုသာ ခံစားကြရကုန်၏' ဟူ၍ တစ်စုံတစ်ယောက်သော သူက ဆိုခဲ့သော် ထိုစကားကို ငါလက်မခံနိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် ကာမချမ်းသာထက် သာလွန်သော အခြားချမ်းသာမှု ရှိသေးသောကြောင့် ဖြစ်၏။

'အာနန္ဒာ၊ ကာမချမ်းသာထက် သာလွန်သော ချမ်းသာဟူသည် အဘယ်နည်းဆိုသော် ကာမဂုဏ်တို့မှလည်းကောင်း၊ အကုသိုလ်တရားတို့မှ လည်းကောင်း ကင်းဆိတ်စွာ နေခြင်းဖြင့် ရရှိအပ်သည့် ပထမဈာန်၊ ဒုတိယဈာန် အစရှိသော ဈာန်ချမ်းသာ၊ သညာ ဝေဒနာတို့၏ ချုပ်ရာ နိရောဓသမာပတ်ကို ဝင်စား၍ နေခြင်းတို့ ဖြစ်၏။

'အာနန္ဒာ၊ 'ရဟန်းဂေါတမသည် သညာဝေဒနာတို့၏ ချုပ်ငြိမ်းခြင်းကို ချမ်းသာဟုဆို၏။ ထိုချမ်းသာကား မည်သို့သော ချမ်းသာခြင်းပေနည်း' ဟူ၍ တစ်ပါးသော အယူရှိသော ပရိဗိုဇ်တို့က မေးဖွယ်ရှိ၏။ ယင်းသို့ မေးခဲ့သော် 'ငါ့ရှင်တို့၊ မြတ်စွာဘုရားသည် ချမ်းသာခံစားရခြင်းကိုသာလျှင် ချမ်းသာခြင်းဟု ဆိုသည် မဟုတ်။ အကြင်ဌာန၊ အကြင်သဘာဝ၌ ချမ်းသာခြင်းကို ရနိုင်၏၊ ထိုဌာန ထိုသဘာဝကိုလည်း ချမ်းသာဟူ၍ပင် ဆိုပေ၏' ဟု ဖြေကြားရာ၏"

ဗုဒ္ဓမြတ်စွာက ဤသို့ ဟောကြားသောအခါ ရှင်အာနန္ဒာသည် ထိုဟောကြားချက်ကို လွန်စွာ နှစ်သက်လေသည်။

www.dhammaransi.com

# ၆၀။ အပဏ္ဏကသုတ်

## မလွဲချော်နိုင်သောအကျင့်ကို ဟောကြားခြင်း

### မလွဲချော်နိုင်သော အကျင့်

အခါတစ်ပါး၌ ဗုဒ္ဓမြတ်စွာသည် ရဟန်းများစွာတို့နှင့်အတူ ကောသလတိုင်းအတွင်း၌ ခရီးလှည့်တော်မူရာ သာလာမည်သော ပုဏ္ဏားရွာသို့ ဆိုက်ရောက်လေ၏။ သာလာရွာသား ပုဏ္ဏားသူကြွယ်တို့သည် ဗုဒ္ဓမြတ်စွာထံ ချဉ်းကပ်၍ သင့်လျော်သော နေရာ၌ ထိုင်နေကြလေ၏။ ထိုသူကြွယ်တို့အား ဗုဒ္ဓမြတ်စွာက 'သူကြွယ်တို့၊ သင်တို့မှာ အကြောင်းခိုင်လုံသော ယုံကြည်မှုကို ရစေနိုင်၍ နှစ်သက်မြတ်နိုးအပ်သော ဆရာတစ်ပါးပါး ရှိပါ၏လော' ဟု မေးမြန်းရာ သူကြွယ်တို့က 'မရှိပါ' ဟု ဖြေကြားကြသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာက နှစ်သက်မြတ်နိုးအပ်သော ဆရာကို မရသူတို့သည် မလွဲချော်နိုင်သော အကျင့်ကို ကျင့်သုံးအပ်ကြောင်း မိန့်ကြားတော်မူပြီး ထိုအကျင့်ကို ဟောကြားတော်မူသည်။

ထိုဟောကြားချက်၏ အနှစ်ချုပ်ကား အောက်ပါအတိုင်း ဖြစ်ပါသည်။

### အယူမှားကြောင့် အကုသိုလ်ပွားပုံ

“ဤလောက၌ 'ပေးလှူခြင်း၊ ပူဇော်ခြင်းသည် အကျိုးမရှိ။ ကောင်းမှု၊ မကောင်းမှုတို့၏ အကျိုးသည် မရှိ။ မိဘတို့၏ ကျေးဇူးသည် မရှိ၊ မျက်မှောက်လောက၊ တစ်ပါးသော တမလွန် လောကဟူသည် မရှိ။ သေပြီးနောက် ပြန်ဖြစ်သော သတ္တဝါမရှိ၊ ဤလောက၊ တစ်ပါးသော လောကကို ကိုယ်ပိုင်ဉာဏ်ဖြင့်

www.dhammaransi.com



သိမြင်၍ ကောင်းစွာ ကျင့်ကြံနေသော ရဟန်း ပုဏ္ဏားတို့သည်လည်း မရှိ' ဟူ၍ ပြောဆိုလေ့ရှိသော ရဟန်း ပုဏ္ဏားအချို့ရှိ၏။ ၎င်းတို့နှင့် ဖြောင်ဖြောင့်ဆန့်ကျင်ကာ 'ပေးလှူခြင်း၊ ပူဇော်ခြင်းသည် အကျိုးရှိ၏' စသည်ဖြင့် ပြောဆိုလေ့ရှိသော ရဟန်း ပုဏ္ဏားအချို့လည်း ရှိပြန်၏။ ဤသို့ အယူဝါဒ နှစ်မျိုးကွဲပြားရာတွင် 'ပေးလှူခြင်း ပူဇော်ခြင်းသည် အကျိုးမရှိ' စသည်ဖြင့် ယူဆသော ပုဂ္ဂိုလ်တို့သည် ကုသိုလ်တရားကို သွေဖီပြီး အကုသိုလ်တရားကို စွဲယူဆောက်တည်ကြမည်သာ ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် အကုသိုလ်၏ အပြစ်နှင့် ကုသိုလ်၏ အကျိုးကို မသိမြင်ကြသောကြောင့် ဖြစ်၏။

'ထင်ရှားရှိသော တမလွန်လောကကို 'ထင်ရှားမရှိ' ဟု ကြံစည်ယူဆသော ပြောဆိုသော ပုဂ္ဂိုလ်အား မှားသောအကြံ၊ မှားသောအယူ၊ မှားသော ပြောဆိုခြင်း ဖြစ်၏။ တမလွန်လောကကို သိမြင်သော ရဟန္တာတို့အား ဆန့်ကျင်ဘက် ပြုရာ ရောက်၏။ မသူတော် တရားကို ဖြန့်ဖြူးပေးရာလည်း ရောက်၏။ မိမိကိုယ်ကို ချီးမြှောက်၍ သူတစ်ပါးကို ရှုတ်ချရာလည်း ရောက်၏။ ဤသို့လျှင် ထိုသူအား မှားသော အယူကို အကြောင်းပြု၍ အကုသိုလ်တရားများစွာတို့သည် ဖြစ်ပေါ်လာကုန်၏။

'ပေးလှူခြင်း၊ ပူဇော်ခြင်းသည် အကျိုးမရှိ' စသည်ဖြင့် ယူဆသော ပုဂ္ဂိုလ်သည် အကယ်၍ တမလွန်ဘဝ မရှိခဲ့သော် မသေမီ ချမ်းသာကောင်းချမ်းသာမည် ဖြစ်သော်လည်း ပညာရှိတို့၏ ကဲ့ရဲ့မှုကိုကား ခံရပေလိမ့်မည်။ အကယ်၍ တမလွန်ဘဝ ရှိပါမူကား မသေမီ ပညာရှိတို့၏ ကဲ့ရဲ့မှုကိုခံရမည့်အပြင် သေပြီးနောက်တွင်လည်း အပါယ်ငရဲသို့ ကျရောက်ကာ ဆုံးရှုံးမှုနှစ်မျိုးလုံးကို ခံစားရပေလိမ့်မည်။"

## အယူမှန်ကြောင့် ကုသိုလ်ပွားပုံ

"ပေးလှူခြင်း၊ ပူဇော်ခြင်းသည် အကျိုးရှိ၏" စသည်ဖြင့် ယူဆသော ပုဂ္ဂိုလ်တို့သည် အကုသိုလ်တရားများကို ရှောင်ရှား၍ ကုသိုလ်တရားများကိုသာ ကျင့်သုံးဆောက်တည်ကြမည်ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် အကုသိုလ်၏အပြစ်နှင့် ကုသိုလ်အကျိုးကိုသိမြင်ကြသောကြောင့် ဖြစ်၏။ ထင်ရှားရှိသော တမလွန်လောကကို ထင်ရှားရှိ၏ဟု ကြံစည်ယူဆပြောဆိုသော ပုဂ္ဂိုလ်အား မှန်သောအကြံ၊ မှန်သောအယူ၊ မှန်သောပြောဆိုခြင်းသည် ဖြစ်၏။ တမလွန်လောကကို သိမြင်သော ရဟန္တာတို့အား ဆန့်ကျင်ဘက် ပြုရာမရောက်။

www.dhammaransi.com



သူတော်ကောင်းတရားကို ဖြန့်ဖြူးပေးရာ ရောက်၏။ မိမိကိုယ်ကို ချီးမြှောက်၍ သူတစ်ပါးကို ရှုတ်ချရာ မရောက်။ ဤသို့လျှင် ထိုသူအား မှန်သော အယူကို အကြောင်းပြု၍ ကုသိုလ်တရားများစွာတို့သည် ဖြစ်ပေါ်လာကုန်၏။"

## သေချာသော လမ်း

"ပေးလှူခြင်း၊ ပူဇော်ခြင်းသည် အကျိုးရှိ၏" စသည်ဖြင့် ယူဆသော ပုဂ္ဂိုလ်သည် တမလွန်ဘဝ မရှိခဲ့သော် မသေမီ ယခုဘဝ၌ ပညာရှိတို့၏ ချီးမွမ်းခြင်းကို ခံရလိမ့်မည်။ တမလွန်ဘဝရှိပါမူကား မသေမီ ပညာရှိတို့၏ ချီးမွမ်းခြင်းကို ခံရသည့်ပြင် သေပြီးနောက်တွင်လည်း ကောင်းရာသုဂတိသို့ ရောက်၍ အကျိုးနှစ်ပါးကို ခံစားရပေလိမ့်မည်။ ဤသို့ စဉ်းစားဆင်ခြင်တတ်သော အသိဉာဏ်ရှိသည့် ပုဂ္ဂိုလ်သည် မသေချာသော လမ်းကို စွန့်၍ သေချာသော လမ်းကိုသာ လိုက်မည်ဖြစ်ပေသည်။

'လောက၌ ကောင်းသော အမှုကို ပြုသော်လည်း ကုသိုလ်မဖြစ်။ မကောင်းသောအမှုကို ပြုသော်လည်း အကုသိုလ်မဖြစ်' စသည်ဖြင့် ယူဆသော အယူဝါဒ၊ 'လောက၌ သတ္တဝါတို့၏ စင်ကြယ်ရန် အတွက်လည်းကောင်း၊ ညစ်ညူးရန်အတွက်လည်းကောင်း အကြောင်းတရားဟူ၍ မရှိ။ သတ္တဝါတို့သည် အကြောင်းတရားမရှိဘဲ အလိုအလျောက်ပင် စင်ကြယ်ခြင်း၊ ညစ်နွမ်းခြင်း ဖြစ်ကြရကုန်၏။ ဆုံးစည်းမှုအားလျော်စွာ ချမ်းသာဆင်းရဲကို ခံစားကြရကုန်၏' စသည်ဖြင့် ယူဆသော အယူဝါဒတို့နှင့် ပတ်သက်၍လည်း အထက်ပါနည်းအတိုင်းပင် သေချာသောလမ်းကို လိုက်ရန် ဟောကြားတော်မူသည်။

## အရူပ ဗြဟ္မာ ရှိမရှိ

"လောက၌ ရုပ်ခန္ဓာမဲ့သော အရူပဗြဟ္မာမည်သည် မရှိ" ဟူ၍ လည်းကောင်း၊ 'အရူပဗြဟ္မာမည်သည် ရှိ၏' ဟူ၍ လည်းကောင်း၊ အယူဝါဒကွဲပြားကြရာ၌လည်း စဉ်းစားဆင်ခြင်တတ်သည့်အသိဉာဏ်ရှိသော ပုဂ္ဂိုလ်သည် 'အကယ်၍ အရူပဗြဟ္မာမည်သည် မရှိခဲ့သော် ငါသည် ရုပ်ခန္ဓာရှိသော ရူပဗြဟ္မာတို့၌ပင် ဖြစ်ရလိမ့်မည်။ အကယ်၍ အရူပဗြဟ္မာသည် ရှိခဲ့သော် ငါသည် ထိုအရူပဗြဟ္မာတို့၌ ဖြစ်ရလိမ့်မည်' ဟု ဆင်ခြင်ကာ ရုပ်တရားတို့၏ ချုပ်ငြိမ်းရေးကို ကျင့်ကြံလေ၏"

www.dhammaransi.com



## ဘဝ ချုပ်ငြိမ်းရာ ရှိမရှိ

"ဘဝချုပ်ငြိမ်းရာ ရှိမရှိနှင့် ပတ်သက်၍ အယူဝါဒ ကွဲပြားကြရာ၌လည်း စဉ်းစားဉာဏ်ရှိသော ပုဂ္ဂိုလ်သည် 'အကယ်၍ ဘဝချုပ်ငြိမ်းရာ မရှိခဲ့သော် ငါသည် အရူပဗြဟ္မာတို့၌ ဖြစ်ရလိမ့်မည်။ အကယ်၍ ဘဝချုပ်ငြိမ်းရာ ရှိခဲ့သော် ငါသည် ဤမျက်မှောက်သော ကိုယ်၏ အဖြစ်ဖြင့်ပင် အကြွင်းမဲ့ ငြိမ်းအေးမှုကို ရရှိလိမ့်မည်။ 'ဘဝငြိမ်းလိမ့်မည်' ဟု ဆင်ခြင်ကာ ဘဝချုပ်ငြိမ်းရေးကို ကျင့်ကြံလေ၏။"

ဤသို့လျှင် ဗုဒ္ဓမြတ်စွာသည် သာလာရွာသား ပုဏ္ဏား သူကြွယ်တို့အား အယူဝါဒနှစ်မျိုး ကွဲပြားမှုရှိသော အရာတို့၌ မလွဲချော်နိုင်သည့် သေချာသောလမ်းကို လိုက်ကြရန် ဟောကြားတော်မူလေသည်။ သာလာရွာသား ပုဏ္ဏား သူကြွယ်တို့သည် ထိုဟောကြားချက်ကို လွန်စွာနှစ်သက်ကြသဖြင့် ဗုဒ္ဓထံ၌ ဥပါသကာ အဖြစ် ခံယူသွားကြလေသည်။

www.dhammaransi.com

## ၆၁။ အမ္ဗလဋ္ဌိက ရာဟုလောဝါဒသုတ်

## သရက်ဥယျာဉ်၌ ရာဟုလာအား ဆုံးမခြင်း

### မုသားပြောခြင်း၌ အရှက်မရှိသူ

အခါတစ်ပါး၌ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေသော ဗုဒ္ဓမြတ်စွာသည် ညနေစောင်းအချိန်တွင် တစ်ပါးတည်း ကိန်းအောင်းရာမှ ထ၍ ရှင်ရာဟုလာ သီတင်းသုံးရာ သရက်ဥယျာဉ်သို့ ကြွသွားလေသည်။ ရှင်ရာဟုလာသည် ဗုဒ္ဓကြွလာသည်ကို မြင်သော် နေရာခင်းခြင်း၊ ခြေဆေးရေတည်ခြင်းများကို ပြုလုပ်၏။ ဗုဒ္ဓသည် ခင်းထားသော နေရာ၌ ထိုင်၍ ခြေဆေးခြင်း ပြုတော်မူသည်။ ရှင်ရာဟုလာလည်း ဗုဒ္ဓအား ရိုသေစွာ ရှိခိုးပြီး သင့်လျော်သော နေရာ၌ ထိုင်နေလေ၏။ ထိုအခါ ဗုဒ္ဓမြတ်စွာသည် ခြေဆေးရေအိုး၌ ရေအနည်းငယ်မျှကို ချန်ထားပြီး ရှင်ရာဟုလာအား မေးတော်မူလေသည်။

"ရာဟုလာ၊ ဤခြေဆေးရေအိုး၌ ကျန်နေသည့် အနည်းငယ်သော ရေကို မြင်ပါ၏လော"

"မြင်ပါသည် ဘုရား"

"ရာဟုလာ၊ ဤအတူပင် မုသားဆိုခြင်း၌ အရှက်မရှိသော ရဟန်းအား ရဟန်းအကျင့်သည် အနည်းငယ်မျှသာ ကျန်တော့၏။"

ထို့နောက် ဗုဒ္ဓသည် ခြေဆေးရေအိုးထဲမှ ရေကို ကုန်စင်အောင် သွန်လိုက်ပြီး မုသားဆိုခြင်း၌ အရှက်မရှိသော ရဟန်းအား ရဟန်းအကျင့်ကို အကြွင်းမဲ့ သွန်ပစ်ပြီး ဖြစ်တော့ကြောင်း မိန့်ကြားတော်မူသည်။ တစ်ဖန် မှောက်ထားသော

www.dhammaransi.com



အိုးဖြင့် ဥပမာပြု၍ မုသားဆိုခြင်း၌ အရှက်မရှိသော ရဟန်းအား ရဟန်းအကျင့်ကို မှောက်ထားပြီး ဖြစ်တော့ကြောင်း မိန့်ကြားတော်မူသည်။ ဘာမျှ မရှိသော အိုးဖြင့် ဥပမာပြု၍ မုသားဆိုခြင်း၌ အရှက် မရှိသောရဟန်းအား ရဟန်းအကျင့် ဘာမျှ မရှိတော့ကြောင်း မိန့်ကြားတော်မူသည်။

## မပြုဝံ့သောအမှုမရှိ

ထို့နောက် ဗုဒ္ဓက ဆက်လက်ဟောကြားသည်မှာ-

"ရာဟုလာ၊ ကြီးမားသော အစွယ်ရှိသည့် တိုက်ပွဲဝင်ဖူးသော မင်းစီးဆင်သည် စစ်မြေပြင်သို့ ရောက်သော် ရှေ့ခြေ၊ နောက်ခြေ၊ ကိုယ်၊ ဦးခေါင်း၊ အစွယ် စသော ကိုယ်အင်္ဂါအစိတ်အပိုင်းဟူသမျှဖြင့် ရန်သူတို့အား တိုက်ခိုက်ခြင်း အမှုကို ပြု၏။ သို့သော် နှာမောင်းကိုမူ စောင့်ရှောက်၏။ ထိုအခါ ဆင်စီးသူရဲအား 'ဤဆင်ကား အခြားသော ကိုယ်အင်္ဂါအစိတ်အပိုင်းတို့ဖြင့် တိုက်ခိုက်ခြင်း ပြုသော်လည်း နှာမောင်းကိုမူ စောင့်ရှောက်၏၊ အသက်ကို မစွန့်သေးချေ' ဟု အကြံဖြစ်၏။

'အကြင်အခါ၌ကား မင်းစီးဆင်သည် နှာမောင်းကိုပင် စောင့်ရှောက်ခြင်း မပြုတော့ဘဲ ကိုယ်အင်္ဂါအစိတ်အပိုင်းဟူသမျှဖြင့် တိုက်ခိုက်ခြင်းအမှုကို ပြု၏။ ထိုအခါ ဆင်စီးသူရဲအား 'ဤဆင်ကား နှာမောင်းကိုပင် စောင့်ရှောက်ခြင်း မပြုတော့ဘဲ တိုက်ခိုက်ခြင်း အမှုကို ပြုလေပြီ၊ အသက်ကို စွန့်လေပြီ၊ ယခုအခါ ဤဆင် မပြုလုပ်ဝံ့သော အရာ ရှိတော့မည် မဟုတ်' ဟူ၍ အကြံဖြစ်လေ၏။

'ရာဟုလာ၊ ဤနည်းတူပင် သိလျက်မုသားဆိုခြင်း၌ အရှက်မရှိသော ရဟန်းအား မပြုလုပ်ဝံ့သော မကောင်းမှု မရှိတော့ပြီဟု ငါဆို၏။ ထို့ကြောင့် သင်သည် 'ရယ်ရွှင်မြူးတူး လို၍မျှသော်လည်း မုသားစကားကို ငါမဆိုအံ့' ဟူ၍ လေ့ကျင့်အားထုတ်အပ်၏။"

## ကြေးမုံပြင်ဥပမာ

"ရာဟုလာ၊ ကြေးမုံပြင် (မှန်) သည် အဘယ်အကျိုးရှိသနည်း"

"အရှင်ဘုရား၊ ကြေးမုံပြင် (မှန်)သည် ကြည့်ရှုဆင်ခြင်ရခြင်း အကျိုးရှိပါသည်"

"ရာဟုလာ၊ ထိုနည်းတူပင် သင်သည် မိမိ၏ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကို ကြည့်ရှုဆင်ခြင်၍ ပြုလုပ်ရမည်။ တစ်စုံတစ်ခုသော အမှုကို ပြုလုပ်လိုသော်

www.dhammaransi.com



'ဤအမှုသည် မိမိကိုယ်ကို ထိခိုက်နစ်နာစေနိုင်သလော၊ သူတစ်ပါးကို ထိခိုက်နစ်နာစေနိုင်သလော' ဟူ၍ ကြည့်ရှုဆင်ခြင်ရမည်။ ယင်းသို့ ကြည့်ရှုဆင်ခြင်၍ မိမိကိုလည်းကောင်း၊ သူတစ်ပါးကို လည်းကောင်း ထိခိုက်နစ်နာမည့်အမှုကို မပြုလုပ်အပ်။ ထိခိုက်နစ်နာစေခြင်း မရှိဘဲ၊ ချမ်းသာခြင်းကို ဖြစ်စေမည့်အမှုကိုသာ ပြုလုပ်အပ်၏။"

## ပြုလုပ်ဆဲ၌ ဆင်ခြင်ပုံ

"ရာဟုလာ၊ သင်သည် တစ်စုံတစ်ခုသော အမှုကို ပြုလုပ်နေဆဲ၌လည်း 'ဤအမှုသည် မိမိကိုလည်းကောင်း၊ သူတစ်ပါးကို လည်းကောင်း ထိခိုက်နစ်နာစေနိုင်သလော' ဟူ၍ ကြည့်ရှုဆင်ခြင်ရမည်။ ယင်းသို့ ကြည့်ရှုဆင်ခြင်၍ မိမိကို လည်းကောင်း၊ သူတစ်ပါးကို လည်းကောင်း ထိခိုက်နစ်နာစေနိုင်ကြောင်း သိမြင်ခဲ့သော် ထိုအမှုကို ရပ်သိမ်းရပ်စဲရမည်။ ထိခိုက်နစ်နာစေခြင်း မရှိဘဲ ချမ်းသာခြင်းကို ဖြစ်စေမည့် အမှုကိုသာ ဆက်လက်အားထုတ်အပ်၏။"

## ပြုလုပ်ပြီးနောက် ဆင်ခြင်ပုံ

"ရာဟုလာ၊ သင်သည် တစ်စုံတစ်ခုသော အမှုကို ပြုလုပ်ပြီးနောက်၌လည်း 'ငါပြုလုပ်ခဲ့သော အမှုသည် မိမိကို လည်းကောင်း၊ သူတစ်ပါးကို လည်းကောင်း ထိခိုက်နစ်နာစေခဲ့သလော' ဟူ၍ ကြည့်ရှုဆင်ခြင်ရမည်။ ယင်းသို့ ကြည့်ရှုဆင်ခြင်၍ မိမိကိုလည်းကောင်း၊ သူတစ်ပါးကို လည်းကောင်း ထိခိုက်နစ်နာစေခဲ့ကြောင်း သိမြင်ခဲ့သော် ထိုအမှုကို ဆရာသမား၊ ပညာရှိသူ၊ သီတင်းသုံးဖော် တစ်ပါးပါးထံ၌ ဖွင့်ဟပြောကြားပြီး နောက်ထပ်မပြုလုပ်မိအောင် စောင့်ထိန်းရမည်။ မိမိကိုလည်းကောင်း၊ သူတစ်ပါးကို လည်းကောင်း ထိခိုက်နစ်နာစေခြင်း မရှိဘဲ၊ ချမ်းသာခြင်းကိုသာ ဖြစ်စေခဲ့ကြောင်း သိမြင်ပါမူကား နှစ်သက်ဝမ်းမြောက်စွာဖြင့် ထိုကဲ့သို့သော ကုသိုလ်တရားတို့၌ နေ့ညမပြတ် အားထုတ်နေရမည်။

'ရာဟုလာ၊ ရှေးအခါက မိမိ၏ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးကို စင်ကြယ်အောင် စောင့်ထိန်းခဲ့သော ရဟန်း ပုဏ္ဏား အားလုံးတို့သည် မိမိကိုယ်ကို ကြည့်ရှုဆင်ခြင်၍သာလျှင် စောင့်ထိန်းခဲ့ကြ၏။ နောင်အနာဂတ်၌ မိမိ၏ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးကို စင်ကြယ်အောင် စောင့်ထိန်းမည့် ရဟန်းပုဏ္ဏား အားလုံးတို့သည်လည်း ကြည့်ရှုဆင်ခြင်၍သာလျှင် စောင့်ထိန်းကြလိမ့်မည်။ ယခုမျက်မှောက်ကာလ၌ မိမိ၏ ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးကို စင်ကြယ်အောင် စောင့်ထိန်းနေသည့်

www.dhammaransi.com



ရဟန်း ပုဏ္ဏား အားလုံးတို့သည်လည်း ကြည့်ရှုဆင်ခြင်၍သာလျှင် စောင့်ထိန်းနေကြကုန်၏။ ရာဟုလာ၊ ထို့ကြောင့် သင်သည်လည်း 'ငါသည် အဖန်တလဲလဲ ကြည့်ရှုဆင်ခြင်၍သာလျှင် ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးကို စင်ကြယ်အောင် စောင့်ထိန်းပေအံ့' ဟူ၍ လေ့ကျင့်အားထုတ်အပ်၏"

ဗုဒ္ဓမြတ်စွာက ဤသို့ ဟောကြားလေသော် ရှင်ရာဟုလာသည် ထိုဟောကြားချက်ကို လွန်စွာ နှစ်သက်လေသည်။

www.dhammaransi.com

# ၆၂။ မဟာရာဟုလောဝါဒသုတ်

## ရှင်ရာဟုလာအားနောက်ထပ်ဆုံးမခြင်း

### ဆွမ်းခံကြွစဉ် ဆုံးမခြင်း

ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်း သုံးစဉ် နံနက်အချိန်၌ မြို့တွင်းသို့ ဆွမ်းခံကြွတော်မူသည်။ ထိုအခါ ရှင်ရာဟုလာသည် ဗုဒ္ဓနောက်ပါးမှ လိုက်ပါသွားလေသည်။ ဗုဒ္ဓမြတ်စွာသည် မိမိနောက်မှ ရှင်ရာဟုလာ လိုက်ပါလာသည်ကို မြင်လျှင် နောက်သို့ လှည့်၍ ဆုံးမစကား မိန့်ကြားတော်မူ၏။

"ရာဟုလာ၊ သင်သည် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ အတွင်း အပ၊ အကြမ်းအနု၊ အယုတ် အမြတ်၊ အဝေးအနီးအားဖြင့် အလုံးစုံသော ရုပ်ကို 'ငါဟာ မဟုတ်၊ ငါမဟုတ်၊ ငါ၏ကိုယ် မဟုတ်' ဟူ၍ ဟုတ်တိုင်းမှန်စွာ ပညာဖြင့် ကောင်းစွာ ရှုအပ်၏။"

"အရှင်ဘုရား၊ ရုပ်ကိုသာ ယင်းသို့ ရှုအပ်ပါသလော"

"ရာဟုလာ၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ကိုလည်း ထိုနည်းတူပင် ရှုအပ်၏"

### ရှင်သာရိပုတ္တရာက ထပ်မံဆုံးမခြင်း

ရှင်ရာဟုလာသည် ဗုဒ္ဓ၏ ဆုံးမစကားကို ကြားနာရသောအခါ ဆွမ်းခံရာသို့ဆက်လက်လိုက်ပါခြင်း မပြုတော့ဘဲ ထိုနေရာမှပင် ပြန်သွားပြီး သစ်ပင်တစ်ပင်အောက်၌ တရားကို နှလုံးသွင်း၍ နေလေသည်။ ဤသို့ ရှင်ရာဟုလာ

www.dhammaransi.com



တရားနှလုံးသွင်းနေသည်ကို ရှင်သာရိပုတ္တရာ တွေ့မြင်လေသော် "ရာဟုလာ၊ သင်သည် ဝင်သက်ထွက်သက်တို့၌ ရှုမှတ်ခြင်း အာနာပါနသတိဘာဝနာကို ပွားများလော့။ အာနပါနသတိ ဘာဝနာကို ကြိမ်ဖန်များစွာ လေ့လာပွားများသော် များပြားသော အကျိုးအာနိသင် ရှိပေ၏" ဟူ၍ ညွှန်ကြားဆုံးမလေ၏။

## ဓာတ်လေးပါးကို ဟောကြားခြင်း

ညနေစောင်းအချိန်သို့ ရောက်သောအခါ ရှင်ရာဟုလာသည် တရားထိုင်နေရာမှ ဗုဒ္ဓထံချဉ်းကပ်ပြီး "အရှင်ဘုရား၊ အာနာပါနသတိ ဘာဝနာကို အဘယ်သို့ လေ့လာပွားများသော် များသောအကျိုးအာနိသင် ရှိပါသနည်း' ဟု မေးလျှောက်လေသည်။ ယင်းမေးလျှောက်ချက်အရ ဓာတ်လေးပါးကို ဆင်ခြင်ပုံနှင့်တကွ အာနာပါနသတိပွားများနည်းကို ဗုဒ္ဓက ဟောကြားတော်မူလေသည်။

"ရာဟုလာ၊ ပထဝီဓာတ်ဟူသည် အဘယ်နည်းဆိုသော်- ပထဝီဓာတ်သည် အချို့အတွင်းသန္တာန်၌ ဖြစ်၏။ အချို့ကား အပြင်သန္တာန်၌ ဖြစ်၏။ ဆံပင်၊ အမွေး၊ ခြေသည်း လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း အစရှိသည့် ခန္ဓာကိုယ်ကို စွဲမှီ၍ ဖြစ်သော ကြမ်းတမ်းသော သဘောရှိသော ဥပါဒိန္နရုပ်အားလုံးကို အတွင်းပထဝီဓာတ်ဟု ဆို၏။ စင်စစ်ကား အတွင်းပထဝီဓာတ်သည် လည်းကောင်း၊ အပြင် ပထဝီဓာတ်သည် လည်းကောင်း ပထဝီဓာတ်ပင် ဖြစ်၏။ ထိုပထဝီ ဓာတ်အားလုံးကို 'ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ငါ၏ ကိုယ်မဟုတ်' ဟူ၍ ဟုတ်တိုင်းမှန်စွာ ပညာဖြင့် ကောင်းစွာ ရှုအပ်၏။ ဤသို့ ရှုသော် ပထဝီဓာတ်၌ ငြီးငွေ့၏၊ စွဲမက်ခြင်းကင်း၏။"

## အာပေါဓာတ်ကို ရှုပုံ

"ရာဟုလာ၊ အာပေါဓာတ်ဟူသည် အဘယ်နည်းဆိုသော်- အာပေါဓာတ်သည် အချို့အတွင်းသန္တာန်၌ ဖြစ်၏။ အချို့ကား အပသန္တာန်၌ ဖြစ်၏။ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်အစရှိသော ခန္ဓာကိုယ်ကို စွဲမှီ၍ ဖြစ်သော ယိုစီးခြင်း သဘောရှိသော ရုပ်အားလုံးကို အတွင်းအာပေါဓာတ်ဟု ဆို၏။ စင်စစ်ကား အတွင်းအာပေါ

www.dhammaransi.com



ဓာတ်သည် လည်းကောင်း၊ အပြင်အာပေါဓာတ်သည် လည်းကောင်း အာပေါဓာတ်ပင် ဖြစ်၏။ ထိုအာပေါဓာတ်အားလုံးကို ပညာဖြင့် ကောင်းစွာ ရှုအပ်၏။ ယင်းသို့ရှုသော် အာပေါဓာတ်၌ ငြီးငွေ့၏၊ စွဲမက်ခြင်းကင်း၏။"

## တေဇောဓာတ်ကို ရှုပုံ

"ရာဟုလာ၊ တေဇောဓာတ်ဟူသည် အဘယ်နည်းဆိုသော်- တေဇောဓာတ်သည် အချို့အတွင်းသန္တာန်၌ ဖြစ်၏။ အချို့ကား အပြင်သန္တာန်၌ ဖြစ်၏။ ပူလောင်ခြင်း၊ ရင့်ရော်ဆွေးမြေ့ခြင်း၊လောင်ကျွမ်းခြင်း၊ အစားအစာများ ကျေကျက်ခြင်းကို ဖြစ်စေတတ်သော ကိုယ်ခန္ဓာကို စွဲမှီ၍ ဖြစ်သော ပူလောင်ခြင်းသဘောရှိသော ဥပါဒိန္နရုပ်အားလုံးကို အတွင်းတေဇောဓာတ်ဟု ဆို၏။ စင်စစ်ကား အတွင်းတေဇောဓာတ်သည် လည်းကောင်း၊ အပြင်တေဇောဓာတ်သည် လည်းကောင်း တေဇောဓာတ်ပင် ဖြစ်၏။ ထိုတေဇောဓာတ်အားလုံးကို ပညာဖြင့် ကောင်းစွာ ရှုအပ်၏။ ယင်းသို့ ရှုသော် တေဇောဓာတ်၌ ငြီးငွေ့၏၊ စွဲမက်ခြင်း ကင်း၏။"

## ဝါယောဓာတ်ကို ရှုပုံ

"ရာဟုလာ၊ ဝါယောဓာတ်ဟူသည် အဘယ်နည်းဆိုသော်- ဝါယောဓာတ်သည် အချို့အတွင်းသန္တာန်၌ ဖြစ်၏။ အချို့ကား အပြင်သန္တာန်၌ ဖြစ်၏။ အထက်သို့ ဆန်သောလေ၊ အောက်သို့စုန်သောလေ၊ ဝမ်းထဲ၌ တည်သောလေ၊ အူထဲ၌ တည်သောလေ၊ အင်္ဂါကြီးငယ်များသို့ အစဉ်လျှောက်၍နေသောလေ၊ ထွက်သက်လေ၊ ဝင်သက်လေ အစရှိသော ခန္ဓာကိုယ်ကို စွဲမှီ၍ဖြစ်သော၊ တွန်းကန်ခြင်းသဘောရှိသော ဥပါဒိန္နရုပ်အားလုံးကို အတွင်းဝါယောဓာတ်ဟု ဆို၏။ စင်စစ်ကား အတွင်းဝါယောဓာတ်သည် လည်းကောင်း၊ အပြင်ဝါယောဓာတ်သည် လည်းကောင်း ဝါယောဓာတ်ပင် ဖြစ်၏။ ထိုဝါယောဓာတ်အားလုံးကို ပညာဖြင့် ကောင်းစွာ ရှုအပ်၏။ ယင်းသို့ရှုသော် ဝါယောဓာတ်၌ ငြီးငွေ့၏၊ စွဲမက်ခြင်းကင်း၏။"

## အာကာသကို ရှုပုံ

"ရာဟုလာ၊ အာကာသဓာတ်ဟူသည် အဘယ်နည်းဆိုသော်- အာကာသဓာတ်သည် အချို့အတွင်းသန္တာန်၌ ဖြစ်၏။ အချို့ကား အပသန္တာန်၌ ဖြစ်၏။

www.dhammaransi.com



နှာ:ပေါက်၊ နှာခေါင်းပေါက်၊ အစာကို မျိုချရာအပေါက်၊ အစာတည်ရာအပေါက်၊ အစာထွက်ရာအပေါက် အစရှိသော ခန္ဓာကိုယ်ကို စွဲမှီ၍ဖြစ်သော ရေ:ခြစ်၍ မရခြင်း သဘောရှိသည့် ဥပါဒိန္နရုပ်အားလုံးကို အတွင်းအာကာသဓာတ်ဟုဆို၏။ စင်စစ်ကား အတွင်းအာကာသဓာတ်သည် လည်းကောင်း၊ အပြင် အာကာသဓာတ်သည် လည်းကောင်း အာကာသဓာတ်ပင် ဖြစ်၏။ ထိုအာကာသဓာတ် အားလုံးကို ပညာဖြင့် ကောင်းစွာ ရှုအပ်၏။ ယင်းသို့ရှုသော် အာကာသဓာတ်၌ ငြီးငွေ့၏၊ စွဲမက်ခြင်းကင်း၏။"

## မြေကြီးနှင့်တူစွာ ပွားများပါလော့

"ရာဟုလာ၊ သင်သည် မြေကြီးနှင့်တူစွာ ဘာဝနာကို ပွားများပါလော့၊ မြေကြီးသည် မိမိအပေါ်သို့ စင်ကြယ်သောအရာကို ပစ်ချသည်ဖြစ်စေ၊ မစင်ကြယ်သော အရာကို ပစ်ချသည် ဖြစ်စေ စက်ဆုပ်ရွံရှာခြင်း မရှိသကဲ့သို့၊ မြေကြီးနှင့်တူစွာ ဘာဝနာကို ပွားများသော သင်၏ စိတ်ကိုလည်း နှစ်သက်ဖွယ်ဖြစ်သော အာရုံတို့သည်လည်းကောင်း၊ မနှစ်သက်ဖွယ်ဖြစ်သော အာရုံတို့သည် လည်းကောင်း လွှမ်းမိုးနိုင်လိမ့်မည် မဟုတ်။"

[ရေ၊ မီး၊ လေတို့နှင့်တူစွာ ပွားများရန်လည်း အထက်ပါနည်းအတိုင်းပင် ဟောကြားပါသည်။]

"ရာဟုလာ၊ သင်သည် ကောင်းကင်နှင့်တူစွာ ဘာဝနာကို ပွားများလော့။ ကောင်းကင်သည် တစ်စုံတစ်ခုသော နေရာ၌ မတည်သကဲ့သို့၊ ကောင်းကင်နှင့်တူစွာ ဘာဝနာကို ပွားများသော သင်၏ စိတ်သည် တစ်စုံတစ်ခုသော အာရုံ၌ တည်လိမ့်မည် မဟုတ်။"

## မေတ္တာကို ပွားများ

"ရာဟုလာ၊ သင်သည် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့ကို ပွားများလော့။ ယင်းတို့ကို ပွားများသော သင့်အား ပျက်စီးစေလိုခြင်း ဗျာပါဒ၊ ညှဉ်းဆဲလိုခြင်း ဝိဟေသာ၊ မမွေ့လျော်ခြင်း အရတိ၊ ထိပါးလိုခြင်း ပဋိဃတို့ ကင်းပျောက်လတ္တံ့။"

[မတင့်တယ်ဟု ရှုမှတ်ခြင်း 'အသုဘသညာ' ကို ပွားလျှင် တပ်မက်ခြင်း ရာဂ ပျောက်ကင်းကြောင်း၊ မမြဲဟု ရှုမှတ်ခြင်း 'အနိစ္စသညာ' ကို ပွားလျှင်

www.dhammaransi.com



ငါဟူသော မာန်မာန ကင်းပျောက်ကြောင်းကိုလည်း အထက်ပါနည်းအတိုင်း ဟောကြားပါသည်။]

## အာနာပါနသသတိ ပွားပုံ

"ရာဟုလာ၊ သင်သည် ဝင်သက်ထွက်သက်ကို ရှုမှတ်ခြင်း 'အာနာပါနဿတိ' ကို ပွားများလော့။ အာနာပါနဿတိကို အဖန်တလဲလဲ ပွားများသော် များသောအကျိုးအာနိသင် ရှိ၏။ ရာဟုလာ၊ အာနာပါဿတိကို အဘယ်သို့ အဖန်တလဲလဲ ပွားများသော် များသော အကျိုးအာနိသင်ရှိသနည်းဆိုသော်- ဤသာသနာ၌ ရဟန်းသည် တောတောင်၊ သစ်ပင်ရင်း၊ ဆိတ်ငြိမ်ရာအရပ် တစ်ခုခုသို့ ချဉ်းကပ်၍ တင်ပျဉ်ခွေကာ ကိုယ်ကို မတ်မတ်ထား၍ ထိုင်ပြီး ကမ္မဋ္ဌာန်းအာရုံသို့ ရှေးရှု သတိကို ဖြစ်စေ၏။

'ထိုရဟန်းသည် သတိရှိလျက်သာလျှင် ဝင်သက်လေကို ရှုသွင်း၏။ သတိရှိလျက်သာလျှင် ထွက်သက်လေကို ရှုထုတ်၏။

'ဝင်သက်လေကို ရှည်ရှည်ရှုသွင်းလျှင် 'ရှည်ရှည်ရှုသွင်းသည်' ဟု သိ၏။ ထွက်သက်လေကို ရှည်ရှည်ရှုထုတ်လျှင် 'ရှည်ရှည်ရှုထုတ်သည်' ဟု သိ၏။

'ဝင်သက်လေကို တိုတိုရှုသွင်းလျှင် 'တိုတိုရှုသွင်းသည်' ဟု သိ၏။ ထွက်သက်လေကို တိုတိုရှုထုတ်လျှင် 'တိုတိုရှုထုတ်သည်' ဟု သိ၏။

'ဝင်သက်လေ၏အစ၊ အလယ်၊ အဆုံး သုံးပါးလုံးကို ထင်ရှားသိလျက် ဝင်သက်လေကို ရှုသွင်းမည်ဟု လေ့ကျင့်အားထုတ်၏။ ထွက်သက်လေ၏အစ၊ အလယ်၊ အဆုံး သုံးပါးလုံးကို ထင်ရှားသိလျက် ထွက်သက်လေကို ရှုထုတ်မည်ဟု လေ့ကျင့်အားထုတ်၏။

"ရုန့်ရင်းပြင်းထန်သော ကာယသင်္ခါရကို ငြိမ်းအေးစေလျက် ဝင်သက်ကို ရှုသွင်းမည်ဟု လေ့ကျင့်အားထုတ်၏။ ရုန့်ရင်းပြင်းထန်သော ကာယသင်္ခါရကို ငြိမ်းအေးစေလျက် ထွက်သက်ကို ရှုထုတ်မည်ဟု လေ့ကျင့်အားထုတ်၏။

"နှစ်သိမ့်မှုပီတိကို ထင်ရှားသိလျက် ဝင်သက်လေကို ရှုသွင်းမည်၊ ထွက်သက်လေကို ရှုထုတ်မည်ဟု လေ့ကျင့်အားထုတ်၏။ ချမ်းသာခြင်း သုခကို သိလျက် ဝင်သက်လေကို ရှုသွင်းမည်။ ထွက်သက်လေကို ရှုထုတ်မည်ဟု လေ့ကျင့်အားထုတ်၏။

'စိတ္တသင်္ခါရကို ထင်ရှားသိလျက် ဝင်သက်လေကို ရှုသွင်းမည်၊ ထွက်သက်လေကို ရှုထုတ်မည်ဟု လေ့ကျင့်အားထုတ်၏။ ရုန့်ရင်းကြမ်းတမ်းသော စိတ္တသင်္ခါရ

www.dhammaransi.com



ကို ငြိမ် အေးစေလျက် ဝင်သက်လေကို ရှုသွင်းမည်၊ ထွက်သက်လေကို ရှုထုတ်မည်ဟု လေ့ကျင့်အားထုတ်၏။

'စိတ်ကို ထင်ရှားသိလျက် ဝင်သက်လေကို ရှုသွင်းမည်။ ထွက်သက်လေကို ရှုထုတ်မည်ဟု လေ့ကျင့်အားထုတ်၏။ စိတ်ကို ရွှင်လန်းဝမ်းမြောက်စေလျက် ဝင်သက်လေကို ရှုသွင်းမည်။ ထွက်သက်လေကို ရှုထုတ်မည်ဟု လေ့ကျင့်အားထုတ်၏။ စိတ်ကို အာရုံ၌ ကောင်းစွာထားလျက် ဝင်သက်လေကို ရှုသွင်းမည်။ ထွက်သက်လေကို ရှုထုတ်မည်ဟု လေ့ကျင့်အားထုတ်၏။ စိတ်ကို ကိလေသာတို့မှ လွတ်မြောက်စေလျက် ဝင်သက်လေကို ရှုသွင်းမည်၊ ထွက်သက်လေကို ရှုထုတ်မည်ဟု လေ့ကျင့်အားထုတ်၏။

'မမြဲခြင်းသဘောကို အဖန်ဖန်ရှုလျက် ဝင်သက်လေကို ရှုသွင်းမည်၊ ထွက်သက်လေကို ရှုထုတ်မည်ဟု လေ့ကျင့်အားထုတ်၏။ တပ်စွဲမှုကင်းခြင်းကို အဖန်ဖန်ရှုလျက် ဝင်သက်လေကို ရှုသွင်းမည်၊ ထွက်သက်လေကို ရှုထုတ်မည်ဟု လေ့ကျင့်အားထုတ်၏။ ချုပ်ငြိမ်းခြင်းကို အဖန်ဖန်ရှုလျက် ဝင်သက်လေကို ရှုသွင်းမည်။ ထွက်သက်လေကို ရှုထုတ်မည်ဟု လေ့ကျင့်အားထုတ်၏။ စွန့်လွှတ်ခြင်းကို အဖန်ဖန်ရှုလျက် ဝင်သက်လေကို ရှုသွင်းမည်၊ ထွက်သက်လေကို ရှုထုတ်မည်ဟု လေ့ကျင့်အားထုတ်၏။

'ရာဟုလာ၊ ဤသို့ အဖန်တလဲလဲ လေ့လာပွားများအပ်သော အာနာပါနသတိသည် များသော အကျိုး အာနိသင်ရှိ၏။ ဤသို့ ပွားများသည်ရှိသော် အဆုံးစွန်သော ဝင်သက်ထွက်သက်တို့သည်ပင် ထင်ရှားကုန်သည် ဖြစ်၍သာလျှင် ချုပ်ကုန်၏။ မထင်ရှားဘဲ မချုပ်ကုန်"

ဗုဒ္ဓမြတ်စွာက ဤသို့ ဟောကြားလျှင် ရှင်ရာဟုလာသည် ထိုဟောကြားချက်ကို လွန်စွာ နှစ်သက်လေသည်။

www.dhammaransi.com

# ၆၃။ စူဠမာလုကျသုတ်

## ရှင်မာလုကျအားလောကအကြောင်းကို ဟောကြားခြင်း

### ရှင်မာလုကျ လျှောက်ထားပုံ

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးစဉ် ရှင်မာလုကျပုတ္တအား 'အကယ်၍ လောကသည် မြဲသလော၊ မမြဲသလော။ အဆုံးရှိသလော၊ အဆုံးမရှိသလော' စသော မေးခွန်းများကို မြတ်စွာဘုရားက ဖြေကြားခြင်း မပြုခဲ့သော် ငါလူထွက်အံ့' ဟူ၍ အကြံဖြစ်ပေါ်လေ၏။ ထိုအခါ ရှင်မာလုကျသည် ဗုဒ္ဓထံ ချဉ်းကပ်၍ မိမိအကြံဖြစ်ပုံကို လျှောက်ကြားပြီး "အရှင်ဘုရား၊ အကယ်၍ လောကသည် မြဲ၊ မမြဲ၊ အဆုံးရှိ၊ မရှိ စသော အကြောင်းများကို မြတ်စွာဘုရား သိတော်မူလျှင် ဖြေကြားတော်မူပါလော့၊ မသိလျှင်လည်း မသိကြောင်း ဝန်ခံခြင်းသည်သာလျှင် ရိုးသားဖြောင့်မတ်ရာ ရောက်ပါလိမ့်မည်' ဟု လျှောက်ကြားလေသည်။

### ဗုဒ္ဓ၏ မိန့်ကြားချက်

ထိုအခါ ဗုဒ္ဓက ရှင်မာလုကျအား အောက်ပါအတိုင်း မိန့်ကြားတော်မူသည်။

"မာလုကျပုတ္တ၊ သင်သည် ငါ့ထံ၌ အကျင့်မြတ်ကို ကျင့်လှည့်လော့၊ လောကသည် မြဲ၊ မမြဲစသော မေးခွန်းများကို ငါဖြေကြားအံ့ ဟု သင့်အား ငါ ပြောခဲ့ဖူးပါသလော"

"မပြောခဲ့ဘူးပါ ဘုရား"

www.dhammaransi.com



"မာလုကျပုတ္တ၊ အကယ်၍ လောကသည် မြဲ၊ မမြဲစသော မေးခွန်းများကို မြတ်စွာဘုရား ဖြေကြားမည်ဆိုပါက တပည့်တော်သည် အရှင်ဘုရားထံ၌ အကျင့်မြတ်ကို ကျင့်ပါမည်ဟု သင်ကမူလည်း ငါ့ကို ပြောဖူးပါသလော"

"တပည့်တော်ကလည်း ယင်းသို့ မပြောဖူးပါ ဘုရား"

"အချည်းနှီးသော ယောကျ်ား၊ သို့ဖြစ်သော် သင်သည် ဘယ်သူဖြစ်၍ ဘယ်သူ့ကို စွန့်ဘိသနည်း။ မာလုကျပုတ္တ၊ အကယ်၍ 'လောကသည် မြဲ, မမြဲစသော မေးခွန်းများကို မြတ်စွာဘုရားက မဖြေကြားသမျှ ငါသည် မြတ်စွာဘုရားထံ၌ အကျင့်မြတ်ကို မကျင့်အံ့' ဟူ၍ တစ်စုံတစ်ယောက်သူက ပြောဆိုခဲ့သော် ထိုသူသည် အကျင့်မြတ်ကို မကျင့်ရဘဲသာလျှင် သေလွန်သွားရာ၏။ ငါကား ထိုမေးခွန်းများကို ဖြေကြားမည် မဟုတ်"။

## မြားစူးသူဥပမာ

"မာလုကျ၊ ဥပမာ- အဆိပ်လူးမြား စူးဝင်နေသူအား ဆေးဆရာက မြားကို နှုတ်ပယ်မည် လုပ်သောအခါ မိမိအား မြားဖြင့် ပစ်သူမှာ မည်သူ ဖြစ်သည်၊ မည်သို့သော လေးဖြင့် ပစ်လိုက်သည်၊ မည်သို့သော မြားမျိုးဖြစ်သည် စသော အကြောင်းများကို မသိရသေးမီ မြားကို မနုတ်ရန် ထိုသူက ပြောဆိုရာ၏။ ယင်းသို့ ပြောဆိုခဲ့သော် ထိုသူသည် မြားကို မနုတ်ရဘဲသာလျှင် သေလွန်သွားရာ၏။ ထိုအကြောင်းများကိုမူ သိနိုင်မည် မဟုတ်။"

## မဟောသည်ကို မဟောသည့်အတိုင်းမှတ်

"မာလုကျ၊ လောကသည် အမြဲတည်၏ ဟူသော အယူရှိခဲ့သော် အကျင့်မြတ်ကို ကျင့်ခြင်းသည် ဖြစ်နိုင်ပါမည်လော"

"မဖြစ်နိုင်ပါ ဘုရား"

"မာလုကျ၊ လောကသည် အမြဲမတည်ဟူသော အယူရှိခဲ့သော် အကျင့်မြတ်ကို ကျင့်ခြင်းသည် ဖြစ်နိုင်ပါမည်လော"

"မဖြစ်နိုင်ပါ ဘုရား"

"မာလုကျ၊ လောကသည် အမြဲ တည်၏ဟူသော အယူရှိသည် ဖြစ်စေ၊ လောကသည် အမြဲ မတည်ဟူသော အယူရှိသည်ဖြစ်စေ ဘဝသစ်၌ ဖြစ်ရခြင်း၊ အိုခြင်း၊ သေခြင်း၊ ကိုယ်စိတ်ဆင်းရဲခြင်း၊ ပြင်းစွာပင်ပန်းခြင်းတို့သည်ကား ရှိကုန်

www.dhammaransi.com


သည်သာဖြစ်၏။ ငါသည်ကား မျက်မှောက်ဘဝ၌ပင် ထိုတရားတို့ကို ဖျက်ဆီးရေးကို ဟောကြား၏။ ထို့ကြောင့် သင်သည် ငါမဟောသည်ကို မဟောသည်အတိုင်း မှတ်သားလော့၊ ငါဟောသည်ကိုလည်း ဟောသည့်အတိုင်း မှတ်သားလော့။"

## မဟောကြားသော အရာများ

"မာလုကျ၊ လောကသည် အမြဲတည်၏ ဟူ၍လည်းကောင်း၊ အမြဲမတည် ဟူ၍လည်းကောင်း ငါမဟော။ လောကသည် အဆုံးရှိ၏ ဟူ၍ လည်းကောင်း၊ အဆုံးမရှိဟူ၍ လည်းကောင်း ငါမဟော။ အသက်သည်ပင် ကိုယ်ဟူ၍ လည်းကောင်း၊ အသက်သည် တခြား ကိုယ်သည် တခြား ဟူ၍ လည်းကောင်း ငါ မဟော။ သတ္တဝါသည် သေပြီးနောက်၌ ဖြစ်၍ဟူ၍ လည်းကောင်း၊ မဖြစ်ဟူ၍ လည်းကောင်း၊ ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ် ဟူ၍ လည်းကောင်း ငါမဟော။ အဘယ့်ကြောင့် ငါ မဟောသနည်းဆိုသော်- ထိုအကြောင်းများသည် အကျိုးစီးပွားနှင့် မစပ်၊ အကျင့်မြတ်၏ အစဦးလည်းမဟုတ်၊ ဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်း၊ တပ်မက်မှုကင်းခြင်း၊ ဆင်းရဲချုပ်ငြိမ်းခြင်း၊ အသိဉာဏ်ထူး ဖြစ်ပေါ်ခြင်း၊ ကိလေသာငြိမ်းခြင်းတို့အတွက် အထောက်အကူလည်း မဖြစ်သောကြောင့်ပေတည်း။"

## ဟောကြားသော အရာ

"မာလုကျ၊ ဤကား ဆင်းရဲတည်းဟု ငါဟော၏။ ဤကား ဆင်းရဲဖြစ်ကြောင်းတည်း၊ ဤကား ဆင်းရဲချုပ်ရာတည်း၊ ဤကား ဆင်းရဲချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်တည်းဟု ငါဟော၏။ အဘယ့်ကြောင့် ငါဟောသနည်း ဆိုသော် ထိုအကြောင်းများသည် အကျိုးစီးပွားနှင့်လည်းစပ်၊ အကျင့်မြတ်၏ အစဦးလည်း ဖြစ်သည့်ပြင်၊ ဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်း၊ တပ်မက်မှုကင်းခြင်း စသည်တို့အတွက် အထောက်အကူဖြစ်သောကြောင့်ပေတည်း"

ဗုဒ္ဓမြတ်စွာက ဤသို့ ဟောကြားလျှင် ရှင်မာလုကျပုတ္တသည် ထိုဟောကြားချက်ကို လွန်စွာ နှစ်သက်လေသည်။

စပယ်ဦးစာပေ

www.dhammaransi.com

# ၆၄။ မဟာမာလုကျသုတ်

## ရှင်မာလုကျအား သံယောဇဉ်ငါးပါးကို ဟောကြားခြင်း

### အောက်အဖို့ရှိသော သံယောဇဉ်ငါးပါး

ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ရဟန်းတို့အား 'အောက်အဖို့ရှိသော ဩရမ္ဘာဂိယ သံယောဇဉ်ငါးပါးကို သင်တို့ မှတ်မိကြပါ၏လော' ဟု မေးတော်မူသည်။ ထိုအခါ ရှင်မာလုကျပုတ္တက ရုပ်နာမ် ခန္ဓာအပေါင်း၌ ငါဟု အမြင်မှားခြင်း သက္ကာယဒိဋ္ဌိ၊ တရားသဘော၌ ယုံမှားခြင်း ဝိစိကိစ္ဆာ၊ အလေ့အကျင့်များကို မှားသောအားဖြင့် သုံးသပ်ခြင်း သီလဗ္ဗတပရာမာသ၊ ကာမဂုဏ်တို့၌ လိုလားနှစ်သက်ခြင်း ကာမစ္ဆန္ဒ၊ သူတစ်ပါးကို ပျက်စီးစေလိုခြင်း ဗျာပါဒဟူသော တရားငါးပါးသည် အောက်အဖို့ရှိသော သံယောဇဉ်ငါးပါးဖြစ် သည်ဟု မိမိမှတ်သားမိကြောင်း ဖြေကြားလေသည်။

### ကလေးသူငယ် ဥပမာ

ဗုဒ္ဓမြတ်စွာသည် ရှင်မာလုကျပုတ္တ၏ အဖြေမှာ ပြည့်စုံခြင်းမရှိကြောင်း ပြတော်မူလိုသဖြင့် ကလေးသူငယ်ဥပမာကို မိန့်ကြားတော်မူ၏။

"မာလုကျ၊ ဤအရာ၌ အယူကွဲပြားသော တိတ္ထိတို့က ကလေးသူငယ် ဥပမာဖြင့် ကဲ့ရဲ့ပြစ်တင်ဖွယ် ရှိ၏။ ပက်လက်အိပ်နေရသော ကလေးသူငယ်အား ကိုယ်ဟူသော အသိဉာဏ်ပင် မရှိသေး။ ကိုယ်နှင့် စပ်သော အမြင်မှားခြင်း

www.dhammaransi.com



သက္ကာယဒိဋ္ဌိကား ဘယ်မှာ ဖြစ်နိုင်မည်နည်း။ သို့သော်လည်း ထိုသူငယ်အား သက္ကာယဒိဋ္ဌိတည်းဟူသော အနုသယကား ကိန်းနေသည်သာဖြစ်၏။

'မာလုကျ၊ ကလေးသူငယ်အား တရားသဘောဟူသော အသိဉာဏ်ပင် မရှိသေး၊ တရားသဘော၌ ယုံမှားခြင်း ဝိစိကိစ္ဆာကား ဘယ်မှာရှိပါဦးမည်နည်း။ သို့သော်လည်း ထိုကလေးသူငယ်အား ဝိစိကိစ္ဆာအနုသယကား ကိန်းနေသည်သာ ဖြစ်၏။

'မာလုကျ၊ ကလေးငယ်အား အလေ့အကျင့်ဟူသော အသိဉာဏ်ပင် မရှိသေး၊ ထိုအလေ့အကျင့်တို့၌ မှားသောအားဖြင့် သုံးသပ်ခြင်း သီလဗ္ဗတပရာမာသကား ဘယ်မှာ ဖြစ်နိုင်ပါဦးမည်နည်း။ သို့သော်လည်း ထိုကလေးငယ်အား သီလဗ္ဗတပရာမာသသည် အနုသယသဘောအားဖြင့် ကိန်းနေသည်သာ ဖြစ်၏။

'မာလုကျ၊ ကလေးငယ်အား ကာမဂုဏ်ဟူသော အသိဉာဏ်ပင် မရှိသေး၊ ထိုကာမဂုဏ်တို့၌ လိုချင်နှစ်သက်ခြင်း ကာမစ္ဆန္ဒကား ဘယ်မှာ ဖြစ်နိုင်ပါဦးမည်နည်း။ သို့သော်လည်း ထိုကလေးငယ်အား ကာမစ္ဆန္ဒသည် အနုသယသဘောအားဖြင့် ကိန်းနေသည်သာဖြစ်၏။

"မာလုကျ၊ ကလေးသူငယ်အား သတ္တဝါဟူသော အသိဉာဏ်မျှပင် မဖြစ်သေး၊ ထိုသတ္တဝါတို့၌ ပျက်စီးစေလိုခြင်း ဗျာပါဒကား ဘယ်မှာ ဖြစ်နိုင်ပါဦးမည်နည်း။ သို့သော်လည်း ထိုကလေးငယ်အား ဗျာပါဒသည် အနုသယသဘောအားဖြင့် ကိန်းသည်သာ ဖြစ်၏။ မာလုကျ၊ ဤသို့လျှင် အယူကွဲပြားသော တိတ္ထိတို့သည် ကလေးသူငယ် ဥပမာဖြင့် ကဲ့ရဲ့ပြစ်တင်ကြကုန်ရာ၏။"

## စွမ်းအားရှိသော သံယောဇဉ်

ဗုဒ္ဓက ဤသို့ မိန့်ကြားသောအခါ အောက်အဖို့ရှိသော သံယောဇဉ်ငါးပါးကို ထင်ရှားအောင် ဟောကြားရန် ရှင်အာနန္ဒာက တောင်းပန်၏။ ထို့ကြောင့် ဗုဒ္ဓက အောက်ပါအတိုင်း ဟောကြားတော်မူသည်။

"အာနန္ဒာ၊ ဤလောက၌ အရိယာသူမြတ်တို့ကို မတွေ့ရ၍ ထိုသူတို့၏ တရား၌ လိမ္မာယဉ်ကျေးခြင်း မရှိသည့် အကြား အမြင်နည်းသော ပုထုဇဉ်သည် သက္ကာယဒိဋ္ဌိ ဖိစီးထကြွသော စိတ်ရှိသည် ဖြစ်၍ နေ၏၊ ဖြစ်ပေါ်လာသော သက္ကာယဒိဋ္ဌိမှ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ။ ထိုသူ၏ စွမ်းအား ရှိ၍ မပယ်ရသေးသော သက္ကာယဒိဋ္ဌိသည် အောက်အဖို့ရှိသော သံယောဇဉ် မည်၏။"

www.dhammaransi.com



[ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ၊ ကာမရာဂ၊ ဗျာပါဒဟူသော သံယောဇဉ် လေးပါးတို့ကိုလည်း အထက်ပါနည်းအတိုင်းပင် ဟောကြားပါသည်။]

"အာနန္ဒာ၊ ဤလောက၌ အရိယာသူမြတ်တို့ကို တွေ့မြင်ရ၍ ထိုသူတို့၏ တရား၌ လိမ္မာယဉ်ကျေးပြီး အကြားအမြင်နှင့် ပြည့်စုံသော အရိယာတပည့်သည် သက္ကာယဒိဋ္ဌိဖိစီးထကြွသော စိတ်ရှိသည်ဖြစ်၍ မနေ၊ ဖြစ်ပေါ်လာသော သက္ကာယဒိဋ္ဌိမှ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏။ ထိုသူအား သက္ကာယဒိဋ္ဌိသည် အနုသယနှင့်တကွ ကင်းပျောက်လေ၏။"

[ဝိစိကိစ္ဆာစသည်တို့ကိုလည်း အထက်ပါနည်းအတိုင်းပင် ဟောကြား ပါသည်။]

## လမ်းမှန်ရောက်မှ ပယ်နိုင်

"အာနန္ဒာ၊ အောက်အဖို့ရှိသော သံယောဇဉ်ငါးပါးကို ပယ်ရန် အကျင့်လမ်း စဉ်သို့ မသက်ဝင်ဘဲ ထိုသံယောဇဉ်တို့ကို သိမြင်ပယ်သတ်နိုင်ဖွယ် အကြောင်းမရှိ။ ဥပမာ အနှစ်ရှိသော သစ်ပင်၏ အခွံနှင့် အကာတို့ကို မခွာဘဲ အနှစ်ကို ထုတ်ယူ ခြင်း မပြုနိုင်သကဲ့သို့ ဖြစ်၏။

'အာနန္ဒာ၊ အောက်အဖို့ရှိသော သံယောဇဉ်ငါးပါးကို ပယ်ရန် အကျင့်လမ်း စဉ်သို့ သက်ဝင်မှသာ ယင်းတို့ကို သိမြင်ပယ်သတ်နိုင်ဖွယ်အကြောင်းရှိ၏။ ဥပမာ အနှစ်ရှိသော သစ်ပင်၌ အခွံနှင့် အကာကို ခွာထုတ်ပြီးမှသာ အနှစ်ကို ထုတ်ယူနိုင် ဘိသကဲ့သို့ဖြစ်၏။

'အာနန္ဒာ၊ သက္ကာယချုပ်ငြိမ်းရေးအတွက် တရားကို ဟောကြားသောအခါ ထိုတရား၌ စိတ်မသက်ဝင်နိုင်သူကို အားနည်းသောယောကျာ်းသည် ရေပြည့်လျှံ နေသော မြစ်ကို လက်ပစ်မကူးနိုင်ဘိသကဲ့သို့ မှတ်သားအပ်၏။ ထိုတရား၌ စိတ်သက်ဝင်သူကိုကား အားကောင်းသော ယောကျာ်းသည် ရေပြည့်လျှံနေသော မြစ်ကို လက်ပစ်ကူးနိုင်ဘိသကဲ့သို့ မှတ်သားအပ်၏။"

## သံယောဇဉ်ငါးပါးကို ပယ်နိုင်သောအကျင့်

"အာနန္ဒာ၊ အောက်အဖို့ရှိသော သံယောဇဉ်ငါးပါးကို ပယ်ကြောင်း ဖြစ်သော အကျင့်ကား အဘယ်နည်းဆိုသော်-ရဟန်းသည် ကာမဂုဏ် အကုသိုလ်တို့မှ ကင်းဆိတ်၍ ကြံစည်ခြင်း၊ ဆင်ခြင်သုံးသပ်ခြင်း၊ နှစ်သိမ့်ခြင်း၊ ချမ်းသာခြင်းတို့ နှင့် ပြည့်စုံသော ပထမဈာန်ကို ဝင်စား၍ နေ၏။ ထိုရဟန်းသည် ပထမဈာန်၌

www.dhammaransi.com



ရှိသော ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ကို မမြဲခြင်း၊ ဆင်းရဲခြင်း၊ အနာရောဂါသဖွယ်ဖြစ်ခြင်း၊ ပျက်စီးခြင်း၊ အချည်းအနှီးဖြစ်ခြင်း၊ အတ္တမဟုတ်ခြင်း စသော သဘောအားဖြင့် ဆင်ခြင်သုံးသပ်၏။ ထိုရုပ်၊ ဝေဒနာစသော တရားတို့မှ စိတ်ကို ကင်းကွာစေပြီး အမြိုက်ဓာတ်သို့ ရှေ့ရှု ညွှတ်စေ၏။ သင်္ခါရအားလုံး ငြိမ်းခြင်း၊ ဥပဓိအားလုံးကို စွန့်လွှတ်ခြင်း၊ တပ်မက်မှုကုန်ခြင်း၊ စွဲငြိမှုကင်းကွာခြင်း၊ ချုပ်ငြိမ်းခြင်းသည် အေးချမ်းမွန်မြတ်၏ ဟု ဆင်ခြင်၏။ ထိုရဟန်းသည် ယင်းသို့ ဆင်ခြင်သုံးသပ်မှု၌ တည်လျက် အာသဝေါကုန်ခြင်းသို့ ရောက်၏။ အကယ်၍ အာသဝေါကုန်ခြင်းသို့ မရောက်ခဲ့သော် အောက်အဖို့ရှိသော သံယောဇဉ်ငါးပါး ကုန်ခြင်းကြောင့် ထိုဝိပဿနာတရား၌ စွဲလမ်းနှစ်သက်မှုဖြင့် ဥပပတ်ပဋိသန္ဓေနေသော ဗြဟ္မာဖြစ်၍ ထိုဗြဟ္မာ့ပြည်၌ပင် ဘဝဇာတ် လုံးဝငြိမ်းလေ၏။ ကာမဘုံသို့ ပြန်မလာတော့ချေ။ ဤပထမစျာန်သည် အောက်အဖို့ရှိသော သံယောဇဉ်ငါးပါးကို ပယ်ကြောင်း အကျင့်ဖြစ်၏။”

ဒုတိယစျာန်မှ စ၍ အာကိဉ္စညာယတနစျာန် တိုင်အောင်လည်း အထက်ပါ နည်းအတိုင်းပင် ဟောကြားပါသည်။ ထို့နောက်–

ဤသံယောဇဉ်ငါးပါးကို ပယ်နိုင်သောအကျင့်ကို ကျင့်ရာတွင် အချို့က စိတ်တည်ကြည်မှု (သမာဓိ)ကို ရရှိကြပြီး အချို့က ပညာဖြင့် လွတ်မြောက်ခြင်း ‘ပညာဝိမုတ္တိ’ ကို ရရှိကြသည် မှာ ဣန္ဒြေကွဲပြား ခြားနားမှုကြောင့် ဖြစ်ကြောင်း ဗုဒ္ဓက မိန့်ကြားတော်မူလေသည်။

www.dhammaransi.com

# ၆၅။ ဘဒ္ဒါလိသုတ်

## ရှင်ဘဒ္ဒါလိအား အကျင့်သိက္ခာဖြည့်ကျင့်ရန် ဆုံးမခြင်း

### တစ်ထပ်တည်းသာ စားခြင်း

ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတို့အား "ရဟန်းတို့၊ ငါသည် တစ်ထပ်တည်းသော အစာကို စား၏။ တစ်ထပ်တည်းသော အစာကို စားခြင်းဖြင့် ရောဂါကင်းခြင်း၊ ကြောင့်ကြမှု နည်းခြင်း၊ ပေါ့ပါးခြင်း၊ အားရှိခြင်း၊ ချမ်းသာစွာ နေရခြင်းများကို ငါသိရ၏။ ထို့ကြောင့် သင်တို့သည်လည်း တစ်ထပ်တည်းသော အစာကို စားကြကုန်လော့" ဟု မိန့်ကြားတော်မူသည်။ ယင်းသို့ မိန့်ကြားသောအခါ ရှင်ဘဒ္ဒါလိက "အရှင်ဘုရား၊ တပည့်တော်သည် တစ်ထပ်တည်းသော အစာကို စားရန် မစွမ်းနိုင်ပါ" ဟု လျှောက်၏။

"ထိုအခါ ဗုဒ္ဓက 'ဘဒ္ဒါလိ၊ သို့ဖြစ်လျှင် သင်သည် ပင့်ဖိတ်သည့် အိမ်၌ အချို့အဝက်ကို စားပြီး အချို့အဝက်ကို ကျောင်းသို့ ယူဆောင်စားသုံးလော့။ ဤသို့ဖြင့်လည်း တစ်ထပ်တည်းစားခြင်းမည်ကာ မျှတမှုလည်း ရှိပေရာ၏" ဟု မိန့်ကြားတော်မူသည်။ ရှင်ဘဒ္ဒါလိကား ယင်းသို့လည်း မစားနိုင်ကြောင်း ငြင်းဆိုလေသည်။ ဤသို့လျှင် ဗုဒ္ဓမြတ်စွာ ပညတ်အပ်သော သိက္ခာပုဒ်များကို ရဟန်းသံဃာအပေါင်းက လိုက်နာကြသော်လည်း ရှင်ဘဒ္ဒါလိကား မလိုက်နာနိုင်ကြောင်း ဖွင့်ဟပြောကြားကာ ဝါတွင်းသုံးလပတ်လုံး ဗုဒ္ဓမြတ်စွာနှင့် အတွေ့မခံဘဲ နေလေ၏။

www.dhammaransi.com



## ရှင်ဘဒ္ဒါလိ ဗုဒ္ဓအား တောင်းပန်ခြင်း

ဝါကျွတ်ချိန် နီးသောအခါ များစွာသော ရဟန်းတို့သည် ဗုဒ္ဓ၏ သင်္ကန်း များ ချုပ်ဆိုးခြင်းကိစ္စကို ဆောင်ရွက်နေကြ၏။ ထိုရဟန်းတို့က ရှင်ဘဒ္ဒါလိအား "ငါ့ရှင်ဘဒ္ဒါလိ၊ ဗုဒ္ဓသည် ဝါကျွတ်၍ သင်္ကန်းကိစ္စ ပြီးစီးလျှင် ခရီးထွက်တော်မူလိမ့်မည်။ သင်သည် မိမိအပြစ်ကို ကောင်းစွာနှလုံးသွင်းလော့" ဟု သတိပေးကြသည်။ ထိုအခါ ရှင်ဘဒ္ဒါလိသည် ဗုဒ္ဓထံချဉ်းကပ်၍ မိမိအပြစ်ကို ခွင့်လွှတ်ရန် တောင်းပန်သည်။ ဗုဒ္ဓမြတ်စွာက ဆုံးမစကား မိန့်ကြားတော်မူသည်။

"ဘဒ္ဒါလိ၊ မိုက်မဲတွေဝေသော သင့်ကို အပြစ်သည် လွှမ်းမိုးခဲ့၏။ ငါဘုရားနှင့်တကွ သာဝတ္ထိပြည်ရှိ ရဟန်းရှင် လူအားလုံးတို့သည် အကျင့်သိက္ခာ၌ သင်မပြည့်ကျင့်နိုင်ခြင်းကို ကြားသိကြမည်သာ ဖြစ်၏။ သင်ကား ဤအကြောင်းကို မစဉ်းစားခဲ့ချေ"

"အရှင်ဘုရား၊ မိုက်မဲတွေဝေသော တပည့်တော်ကို အပြစ်သည် လွှမ်းမိုးခဲ့ပါ၏၊ နောင်အခါ စောင့်စည်းရန် အလို့ငှာ မြတ်စွာဘုရားသည် ထိုအပြစ်ကို ခွင့်လွှတ်တော်မူပါလော့၊"

"ဘဒ္ဒါလိ၊ သင်မည်သို့ ထင်သနည်း၊ ရူပကာယ နာမကာယနှစ်ပါးစုဖြင့် ကိလေသာမှ လွတ်မြောက်သော 'ဥဘတောဘာဂဝိမုတ္တ' ပုဂ္ဂိုလ်ကို 'သင်သည် ငါ့အား သင်၏ ကိုယ်ဖြင့် တံတားခင်းပေးလော့' ဟု ဆိုခြင်းငှာ သင့်ပါမည်လော"

"ထိုကဲ့သို့ ဆိုခြင်းငှာ သင့်မည် မဟုတ်ပါ ဘုရား"

ထို့နောက် ဘုရားရှင်သည် ပညာဝိမုတ္တပုဂ္ဂိုလ်၊ ကာယသက္ခိ ပုဂ္ဂိုလ်စသည်တို့အားလည်း ထိုကဲ့သို့ ခိုင်းစေခြင်းငှာ မသင့်ကြောင်း မိန့်ကြားတော်မူသည်။

"ဘဒ္ဒါလိ၊ သင်သည် ထိုအခါက ဥဘတောဘာဂ ဝိမုတ္တပုဂ္ဂိုလ် ဖြစ်ခဲ့သလော၊ သို့မဟုတ် ပညာဝိမုတ္တစသော ပုဂ္ဂိုလ်တစ်မျိုးမျိုး ဖြစ်ခဲ့သလော၊"

"အရှင်ဘုရား၊ တပည့်တော်သည် ထိုကဲ့သို့သော ပုဂ္ဂိုလ်များ မဖြစ်ခဲ့ပါ"

"ဘဒ္ဒါလိ၊ သင်သည် အချည်းနှီးသော ပုဂ္ဂိုလ်ဖြစ်လျက် ချွတ်ချော်လွဲမှားစွာ ပြုမူခဲ့ဘိ၏"

"အရှင်ဘုရား၊ မိုက်မဲတွေဝေသော တပည့်တော်ကို အပြစ်သည် လွှမ်းမိုးခဲ့ပါ၏။ နောင်အခါ စောင့်စည်းရန် အလို့ငှာ မြတ်စွာဘုရားသည် ထိုအပြစ်ကို ခွင့်လွှတ်တော်မူပါလော့။"

www.dhammaransi.com



"ဘဒ္ဒါလိ၊ အပြစ်ကို အပြစ်ဟု မြင်၍ တရားနှင့်လျော်စွာ ကုစားခြင်းကို ငါတို့ လက်ခံ၏။ ယင်းသို့ ကုစားပြီး နောက်နောင်၌လည်း စောင့်စည်းခြင်းသည် အရိယာအဆုံးအမ၌ ကြီးပွားတိုးတက်ကြောင်းပင် ဖြစ်ပေ၏။"

## အကျင့်သိက္ခာ၌ မပြည့်ကျင့်သူ

"ဘဒ္ဒါလိ၊ ဤသာသနာ၌ အချို့သော ရဟန်းသည် မြတ်စွာဘုရား၏ အဆုံးအမနှင့် အကျင့်သိက္ခာ၌ ပြည့်ကျင့်ခြင်း မပြုဘဲ အရိယာတို့၏ ဉာဏ်အမြင်ထူးကို ရရှိရန် မြော်လင့်လျက် ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်နေထိုင်ရာ၏။ ထိုရဟန်းကို မြတ်စွာဘုရားနှင့်တကွ သီတင်းသုံးဖော်တို့က လည်းကောင်း၊ နတ်တို့က လည်းကောင်း ကဲ့ရဲ့စွပ်စွဲကြကုန်ရာ၏။ မိမိကိုယ် မိမိလည်း ကဲ့ရဲ့စွပ်စွဲရာ၏။ ဤသို့ ကဲ့ရဲ့စွပ်စွဲခံရသော ရဟန်းသည် ဉာဏ်အမြင်ထူးကို မရနိုင်တော့ချေ။ ထိုသို့ မရခြင်းမှာ မြတ်စွာဘုရား၏ အဆုံးအမနှင့် အကျင့်သိက္ခာ၌ မပြည့်ကျင့်သော ရဟန်းအား ဖြစ်မြဲသဘောပင် ဖြစ်ပေ၏။"

## အကျင့်သိက္ခာ၌ ပြည့်ကျင့်သူ

"ဘဒ္ဒါလိ၊ ဤသာသနာ၌ အချို့သော ရဟန်းသည် မြတ်စွာဘုရား၏ အဆုံးအမနှင့် အကျင့်သိက္ခာ၌ ပြည့်ကျင့်လျက် အရိယာတို့၏ ဉာဏ်အမြင်ထူးကို ရရှိရန် မြော်လင့်ကာ ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်နေထိုင်ရာ၏။ ထိုရဟန်းကို မြတ်စွာဘုရားနှင့်တကွ သီတင်းသုံးဖော်တို့သည်လည်းကောင်း၊ နတ်တို့သည် လည်းကောင်း ကဲ့ရဲ့စွပ်စွဲခြင်း မပြုကြကုန်ရာ၊ မိမိကိုယ် မိမိလည်း ကဲ့ရဲ့စွပ်စွဲခြင်း မပြုရာ။ ဤသို့ ကဲ့ရဲ့စွပ်စွဲခြင်း မခံရသော ရဟန်းသည် ဈာန်အဆင့်ဆင့်နှင့်တကွ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်တို့ကို ရရှိနိုင်၏။ ထိုသို့ ရရှိခြင်းမှာ မြတ်စွာဘုရား၏ အဆုံးအမနှင့် အကျင့်သိက္ခာ၌ ပြည့်ကျင့်သော ရဟန်းအား ဖြစ်မြဲသဘောပင် ဖြစ်ပေ၏။"

## ဖိနှိပ်ခြင်းအကြောင်း

"အရှင်ဘုရား၊ ဤသာသနာ၌ အချို့သော ရဟန်းကို ဖိနှိပ်ညှဉ်းဆဲခြင်း ပြုကြပါသည်။ အချို့သော ရဟန်းကိုကား ဖိနှိပ်ညှဉ်းဆဲခြင်း မပြုကြပါ။ ဤသို့ ဖိနှိပ်ညှဉ်းဆဲမှု ပြုခြင်း၊ မပြုခြင်း၏ အကြောင်းကား အဘယ်ပါနည်း"

www.dhammaransi.com



"ဘဒ္ဒါလိ၊ ဤသာသနာ၌ အချို့သော ရဟန်းသည် နေ့စဉ်မပြတ် အာပတ်သင့်လျက် အာပတ်များသူဖြစ်၏၊ အခြားရဟန်းတို့က ဆိုဆုံးမလျှင် အပြစ်ကိုဖုံးကွယ်၏၊ လိုးလွဲပြောဆို၏၊ စိတ်ဆိုးခြင်း၊ မုန်းတီးခြင်း၊ မနှစ်သက်ခြင်းကို ထုတ်ဖော်၏၊ အာပတ်မှ လွတ်ရန် မကျင့်။ သံဃာနှစ်သက်သော အမှုကို မပြု။ ရဟန်းတို့သည် ထိုရဟန်း၏ အဓိကရဏ်း(အာပတ်သင့်မှုကိစ္စ)ကို လျင်မြန်စွာ မငြိမ်းအေးစေရန် နည်းလမ်းကိုသာ စူးစမ်းရှာဖွေကြလေသည်။

'ဘဒ္ဒါလိ၊ ဤသာသနာ၌ အချို့သော ရဟန်းသည် အမြဲမပြတ် အာပတ်သင့်လျက် အာပတ်များသူဖြစ်၏။ သို့သော် အခြားရဟန်းတို့က ဆိုဆုံးမလျှင် ဖုံးကွယ်ခြင်း၊ လိုးလွဲပြောဆိုခြင်း မပြု။ အာပတ်မှ လွတ်ရန် ကျင့်၏။ သံဃာနှစ်သက်သော အမှုကို ပြု၏၊ ရဟန်းတို့သည် ထိုရဟန်း၏ အဓိကရဏ်း(အာပတ်သင့်မှုကိစ္စ) လျင်မြန်စွာ ငြိမ်းအေးစေမည့် နည်းလမ်းကိုသာ စူးစမ်းရှာဖွေကြလေသည်။

'ဘဒ္ဒါလိ၊ ဤသာသနာ၌ အချို့သော ရဟန်းသည် ရံခါသာ အာပတ်သင့်၍ အာပတ်များသူ မဟုတ်သော်လည်း တစ်ပါးသော ရဟန်းတို့က ဆိုဆုံးမလျှင် ဖုံးကွယ်ခြင်း၊ လိုးလွဲပြောဆိုခြင်း ပြု၏၊ အာပတ်မှ လွတ်ရန် မကျင့်။ သံဃာနှစ်သက်သော အမှုကို မပြု။ ရဟန်းတို့သည် ထိုရဟန်း၏ အဓိကရဏ်း (အာပတ်သင့်မှုကိစ္စ) လျင်မြန်စွာ မငြိမ်းစေမည့် နည်းလမ်းကိုသာ စူးစမ်းရှာဖွေကြလေသည်။

'ဘဒ္ဒါလိ၊ ဤသာသနာ၌ အချို့သော ရဟန်းသည် ရံခါသာ အာပတ်သင့်၍ အာပတ်များသူမဟုတ်သည့်ပြင် တစ်ပါးသော ရဟန်းတို့က ဆိုဆုံးမလျှင်လည်း ဖုံးကွယ်ခြင်း၊ လိုးလွဲပြောဆိုခြင်း မပြု၊ အာပတ်မှ လွတ်ရန် ကျင့်၏။ သံဃာနှစ်သက်သော အမှုကို ပြု၏။ ရဟန်းတို့သည် ထိုရဟန်း၏ အာပတ်သင့်မှုကိစ္စ လျင်မြန်စွာ ငြိမ်းစေမည့် နည်းလမ်းကိုသာ စူးစမ်းရှာဖွေကြလေသည်။

'ဘဒ္ဒါလိ၊ ဤသာသနာ၌ အချို့သော ရဟန်းသည် ယုံကြည်မှု၊ ချစ်ခင်မှု သက်သက်ဖြင့်သာလျှင် ဆောင်ရွက်၏၊ မျက်စိတစ်လုံးတည်းသာ ရှိသော သူ၏ ဆွေမျိုးတို့သည် ထိုသူ၏ တစ်လုံးတည်းသော မျက်စိကို မပျက်စီးအောင် စောင့်ရှောက်ကြသကဲ့သို့ ထို့အတူ ရဟန်းတို့သည်လည်း ယုံကြည်မှု၊ ချစ်ခင်မှုကို မပျက်စီးအောင် စောင့်ရှောက်သောအားဖြင့် ထိုရဟန်းကို ဖိနှိပ်ညှဉ်းဆဲခြင်း မပြုကြကုန်။

'ဘဒ္ဒါလိ၊ ရဟန်းတို့သည် အချို့သော ရဟန်းကို ဖိနှိပ်ညှဉ်းဆဲခြင်း ပြု၍ အချို့သောရဟန်းကိုမူ မပြုခြင်းမှာ ဤဆိုခဲ့ပြီးသော အကြောင်းများကြောင့်ပင် ဖြစ်ပေ၏"

www.dhammaransi.com



## သိက္ခာပုဒ် နည်းခြင်း များခြင်း

"အရှင်ဘုရား၊ ရှေးအခါက သိက္ခာပုဒ်များ အလွန်နည်းပါးခဲ့သော်လည်း များစွာသော ရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ခဲ့ကြပါသည်၊ ယခုအခါ၌ကား သိက္ခာပုဒ်များ အလွန်များပြားလာသော်လည်း အနည်းငယ်သော ရဟန်းတို့သည်သာ အရဟတ္တဖိုလ်၌ တည်ကြပါသည်။ ထိုသို့ ဖြစ်ခြင်းမှာ အဘယ့်ကြောင့်ပါနည်း"

"ဘဒ္ဒါလိ၊ သတ္တဝါတို့ ကိုယ်ကျင့်တရား ဆုတ်ယုတ်၍ သူတော်ကောင်းတရား ကွယ်ပျောက်ချိန် နီးလာသောအခါ သိက္ခာပုဒ်တို့သည် များပြားလာပြီး အနည်းငယ်သော ရဟန်းတို့သည်သာလျှင် အရဟတ္တဖိုလ်၌ တည်ကြကုန်၏။ ဤသည်မှာ ဖြစ်မြဲ သဘောပင်တည်း။

'ဘဒ္ဒါလိ၊ သံဃာ၌ အာသဝေါတရားလျှင် တည်ရှိသော ကျူးလွန်မှု အချို့ မဖြစ်ပေါ်သေးမီ မြတ်စွာဘုရားသည် တပည့်တို့အား သိက္ခာပုဒ်ကို မပညတ်။ ထိုကဲ့သို့သော ကျူးလွန်မှုများ ဖြစ်ပေါ်လာမှ သာလျှင် သိက္ခာပုဒ်ကို ပညတ်၏။

'ဘဒ္ဒါလိ၊ သံဃာသည် အရေအတွက်များခြင်း၊ လာဘ်ပေါ်ခြင်း၊ အခြံအရံ ပေါ်ခြင်း၊ အကြားအမြင်များခြင်း၊ ရဟန်းသက်ရှည်ခြင်းသို့ မရောက်သေးမီ အာသဝေါတရားလျှင် တည်ရှိသော ကျူးလွန်မှု အချို့တို့သည် မဖြစ်ပေါ်ကုန်။ သံဃာသည် အရေအတွက်များခြင်း၊ လာဘ်ပေါ်ခြင်းစသော အခြေအနေသို့ ရောက်သည့်အခါမှသာလျှင် ထိုကဲ့သို့သော ကျူးလွန်မှုတို့သည် ဖြစ်ပေါ်လာကုန်၏။"

## အာဇာနည်မြင်း ဥပမာ

"ဘဒ္ဒါလိ၊ သံဃာသည် အရေအတွက် အနည်းအငယ်သာ ရှိစဉ် အခါက ငါသည် သင်တို့အား အာဇာနည်မြင်းငယ်လျှင် ဥပမာရှိသော တရားကို ဟောကြားခဲ့၏။ သင်သည် ထိုတရားကို မှတ်မိပါ၏လော"

"တပည့်တော် မမှတ်မိပါ ဘုရား"

"ဘဒ္ဒါလိ၊ အဘယ့်ကြောင့် သင် မမှတ်မိသနည်း"

"တပည့်တော်သည် အကျင့်သိက္ခာ၌ မပြည့်ကျင့်ဘဲနေခဲ့သောကြောင့် ဖြစ်ပါသည်"

"ဘဒ္ဒါလိ၊ သင်သည် ငါဟောကြားအပ်သော တရားကို စွဲမြဲရှိသေစွာ မနာယူခဲ့ကြောင်းကို ငါသိ၏။ သို့သော် အာဇာနည်မြင်းငယ်လျှင် ဥပမာရှိသော တရားကို သင့်အား ဟောကြားဦးအံ့။ ဘဒ္ဒါလိ၊ ကျွမ်းကျင်လိမ္မာသော မြင်းဆရာ

www.dhammaransi.com



သည် အာဇာနည်မြင်းကောင်း တစ်ကောင်ကို ရရှိလျှင် ရှေးဦးစွာ ဇက်ခွံရာ၌ ညှဉ်းပန်းမှုကို ပြု၏။ ယင်းသို့ ပြုရာ၌ ထိုမြင်းငယ်အား အနည်းငယ်သော ဆိုသွမ်းမှု၊ အကြမ်းပတမ်း လှုပ်ရှားမှုများ ရှိရာ၏။ သို့သော် ထိုလှုပ်ရှားမှုတို့သည် ညှဉ်းပန်းမှုကို ဆက်တိုက်ပြုလုပ်လျှင် ပျောက်ငြိမ်းသွားမည်သာ ဖြစ်၏။ ထိုအခါ မြင်းဆရာသည် တစ်ဆင့်တက်ပြီး ထမ်းပိုးတပ်ခြင်း၊ ခုန်လွှားခြင်း၊ အသွားကျပြေခြင်း၊ ခွာထောက်၍ ပြေးခြင်း၊ ကောင်းစွာ ဆောင်ခြင်း၊ စစ်ပွဲသို့ ရဲဝံ့စွာ ဝင်ခြင်း၊ မင်းသိစေရန် ဂုဏ်ပြုနိုင်ခြင်း၊ ရာဇဝင်တွင်အောင် ဆောင်ရွက်ခြင်း၊ အလွန်လျင်မြန်ခြင်း၊ အကောင်းဆုံး မြင်းဖြစ်စေခြင်း၊ အလွန်သိမ်မွေ့သော စကားဖြင့် စေခိုင်း၍ ရစေခြင်းတို့၌လည်း ညှဉ်းပန်းမှုကို ပြု၏။ ဤသို့ညှဉ်းပန်းမှု ပြုသဖြင့် ရိုင်းစိုင်းကြမ်းတမ်းသော အမူအရာများ ပျောက်ငြိမ်းသွားသောအခါ မြင်းဆရာသည် ထိုမြင်းအား မင်းသုံး အစားအစာနှင့် သောက်ရေကို တိုက်ကျွေးလေသည်။ ဘဒ္ဒါလိ၊ ဤအင်္ဂါဆယ်ပါးနှင့် ပြည့်စုံသော အာဇာနည်မြင်းကောင်းသည် မင်းနှင့်သာ ထိုက်တန်သည့် မင်းသုံး စီးတော်မြင်း ဖြစ်သွားလေသည်။"

## မြတ်သောအလှူကို ခံထိုက်သော ရဟန်း

"ဘဒ္ဒါလိ၊ ဤအာဇာနည်မြင်း ဥပမာအတိုင်းပင်လျှင် ရဟန္တာတို့၏ ဥစ္စာဖြစ်သည့် ကောင်းသော အမြင်၊ ကောင်းသော အကြံ၊ ကောင်းသော စကား၊ ကောင်းသော အလုပ်၊ ကောင်းသော အသက်မွေးခြင်း၊ ကောင်းသော အားထုတ်ခြင်း၊ ကောင်းသော အောက်မေ့ခြင်း၊ ကောင်းသော တည်ကြည်ခြင်း၊ ကောင်းသော ဉာဏ်၊ ကောင်းသော လွတ်မြောက်ခြင်းဟူသော တရားဆယ်ပါးနှင့် ပြည့်စုံသော ရဟန်းသည် အဝေးမှ ယူဆောင်လာသော ပစ္စည်းကို ခံထိုက်၏။ ဧည့်သည်တို့အတွက် ရည်ရွယ်အပ်သော ပစ္စည်းကို ခံထိုက်၏။ မြတ်သော အလှူကို ခံထိုက်၏။ လက်အုပ်ချီခြင်းကို ခံထိုက်၏။ လူ့အပေါင်း၏ ကုသိုလ်မျိုးစေ့ စိုက်ပျိုးရာ အကောင်းဆုံးလယ်ယာမြေ ဖြစ်၏။"

ဗုဒ္ဓမြတ်စွာက ဤသို့ဟောကြားသောအခါ ရှင်ဘဒ္ဒါလိသည် ထိုဟောကြားချက်ကို လွန်စွာ နှစ်သက်လေသည်။

www.dhammaransi.com

# ၆၆။ လဋုကိကောပမသုတ်

## ဘီလုံးငှက် ဥပမာဖြင့် ဟောကြားဆုံးမခြင်း

### ချမ်းသာကို ဆောင်သူ

အခါတစ်ပါး ဗုဒ္ဓမြတ်စွာသည် အင်္ဂုတ္တိုင်းမြောက်ပိုင်း အာပဏနိဂုံး၌ သီတင်းသုံးနေ၏။ ထိုအခါ ဗုဒ္ဓသည် နံနက်ချိန်တွင် အာပဏနိဂုံးသို့ ဆွမ်းခံကြွပြီး ဆွမ်းကိစ္စ ပြီးစီးလျှင် တောအုပ်တစ်ခုအတွင်းသို့ဝင်၍ သစ်ပင်တစ်ပင်အောက်၌ တစ်ပါးတည်း သီတင်းသုံးနေ၏။ ရှင်ဥဒါယီမထေရ်သည်လည်း ထိုနည်းတူပင် အခြားသစ်ပင် တစ်ပင်အောက်၌ ထိုင်နေလေ၏။ ယင်းသို့ ထိုင်နေစဉ် ရှင်ဥဒါယီအား 'ဗုဒ္ဓသည် ငါ၏ ဆင်းရဲမှုများစွာကို ပယ်၍ ချမ်းသာမှုများစွာကို ဆောင်ပေ၏၊ အကုသိုလ်များစွာကိုပယ်၍ ကုသိုလ်များစွာကို ဆောင်ပေ၏' ဟု အကြံဖြစ်လေသည်။

ညနေစောင်းအချိန်သို့ ရောက်သောအခါ ရှင်ဥဒါယီသည် ဗုဒ္ဓထံ ချဉ်းကပ်၍ မိမိအကြံဖြစ်ပုံကို လျှောက်ကြားလေသည်။

"အရှင်ဘုရား၊ တပည့်တော်တို့သည် ရှေးအခါက ညအချိန်၌ လည်းကောင်း၊ နံနက်အချိန်၌ လည်းကောင်း၊ နေမွန်းတိမ်းချိန်၌လည်းကောင်း အစာစားခဲ့ကြပါသည်။ နေမွန်းတိမ်းချိန်၌ အစာစားခြင်းကို ပယ်ရန် မြတ်စွာဘုရားက မိန့်ကြားသောအခါ တပည့်တော်တို့အား စိတ်ဖောက်ပြန် ဆင်းရဲခြင်း ဖြစ်ခဲ့ရပါသည်။ တစ်ဖန် ညစာစားခြင်းကိုလည်း ပယ်ရန် မိန့်ကြားသောအခါ၌လည်း စိတ်ဖောက်ပြန်ဆင်းရဲခြင်း ဖြစ်ခဲ့ရပါသည်။ အဘယ့်ကြောင့်ဆိုသော်- ညစာသည် နံနက်စာ

www.dhammaransi.com



ထက် ပို၍ မွန်မြတ်သောကြောင့် ဖြစ်ပါသည်။ သို့သော် မြတ်စွာဘုရား၌ ချစ်ကြောက်ရိုသေမှုဖြင့် မွန်းလွဲစာ၊ ညစာတို့ကို တပည့်တော်တို့ စွန့်ပယ်ခဲ့ကြပါသည်။

'အရှင်ဘုရား၊ ရဟန်းတို့သည် ရှေးအခါက မှောင်မိုက်ချိန်၌ ဆွမ်းခံကြရာ အညစ်အကြေးစွန့်ရာ အရပ်သို့လည်း ဝင်မိကြပါသည်။ မစင်တွင်းသို့လည်း ကျခဲ့ကြပါသည်။ ဆူးရှိသော အကာအရံများကိုလည်း နင်းမိခဲ့ကြပါသည်။ အိပ်နေသော နွားမကိုလည်း နင်းမိခဲ့ကြပါသည်။ ခိုးသူတို့နှင့်လည်း ဆုံမိခဲ့ကြပါသည်။ မာတုဂါမ၏ မေထုန်ဖြင့် ပင့်ဖိတ်ခြင်းကိုလည်း ခံခဲ့ကြရပါသည်။

'အရှင်ဘုရား၊ တစ်ခါက ညမှောင်မိုက်ချိန်၌ ဆွမ်းခံလှည့်နေသော တပည့်တော်ကို အိုးခွက်ဆေးနေသော မိန်းမတစ်ယောက်က လျှပ်စီးရောင်ဖြင့် ရုတ်တရက် တွေ့မြင်သွားရာ 'ဘီလူးကြီး၊ ဘီလူးကြီး' ဟူ၍ အလန့်တကြား အော်ဟစ်ခဲ့ပါသည်။ 'ညမှောင်ကြီးထဲ၌ ဆွမ်းခံခြင်းထက် ဝမ်းဗိုက်ကို ဓားငယ်ဖြင့် ထိုးခြင်းက ကောင်းပါသေးသည်' ဟူ၍လည်း ထိုမိန်းမက ဆိုလိုက်ပါသေးသည်။

'အရှင်ဘုရား၊ ထိုအကြောင်းများကို ပြန်ပြောင်း သတိရသော တပည့်တော်အား 'ဗုဒ္ဓမြတ်စွာသည် ငါတို့၏ ဆင်းရဲမှုများစွာကို ပယ်၍ ချမ်းသာမှုများစွာကို ဆောင်ပေ၏။ အကုသိုလ်များစွာကို ပယ်၍ ကုသိုလ်များစွာကို ဆောင်ပေ၏' ဟူ၍ စိတ်အကြံ ဖြစ်ပေါ်ခဲ့ပါသည်။"

## မြဲမြံခိုင်ခန့်သော အနှောင်အဖွဲ့

"ဥဒါယီ၊ ဤသို့ အကြံဖြစ်သင့်ပေ၏။ ဤသာသနာ၌ အချည်းနှီးသော ယောကျ်ားအချို့သည် 'ဤအရာကို ပယ်ကြလော့' ဟု ငါက ပြောဆိုလျှင် 'ဤအနည်းငယ်သော အရာသည် မပြောပလောက်ပါ။ ဤရဟန်းကား ခေါင်းပါးစွာ ကျင့်မှု၌ လွန်ကဲစွတကား' ဟု ဆိုတတ်ကြ၏။ ထိုရဟန်းတို့သည် ငါက ပယ်ရမည်ဟု ဆိုသော အရာကို မပယ်သည့်ပြင် ငါနှင့်တကွ အကျင့်သိက္ခာကို လိုလားသော ရဟန်းတို့အပေါ်၌ပင် မကျေနပ်မှုကို ဖြစ်စေကုန်၏။ ဥဒါယီ၊ စင်စစ်အားဖြင့် ထိုအနည်းငယ်သော အရာသည်ပင် ထိုအချည်းနှီးသော ယောကျ်ားတို့အား မြဲမြံခိုင်ခန့်သော အနှောင်အဖွဲ့ဖြစ်၏။ ကြံ့ခိုင်စွာသော သစ်သားတောက် ဖြစ်၏။

'ဥဒါယီ၊ ဥပမာ ဘီလုံးငှက်ငယ်သည် နွယ်ပုပ်ကျောက်ကွင်းဖြင့် ဖွဲ့နှောင်မိရုံဖြင့်ပင် ညှဉ်းဆဲနှိပ်စက်ခံရခြင်း၊ နှောင်ဖွဲ့ခံရခြင်း၊ သေခြင်းသို့ ရောက်ရာ၏။

www.dhammaransi.com



ထိုနွယ်ပုပ်ကျော့ကွင်းကို ဘီလုံးငှက်ငယ်အတွက် အားနည်းသော ကျော့ကွင်းဟူ၍ မဆိုနိုင်သကဲ့သို့ ထို့အတူပင် အချည်းနှီးသော ယောကျ်ားတို့အား အနည်းငယ်သော အရာသည်ပင် မြဲမြံခိုင်ခံ့သော အနှောင်အဖွဲ့ ဖြစ်၏။"

## အားနည်းသော အနှောင်အဖွဲ့

"ဥဒါယီ၊ ဤသာသနာ၌ အချို့သေအ အမျိုးကောင်းသားတို့သည် 'ဤအရာကို ပယ်ကြလော့' ဟု ငါက ပြောဆိုလျှင် 'ဤအရာကား အနည်းငယ်မျှပင် ဖြစ်သော်လည်း မပြောပလောက်ဟု မဆိုသင့်' ဟု ဆင်ခြင်ကာ ငါက ပယ်ရမည့် ဟု ဆိုသော အရာကို ပယ်ကြကုန်၏။ ငါနှင့်တကွ အကျင့်သိက္ခာကို လိုလားသော ရဟန်းတို့အပေါ်၌လည်း မကျေနပ်မှုကို မဖြစ်စေကြကုန်။ ထို အမျိုးကောင်းသားတို့အား ထိုအနည်းငယ်သော အရာသည် အားနည်း ဆွေးမြေ့သော အနှောင်အဖွဲ့သာ ဖြစ်၏။"

## အနည်းငယ်ပင် ဖြစ်သော်လည်း

"ဥဒါယီ၊ ဥပမာတစ်မျိုးကား ဆင်းရဲသား ယောကျ်ားတစ်ယောက်သည် ဖရိုဖရဲပျက်စီးနေသော အိမ်ငယ်တစ်လုံး၊ စုတ်ပြတ်သော ခုတင်တစ်ခု၊ အနည်းငယ်သော စပါးမျိုးစေ့နှင့် အကျည်းတန်သော မယားတစ်ယောက်ရှိရာ၏။ ထိုဆင်းရဲသားသည် ကောင်းမွန်သော ဆွမ်းကို စားပြီး အေးချမ်းသော အရိပ်၌ တရားအားထုတ်နေသော ရဟန်းတစ်ပါးကို မြင်လျှင် 'ရဟန်းဘဝကား ချမ်းသာလှ၏။ ငါလည်း ရဟန်းပြုသော် ကောင်းလေစွ' ဟု အကြံဖြစ်၏။ သို့သော် မိမိ၏ အိမ်ငယ်၊ ခုတင်စုတ်၊ အနည်းငယ်သော မျိုးစပါးနှင့် အကျည်းတန်သော မယားကို မစွန့်နိုင်သဖြင့် ရဟန်းမပြုနိုင်ဘဲ ရှိရာ၏။ ဥဒါယီ၊ အနည်းငယ်သော ပစ္စည်းသည် ဆင်းရဲသားအတွက် အားနည်းသော အနှောင်အဖွဲ့ဟု မဆိုနိုင်သကဲ့သို့ ထို့အတူပင် အချည်းနှီးသော ယောကျ်ားတို့အတွက် အနည်းငယ်သော အရာသည်ပင် မြဲမြံခိုင်ခံ့သော အနှောင်အဖွဲ့ဖြစ်၏။

'ဥဒါယီ၊ ဥပမာ– များစွာသော ရွှေငွေဥစ္စာ လယ်ယာကျေးကျွန်တို့နှင့် ပြည့်စုံသော သူကြွယ်သားတစ်ယောက်သည် ကောင်းမွန်သော ဆွမ်းကို စားပြီး အေးချမ်းသော အရိပ်၌ တရားအားထုတ်နေသော ရဟန်းတစ်ပါးကို မြင်သော် 'ရဟန်းဘဝကား ချမ်းသာလှ၏၊ ငါလည်း ရဟန်းပြုရသော် ကောင်းလေစွ' ဟု အကြံဖြစ်၏။ ထို့နောက် ထိုသူကြွယ်သားသည် များစွာသော စည်းစိမ်ဥစ္စာတို့ကို

www.dhammaransi.com



စွန့်ကာ ရဟန်းပြုလေရာ၏။ ဥဒါယီ၊ များစွာသော စည်းစိမ်ဥစ္စာတို့သည် သူကြွယ်သားအတွက် မြဲမြံခိုင်ခန့်သော အနှောင်အဖွဲ့ဟု မဆိုနိုင်သကဲ့သို့ ထို့အတူပင် အချို့သော အမျိုးကောင်းသားတို့အတွက် ငါက ပယ်စွန့်ရမည်ဟု ဆိုသော အရာသည် အားနည်းသော အနှောင်အဖွဲ့သာ ဖြစ်၏။"

## ပုဂ္ဂိုလ်လေးမျိုး

"ဥဒါယီ၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ကိလေသာစွဲတည်ရာ ဥပဓိတို့ကို ပယ်ခွာစွန့်လွှတ်နိုင်ရန် ကျင့်ကြံနေသော်လည်း ဥပဓိနှင့် စပ်ယှဉ်သော ကြံစည်စိတ်ကူးမှုများ ဖိစီးလွှမ်းမိုးလာခဲ့သော် ထိုကြံစည်မှုတို့ကို ပယ်ခွာဖျောက်ဖျက်ခြင်း မပြုဘဲ သာယာလက်ခံနေ၏။ ဤပုဂ္ဂိုလ်ကို ဥပဓိနှင့်ယှဉ်သူဟု ငါဆို၏။ အကြောင်းကား ဤပုဂ္ဂိုလ်၌ ဣန္ဒြေထူးခြားမှုကို ငါသိမြင်သောကြောင့် ဖြစ်၏။

"ဥဒါယီ၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ဥပဓိတို့ကို ပယ်ခွာစွန့်လွှတ်နိုင်ရန် ကျင့်ကြံနေကြပြီး ဥပဓိနှင့်စပ်သော ကြံစည်မှုများ ဖြစ်ပေါ်လာလျှင် ထိုကြံစည်မှုများကို သာယာနှစ်သက် လက်ခံမထားဘဲ ပယ်ခွာဖြေဖျောက်ဖြစ်၏။ ဤဒုတိယပုဂ္ဂိုလ်ကိုလည်း ဥပဓိနှင့် ယှဉ်သူ ဟူ၍ပင် ငါဆို၏။ အကြောင်းကား ဤပုဂ္ဂိုလ်၌လည်း ဣန္ဒြေထူးခြားမှုကို ငါ သိမြင်သောကြောင့် ဖြစ်၏။"

'ဥဒါယီ၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ဥပဓိတို့ကို ပယ်ခွာစွန့်လွှတ်နိုင်ရန် ကျင့်ကြံနေ၏။ သို့သော် တစ်ခါတစ်ရံ သတိမေ့လျော့သဖြင့် ထိုသူအား ဥပဓိနှင့် စပ်ယှဉ်သော ကြံစည်စိတ်ကူးမှုတို့သည် ဖြစ်ပေါ်ကုန်၏။ ထိုအခါ လောလောပူသော သံအိုးကင်းပေါ်သို့ ရေတစ်ပေါက်နှစ်ပေါက်ကျလျှင် ချက်ချင်း ခန်းခြောက်သွားသကဲ့သို့ ထို့အတူ ထိုသူသည် ဥပဓိနှင့်စပ်ယှဉ်သော ကြံစည်စိတ်ကူးမှုများကို ဆောလျှင်စွာ ပယ်ခွာဖျောက်ဖျက်ပစ်၏။ ဤတတိယပုဂ္ဂိုလ်ကိုလည်း ဥပဓိနှင့်ယှဉ်သူဟူ၍ပင် ငါဆို၏။ အကြောင်းကား ဤပုဂ္ဂိုလ်၌လည်း ဣန္ဒြေထူးခြားမှုကို ငါသိမြင်သောကြောင့် ဖြစ်၏။

'ဥဒါယီ၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်ကား ကိလေသာ စွဲတည်ရာ ဥပဓိတို့သည် ဆင်းရဲဒုက္ခ၏ အကြောင်းရင်း ဖြစ်ကြောင်း သိမြင်ပြီး ဥပဓိ ကုန်ခန်းရာ၌ စိတ်သက်ဝင်၏။ ဤ စတုတ္ထပုဂ္ဂိုလ်မျိုးကိုသာ ဥပဓိနှင့် မယှဉ်သူဟူ၍ ငါဆို၏။ အကြောင်းကား ဤပုဂ္ဂိုလ်၌ ဣန္ဒြေထူးခြားမှုကို ငါသိမြင်သောကြောင့် ဖြစ်၏။"

www.dhammaransi.com



## မှီဝဲအပ်သော ချမ်းသာ

"ဥဒါယီ၊ ဤလောက၌ လိုလား နှစ်သက်ဖွယ်ဖြစ်သည့် **အဆင်း၊ အသံ** စသော ကာမဂုဏ်ငါးပါးတို့သည် ရှိကုန်၏။ ထိုကာမဂုဏ် **ငါးပါးကို စွဲမှီ၍** ဖြစ်သော ချမ်းသာကို မစင်နှင့်တူသော ချမ်းသာ၊ ပုထုဇဉ်ချမ်းသာ၊ **အရိယာ** မဟုတ်သူတို့၏ ချမ်းသာဟု ဆိုအပ်၏။ ထိုကဲ့သို့သော ချမ်းသာကို မှီဝဲခြင်း၊ လေ့လာပွားများခြင်း မပြုအပ်။ ထိုကဲ့သို့သော ချမ်းသာကို ကြောက်လန့်ရမည်ဟု ငါဆို၏။ ကာမဂုဏ်တို့မှ ကင်းဆိတ်ကာ ပဌမဈာန်အစရှိသော ဈာန်များကို ဝင်စား၍ နေသော ရဟန်း၏ ချမ်းသာကိုမူ ကာမဂုဏ်မှ လွတ်မြောက်သော ချမ်းသာ၊ ကင်းဆိတ်သော ချမ်းသာ၊ ငြိမ်းအေးသော ချမ်းသာ၊ ကောင်းစွာသိမြင်ခြင်းကို ဖြစ်စေနိုင်သော ချမ်းသာဟူ၍ ဆိုအပ်၏။ ထိုကဲ့သို့သော ချမ်းသာကို မှီဝဲအပ်၏။ လေ့လာပွားများအပ်၏။ ထိုကဲ့သို့သော ချမ်းသာကို မကြောက်ရွံ့အပ်ဟူ၍ ငါဆို၏။"

## တုန်လှုပ်တတ်သော တရား

"ဥဒါယီ၊ ပဌမဈာန်၌ ဝိတက်ဝိစာရ မငြိမ်းသေး၊ ထို့ကြောင့် ယင်းကို တုန်လှုပ်တတ်သော တရားဟု ငါ ဆို၏။ ဒုတိယဈာန်၌ ပီတိသုခ မငြိမ်းသေး၊ ထို့ကြောင့် ယင်းကို တုန်လှုပ်တတ်သော တရားဟု ငါ ဆို၏။ တတိယဈာန်၌ ဥပေက္ခာသုခ မငြိမ်းသေး၊ ထို့ကြောင့် ယင်းကို တုန်လှုပ်တတ်သော တရားဟု ငါ ဆို၏။ စတုတ္ထဈာန်ကိုကား မတုန်လှုပ်သော တရားဟု ငါ ဆို၏။"

## လွန်မြောက်ကြောင်း တရား

"ဥဒါယီ၊ ပဌမဈာန်သည် တွယ်တာအပ်သော တရားမဟုတ်။ ပဌမဈာန်ကို ပယ်စွန့်ကြ၊ လွန်မြောက်ကြဟု ငါဆို၏။ ပဌမဈာန်ကို လွန်မြောက်ကြောင်း တရားကား ဒုတိယဈာန်ဖြစ်၏။"

[ဒုတိယဈာန်မှစ၍ အာကိဉ္စညာယတနဈာန်တိုင်အောင် နည်းတူဟောကြား၏။]

"ဥဒါယီ၊ နေဝသညာနာသညာယတနဈာန်သည် တွယ်တာအပ်သော တရား မဟုတ်။ ယင်းဈာန်ကို ပယ်စွန့်ကြ၊ လွန်မြောက်ကြ ဟု ငါဆို၏။ နေဝသညာနာသညာယတနဈာန်ကို လွန်မြောက်ကြောင်း တရားကား သညာ

www.dhammaransi.com



ဝေဒနာတို့၏ ချုပ်ရာ နိရောဓသမာပတ်ဖြစ်၏။ ဥဒါယီ၊ ဤသို့လျှင် ငါသည် နေဝသညာနာသညာယတနစျာန်ကိုပင် ပယ်ရန် ဟောကြား၏။ ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ ပယ်ရန် ငါ မဟောကြားသော သံယောဇဉ်ကို သင် မြင်ပါသလော"

"မမြင်ပါ ဘုရား"

ဗုဒ္ဓမြတ်စွာက ဤသို့ ဟောကြားသောအခါ ရှင်ဥဒါယီသည် ထိုဟောကြား ချက်ကို လွန်စွာ နှစ်သက်လေသည်။

www.dhammaransi.com

# ၆၇။ စာတုမသုတ်

## စာတုမရွာ၌ ဘေးရန်လေးမျိုးကိုဟောကြားခြင်း

### ရဟန်းငါးရာကို နှင်ထုတ်ခြင်း

တစ်ခါက ဘုရားရှင်သည် စာတုမရွာအနီး သရက်ဥယျာဉ်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလ္လာန် အမှူးရှိသော ရဟန်းငါးရာတို့သည် ဗုဒ္ဓအား ဖူးမြင်ရန် စာတုမရွာသို့ ဆိုက်ရောက်လာကြ၏။ ထိုအာဂန္တုရဟန်းတို့သည် ကျောင်းနေရဟန်းတို့နှင့် ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကား ပြောဆိုပြီး အိပ်ရာနေရာခင်းကျင်းခြင်း၊ သပိတ်သင်္ကန်း သိမ်းဆည်းခြင်းများ ပြုလုပ်နေကြစဉ် ကျယ်လောင်ဆူညံသော အသံများ ဖြစ်ပေါ်လာ၏။ ဗုဒ္ဓမြတ်စွာသည် ထိုအသံများကို ကြားလျှင် "အာနန္ဒာ၊ ငါးသည်များ ငါးလုကြသကဲ့သို့ ဆူညံသောအသံကား ဘာသံနည်း" ဟု မေးတော်မူသည်။ ရှင်အာနန္ဒာက အာဂန္တုရဟန်း ငါးရာတို့၏ အသံဖြစ်ကြောင်း လျှောက်ကြားလျှင် ဗုဒ္ဓက ထိုရဟန်းတို့ကို အခေါ်ခိုင်းတော်မူသည်။ ရဟန်းများရောက်လာသောအခါ "ရဟန်းတို့၊ သွားကြကုန်လော့။ သင်တို့ကို ငါနှင်ထုတ်၏၊ သင်တို့သည် ငါ့ထံ၌ မနေအပ်" ဟု မိန့်ကြားတော်မူသည်။ ထိုရဟန်းတို့ကလည်း "ကောင်းပါပြီဘုရား" ဟု လျှောက်ကြားပြီး မိမိတို့ သပိတ်သင်္ကန်းများကို ယူဆောင်ကာ ချက်ချင်းပင် ထွက်ခွာသွားကြလေသည်။

### သာကီဝင်မင်းသားတို့က တောင်းပန်ကြခြင်း

ထိုအခါ စာတုမရွာ၌ နေသော သာကီဝင်မင်းသားတို့သည် မင်းကွန်း၌ စည်းဝေးနေကြစဉ် ရဟန်းငါးရာတို့ ပြန်ကြွလာသည်ကို မြင်ကြသဖြင့် "အရှင်

www.dhammaransi.com



ဘုရားတို့၊ ယခု ဘယ်အရပ်သို့ ကြွကြပါမည်နည်း” ဟု မေးလျှောက်ကြသည်။ မြတ်စွာဘုရားက နှင်ထုတ်လိုက်သဖြင့် ထွက်ခွာလာကြခြင်းဖြစ်ကြောင်း ဖြေကြား လျှင် သာကီဝင်မင်းသားတို့သည် ရဟန်းများကို ဆိုင်းငံ့စေပြီး ဗုဒ္ဓမြတ်စွာထံ သွားရောက်တောင်းပန်ကြသည်။

“အရှင်ဘုရား၊ မြတ်စွာဘုရားသည် ရဟန်းအပေါင်းကို ကျေနပ်တော်မူပါ လော့၊ ရဟန်းအပေါင်းကို ဆုံးမတော်မူပါ။ မြတ်စွာဘုရားသည် ရှေးအခါက ရဟန်းအပေါင်းကို ချီးမြှောက်ခဲ့သကဲ့သို့ ယခုလည်း ချီးမြှောက်တော်မူပါ။ ထို ရဟန်းအပေါင်းတို့တွင် ရဟန်းဖြစ်ခါစ ပဉ္စင်းငယ်များလည်း ပါဝင်ပါသည်။ နုနယ်သော သစ်ပင်ငယ်တို့သည် ရေမရလျှင် ဖောက်ပြန်ပြောင်းလဲသကဲ့သို့ လည်း ကောင်း၊ နို့စို့နွားငယ်သည် မိခင်နွားမကြီးကို မမြင်ရလျှင် ဖောက်ပြန်ပြောင်းလဲ သကဲ့သို့ လည်းကောင်း၊ ထို့အတူ ရဟန်းငယ်တို့သည် မြတ်စွာဘုရားကို မမြင် ရလျှင် စိတ်ဖောက်ပြန်ပြောင်းလဲသွားဖွယ် ရှိပါသည်။”

## ဗုဒ္ဓမြတ်စွာက ကျေနပ်တော်မူခြင်း

“ထို့နောက် သဟမ္ပတိဗြဟ္မာသည်လည်း ဗုဒ္ဓရှေ့မှောက်၌ ထင်ရှားပေါ် လာပြီး သာကီဝင်မင်းသားများ နည်းတူ တောင်းပန်၏။ ရှင်မောဂ္ဂလ္လာန်သည် သာကီဝင်မင်းသားများနှင့် သဟမ္ပတိဗြဟ္မာတို့၏ တောင်းပန်ခြင်းကို ဗုဒ္ဓက လက်ခံ တော်မူပြီး ဖြစ်ကြောင်း သိရှိလျှင် ရဟန်းငါးရာကို ခေါ်ဆောင်ကာ ဗုဒ္ဓထံသို့ ပြန်သွားလေသည်။ ရဟန်းငါးရာ ပြန်ရောက်လာသောအခါ ဗုဒ္ဓက ရှင်သာရိပုတ္တ ရာအား မေးမြန်းတော်မူသည်။

“သာရိပုတ္တရာ၊ ရဟန်းအပေါင်းကို ငါ နှင်ထုတ်လိုက်စဉ်က သင့်အား မည်သို့သော စိတ်အကြံ ဖြစ်ခဲ့သနည်း”

“အရှင်ဘုရား၊ တပည့်တော်အား ‘မြတ်စွာဘုရားသည် ရဟန်းအပေါင်းကို နှင်ထုတ်တော်မူပြီ၊ ယခု မြတ်စွာဘုရားသည် ကြောင့်ကြကင်းလျက် မျက်မှောက် ချမ်းသာကို ခံစား၍ နေလိမ့်မည်။ ငါသည်လည်း မြတ်စွာဘုရားနည်းတူ နေတော့ အံ့’ ဟု စိတ်အကြံ ဖြစ်ပေါ်ခဲ့ပါသည်”

ထိုအခါ ဗုဒ္ဓက “သာရိပုတ္တရာ၊ သင်သည် မျက်မှောက်ချမ်း သာစွာ နေခြင်း ကို ဆိုင်းငံ့ဦးလော့” ဟု ဟန့်တားတော်မူပြီး ရှင်မောဂ္ဂလ္လာန်ကိုလည်း မေးတော် မူ၏။ ရှင်မောဂ္ဂလ္လာန်က “ဗုဒ္ဓမြတ်စွာ ကြောင့်ကြမဲ့နေခဲ့သော် မိမိနှင့် ရှင်သာရိပုတ္တ

www.dhammaransi.com



ရာ နှစ်ပါးသည် ရဟန်းသံဃာအပေါင်းကို ရှေ့ဆောင် ရှေ့ရှုက်ပြု၍ နေမည်" ဟု စိတ်အကြံ ဖြစ်ခဲ့ကြောင်း လျှောက်ထား၏။ ထိုလျှောက်ကြားချက်ကို ဗုဒ္ဓက "ကောင်းလေစွ၊ ကောင်းလေစွ" ဟု အနုမောဒနာ ပြုတော်မူသည်။

## ရဟန်းတို့၏ ဘေးရန်လေးမျိုး

ထို့နောက် ဗုဒ္ဓက ရဟန်းတို့အား ဆုံးမစကား မိန့်ကြားတော်မူ၏။

"ရဟန်းတို့၊ (ပင်လယ်) ရေထဲသို့ ဆင်းသက်သူအား လှိုင်းတံပိုးဘေး၊ မိကျောင်းဘေး၊ ဝဲဂယက်ဘေး၊ ငါးမန်းဘေးဟူသော ဘေးရန်လေးမျိုးကို မျှော်လင့်အပ်သကဲ့သို့ ထို့အတူ ဤသာသနာ၌ ရဟန်းပြုသော အမျိုးသားအား ဘေးရန်လေးမျိုးကို (မလွဲမသွေ တွေ့ကြုံရလိမ့်မည်ဟု) မျှော်လင့်အပ်၏။[၁]

'ရဟန်းတို့၊ ဤလောက၌ အချို့သော အမျိုးကောင်းသားသည် မွေးခြင်း၊ အိုခြင်း၊ သေခြင်းစသော ဆင်းရဲအပေါင်းမှ လွတ်မြောက်ရန် ရည်ရွယ်၍ ရဟန်းပြုခဲ့ပြီး သီတင်းသုံးဖော်တို့က 'ဤသို့ သွားရမည်၊ ဤသို့ လာရမည်၊ ဤသို့ ကြည့်ရမည်၊ ဤသို့ ကွေးရမည်၊ ဤသို့ဆန့်ရမည်' စသည်ဖြင့် ပြောဆို ညွှန်ပြသည် ရှိသော် 'ငါ၏ သားမြေးမျှလောက်သာ ရှိသူတို့၏ ပြောဆိုညွှန်ကြားမှုကို ခံရမည်လော' ဟု မကျေမနပ် ဖြစ်ကာ လူထွက်လေ၏။ ဤရဟန်းကို လှိုင်းတံပိုးဘေးကြောင့် လူထွက်သူဟု ဆိုအပ်၏။ ရဟန်းတို့၊ ဤသာသနာ၌ လှိုင်းတံပိုးဘေးဟူသည် ပြင်းထန်သော အမျက်ဒေါသပင် ဖြစ်၏။

'ရဟန်းတို့၊ ဤလောက၌ အချို့သော အမျိုးကောင်းသားသည် ဆိုခဲ့ပြီးသော ဆင်းရဲအပေါင်းမှ လွတ်မြောက်ရန် ရည်ရွယ်၍ ရဟန်းပြုခဲ့ပြီး သီတင်းသုံးဖော်တို့က 'ဤဟာကို စားရမည်။ ထိုဟာကို မစားရ၊ နံနက်ချိန်၌သာ စားရမည်၊ မွန်းလွဲချိန်၌ မစားရ' စသည်ဖြင့် ဆိုဆုံးမလျှင် လူ့ဘဝမှာကဲ့သို့ လွတ်လပ်စွာ မစားရသဖြင့် မကျေမနပ်ဖြစ်ကာ လူထွက်လေ၏။ ဤရဟန်းကို မိကျောင်းဘေးကြောင့် လူထွက်သူဟု ဆိုအပ်၏။ ရဟန်းတို့၊ ဤသာသနာ၌ မိကျောင်းဘေးဟူသည် ဝမ်းရေးကို ကြောင့်ကြစိုက်ခြင်း ဖြစ်၏။

'ရဟန်းတို့၊ ဤလောက၌ အချို့သော အမျိုးကောင်းသားသည် ဝဋ်ဆင်းရဲမှ လွတ်မြောက်ရန် ရည်ရွယ်၍ ရဟန်းပြုခဲ့ပြီး ဣန္ဒြေတို့ကို မစောင့်စည်းဘဲ မြို့ရွာ ရွာတွင်းသို့ ဆွမ်းခံလှည့်လည်လေသော် ကာမဂုဏ်စည်းစိမ် ခံစားနေသူများ

---

၁။ အံ ၁။ နှာ ၄၃၈၊ ဦမိဘာယသုတ်လည်းရှု။

www.dhammaransi.com



ကို မြင်၍ မိမိလည်း ကာမဂုဏ်စည်းစိမ် ခံစားလိုသော စိတ်ဖြစ်ပေါ်လာသဖြင့် လူထွက်လေ၏။ ဤရဟန်းကို ဝဲဂယက်ဘေးကြောင့် လူထွက်သော ရဟန်းဟု ဆိုအပ်၏။ ရဟန်းတို့၊ ဤသာသနာ၌ ဝဲဂယက်ဘေးဟူသည် ကာမဂုဏ်ငါးပါးပင် ဖြစ်၏။

'ရဟန်းတို့၊ ဤလောက၌ အချို့သော အမျိုးကောင်းသားသည် ဝဋ်ဆင်းရဲမှ လွတ်မြောက်ရန် ရည်ရွယ်၍ ရဟန်းပြုခဲ့ပြီး ဣန္ဒြေတို့ကို မစောင့်စည်းဘဲ မြို့တွင်း ရွာတွင်းသို့ ဆွမ်းခံဝင်လေသော် အဝတ်အစားကို ကပိုကရိုဝတ်ဆင်ထားသော မာတုဂါမကို မြင်၍ တပ်မက်စွဲလမ်းသော စိတ်ဖြစ်ကာ လူထွက်လေ၏။ ဤရဟန်းကို ငါးမန်းဘေးကြောင့် လူထွက်သူဟု ဆိုအပ်၏။ ရဟန်းတို့၊ ဤသာသနာ၌ ငါးမန်းဘေးဟူသည် မာတုဂါမပင်ဖြစ်၏"

ဗုဒ္ဓမြတ်စွာက ဤသို့ ဟောကြားသောအခါ ရဟန်းတို့သည် ထိုဟောကြားချက်ကို လွန်စွာ နှစ်သက်ကြလေသည်။

www.dhammaransi.com

# ၆၈။ နဠကပါနသုတ်

## နဠကပါနရွာ၌ ဟောကြားသောတရား

### ယုံကြည်မှုဖြင့် ရဟန်းပြုသူ

ကောသလတိုင်း နဠကပါနရွာ၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးစဉ် ရှင်အနုရုဒ္ဓါ၊ ရှင်ဘဒ္ဒိယ၊ ရှင်ကိမိလစသည့် ထင်ရှားသော အမျိုးကောင်းသားများစွာတို့သည် ဗုဒ္ဓမြတ်စွာကို ရည်စူး၍ ယုံကြည်မှုသဒ္ဓါအပြည့်အဝဖြင့် လူ့ဘောင်မှ ထွက်ကာ ရဟန်းဘောင်သို့ ဝင်လာကြ၏။ တစ်နေ့သ၌ ဗုဒ္ဓသည် ရဟန်းအပေါင်းခြံရံလျက် လွင်တီးခေါင်၌ သီတင်းသုံးစဉ် အမျိုးကောင်းသားများကို ရည်ရွယ်ကာ "ရဟန်းတို့၊ ငါ့ကို ရည်ရွယ်၍ ယုံကြည်မှုဖြင့် သာသနာ့ဘောင်သို့ ဝင်လာကြသော အမျိုးကောင်းသားတို့သည် အကျင့်မြတ်၌ မွေ့လျော်ကြပါကုန်၏လော" ဟု မေးမြန်းတော်မူ၏။ ထိုအမေးကို ရဟန်းတို့က တုံ့ပြန်ဖြေကြားခြင်း မပြုဘဲ နှုတ်ဆိတ်၍နေကြသည်။ ဗုဒ္ဓက သုံးကြိမ်တိုင်အောင် မေးသော်လည်း အဖြေမပေးကြချေ။

ထိုအခါ ဗုဒ္ဓက ရှင်အနုရုဒ္ဓါကို အမည်တပ်ကာ တိုက်ရိုက်မေးမြန်းတော်မူလေသည်။

"အနုရုဒ္ဓါတို့၊ သင်တို့သည် အကျင့်မြတ်၌ မွေ့လျော်ကြပါ၏လော"

"အရှင်ဘုရား၊ တပည့်တော်တို့သည် အကျင့်မြတ်၌ စင်စစ် မွေ့လျော်ကြပါသည်၊"

"အနုရုဒ္ဓါတို့၊ ကောင်းပေစွ၊ ကောင်းပေစွ၊ ယုံကြည်မှုဖြင့် ရဟန်းပြုသော သင်တို့အား အကျင့်မြတ်၌ မွေ့လျော်ခြင်းသည် သင့်မြတ်လှပေ၏။ သင်တို့သည်

www.dhammaransi.com



ကောင်းသော နုပျိုခြင်း၊ ပထမရွယ်၊ မည်းနက်သော ဆံပင်တို့နှင့် ပြည့်စုံသူများ ဖြစ်လျက် ရဟန်းပြုခဲ့ကြ၏။ သင်တို့သည် မင်းနှိပ်စက်ခြင်း၊ ခိုးသူနှိပ်စက်ခြင်း၊ ကြွေးမြီနှိပ်စက်ခြင်း၊ ဘေးရန်နှိပ်စက်ခြင်း၊ အသက်မွေး မှု ကြပ်တည်းခြင်းဟူသော အကြောင်းများကြောင့် ရဟန်းပြုခဲ့ကြသည် မဟုတ်။ စင်စစ် မွေးခြင်း၊ သေခြင်းစသော ဆင်းရဲကုန်ဆုံးရေးကိုသာ ရည်ရွယ်၍ ရဟန်းပြုခဲ့ကြကုန်၏။

'အနုရုဒ္ဓါတို့၊ ကာမဂုဏ်ငါးပါးနှင့် အကုသိုလ်တရားတို့မှ ကင်းဆိတ်သော နှစ်သိမ့်ချမ်းသာခြင်းကို လည်းကောင်း၊ ထို့ထက်သာလွန်သော နှစ်သိမ့်ချမ်းသာခြင်းကို လည်းကောင်း မရသော ပုဂ္ဂိုလ်၏စိတ်ကို အဘိဇ္ဈာ၊ ဗျာပါဒစသော နီဝရဏတရားတို့သည် လွှမ်းမိုးဖိစီးကုန်၏။ ယင်းသို့ လွှမ်းမိုးဖိစီးခြင်း ခံရသော ပုဂ္ဂိုလ်သည်လည်း ကာမဂုဏ် အကုသိုလ်တရားတို့မှ ကင်းဆိတ်သော နှစ်သိမ့်ချမ်းသာမှုကို လည်းကောင်း၊ ထို့ထက်သာလွန်သော နှစ်သိမ့်ချမ်းသာမှုကိုလည်းကောင်း မရနိုင်ချေ။

'အနုရုဒ္ဓါတို့၊ ကာမဂုဏ်၊ အကုသိုလ်တရားတို့မှ ကင်းဆိတ်သော နှစ်သိမ့်ချမ်းသာခြင်းကို လည်းကောင်း၊ ထို့ထက်သာလွန်သော နှစ်သိမ့်ချမ်းသာခြင်း ကို လည်းကောင်း ရသော ပုဂ္ဂိုလ်၏ စိတ်ကို အဘိဇ္ဈာ၊ ဗျာပါဒစသော နီဝရဏတရားတို့သည် မလွှမ်းမိုးနိုင်။ ယင်းသို့ လွှမ်းမိုးခြင်း မခံရသော ပုဂ္ဂိုလ်သည်လည်း ကာမဂုဏ် အကုသိုလ်တရားတို့မှ ကင်းဆိတ်သော နှစ်သိမ့်ချမ်းသာမှုကို လည်းကောင်း၊ ထို့ထက်သာလွန်သော နှစ်သိမ့်ချမ်းသာမှုကိုလည်းကောင်း ရရှိနိုင်ပေ၏။"

## မည်သို့ ထင်ကြသနည်း

"အနုရုဒ္ဓါတို့၊ သင်တို့သည် ငါဘုရားအပေါ် မည်သို့ ထင်မှတ်ကြသနည်း။ မြတ်စွာဘုရားသည် ညစ်ညူးစေတတ်၊ တစ်ဖန်ဘဝသစ်ကို ဖြစ်စေတတ်သော၊ ပူလောင်ခြင်း၊ ဆင်းရဲခြင်း ရှိသော မွေးခြင်း၊ အိုခြင်း၊ သေခြင်းကို ဖြစ်စေတတ်သော အာသဝတို့ကို မပယ်ရသေးသောကြောင့် အချို့ကို ဆင်ခြင်၍ မှီဝဲ၏။ အချို့ကို ဆင်ခြင်၍ သည်းခံ၏။ အချို့ကို ဆင်ခြင်၍ ရှောင်ကြဉ်၏။ အချို့ကို ဆင်ခြင်၍ ပယ်ဖျောက်၏ဟု သင်တို့ ထင်မှတ်ကြကုန်သလော"

"အရှင်ဘုရား၊ တပည့်တော်တို့အား ဤသို့ ထင်မှတ်ခြင်း မရှိပါ"

"အနုရုဒ္ဓါတို့၊ ကောင်းပေစွ၊ ကောင်းပေစွ၊ မြတ်စွာဘုရားသည် ညစ်ညူးစေတတ်၊ တစ်ဖန်ဘဝသစ်ကို ဖြစ်စေတတ်သော ပူလောင်ခြင်း ဆင်းရဲခြင်း ရှိသော၊ မွေးခြင်း၊ အိုခြင်း၊ သေခြင်းကို ဖြစ်စေတတ်သော အာသဝတို့ကို အကြွင်းမဲ့

www.dhammaransi.com



ပယ်ပြီး ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် အချို့ကို ဆင်ခြင်၍ မှီဝဲ၏။ အချို့ကို ဆင်ခြင်၍ သည်းခံ၏။ အချို့ကို ဆင်ခြင်၍ ရှောင်ကြဉ်၏။ အချို့ကို ဆင်ခြင်၍ ပယ်ဖျောက်၏။"

## လားရာဂတိကို ဟောကြားခြင်း

"အနုရုဒ္ဓါတို့၊ မြတ်စွာဘုရားသည် မည်သို့သော အကျိုးထူးကို မြော်မြင်ကာ ကွယ်လွန်သွားသော တပည့်သာဝကတို့၏ လားရာဂတိကို ဟောကြားသည်ဟု သင်တို့ ထင်မြင်ကြသနည်း"

"အရှင်ဘုရား၊ တပည့်တော်တို့အား တရားဓမ္မတို့သည် မြတ်စွာဘုရားလျှင် အမွန်အစ ရှိပါကုန်၏။ ထိုအကြောင်းအရာကို မြတ်စွာဘုရားကိုယ်တိုင်ပင် ဟောကြားတော်မူပါလော့"

"အနုရုဒ္ဓါတို့၊ မြတ်စွာဘုရားသည် လူအများ အံ့ဩချီးမွမ်းစေခြင်းငှာလည်း ကောင်း၊ လာဘ်လာဘအခြံအရံ တိုးပွားစေခြင်းငှာ လည်းကောင်း၊ လူအများ သိစေခြင်းငှာ လည်းကောင်း ကွယ်လွန်သွားသော တပည့်သာဝကတို့၏ လားရာဂတိကို ဟောကြားသည် မဟုတ်။ သဒ္ဓါတရားရှိသော အမျိုးကောင်းသားတို့ စိတ်ညွတ်စေရန် အလို့ငှာသာလျှင် ထိုအကြောင်းကို ဟောကြားခြင်း ဖြစ်၏။

'အနုရုဒ္ဓါတို့၊ ဤသာသနာ၌ ရဟန်းတစ်ပါးသည် ကွယ်လွန်သွားသော ရဟန်တစ်ပါးကို ရဟန္တာဖြစ်သည်ဟု မြတ်စွာဘုရားက ဟောကြားသည်ကို ကြားရ၏။ ကွယ်လွန်သွားသော ရဟန်း၏ သီလ၊ သမာဓိ၊ ပညာတို့ကို ကိုယ်တိုင်သော်လည်း တွေ့မြင်ဖူး၏။ တစ်ဆင့်သော်လည်း ကြားဖူး၏။ ထိုရဟန်းသည် ကွယ်လွန်သွားသော ရဟန်း၏ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာတို့ကို ဆင်ခြင်အောက်မေ့လျက် မိမိ၌လည်း ထိုတရားများ ဖြစ်ပွားစေရန် စိတ်ကို ညွတ်စေ၏။ အနုရုဒ္ဓါတို့၊ ဤသို့လျှင် ထိုရဟန်းအား ချမ်းသာစွာ နေရခြင်းသည် ဖြစ်လေ၏။

'အနုရုဒ္ဓါတို့၊ ဤသာသနာ၌ ရဟန်းတပါးသည် ကွယ်လွန်သွားသော ရဟန်းတစ်ပါးကို အနာဂါမ်ဖြစ်၏ဟု မြတ်စွာဘုရား ဟောကြားသည်ကို ကြားရ၏။ ကွယ်လွန်သွားသော ရဟန်း၏ သီလ သမာဓိ ပညာတို့ကို ကိုယ်တိုင်သော်လည်း တွေ့မြင်ဖူး၏။ တစ်ဆင့် သော်လည်း ကြားဖူး၏။ ထိုရဟန်းသည် ကွယ်လွန်သွားသော ရဟန်း၏ သဒ္ဓါသီလ စသော တရားများကို ဆင်ခြင်အောက်မေ့လျက် မိမိ၌လည်း ထိုတရားများ ဖြစ်ပွားစေရန် စိတ်ကို ညွတ်စေ၏။ အနုရုဒ္ဓါတို့၊ ဤသို့လျှင် ထိုရဟန်းအား ချမ်းသာစွာ နေရခြင်းသည် ဖြစ်လေ၏။

www.dhammaransi.com



'အနုရုဒ္ဓါတို့၊ ဤသာသနာ၌ ရဟန်းတစ်ပါးသည် ကွယ်လွန်သွားသော ရဟန်းတစ်ပါးကို လူ့ပြည်သို့ တစ်ကြိမ်သာ ပြန်လာမည့် သကဒါဂါမ်ဖြစ်၏ဟု မြတ်စွာဘုရား ဟောကြားသည်ကို ကြားရ၏။ ကွယ်လွန်သွားသော ရဟန်း၏ သီလ သမာဓိ ပညာတို့ကို ကိုယ်တိုင်သော်လည်း တွေ့မြင်ဖူး၏။ တစ်ဆင့်သော်လည်း ကြားဖူး၏။ ထိုရဟန်းသည် ကွယ်လွန်သွားသော ရဟန်း၏ သဒ္ဓါ သီလ စသော တရားတို့ကို ဆင်ခြင်အောက်မေ့လျက် မိမိ၌လည်း ထိုတရားများ ဖြစ်ပွားစေရန် စိတ်ကို ညွတ်စေ၏။ အနုရုဒ္ဓါတို့၊ ဤသို့လျှင် ထိုရဟန်းအာ ချမ်းသာစွာ နေရခြင်းသည် ဖြစ်လေ၏။

'အနုရုဒ္ဓါတို့၊ ဤသာသနာ၌ ရဟန်းတစ်ပါးသည် ကွယ်လွန်သွားသော ရဟန်းတစ်ပါးကို အထက်မဂ်သုံးပါးလျှင် လဲလျောင်းရာရှိသော သောတာပန် ဖြစ်၏ဟု မြတ်စွာဘုရားက ဟောကြားသည်ကို ကြားရ၏။ ကွယ်လွန်သွားသော ရဟန်း၏ သီလ သမာဓိ ပညာတို့ကို ကိုယ်တိုင်သော်လည်း တွေ့မြင်ဖူး၏။ တစ်ဆင့်သော်လည်း ကြားဖူး၏။ ထိုရဟန်းသည် ကွယ်လွန်သွားသော ရဟန်း၏ သဒ္ဓါ သီလ စသော တရားများကို ဆင်ခြင်အောက်မေ့လျက် မိမိ၌လည်း ထို တရားများ ဖြစ်ပွားစေရန် စိတ်ကို ညွတ်စေ၏။ အနုရုဒ္ဓါတို့၊ ဤသို့လျှင် ထို ရဟန်းအား ချမ်းသာစွာနေရခြင်းသည် ဖြစ်လေ၏။"

[ကွယ်လွန်သော ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာတို့ဖြင့်လည်း နည်းတူ ဟောကြား၏။]

"အနုရုဒ္ဓါတို့၊ ဤသို့လျှင် မြတ်စွာဘုရားသည် သဒ္ဓါတရားရှိသော အမျိုးကောင်းသားတို့ ကြားနာရလျှင် စိတ်ညွတ်စေရန် အလို့ငှာသာလျှင် ကွယ်လွန် သွားသော တပည့်သာဝကတို့၏ လားရာဂတိကို ဟောကြားခြင်း ဖြစ်ပေ၏။"

ဗုဒ္ဓမြတ်စွာက ဤသို့ ဟောကြားသောအခါ ရဟန်းတို့သည် ထိုဟောကြား ချက်ကို လွန်စွာ နှစ်သက်ကြလေသည်။

www.dhammaransi.com

# ၆၉။ ဂေါလိယာနိသုတ်

## ရှင်ဂေါလိယာနိအား ဟောကြားသောတရား

### တောကျောင်းရဟန်း၏ အကျင့်များ

ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးစဉ် လျော့ရဲသော အကျင့်ရှိသည့် ဂေါလိယာနိ အမည်ရှိသော တောကျောင်းနေရဟန်းတစ်ပါးသည် တစ်စုံတစ်ခုသော ပြုဖွယ်ကိစ္စဖြင့် သံဃအလယ်သို့ ရောက်နေ၏။ ထိုအခါ ရှင်သာရိပုတ္တရာက ထိုရဟန်းကို အကြောင်းပြု၍ သံဃအလယ်သို့ ရောက်သော တောကျောင်းနေ ရဟန်းသည် (၁၈) ပါးသော ကျင့်ဝတ်တို့ကို ကျင့်သုံးလိုက်နာ အပ်ကြောင်း ဟောကြားတော်မူသည်။ ထိုကျင့်ဝတ်များကား အောက်ပါတို့ ဖြစ်၏။

(၁) သီတင်းသုံးဖော်တို့အား ရိုသေလေးစားခြင်း။

(၂) မထေရ်ကြီးများအား တိုးဝှေ့ခြင်း၊ သီတင်းငယ်များအား နေရာဖြင့် တားမြစ်ခြင်း မပြုဘဲ နေရာ၌ လိမ္မာခြင်း။

(၃) မိမိလိုက်နာရမည့် ဝတ်ကြီးဝတ်ငယ်ကိုသိခြင်း။

(၄) အလွန်စောစီးစွာ ရွာထဲသို့ မဝင်ခြင်း၊ နေမြင့်မှ ပြန်မလာခြင်း။

(၅) ဆွမ်းမစားမီဖြစ်စေ၊ ဆွမ်းစားပြီးမှ ဖြစ်စေ ဒကာ ဒကာမတို့၏အိမ်များသို့ လျှောက်၍ မလည်ခြင်း။

(၆) စိတ်လေလွင့်မှု၊ လျှပ်ပေါ်လောလီမှု မရှိခြင်း။

(၇) ကြမ်းတမ်းစွာ ပေါက်ကရစကားများကို မပြောခြင်း။

(၈) ဆိုဆုံးမလွယ်၍ မိတ်ဆွေကောင်းရှိခြင်း ။

www.dhammaransi.com



(၉) မျက်စိ၊ နား စသော ဣန္ဒြေတို့ကို စောင့်စည်းခြင်း။
(၁၀) စားသောက်မှု၌ အတိုင်းအဆကို သိခြင်း။
(၁၁) နိုးကြားမှု၌ အားထုတ်ခြင်း။
(၁၂) အားထုတ်အပ်သော လုံ့လဝီရိယ ရှိခြင်း။
(၁၃) စွဲမြဲသော သတိရှိခြင်း။
(၁၄) တည်ကြည်သော စိတ်ရှိခြင်း။
(၁၅) ဉာဏ်ပညာရှိခြင်း။
(၁၆) ထူးမြတ်သောတရား၊ ထူးမြတ်သော ပညာ၌ အားထုတ်ခြင်း။
(၁၇) ရုပ်အာရုံကို လွန်မြောက်၍ နာမ်အာရုံ၌ ဖြစ်သည် ငြိမ်သက်သော လွတ်မြောက်ကြောင်းတရား 'ဝိမောက္ခ'တို့၌ အားထုတ်ခြင်း။
(၁၈) လူတို့၏ ကုသိုလ်တရားထက် သာလွန်သော ဈာန်မဂ်ဖိုလ်တရား၌ အားထုတ်ခြင်း။

"ငါ့ရှင်တို့၊ ဤ (၁၈) ပါးသော ကျင့်ဝတ်နှင့် မပြည့်စုံသော တောကျောင်းနေရဟန်းကို 'ဤအရှင်အား တောကျောင်း၌ ကိုယ်စိုးကိုယ်ပိုင်နေခြင်းဖြင့် ဘာအကျိုးရှိမည်နည်း' ဟူ၍ ကဲ့ရဲ့သူများ ရှိရာ၏။ ထို့ကြောင့် တောကျောင်းနေရဟန်းသည် ဤ(၁၈) ပါးသော ကျင့်ဝတ်တို့ကို ကျင့်သုံးလိုက်နာရာ၏။"

## ရွာကျောင်းရဟန်းလည်း ကျင့်ရမည်

ဤသို့ ရှင်သာရိပုတ္တရာက မိန့်ကြားလျှင် ရှင်မောဂ္ဂလ္လာန်က "ငါ့ရှင်သာရိပုတ္တရာ၊ ဤကျင့်ဝတ် (၁၈) ပါးကို တောကျောင်းရဟန်းသည်သာ ကျင့်သုံးအပ်ပါသလော၊ သို့မဟုတ် ရွာကျောင်းရဟန်းသည်လည်း ကျင့်သုံးအပ်ပါသလော" ဟု မေးလျှောက်၏။ ထိုအခါ ရှင်သာရိပုတ္တရာက "ငါ့ရှင်မောဂ္ဂလ္လာန်၊ ဤကျင့်ဝတ် (၁၈) ပါးကို တောကျောင်းရဟန်းသည်ပင် ကျင့်သုံးအပ်သေး၏၊ ရွာကျောင်းရဟန်းကား ဆိုဖွယ်မရှိချေ" ဟု ဖြေကြားလေသည်။

www.dhammaransi.com

# ၇၀။ ကီဋာဂိရိသုတ်

## ကီဋာဂိရိနိဂုံး၌ ဟောကြားသောတရား

### ညစာစားသော ရဟန်းများ

ဗုဒ္ဓမြတ်စွာသည် ရဟန်းသံဃာများစွာတို့နှင့် အတူ ကာသိတိုင်းအတွင်း ဒေသစာရီ လှည့်လည်စဉ် ရဟန်းတို့အား ညစာစားခြင်းမှ ရှောင်ကြဉ်ခြင်းဖြင့် ကျန်းမာဖျတ်လတ်၍ အနေအထိုင်ချမ်းသာမှုရှိကြောင်း။ ထို့ကြောင့် ရဟန်းများသည် ညစာစားခြင်းမှ ရှောင်ကြဉ်အပ်ကြောင်း မိန့်ကြားဆုံးမတော်မူ၏။ ထို့နောက် ဗုဒ္ဓသည် ကီဋာဂိရိနိဂုံးသို့ ဆိုက်ရောက်၍ ထိုနိဂုံး၌ သီတင်းသုံးနေတော်မူ၏။

ထိုစဉ်က ကီဋာဂိရိနိဂုံး၌ အဿဇိ ပုနဗ္ဗသုကမည်သော ရဟန်းတို့နေထိုင်လျက် ရှိကြ၏။ ဗုဒ္ဓနှင့်အတူ လိုက်ပါလာသော ရဟန်းအချို့တို့သည် ထိုကျောင်းနေ ရဟန်းတို့အား ဗုဒ္ဓမြတ်စွာက ညစာစားခြင်းမှ ရှောင်ကြဉ်ရန် ဟောကြားပုံကို ပယ်ဆင့်ပြောကြားကြ၏။

"ငါ့ရှင်တို့၊ သင်တို့သည်လည်း ညစာစားခြင်းမှ ရှောင်ကြဉ်ကြလော့။ ညစာစားခြင်းမှ ရှောင်ကြဉ်လျှင် သင်တို့သည် အနာကင်းခြင်း၊ ဆင်းရဲ မရှိခြင်း၊ လျင်မြန်ပေါ့ပါးစွာ ထနိုင်ခြင်း၊ ချမ်းသာစွာ နေရခြင်းတို့ကို ကောင်းစွာ တွေ့မြင်ကြရလိမ့်မည်။"

"ငါ့ရှင်တို့၊ ငါတို့သည် ညနေစောင်းအချိန်၌လည်းကောင်း၊ နံနက်စောစော၌လည်းကောင်း၊နေမွန်းတိမ်း ချိန်၌လည်းကောင်း စားကြ၏။ ဤသို့ တစ်နေ့သုံးကြိမ်

www.dhammaransi.com



စားသော ငါတို့သည် ကျန်းမာပေါ့ပါး၍ ချမ်းသာစွာ နေရခြင်းကို ကောင်းစွာ တွေ့မြင်ကြရ၏။ ထို့ကြောင့် ငါတို့သည် လက်ငင်းအကျိုးကို စွန့်ပြီး နောင်မှရရာ အကျိုးနောက်သို့ မလိုက်နိုင်ပါ"

## သိမြင်၍သာ ဟောကြားသည်

ကျောင်းနေရဟန်းတို့က ဤသို့ ပြန်ပြောသောအခါ အာဂန္တုရဟန်းတို့သည် ဗုဒ္ဓအား ဤအကြောင်းကို လျှောက်တင်ကြ၏။ ဗုဒ္ဓက အဿဇိပုနဗ္ဗသုက ရဟန်း တို့ကို ခေါ်စေပြီး ဆုံးမစကား မိန့်ကြားတော်မူ၏။

"ရဟန်းတို့၊ အမှတ်မရှိ တစ်စုံတစ်ခုသော ချမ်းသာမှု၊ ဆင်းရဲမှု၊ ချမ်းသာ ဆင်းရဲမဟုတ်သော ခံစားမှုကို ခံစားသော ပုဂ္ဂိုလ်အား အကုသိုလ်တရား ဆုတ် ယုတ်၍ ကုသိုလ်တရား တိုးပွား၏ဟူ၍ ငါမဟောကြားခဲ့။ အကြင်သို့ သဘော ရှိသော ခံစားမှုကို ခံစား၍ အချို့သော ပုဂ္ဂိုလ်အား အကုသိုလ် ကို ပွား၍ ကုသိုလ်တရား ဆုတ်ယုတ်၏၊ ထိုသဘောရှိသော ခံစားမှုကိုပင် ခံစား၍ အချို့သော ပုဂ္ဂိုလ်အားမူ အကုသိုလ်တရား ဆုတ်ယုတ်၍ ကုသိုလ်တရားတိုးပွား၏။

'ရဟန်းတို့၊ အကြင်ခံစားမှုကို ခံစားသော် အကုသိုလ်တရား တိုးပွား၍ ကုသိုလ်တရား ဆုတ်ယုတ်၏။ အကြင်ခံစားမှုကို ခံစားသော် အကုသိုလ်တရား ဆုတ်ယုတ်၍ ကုသိုလ်တရား တိုးပွား၏။ ထိုခံစားမှုများကို ပညာဖြင့် ကောင်းစွာ သိမြင်သောကြောင့်သာလျှင် 'ဤသို့ သဘောရှိသော ခံစားမှုကို ပယ်ကြကုန်လော့၊ ဤသို့သဘောရှိသော ခံစားမှုကို ပြည့်စုံစေ၍ နေကြကုန်လော့' ဟူ၍ ငါ ဟော ကြားခဲ့ခြင်းဖြစ်၏။-

'ရဟန်းတို့၊ ရဟန်းအားလုံးတို့အား မမေ့မလျော့ ပြုဖွယ်ကိစ္စကို ပြုရမည်ဟု ငါမဟော။ ရဟန်းအားလုံးတို့အား မမေ့မလျော့ ပြုဖွယ်ကိစ္စကို မပြုရဟုလည်း ငါမဟော။ ရဟန်းတို့၊ အာသဝေါကုန်၍ ကိလေသာမှ လွတ်မြောက်ပြီးသော ရဟန္တာတို့အား မမေ့မလျော့ ပြုဖွယ်ကိစ္စကို ပြုရမည်ဟု ငါမဟော။ အကြောင်းကား ရဟန္တာတို့သည် မေ့လျော့ရန် မထိုက်တော့သောကြောင့် ဖြစ်၏။ အရဟတ္တဖိုလ်သို့ မရောက်သေးသည်ဖြစ်၍ အမြတ်ဆုံးနိဗ္ဗာန်ကို မျှော်လင့်တောင့်တကာ ကျင့်ကြံ နေသော 'သေက္ခ' ပုဂ္ဂိုလ်တို့အား မမေ့မလျော့ ပြုဖွယ်ကိစ္စကို ပြုရမည်ဟု ငါဟောကြား၏။ အကြောင်းကား ထိုသေက္ခပုဂ္ဂိုလ်တို့သည် သင့်လျော်သော ကျောင်းကို မှီဝဲ၍ အဆွေခင်ပွန်းကောင်းကို ဆည်းကပ်ပြီး၊ သဒ္ဓါ၊ ဝီရိယ စသော

www.dhammaransi.com



ဤစြန်ငါးပါးကို ညီမျှစွာ ထားသည်ရှိသော် အကျင့်မြတ်၏ နောက်ဆုံးပန်းတိုင် ဖြစ်သော အရဟတ္တဖိုလ်ကို ဤဘဝ၌ပင် မျက်မှောက်ပြုနိုင်ဖွယ် ရှိသောကြောင့် ဖြစ်၏။"

## ပုဂ္ဂိုလ် ခုနစ်ယောက်

"ရဟန်းတို့၊ လောက၌ ပုဂ္ဂိုလ် ခုနစ်ယောက်ရှိ၏။ ယင်းတို့ကား-

(၁) ရူပကာယ၊ နာမကာယဟူသော အဖို့ နှစ်ပါးလုံးဖြင့် ကိလေသာမှ လွတ်မြောက်သော 'ဥဘတောဘာဂဝိမုတ္တ' ပုဂ္ဂိုလ်။

(၂) ပညာပြဋ္ဌာန်းမှုဖြင့် ကိလေသာမှ လွတ်မြောက်သော 'ပညာဝိမုတ္တ' ပုဂ္ဂိုလ်။

(၃) နာမကာယဖြင့် ဈာန်ကို တွေ့ထိ၍ နိဗ္ဗာန်ကို မျက်မှောက်ပြုသော 'ကာယသက္ခိ' ပုဂ္ဂိုလ်။

(၄) သစ္စာလေးပါးကို သိမြင်ခြင်းအဆုံး၌ အရဟတ္တဖိုလ်သို့ ရောက်သော 'ဒိဋ္ဌိပတ္တ' ပုဂ္ဂိုလ်။

(၅) သဒ္ဓါပြဋ္ဌာန်းမှုဖြင့် ကိလေသာမှ လွတ်သော 'သဒ္ဓါဝိမုတ္တ' ပုဂ္ဂိုလ်။

(၆) ပညာဖြင့် အစဉ်လျှောက်၍ ကိလေသာမှ လွတ်သော 'ဓမ္မာနုသာရီ' ပုဂ္ဂိုလ်။

(၇) သဒ္ဓါဖြင့် အစဉ်လျှောက်၍ ကိလေသာမှ လွတ်သော 'သဒ္ဓါနုသာရီ' ပုဂ္ဂိုလ်တို့ ဖြစ်၏။

(၁) "ရဟန်းတို့၊ ဤလောက၌ အချို့ပုဂ္ဂိုလ်သည် ရုပ်အာရုံတို့ကို လွန်မြောက်၍ နာမ်အာရုံ၌ဖြစ်သော လွတ်မြောက်မှု 'အရူပဝိမောက္ခ' တို့ကို နာမကာယဖြင့် တွေ့ထိ၍ နေ၏။ အာသဝေါတရားတို့ကိုလည်း ပညာဖြင့် သိမြင်၍ ကုန်ခန်းစေပြီး ဖြစ်၏။ ဤပုဂ္ဂိုလ်ကို ရူပကာယ၊ နာမကာယဟူသော အဖို့နှစ်ပါးဖြင့် ကိလေသာမှ လွတ်မြောက်သော 'ဥဘတောဘာဂ ဝိမုတ္တ' ပုဂ္ဂိုလ်ဟု ဆိုအပ်၏။ ဤပုဂ္ဂိုလ်မျိုးသည် မေ့လျော့ရန် မထိုက်တော့။ ထို့ကြောင့် ဤပုဂ္ဂိုလ်အား မမေ့မလျော့ အားထုတ်ရမည်ဟု ငါမဟောပေ။-

(၂) 'ရဟန်းတို့၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အရူပဝိမောက္ခတို့ကို နာမကာယဖြင့် တွေ့ထိ၍ မနေသော်လည်း အာသဝေါတရားတို့ကိုကား ပညာဖြင့် သိမြင်၍ ကုန်ခန်းစေပြီး ဖြစ်၏။ ဤပုဂ္ဂိုလ်ကို ပညာဖြင့် ကိလေသာမှ

www.dhammaransi.com



လွတ်မြောက်သော 'ပညာဝိမုတ္တ' ပုဂ္ဂိုလ်ဟု ဆိုအပ်၏။ ဤပုဂ္ဂိုလ်မျိုးသည်လည်း မေ့လျော့ရန် မထိုက်သဖြင့် မမေ့မလျော့ အားထုတ်ရမည်ဟု ငါမဟောပေ။-

(၃) 'ရဟန်းတို့၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အရူပဝိမောက္ခတို့ကို နာမကာယဖြင့် တွေ့ထိ၍နေ၏။ အချို့သော အာသဝေါတရားတို့ကိုလည်း ပညာဖြင့် သိမြင်၍ ကုန်ခန်းစေပြီး ဖြစ်၏။ ဤပုဂ္ဂိုလ်ကို ဈာန်ကို ရှေးဦးစွာ တွေ့ထိ၍ နိဗ္ဗာန်ကို မျက်မှောက်ပြုသော 'ကာယသက္ခိ' ပုဂ္ဂိုလ်ဟု ဆိုအပ်၏။ ဤပုဂ္ဂိုလ်သည် သင့်လျော်သော ကျောင်းကို မှီဝဲ၍ အဆွေခင်ပွန်းကောင်းကို ဆည်းကပ်ပြီး သဒ္ဓါ၊ ဝီရိယစသော ဣန္ဒြေငါးပါးကို ညီမျှအောင် ပြုသည်ရှိသော် အကျင့်မြတ်၏ နောက်ဆုံးပန်းတိုင်ဖြစ်သော အရဟတ္တဖိုလ်ကို ဤဘဝ၌ပင် မျက်မှောက်ပြုနိုင်ဖွယ် ရှိ၏။ ထို့ကြောင့် ဤပုဂ္ဂိုလ်အားလည်း မမေ့မလျော့ အားထုတ်ရမည်ဟု ငါဟော၏။-

(၄) 'ရဟန်းတို့၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အရူပဝိမောက္ခတို့ကို နာမကာယဖြင့် တွေ့ထိ၍ မနေသော်လည်း အချို့သော အာသဝေါတရားတို့ကို ပညာဖြင့် သိမြင်၍ ကုန်ခန်းစေပြီးဖြစ်၏။ မြတ်စွာဘုရားဟောကြားအပ်သော သစ္စာလေးပါးကိုလည်း ပညာဖြင့် ကောင်းစွာသိမြင်ပြီးဖြစ်၏။ ဤပုဂ္ဂိုလ်ကို သစ္စာလေးပါးကို သိမြင်ခြင်းဖြင့် အရဟတ္တဖိုလ်သို့ ရောက်သော 'ဒိဋ္ဌိပ္ပတ္တ' ပုဂ္ဂိုလ်ဟု ဆိုအပ်၏။

(၅) 'ရဟန်းတို့၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အရူပဝိမောက္ခတို့ကို နာမကာယဖြင့် တွေ့ထိ၍ မနေသော်လည်း အချို့သော အာသဝေါတရားတို့ကိုကား ပညာဖြင့် သိမြင်၍ ကုန်ခန်းစေပြီးဖြစ်၏။ မြတ်စွာဘုရား၌လည်း စွဲမြဲစွာ သဒ္ဓါသက်ဝင်၏။ ဤပုဂ္ဂိုလ်ကို သဒ္ဓါပြဋ္ဌာန်းသော စိတ်ဖြင့် ကိလေသာမှ လွတ်သော 'သဒ္ဓါဝိမုတ္တ' ပုဂ္ဂိုလ်ဟု ဆိုအပ်၏။ ဤပုဂ္ဂိုလ်အားလည်း မမေ့မလျော့ အားထုတ်ရမည်ဟု ငါဟော၏။-

(၆) 'ရဟန်းတို့၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အရူပဝိမောက္ခတို့ကို နာမကာယဖြင့် တွေ့ထိ၍ မနေသော်လည်း အချို့သော အာသဝေါတရားတို့ကိုကား ပညာဖြင့် သိမြင်၍ ကုန်ခန်းစေပြီး ဖြစ်၏။ မြတ်စွာဘုရား ဟောကြားအပ်သော သစ္စာလေးပါး တရားတို့ကိုလည်း ပညာဖြင့် အနည်းငယ် ရှုဆင်ခြင်နိုင်၏။ သို့သော် ယင်းပုဂ္ဂိုလ်အား သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဟူသော ဣန္ဒြေငါးပါးတို့သည် ရှိကုန်၏။ ဤပုဂ္ဂိုလ်ကို ပညာဖြင့် အစဉ်လျှောက်၍

www.dhammaransi.com



ကိလေသာမှ လွတ်သော 'ဓမ္မာနုသာရီ' ပုဂ္ဂိုလ်ဟု ဆိုအပ်၏။ ဤပုဂ္ဂိုလ်အားလည်း မမေ့မလျော့ အားထုတ်ရမည်ဟု ငါဟော၏။-

(၇) 'ရဟန်းတို့၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အရူပဝိမောက္ခတို့ကို နာမကာယဖြင့် တွေ့ထိ၍ မနေသော်လည်း အချို့သော အာသဝေါတရားတို့ကိုကား ပညာဖြင့် သိမြင်၍ ကုန်ခန်းစေပြီး ဖြစ်၏။ မြတ်စွာဘုရား၌ ယုံကြည်ခြင်း၊ ချစ်ခင်ခြင်း ရှိ၏။ သဒ္ဓါ၊ ဝီရိယ စသော ဣန္ဒြေငါးပါးလည်း ရှိ၏။ ဤပုဂ္ဂိုလ်ကို သဒ္ဓါဖြင့် အစဉ်လျှောက်၍ ကိလေသာမှ လွတ်မြောက်သော 'သဒ္ဓါနုသာရီ' ပုဂ္ဂိုလ်ဟု ဆိုအပ်၏။ ဤပုဂ္ဂိုလ်အားလည်း မမေ့မလျော့ အားထုတ်ရမည်ဟု ငါဟော၏။"

## အဆင့်ဆင့် ကျင့်ကြံအားထုတ်ခြင်း

"ရဟန်းတို့၊ အစပြုရုံမျှဖြင့် အရဟတ္တဖိုလ်ဉာဏ် ပြီးမြောက်ခြင်းကို ငါမဟော၊ အဆင့်ဆင့် ကျင့်ကြံအားထုတ်ခြင်းဖြင့်သာလျှင် အရဟတ္တဖိုလ်ဉာဏ် ပြီးမြောက်ခြင်းသည် ဖြစ်၏။ ရဟန်းတို့၊ အဘယ်သို့လျှင် အဆင့်ဆင့် ကျင့်ကြံအားထုတ်ခြင်းသည် ဖြစ်သနည်းဆိုသော်- ဤလောက၌ ယုံကြည်မှု ရှိလာသော ပုဂ္ဂိုလ်သည် ဆရာသမားတို့၏ အနီးသို့ ချဉ်းကပ်၏။ ချဉ်းကပ်သူသည် ဆရာသမားတို့၏ အနီး၌ ထိုင်၏။ ဆရာသမားတို့၏ အနီး၌ ထိုင်သူသည် နားထောင်၏။ နားထောင်သူသည် တရားကို ကြားနာရ၏။ တရားကို ကြားနာ၍ တရားကို မှတ်သား၏။ မှတ်သားအပ်သော တရားတို့၏ အနက်သဘောကို ဆင်ခြင်၏။ အနက်သဘောကို ဆင်ခြင်သူအား တရားတို့သည် ဆင်ခြင်သုံးသပ်မှုကို ခံကုန်၏။ တရားကို ဆင်ခြင်သုံးသပ်၍ နှစ်သက်သည်ရှိသော် အားထုတ်လိုသော ဆန္ဒဖြစ်ပေါ်၏။ ဆန္ဒဖြစ်ပေါ်သူသည် အားထုတ်၏။ အားထုတ်၍ စဉ်းစားဆင်ခြင်၏။ စဉ်းစားဆင်ခြင်၍ အားထုတ်၏။ အပူတပြင်း အားထုတ်သည်ရှိသော် နာမကာယဖြင့် မပေါက်မပြန် မှန်ကန်သော သစ္စာကို မျက်မှောက်ပြု၏။ ပညာဖြင့်လည်း ထိုးထွင်း၍ သိမြင်၏။-

'ရဟန်းတို့၊ သင်တို့အား ယုံကြည်ခြင်း၊ ချဉ်းကပ်ခြင်း စသည်မျှပင် မဖြစ်ခဲ့။ သင်တို့သည် ဖောက်ပြန်လွဲမှားစွာ ကျင့်ခဲ့ကြကုန်၏။ ရဟန်းတို့၊ ဤအချည်းနှီးသော ယောကျ်ားတို့သည် ဤသာသနာမှ အလွန်ဝေးစွာ ဖဲခွါသွေဖီခဲ့ကြကုန်၏"

www.dhammaransi.com



**စျေးမဆစ်သင့်**

"ရဟန်းတို့၊ ပစ္စည်းအာမိသကို အလေးဂရုပြုလျက် အာမိသနှင့် ရောနှော ဆက်ဆံနေသော ဆရာအားသော်လည်း 'ကျွန်ုပ်တို့အား ဤသို့ ဖြစ်ခဲ့သော် ဤအမှုကို ပြုကုန်အံ့။ ဤသို့ မဖြစ်ခဲ့သော် ဤအမှုကို မပြုကုန်အံ့' ဟူ၍ စျေးဆိုခြင်း၊ စျေးဆစ်ခြင်းသည် မသင့်လျော်ပေ။ အာမိသကို လုံးဝအလေး မပြုဘဲ အာမိသနှင့် ဆက်ဆံခြင်းကင်းလျက်နေသော မြတ်စွာဘုရားအားမူ ဆိုဖွယ် မရှိချေ။

'ရဟန်းတို့၊ ယုံကြည်မှုရှိလျက် ဆရာအဆုံးအမဥ္ဈ လိုက်နာကျင့်သုံးနေသော တပည့်အား 'မြတ်စွာဘုရားသည် ဆရာဖြစ်၏၊ ငါသည် တပည့်ဖြစ်၏။။ မြတ်စွာဘုရားသည် သိ၏၊ ငါသည် မသိ' ဟူ၍ လိုက်လျောခြင်း သဘောသည် ဖြစ်၏။ ထိုကဲ့သို့သော တပည့်အား ဆရာ၏ အဆုံးအမသည် တိုးတက်ပွား စီ ကြောင်း ဖြစ်၏။ 'အသွေးအသား ခန်းခြောက်၍ အရိုးအရေမျှသာ ကျန်သည့် တိုင်အောင် ယောကျာ်းတို့၏ လုံ့လကို မလျော့အံ့' ဟူ၍ လိုက်လျောသော သဘောသည် ဖြစ်၏။ ရဟန်းတို့၊ ယုံကြည်မှုရှိ၍ ဆရာ၏ အဆုံးအမဥ္ဈ သက်ဝင်ကျင့်သုံးသော တပည့်အား မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်၊ သို့မဟုတ် အနာဂါမိဖိုလ်ဟူသော အကျိုးနှစ်ပါးတို့တွင် တစ်ပါးပါကို မုချရလိမ့်မည်ဟု မျှော်လင့်အပ်၏။"

ဗုဒ္ဓက ဤသို့ ဟောကြားတော်မူရာ ရဟန်းတို့သည် ထိုဟောကြားချက်ကို လွန်စွာ နှစ်သက်ကြလေသည်။

www.dhammaransi.com

# ၇၁။ တေဝိဇ္ဇဝစ္ဆသုတ်

## ဝစ္ဆဂေါတ္တပရိဗိုဇ်အား ဝိဇ္ဇာသုံးပါးကို ဟောခြင်း

### ခြွင်းချက်မရှိသော ဉာဏ်အမြင်

ဝေသာလီပြည် ကူဋာဂါရကျောင်းတိုက်၌ သီတင်းသုံးနေတော်မူသော ဗုဒ္ဓမြတ်စွာသည် တစ်နေ့သ၌ မြို့တွင်းသို့ ဆွမ်းခံဝင်ရန် ထွက်တော်မူလာစဉ် အချိန်စောနေသဖြင့် ဝစ္ဆဂေါတ္တပရိဗိုဇ်နေထိုင်ရာ ဧကပုဏ္ဍရိကမည်သော ကျောင်းသို့ ကြွတော်မူ၏။ ဝစ္ဆဂေါတ္တပရိဗိုဇ်သည် ဗုဒ္ဓကြွလာသည်ကို မြင်လျှင် ဝမ်းမြောက်စွာ ခရီးဦးကြို၍ နေရာခင်းပေးပြီး နိမ့်သောနေရာ၌ ထိုင်ကာ ဤသို့ မေးလျှောက်လေသည်။

"အရှင်ဘုရား၊ ရဟန်းဂေါတမသည် အလုံးစုံကို သိ၏။ အလုံးစုံကို မြင်၏။ သွားနေစဉ်ဖြစ်စေ၊ ရပ်နေစဉ်ဖြစ်စေ၊ အိပ်နေစဉ်ဖြစ်စေ၊ နိုးနေစဉ်ဖြစ်စေ၊ ငါ့အား ဉာဏ်အမြင်သည် အမြဲမပြတ် ရှေ့ရှုထင်၏ဟု ခြွင်းချက်မရှိသော ဉာဏ်အမြင်ကို ဝန်ခံ၏ ဟူ၍ ကျွန်ုပ်ကြားဖူးပါသည်။ ထိုသို့ ပြောဆိုသူများသည် မြတ်စွာဘုရား မိန့်ကြားသည့်အတိုင်း အမှန်ကို ပြောဆိုသူများ ဖြစ်ကြပါ၏လော"

"ဝစ္ဆ၊ ထိုကဲ့သို့ ပြောဆိုသူများသည် ငါ မိန့်ကြားသည့်အတိုင်း အမှန်ကို ပြောဆိုသူများမဟုတ်၊ ငါ့ကို မဟုတ်မမှန် စွပ်စွဲသူများသာ ဖြစ်၏"

### ဝိဇ္ဇာသုံးပါး

"အရှင်ဘုရား၊ အဘယ်သို့ ပြောဆိုသူများသည် မြတ်စွာဘုရား မိန့်ကြားသည့်အတိုင်း အမှန်ကို ပြောဆိုသူများ ဖြစ်ကြပါသနည်း"

"ဝစ္ဆ၊ ရဟန်းဂေါတမသည် ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံ၏" ဟူ၍ ပြောဆိုသူများသည် ငါမိန့်ကြားသည့်အတိုင်း အမှန်ကို ပြောဆိုသူများဖြစ်၏။ ဝစ္ဆ၊ ငါသည်

www.dhammaransi.com



ရှေးက ဖြစ်ခဲ့ဖူးသော ဘဝများစွာတို့ကို အလိုရှိသလောက် အမည်၊ အနွယ် စသည်အားဖြင့် ပြည့်စုံစွာ ပြန်ပြောင်းအောက်မေ့နိုင်၏။ နတ်မျက်စိကဲ့သို့ အထူးစင်ကြယ်သော ဉာဏ်ဖြင့် သတ္တဝါတို့၏ သေခြင်း၊ ဖြစ်ခြင်းကို အလို ရှိသလောက် သိမြင်နိုင်၏။ အာသဝေါ ကင်းသော လွတ်မြောက်မှုကို အသိ ဉာဏ်ထူးဖြင့် မျက်မှောက်ပြု၍ နေနိုင်၏။ ထို့ကြောင့် 'ရဟန်းဂေါတမသည် ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံ၏' ဟု ပြောဆိုသူသည် ငါမိန့်ကြားသည့်အတိုင်း အမှန်ကို ပြောဆိုသူ ဖြစ်ပေ၏။"

## နတ်ပြည်သို့ရောက်သော အာဇီဝက

"အရှင်ဂေါတမ၊ လူတို့၏ သံယောဇဉ်ကို မပယ်မူ၍ သေလွန်ပြီးနောက်ဝယ် ဆင်းရဲကုန်ဆုံးမှုကို ပြုသည့် တစ်စုံတစ်ယောက်သော လူသည် ရှိပါသလော"

"ဝစ္ဆ၊ ထိုကဲ့သို့သော လူကား မရှိချေ"

"အရှင်ဂေါတမ၊ လူတို့၏ သံယောဇဉ်ကို မပယ်မူ၍ သေလွန်ပြီးနောက်ဝယ် နတ်ပြည်သို့ ရောက်သည့် တစ်စုံတစ်ယောက်သော လူသည် ရှိပါသလော"

"ဝစ္ဆ၊ ထိုကဲ့သို့သော လူကား အရာမက များစွာရှိပေ၏"

"အရှင်ဂေါတမ၊ သေလွန်ပြီးနောက်ဝယ် ဆင်းရဲကုန်ဆုံးမှုကို ပြုသည့် တစ်စုံတစ်ယောက်သော အာဇီဝကသည် ရှိပါသလော"

"ဝစ္ဆ၊ ထိုကဲ့သို့သော အာဇီဝကသည် မရှိ"

"အရှင်ဂေါတမ၊ သေလွန်ပြီးနောက်ဝယ် နတ်ပြည်သို့ ရောက်သည့် တစ်စုံ တစ်ယောက်သော အာဇီဝကသည် ရှိပါသလော"

"ဝစ္ဆ၊ ဤကမ္ဘာမှ ကိုးဆယ့်တစ်ကမ္ဘာထက်ဝယ် တစ်ယောက်သော အာ ဇီဝကမှလွဲ၍ နတ်ပြည်သို့ရောက်သော အခြားအာဇီဝက တစ်စုံတစ်ယောက်ကိုမျှ ငါမမြင်။ ထိုတစ်ယောက်သော အာဇီဝကသည်လည်း ကမ္မဝါဒီ၊ ကိရိယဝါဒီ (ကံနှင့် ကံ၏ အကျိုးကို ယုံကြည်သူ) ဖြစ်ပေ၏။"

"အရှင်ဂေါတမ၊ သို့ဖြစ်သော် ဤတိတ္ထိတို့၏ အကျင့်သည် အယုတ်ဆုံး အားဖြင့် နတ်ပြည်သို့ ရောက်ခြင်းမှပင် ဆိတ်သုဉ်းပါချေ၏။"

"ဝစ္ဆ၊ မှန်ပေ၏။ တိတ္ထိတို့၏ အကျင့်သည် နတ်ပြည်သို့ ရောက်ခြင်းမှပင် ဆိတ်သုဉ်းချေ၏"

ဗုဒ္ဓက ဤသို့ မိန့်ကြားသောအခါ ဝစ္ဆဂေါတ္တပရိဗိုဇ်သည် ထိုမိန့်ကြားချက်ကို လွန်စွာ နှစ်သက်လေသည်။

www.dhammaransi.com

# ၇၂။ အဂ္ဂိဝစ္ဆသုတ်

## ဝစ္ဆဂေါတ္တပရိဗိုဇ်အား မီးတောက်ဥပမာဖြင့် ဟောကြားခြင်း

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးစဉ် ဝစ္ဆဂေါတ္တ မည်သော ပရိဗိုဇ်သည် ဗုဒ္ဓထံ ချဉ်းကပ်၍ လောကပြဿနာကို မေးလျှောက်၏။

### လောကသည် မြဲသလော

"အရှင်ဂေါတမ၊ 'လောကသည် မြဲ၏၊ ဤအယူသာ မှန်၏။ တစ်ပါးသော အယူသည် အချည်းနှီးသာတည်း' ဟူ၍ အယူရှိပါသလော။"

"ဝစ္ဆ၊ ငါသည် ဤသို့ အယူမရှိ။"

"အရှင်ဂေါတမ၊ လောကသည် မမြဲ၊ ဤအယူသာ မှန်၏။ တစ်ပါးသော အယူသည် အချည်းနှီးသာတည်း' ဟူ၍ အယူရှိပါသလော။"

"ဝစ္ဆ၊ ငါသည် ဤသို့လည်း အယူမရှိပေ။"

[လောကသည် အဆုံးရှိ၏၊ အဆုံးမရှိ စသော အယူများနှင့် ပတ်သက်၍လည်း နည်းတူဖြေကြား၏။]

"အရှင်ဂေါတမ၊ အရှင်သည် အဘယ်သို့သော အပြစ်ကို မြင်၍ ဤအယူဝါဒများကို အချင်းခပ်သိမ်း မကပ်ရောက်ပါသနည်း။"

"ဝစ္ဆ၊ လောကသည် မြဲ၏၊ လောကသည် မမြဲစသော အယူတို့သည် လွဲမှားသော အယူများ ဖြစ်၏၊ တောချုံကန္တာရနှင့် တူ၏၊ ဆူးငြောင့်သဖွယ် ဖြစ်၏၊ ဆင်းရဲ ဖြစ်၏၊ ဆင်းရဲ ပင်ပန်းခြင်းနှင့် တကွ ဖြစ်၏၊ ငြီးငွေ့ခြင်း၊

www.dhammaransi.com



တပ်မက်မှုကင်းခြင်း ကိလေသာချုပ်ငြိမ်းခြင်း အလို့ငှာ မဖြစ်၊ အထူးသိခြင်း၊ ထိုးထွင်း၍သိခြင်း၊ ဆင်းရဲငြိမ်းခြင်းအလို့ငှာ မဖြစ်၊ ဝစ္ဆ၊ ငါသည် ဤသို့သော အပြစ်ကို မြင်၍ ထိုအယူဝါဒများသို့ အချင်းခပ်သိမ်းမကပ်ရောက်ခြင်း ဖြစ်ပေ၏။"

## မီးတောက်ဥပမာ

"အရှင်ဂေါတမ၊ အရှင့်အား တစ်စုံတစ်ခုသော အယူသည် ရှိပါသလော။"

"ဝစ္ဆ၊ 'အယူ' ဟူသော ဤစကားကို မြတ်စွာဘုရားသည် ပယ်ပြီးဖြစ်၏။ မြတ်စွာဘုရားသည် ရုပ်၊ ဝေဒနာစသော တရားများကိုလည်းကောင်း၊ ယင်းတို့၏ ဖြစ်ခြင်း၊ ချုပ်ခြင်းကို လည်းကောင်း သိမြင်ပြီး ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် 'ငါ၊ ငါဟာ' ဟူ၍ ထင်မှတ်စွဲလမ်းမှု အားလုံး ကုန်ခန်း၍ စွဲလမ်းမှု မရှိတော့ဘဲ လွတ်မြောက်ပြီးသူ ဖြစ်၏ဟု ငါဆို၏။'

'အရှင်ဂေါတမ၊ ဤသို့ လွတ်မြောက်ပြီးသော စိတ်ရှိသော ရဟန်းသည် အဘယ်အရပ်သို့ ကပ်ရောက်ပါသနည်း။"

"ဝစ္ဆ၊ ကပ်ရောက်၏ ဟုဆိုရန် မသင့်ချေ။'

"အရှင်ဂေါတမ၊ သို့ဖြစ်သော် တစ်စုံတစ်ခုသော အရပ်သို့ မကပ်ရောက်ပါသလော။"

"ဝစ္ဆ၊ မကပ်ရောက်ဟုလည်း ဆိုရန် မသင့်ပေ။"

"အရှင်ဂေါတမ၊ သို့ဖြစ်သော် ကပ်ရောက်သည်လည်း ဖြစ်၊ မကပ်ရောက်သည်လည်း ဖြစ်ပါသလော။"

"ဝစ္ဆ၊ ဤသို့လည်း ဆိုရန်မသင့်။"

"အရှင်ဂေါတမ၊ သို့ဖြစ်သော် ကပ်ရောက်သည်လည်း မဟုတ်၊ မကပ်ရောက်သည်လည်း မဟုတ်ပါသလော။"

"ဝစ္ဆ၊ သို့လည်း ဆိုရန်မသင့်။"

"အရှင်ဂေါတမ၊ ကျွန်ုပ်သည် ဤအရာ၌ မသိနားမလည်ခြင်း၊ တွေဝေခြင်းသို့ ရောက်နေပါပြီ၊ အရှင်ဂေါတမ၊ ရှေးဦးစွာ ဟောပြောသောစကားဖြင့် ဖြစ်ပေါ်ခဲ့သော အမြင်ကြည်လင်ခြင်းသည်လည်း ယခုကွယ်ပျောက်သွားပါပြီ။"

"ဝစ္ဆ၊ သင့်အား မသိနားမလည်ခြင်း၊ တွေဝေခြင်းဖြစ်သည်။ ဖြစ်သင့်ပေ၏။ ဤကြောင်းကျိုးဆက် တရားသည် နက်နဲသိမ်မွေ့၏၊ သိမြင်နိုင်ခဲ၏၊ ပညာရှိတို့သာ သိမြင်အပ်သော တရားဖြစ်၏၊ အယူတစ်ပါးရှိသော သင်သည် သိမြင်ရန် မလွယ်ပေ။"

www.dhammaransi.com



"ဝစ္ဆ၊ သင့်ကို ငါတစ်ခု မေးအံ့၊ သင်ကြိုက်သလို ဖြေလော့။ သင်၏ ရှေ့၌ မီးတောက်တစ်ခု တောက်နေခဲ့သော် 'ငါ၏ရှေ့၌ မီးတောက်တစ်ခုတောက်နေ၏' ဟု သင်သိပါသလော"

"သိနိုင်ပါသည် အရှင်ဂေါတမ"

"အကယ်၍ 'ထိုမီးသည် အဘယ်ကို စွဲ၍ တောက်လောင်နေသနည်း' ဟု မေးခဲ့သော် သင် မည်သို့ ဖြေမည်နည်း"

"မြက်၊ ထင်း၊ လောင်စာကို စွဲ၍ တောက်လောင်နေသည် ဟု ကျွန်ုပ်ဖြေပါမည်"

"အကယ်၍ ထိုမီးသည် ငြိမ်းသွားခဲ့သော် 'ငါ၏ ရှေ့မှ မီးသည် ငြိမ်းသွားပြီ' ဟု သိနိုင်ပါသလော"

"သိနိုင်ပါသည် အရှင်ဂေါတမ"

"ထိုငြိမ်းသွားသော မီးသည် အရှေ့၊ အနောက်၊ တောင်၊ မြောက် ဟူသော အရပ်လေးပါးတို့တွင် 'အဘယ်အရပ်သို့ ရောက်သွားသနည်း' ဟု မေးခဲ့သော် သင် မည်သို့ ဖြေမည်နည်း"

"အရှင်ဂေါတမ၊ ထိုမီးသည် တစ်စုံတစ်ခုသော အရပ်သို့ ရောက်သွားသည်ဟု မဆိုနိုင်ပါ။ မြက်၊ ထင်း၊ လောင်စာ မရှိတော့၍ ငြိမ်းသွားသည်ဟုသာ ဆိုသင့်ပါသည်"

"ဝစ္ဆ၊ ထိုဥပမာအတိုင်းပင် မြတ်စွာဘုရားသည် သတ္တဝါဟူ၍ ပညတ်ကြောင်း ဖြစ်သော ရုပ်၊ ဝေဒနာ စသည်တို့ကို အကြွင်းမဲ့ ပယ်ပြီး ဖြစ်၏။ ရုပ်၊ ဝေဒနာ စသော အဖို့အစုမှ လွတ်မြောက်ပြီးသော ပုဂ္ဂိုလ်သည် မဟာသမုဒ္ဒရာကဲ့သို့ နက်နဲ၏။ ဉာဏ်သက်ဝင်ရန် ခဲယဉ်း၏။ တစ်စုံတစ်ခုသော အရပ်သို့ ကပ်ရောက်၏ ဟူ၍ လည်းကောင်း၊ မကပ်ရောက် ဟူ၍ လည်းကောင်း ဆိုရန် မသင့်၊"

"အရှင်ဂေါတမ၊ ရွာအနီးရှိ အင်ကြင်းပင်ကြီး တစ်ပင်မှ အခက်၊ အရွက်၊ အခွံ၊ အပွေး၊ အကာတို့ ပျက်စီးသွားသောအခါ အနှစ်သက်သက်သာ ကျန်ရှိတော့သကဲ့သို့ ထိုအတူပင် အရှင်ဂေါတမ၏ စကားသည်လည်း အခက်၊ အရွက်၊ စသည်ကင်းလျက် အနှစ်သက်သက်၌သာ တည်ပါ၏"

ဝစ္ဆဂေါတ္တပရိဗိုဇ်သည် ဤသို့ ချီးကျူးစကား လျှောက်ကြားပြီး ဥပါသကာ အဖြစ်ကိုလည်း ခံယူကာ ဗုဒ္ဓထံမှ ပြန်သွားလေသည်။

www.dhammaransi.com

# ၇၃။ မဟာဝစ္ဆသုတ်

## ဝစ္ဆဂေါတ္တပရိဗိုဇ်အား ကုသိုလ် အကုသိုလ်ကိုဟောကြားခြင်း

### ကုသိုလ် အကုသိုလ်

ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးစဉ် ဝစ္ဆဂေါတ္တ ပရိဗိုဇ်သည် ဗုဒ္ဓထံ ချဉ်းကပ်၍ "အရှင်ဂေါတမ၊ ကျွန်ုပ်သည် အရှင်နှင့် စကား ပြောဆို ဆွေးနွေးခဲ့ရသည်မှာ ကြာမြင့်ပါပြီ၊ ကျွန်ုပ် တောင်းပန်ပါသည်။ အရှင်သည် ကျွန်ုပ်အား အကျဉ်းအားဖြင့် ကုသိုလ်နှင့် အကုသိုလ်ကို ဟောကြား ပါလော့" ဟု တောင်းပန်၏။ ထိုအခါ ဗုဒ္ဓက "ဝစ္ဆ၊ ငါသည် သင့်အား ကုသိုလ်နှင့် အကုသိုလ်ကို အကျဉ်းအားဖြင့် လည်းကောင်း၊ အကျယ်အားဖြင့် လည်းကောင်း ဟောကြားနိုင်၏။ သို့သော် အကျဉ်းအားဖြင့်သာ ဟောကြားအံ့၊ နာလော့" ဟု မိန့်ကြား၍ အောက်ပါအတိုင်း ဟောကြားတော်မူသည်။

"ဝစ္ဆ၊ လိုချင်ခြင်းလောဘ၊ ဖျက်စီးခြင်းဒေါသ၊ တွေဝေခြင်းမောဟ ဟူသော ဤတရားသုံးပါးသည် အကုသိုလ် ဖြစ်၏။ မလိုချင်ခြင်း အလောဘ၊ မဖျက်ဆီးခြင်း အဒေါသ၊ မတွေဝေခြင်း အမောဟဟူသော ဤတရားသုံးပါးသည် ကုသိုလ် ဖြစ်၏။-

'ဝစ္ဆ၊ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ ကာမဂုဏ်တို့၌ ဖောက်ပြန်စွာ ကျင့်ခြင်း၊ မုသားပြောခြင်း၊ ကုန်းချောခြင်း၊ ကြမ်းတမ်းသော စကားကို ဆိုခြင်း၊ သိမ်ဖျင်းသောစကားကို ဆိုခြင်း၊ သူတစ်ပါးပစ္စည်းကို မိမိသို့ ရှေးရှုကြံခြင်း၊ သူတစ်ပါးကို ပျက်စီးစေလိုခြင်း၊ အမြင်မှားခြင်းဟူသော ဤတရားဆယ်ပါးသည် အကုသိုလ်ဖြစ်၏။-

www.dhammaransi.com



'ဝစ္ဆ၊ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း---သိမ်မွေ့ဖြင်းသော စကားကို ဆိုမှုမှ ရှောင်ကြဉ်ခြင်း၊ သူတစ်ပါးပစ္စည်းကို မိမိသို့ ရှေရှုမကြံခြင်း၊ သူတစ်ပါးကို မပျက်စီးစေလိုခြင်း၊ အမြင်မှန်ခြင်းဟူသော ဤတရားဆယ်ပါးသည် ကုသိုလ်ဖြစ်၏။-

'ဝစ္ဆ၊ တဏှာကို နောက်ထပ်မဖြစ်နိုင်အောင် အကြွင်းမဲ့ ပယ်ဖြတ်ပြီးသော ရဟန်းသည် ကိလေသာကင်းစင်၍ အာသဝေါ ကုန်ခန်းကာ ကောင်းသော အသိဉာဏ်ဖြင့် လွတ်မြောက်ပြီးသူဖြစ်၏။'"

## ပြီးပြည့်စုံသော အကျင့်မြတ်

"အရှင်ဂေါတမ၊ အရှင်မှ တစ်ပါး အာသဝေါကင်းသော လွတ်မြောက်မှုကို မျက်မှောက်ပြု၍ နေနိုင်သည့် တစ်စုံတစ်ယောက်သော ရဟန်းသည် ရှိပါသလော"

"ဝစ္ဆ၊ ထိုကဲ့သို့သော ရဟန်းတို့သည် အရာမက များစွာရှိပေ၏။"

"အရှင်ဂေါတမ၊ အာသဝေါကင်းသော လွတ်မြောက်မှုကို မျက်မှောက်ပြု၍ နေနိုင်သည့် တစ်စုံတစ်ယောက်သော ရဟန်းမိန်းမသည် ရှိပါသလော"

"ဝစ္ဆ၊ ထိုကဲ့သို့သော ရဟန်းမိန်းမတို့သည် အရာမက များစွာရှိ၏။"

"အရှင်ဂေါတမ၊ အောက်အဖို့ရှိသော သံယောဇဉ်ငါးပါးကုန်၍ အနာဂါမ် အဖြစ်သို့ ရောက်ကာ မေထုန်မှ ရှောင်ကြဉ်ခြင်း 'ဗြဟ္မစရိယ' အကျင့်ကို ကျင့်သုံးနေသည့် တစ်စုံတစ်ယောက်သော လူဥပါသကာသည် ရှိပါသလော"

"ဝစ္ဆ၊ ထိုကဲ့သို့သော လူဥပါသကာတို့သည် များစွာရှိ၏"

"အရှင်ဂေါတမ၊ ကာမဂုဏ်ကို ခံစားလျက် အရှင်၏ အဆုံးအမဩဝါဒ ယုံမှားကင်းစွာ လိုက်နာကျင့်သုံးနေသည့် တစ်စုံတစ်ယောက်သော ဥပါသကာသည် ရှိပါသလော"

"ဝစ္ဆ၊ ထိုကဲ့သို့သော ဥပါသကာတို့သည် များစွာရှိ၏။"

(ဥပါသိကာမတို့နှင့် ပတ်သက်၍လည်း နည်းတူ မေးဖြေဟောကြားခြင်း ပြု၏။)

"အရှင်ဂေါတမ၊ အကယ်၍ ဤတရားကို အရှင်ဂေါတမသာ ပြီးမြောက်စေနိုင်ပြီး အရှင်၏ တပည့်ဖြစ်သော ရဟန်းယောကျာ်း၊ ရဟန်းမိန်းမ စသည်တို့ကား မပြီးမြောက်စေနိုင်ခဲ့သော် ဤအကျင့်မြတ်သည် မပြည့်စုံသည် ဖြစ်ရာ၏။

www.dhammaransi.com



ယခုမူကား ယင်းသို့မဟုတ်ဘဲ အရှင်နှင့်တကွ အရှင်၏ တပည့်ဖြစ်သော ရဟန်းယောကျာ်း၊ ရဟန်းမိန်းမ စသည်တို့သည်လည်း ဤတရားကို ပြီးမြောက်စေနိုင်ကြသည်ဖြစ်၍ ဤအကျင့်မြတ်သည် ပြီးပြည့်စုံပြီး ဖြစ်ပါ၏။

အရှင်ဂေါတမ၊ ဥပမာ- ဂင်္ဂါမြစ်သည် သမုဒ္ဒရာသို့ ညွတ်ယိမ်းကိုင်းရှိုင်း၍ သမုဒ္ဒရာသို့ ဦးတိုက်၍ တည်သကဲ့သို့ ထို့အတူပင် အရှင်ဂေါတမ၏ ရဟန်းရှင် လူစသော ပရိသတ်အားလုံးသည် နိဗ္ဗာန်သို့ ညွတ်ယိမ်းကိုင်းရှိုင်း၍၊ နိဗ္ဗာန်သို့ ဦးတိုက်၍သာ တည်ပါ၏၊"

## ဝစ္ဆဂေါတ္တပရိဗိုဇ် ရဟန်းပြုခြင်း

ဝစ္ဆဂေါတ္တပရိဗိုဇ်သည် ဤသို့ ဝမ်းမြောက်စွာ လျှောက်ကြားပြီး မိမိအား ရဟန်းပြုပေးရန် ဗုဒ္ဓကို တောင်းပန်သည်။ ဗုဒ္ဓက အယူတစ်ပါးရှိသော တိတ္ထိတို့ကို လေးလတိုင်အောင် ပရိဝါသ်အကျင့် ကျင့်သုံးပြီး၍ ရဟန်းများက ကျေနပ်မှ ရဟန်းပြုပေးလေ့ရှိကြောင်း မိန့်ကြားသည်။ ဝစ္ဆဂေါတ္တက လေးလမျှမက၊ လေးနှစ်တိုင်အောင်ပင် မိမိသည် ပရိဝါသ်ကျင့်သုံးနိုင်ကြောင်း လျှောက်ကြား၏။ ထိုအခါ ဗုဒ္ဓသည် ပုဂ္ဂိုလ်ချင်း ကွဲပြားခြားနားပုံကို သိမြင်တော်မူသည်ဖြစ်၍ ဝစ္ဆဂေါတ္တကို ချက်ချင်းပင် ရဟန်းပြုပေးလေသည်၊ ရဟန်းဖြစ်ပြီး၍ လဝက်ခန့်ကြာသောအခါ ဝစ္ဆဂေါတ္တသည် ဗုဒ္ဓထံချဉ်းကပ်၍ "အရှင်ဘုရား၊ တပည့်တော်သည် သေက္ခပုဂ္ဂိုလ်တို့၏ ဉာဏ်ဝိဇ္ဇာဖြင့် ရောက်သင့် ရောက်ထိုက်သော တရားကို ရရောက်ပြီး ဖြစ်ပါသည်။ ယခု ထို့ထက်သာလွန်သော တရားကို ဟောကြားတော်မူပါလော့" ဟု တောင်းပန်၏။ ထိုအခါ ဗုဒ္ဓက-

"ဝစ္ဆ၊ သင်သည် သမထနှင့် ဝိပဿနာတရား နှစ်ပါးကို တိုးတက်ပွားများလော့၊ ဤတရားနှစ်ပါးကို တိုးတက်ပွားများလျှင် များစွာသော ဓာတ်သဘောတို့ကို ထိုးထွင်းသိမြင်လိမ့်မည်။ အဘိညာဉ် ငါးပါးနှင့် တကွ အာသဝေါကင်းသော လွတ်မြောက်မှုကို မျက်မှောက်ပြုလိမ့်မည်" ဟု မိန့်ကြားတော်မူ၏။ ဝစ္ဆဂေါတ္တသည် ဗုဒ္ဓမိန့်ကြားသည့် အတိုင်း ပွားများအားထုတ်ရာ မကြာမီ ရဟန္တာ အဖြစ်သို့ ဆိုက်ရောက်လေသည်။

www.dhammaransi.com

# ၇၄။ ဒီဃနခသုတ်

## ဒီဃနခပရိဗိုဇ်အား ဟောကြားသောတရား

### အယူအားလုံးကို မနှစ်သက်သူ

ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင် သူကရခတလိုဏ်ဂူ၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးစဉ် ဒီဃနခမည်သော ပရိဗိုဇ်သည် ဗုဒ္ဓထံ ချဉ်းကပ်၍ "အရှင်ဂေါတမ၊ ကျွန်ုပ်သည် 'အားလုံးကို မနှစ်သက်' ဟု ပြောဆိုယူဆလေ့ ရှိပါသည်" ဟူ၍ လျှောက်ကြားလေသည်။ "အဂ္ဂိဝေဿန၊ 'အားလုံးကို မနှစ်သက်' ဟူသော အယူကိုလည်း သင်မနှစ်သက်ပါသလော" ဟူ၍ ဗုဒ္ဓက မေးမြန်းရာ "အရှင်ဂေါတမ၊ ထိုအယူကိုလည်း ကျွန်ုပ် မနှစ်သက်ခဲ့သော် 'အယူအားလုံးကို နှစ်သက်၏' ဟု ဆိုရာရောက်ပါလိမ့်မည်" ဟူ၍ ဒီဃနခက ဖြေကြား၏။ ထိုအခါ ဗုဒ္ဓက ဆက်လက်မိန့်ကြားသည်မှာ-

"အဂ္ဂိဝေဿန၊ လောက၌ အားလုံးကို မနှစ်သက်ဟု ဆို၍၊ ထိုအယူကို မစွန့်ဘဲ အယူတပါးကို စွဲလမ်းနေသူတို့သည် အလွန်များကုန်၏။ ယင်းသို့ ဆို၍ ထိုအယူကို စွန့်ပြီး အယူတပါးကိုလည်း မစွဲလမ်း သူတို့ကား အလွန်ပင် နည်းကုန်၏။

'အဂ္ဂိဝေဿန၊ အချို့သော ရဟန်း ပုဏ္ဏားတို့သည် 'အားလုံးကို ငါနှစ်သက်၏' ဟု ပြောဆိုလေ့ ရှိကြ၏။ အချို့သော ရဟန်းပုဏ္ဏားတို့သည် 'အားလုံးကို ငါမနှစ်သက်' ဟု ပြောဆိုယူဆလေ့ ရှိကြ၏။ အချို့သော ရဟန်း ပုဏ္ဏာ.တို့ကား 'အချို့ကို ငါနှစ်သက်၏၊ အချို့ကို ငါမနှစ်သက်' ဟု ပြောဆိုယူဆလေ့ရှိကြ၏။

www.dhammaransi.com



'အဂ္ဂိဝေဿန၊ ထိုပုဂ္ဂိုလ်သုံးမျိုးတွင် 'အားလုံးကို ငါနှစ်သက်၏' ဟု ဆိုသော အယူဝါဒသည် စွဲငြိခြင်း၊ ဖွဲ့နှောင်ခြင်း၊ လွန်စွာ နှစ်သက်ခြင်း၊ လွှမ်းမိုးဖိစီးခြင်း၊ စွဲလမ်းခြင်းတို့နှင့် နီးစပ်၏။ 'အားလုံးကို ငါမနှစ်သက်' ဟု ဆိုသော အယူဝါဒသည် မစွဲငြိခြင်း၊ မဖွဲ့နှောင်ခြင်း၊ လွန်စွာ မနှစ်သက်ခြင်း၊ မလွှမ်းမိုးမဖိစီးခြင်း၊ မစွဲလမ်းခြင်းတို့နှင့် နီးစပ်၏"

ဗုဒ္ဓက ဤသို့ မိန့်ကြားသောအခါ ဒီဃနခပရိဗိုဇ်က "အရှင်ဂေါတမသည် ကျွန်ုပ်၏ အယူကို လွန်စွာ ချီးမြှောက်၏။ အရှင်ဂေါတမသည် ကျွန်ုပ်၏ အယူကို လွန်စွာ ချီးမြှောက်၏" ဟု ဝမ်းမြောက်စွာ မြွက်ဆိုလေသည်။ ထိုနောက် ဗုဒ္ဓက ဆက်လက်မိန့်ကြားတော်မူသည်။

"အဂ္ဂိဝေဿန၊ ထို ပုဂ္ဂိုလ်သုံးမျိုးတို့တွင် 'အချို့ကို ငါနှစ်သက်၏၊ အချို့ကို ငါမနှစ်သက်ဟု' ဟု ပြောဆို ယူဆလေ့ ရှိသော ပုဂ္ဂိုလ်တို့အား နှစ်သက်သော အယူသည် စွဲငြိခြင်း၊ ဖွဲ့နှောင်ခြင်း စသည်တို့နှင့် နီးစပ်၏။ မနှစ်သက်သော အယူသည် မစွဲငြိခြင်း၊ မဖွဲ့နှောင်ခြင်း စသည်တို့နှင့် နီးစပ်၏။"

## အယူများကို စွန့်ခြင်း

"အဂ္ဂိဝေဿန၊ 'အယူအားလုံးကို ငါနှစ်သက်၏' ဟု ပြောဆိုယူဆလေ့ ရှိသော ပုဂ္ဂိုလ်တို့တွင် ဉာဏ်အမြော်အမြင် ရှိသော ပုဂ္ဂိုလ်သည် မိမိအယူသာ မှန်၏ဟုဆိုခဲ့သော် 'အားလုံးကို မနှစ်သက်' ဟူ၍ လည်းကောင်း၊ 'အချို့ကို နှစ်သက်၏၊ အချို့ကို မနှစ်သစ်' ဟူ၍ လည်းကောင်း ပြောဆိုသူတို့နှင့် ဝါဒကွဲပြားခြင်း ဖြစ်မည်ကို စဉ်းစားမိ၏။ ဝါဒကွဲပြားမှုကို အကြောင်းပြု၍ ငြင်းခုံပြောဆိုခြင်း၊ ကိုယ်စိတ်ဆင်းရဲပင်ပန်းခြင်းများ ဖြစ်လာမည်ကို မြင်၍ မိမိအယူကို စွန့်လွှတ်၏။ အယူတပါးကိုလည်း မစွဲလမ်း။ ဤသို့လျှင် အယူများကို ပယ်ရှားစွန့်လွှတ်ခြင်းသည် ဖြစ်လေ၏။

'အားလုံးကို မနှစ်သက်' ဟူ၍ လည်းကောင်း၊ 'အချို့ကို နှစ်သက်၏၊ အချို့ကို မနှစ်သက်' ဟူ၍လည်းကောင်း ပြောဆိုယူဆလေ့ ရှိသော ပုဂ္ဂိုလ်တို့တွင်လည်း ဉာဏ်အမြော်အမြင်ရှိသော ပုဂ္ဂိုလ်သည် မိမိနှင့် အယူဝါဒမတူသော ပုဂ္ဂိုလ်တို့နှင့် ဝါဒကွဲပြား၍ အငြင်းအခုံ ပွားမည်ကို မြင်သဖြင့် မိမိအယူကို စွန့်လွှတ်၏။ အယူတပါးကိုလည်း မစွဲလမ်း၊ ဤသို့လျှင် အယူများကို ပယ်ရှားစွန့်လွှတ်ခြင်းသည် ဖြစ်လေ၏။

www.dhammaransi.com



'အဂ္ဂိဝေဿန၊ ဤကိုယ်သည် ရုပ်ဖြင့် ပြီး၏၊ မဟာဘုတ်လေးပါးကို မှီ၍ ဖြစ်၏၊ အမိအဘတို့၏ သုက်သွေးကြောင့် ဖြစ်၏။ ထမင်းမုန့်တို့ဖြင့် ပွား‌စီး၏၊ အမြဲ မတည်ခြင်း၊ ပွတ်သပ်ပေးရခြင်း၊ ဆုပ်နယ်ရခြင်း၊ ပြိုကွဲခြင်းသဘောရှိ၏။ ဤကိုယ်သည် မခိုင်မြဲ၊ ဆင်းရဲ၏။ အနာရောဂါသဖွယ် ဖြစ်၏၊ မြားငြောင့်နှင့်တူ၏။ နာကျင်စေတတ်၏၊ သူစိမ်းပြင်ပြင် ဖြစ်၏၊ ပျက်စီးတတ်၏။ အနှစ်အသားမှ ဆိတ်သုဉ်း၏၊ အစိုးမရဟူ၍ ရှုမြင်အပ်၏။ ဤသို့ ရှုမြင်သူအား ခန္ဓာကိုယ်၌ လိုချင်မှု၊ တွယ်တာမှု၊ အစဉ်လိုက်မှုသည် ကင်းပျောက်၏။"

## ဝေဒနာသုံးပါး

"အဂ္ဂိဝေဿန၊ ခံစားမှု ဝေဒနာသည် ချမ်းသာသော ခံစားမှု 'သုခဝေဒနာ'၊ ဆင်းရဲသောခံစားမှု 'ဒုက္ခဝေဒနာ'၊ ဆင်းရဲသည်လည်း မဟုတ်၊ ချမ်းသာသည်လည်း မဟုတ်သော ခံစားမှု 'အဒုက္ခမသုခဝေဒနာ' ဟူ၍ သုံးပါးရှိ၏။ ထိုသုံးပါးတို့တွင် သုခဝေဒနာကို ခံစားနေသောအခါ ဒုက္ခဝေဒနာကို လည်းကောင်း၊ အဒုက္ခမသုခဝေဒနာကို လည်းကောင်း မခံစား။ ဒုက္ခဝေဒနာကို ခံစားနေသောအခါ သုခဝေဒနာကို လည်းကောင်း၊ အဒုက္ခမသုခဝေဒနာကို လည်းကောင်း မခံစား။ အဒုက္ခမသုခဝေဒနာကို ခံစားနေသောအခါ သုခဝေဒနာကို လည်းကောင်း၊ ဒုက္ခဝေဒနာကို လည်းကောင်း မခံစား။

'အဂ္ဂိဝေဿန၊ ထိုသုံးပါးသည် မမြဲ၊ ပြုပြင်ဖန်တီးအပ်သော 'သင်္ခတ' တရားဖြစ်၏။ အကြောင်းကို စွဲ၍ ဖြစ်၏။ ကုန်ခန်းခြင်း သဘောရှိ၏။ ပျက်စီးခြင်း သဘောရှိ၏။ ပျက်ပြယ်ခြင်း သဘောရှိ၏။ ချုပ်ပျောက်ခြင်းသဘောရှိ၏။ အဂ္ဂိဝေဿန၊ ဤသို့ ရှုမြင်သော အရိယာတပည့်သည် ထိုဝေဒနာသုံးပါးတို့၌ ငြီးငွေ့၏။ ငြီးငွေ့သော် စွဲငြိခြင်း ကင်း၏။ စွဲငြိခြင်းကင်းလျှင် ကိလေသာတို့မှ လွတ်မြောက်၏။ 'လွတ်မြောက်သော စိတ်ရှိသော ရဟန်းသည် တစ်စုံတစ်ယောက်သောသူနှင့်မျှ ငြင်းခုံခြင်း မပြု လွဲမှားစွာ မသုံးသပ်ဘဲ လောက ပြောရိုးစကား (လောကဝေါဟာရ)ဖြင့်သာ ပြောဆို၏"

## ရှင်သာရိပုတ္တရာ ကိလေသာကင်းစင်ခြင်း

ဤသို့ ဗုဒ္ဓက ဒီဃနခပရိဗိုဇ်အား တရားဟောနေချိန်တွင် ရှင်သာရိပုတ္တရာသည် နောက်တော်ပါးမှနေ၍ ဗုဒ္ဓအား ယပ်ခတ်ပေးလျက်ရှိ၏။ အထက်ပါ ဟောကြားချက်ကို ကြားနာရသောအခါ ရှင်သာရိပုတ္တရာအား "ငါတို့ဆရာ မြတ်စွာ

www.dhammaransi.com



ဘုရားသည် ထိုထို တရားတို့ကို ထူးခြားသောဉာဏ်ဖြင့် သိမြင်၍ ပယ်ရှားစွန့်လွှတ်ရေးကို ဟောကြားတော်မူပေ၏' ဟူ၍ စိတ်အကြံ ဖြစ်ပေါ်လာ၏။ ဤသို့ စဉ်းစားကြံစည်နေစဉ်မှာပင် ရှင်သာရိပုတ္တရာ၏ စိတ်သည် တစ်စုံတစ်ခုသော အာရုံကိုမျှ မစွဲလမ်းဘဲ အာသဝေါတရားတို့မှ လွတ်မြောက်သွားလေသည်။ ဒီဃနခပရိဗိုဇ်အားလည်း ကိလေသာအညစ်အကြေး ကင်းစင်သည့် 'သောတာပတ္တိမဂ်ဉာဏ်' တည်းဟူသော တရားမျက်စိသည် ဖြစ်ပေါ်လာလေ၏။

တရားကို သိမြင်၍ မြတ်စွာဘုရား၏ အဆုံးအမ၌ အကြွင်းမရှိ ယုံကြည်ပြီးသော ဒီဃနခပရိဗိုဇ်သည် ဥပါသကာအဖြစ် ခံယူသွားလေသည်။

[ဤဒီဃနခပရိဗိုဇ်ကား ရှင်သာရိပုတ္တရာ၏ တူဖြစ်၏။]

www.dhammaransi.com

# ၇၅။ မာဂဏ္ဍိယသုတ်

## မာဂဏ္ဍိယပရိဗိုဇ်အား ဟောကြားသောတရား

### ပွားစီးရေးကို ဖျက်ဆီးသူ

အခါတစ်ပါး၌ ဗုဒ္ဓမြတ်စွာသည် ကုရုတိုင်း ကမ္မာသဓမ္မနိဂုံး၌ ဘာရဒွါဇပုဏ္ဏားအား၏ မီးတင်းကုတ်အတွင်း မြက်အခင်းပေါ်ဝယ် သီတင်းသုံးနေတော်မူ၏။ ထိုအခါ ဗုဒ္ဓသည် နံနက်အချိန်တွင် ကမ္မာသဓမ္မနိဂုံးသို့ ဆွမ်းခံကြွတော်မူပြီး ဆွမ်းကိစ္စပြီးစီးသောအခါ တောအုပ်တစ်ခုအတွင်းရှိ သစ်ပင်တစ်ပင်အောက်ဝယ် နေ့သန့်စင်ခြင်း ပြုတော်မူသည်။ ထိုစဉ်ဝယ် မာဂဏ္ဍိယ ပရိဗိုဇ်သည် အညောင်းပြေလမ်းလျှောက်ရင်း ဘာရဒွါဇပုဏ္ဏား၏ မီးတင်းကုတ်သို့ ရောက်လာ၍ အထဲ၌ခင်းထားသော မြက်အခင်းကို မြင်လျှင် မေးမြန်းလေသည်။

"အဆွေဘာရဒွါဇ၊ ဤမြက်အခင်းကား မည်သူ့အတွက် ဖြစ်ပါသနည်း"

"မာဂဏ္ဍိယ၊ ရဟန်းဂေါတမအတွက် ဖြစ်ပါသည်"

"အဆွေဘာရဒွါဇ၊ ပွားစီးရေးကို ဖျက်ဆီးသော ရဟန်းဂေါတမ၏ နေရာကို မြင်ရသော ငါတို့ကား မကောင်းသော မြင်ကွင်းကို မြင်ကြရကုန်၏။ မင်္ဂလာမရှိသော မြင်ကွင်းကို မြင်ကြရကုန်၏"

[မာဂဏ္ဍိယပရိဗိုဇ်သည် မမြင်သေးသည်ကို မြင်အောင်ပြုခြင်း၊ မကြားသေးသည်ကို ကြားအောင်ပြုခြင်း စသည်ဖြင့် မျက်စိ၊ နား စသည်တို့ကို ပွားစီးအောင်ပြုရမည်ဟု အယူရှိသူဖြစ်၏။ ဗုဒ္ဓကမူ မျက်စိ၊ နား စသည်တို့ကို မမြင်သင့်သည်ကို မမြင်အောင်၊ မကြားသင့်သည်ကို မကြားအောင် စောင့်ထိန်းရမည်ဟု ဟောကြား၏။ ထို့ကြောင့် ဤသို့ ပြောခြင်းဖြစ်၏။]

www.dhammaransi.com



"အချင်း မာဂဏ္ဍိယ၊ သင်သည် ဤစကားကို ဆိုင်းငံ့ပါဦး၊ ပဥ္စာရှိ အများတို့သည် ရဟန်းဂေါတမ၏ စင်ကြယ်၍ လမ်းမှန်သော ကုသိုလ်တရား၌ လွန်စွာ ကြည်ညိုကြပါသည်"

"အချင်း ဘာရဒွါဇ၊ ငါတို့သည် ရှင်ဂေါတမနှင့် မျက်နှာချင်းဆိုင် တွေ့ခွင့် ကြုံမည်ဆိုလျှင် သူ့ရှေ့မှောက်၌လည်း ထိုစကားကို ဆိုဝံ့ပါကုန်၏။ အကြောင်းကား ငါတို့ကျမ်းဂန်၌ ယင်းသို့ လာသောကြောင့် ဖြစ်ပါသည်"

"အချင်း မာဂဏ္ဍိယ၊ သင့်အတွက် ဝန်မလေးလျှင် ဤအကြောင်းကို ရဟန်းဂေါတမအား ကျွန်ုပ် ပြောကြားလိုပါသည်"

"အချင်းဘာရဒွါဇ၊ စိုးရိမ်ကြောင့်ကြ ကင်းစွာ ပြောကြားပါလော့"

## ကျမ်းဂန်၌ လာသောကြောင့်

ဘာရဒွါဇ ပုဏ္ဏားနှင့် မာဂဏ္ဍိယ ပရိဗိုဇ်တို့ ပြောဆိုနေကြသော စကားများကို ဗုဒ္ဓမြတ်စွာသည် ဒိဗ္ဗသောတဉာဏ်ဖြင့် ကြားသိတော်မူ၏။ ညနေစောင်းအချိန်သို့ ရောက်သောအခါ ဗုဒ္ဓသည် ဘာရဒွါဇပုဏ္ဏား၏ မီးတင်းကုတ်သို့ ပြန်ကြွလာပြီး မြက်အခင်းပေါ်၌ ထိုင်နေတော်မူ၏။ ဘာရဒွါဇ ပုဏ္ဏားသည် မာဂဏ္ဍိယပရိဗိုဇ်အကြောင်းကို လျှောက်ကြားလိုသဖြင့် ဗုဒ္ဓထံ ချဉ်းကပ်၍ အနီး၌ ထိုင်နေ၏။ ထိုအခါ ဗုဒ္ဓက "အချင်းဘာရဒွါဇ၊ သင့်အား ဤမြက်ခင်းကို အကြောင်းပြု၍ မာဂဏ္ဍိယ ပရိဗိုဇ်နှင့် စကားပြောဆိုမှု တစ်စုံတစ်ရာ ဖြစ်ခဲ့ပါသလော" ဟု မေးတော်မူသည်။ ယင်းသို့ မေးသော် ဘာရဒွါဇသည် ဝမ်းလှုပ်အံ့သြလျက် "အရှင်ဂေါတမကား ကျွန်ုပ် မပြောမီပင် ထိုအကြောင်းကို ပြောကြားပေ၏" ဟူ၍ လျှောက်တင်လေသည်။

ဤသို့ ဘာရဒွါဇက ဗုဒ္ဓအား လျှောက်ကြားနေစဉ်မှာပင် မာဂဏ္ဍိယပရိဗိုဇ်သည်လည်း ရောက်လာ၍ ဗုဒ္ဓအား နှုတ်ဆက်စကား ပြောကြားကာ သင့်လျော်သောနေရာ၌ ထိုင်နေလေ၏။ ထိုအခါ ဗုဒ္ဓက မာဂဏ္ဍိယအား ဤသို့ မိန့်ကြားတော်မူ၏။

"မာဂဏ္ဍိယ၊ မျက်စိသည် အဆင်းရူပါရုံ၌ မွေ့လျော် ပျော်ပိုက်နှစ်ခြိုက်၏။ ထိုမျက်စိကို မြတ်စွာဘုရားသည် ဆုံးမပြီး ဖြစ်၏၊ စောင့်ထိန်းပြီး ဖြစ်၏၊ ပိတ်ဆို့ပြီး ဖြစ်၏၊ ထိုမျက်စိကို ပိတ်ဆို့ခြင်းငှာလည်း တရား ဟော၏။ သင်သည် ဤအကြောင်းကို ရည်ရွယ်၍ 'ရဟန်းဂေါတမသည် ပွားစီးရေးကို ဖျက်ဆီးသူဖြစ်၏' ဟု ဆိုပါသလော"

www.dhammaransi.com



"အရှင်ဂေါတမ၊ ကျွန်ုပ်သည် ဤအကြောင်းကိုပင် ရည်ရွယ်၍ 'ရဟန်းဂေါတမသည် ပွားစီးရေးကို ဖျက်ဆီးသူ ဖြစ်၏' ဟု ဆိုပါသည်။ အကြောင်းကား ကျွန်ုပ်တို့၏ ကျမ်းဂန်၌ ဤသို့ပင် လာသောကြောင့် ဖြစ်ပါသည်"

[နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်တို့နှင့် ပတ်သက်၍လည်း နည်းတူမေးခြင်း၊ ဖြေခြင်းပြု၏]

## နတ်ချမ်းသာထက် သာလွန်သော မွေ့လျော်ခြင်း

"မာဂဏ္ဍိယ၊ ဤလောက၌ တပ်မက်နှစ်သက်ဖွယ်ဖြစ်သော အာရုံငါးပါးတို့ဖြင့် မွေ့လျော်ပျော်ပါးနေသူတစ်ဦးသည် နောက်အခါ၌ ထိုအာရုံငါးပါးတို့၏ ဖြစ်ခြင်း၊ ချုပ်ခြင်း၊ သာယာဖွယ်၊ ငြီးငွေ့ဖွယ်၊ ထွက်မြောက်ရာတို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်၍ ထိုအာရုံငါးပါးတို့၌ တပ်မက်နှစ်သက်ခြင်းကို စွန့်ပယ်ရာ၏။ အာရုံငါးပါးကြောင့် ဖြစ်သော ပူလောင်ခြင်းကို ပယ်ဖျောက်၍ ဆာလောင်မွတ်သိပ်ခြင်း ကင်းလျက် ငြိမ်းအေးသော အတွင်းစိတ် ရှိလျက်နေ၏။ မာဂဏ္ဍိယ၊ သင်သည် ဤသူကို မည်သို့ ဆိုမည်နည်း၊"

"အရှင်ဂေါတမ၊ ထိုသူ့ကို ကျွန်ုပ် မည်သို့မျှ ဆိုဖွယ်မရှိပါ၊"

"မာဂဏ္ဍိယ၊ ငါသည် ရှေးလူဖြစ်စဉ်အခါက တပ်မက်နှစ်သက်ဖွယ်ဖြစ်သော အာရုံငါးပါးတို့နှင့် ပြည့်စုံလျက် မွေ့လျော်ပျော်ပါးနေခဲ့၏။ ငါ့အား၊ မိုး၊ ဆောင်း၊ နွေဟူသော ဥတုသုံးပါးအားလျော်စွာ နေထိုင်ရာ ပြာသာဒ် သုံးဆောင် ရှိခဲ့၏။ ငါသည် နောက်အခါ၌ ကာမဂုဏ်တို့၏ ဖြစ်ခြင်း၊ ချုပ်ခြင်း၊ သာယာဖွယ်၊ ငြီးငွေ့ဖွယ်၊ ထွက်မြောက်ရာတို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်၍ ကာမဂုဏ်တို့၌ တပ်မက်နှစ်သက်ခြင်းကို စွန့်ပယ်ခဲ့၏။ ကာမဂုဏ်တို့ကြောင့် ဖြစ်သော ပူလောင်ခြင်းကို ပယ်ဖျောက်၍ ဆာလောင်မွတ်သိပ်ခြင်းကင်းကာ ငြိမ်းအေးသော အတွင်းစိတ်ရှိလျက် နေ၏။ ငါသည် ကာမဂုဏ်တို့ကို တပ်မက်နှစ်သက်စွာ မှီဝဲနေသည့် တစ်ပါးသော သတ္တဝါတို့ကို တွေ့မြင်သော်လည်း ကာမဂုဏ်တို့ကို တောင့်တခြင်း မရှိတော့ပေ။ အကြောင်းကား ကာမဂုဏ်တို့နှင့်လည်းကောင်း၊ အကုသိုလ်တရားတို့နှင့် လည်းကောင်း ကင်းလျက် နတ်ချမ်းသာထက်ပင် သာလွန်သော မွေ့လျော်ခြင်းဖြင့် မွေ့လျော်နေသောကြောင့် ဖြစ်၏။

'မာဂဏ္ဍိယ၊ ဥပမာ–စည်းစိမ်ဥစ္စာ ချမ်းသာကြွယ်ဝ၍ အာရုံငါးပါးဖြင့် မွေ့လျော် ပျော်ပါးနေသော သူကြွယ်တစ်ဦးသည် ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးဖြင့် ကောင်းသော အမှုအကျင့်ကို ပြုကျင့်သဖြင့် သေလွန်သောအခါ တာဝတိံသာ

www.dhammaransi.com



နတ်ပြည်သို့ ရောက်လေရာ၏။ ထိုသူသည် တာဝတိံသာနတ်ပြည် နန္ဒဝန်ဥယျာဉ်၌ နတ်သမီးအပေါင်း ခြံရံလျက် နတ်စည်းစိမ်ကို ခံစားနေရာ၏။ ဤသို့ နတ်စည်းစိမ်ခံစားနေရသူသည် လူ့ပြည်မှ ကာမဂုဏ်ငါးပါးကို လိုလားတောင့်တပါဦးမည်လော"

"အရှင်ဂေါတမ၊ ထိုသူသည် လူ့ပြည်မှ ကာမဂုဏ်တို့ကို လိုလားတောင့်တတော့မည် မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် နတ်ပြည်မှ ကာမဂုဏ်တို့သည် လူ့ပြည်မှ ကာမဂုဏ်တို့ထက် သာလွန်ကောင်းမြတ်သောကြောင့် ဖြစ်ပါသည်"

"မာဂဏ္ဍိယ၊ ထိုနည်းတူပင် ငါသည်လည်း နတ်ချမ်းသာထက် သာလွန်သော မွေ့လျော်ခြင်းဖြင့် မွေ့လျော်နေသောကြောင့် ကာမဂုဏ်တို့ကို လိုလားတောင့်တခြင်း မရှိတော့ပေ။"

## နူနာစွဲကပ်သူ ဥပမာ

"မာဂဏ္ဍိယ၊ ဥပမာတစ်မျိုးကား- နူနာစွဲကပ်နေသော ယောက်ျားသည် ပိုးလောက်တို့ ကိုက်ခဲ၍ ယားယံလှသဖြင့် အနာဝတို့ကို လက်သည်းဖြင့် ကုတ်ဖဲ့လျက် မိမိကိုယ်ကို မီးကျီးစု၌ ကင်ရာ၏။ ထို့နောက် သူသည် ဆေးဆရာဖြင့် ကုသ၍ ရောဂါကင်းရှင်းလျက် ချမ်းသာစွာ နေရရာ၏။ ဤသို့ ရောဂါကင်းရှင်းသောအခါ သူသည် ယားယံလှ၍ မိမိကိုယ်ကို မီးကျီးစု၌ ကင်နေသော အခြားနူနာရောဂါသည် တစ်ယောက်ကို တွေ့မြင်သော် ထိုသူ၏ မီးကျီးစုကို လည်းကောင်း၊ ထိုသူမှီဝဲသော ဆေးကိုလည်းကောင်း လိုလား တောင့်တပါဦးမည်လော၊"

"အရှင်ဂေါတမ၊ ထိုသူသည် မီးကျီးစုကိုလည်းကောင်း၊ ဆေးကို လည်းကောင်း လိုလား တောင့်တတော့မည် မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် ရောဂါကင်းသူအား ဆေးဖြင့် ပြုဖွယ်ကိစ္စ မရှိတော့သောကြောင့် ဖြစ်ပါသည်၊"

"မာဂဏ္ဍိယ၊ ထိုနည်းတူပင် ကာမဂုဏ်ကြောင့် ဖြစ်သော ပူလောင်ခြင်းကို ပယ်ဖျောက်၍ ငြိမ်းအေးသော အတွင်းစိတ်ရှိလျက် နေသော ငါသည်လည်း ကာမတဏှာကိုက်ခဲခြင်း ခံရသည်ဖြစ်၍ ပြင်းစွာ ပူလောင်ကာ ကာမဂုဏ်ငါးပါးကို မှီဝဲခံစားနေသည့် အခြားသတ္တဝါတို့ကို တွေ့မြင်ရသော်လည်း ထိုကာမဂုဏ်ငါးပါးကို လိုလားတောင့်တခြင်း မရှိတော့ပေ။"

## ကာမဂုဏ်ကို ချမ်းသာဟု အထင်မှားပုံ

"မာဂဏ္ဍိယ၊ သင် မည်သို့ ထင်သနည်း။ နူနာပျောက်ကင်းပြီးသော ယောက်ျားကို အားကောင်းသော ယောက်ျား နှစ်ယောက်တို့က လက်မောင်းတစ်

www.dhammaransi.com



ဖက်စ်ဒ္ဓ ဆွဲကိုင်၍ မီးကျီးစုရှိရာသို့ ဆွဲငင်သွားခဲ့သော် ထိုသူသည် ထိုမှ ဤမှ ရုန်းကန်မည် မဟုတ်ပါလော။”

“အရှင်ဂေါတမ၊ ထိုသူသည် မလွဲဧကန် ရုန်းကန်မည် ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် မီးသည် ဆင်းရဲသော အတွေ့အထိ၊ ပြင်းထန်သော ပူလောင်ခြင်း ရှိသောကြောင့် ဖြစ်ပါသည်။”

“မာဂဏ္ဍိယ၊ မီးသည် ယခုမှသာ ဆင်းရဲသော အတွေ့အထိ၊ ပြင်းထန်သော ပူလောင်ခြင်း ရှိသလော။ သို့မဟုတ် ရှေးယခင်ကလည်း ဆင်းရဲသော အတွေ့အထိ၊ ပြင်းထန်သော ပူလောင်ခြင်း ရှိခဲ့ပါသလော။”

“အရှင်ဂေါတမ၊ မီးသည် ယခုအခါ၌လည်းကောင်း၊ ရှေးယခင်အခါ၌လည်းကောင်း၊ ဆင်းရဲသော အတွေ့အထိ၊ ပြင်းထန်သော ပူလောင်ခြင်း ရှိသည်သာ ဖြစ်ပါ၏။ သို့သော်လည်း နူနာစွဲနေသော ယောကျ်ားသည်ကား ထိုမီးကိုပင် ချမ်းသာ၏ဟု လွဲမှားစွာ မှတ်ထင်ခဲ့ပါသည်။”

“မာဂဏ္ဍိယ၊ ထိုနည်းတူပင် ကာမဂုဏ်တို့သည် အတိတ်ကာလ၌ လည်းကောင်း၊ အနာဂတ်ကာလ၌ လည်းကောင်း၊ ယခုပစ္စုပ္ပန်ကာလ၌ လည်းကောင်း ဆင်းရဲသော အတွေ့အထိ၊ ပြင်းထန်သော ပူလောင်ခြင်း ရှိကုန်သည်သာ ဖြစ်၏။ သို့သော်လည်း ကာမဂုဏ်တို့၌ တပ်မက်ခြင်း မကင်းသည် ဖြစ်၍ ကာမတဏှာ၏ ကိုက်ခဲခြင်း ခံရနေရသော၊ ကာမအပူဖြင့် ပြင်းစွာလောင် မြိုက်နေသော သတ္တဝါတို့သည်ကား ဆင်းရဲသော အတွေ့ပြင်းထန်သော ပူလောင်ခြင်း ရှိသော ကာမဂုဏ်တို့ကိုပင် ချမ်းသာဟု လွဲမှားစွာ မှတ်ထင်နေကြကုန်၏။

## အနည်းငယ်သော သာယာမှု

“မာဂဏ္ဍိယ၊ နူနာစွဲနေသော ယောကျ်ားသည် အနာဝတို့ကို လက်သည်းဖြင့် ကုတ်ဖဲ့လျက် မီးကျီးစု၌ ကိုယ်ကို ကင်သည် ရှိသော် အနာဝတို့မှ စက်ဆုပ်ဖွယ်ကောင်းသော အနံ့များထွက်လျက် ပြည်သွေးများ ယိုစီးနေသည်သာ ဖြစ်၏။ သို့သော်လည်း အယားပြေ ကုတ်ဖဲ့ရခြင်းကြောင့် အနည်းငယ် သက်သာမှု၊ သာယာမှုကိုကား ရရှိရာ၏။ မာဂဏ္ဍိယ၊ ထိုနည်းတူပင် ကာမဂုဏ်တို့၌ တပ်မက်ခြင်း မကင်းသည်ဖြစ်၍ ကာမဂုဏ်ငါးပါးကို ခံစားနေကြသော သတ္တဝါတို့သည် ကာမတဏှာတည်းဟူသော ဆာလောင်ခြင်း၊ ကာမတဏှာတည်းဟူသော အပူမီးကို တိုးပွားစေကြကုန်၏။ သို့သော် ကာမဂုဏ်ငါးပါးကို အစွဲပြု၍ အနည်းငယ်သော သက်သာမှု၊ သာယာမှုကား ရှိ၏။

www.dhammaransi.com



"မာဂဏ္ဍိယ၊ ကာမဂုဏ်ငါးပါးဖြင့် ပျော်ပါးနေသော မင်း၊ သို့မဟုတ် အမတ်သည် ကာမတဏှာကို မစွန့်ဘဲ၊ ကာမအပူကို မဖျောက်ဖျက်ဘဲ ဆာလောင်ခြင်း ကင်းကာ၊ ငြိမ်းအေးသော အတွင်းစိတ်ရှိလျက် နေသည်ကို သင် မြင်ဖူး၊ ကြားဖူးပါသလော၊"

"အရှင်ဂေါတမ၊ ဤသို့သော ပုဂ္ဂိုလ်ကို ကျွန်ုပ် မမြင်ဘူး၊ မကြားဘူးပါ"

"မာဂဏ္ဍိယ၊ မှန်ပေ၏။ ငါသည်လည်း ဤသို့သော ပုဂ္ဂိုလ်ကို မမြင်ဘူး၊ မကြားဘူးပေ။ မာဂဏ္ဍိယ၊ အကြင်ရဟန်း ပုဏ္ဏားတို့သည် ဆာလောင်ခြင်းကင်းကာ ငြိမ်းအေးသော အတွင်းစိတ်ရှိလျက် နေကြကုန်၏။ ထိုရဟန်း ပုဏ္ဏားအားလုံးတို့သည် ကာမဂုဏ်တို့၏ ဖြစ်ခြင်း၊ ချုပ်ခြင်း၊ သာယာဖွယ်၊ ငြီးငွေ့ဖွယ်၊ ထွက်မြောက်ရာတို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်၍ ကာမတဏှာကို စွန့်ပယ်ခြင်း၊ ကာမအပူကို ဖျောက်ဖျက်ခြင်းကြောင့်သာလျှင် ယင်းသို့ နေနိုင်ကြခြင်း ဖြစ်၏။"

ဗုဒ္ဓမြတ်စွာသည် ဤသို့ မိန့်ကြားတော်မူပြီး အောက်ပါဂါထာကိုလည်း မြွက်ဆိုတော်မူ၏။

"လာဘ်ဟူသမျှတို့တွင် ရောဂကင်းခြင်းသည် အမြတ်ဆုံးလာဘ်ဖြစ်၏။
ချမ်းသာခြင်းဟူသမျှတို့တွင် နိဗ္ဗာန်သည် အမြတ်ဆုံးချမ်းသာ ဖြစ်၏။
အမြိုက် နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လမ်းခရီး ဟူသမျှတို့တွင်
အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော လမ်းခရီးသည် အမြတ်ဆုံး လမ်းခရီးဖြစ်၏။"

## ရောဂါကင်းခြင်းဟူသည်

ထိုအခါ မာဂဏ္ဍိယ ပရိဗိုဇ်က "အရှင်ဂေါတမ မြွက်ဆိုသော စကားသည် ကျွန်ုပ် ကြားဖူးသော ပရိဗိုဇ်ဆရာ အဆက်ဆက်တို့၏ စကားနှင့် ညီညွတ်လှပါသည်" ဟူ၍ ချီးကျူးစကားပြောကြားလေသည်။

"မာဂဏ္ဍိယ၊ သင်ကြားဖူးသော စကား၌ ရောဂါကင်းခြင်းဟူသည် အဘယ်နည်း၊ နိဗ္ဗာန်ဟူသည် အဘယ်ပါနည်း၊"

ဤသို့ ဗုဒ္ဓမြတ်စွာက မေးမြန်းသောအခါ မာဂဏ္ဍိယသည် မိမိကိုယ်ကို လက်ဖြင့် သုံးသပ်၍ "အရှင်ဂေါတမ၊ ရောဂါကင်းခြင်းဟူသည် ဤကိုယ်ပင် ဖြစ်ပါ၏၊ နိဗ္ဗာန်ဟူသည် ဤကိုယ်ပင် ဖြစ်ပါ၏။ ကျွန်ုပ်သည် ယခု ရောဂါကင်းလျက် ချမ်းသာနေပါ၏။ တစ်စုံတစ်ခုသော ဆင်းရဲမျှလည်း ကျွန်ုပ်ကို မနှိပ်စက်ပါ" ဟု ပြောကြားလေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာက ပရိဗိုဇ်ဆရာ အဆက်ဆက်တို့

www.dhammaransi.com



သည် အနက်အဓိပ္ပာယ်ကို မသိကြကုန်မူ၍သာလျှင် ထိုစကားကို ဆိုခဲ့ကြခြင်းဖြစ်ကြောင်း သူကန်း ဥပမာဖြင့် ဟောကြားတော်မူသည်။

"မာဂဏ္ဍိယ၊ ဥပမာဆိုသော် အဖြူအမည်းစသော အရောင်အဆင်း အမျိုးမျိုးကို လုံးဝမမြင်သော ဝမ်းတွင်းကန်းသူ တစ်ဦးသည် 'ဖြူစင်သော အဝတ်သည် ကောင်းလှပေစွ' ဟု ပြောဆိုသည့် မျက်စိကောင်းသူတစ်ဦး၏ စကားကို ကြား၍ အဝတ်ဖြူကို ရှာဖွေနေရာ၏။ အခြားသူတစ်ဦးသည် ဆီချေးများ ပေကျံနေသည့် မည်း နက်သော ပုဆိုးကြမ်းတစ်ထည်ကို အဝတ်ဖြူဟု ပြောကာ ထိုသူကန်းအား ပေးရာ၏။ သူကန်းသည် ထိုပုဆိုးကြမ်းကို ဝမ်းပန်းတသာ ဝတ်ဆင်လျက် 'ဖြူစင်သော အဝတ်သည် ကောင်းလှပေစွ' ဟု မြွက်ဆိုရာ၏။ မာဂဏ္ဍိယ၊ သင် မည်သို့ ထင်သနည်း။ သူကန်းသည် မိမိကိုယ်တိုင် သိမြင်၍ 'ဖြူစင်သော အဝတ်သည် ကောင်းလှပေစွ' ဟု မြွက်ဆိုခြင်း ဖြစ်ပါသလော။ သို့တည်းမဟုတ် မျက်စိကောင်းသူ၏ စကားကို ယုံကြည်၍ မြွက်ဆိုခြင်း ဖြစ်ပါသလော။"

"အရှင်ဂေါတမ၊ သူကန်းသည် မိမိကိုယ်တိုင် သိမြင်၍ မြွက်ဆိုခြင်း မဟုတ်ပါ။ မျက်စိကောင်းသူ၏ စကားကို ယုံကြည်မှုဖြင့်သာ မြွက်ဆိုခြင်း ဖြစ်ပါသည်။"

"မာဂဏ္ဍိယ၊ ထိုနည်းတူပင် အယူတစ်ပါးရှိသော ပရိဗိုဇ်တို့သည် ဉာဏ်မျက်စိ မရှိသော သူကန်းများ ဖြစ်ကြ၏။ ရောဂါကင်းခြင်းဟူသည်ကိုလည်းကောင်း၊ နိဗ္ဗာန်ဟူသည်ကို လည်းကောင်း မသိမမြင်ကြကုန်ဘဲသာလျှင် 'လာဘ်ဟူသမျှတို့တွင် ရောဂါကင်းခြင်းသည် အမြတ်ဆုံးလာဘ်ဖြစ်၏' စသော စကားကို မြွက်ဆိုခဲ့ကြကုန်၏။ မာဂဏ္ဍိယ၊ စင်စစ်အားဖြင့် ထိုစကားသည် ကိလေသာကင်းစင်သော ရှေးဘုရားရှင်တို့ ဟောကြားခဲ့သော စကားဖြစ်၏။ သို့သော်လည်း ယခုအခါ အဆင်ဆင့် ဆင်းသက်၍ လူအများအတွင်းသို့ ရောက်နေခြင်း ဖြစ်၏။"

## ဉာဏ်မျက်စိ မရှိ

"မာဂဏ္ဍိယ၊ စင်စစ်အားဖြင့် ဤခန္ဓာကိုယ်သည် ရောဂါတုံး၊ အနာတုံး၊ ဆူးငြောင့်တံ၊ ဆင်းရဲတုံး ဖြစ်၏။ သို့ဖြစ်ပါလျက် ဤခန္ဓာကိုယ်ကို ရောဂါကင်းခြင်းဟူ၍ လည်းကောင်း၊ နိဗ္ဗာန်ဟူ၍လည်းကောင်း သင် ဆိုဘိ၏။ မာဂဏ္ဍိယ၊ အမှန်အားဖြင့် ရောဂါကင်းခြင်းကိုလည်းကောင်း၊ နိဗ္ဗာန်ကိုလည်းကောင်း သိမြင်နိုင်သော ဉာဏ်မျက်စိသည် သင့်မှာ မရှိပေ။"

www.dhammaransi.com



"အရှင်ဂေါတမ၊ အရှင်သည် ကျွန်ုပ်အား ရောဂါကင်းခြင်းကို လည်းကောင်း၊ နိဗ္ဗာန်ကိုလည်းကောင်း သိမြင်စေနိုင်သောနည်းဖြင့် တရားကို ဟောကြားရန် စွမ်းနိုင်၏ဟု ကျွန်ုပ် ယုံကြည်ပါသည်။ ဟောကြားတော်မူပါလော့၊"

"မာဂဏ္ဍိယ၊ ဥပမာဆိုသော် မျက်စိလုံး၀ မမြင်သည့် ၀ပ်းတွင်းကန်းတစ်ဦးကို ဆွေမျိုးသားချင်းများ ပင့်ခေါ်ပေးသည့် ဆေးဆရာက ကုသသော်လည်း မျက်စိအလင်း မရဘဲ ရှိခဲ့သော် ထိုဆေးဆရာအား ပင်ပန်းရုံမျှသာ ရှိရာ၏။ ထို့အတူပင် ငါက တရားဟောကြားပါလျက် ရောဂါကင်းခြင်းကို လည်းကောင်း၊ နိဗ္ဗာန်ကို လည်းကောင်း၊ သင် မသိမြင်ခဲ့သော် ငါ့အား ပင်ပန်းရုံသာ ရှိပေရာ၏။"

"အရှင်ဂေါတမ၊ အရှင်သည် ကျွန်ုပ်အား ရောဂါကင်းခြင်းကို လည်းကောင်း၊ နိဗ္ဗာန်ကို လည်းကောင်း သိမြင်စေနိုင်သော နည်းဖြင့် တရားကို ဟောကြားရန် စွမ်းနိုင်၏ဟု ကျွန်ုပ် ယုံကြည်ပါသည်။ ဟောကြားပါလော့"

"မာဂဏ္ဍိယ၊ ဆီချေးဖြင့်ပေကျံ၍ မည်းနက်သော ပုဆိုးကြမ်းကို စင်ကြယ်သော အ၀တ်ဖြူဟု ထင်မှတ်လျက် အမြတ်တနိုး ၀င်ဆင်နေသော သူကန်းသည် ဆေးဆရာ၏ ကုသမှုကြောင့် မျက်စိအလင်း ရလာသောအခါ ထိုပုဆိုးကြမ်း၌ နှစ်သက်တွယ်တာခြင်း ပျောက်ကင်းလေရာ၏။ မည်းနက်ပေကျံနေသော ပုဆိုးကြမ်းကို ဖြူစင်သော အ၀တ်ဟူ၍ မိမိအား လှည့်စားပြောဆိုခဲ့သူကိုလည်း ရန်သူဟု ထင်မှတ်ရာ၏။ မာဂဏ္ဍိယ၊ ထိုနည်းတူပင် ငါ၏ ဟောကြားမှုဖြင့် ရောဂါကင်းခြင်းကိုလည်းကောင်း၊ နိဗ္ဗာန်ကို လည်းကောင်း၊ သင် သိမြင်ခဲ့သော် ယင်းသို့ သိမြင်သည်နှင့် တစ်ပြိုင်နက် ခန္ဓာငါးပါးတို့၌ လိုချင်တပ်မက်ခြင်းသည် ပျောက်ကင်းရာ၏။ စိတ်သည် ငါ့ကို ကြာမြင့်စွာ လှည့်ပတ် ဖျက်ဆီးခဲ့၏။ စိတ်၏ လှည့်ပတ်မှု ကြောင့်ပင်လျှင် ငါသည် ခန္ဓာငါးပါးတို့၌ စွဲလမ်းခဲ့၏။ စွဲလမ်းမှုကြောင့် ဘ၀၊ ဘ၀ကြောင့် ဇာတိ စသည်တို့ အဆင့်ဆင့် ဖြစ်ပေါ်ခဲ့၏ဟူ၍လည်း သင့်အား စဉ်းစားဆင်ခြင်မှု ဖြစ်ပေါ်လာရာ၏။"

"အရှင်ဂေါတမ၊ အရှင်သည် ကျွန်ုပ်အား ဤနေရာမှ မထမီပင် သူကန်းအဖြစ်မှ လွတ်မြောက်အောင် တရားကို ဟောကြားရန် စွမ်းနိုင်၏ဟု ကျွန်ုပ် ယုံကြည်ပါသည်။"

"မာဂဏ္ဍိယ၊ သို့ဖြစ်သော် သင်သည် သူတော်ကောင်းတို့ကို ဆည်းကပ်လော့၊ ယင်းသို့ ဆည်းကပ်လျှင် သူတော်ကောင်းတို့၏ တရားကို ကြားနာရလိမ့်မည်၊ သူတော်ကောင်းတို့၏ တရားကို ကြားနာရလျှင် တရားနှင့် လျော်ညီ

www.dhammaransi.com



သော အကျင့်ကို ကျင့်ရလိမ့်မည်၊ တရားနှင့်လျော်ညီသော အကျင့်ကို ကျင့်လျှင် အနာရောဂါနှင့်တူသော ကိလေသာတို့ကိုလည်းကောင်း၊ ယင်းတို့၏ ကင်းကွာ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကိုလည်းကောင်း သိမြင်လိမ့်မည်။"

## မာဂဏ္ဍိယပရိဗိုဇ် ရဟန်းပြုခြင်း

ဗုဒ္ဓမြတ်စွာက ဤသို့ မိန့်ကြားသောအခါ မာဂဏ္ဍိယပရိဗိုဇ်သည် ထိုမိန့်ကြားချက်ကို လွန်စွာ နှစ်သက်လှသဖြင့် မိမိအား ရဟန်းပြုပေးရန် တောင်းပန်သည်။ ဗုဒ္ဓသည် မာဂဏ္ဍိယအား အယူတစ်ပါးရှိသော ပရိဗိုဇ်ပင် ဖြစ်သော်လည်း ပုဂ္ဂိုလ်ချင်း ကွဲပြားခြားနားမှုကို သိမြင်တော်မူသည်ဖြစ်၍ လေးလတိုင်အောင် ဆိုင်းငံ့ခြင်း မပြုဘဲ ချက်ချင်း ရဟန်းပြုပေးတော်မူသည်။ မာဂဏ္ဍိယသည် ရဟန်းအဖြစ်ကိုရလျှင် ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်၍ တရားကို အပူတပြင်း အားထုတ်ရာ မကြာမီ ရဟန္တာဖြစ်သွားလေသည်။

www.dhammaransi.com

# ၇၆။ သန္ဒကသုတ်

## သန္ဒကပရိဗိုဇ်အား ဟောကြားသောတရား

### အကျင့်မြတ် မဟုတ်သော ကျင့်သုံးမှုလေးမျိုး

ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးစဉ် သန္ဒကပရိဗိုဇ်သည်လည်း ပရိဗိုဇ်ငါးရာနှင့်အတူ ပိလက္ခလိုဏ်ဂူ၌ နေထိုင်၏။ တစ်ညနေတွင် ရှင်အာနန္ဒာသည် ရဟန်းများစွာတို့နှင့် အတူ ဒေဝကတလိုဏ်ဂူသို့ ကြွသွားရာ ပရိဗိုဇ်ပရိသတ်နှင့်အတူ မင်းရေးစိုးရေး၊ စစ်မက်ရေး စသည့် ရသေ့ ရဟန်းတို့နှင့် မလျော်သော စကားများကို ကျယ်လောင်စွာ ပြောဆိုနေသည့် သန္ဒကပရိဗိုဇ်ကို တွေ့မြင်လေသည်။ သန္ဒကသည် ရှင်အာနန္ဒာကြွလာသည်ကို မြင်လျှင် မိမိပရိသတ်ကို အသံတိတ်စေပြီး ရှင်အာနန္ဒာအား ခရီးဦးကြိုဆိုခြင်း ပြုလေသည်။

"သန္ဒက၊ သင်တို့သည် မည်သို့သော စကားကို ပြောဆိုနေကြသနည်း" ဟု ရှင်အာနန္ဒာက မေးမြန်းလျှင် သန္ဒကပရိဗိုဇ်က မိမိတို့ ပြောဆိုနေကြသည့် စကားကို ဖယ်ထားပြီး မြတ်စွာဘုရား၏ အယူဝါဒကို မိမိတို့အားဟောကြားရန် ရှင်အာနန္ဒာကို တောင်းပန်သည်။ ထိုအခါ ရှင်အာနန္ဒာက အကျင့်မြတ်ကိုကျင့်သုံးခြင်း လေးမျိုးကို ဟောကြားလေသည်။

"သန္ဒက၊ သိတော်မူမြင်တော်မူသော မြတ်စွာဘုရားသည် မြတ်သော အကျင့်မဟုတ်သော ကျင့်သုံးမှုလေးပါး၊ သက်သာရာကို မရစေနိုင်သည့် အကျင့် လေးပါးကို ဟောကြားတော်မူ၏။ အသိဉာဏ်ရှိသော ပုဂ္ဂိုလ်သည် ယင်းအကျင့်

www.dhammaransi.com



တို့၌ မြတ်သော အကျင့်ဟူ၍ မကျင့်သုံးအပ်။ ကျင့်သုံးသော်လည်း မှန်ကန်သော ကုသိုလ်တရားကို ပြီးမြောက်စေနိုင်မည် မဟုတ်။"

"ရှင်အာနန္ဒာ၊ မြတ်သောအကျင့် မဟုတ်သော ကျင့်သုံးမှုလေးပါးကား အဘယ်ပါနည်း"

## သေလျှင်ပြတ်၏ဟု ဆိုသော ဝါဒ

"သန္ဒက၊ ဤလောက၌ အချို့သော ဆရာသည် ဤသို့ ပြောဆိုလေ့ရှိ၏။ ပေးလှူခြင်း၊ ပူဇော်ခြင်းသည် အကျိုးမရှိ။ ကောင်းမှု မကောင်းမှုတို့၏ အကျိုးသည် မရှိ။ ဤလောက၊ တစ်ပါးသော လောကဟူ၍ မရှိ။ အမိအဘမရှိ။ ဤလောက၊ တစ်ပါးသော လောကကို ကိုယ်တိုင် ဉာဏ်ထူးဖြင့် မျက်မှောက်ပြုကာ ဟောကြားနိုင်သည့် ကောင်းစွာကျင့်ကြံသော ရဟန်းပုဏ္ဏားတို့သည် မရှိ။ ဤသတ္တဝါသည် မဟာဘုတ် လေးပါးတို့၏ အစုအဝေးဖြစ်၏။ သေသောအခါ ယင်းသတ္တဝါ၏ ကိုယ်မှ မြေဓာတ်၊ ရေဓာတ်၊ မီးဓာတ်၊ လေဓာတ်တို့သည် အပြင်လောကရှိ မြေဓာတ်၊ ရေဓာတ်၊ မီးဓာတ်၊ လေဓာတ်အစုသို့ အသီးအသီး ဆိုက်ရောက်သွားကြ၏။ မျက်စိ၊ နား စသော ဣန္ဒြေတို့သည် ကောင်းကင်သို့ ပြောင်းရွှေ့သွားကြသည်။ ညောင်စောင်းလျှင် ငါးယောက်မြောက်ဖြစ်သော လူတို့သည် သူသေကောင်ကို သုသာန်တိုင်အောင် ယူဆောင်သွားကြ၏။ ညောင်စောင်းခြေထောက်ရာများသာ ထင်၍ ကျန်ကုန်၏။ အရိုးတို့သည် ခိုအဆင်းကဲ့သို့ ဖြစ်သွားကုန်၏။ ပေးလှူခြင်း၊ ပူဇော်ခြင်းတို့သည် ပြာမှုန့်လျှင် အဆုံး ရှိကုန်၏။ အလှူပေးခြင်းကို လူမိုက်တို့က ပညတ်ထား၏။ 'ပေးလှူခြင်း၊ ပူဇော်ခြင်းသည် အကျိုး ရှိ၏' စသည်ဖြင့် ပြောဆိုသူတို့၏ စကားသည် လွဲမှား၏။ လူမိုက်ဖြစ်စေ၊ ပညာရှိဖြစ်စေ၊ ခန္ဓာကိုယ်ပျက်စီးလျှင် ပြတ်၏၊ သေပြီးနောက်တွင် ဘာမျှ မရှိတော့။"

'သန္ဒက၊ ဤသို့ ပြောဆိုလေ့ရှိသော ဆရာ၏ အယူဝါဒ၌ အသိဉာဏ်ရှိသော တပည့်သည် ထိုဆရာ၏ အကျင့်ကို ကျင့်ခြင်းဖြင့် အကျိုးမရှိပုံကို စဉ်းစားဆင်ခြင်မိ၏၊ ပေးလှူခြင်း၊ ပူဇော်ခြင်း စသည်တို့သည် အကျိုးမရှိ၊ အချည်းနှီးသာ ဖြစ်ပြီး သတ္တဝါအားလုံးသည် သေလျှင်ပြတ်သည်ဟု ဆိုသောကြောင့် ထိုဆရာ၏ အကျင့်ကို ကျင့်သူများသည် ဘာမျှ မကျင့်ဘဲ ကာမဂုဏ်ခံစားနေသူများနှင့် မထူးတော့ကြောင်း သိမြင်၏။ ထို့ကြောင့် ထိုတပည့်သည် 'ဤအကျင့်ကား

www.dhammaransi.com



မြတ်သော အကျင့် မဟုတ်' ဟု သိမြင်ပြီး ထိုဆရာ၏ အကျင့်မှ စွန့်ခွာသွားလေ၏။ သန္ဒက၊ ဤကား အကျင့်မြတ် မဟုတ်သော ပထမကျင့်သုံးမှုတည်း"

## ကောင်းမှု၊ မကောင်းမှု မရှိဟုဆိုသော အယူဝါဒ

"သန္ဒက၊ ဤလောက၌ အချို့သော ဆရာသည် ဤသို့ ပြောဆိုလေ့ရှိ၏။ သူတစ်ပါးကို နှိပ်စက်သတ်ဖြတ်ခြင်း၊ သူတစ်ပါးပစ္စည်းကို လုယက်ခိုးယူခြင်း၊ လိမ်ညာ၍ ပြောခြင်း စသော မကောင်းမှု တစ်စုံတစ်ခုကို ပြုလုပ်သော်လည်း ပြုလုပ်သည် မမည်။ ဤမြေပြင်ရှိ သတ္တဝါအားလုံးကို ဓားစက်ဖြင့် အသားပုံကြီးဖြစ်သွားအောင် ပြုလုပ်စေကာမူ ထိုအကြောင်းကြောင့် မကောင်းမှု မဖြစ်။ ပေးလှူခြင်း၊ ပူဇော်ခြင်း၊ သီလကို စောင့်ထိန်းခြင်း၊ အမှန်ကို ပြောဆိုခြင်းတို့ကြောင့်လည်း ကောင်းမှု မဖြစ်။

'သန္ဒက၊ ဤသို့ ပြောဆိုလေ့ရှိသော အယူဝါဒ၌ အသိဉာဏ် ရှိသော တပည့်သည် ထိုဆရာ၏ အကျင့်ကို ကျင့်ခြင်းဖြင့် အကျိုး မရှိပုံကို စဉ်းစားဆင်ခြင်မိ၏။ ကောင်းမှု၊ မကောင်းမှု မရှိ ဟု ဆိုသောကြောင့် ထိုဆရာ၏ အကျင့်ကို ကျင့်သူများသည် ဗြဟ္မစရိယမကျင့်ဘဲ ကာမဂုဏ်ခံစားနေသူများနှင့် မထူးတော့ကြောင်း သိမြင်၏။ ထို့ကြောင့် ထိုတပည့်သည် 'ဤအကျင့်ကား မြတ်သောအကျင့် မဟုတ်' ဟု သိမြင်ပြီး ထိုအကျင့်မှ စွန့်ခွာသွား၏။ သန္ဒက၊ ဤကား အကျင့်မြတ် မဟုတ်သော ဒုတိယကျင့်သုံးမှုတည်း"

## အကြောင်းမရှိဟု ဆိုသောဝါဒ

"သန္ဒက၊ ဤလောက၌ အချို့သော ဆရာသည် ဤသို့ ပြောဆိုလေ့ရှိ၏။ သတ္တဝါတို့အား ညစ်ညူးရန် အကြောင်းမရှိ၊ စင်ကြယ်ရန် အကြောင်းလည်း မရှိ၊ အကြောင်းမဲ့သာလျှင် ညစ်ညူးခြင်း၊ စင်ကြယ်ခြင်းတို့သည် ဖြစ်ကုန်၏။ စွမ်းအင် မရှိ၊ အားထုတ်မှု မရှိ။ ယောက်ျားတို့၏ စွမ်းအား၊ ယောက်ျားတို့၏ အားထုတ်မှုဟူသည် မရှိ။ သက်ရှိ သက်မဲ့ သတ္တဝါ သခါရ အားလုံးသည် စွမ်းရည်လုံ့လ ကင်းကုန်လျက်သာလျှင် ဆုံစည်းမှု အားလျော်စွာ ပြောင်းလဲဖြစ်ပျက်ကာ ခြောက်ပါးသော အမျိုးဇာတ်တို့၌ ချမ်းသာဆင်းရဲကို ခံစားကြရကုန်၏။

'သန္ဒက၊ ဤသို့ ပြောဆိုလေ့ရှိသော ဆရာ၏ အယူဝါဒ၌ အသိဉာဏ်ရှိသော တပည့်သည် ထိုအကျင့်ကို ကျင့်သုံးခြင်းဖြင့် အကျိုးမရှိပုံကို စဉ်းစားဆင်ခြင်မိ၏။ သတ္တဝါတို့အား အကြောင်းမဲ့သာလျှင် ညစ်ညူးခြင်း၊ စင်ကြယ်ခြင်းသည်

www.dhammaransi.com



ဖြစ်၏ဟု ဆိုသောကြောင့် ထိုအကျင့်ကို ကျင့်သုံးသူများသည် ဘာမျှမကျင့်ဘဲ ကာမဂုဏ်ခံစားနေသူများနှင့် မထူးတော့ကြောင်း သိမြင်၏။ ထို့ကြောင့် ထိုတပည့်သည် ထိုဆရာ၏ အကျင့်မှ စွန့်ခွာသွားလေ၏။ သန္ဒက၊ ဤကား အကျင့်မြတ် မဟုတ်သော တတိယ ကျင့်သုံးမှုတည်း။"

## လူမိုက်နှင့် လူလိမ္မာ အတူတူဆိုသောဝါဒ

"သန္ဒက၊ ဤလောက၌ အချို့သော ဆရာသည် ဤသို့ပြောဆိုလေ့ ရှိ၏။ မြေအစု၊ ရေအစု၊ မီးအစု၊ လေအစု၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်း အားဖြင့် ခုနစ်ပါးသော အစုအပေါင်းတို့သည် ပြုလုပ်အပ်သော အရာ၊ ပြုလုပ်စေအပ်သော အရာများ မဟုတ်။ ဖန်ဆင်းအပ်သော အရာ၊ ဖန်ဆင်းစေအပ်သော အရာများ မဟုတ်၊ မြုံသောအရာများ ဖြစ်၏။ တောင်ထွတ်ကဲ့သို့ လည်းကောင်း၊ တံခါးတိုင်ကဲ့သို့ လည်းကောင်း တည်မြဲသောအရာများ ဖြစ်၏။ လှုပ်ရှားဖောက်ပြန်ခြင်း မရှိ။ အချင်းချင်း ထိပါးနှိပ်စက်ခြင်း မပြု၊ တစ်ပါးသည် တစ်ပါးအား ချမ်းသာစေရန် ဖြစ်စေ၊ ဆင်းရဲစေရန် ဖြစ်စေ မစွမ်းနိုင်ကြကုန်၏။ ထိုခုနစ်ပါးသော အစုပေါင်းတို့၌ သတ်သူ၊ သတ်စေသူ၊ ကြားသူ၊ ကြားစေသူ၊ သိသူ၊ သိစေသူ မရှိ။ ထက်လှစွာသော ဓားဖြင့် ဦးခေါင်းကို ဖြတ်စေကာမူ၊ လူတစ်ဦးက အခြားတစ်ဦးကို သတ်သည် မမည်။ ဓားသည် ထိုခုနစ်ပါးသော တရားအစုတို့၏ အကြားသို့သာလျှင် ကျရောက်၏။

'ဤလောက၌ ပဓာနဖြစ်သော ယောနိဘဝတို့သည် တစ်သန်း လေးသိန်း ခြောက်ထောင် ခြောက်ရာ ရှိ၏။ ကံ (၅၀၅) မျိုး၊ ကျင့်စဉ် (၆၂-ပါး)၊ ပုရိသဘူမိ (၈) ပါး၊ အာဇီဝကနှင့် ပရိဗိုဇ်တို့ကား (၄၉၀၀) စီရှိ၏။ နဂါးဘုံပေါင်း (၄၉၀၀)၊ ဣန္ဒြေ (၂၀၀၀)၊ ငရဲ(၃၀၀၀)၊ မြူဓာတ် (၃၆) ပါး၊ သညီဂဗ္ဘ၊ အသညီဂဗ္ဘနှင့် နိဂဏ္ဌဂဗ္ဘတို့ကား (၇) မျိုးစီ ရှိ၏။ အိပ်မက်ကြီး (၇) မျိုး၊ အိပ်မက်ငယ် (၇၀၀)၊ မဟာကပ်ပေါင် ရှစ်သန်း လေးသိန်းရှိ၏။ အကျင့်စာရိတ္တ ကောင်းမွန်သော သူတော်သူမြတ်ပင် ဖြစ်စေ၊ ညစ်ညမ်း ယုတ်မာသော လူဆိုး လူမိုက်ပင် ဖြစ်စေ၊ မဟာကပ်ပေါင်း ရှစ်သန်း လေးသိန်း သံသရာ၌ ကျင်လည်ပြီး ဆင်းရဲကုန်ခြင်းသို့ ရောက်၏။ အကျင့်သီလဖြင့် မရင့်ကျက်သေးသော ကံကို ရင့်ကျက်စေရန် လည်းကောင်း၊ ရင့်ကျက်ပြီးသော ကံကို ပျက်သုဉ်းစေရန် လည်းကောင်း မစွမ်းနိုင်။ ချမ်းသာဆင်းရဲသည် တောင်းဖြင့် ခြင်ထားသကဲ့သို့ ဖြစ်၏။ သံသရာသည် အပိုင်းအခြား ပြုထားပြီး ဖြစ်၏။ အတိုးအဆုတ် မရှိ၊ အယုတ်အလွန်

www.dhammaransi.com



မရှိ။ ပစ်ချလိုက်သော အပ်ချည်လုံးသည် ချည်ရှိသရွေ့ လိမ့်ပြေးသွားပြီး ချည်ကုန်သောအခါ ရပ်နေသကဲ့သို့ ထို့အတူပင် လူမိုက်သည် လည်းကောင်း၊ လူလိမ္မာသည် လည်းကောင်း မဟာကပ်ပေါင်း ရှစ်သန်း လေးသိန်း သံသရာ၌ ကျင်လည်ပြီး ဆင်းရဲကုန်ဆုံးခြင်းကို ပြုလေ၏

'သန္ဒက၊ ဤသို့ ပြောဆိုသော ဆရာ၏ အယူဝါဒ၌ အသိဉာဏ် ရှိသော တပည့်သည် ထိုဆရာ၏ အကျင့်ကို ကျင့်ခြင်းဖြင့် အကျိုးမရှိပုံကို စဉ်းစား ဆင်ခြင်မိ၏။ လူမိုက်ဖြစ်စေ၊ လူလိမ္မာဖြစ်စေ သံသရာ၌ မဟာကပ်ပေါင်း ရှစ်သန်း လေးသိန်း ကျင်လည်ပြီးလျှင် ဆင်းရဲကုန်ဆုံးမည်ဟု ဆိုသောကြောင့် ထိုဆရာ၏ အကျင့်ကို ကျင့်သူများသည် ဘာမျှမကျင့်ဘဲ ကာမဂုဏ်ခံစားနေသူများနှင့် မထူး တော့ကြောင်း သိမြင်၏။ ထို့ကြောင့် ထိုတပည့်သည် 'ဤအကျင့်ကား မြတ်သော အကျင့် မဟုတ်' ဟု သိမြင်ပြီး ထိုအကျင့်မှ စွန့်ခွာသွားလေ၏။ သန္ဒက၊ ဤကား အကျင့်မြတ်မဟုတ်သော စတုတ္ထ ကျင့်သုံးမှုတည်း။

'သန္ဒက၊ သိတော်မူမြင်တော်မူသော မြတ်စွာဘုရားသည် ဟောကြားအပ်သည့် အကျင့်မြတ်မဟုတ်သော ကျင့်သုံးမှုတို့သည် ဤလေးမျိုးပင် ဖြစ်၏။ အသိဉာဏ်ရှိသော ပုဂ္ဂိုလ်သည် ဤအကျင့်လေးမျိုးတို့၌ မြတ်သော အကျင့်ဟူ၍ ကျင့်သုံးခြင်း မပြုရာ၊ ကျင့်သုံးစေကာမူ မှန်ကန်သော ကုသိုလ်တရားကို ပြီးမြောက် စေနိုင်မည် မဟုတ်။"

## သက်သာရာ မရစေနိုင်သော အကျင့်လေးမျိုး

"အရှင်အာနန္ဒာ၊ မြတ်စွာဘုရားဟောကြားအပ်သည့် သက်သာရာ မရ စေနိုင်သော အကျင့်လေးမျိုးကား အဘယ်ပါနည်း။

"သန္ဒက၊ ဤလောက၌ အချို့သော ဆရာသည် 'ငါကား အလုံးစုံကို သိမြင်၏။ ရပ်နေစဉ် သွားနေစဉ်၌လည်းကောင်း၊ အိပ်ပျော်နေစဉ် နိုးနေစဉ်၌ လည်းကောင်း ငါ့အား ဉာဏ်အမြင်သည် အမြဲထင်၏' ဟူ၍ အကြွင်းမဲ့ရှိသော ဉာဏ်အမြင်ကို ဝန်ခံ၏။ သို့သော်လည်း ထိုဆရာသည် လူမရှိသော အိမ်သို့ ဝင်မိ၏။ ဆွမ်းကိုသော်လည်း မရဘဲ ရှိ၏။ ခွေးကိုက်သော်လည်း ခံရ၏။ ကြမ်းကြုတ်သော ဆင်၊ မြင်း၊ ကျွဲ၊ နွားတို့နှင့်သော်လည်း ဆုံမိ၏။ မိန်းမ၊ ယောကျ်ား၊ ရွာ၊ နိဂုံး တို့၏ အမည်များကိုသော်လည်း (မသိ၍) မေးမြန်းနေရ၏။ 'အဘယ့်ကြောင့် ယင်းသို့ ဖြစ်ရသနည်း' ဟူ၍ မေးမြန်းသောအခါ 'မိမိ မသိ၍

www.dhammaransi.com



မဟုတ်၊ ဤသို့ ပြုသင့် ပြုထိုက်သောကြောင့်သာ ပြုခြင်းဖြစ်၏။ ဤသို့ ဖြစ်သင့် ဖြစ်ထိုက်သောကြောင့်သာ ဖြစ်ခြင်း ဖြစ်၏' ဟူ၍ ထိုဆရာက ဖြေကြား၏။ အသိဉာဏ်ရှိသော တပည့်သည်ကား ထိုဆရာ၏ အကျင့်သည် သက်သာရာ ရစေနိုင်သော အကျင့်မဟုတ်ဟု သိ၍ ထိုအကျင့်မှ စွန့်ခွာသွားလေ၏။ သန္ဒက၊ ဤကား သက်သာရာကို မရစေနိုင်သည့် ပထမအကျင့်တည်း။

'သန္ဒက၊ ဤလောက၌ အချို့သော ဆရာသည် တစ်ဆင့်ကြားကို အမှန်ဟု ယူဆ၏။ မိမိကိုယ်တိုင် မသိမြင်ဘဲ ဆရာအဆက်ဆက်၏ တစ်ဆင့်ကြား စကားဖြင့်လည်းကောင်း၊ ကျမ်းဂန်လာစကားဖြင့်လည်းကောင်း တရားကို ဟော၏။ တစ်ဆင့်ကြားစကားသည် မှန်သည်လည်း ရှိ၏။ မှားသည်လည်း ရှိ၏။ အသိဉာဏ်ရှိသော တပည့်သည် 'ဤဆရာ၏ အကျင့်ကား သက်သာရာ ရစေနိုင်သော အကျင့် မဟုတ်' ဟု သိ၍ ထိုအကျင့်မှ စွန့်ခွာသွားလေ၏။ သန္ဒက၊ ဤကား သက်သာရာကို မရစေနိုင်သည့် ဒုတိယအကျင့်တည်း။

'သန္ဒက၊ ဤလောက၌ အချို့သော ဆရာသည် ကြံစည်စူးစမ်းလေ့ ရှိ၏။ ကြံစည်စူးစမ်း၍ မိမိဉာဏ်၌ ထင်မြင်လာသည့်အတိုင်း တရားကို ဟော၏။ ကြံစည်စူးစမ်းအပ်သော အရာသည် မှန်သည်လည်း ရှိ၏။ မှားသည်လည်း ရှိ၏။ အသိဉာဏ်ရှိသော တပည့်သည် 'ဤဆရာ၏ အကျင့်ကား သက်သာရာ ရစေနိုင်သော အကျင့်မဟုတ်' ဟု သိ၍ ထိုအကျင့်မှ စွန့်ခွာသွားလေ၏။ သန္ဒက၊ ဤကား သက်သာရာမရစေနိုင်သည့် တတိယ အကျင့်တည်း။

'သန္ဒက၊ ဤလောက၌ အချို့သော ဆရာကား ပညာနံ့၍ တွေဝေတတ်၏။ ဤသို့လည်း ငါမယူ၊ ထိုသို့လည်း ငါမယူစသည်ဖြင့် အဆုံးမသတ်အောင် စကားကို လှီးလွှဲပြောဆိုလေ့ ရှိ၏။ ပညာရှိသော တပည့်သည် 'ဤဆရာ၏ အကျင့်ကား သက်သာရာ ရစေနိုင်သော အကျင့်မဟုတ်' ဟု သိ၍ ထိုအကျင့်မှ စွန့်ခွာသွားလေ၏။ သန္ဒက၊ ဤကား မြတ်စွာဘုရားဟောကြားအပ်သည့် သက်သာရာ မရစေနိုင်သော စတုတ္ထအကျင့်တည်း။

'သန္ဒက၊ သိတော်မူတော်မူသော မြတ်စွာဘုရားသည် ဟောကြားအပ်သည့် သက်သာရာကို မရစေနိုင်သော အကျင့်တို့သည် ဤလေးပါးပင် ဖြစ်၏။ အသိဉာဏ် ရှိသော ပုဂ္ဂိုလ်သည် ဤလေးပါးသော အကျင့်တို့ကို အကျင့်မြတ်ဟူ၍ ကျင့်သုံးခြင်း မပြုအပ်၊ ကျင့်သုံးစေကာမူ မှန်ကန်သော ကုသိုလ်တရားကို ပြီးမြောက်စေနိုင်မည် မဟုတ်။"

www.dhammaransi.com



## ကျင့်သုံးထိုက်သော အကျင့်မြတ်

"အရှင်အာနန္ဒာ၊ အရှင်၏ဆရာ မြတ်စွာဘုရားသည်ကား မည်သို့ဟောကြား ညွှန်ပြလေ့ရှိပါသနည်း"

ဤသို့ သန္ဒက ပရိဗိုဇ်က မေးလျှောက်သောအခါ ရှင်အာနန္ဒာသည် မြတ်စွာ ဘုရား၏ တရားကို နာယူ၍ သီလကို ဖြည့်ကျင့်ခြင်း၊ ဣန္ဒြေတို့ကို စောင့်ထိန်း ခြင်းမှ အစပြု၍ ကမ္မဋ္ဌာန်းတရားကို ဆင်ခြင်ပွားများခြင်းဖြင့် ဈာန်အဆင့်ဆင့် နှင့်တကွ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်တည်း ဟူသော အသိဉာဏ်ထူးများ ရရှိနိုင်ပုံကို ဟောကြားလေသည်။

"သန္ဒက၊ ဤသို့သောတရားထူးကို ရစေနိုင်သော ဆရာ့ထံ၌ စင်စစ် မြတ်သောအကျင့်ကို ကျင့်သုံးအပ်၏။ ကျင့်သုံးသည့်အတိုင်းလည်း မှန်ကန်သော ကုသိုလ်တရားကို ပြီးမြောက်စေနိုင်ပေ၏။"

## ရဟန္တာ မကျူးလွန်ထိုက်သော အရာငါးပါး

"အရှင် အာနန္ဒာ၊ အာသဝေါကင်း၍ ဘဝသံယောဇဉ်ကုန်ပြီးသော ရဟန္တာ ပုဂ္ဂိုလ်သည် ကာမဂုဏ်ငါးပါးကို ခံစားပါသေးသလော"

"သန္ဒက၊ အာသဝေါကင်း၍ ဘဝသံယောဇဉ်ကုန်ပြီးသော ရဟန္တာ ပုဂ္ဂိုလ် သည် ငါးပါးသော အရာတို့ကို ကျူးလွန်ခြင်းငှာ မထိုက်။ ထိုအရာငါးပါးကား

စေတနာနှင့်တကွ စေ့ဆော်အားထုတ်၍ သတ္တဝါကို သေစေခြင်း၊
ခိုးလိုသောစိတ်ဖြင့် သူတစ်ပါးပစ္စည်းကို ယူခြင်း၊
မေထုန်အကျင့်ကို မှီဝဲခြင်း၊
သိလျက်နှင့် မမှန်သောစကားကိုဆိုခြင်း၊
လူဖြစ်စဉ်အခါကကဲ့သို့ ကာမဂုဏ်ငါးပါးကို သိုမှီးသုံးစွဲခြင်းတို့ ဖြစ်၏။

## ရဟန္တာအား အသိဉာဏ် အမြဲမထင်

"အရှင်အာနန္ဒာ၊ အာသဝေါကင်း၍ ဘဝသံယောဇဉ်ကုန်ပြီးသော ရဟန္တာ ပုဂ္ဂိုလ်အား သွားနေစဉ် ရပ်နေစဉ်၌လည်းကောင်း၊ အိပ်နေစဉ် နိုးနေစဉ်၌ လည်းကောင်း 'ငါ့အား၊ အာသဝေါတရားကုန်ပြီ' ဟူသော ဉာဏ်အမြင်သည် အမြဲထင်နေပါသလော၊"

www.dhammaransi.com



"သန္ဒက၊ ဥပမာ– လက်ခြေပြတ်နေသူတစ်ဦးအား သွားနေစဉ် ရပ်နေစဉ်၌လည်းကောင်း၊ အိပ်နေစဉ် နိုးနေစဉ်၌လည်းကောင်း၊ 'ငါ့လက်ခြေတို့သည် ပြတ်နေ၏' ဟူ၍ အသိဉာဏ် အမြဲထင်နေပါသလော၊"

"အရှင်အာနန္ဒာ၊ လက်ခြေပြတ်နေသူအား ထိုကဲ့သို့သော အသိဉာဏ်သည် အမြဲထင်မနေပါ၊ စဉ်းစားဆင်ခြင်မှသာ သိနိုင်ပါသည်"

"သန္ဒက၊ ထိုနည်းတူပင် အာသဝေါကင်း၍ ဘဝသံယောဇဉ်ကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်အား ဉာဏ်အမြင်သည် အမြဲထင်၍မနေ၊ စဉ်းစားဆင်ခြင်မှသာ သိနိုင်ပေ၏။"

## ဤသာသနာ၌ ဘဝမှ လွတ်မြောက်သူများ

"အရှင်အာနန္ဒာ၊ ဤသာသနာ၌ ဘဝမှ လွတ်မြောက်သွားသူတို့သည် အဘယ်မျှ များပြားပါသနည်း။"

"သန္ဒက၊ ဤသာသနာ၌ ဘဝမှ လွတ်မြောက်သွားသူတို့သည် အရာမက များပြားလှကုန်၏၊"

"အရှင်အာနန္ဒာ၊ မိမိတရားကို ချီးမြှောက်ခြင်း၊ သူတစ်ပါးတရားကို ကဲ့ရဲ့ရှုတ်ချခြင်း မပြုဘဲလျက် ဤမျှ များပြားသော ဘဝမှ လွတ်မြောက်သူများကို တွေ့မြင်ရခြင်းမှာ အံ့ဩဖွယ် ကောင်းလှပါသည်။ မိမိကိုယ်ကို ချီးမြှောက်၍ သူတစ်ပါးကို ကဲ့ရဲ့ရှုတ်ချလေ့ရှိသော ဤအာဇီဝကတို့သည်ကား နန္ဒဝစ္ဆ၊ ကိသသံကိစ္စ၊ မက္ခလိဂေါသာလဟူ၍ ဘဝမှ လွတ်မြောက်သူ သုံးဦးကိုသာ ညွှန်းပြနိုင်ကြပါသည်။"

သန္ဒကပရိဗိုဇ်သည် ဤသို့ လျှောက်ကြားပြီး မိမိပရိသတ်အား "အချင်းတို့၊ သင်တို့သည် ရဟန်းဂေါတမထံသွား၍ အကျင့်မြတ်ကို ကျင့်ကြကုန်လော့။ ငါတို့ကား လာဘ်လာဘ၊ ကျော်စောမှုတို့ကို စွန့်ရန် မလွယ်တော့ပါ" ဟုဆို၍ မြတ်စွာဘုရားထံ၌ အကျင့်မြတ်ကို ကျင့်ကြရန် တိုက်တွန်းလေသည်။

ဓမ္မာစရိယ ဦးမောင်မောင်လေး

www.dhammaransi.com

စာမူခွင့်ပြုချက်အမှတ် (၁၉၈)

ဤဒွန္နယာမှာ

သင်က သူများကို နိုင်လျှင်

သင့်ကိုလည်း အလ္လာအရှင်မြတ်က နိုင်တတ်ပါသည်။

**အလ္လာအရှင်မြတ်**

**အရှင်မြတ်၏ မဟာကရုဏာ တံခါးတော်ကို**

**ကျွန်တော်မျိုးအား ဖွင့်ပေး သနားတော်မူပါ။**

ဤစာအုပ်ကို မစ္စတာရှိတ်အဗ္ဗဒူရာမန်က

အချို့အဝက် ဘာသာပြန်ခဲ့၏။

ဆရာကြီး သခင်ဘသောင်းကလည်း ဘာသာပြန်ခဲ့၏။

**သို့သော် ဆုံးခန်းသို့ မတိုင်ခဲ့**

ပထမညမှသည် တစ်ထောင့်တစ်ညမြောက်အထိ

စီကာ စဉ်ကာ ပြောခဲ့သည့်အတိုင်း

ဆရာကြီး သခင်ဘသောင်း ဘာသာမပြန်ရသေးသော ပုံဝတ္ထုများကို

မြန်မာစာပေတွင် **"တစ်ထောင့်တစ်ည"** ဝတ္ထုများ (အစ-အဆုံး)

ရှိစေရန် စပယ်ဦးစာပေမှ ဆက်လက် စီစဉ်ထုတ်ဝေသွားပါမည်။

# ကျော်လှိုင်ဦး

မြ န် မာ ပြ န်

# တစ်ထောင့်တစ်ည

## ပုံပြင်များ

အတွင်းသရုပ်ဖော်ပုံပေါင်းများစွာဖြင့်

မြိုင်မြိုင်ဆိုင်ဆိုင် ထူးထူးခြားခြားနှင့်ထွက်နေပါပြီ။

စာအုပ်အမှတ် (၁) တစ်အုပ် ( ၄၀ပိ )

စာအုပ်အမှတ် (၂) တစ်အုပ် ( ၄၀ပိ )

စာအုပ်အမှတ် (၃) တစ်အုပ် ( ၄၀ပိ )

စာအုပ်အမှတ် (၄) တစ်အုပ် ( ၄၀ပိ )

စာအုပ်အမှတ် (၅) တစ်အုပ် ( ၄၀ပိ )

**စပယ်ဦးစာပေဖြန့်ချိရေး**

အမှတ် ၂၃၅/၂၃၇၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊ ရန်ကုန်မြို့။ (ဖုန်း-၂၅၃၄၃၂)

www.dhammaransi.com

ဘာသာရေးစာပေ ခွင့်ပြုချက်အမှတ် (၁၉၉/၉၃) (၆)

- နိဗ္ဗာန်ကို ရောက်လိုကြောင်း
  အဘယ့်ကြောင့် ဆုတောင်းကြသနည်း။
- နိဗ္ဗာန်ကို ဆုတောင်းတိုင်း ရောက်နိုင်သလော။
- အဘယ်ကြောင့် နိဗ္ဗာန်ကို ရောက်လိုကြသနည်း။
- နိဗ္ဗာန်သည် ပဋိသန္ဓေနေရခြင်း၊
  အိုရခြင်း၊ နာရခြင်း၊ သေရခြင်း
  ဆင်းရဲအပေါင်းမှ ကင်းဝေးအံ့။

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည်
နိဗ္ဗာန်သို့ ရောက်ရာလမ်းကြောင်း၊ သွားရာလမ်းကြောင်းတို့ကို
ညွှန်ပြတော်မူခဲ့၏။
ကိုယ်တိုင် ကျင့်ကြံအားထုတ်မှုပြုမှသာ နိဗ္ဗာန်သို့ရောက်နိုင်ရာ၏။

# နိဗ္ဗာန်စခန်း
# လက်တစ်ကမ်း

## ဒဂုန် ဦးစန်းငွေ

အရွယ်ကြီး၊ ဆိုက်ကြီး၊ စာမျက်နှာ (၄၀၀) ခန့်၊ ဂျပ်ကတ်-နှစ်ထပ်ဖုံးဖြင့်

## ထွက်နေပါပြီ။

နိုင်ငံခြားစက္ကူဖြင့် ... တစ်အုပ် ...
ပြည်တွင်းဖြစ်စက္ကူဖြင့် ... တစ်အုပ် ...

**စပယ်ဦးစာပေဖြန့်ချိရေး**
အမှတ် ၂၃၅/၂၃၇၊ မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း)၊ ရန်ကုန်မြို့။ (ဖုန်း - ၂၇၆၃၇၈)

www.dhammaransi.com

# စပယ်ဦးစာပေဖြန့်ချီရေးတွင် မှာယူရရှိနိုင်သေးသော စာအုပ်များ

| စဉ် | စာရေးဆရာ | စာအုပ်အမည် | စာအုပ်တန်ဖိုး |
|---|---|---|---|
| ၁။ | ဒဂုန်ဦးစန်းငွေ | ဗုဒ္ဓကိုယ်တိုင် ဖြေကြားခဲ့ရသော မေးခွန်းနှင့် ပြဿနာများ (၁၊ ၂၊ ၃) | ၅၀၀ |
| ၂။ | ဒဂုန်ဦးစန်းငွေ | ဗုဒ္ဓကိုယ်တိုင် ဖြေကြားခဲ့ရသော မေးခွန်းနှင့် ပြဿနာများ (၄၊ ၅) | ၃၀၀ |
| ၃။ | ဒဂုန်ဦးစန်းငွေ | နိဗ္ဗာန်စခန်း လက်တစ်ကမ်း | ၂၀၀ |
| ၄။ | ဒဂုန်ဦးစန်းငွေ | သောတာပန်နှင့် ယထာဘူတ | ၁၅၀ |
| ၅။ | ဒဂုန်ဦးစန်းငွေ | လင်္ကာဒီပဝတ္ထု (၆၀)- (ပထမတွဲ) | ၁၅၀ |
| ၆။ | ဒဂုန်ဦးစန်းငွေ | လင်္ကာဒီပဝတ္ထု (၆၀)-(ဒုတိယတွဲ) | ၁၅၀ |
| ၇။ | ဓမ္မာစရိယ ဦးမောင်မောင်လေး | ဗုဒ္ဓ၏ ကိုယ်တွေ့ဝတ္ထုများ (ပထမတွဲ) | ၂၀၀ |
| ၈။ | ဓမ္မာစရိယ ဦးမောင်မောင်လေး | ဗုဒ္ဓ၏ ကိုယ်တွေ့ဝတ္ထုများ (ဒုတိယတွဲ) | ၂၀၀ |
| ၉။ | ဓမ္မာစရိယ ဦးမောင်မောင်လေး | ပိဋကတ် အနှစ်ချုပ် ဒီဃနိကာယ် | ၁၅၀ |
| ၁၀။ | ဓမ္မာစရိယ ဦးမောင်မောင်လေး | အနှစ်ချုပ်ဗုဒ္ဓဝါဒနှင့် ဗုဒ္ဓဝါဒအခြေပြ | ၁၅၀ |
| ၁၁။ | ဆရာကြီးဦးရန်အောင် | ချမ်းသာကြည်အေးအိမ်ထောင်ရေးနှင့်အိမ်ထောင်ရေးလမ်းညွှန် | ၃၀၀ |
| ၁၂။ | ဆရာကြီးဦးရန်အောင် | အမေနဲ့ အမေ | ၂၀၀ |
| ၁၃။ | ကျော်လှိုင်ဦး | တစ်ထောင့်တစ်ည ပုံပြင်များ (၁) | ၄၀၀ |
| ၁၄။ | ကျော်လှိုင်ဦး | တစ်ထောင့်တစ်ည ပုံပြင်များ (၂) | ၄၀၀ |
| ၁၅။ | ကျော်လှိုင်ဦး | တစ်ထောင့်တစ်ည ပုံပြင်များ (၃) | ၄၀၀ |
| ၁၆။ | ကျော်လှိုင်ဦး | တစ်ထောင့်တစ်ည ပုံပြင်များ (၄) | ၄၀၀ |
| ၁၇။ | ကျော်လှိုင်ဦး | တစ်ထောင့်တစ်ည ပုံပြင်များ (၅) | ၄၀၀ |
| ၁၈။ | ဆရာကြီးရွှေဥဒေါင် | တစ်ချိန်က ထင်ရှားခဲ့သော ပုဂ္ဂိုလ်ကြီးများ | ၁၅၀ |
| ၁၉။ | ဦးရွှေဝင်း (မန္တလေး) | တော်ဝင် ဂါထာတော်များ | ၁၀၀ |
| ၂၀။ | ဦးသိန်းဇံ | အမျိုးသမီး ရဟန္တာများ | ၂၀၀ |
| ၂၁။ | တက္ကသိုလ် သျှင်သီရိ | ဂုလက်ထပ်မင်္ဂလာပွဲဓလေ့များ | ၃၅ |
| ၂၂။ | ဥပဒေပါမောက္ခ မောင်တာ | ဥပဒေသိပ္ပံပညာ | ၃၀ |
| ၂၃။ | မင်းဆွေ (သိပ္ပံ - သင်္ချာ) | မဟာဘာရတ | ၅၀ |

စပယ်ဦးစာပေဖြန့်ချီရေး
အမှတ် ၂၃၅/၂၃၇ မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း)၊ ရန်ကုန်မြို့။ (ဖုန်း - ၂၅၃၄၃၂)

www.dhammaransi.com

# ပိဋကတ်အနှစ်ချုပ် မဇ္ဈိမနိကာယ်

★ လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့အား အိုခြင်း၊ နာခြင်း၊ သေခြင်း ဆင်းရဲခြင်းများမှ လွတ်မြောက်စေရန် ရည်သန်လျက် ဗုဒ္ဓ မြတ်စွာ ကိုယ်တိုင် ဟောကြားခဲ့သော အဆုံးအမ ဩဝါဒတို့သည် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ၌ တည်ရှိပါသည်။

★ နိကာယ်ငါးရပ်တို့တွင် ဒုတိယမြောက်ဖြစ်သော မဇ္ဈိမနိကာယ်သည် ကျမ်းအားဖြင့် သုံးကျမ်း၊ ဆဋ္ဌမူ စာမျက်နှာအားဖြင့် (၁၂၀၀)ကျော် ရှိပြီး၊ ရဟန်း ရှင်လူ သူတော်စင်များ မှတ်သား လိုက်နာ လေ့လာ ပွားများရမည့် တရားအဆီအနှစ်တို့၏ စုဝေးရာဖြစ်ပါသည်။

★ သတိပဋ္ဌာန်လေးပါး ပွားများပုံ၊ အာနာပါန ကမ္မဋ္ဌာန်း စီးဖြန်းပုံ၊ ကာယဂတာသတိ ရှုမှတ်ပုံ စသော ဝိပဿနာဆိုင်ရာ ဟောကြားချက်များ။

★ ပုဂ္ဂလိက ဒါန ၁၄–ပါး၊ သံဃိက ဒါန ၇–ပါး၊ စင်ကြယ်သော ဒါန ဖြစ်ကြောင်း ၄–ပါး၊ ဗုဒ္ဓ၏ အားဆယ်ပါး၊ မဟာပုရိသ လက္ခဏာ ၃၂–ပါး စသော အထွေထွေ မှတ်သားဖွယ်များ။

★ အဘယမင်းသား၊ ဥပါလိသူကြွယ်၊ သစ္စကပရိဗိုဇ်၊ လူဆိုးကြီး အင်္ဂုလိမာလ၊ ဗကဗြဟ္မာ စသော ပုဂ္ဂိုလ်တို့အား ချေချွတ်ဆုံးမခဲ့ပုံများ။

★ ပုထုဇဉ်တို့၏ အမြင်နှင့် အရိယာတို့၏ အမြင်၊ ညစ်နွမ်းသော စိတ်နှင့် ဖြူစင်သောစိတ်၊ မြတ်သောရှာဖွေခြင်းနှင့် မမြတ်သော ရှာဖွေခြင်း၊ အကျိုးရှိသော စာသင်ခြင်းနှင့် အကျိုးမဲ့သော စာသင်ခြင်း စသည်တို့၏ ထူးခြားပုံများ။

★ သီလစောင့်ခြင်း၊ သမထဝိပဿနာ ပွားများခြင်းမှ စ၍ ဈာန်သမာပတ် အဆင့်ဆင့်ဝင်စားပုံ၊ အဘိညာဉ်တန်ခိုး အမျိုးမျိုးဖန်ဆင်းပုံ၊ မဂ်ဖိုလ် နိဗ္ဗာန် မျက်မှောက်ပြုပုံ စသော လက်တွေ့အကျိုးထူးများ။

★ ပဏ္ဏာသသုံးကျမ်းခေါ် မဇ္ဈိမ နိကာယ်လာ သုတ်တရားတော် (၁၅၂)ပုဒ်ကို မူရင်းမပျက် အနက်အဓိပ္ပါယ် ပီပြင်ရှင်းလင်းစွာ ဖော်ညွှန်းဖွင့်ပြထားသဖြင့် ဗုဒ္ဓဘာသာဝင်တိုင်း ဖတ်ရှုမှတ်သားသင့်သော၊ စာပေပညာရှင်တိုင်း လေ့လာသင့်သော ဘာသာရေး စာအုပ်ထူးကြီး ဖြစ်ပါသည်။